ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၁၉၉၁ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဆိုက်ပိုင်အမှတ်---
ရက်စွဲ---
စာကြည့်တိုက်

# တရားစီရင်ထုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

## တရားရုံးချုပ်၏ စီရင်ချက်များ

၁၉၉၁ ခုနှစ်

တရားရုံးများလက်စွဲ အပိုဒ်၉၇၂အရ တင်ကြိမ်ငွေရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၁၉၈၂ ဒီဇင်ဘာ

အုပ်ရေ ၁၀၀

မျက်နှာဖုံးလွှတ်ခွင့်အမှတ် ၄ ၄ ၂ ၁၂

တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးဘသန်း (ယာသီမှတ်ပုံယင် အမှတ် ၄၁၁၁)က မှာရုံးချုပ်ပုံနှိပ်တိုက်၊ အမှတ် ၁၀၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍ တရားရုံးချုပ်ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ထုတ်ဝေခွင့်အမှတ် ၄၅၃/၈၂(၁)က ထုတ်ဝေသည်။

တရား

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A., B.L. | တရားသူကြီးချုပ် |
| ၂။ | ဦးအေးအုန်း | B.A., B.L | တရားသူကြီး |
| ၃။ | ဦးကျော်တင့် | B.A., B.L | တရားသူကြီး |
| ၄။ | ဦးမျိုးထွန်းလင်း | M.Com (Ygn), LL.M (LOND), JUR.DRS. (UTRECHT), Bar-at-Law (INNER TEMPLE) | တရားသူကြီး |
| ၅။ | ဦးကျော်ဝင်း | B.A. | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ တရားစီရင်ထုံး စီစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးမျိုးထွန်းလင်း M.Com. (Ygn.), LL.M. (LOND.), JUR.DRS. (UTRECHT), Bar-at-Law (INNER TEMPLE), တရားသူကြီး၊ တရားလွှတ်တော်ချုပ် — ဥက္ကဋ္ဌ

၂။ ဦးဘဟန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ [illegible]

၃။ ဦးဘတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားရေးဌာန

၄။ ဦးထွန်းအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ [illegible]

# ၁၉၉၁ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသောပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကျော်ညွန့်ပါ (၈) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁ |
| မောင်ကြည်ရွှန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၅ |
| ဒေါ်ခင်မာကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၈ |
| ဦးခင်မောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၁ |
| ဦးစိန်ဝင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၅ |
| ဒေါ်တင်ပါ-၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၃ | ၁၉ |
| ဒေါ်တင့်ရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၂၃ |
| ဦးတင်အောင်ပါ-၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၂၈ |
| ဦးထွန်းလှိုင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၃၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ကုလားခဲ (ခ) မြင့်ထွန်း | ၃၇ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဒေါ်ကြီမသျှမ်းပါ-၅ | ၄၁ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်ဇေ (ခ) ထွန်းဝင်း | ၄၄ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ကိုစိန်ချွန်းပါ-၁၀ | ၄၈ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မိုးမြင့်နိုင်ပါ-၄၀ | ၅၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးရှိထွန်း (ခ) ကောင်းအဝိုး ပါ-၅ | ၅၈ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးရဲနောင်ပါ-၂ | ၆၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | လွင်ဦး | ၇၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဝင်းမြင့်ပါ-၂ | ၇၄ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | သိန်းဝေ (ခ) အန္တကူ | ၇၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးအက်စ်ခင်နုလီလာ | ၈၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ကိုနေအောင်ချမ်းသာ | ၈၈ |
| ဦးမိုးနီ (ခ) ဦးခင်မောင်အေး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၉၂ |
| ဦးမောက် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၉၈ |
| မောင်မောင်ကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၀၃ |
| ဦးမြအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၀၈ |
| ဒေါ်မြဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၃ | ၁၁၃ |

| | | | |
|---|---|---|---|
| ဦးမြင့်သန်း | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၁၈ |
| မောင်လှိုင်ကြည် | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၂၁ |
| ဦးသောင်းရွှေ | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၂၅ |
| ဒေါ်သန်းစိန် | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၃၀ |
| ဦးသန်းအောင် | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၃၆ |
| ဦးအေး (ခ) ဦးမင်းဇော် | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၄ | ၁၃၉ |
| ဒေါ်အေးကွယ် | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၄၅ |
| ဒေါ်အေးသန်းပါ-၂ | | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | |
| ဒေါ်အေးသန်းပါ-၂ | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၄၉ |
| ဒေါ်အေးသန်းပါ-၂ | | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | |
| ဦးအောင်တင်ပါ-၂ | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၅၅ |
| ဒေါ်ခင်ကြည်ပါ-၃ | နှင့် | မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၆ | ၁၆၁ |

# ပြစ်မှုဆိုင်ရာ အမှုများ



ဥပဒေများ—

- တရားစီရင်ရေးဥပဒေ
- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ရှပ်မြင်သံကြား ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
- သက်သေခံအက်ဥပဒေ
- ၁၉၄၇ ခုနှစ် နိုင်ငံခြား ငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ
- ၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ
- ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ
- ၁၉၈၆ ခုနှစ် လောင်းကစား ဥပဒေ

တရားစီရင်ရေးဥပဒေပုဒ်မ ၆—နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၀-၇-၈၉ ရက်စွဲပါ အမိန့်အမှတ် ၄/၈၉ တိုက်ရိုက်လျှောက်ထားမှုမှ ပေါ်ပေါက်လာသော တရားရုံးချုပ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ပိတ်သိမ်းခဲ့ခြင်းသည် အဆိုပါ ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ-မရှိ။

ဆုံးဖြတ်ချက်။ တရားစီရင်ရေး ဥပဒေပုဒ်မ ၄ သည် တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်ကို သတ်မှတ်ပေးခြင်းဖြစ်သည်။ အယူခံခွင့်၊ ပြင်ဆင်မှု တင်သွင်းခွင့်ကို ပြဋ္ဌာန်းခြင်း မဟုတ်ချေ။ တရားရုံး တစ်ရုံး၏ ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာသည်ဟု ယူဆသူများက အယူခံဝင်ခွင့် ရရှိရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ အစရှိသည်တို့တွင် ပြဋ္ဌာန်းထားသည်။ ပြင်ဆင်မှုတင်သွင်းခွင့်မှာ အမှုသည်၏ အခွင့်အရေး မဟုတ်ချေ။ တရားရုံး၏ လုပ်ပိုင်ခွင့်သာ ဖြစ်သည်။

စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ အပိုဒ်(၁)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သက်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော စီရင်ချက်အရ အပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်ရာတရားရုံးတွင် ပြစ်မှုဖြင့် အစစ်ဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်ထားသော စီရင်ချက်အရ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်သည်ဖြစ်ရာ အပြစ်ကျတရားခံများအတွက် သက်သက်ညှာညှာ စဉ်းစားပြီးဖြစ်သည်ကတစ်ကြောင်း၊ ယင်းအမိန့်တွင် အကျုံးဝင်သော မှုခင်းများသည် ပြီးပြတ်ပြီး ဖြစ်သင့်သည်ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ စိတ်စေတနာကို လေးစားထောက်ထား၍ လည်းကောင်း၊ တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အရ အမှုဖွင့်လှစ်ထားသော အယူခံတရားလို အပါအဝင် အမှုသည်များ တင်သွင်းထားသော ပြင်ဆင်မှုများကို မှုအားဖြင့် ပိတ်သိမ်းလိုက်ခြင်း ဖြစ်သည်။ ပြင်ဆင်မှုအားဖွင့်သင့်-မသင့် သို့မဟုတ် ပိတ်သင့်-မသင့်မှာ တရားရုံးချုပ်၏ လုပ်ပိုင်ခွင့် ဖြစ်ပေရာ တရားရုံးချုပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ပါ ရည်ရွယ်ချက်ကို အထမြောက်စေရန် ဇီမိလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြင်ဆင်မှုအား ပိတ်လိုက်သည့် ကိစ္စတွင် အမှုပိတ်သိမ်းခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ နှင့် တိတိကျကျ ညီညွတ်မှု ရှိ-မရှိ စိစစ်ဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ပါချေ။

**ဦးခင်မောင်** နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) .... ၁၁

**တရားစီရင်ရေးဥပဒေပုဒ်မ ၆** – ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရ လည်းကောင်း၊ ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗွီဒီယို ဥပဒေပုဒ်မ ၃၇ အရ လည်းကောင်း တစ်မှုစီခွဲ၍ တရားစွဲ တင်ပို့ခဲ့ခြင်း၊ သက်သေခံပစ္စည်းမှာ တစ်ခုတည်းသာရှိခြင်း၊ တစ်မှုတွင် သက်သေခံပစ္စည်းကို ပိုင်ရှင်သို့ပြန်ပေးရန် ချမှတ်ထားသော မူလရုံး၏ အမိန့်ကို တရားရုံးချုပ်က အလိုအလျောက် ပြင်ဆင်မှုဖွင့်၍ ပယ်ဖျက်ကာ ပြင်ဆင်မှုဖွင့်ထားသော တစ်မှုတွင်

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသည့် မူလရုံး၏ အမိန့်ကို အတည်ပြုထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ—မရှိ။

**ဆုံးဖြတ်ချက်။** သာမန်အားဖြင့် ပြင်ဆင်မှုတရားရုံးသည် လက်အောက်ခံ တရားရုံး၏ အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် အကြောင်းပေါ်ပေါက်လာလျှင် အလိုအလျောက် ပြင်ဆင်မှုကို ဖွင့်လှစ်ဆောင်ရွက်လေ့ရှိသည်။ သို့ရာတွင် ယခုအမှု၌ ထူးခြားသော အကြောင်းရှိနေသည်ကို သတိချပ်ရပေမည်။ အချင်းဖြစ်ပစ္စည်းမှာ တစ်ခုတည်းဖြစ်ပြီး ထိုပစ္စည်းကိုပင် အမှု (၂) မှု၌ တစ်ပြိုင်တည်း တင်ပြခဲ့သော်လည်း အမိန့်ချမှတ်ရာတွင် အမိန့် နှစ်မျိုး ကွဲပြားစွာ ချမှတ်ခဲ့ခြင်း။ အတွက် တရားရုံးချုပ်က ပြန်လည်တည့်မတ်ပေးခဲ့ခြင်း ဖြစ်ကြောင်းသာ တွေ့ရပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုကြီးအမှတ် ၁၇၁/၈၇ အတွက် တရားရုံးချုပ်က ပြင်ဆင်မှုဖွင့်လှစ်ခဲ့ခြင်း မရှိသည့်တိုင်အောင် ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ တွင် ချမှတ်ခဲ့သော အမိန့်နှင့်စပ်လျဉ်း၍ မူလရုံးတရားခံ ဦးမိုးနီသည် တရားရုံးချုပ်အထိ ၎င်း၏ အကျိုးဆောင်မှတစ်ဆင့် လျှောက်လဲတင်ပြ ပြောဆိုခွင့်ရခဲ့ပြီးဖြစ်သည်။ တရားခံအား လျှောက်လဲ ထုချေ ပြောဆိုခွင့်မပေးဘဲ ၎င်းအပေါ် ပြစ်ဒဏ် တိုးမြှင့်ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မှန်သော်လည်း အဆိုပါ ပြဋ္ဌာန်းချက်သည် သက်သေခံပစ္စည်းကို စီမံခန့်ခွဲခြင်းနှင့်လည်း စပ်ဆိုင်သည်ဟု မမှတ်ယူနိုင်ပေ။ ထို့အပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ တွင်လည်း "တရားရုံးတစ်ရုံးက မိမိ၏ ပြင်ဆင်မှုအာဏာကို ကျင့်သုံးသည့်အခါ ယင်းတရားရုံးရှေ့တွင် မည်သည့်အမှုသည်ကမျှ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ လျှောက်လဲပြောဆိုခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။ ဤအခြေအနေများအရ ပြင်ဆင်မှု မဖွင့်လှစ်ဘဲ ပြစ်မှုကြီးအမှတ် ၁၇၁/၈၇ မှ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ တရားခံဦးမိုးနီကို မကြားနာဘဲ တရားရုံးချုပ်ကပြင်ဆင်အမိန့်ချမှတ်ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ချေ။ ထို့အပြင် ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ မှ ယင်းသက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသော မြို့နယ်တရားရုံး၊ ပြည်နယ်တရားရုံးနှင့် တရားရုံးချုပ်တို့၏ အမိန့်များမှာလည်း ဥပဒေနှင့် မညီညွတ်ကြောင်း မတွေ့ရချေ။

**ဦးမိုးနီ (ခ) ဦးခင်မောင်အေး** နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် .... ၉၂

တရားစီရင်ရေးဥပဒေပုဒ်မ ၆ - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကိုချေဖျက်လိုက်သည့် အမိန့်ကို ပယ်ဖျက်ရန် ကိစ္စ-ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အပ်နှင်းထားသော မူလဘူတအာဏာကို သတိကြီးစွာထား၍ ကျင့်သုံးဆောင်ရွက်ရခြင်း- အမှုချေဖျက်ပေးရန်နှင့် စပ်လျဉ်း၍ ဆင်ခြင်သင့်သည့် အချက်များ-ပစ္စည်းပိုင်ရေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားမကြောင်းအရစွဲဆိုနေခြင်းကြောင့် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြစ်မှုဆိုင်ရာ မှုခင်း တစ်ခုတစ်ရာကို ပြစ်မှုဆိုင်ရာ တရားရုံးများက အဆုံးအဖြတ်မပြုရန် တားမြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် မရှိခြင်း။

ဆုံးဖြတ်ချက်။ မူလတရားရုံး၌ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ မှုခင်းတစ်ခုကို ချေဖျက်ပေးရန် လျှောက်ထားလာလျှင် တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အပ်နှင်းထားသော မူလဘူတအာဏာကို သတိကြီးစွာထား၍ ကျင့်သုံးဆောင်ရွက်ရပေသည်။ မူလရုံး၌ အစိုးရပါအမှုကို ဆက်လက် စစ်ဆေးပါက တရားဥပဒေလမ်းကြောင်းကို ဆန့်ကျင်ရန်အကြောင်းများ ပေါ်ပေါက်လျှင်ဖြစ်စေ၊ တရားလိုဘက်မှ စွပ်စွဲပြောဆိုချက်များသည် မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်ခြင်း မရှိကြောင်း သိသာထင်ရှားနေလျှင်ဖြစ်စေ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ပစ္စည်းပိုင်ရေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားမကြောင်းအရ စွဲဆိုနေခြင်းကြောင့် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြစ်မှုကြောင်းအရ မှုခင်းကို ပြစ်မှုဆိုင်ရာ တရားရုံးများက အဆုံးအဖြတ်မပြုရန် တားမြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် မရှိပေ။

ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၄) ....

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရစွဲဆိုမှု-သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၅ အရ သက်သေပြရန် တာဝန်ရှိနေခြင်း၊ မြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆(၁)နှင့် ၆(၂)အရ စွဲချက်တင်ခြင်းသည် မှန်ကန်ပြည့်စုံမှု မရှိခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ နှင့် ၄၂၀ တို့ကို ရှင်းပြခြင်း။

ဆုံးဖြတ်ချက်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက်များအရ အယူခံတရားခံတို့သည် မိမိတို့အပေါ် စွပ်စွဲထားသော လုပ်ရပ်များကို သဘောရိုးဖြင့် ပြုလုပ်ကြောင်း သက်သေပြရန်မှာ အယူခံတရားခံတို့အပေါ် ကျရောက်သည်။ ယင်းတာဝန်နှင့်အညီ အယူခံတရားခံတို့က သက်သေခံအထောက်အထားများ တင်ပြခြင်း မရှိသေးသည့်အဆင့်တွင် တရားရုံးချုပ်က အယူခံတရားခံတို့သည် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုရာ ရောက်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)နှင့် ၆(၂) တို့မှာ ပြစ်မှုအသီးသီးကို အဓိပ္ပာယ် ဖွင့်ဆိုသော ပြဋ္ဌာန်းချက်များဖြစ်၍ ယင်းပြစ်မှုများကို ကျူးလွန်သောသူအား အဆိုပါအက်ဥပဒေပုဒ်မ ၆(၃)အရ အပြစ်ပေးရန်ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားခံ အသီးသီးအပေါ် အဆိုပါ အက်ဥပဒေပုဒ်မ ၆(၁) အရ ဖြစ်စေ၊ ၆(၂) အရ ဖြစ်စေ စွဲချက်တင်ခြင်းမှာ ပြည့်စုံမှုမရှိချေ။ ပုဒ်မ ၆(၁)/၆(၃) သို့မဟုတ် ၆(၂)/၆(၃) အရ ဆီလျော်ရာ ပုဒ်မများဖြင့် စွဲချက်တင်ရန် ဖြစ်သည်။

တစ်ဦးတစ်ယောက်သောသူ တစ်ဦးသည် လှည့်ဖြားခြင်း ခံရသူအား ပစ္စည်းတစ်ခုခုပေးရန်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ တွင် သတ်မှတ်ထားသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ရန် ဖြစ်စေ သွေးဆောင်သည့်နည်းအပြင် အခြားနည်းလမ်းအမျိုးမျိုးဖြင့် လိမ်လည်မှု ကျူးလွန်နိုင်သည်။ တစ်ဦးတစ်ယောက်သည် အဆိုပါ ပုဒ်မ ၄၂၀ တွင် ဖော်ပြထားခြင်းမရှိဘဲ ပုဒ်မ ၄၁၅ တွင် ဖော်ပြထားသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ရန် အခြားသူတစ်ဦးအား သွေးဆောင်လျှင် ပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရာ ရောက်နိုင်သည်။ ပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုသည် ပုဒ်မ

၄၁၇ အရ ပြစ်မှုထက် ပို၍ကြီးလေးသည်။ အစိုးရ နှင့် မိုးလှိုင်ပါ ၅ စီရင်ထုံးကိုကြည့်ပါ။ ရိုးရိုးလိမ်လည်မှုအတွက် ပုဒ်မ ၄၁၇ အရ အပြစ်ပေးရန် ဖြစ်သည်။ အယူခံတရားခံ ဦးမျိုးဝေအပေါ် စွပ်စွဲထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ တွင် အကျုံးမဝင်ချေ။ ရိုးရိုးလိမ်လည်မှုသာ ဖြစ်နိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် (လျှပ်စစ်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန) နှင့် ဦးရီထွန်း (ခ) ကောင်းအတိုး ပါ (၅) .... ၅၈

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅—လောက်လေးခွသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန်လက်နက်ဟု မှတ်ယူရန် သင့်—မသင့်။

ဆုံးဖြတ်ချက်။ သက်သေခံ စက်ဘီး ကုန်းသီးနှင့်ဖြင့် လောက်လေးခွ၌ ထည့်ပစ်ကြောင်း မထင်ရှားပေ။ လောက်လေးခွမှာ မလိုလားအပ်သော ကိရိယာတစ်ခု ဖြစ်သည်မှန်သော်လည်း ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန် လက်နက် ဖြစ်သည်ဟူ၍ တရားသေ မမှတ်ယူသင့်ပေ။ သေစေတန်ရာသော ဒဏ်ရာရရှိစေရန် အရာဝတ္ထုတစ်ခုခုကို လောက်လေးခွ၌ ထည့်သွင်း ပစ်ခတ်ခြင်းဖြင့် သေစေတန်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်လွင်ထင်ရှားလျှင် သေစေတန်ရာသော လက်နက်ဟူ၍ ဆိုရန်သာ ရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ဤအခြေအနေများအရ ဘိုဘို (ခ) အောင်ရဲထွန်း အသုံးပြုခဲ့သော လက်နက်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော လက်နက်အမျိုးအစားထဲတွင် ပါဝင်ခြင်းမရှိကြောင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ စွဲချက်တင်ခြင်းသည် အမှု၌ ပေါ်ပေါက်ချက်များအရ ပိုမိုဆီလျော်မှန်ကန်မှု ရှိမည် ဖြစ်ကြောင်း၊ သုံးသပ်ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ ၁၂-၇-၉၀ နေ့စွဲပါ အမိန့်သည် မှားယွင်းကြောင်း မတွေ့ရ၍ ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိချေ။

ဦးမောတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂) .... ၉၀

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅–ပါ ''ပစ္စည်း'' (property) ဆို သော စကားရပ်တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း အကျုံး ဝင်–မဝင်/ပြစ်မှုဆိုင်ရာ ဥပဒေအခန်း ၁၇ ပါ ပြဋ္ဌာန်းချက် များတွင် ပစ္စည်းနှင့်စပ်လျဉ်းသော ခြားနားသည့် ပြဋ္ဌာန်းချက် သုံးမျိုးကို သုံးသပ်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ နှင့် ၄၀၃ တို့ တွင် ပါရှိသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု (any moveable property) ဆိုသော စကားရပ်ပါ''တစ်ခုခု''(any) ဆိုသော နာမဝိသေသနသည် မည်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း နှင့် စပ်လျဉ်း၍မဆို ပြစ်မှုကျူးလွန်နိုင်ကြောင်း ရည်ညွှန်းလျက်ရှိသည်။ သို့ဖြစ်ရာ''ပစ္စည်းတစ်ခုခု''(any property)ဆိုသော စကားရပ်၌ ပါရှိသော''တစ်ခုခု''(any)ဆိုသော စကားရပ်သည် ရွှေ့ပြောင်း နိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တည်းဟူသော ပစ္စည်းအမျိုးအစား သက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ အရပ်ရပ် သော ပစ္စည်းများကို ရည်ညွှန်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထား ခြင်း ဖြစ်သည်။ ထို့သို့ဆိုလျှင် ''ပစ္စည်း'' (property) ဆိုသော စကားရပ်၌ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း အကျုံးဝင်သည် ဟု သဘာဝကျကျ ကောက်ယူနိုင်ပေလိမ့်မည်။ ''ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု'' (any moveable property) ''ပစ္စည်း'' (property) ''ပစ္စည်းတစ်ခုခု'' (any property) ဟူ၍ ပစ္စည်းအမျိုးမျိုး ခွဲခြားပြဋ္ဌာန်းခြင်း၏ အနှစ်သာရသည်လည်း ပေါ် လွင်လာပေလိမ့်မည်–

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ (က)တွင် အောက်ပါ အတိုင်း ပါရှိသည်–

''မောင်ဖြူသည် သေသူတစ်ဦး၏ အမွေပစ္စည်းကို ထိန်းသိမ်း စီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်း ခံရသူဖြစ်၏။

သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရ ခွဲဝေ ပေးရန် ညွှန်ကြားသည့်ဥပဒေကို မရိုးမဖြောင့်သော သဘောနှင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိပစ္စည်းအဖြစ်ဖြင့် သုံးစွဲလိုက်၏။ မောင်ဖြူသည် ပြစ်မှုမကင်းသော လိမ်လည်အပ်နှံရေး ဖောက်ဖျက် မှုကို ကျူးလွန်သည်။''

၎င်းဥပမာအရဆိုလျှင် မောင်ဖြူအနေဖြင့် မိမိပစ္စည်းအဖြစ် သုံးစွဲ လိုက်သော ပစ္စည်းတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း ပါဝင်နိုင်သည်။

ဦးအောင်တင်ပါ(၂) နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ(၂) .... ၁၅၅

စာမျက်နှာ

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၉-မုဒိမ်းပြုကျင့်ပြီးနောက် စက်ဘီးတွန်းသွားစဉ် ဓားဖြင့် ခုတ်သတ်ခြင်းသည် ခုခံကာကွယ်ပိုင်ခွင့် ပေးရန် အကြောင်း ဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ မောင်ကြည်ရွှန်း၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ အရ ခုခံကာကွယ်ပိုင်ခွင့် ရှိ-မရှိ ဟူသော အချက်ကို စဉ်းစားရန်ဖြစ်သည်။ ဒေါ်ကြီးမေအား သေသူဦးထွန်းရွှေက မုဒိမ်းပြုကျင့်ရန် ကြိုးစားနေစဉ် သို့မဟုတ် မုဒိမ်းပြုကျင့်နေစဉ် ဝင်ရောက် ခုခံကာကွယ်ပေးခြင်းမဟုတ်ဘဲ မုဒိမ်းပြုကျင့်ပြီးနောက် စက်ဘီးတွန်းသွားစဉ် ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်၍ ခုခံကာကွယ်ပိုင်ခွင့်ပေးရန် အကြောင်း မပေါ်ပေါက်ချေ။ ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်သည် များလွန်းသည်ဟု မဆိုနိုင်ချေ။

မောင်ကြည်ရွှန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် .... ၅

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၄-''ကျခံပြီးသော ချုပ်ရက်များကို ထောင်ဒဏ် အဖြစ် သတ်မှတ်လိုက်သည်'' ဟု ချမှတ်သော အမိန့်သည် လုပ်ထုံးလုပ်နည်းအရ မှန်ကန်မှု ရှိမရှိ — ပြစ်မှုနှင့် ပြစ်ဒဏ် မျှတရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်သတ်မှတ်ရာတွင် ထောင်ဒဏ်ချမှတ်လိုပါက ထောင်ဒဏ် မည်ရွေ့မည်မျှ ကျခံရမည်ဟု တိတိကျကျ ဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ ဖော်ပြခြင်း မရှိဘဲ တရားခံ အချုပ်ခံခဲ့ရသည့် ကာလကို ထောင်ဒဏ် အဖြစ် သတ်မှတ်ခြင်းသည် လုပ်ထုံးလုပ်နည်းအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ပြစ်ဒဏ်ကာလမှာလည်း အထက်ဖော်ပြပါ ပုဒ်မ ၁၀၄ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် သက်ညှာလွန်းသည်ဟု ယူဆရပေသည်။ ပြစ်မှုနှင့်ပြစ်ဒဏ် ဆီလျော်မျှတမှု ရှိသည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ချေ (ခ) ထွန်းဝင်း .... ၄၄

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆- ဥပဒေအရ လိုအပ်သော အချက်များ-မိန်းကလေးသည် တရားခံခေါ်ရာသို့ သဘောတူ လိုက်လာခဲ့သည်ဟု ကောက်ယူနိုင်သော်လည်း အခင်းဖြစ်ပွားရာ နေအိမ်သို့ ရောက်သောအခါ တရားခံတို့၏ ပြုကျင့်သမျှ ခံရမည့်အခြေအနေသို့ ရောက်ရှိနေကြောင်း ပေါ်ပေါက်ခြင်း— သတ်မည်

ပြောထားသဖြင့် အောင်ဟစ် အကူအညီ မတောင်းခဲ့ခြင်းသည် သဘာဝယုတ္တိ ရှိ–မရှိ။

ဆုံးဖြတ်ချက်။ ဥပမာဒိမ္ဗြဋ္ဌာန်းချက်အရဆိုပါလျှင် မုဒိမ်းမှုမြောက်ရန်အတွက် အမျိုးသမီးက အလိုမတူငြင်းဆန်ခြင်း၊ သို့မဟုတ် ခွင့်မပြုခြင်း၊ သို့မဟုတ် ခွင့်ပြုသည့်တိုင်အောင် ယင်းသို့ ခွင့်ပြုခြင်းမှာလည်း ပြုကျင့်သူက ကြောက်ရွံ့အောင် ပြုလုပ်ခြင်းတို့ဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ မတင်တင်နွယ်မှာ အချင်းဖြစ်သည် ဆိုသည့်နေ့က ရွှေတိဂုံဘုရားပေါ်မှ အချင်းဖြစ်နေအိမ်သို့ ကားအဆင့်ဆင့်စီး၍ မောင်နန်းဝေနှင့်အတူ လိုက်ပါလာခြင်းသည် ယင်းအဆင့်၌ မတင်တင်နွယ်သည် မောင်နန်းဝေခေါ်ရာသို့ သဘောတူညီချက်ဖြင့် လိုက်ပါလာခြင်းဖြစ်သည်ဟု ကောက်ယူနိုင်သည်၊ အကြောင်းမူကားငှင်းအနေဖြင့် မောင်နန်းဝေက အတင်းအဓမ္မ ခေါ်ဆောင်လာခြင်းဖြစ်သည် ဆိုပါက အနီးရှိလူများအား အကူအညီ တောင်းရမည်ဖြစ်သည်။ မောင်ဝင်းမြင့်နေအိမ်သို့ ရောက်ရှိသည့်အခါမျိုး၌ မတင်တင်နွယ်အနေဖြင့် မောင်နန်းဝေနှင့် မောင်ဝင်းမြင့်တို့၏ ပြုကျင့်သမျှကို ခံရမည့်အခြေအနေမျိုးသို့ ရောက်ရှိနေကြောင်း ပေါ်ပေါက်သည်။

မောင်ဝင်းမြင့်နေအိမ်တွင် မောင်ဝင်းမြင့်နှင့် မောင်နန်းဝေတို့သည် မတင်တင်နွယ်အား ညအချိန်တွင် သဘောတူခွင့်ပြုချက်မရဘဲ အတင်းအဓမ္မ တစ်လှည့်စီ သားမယားအဖြစ် ပြုကျင့်ကြရာ မတင်တင်နွယ်အနေဖြင့် မိမိအား သတ်မည်ပြုလုပ်၍ အနီးပတ်ဝန်းကျင်ရှိ နေအိမ်များမှ လူများအား အောင်ဟစ်အကူအညီတောင်းခံခြင်း မပြုလုပ်ခဲ့ရပါကြောင်းဖြင့် ထုချေချက်သည် သဘာဝယုတ္တိရှိသည်ဟု ဆိုရမည် ဖြစ်သည်။ မူလ ခေါ်စဉ်က သဘောတူညီခဲ့သော်လည်း နောက်ပိုင်း အတင်းအဓမ္မ သားမယားအဖြစ်ပြုကျင့်ခဲ့ခြင်းကို သဘောမတူညီခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ တွင် ဖော်ပြထားသည့် အင်္ဂါရပ်များနှင့် အကျုံးဝင်နေသဖြင့် တရားခံများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ကို ကျူးလွန်သည်ဟု ဆိုရမည်သာ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဝင်းမြင့်ပါ (၂) .... ၇၆

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရပြစ်မှုထင်ရှားစီရင်ခြင်း– ရဲကမြိမ်းခြောက်သဖြင့် ဖြောင့်ချက်ပေးရသည်ဟုဆိုကာ ပြန်သည် ရုပ်သိမ်းခြင်း–အကြောင်းခြင်းရာများနှင့် တကွ တွေ့ရှိရ

သော ပစ္စည်းများက ဖြောင့်ချက်ကို ထောက်ခံလျက်ရှိလျှင် မိမိအလိုအလျောက် ဖြောင့်ချက်ပေးခဲ့မည်ဟု ကောက်ယူခြင်း။

ဆုံးဖြတ်ချက်။ မောင်မောင်ကြည်က ဖြောင့်ချက်တွင် သွေးစွန်းနေသော ၎င်း၏အင်္ကျီအဖြူ ကော်လံပြတ်တစ်ထည်နှင့် ပုဆိုးတစ်ထည်တို့ကို ကျော်ဝင်းအား ပြောပြပြီး ရေကျော်ဈေးသို့ လွှတ်လိုက်ကြောင်းဖြင့် ဖြောင့်ဆိုဝန်ခံထားသည်။ အဆိုပါဖြောင့်ချက်ကို အချင်းဖြစ်နေ့တွင် မောင်မောင်ကြည်က ရှပ်ဖြူဝတ်ထားကြောင်း၊ ဦးကျော်သာ၏ ထွက်ချက်နှင့် မောင်မောင်ကြည်က ၎င်း၏ကော်လံမပါရှပ်ဖြူ လက်ရှည်တစ်ထည်၊ လုံချည်တစ်ထည်တို့ကို ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်ခဲ့သည့် အချက်တို့က ထောက်ခံမှုရှိသည်။

မောင်မောင်ကြည်က ၎င်းအား ရဲက ရိုက်နှက်ခြိမ်းခြောက်သဖြင့် ဖြောင့်ချက် ပေးခဲ့ရကြောင်းဖြင့် ရုံးရှေ့ထွက်ဆိုချက်၌ ပြန်လည်ရုပ်သိမ်းငြင်းကွယ်သည် ၎င်း၏အစ်ကိုတော်သူ ဦးမြသောင်းကလည်း အချုပ်ခန်းသို့ သွားတွေ့ရာတွင် မောင်မောင်ကြည်၏မျက်နှာ၌ဖူးရောင်ဒဏ်ရာ တွေ့ခဲ့ရပြီး လမ်းကောင်းစွာမလျှောက်နိုင်ကြောင်း၊ ထောက်ခံထွက်ဆိုသည်။ သို့ရာတွင် မောင်မောင်ကြည်အား ချုပ်နှောင်ပြီး (၄)ရက်အကြာ၌ ပေးခဲ့သော ဖြောင့်ချက်တွင် မည်သည့်ဒဏ်ရာမျှ မတွေ့ကြောင်း မောင်မောင်ကြည်ကိုယ်တိုင် ဝန်ခံခဲ့ခြင်း၊ ရဲကရိုက်နှက်ခြင်းကို မည်သူ့ထံမျှ မတိုင်ကြားခဲ့ကြောင်းဖြင့် ဦးမြသောင်းက ဝန်ခံထွက်ဆိုခြင်းတို့ကြောင့် ရဲကရိုက်နှက်၍ ဖြောင့်ချက် ပေးခိုင်းခဲ့သည့်အချက် မှန်ကန်ဖွယ်ရာ မရှိကြောင်း ပေါ်လွင်သည်။

**မောင်မောင်ကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၀၃**

စွဲချက်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၀၄ တို့ အရ ဦးတိုက်လျှောက်ထားစွဲဆိုမှု- တရားမမှု စွဲဆိုထားသောကြောင့် ပြစ်မှုမစွဲဆိုနိုင်ဟု ဥပဒေအားဖြင့် ချက်မရှိ၊ ကိုယ်ထိမသိမ်း ဖြစ်မဖြစ်၊ ပစ္စည်းများကို စေသူမှလွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်-မမှန် စသောပြဿနာများကို တင်ပြရန်တာဝန်၊

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာအမှုများတွင်တရားလိုပြသက်သေများ၏ထွက်ချက်အရ စွပ်စွဲခံရသူသည်ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူနိုင်ရန် ပြစ္စန်းလျက်ရှိလျှင် စွပ်စွဲချက် တင်ရမည်ဖြစ်သည်။ တရားမကြောင်းအရ စွဲဆိုထားသောကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင်ဟု ဥပဒေ အား မြစ်ချက် မရှိပေ၊ ကိုယ်ထိမသိမ်း ဖြစ်-မဖြစ်၊ ပစ္စည်းများကို စေသူမှ

လွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်–မမှန် စသောသဘာဝမြန်မာများကို တရားခံများအနေနှင့် ပြန်လည်ရှင်းလင်းတင်ပြရန် တာဝန်ရှိနေပေသည်။

ဒေါ်မြဦး　နှင့်　ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၃)　....　၁၁၃

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်း–နေအိမ်ကိုမှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ယူခဲ့သော်လည်း လက်ရောက်မရသေးမီ ရောင်းသူက နေအိမ်ကို အငှားချထားခဲ့ခြင်း၊ အရောင်းအဝယ် ပဋိညာဉ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု မရှိခြင်းသာ ပေါ်ပေါက်သည်။

ဆုံးဖြတ်ချက်။　မူလရုံး တရားလိုဒေါက်တာ စိုင်းဂျော်နီအောင်က အချင်းဖြစ်နေအိမ်အား ဒေါ်အေးကျွယ်သို့ ခွဲအပ်နှံထားခြင်း မြစ်ကြောင်း ယင်းသို့ ယုံကြည်အပ်နှံထားသည်ကို ဒေါ်အေးကျွယ်က ဖောက်ဖျက်ကြောင်းစွပ်စွဲထားသည်။ အမှန်မှာ အဆိုပါ နေအိမ်ကို အရောင်းအဝယ် ပြုလုပ်ပြီးသည့်နောက် ဒေါက်တာ စိုင်းဂျော်နီအောင် အနေနှင့် လက်ရောက်မရရှိသေးကြောင်း ပေါ်ပေါက်သည်။ ညှိသည့်အချိန်၌ လက်ရောက်ပေးအပ်ရမည်ဟု အရောင်းအဝယ် စာချုပ်တွင် သတ်မှတ်ခဲ့သည်ဟုလည်း ပေါ်ပေါက်သည်။ ယင်းသို့ သတ်မှတ်ထားသည့်တိုင် ဒေါ်အေးကျွယ်ကအချင်းဖြစ်နေအိမ်အား မူလရုံး တရားလို ဒေါက်တာ စိုင်းဂျော်နီအောင်၏ လက်သို့ အပ်နှံခဲ့ခြင်း မရှိသေးကြောင်း အထင်အရှား ပေါ်ပေါက်သည်။ တစ်နည်းအားဖြင့် အရောင်းအဝယ် ကတိပဋိညာဉ်ပါ စည်းကမ်းချက်များကို ဒေါ်အေးကျွယ် အနေနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိဟုသာ ပေါ်ပေါက်လျက် ရှိသည်။

ဒေါ်အေးကျွယ်　နှင့်　ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)....　၁၄၅

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀–ရောင်းချပေးရန်အပ်နှံခဲ့သော ပစ္စည်းများကို သတ်မှတ်ပေးသော တန်ဖိုး၏ ထက်ဝက်ဈေးဖြင့် ရောင်းချခြင်း၊ အရောင်းအဝယ်ကိစ္စတွင် သဘောရိုးဖြင့်ဆောင်ရွက်ခဲ့သည်ဟု ဆိုနိုင်–မဆိုနိုင်။ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ကျူးလွန်ကာ အလွဲသုံးစား ပြုလုပ်ထားသော ပစ္စည်းများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်းများ ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။　မြို့နယ်တရားရုံး၏ အမှု (၃) မှုစလုံးတွင် မူလရုံး တရားလို ဒေါ်မြမြလှိုင်၊ မကြောင်သီလှနှင့် ဒေါ်တင်လှတို့က သတ်မှတ်

ခပ်နေသော တန်ဖိုး၏ ထက်ဝက်ဈေးဖြင့် မိမိက ပစ္စည်းများကို ရောင်းချခဲ့ကြောင်းဖြင့် မပင်စီက ငြိမ်း၍ ခံထားပြီးဖြစ်သည်။ အဆိုပါအမှု (၃)မှုတွင် မပင်စီအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ချမှတ်သည့် ပြိန်ယတရားရုံး၏ အမိန့်များမှာလည်း အတည်ဖြစ်လျက်ရှိသည်။

ထို့ကြောင့် မပင်စီ၊ ဦးတင်အေးနှင့် လျှောက်ထားသူများ ဖြစ်ကြသည့် ဒေါ်အေးသန်း၊ ဒေါ်သင်းသင်းအေးတို့ အားလုံးမှာ အချင်းဖြစ် ပစ္စည်းများ အရောင်းအဝယ်ကိစ္စတွင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု မဆိုနိုင်ကြောင်း ပေါ်လွင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၂ တွင် ထိုက်သင့်သော သတိနှင့် အာရုံပြုမှု ကင်းသော ပြုလုပ်မှု (သို့မဟုတ်) ယုံကြည်မှုသည် သဘောရိုးဖြင့် ပြုလုပ်သည် (သို့မဟုတ်) ယုံကြည်သည်မမည်ကြောင်း ဆိုထားသည်။

အချင်းဖြစ် ပစ္စည်းများမှာ မူလရုံးတရားခံ မပင်စီက ပြစ်မှုမကင်းသော ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှု ကျူးလွန်ကာ အလွဲသုံးစားပြုလုပ်ထားသော ပစ္စည်းများ ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်း ဖြစ်သည်။ အဆိုပါ ခိုးရာပါပစ္စည်းများကို တန်ရာတန်ဖိုးထက် များစွာဈေးလျှော့နည်း၍ လွှဲပြောင်းရယူထားခဲ့ကြသော လျှောက်ထားသူ ဒေါ်အေးသန်းနှင့် ဒေါ်သင်းသင်းအေးတို့မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၂ နှင့်အညီ သဘောရိုးဖြင့်လွှဲပြောင်းရယူခဲ့ရာ မရောက်သောကြောင့် ၎င်းတို့အပေါ် ကံအားလျော်စွာ ဥပဒေအရ အရေးယူမှု မပြုခဲ့မိစေကာမူ ၎င်းတို့အနေဖြင့် အချင်းဖြစ် ပစ္စည်းများကို ပြန်လည်ရပိုင်ခွင့် ရှိမည်မဟုတ်ပေ။

ဒေါ်အေးသန်းပါ(၂)　　ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ(၂)

ဒေါ်အေးသန်းပါ(၂)　နှင့်　ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ(၂)....　　၁၄၉

ဒေါ်အေးသန်းပါ(၂)　　ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ(၂)

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ — ယင်းဥပဒေပုဒ်မ အရ ပစ္စည်း လက်ရှိဖြစ်သူအား အတင်းအဓမ္မ ဖယ်ရှားပြီး ကျူးကျော်စံရမှသာ ပြစ်မှုမြောက်မည်ဖြစ်သည်၊ အချင်းဖြစ် နေအိမ်နှင့် မတ်သက်၍ စီမံခန့်ခွဲခွင့်ရရှိထားသော်လည်း စီမံခန့်ခွဲခြင်း မပြုရသေးမီ ကျူးကျော်နေထိုင်ခြင်းသည် ပြစ်မှုမြောက်—မမြောက်၊

**ပိုင်ရေးဆိုင်ခွင့် ကိစ္စ အငြင်းပွားလျက်ရှိလျှင် တရားမကြောင်းအရ ဖြေရှင်းရန် သင့်—မသင့်**

ဆုံးဖြတ်ချက်။ ခြံ၌လေ့လာလျှင် အချင်းဖြစ်အခန်းများအားလုံးမှာ လျှောက်ထားသူ ဒေါ်အုန်းကြည်တို့မှ တရားဝင် လက်ခံ ရယူထားရာမှ ယခုကဲ့သို့ ဖယ်ရှားကျူးကျော်ခံရခြင်း မဟုတ်ကြောင်း တွေ့ရသည်၊ ကွယ်လွန်သူ ဒေါ်ငွေသက်၏ တရားဝင် မွေးစားသားသမီးများ ဖြစ်သည့်ပြင် အချင်းဖြစ်နေအိမ်နှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့် ရရှိထားခြင်း မှန်ကန်သော်လည်း အချင်းဖြစ် အခန်းများကို ၎င်းတို့မှ မစီမံ မခန့်ခွဲရသေးမီ ဦးလှမောင်တို့က ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမြောက်ရန်မှာ ပစ္စည်းလက်ရှိဖြစ်သူအား အတင်း အဓမ္မ ဖယ်ရှားပြီး ကျူးကျော်ခံရမှသာ ပြစ်မှုမြောက်နိုင်မည်ဖြစ်သည်၊ ယခုကိစ္စတွင် ပိုင်ရေးဆိုင်ခွင့်ကိစ္စ အငြင်းပွားနေကြခြင်း ဖြစ်ကြောင်းသာ ပေါ်ပေါက်လျက်ရှိသည်။ ယင်းကိစ္စမျိုးကို တရားမကြောင်းအရသာ ဖြေရှင်းကြရန် အကြောင်းပေါ်ပေါက်သည်ဟု ကောက်ယူဆုံးဖြတ်ထားသော မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရှေ့ဝတီတိုင်း တရားရုံး (ဖျာပုံမြို့နယ်စု) ၏ အမိန့်တို့သည် ဥပဒေအရ သိသာထင်ရှားစွာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒေါ်အုန်းကြည်ပါ (၃) နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၆) .... ၁၆၁

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)— ''လက်လွှတ်'' (Dispossessed) ဆိုသော စကားရပ်—ဥပစာကိုလက်လွှတ်ခဲ့ရကြောင်း ပေါ်ပေါက်ရုံမျှဖြင့် လုံလောက်ခြင်း ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ (၁) ပါ ''လက်လွှတ်'' (Dispossessed) ဆိုသောစကားရပ်က ပိုနေမြေကျွံနေမြေ ပြန်ပေးရန် လျှောက်ထားသူသည် တစ်ချိန်က ပစ္စည်း လက်ရှိဖြစ်ကြောင်း ညွှန်ပြသည်။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ ပိုနေမြေ ကျွံနေမြေ ပြန်ထားရန် အလို့ငှာ တစ်ဦးတစ်ယောက်သော သူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်လွှတ်ခဲ့ရကြောင်း ပေါ်ပေါက်ရုံမျှဖြင့် မလုံလောက်သေး၊ ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန့်တားမှုအရာ

စာမျက်နှာ

ပြသမှု မဟုတ် ပြစ်မှုမကင်းသော ခြေကက်လွှန်မှုပါသည့် ပြစ်မှု တစ်ခုတစ်ရာဖြင့် ပြစ်မှုထင်ရှား စီရင်ထားကြောင်းလည်း ဖော်ပြရန် လိုအပ်သေးသည်။

ဒေါ်တင်ပါ (၂) နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၃) .... ၁၉

ဦးတိုက်လျှောက်ထား စွဲဆိုသူ တရားလို သေဆုံးသဖြင့် အတူနေ ကိုတ္တိမ မွေးစားသားက တရားလိုအဖြစ် ဆောင်ရွက်ခွင့်ပြုရန် နှင့် ရှေ့နေဖြင့် လိုက်ပါခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စ— ယင်းသို့ဆောင်ရွက်နိုင်သည့် အာဏာသည် မူလမြို့နယ်တရားရုံး၌ သာ ရှိသည်ဟုတင်ပြချက်သည် လက်ခံနိုင်ဖွယ် ရှိ—မရှိ။

ဆုံးဖြတ်ချက်။ မူလမှု တရားလို ဦးလှကျော် သေဆုံးသွား သော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အစိုးရသာ လျှင် ဖြစ်သောကြောင့် အမှုမှာ ရပ်ဆိုင်းသွားခြင်း မရှိပေ။ သေဆုံး သူ၏ ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလိုအဖြစ် အစားထိုးရန် လည်း လိုမည်မဟုတ်ပေ။ အမှုကို တရားရုံးက ဥပဒေနှင့် အညီ ဆက်လက်စစ်ဆေးကြားနာရန်သာ ရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ စစ်ကိုင်းတိုင်းတရားရုံး (စစ်ကိုင်းမြို့နယ်ရုံး) ၏ အမိန့်အရ မောင်စိုးအား တရားလိုအဖြစ် ဆောင်ရွက်စေသည့် သဘောမဟုတ်ဘဲ အမှုကို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ပြုခြင်းဖြစ်၍ ယင်းသို့ လိုက်ပါဆောင်ရွက်ခွင့် ရသူသည်အကျိုးဆောင် လွှဲအပ်ခွင့် ရှိသည့်အတွက်ကြောင့် ဥပဒေအရာရှိ၏ သဘောတူ ခွင့် ပြုချက်ဖြင့် အကျိုးဆောင်ကို ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှုအာဏာအရ အမိန့်ချမှတ်ခဲ့ ခြင်းဖြစ်ရာ ယင်းသို့ဆောင်ရွက်နိုင်သည့်အာဏာသည် မြို့နယ်တရားရုံးမှ သာ ရှိသည်ဟု လျှောက်ထားသူဘက်မှ တင်ပြချက်မှာ လက်ခံနိုင်စရာ မရှိသည်နှင့်အမျှ စစ်ကိုင်းတိုင်းတရားရုံးအမိန့်သည် သိသိသာသာမှား ယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဦးကျော်ညွှန့်ပါ (၆) နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၂) .... ၁

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၇—ကျူးကျော်ဝင်ရောက်၍တဲ ဆောက်လုပ်သည့်နေ့မှာ ၂၁-၇-၉၀ ရက်နေ့ဖြစ်၍ ခြိမ်းခြောက်မှု ခြိမ်းခြောက်သည်ဆိုသော နေ့မှာ ၂၇-၇-၉၀ နေ့ ဖြစ်သည်ဟု ဆိုသည်၊ သီးခြားစီ ရက်များတွင် ဖေါ်ပေါက်ပါလျှက် တစ်မှု

တည်းတွင် စစ်ဆေးခြင်းသည် မူလကပင် ပျက်ပြယ်သည်ဟု ဆိုနိုင်-မဆိုနိုင်။

ဆုံးဖြတ်ချက်။ အချင်းဖြစ်မြေကွက်ထဲသို့ တဲငယ် (၁) လုံး ကျူးကျော် ဝင်ရောက် ဆောက်လုပ်သည့်နေ့မှာ ၂၈-၇-၉၀ ရက်နေ့ဖြစ်ပြီး ကြိမ်းမောင်း ခြိမ်းခြောက်သည် ဆိုသောနေ့မှာ ၂၇-၇-၉၀ နေ့ဖြစ်ကြောင်း အဆိုရှိသည်။ မျိုးတူပြစ်မှုမဟုတ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ တွင် လူတစ်ယောက်အပေါ် စွပ်စွဲချက်တစ်ရပ်ကို ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသော အမှုများမှတစ်ပါး ခွဲခြား၍ စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထားပေရာ အချင်းဖြစ် မျိုးတူမဟုတ်သော ပြစ်မှုများကို သီးခြားစီ ရက်များတွင် ပေါ်ပေါက်ခြင်းဖြစ်၍ မြို့နယ်တရားရုံးက စစ်ဆေးခြင်းမှာ မခင်စောပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်° အမှုစီရင်ထုံး သဘောတအရ မူလအစကပင် ပျက်ပြယ်နေသည်။

ဒေါ်ခင်မာကြည် နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၂) .... ၇

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၀-တရားခံအား အပြီးအပြတ် လွှတ်လျှင် သာမန်အားဖြင့် နောက်ဆုံးလက်ဝယ်ရှိခဲ့သူ တရားခံအား ပြန်ပေးလေ့ရှိသော်လည်း ပေါ်ပေါက်နေသောဖြစ်ရပ်များအရ ပေးရန် သင့်-မသင့်။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်လိုက်ပါက သာမန်အားဖြင့် နောက်ဆုံး လက်ဝယ်ရှိခဲ့သူ အမှုမှလွှတ်သည့် တရားခံသို့သာ ပြန်ပေးလေ့ရှိသည်။ သို့ရာတွင် ဤအမှုမှ သက်သေခံငွေနှင့် ယင်းငွေအတွက် ထားရှိသော ငွေစုစာအုပ်မှာ ဗလီပိုင် ဖြစ်သည်။ အမှုမှ အပြီးအပြတ်လွှတ်သော ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်း ပိုင်မဟုတ်ပေ။ ထိုအခြေအနေတွင် ဦးစိန်ဝင်းနှင့် ကျန်ဂေါပကအဖွဲ့ဝင်များ ယင်းငွေအတွက် မကျေနပ်ချက်များ ပေါ်ပေါက်ခြင်းကြောင့် အမှုစွဲဆိုသည်အထိ ဖြစ်ခဲ့သည့် အမြင် ယာယီ ကြီးကြပ်ရေး ကော်မတီ ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ ယင်းသို့ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များကြောင့် ဦးစိန်ဝင်းအား ပြန်လည်လက်ရှ်ထားခွင့် မပြုခဲ့သည်မှာ မှန်ကန်မှုတပေသည်။

ဦးစိန်ဝင်း နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၂) .... .... ၁၅

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ — အစမွဆိုင် များက သက်သေခံ ရွှေပစ္စည်းများကို ပြန်ပေးရန် လျှောက်ထားရာ— အမွေဆိုင်တစ်ဦးအား အပြီးအပိုင် ထုတ်ပေးရန် အမိန့်ချမှတ်ခြင်းသည် မှန်—မမှန်—တရားမ တရားစီရင်ရေးအာဏာကို ခွင့်ပြုချက်ရာ ရောက်—မရောက်။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ အမှုများ၌ သက်သေခံပစ္စည်းများကို မည်သူပိုင်ဆိုင်သင့်သည်ဟု ဆုံးဖြတ်ရန်မဟုတ်ဘဲ မည်သူ လက်ဝယ်ထားခွင့်ရှိသည်ကိုသာ ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် ဖြစ်ပါလျက် သက်သေခံပစ္စည်းများအား မည်သူ ပိုင်ရေးပိုင်ခွင့်ရှိ၍ မည်သူအား အပြီးအပိုင်ထုတ်ပေးရန် သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်ပြီး အဆုံးအဖြတ်ပြုမည့် တရားမတရားစီရင်ရေး အာဏာကို ဝင်ရောက်စွက်ဖက်ကာ ကြိုတင်ဆုံးဖြတ်ရာလည်း ရောက်ပေသည်။

မည်သို့ပင်ဖြစ်စေ ပြည်နယ်တရားရုံးက အချင်းဖြစ် သက်သေခံပစ္စည်းများကို ဒေါက်တာအိးဟာရှီအား အပြီးအပိုင်ပေးအပ်သည် ဆိုသည့် စကားရပ်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ တွင် သုံးသပ်သောစကားရပ် မဟုတ်ပေ။ ဒေါ်ကာဗေရီ၏ကိုယ်စား လက်ဝယ်ထားရှိပိုင်ခွင့်ရှိသူဖြစ်၍ ပေးအပ်ထားခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ္တ ထိန်းသိမ်းထားရန် ပေးထားခြင်းသာ ဖြစ်ပေသည်။ အမှု၌ပေါ်ပေါက်လျက်ရှိသော အထောက်အထားများအရ သက်သေခံပစ္စည်းများကို ဒေါ်ကာဗေရီ၏ တူဖြစ်သူ ဒေါက်တာအိးဟာရှီအား ခေတ္တပေးအပ်ထားခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

ဒေါ်တင်ရွှေ နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ-(၂) .... ၂၃

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁—က အရ အမှုကိုချေဖျက်ရန် လျှောက်ထားခြင်း— လိမ်လည်အတုပြုလုပ်ထားသော စာတမ်းကို သက်သေခံအဖြစ် တင်ပြသည့်ကိစ္စ—အမှုစစ်တရားသူကြီးက စာနှင့် ရေးသားလျှောက်ထားခြင်း မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရခြင်း—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) — မှားယွင်းလက်ခံ ဆောင်ရွက်ထားခဲ့သည်ကို နောက်ကြောင်းပြန် ဖြည့်စွက်၍ ကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ ၌ ပြဋ္ဌာန်းခြင်း မရှိ။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၃ လိမ်လည် အတုပြုလုပ်ထားသောစာတမ်းကို သက်သေခံအဖြစ် တင်ပြသည့်ကိစ္စတွင် အမှုစစ်

တရားရုံးတရားသူကြီးက စခန့်ရေးသားတိုင်လျှောက်ရမည်။ ယင်းသို့ တရားသူကြီးက စခန့်တိုင်လျှောက်သည့်ကိစ္စ မဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်း မပြုရဟု အတိအလင်း ဖော်ပြထားသည်။

ထပ်မံဆုံးဖြတ်ချက်။ မည်သို့ပင်ဖြစ်စေ မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) (ဂ)တွင် ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင်၍ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၅၉/၉၈ တွင် ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ မှားယွင်းစွာ လက်ခံဆောင်ရွက်ထားခြင်းကို နောက်ကြောင်းပြန် ဖြည့်စွက် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ ယင်းသို့ ပြောင်းလဲကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇၌ ပြဋ္ဌာန်းထားခြင်းမရှိဟု တင်ပြ ချက်မှာ မှန်ကန်ကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ တရားသူကြီး၏ တိုင်လျှောက်ချက် ရရှိမှသာ အရေးယူဆောင်ရွက်ရန်ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်ဘဲ အရေးယူဆောင်ရွက်ထားသော အမှု ဖြစ်သောကြောင့် ယင်းအမှုအား ချေဖျက်ပေးရန် လုံလောက်သော အကြောင်း ပေါ်ပေါက်လျက်ရှိပေသည်။

ဦးတင်အောင်ပါ-၂ နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ-၂ .... ၂၈

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆၊ ၅၁၇-ရ ခွဲချက် ပုံစံ၌ တရားခံတစ်ဦးမှာ တိမ်းရှောင်နေသဖြင့် လက်ရှိအမှုမှာပြီး ဆုံး ခြင်းသို့ မရောက်သေးဘဲ စစ်ဆေးဆဲအမှုဟု ကောက်ယူရမည်ဖြစ် ခြင်း-သက်သေခံငွေများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ အဓိကတရားခံမှာ ထွက်ပြေးတရားခံ မောင်စိုး ဖြစ်သည်ဟု ကောက်ယူရမည်သာဖြစ်သည်။ တရားခံမောင်စိုးမှာ ထွက် ပြေးနေသဖြင့် မူလတရားစွဲဆိုစဥ်ကပင် ရဲစွဲချက်ပုံစံ၌ တရားခံမောင်စိုး အား တရားခံပြေးအဖြစ် မင်နီဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ ရှိရသည်။ ယင်းသို့ဆိုလျှင် တရားခံမောင်စိုးနှင့် ပတ်သက်သမျှအမှုမှာ ပြီးဆုံးခြင်းသို့ မရောက်ရှိသေးဘဲ စစ်ဆေးဆဲအမှုသာ ဖြစ်သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် သက်သေခံငွေများကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ မဆုံးဖြတ်သင့်ဘဲ ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ အရ ဆုံးဖြတ်ရန်သာ ဖြစ်သည်။ ယခုအမှုတွင် မူလလရားရုံးသည် သက်သေခံငွေများကို မူလရုံးတရား လိုအား ပြန်ပေးထားခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇

စာမျက်နှာ

အရ ဆုံးဖြတ်ရာကျရောက်နေကြောင်း ပေါ်ပေါက်နေသဖြင့် ယင်း ဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုသာချေ။

ထပ်မံဆုံးဖြတ်ချက်။ အမှုအတွင်း သက်သေခံငွေများကို ခံဝန်ချုပ်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆နှင့်အညီ တစ်ဦးဦးအား ပြန်လည်ပေးထားခြင်းထက် အစိုးရဘဏ်တွင် ထိန်းသိမ်းအပ်နှံထားခြင်းက ပိုမိုတရားမျှတမှု ရှိနိုင်မည်ဟု ယူဆသည်။

ဦးထွန်းလှိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ .... ၃၃

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က) အရ ဆိုဆုံးမ၍ လွှတ်သော အမိန့်ကို ပယ်ဖျက်၍ ယင်းဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်သူ(၂)ဦး ဖြင့် ကောင်းမွန်စွာ နေစေရန် ခံဝန်ချုပ် ဆိုစေခြင်း— ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုကို ဆိုဆုံးမ၍ လွှတ်နိုင်—မလွှတ်နိုင်။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က) အရ ဆိုဆုံးမ၍လွှတ်နိုင်သော ပြစ်မှုများမှာ ထောင်ဒဏ်(၂)နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများသာဖြစ်ပြီး ပြစ်ချက်ဟောင်းမရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ၎င်း၏ အသက်အရွယ် အပြုအမူ စသည်တို့ကို ထောက်ထား၍ဆိုဆုံးမ၍လွှတ်နိုင်ကြောင်းပြဋ္ဌာန်းချက်ရှိသည်၊ တရားခံ၌ပြစ်ချက်ဟောင်းရှိကြောင်း၊ အကျင့်စာရိတ္တဆိုးသွမ်းကြောင်းစသည်တို့ ပေါ်ပေါက်ခြင်း မရှိပေ။ သို့ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ်(၃)နှစ်အထိ ချမှတ်နိုင်သည့်ပြစ်မှု ဖြစ်သောကြောင့် အထက်ပါပြဋ္ဌာန်းချက်၌ အကျုံးမဝင်ပေ။ မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရသည်။

အဆိုပါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ချမှတ်ထားသောအမိန့်ကို ယင်းဥပဒေပုဒ်မ ၅၆၂ (၃) အရ ပယ်ဖျက်နိုင်ကြောင်း၊ ယင်းသို့ပယ်ဖျက်ပြီးနောက် တရားခံအား ဥပဒေနှင့်အညီ အပြစ်ဒဏ်ချမှတ်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။ သို့ရာတွင်ချမှတ်သော ပြစ်ဒဏ်မှာ မူလအမှုစစ်ရုံးမှ ချမှတ်ခွင့်ရှိသည့် ပြစ်ဒဏ်ထက်ပို၍မချမှတ်ရဟု ယင်းဥပဒေပုဒ်မ၏ ခြွင်းချက်၌ ဖော်ပြထားသည်။ ယခုအမှုကို ကဝမြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီးမှ စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမှုစစ်တရားသူကြီးသည် ဒုတိယတန်း ရာဇဝတ်အာဏာသာရှိကြောင်း တွေ့ရှိရသဖြင့် အကယ်၍ ပြစ်ဒဏ်ချမှတ်မည်

ဆိုလျှင် ဒဏ်ငွေ ၂၀၀/-ကျပ်အထိ သို့မဟုတ် ထောင်ဒဏ်(၆လ) အထိသာ စီရင်ပိုင်ခွင့် ရှိမည်ဖြစ်သည်။

ထို့ကြောင့် မြင်ဆင်မှုလျှောက်ထားခံရသူ လွင်ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍လွှတ်သော ကာ၀မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ယင်းဥပဒေပုဒ်မ ၅၆၂ (၁) အရ ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်းတိတိ) တန် ခံ၀န်သူ(၂)ဦးဖြင့် (၁)နှစ်အတွင်း ကောင်းမွန်စွာနေစေရန် ခံ၀န်ချုပ် ပြုလုပ်စေဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

## မြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် လွင်ဦး .... ၇၀

လယ်ယာမြေမှုခင်းကိစ္စ—လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကို သက်ဆိုင်ရာ လယ်မြေစီရင်ပိုင်ခွင့်ရှိသည့် ဌာန၀ပ်ဖြိုးမှု တည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်ကသာ စီစစ်ဆုံးဖြတ်ပေးရမည်ကိစ္စဖြစ်သည်။ ပြစ်မှုကြောင်းအရ ခြေကျော်နင်းမှုဖြင့် တရားရုံးက အရေးယူရန် မဟုတ်။

ဆုံးဖြတ်ချက်။ အငြင်းပွားမှုမှာ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုဖြစ်သည်မှာ ထင်ရှားသည်။ ဦးမြအောင်ဘက်မှ တင်ပြသော သက်သေခံ(၄)နှင့်(၅)တို့အရ လယ်မြေလုပ်ပိုင်ခွင့် ချထားချက်နှင့် ဦးမောင်လှဘက်မှ တင်ပြသော သက်သေခံ(ခ)အရ လယ်မြေ အမွေခွဲ၀ေချထားချက် နှစ်ရပ်အနက် မည်သည့်ချထားချက်က ဥပဒေအရ တရား၀င်ကြောင်း၊ အငြင်းဖြစ်မြေမှာ မည်သည့်ကျေးရွာအုပ်စုအတွင်း ကျရောက်ကြောင်း၊ မည်သူက ဥပဒေအရ လက်ရှိလတ်ငုတ် လုပ်ကိုင်လျက်ရှိသူ ဖြစ်ကြောင်းတို့မှာ သက်ဆိုင်ရာ လယ်မြေစီရင်ပိုင်ခွင့်ရှိသည့် ဌာန၀ပ်ဖြိုးမှုတည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်ကသာ စီစစ်ဆုံးဖြတ်ပေးရမည့်ကိစ္စဖြစ်သည်။

ဦးမောင်လှအနေဖြင့် အထက်ပါ သက်သေခံအမှတ်(၄)နှင့် (၅)တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ မကျေနပ်ကြောင်း တင်ပြခဲ့ခြင်းမရှိသဖြင့် ယင်းချထားမှု အမိန့်စာများ အတည်ဖြစ်နေသဖြင့် တရားရုံးက ပြစ်မှုကြောင်းအရ ဦးမြအောင်အပေါ် ခြေကျော်နင်းမှုဖြင့် အရေးယူအပြစ်ပေးရန် သင့်မည်မဟုတ်သဖြင့် ၎င်းအပေါ် ခြောက်လှန့်မှုဖြင့်လည်း အရေးယူ အပြစ်ပေးရန် သင့်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံးတို့၏ အမိန့်တို့မှာ လယ်ယာမြေမှုခင်း

**စာမျက်နှာ**

ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ဆုံးဖြတ်ချထားမှုကို ပယ်ဖျက်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ဆန့်ကျင်ဆုံးဖြတ် အမြစ်ပေးရာ ရောက်နေပေသည်။

ဦးမြအောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံပေါ် (၂) .... ၁၀၈

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇—ပင်လယ် အကောက်ခွန် ဥပဒေပုဒ်မ ၁၈၂ အရ သိမ်းဆည်းထားပြီးဖြစ်ခြင်း—တရားရုံး ရှေ့သို့ သက်သေခံပစ္စည်းအဖြစ် မတင်ပြဘဲ ပစ္စည်းစာရင်း၌သာ ရေးသွင်းထားရာ တရားရုံးမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခြင်းသည် မှန်ကန်မှု ရှိ—မရှိ။

ဆုံးဖြတ်ချက်။ မူလအမှုတွဲတွင် ပေါ်လွင်သောအချက်များအရ ပင် ယင်းစက်လှေမှာ တရားရုံးသို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသည့်စက်လှေမဟုတ်ဘဲ အကောက်ခွန်ဌာနမှပင်လယ်အကောက်ခွန် ဥပဒေပုဒ်မ ၁၈၂ အရ ဥပဒေနှင့်အညီ သိမ်းဆည်းပြီးဖြစ်သော စက်လှေကို ဖမ်းဆီးပစ္စည်းစာရင်းသွင်းချက်သာ ပါရှိသည့်အချက်ကို အကြောင်းပြု၍ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ ရခိုင်ပြည်နယ်တရားရုံးသည် တရားရုံးရှေ့သို့ သက်သေခံပစ္စည်းအဖြစ် ရောက်ရှိခြင်းမရှိသော ယင်းစက်လှေအား အမှုဆုံးခန်းတိုင်သည့်အခါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့် ချမှတ်ခြင်းမှာ မှားယွင်းနေပေသည်။ နောင်တွင် ဤသို့မှားယွင်းစီရင်ခြင်း မပြုစေရန် သတိချပ်စေလိုက်သည်။

ဦးမြင့်သန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပေါ် (၂) .... ၁၁၈

ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှုလျှောက်ထားရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး စွဲချက်တင်စစ်ဆေးသွားရန်ဟု ပြင်ဆင်အမိန့်ချမှတ်နိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ တိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၅/၈၁ သည် တရားခံအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။ တိုင်းတရားရုံးအနေဖြင့် ပြစ်ဒဏ်တိုးမြှင့်သင့်မှတ် သင့် မသင့် ပြဿနာကိုသာ စဉ်းစားဆုံးဖြတ်ရမည် ဖြစ်သည်။ စွဲချက်ကိစ္စတင်သွင်းခြင်း မဟုတ်သောကြောင့် မြို့နယ်တရားရုံး

၏ စွဲချက်အမိန့်ကို ပြုပြင်ပြောင်းလဲရန်ကိစ္စနှင့် စပ်လျဉ်း၍ ထည့်သွင်း စဉ်းစားဆုံးဖြတ်ရန် အကြောင်းရှိမည် မဟုတ်ပေ။

မောင်လှိုင်ကြည် နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော် .... ၁၂၁

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းများကို ရဲက သိမ်းဆည်းစဉ်က ရဲကိုကြောက်၍ ခြိမ်းခြောက်ခံရမှု ကြောင့် အမှန်ဝယ်ယူခြင်းမပြုသော ပစ္စည်းအချို့ကို ပေးအပ် ခဲ့ရသည်ဟုဆိုကာ ပြန်လည်ပေးရန် လျှောက်ထားသည့် ကိစ္စ အပေါ် စီစစ်ခြင်း။

ဆုံးဖြတ်ချက်။ မိမိဝယ်ယူထားသော ပစ္စည်းများ မဟုတ်ပါဘဲ လျက် ရဲကိုကြောက်၍ ခြိမ်းခြောက်မှုကြောင့် အပ်ခဲ့ရသည် ဆိုပါက လည်း ထိုစဉ်ကပင် မမှန်မကန် သိမ်းဆည်းခံရသည်ကို သက်ဆိုင်ရာသို့ တင်ပြအရေးဆိုသင့်ပါလျက် ထိုအချိန်က မည်သို့မျှတင်ပြအရေးယူခြင်း၊ အရေးဆိုခြင်း မပြုဘဲ တရားရုံးအဆုံးအဖြတ်ပြု၍ သက်သေခံပစ္စည်း များအား မှီနယ်တရားရုံးများမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆိုင်ရာသို့ ပြန်လည်ရယူခွင့် ပြုထားသည့်အခါတွင်မှ မိမိပိုင်ရသည့်ပစ္စည်းဟု ဆိုကာ ပြန်ပေးရန်လျှောက်ထားသည်မှာ နည်းလမ်းကျသည်ဟု ယူဆ နိုင်မည် မဟုတ်ပေ။

ဒေါ်သန်းစိန် နှင့် ပြည်ထောင်စု
မြန်မာနိုင်ငံတော်ပါ (၂) .... ၁၃၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂—သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၄၅၊ ၁၅၅—တရားလိုဘက်မှ ပယ်ခဲ့သော တရားလိုပြ သက်သေအား တရားခံဘက်မှ တရားခံပြသက်သေ အဖြစ် စစ် ဆေးရာ ထိုသက်သေ အစစ်ခံခဲ့သော ရဲစာအုပ်နှင့် တိုက်ဆိုင် စစ်မေးခွင့် ရှိ—မရှိ။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ တွင် "အစစ်ခံချက်ကို စာဖြင့် ရေးမှတ်ထားသော မည်သည့် သက်သေခံကိုမဆို အဆိုပါ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေး စီရင်မှုတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ ခေါ်ယူသော အခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျ ထင်ရှားဖြစ်ခဲ့လျှင် တရားခံဘက်က ဖြစ်စေ၊ တရားလိုဘက်က ဖြစ်စေ သက်သေခံဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်း

အတိုင်း အဆိုပါသက်သေကိုဆန့်ကျင်ရန်အတွက် သို့မဟုတ် သက်သေခံ ဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသောနည်းလမ်းအတိုင်း အဆိုပါ သက်သေကို မယုံထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြုနိုင်သည်။ ၎င်းအပြင် အဆိုပါ အစစ်ခံချက်၏ အစိတ်အပိုင်းကို ထိုကဲ့သို့ အသုံး ပြုသောအခါ ထိုအစိတ်အပိုင်းကို ပြန်လှန်စစ်မေးရာ၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာ တစ်စုံတစ်ရာကို ရှင်းလင်းရန်အတွက် ထိုသက်သေ အား ပြန်လည်စစ်ဆေးရာ၌အသုံးပြုနိုင်သည်''ဟု အတိအကျ ပြဋ္ဌာန်း ချက်ရှိသည်။ ဤအမှုတွင် တရားလိုဘက်မှ သက်သေအဖြစ် စာရင်း တင်ခဲ့ပြီးနောက် ပယ်ခဲ့သော တရားလိုပြသက်သေကို တရားခံအနေဖြင့် သက်သေပြရာတွင် တရားလိုဘက်အနေဖြင့် ပြန်လှန်စစ်မေးရာ၌ ရဲစဉ်။ နှင့် တိုက်ဆိုင်စစ်ဆေးခွင့်ရှိကြောင်း ထင်ရှားလျက် ရှိပေသည်။

ဦးသန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံပါ (၂) .... ၁၃၆

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေပုဒ်မ ၄၀၊ ၄၁—ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရရှိသေးသော အခွေကို ပြကော်အနီး စားပွဲပေါ်၌ တွေ့ရှိခြင်း—ဆင်ဆာမဲ့ဗွီဒီယိုဇာတ်ကားကို အခကြေးငွေရယူပြီး ပြသခြင်း။

ဆုံးဖြတ်ချက်။ ဝင်ရောက်ရှာဖွေစဉ်က သက်သေခံ တရုတ် သိုင်းကားအခွေကိုပြကော်အနီး စားပွဲပေါ်မှတွေ့ရှိကြောင်းမှာ ထင်ရှား သည်။ စုစုပေါင်း (၃) ခွေသာ ရှိသောကြောင့် အဆိုပါ (၃) ခွေ စလုံးမှာ ထိုညကပြသရန် ရည်ရွယ်ချက်ရှိကြောင်း မှတ်ယူနိုင်သည်။ အဆိုပါ တရုတ်ဇာတ်ကားမှာ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက် မရရှိဟု လည်း ပေါ်ပေါက်သည်။ ယင်းသို့ ဆင်ဆာအဖွဲ့၏ခွင့်ပြုချက် မရရှိ သော ဇာတ်ကားကို ပြသမှုအတွက် စွဲဆောင်ချမ်းသာသည် ရုပ်မြင် သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၁ ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ယင်းဥပဒေပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်မည်ဖြစ်သည်။ တရားခံသည် နိုင်ငံခြားမှ တင်သွင်းသော ဆင်ဆာမဲ့ ဗွီဒီယိုဇာတ်ကားကို အခ ကြေးငွေရယူပြီး ပြသခဲ့သည်ဖြစ်၍ ၎င်းသည် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၂ ကို ဖောက်ဖျက်ရာရောက်သဖြင့် ယင်းဥပဒေပုဒ်မ ၄၁ အရ ပြစ်ဒဏ်ထိုက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ၎င်းသည် ဗွီဒီယိုပြသခွင့် လုပ်ငန်းလိုင်စင် ရရှိသူ ဦးဝင်းနိုင်ထံမှ လွှဲပြောင်းလုပ်ဆောင်သည်ဟု တွေ့ရသည်။ ယင်းအတွက် ပြစ်မှုတစ်ရပ် ကျူးလွန်သည်ဟု တွေ့ရသော်လည်း

သက်ဆိုင်ရာမှ ယင်းပြစ်မှုအတွက် တစ်စုံတစ်ရာ ဘရားစွဲဆိုထားခြင်း မရှိပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ကိုအောင်ချမ်းသာ .... ၈၈

သက်သေခံအက်ဥပဒေပုဒ်မ ၂၄—တပ်မတော်နည်းဥပဒေ ၂၂ (၂) (၃) (၄) အရ တပ်မတော်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တို့ရှေ့တွင် အစစ်ခံချက်— သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်း မထင်ရှားလျှင် ယင်းစစ်ကြောချက်များကို လက်မခံနိုင်ရာ အကြောင်းမရှိ။

ဆုံးဖြတ်ချက်။ အယူခံတရားခံ ရဲနောင်နှင့် မြင့်ဦး (ခ) မြဦးတို့အပြင် ပူးတွဲတရားခံများဖြစ်ကြသော ဝင်းနိုင်ဦးနှင့် ရင်းဆော်ဇနီးဖြစ်သူ မသန်းသန်းတို့မှာ တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်ရှေ့တွင် ပြစ်မှုကျူးလွန်ကြပုံများကို ကွင်းဆက်မိမိပြင့် အစစ်ခံထားကြခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၂၄ တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်းပေါ်လွင်ထင်ရှားခြင်း မရှိသည့်အတွက် ၎င်းတို့က တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်ထံတွင် ပေးခဲ့သော စစ်ကြောချက်များကို လက်မခံနိုင်စရာအကြောင်း မရှိချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးရဲနောင်ပါ (၂) .... ၆၃

၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး ဥပဒေပုဒ်မ ၂၄ (၁)—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇— သက်သေခံရွှေဒင်္ဂါးငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး၊ သက်ဆိုင်ရာ၏ အကြောင်းကြားချက် ရရှိသည့်အခါ တစ်ဘက်နိုင်ငံသို့ လွှဲပြောင်းပေးရန် ဖြစ်သည်ဟု အမိန့်ချမှတ် ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ—မရှိ ပြန်လည်စိစစ်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် အလားတူ ငွေကြေးကိစ္စဖြစ်လျှင် ရသင့်ရထိုက်ခွင့်ရှိသူသို့ ပြန်ပေးရန် (သို့) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်သာ နည်းလမ်းဖြစ်သည်။ ပြည်နယ်တရားရုံးက ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သက်ဆိုင်ရာ၏ အကြောင်းကြားချက်အရ တစ်ဘက်နိုင်ငံသို့ လွှဲပြောင်းပေးရန်ဟု အမိန့်ချမှတ်ထားခြင်းမှာ ဖော်ပြပါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ်ခြင်း မရှိပေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးပါက မည်သည့်ပုဂ္ဂိုလ်

စာမျက်နှာ

အဖွဲ့အစည်းကိုမျှ ပြန်ပေး၍ ရနိုင်တော့မည် မဟုတ်ပေ။ သို့ဖြစ်၍ မြည်နယ်တရားရုံး၏ အမိန့်သည် ပြဋ္ဌာန်းဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်းတွေ့ရှိရပေသည်။

မြန်မာနိုင်ငံတော် နှင့် ဒေါ်ကိမ်သျှမ်းပေါ (၅) .... ၄၁

၁၉၄၇ ခုနှစ်၊ အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁)၊ ၈ (၃)–သက်သေခံနွားများနှင့် နွားများသယ်ဆောင်သည့် မော်တော်ယာဉ်များကို မူလရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူစေရန် အမိန့် ချမှတ်ခဲ့ရာ တရားရုံးချုပ်ပြင်ဆင်မှုတွင် မူလရုံးအမိန့်ကို ပယ်ဖျက်၍ သက်ဆိုင်ရာပိုင်ရှင်အသီးသီးသို့ ပြန်ပေးစေရန် ချမှတ်ခဲ့ သည့် အမိန့်အပေါ် အထူးအယူခံမှု–စီရင်ထုံးတစ်ရပ်သည် ဆိုင်ရာအမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ် အတွက်သာ အဖြေ ဖြစ်ခြင်း၊ တရားသေအသုံးပြုရန်မဟုတ်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် သင့်မသင့်မှာ အမှုတစ်မှုစီ ဖြစ်ရပ်အသီးသီးအရ ဆုံးဖြတ်ရခြင်း– သက်သေခံနွားများကို မိမိတို့မော်တော်ယာဉ်အသီးသီးဖြင့်သယ်ဆောင်ခြင်းကို မသိရှိပါဟူသော အကြောင်းပြချက် လက်ခံနိုင်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ စီရင်ထုံးတစ်ရပ်သည် သက်ဆိုင်ရာ အမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်အတွက်သာ အဖြေဖြစ်သည်။ အမှုအားလုံးတွင် တရားသေအသုံးပြုရန် မဟုတ်ချေ။ ဥပဒေနှင့်ငြိစွန်းသော ပစ္စည်းအား သယ်ယူပို့ဆောင်ရာ၌ မိမိမော်တော်ယာဉ်ကို အသုံးပြုသည့်ကိစ္စအား ပိုင်ရှင်ဖြစ်သူက မသိသည်ကိုအကြောင်းပြု၍ ယင်းမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမပြုနိုင်ဟူသော တရားသေသတ်မှတ်ထားသည့်ဥပဒေ မရှိချေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသင့်မသင့်မှာ အမှုတစ်မှုစီတွင် ပေါ်ပေါက်သော ဖြစ်ရပ်အသီးသီးအရ ဆုံးဖြတ်ရမည့် ကိစ္စဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ အချင်းဖြစ်မော်တော်ကားများတွင် အခြားကုန်ပစ္စည်းများ မတွေ့ရသဖြင့် သက်သေခံနွားများကို သယ်ဆောင်ရန်အတွက်သက်သက် ယင်းကားများကို အသုံးပြုခဲ့ကြောင်း ထင်ရှားသည်။ ဒေသအနေအထားအရဆိုလျှင် ယင်းနွားများကို ပြည်တွင်း တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်သည့်ကိစ္စမျိုးမဟုတ်ဘဲ ယုတ်စွအဆုံး တစ်ဘက်နိုင်ငံသို့သယ်ပို့ခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ပေါ်ပေါက်သည်။ နယ်စပ်ဒေသသို့ အလွယ်တကူသွားလာနိုင်သော

ဒေသများတွင်မော်တော်ယာဉ်ပိုင်ရှင်တို့သည် ယာဉ်မောင်းအစ်ရှိသော မိမိတို့၏ အလုပ်သမားများအား ဥပဒေနှင့်ငြိစွန်းသည့် ကုန်ပစ္စည်းများ မသယ်မိစေရန် ဝိုင်ကြိုးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။ ထိုသို့ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်သည့်အမှုတွင် ခွားများကို မိမိတို့ မော်တော်ယာဉ်အသီးသီးဖြင့် သယ်ဆောင်ခြင်းကို မသိရှိရပါဟူသော အကြောင်းပြချက် တစ်ရပ်တည်းဖြင့် ယင်းယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်တောင်းဆိုခြင်း မပြုနိုင်။

အုပ်စုဖွဲ့၍ ပြစ်မှုကျူးလွန်ခြင်းသည် လူ့အဆောက်အအုံကို ထိပါးသည် ဖြစ်၍ ပြစ်မှုငယ်သည်ကြီးသည်ကို အမိကမထားဘဲ ဟန့်တားလောက်သည့်ပြစ်ဒဏ် ချမှတ်ရန်လိုအပ်သည်။ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသောပစ္စည်းကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းသည်လည်း ထိရောက်သောအရေးယူမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ သို့ဖြစ်ရာ ခွားအများအပြားကို မော်တော်ယာဉ်ငါးစီးဖြင့် ပူးပေါင်းသယ်ဆောင်ကြသည့်ကိစ္စ၌ ခွားများကို လည်းကောင်း၊ မော်တော်ယာဉ်များကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသင့်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် စိုးမြင့်နိုင်ပါ (၄၀) .... ၅၃

အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၂) - သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ တရားလွှတ်တော်က အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း လိုက်နာရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ရောဝတီတိုင်းတရားရုံးသို့ ပြစ်ဆင်မှု တင်သွင်းရာ၌ သက်သေခံငါးပုံစက်ကို ပြန်ပေးခြင်းမှာ ဥပဒေနှင့် မညီညွှတ်ကြောင်းတင်ပြထားခြင်းဖြစ်ရာ Shall be liable to confiscation. မှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံလိုက်စေရမည်ဟူသာ အဓိပ္ပာယ်ရှိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု အဓိပ္ပာယ်မထွက်ကြောင်း အထက်ပါစီရင်ထုံးတွင်တရားလွှတ်တော်က အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပြီးဖြစ်သဖြင့် ဟင်္သာတမြို့နယ်စုဥပဒေအရာရှိ၏ တင်ပြချက်မှာ မှန်ကန်မှုမရှိကြောင်း ထင်ရှားနေသည်။

ဦးသောင်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် .... ၁၂၅

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ စွဲဆိုမှု–ဒွင့်ပြုချက်အရ နေထိုင်သူများ ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ဒေါ်တင်တင်၏ထွက်ဆိုချက်အရ ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှတို့သည် ၎င်းတို့၏ ခွင့်ပြုချက်အရ နေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် အကယ်၍ ဒေါ်တင်တင် အနေဖြင့် ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှတို့အား အချင်းဖြစ်အခန်းတွင် ဆက်လက်မနေလိုသော ဆန္ဒရှိပါက သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရသာ တရားစွဲဆိုသင့်သည်ဟု သုံးသပ်တွေ့ရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးအက်စ်အင်နဲလီလာပါ(၃)　　၇၃

မူးယစ်ထုံထိုင်းစေသောဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၁၄ (ဃ)-ဓာတုဗေဒပြန်ကြားချက်၌ မူးယစ်ဆေး သုံးစွဲကြောင်း မတွေ့ရခြင်း၊ ကိုယ်ခန္ဓာပေါ်တွင် မူးယစ်ဆေး သုံးစွဲကြောင်း ပြင်ပလက္ခဏာများ တွေ့ရှိရခြင်း– ဓာတုဗေဒ ပြန်ကြားချက်သည် မူးယစ်ဆေးသုံးစွဲသူ ဟုတ်–မဟုတ်၊ အတိအကျကောက်ယူရန် အထောက်အထားဖြစ်သည်ဟု ဆိုနိုင်–မဆိုနိုင်။

ဆုံးဖြတ်ချက်။ အယူခံတရားခံကိုယ်တိုင်၏ ထွက်ချက်တွင်လည်း ဆရာဝန်စစ်ဆေးစဉ်က တွေ့ရှိထားခဲ့သော မျက်စေ့တုန့်ပြန်မှု နှေးကွေးခြင်း၊ မျက်ခွံတွဲကျနေခြင်း၊ သွေးယဉ်အိမ်ကျဉ်းနေခြင်း၊ လက်နှစ်ဖက်စလုံး၌ ဆေးထိုးအပ်ရာများရှိနေခြင်း စသည်တို့အတွက် မူးယစ်ဆေး သုံးစွဲခဲ့ခြင်းကြောင့် မဟုတ်ဘဲ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်ကြောင်း ခုခံတင်ပြထားသည်ကိုလည်း မတွေ့ရပေ။ အယူခံတရားခံ၏ ကိုယ်ခန္ဓာပေါ်ရှိ ပြင်ပလက္ခဏာဘာစ်ခုခြင်းအနေဖြင့်မူးယစ်ဆေး သုံး–မသုံးကို အတိအကျပြောဆိုရန် ခက်ခဲမည်ဖြစ်သော်လည်း မူးယစ်ဆေးသုံးသူများ၌ တွေ့ရတတ်သော ပြင်ပလက္ခဏာ (၄)ခုစလုံးအား ပူးတွဲတွေ့ရှိရခြင်းမှာ မူးယစ်ဆေးသုံးစွဲမှုကြောင့်သာ ပေါ်ပေါက်လာသည်ဟု ယူဆရပေလိမ့်မည်။

ဆီးနမူနာအား ဓာတုဗေဒပြန်ကြားချက်၌ ဆေးသုံးစွဲသည်ဟု ကောက်ယူနိုင်သည့်အခြေအနေ မရှိခြင်းမှာ မူးယစ်ဆေးသုံးသူ မဟုတ်ဟု တသစ်ချကောက်ယူရမည့် အထောက်အထားဟု မဆိုနိုင်ချေ။ အကြောင်းကြောင်းကြောင့် ဆီးစစ်ဆေးချက်အဖြေ လွဲမှားနိုင်သောကြောင့်ဖြစ်သည်။ ဆရာဝန်ကိုယ်တိုင် လူနာအား မျက်မြင်စစ်ဆေး

တွေ့ရှိချက်မှာ တစ်စုံတစ်ရာ မှားယွင်းကြောင်း မပေါ်လွင်သည့်အလျောက် အခြေခံမပျက်သော ဖြစ်ပလက္ခဏာများသည် မူးယစ်ဆေးသုံးစွဲသူများ၌ တွေ့လေ့တွေ့ထရှိသော လက္ခဏာများသာဖြစ်ရာ ဆရာဝန်၏မှတ်ချက်သည် ခေတုနဗဒပြန်ကြားချက်ထက် ပိုမိုခိုင်လုံသည်ဟု ကောက်ယူသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ကုလားမဲ (ခ) မြင့်ထွန်း .... ၃၇

**လောင်းကစား ဥပဒေပုဒ်မ ၅ (ခ)—စကားရပ်များအဓိပ္ပာယ်ဖွင့်ဆိုသည့် ဥပဒေပုဒ်မ ၂ (ဇ)—ရပ်ကွက်နှင့် ကျေးရွာအုပ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တစ်ဦးတည်းက ရှာဖွေဝရမ်းတွင် လက်မှတ်ရေးထိုးခြင်းသည် ထုံးနည်းမကျဟု ဆိုနိုင်- မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** လောင်းကစားဥပဒေပုဒ်မ ၅ (ခ) အရ ယခင်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးအား ဝရမ်းထုတ်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုသည့် ဥပဒေပုဒ်မ ၂ (ဇ) အရ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဖြင့် အစားထိုးပြီးဖြစ်ရာ ယခင်ကျေးရွာအုပ်စုပြည်သူ့ကောင်စီဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကို ယခု ကျေးရွာအုပ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌအနေဖြင့် လုပ်ပိုင်ခွင့်မရှိဟု မဆိုနိုင်ပေ။ ထို့ကြောင့် သက်သေခံ (က) ရှာဖွေဝရမ်းကို ဥက္ကဋ္ဌတစ်ဦးတည်းက လက်မှတ်ရေးထိုးခြင်းအတွက် ထုံးနည်းမကျဟု မဆိုနိုင်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ကိုစိန်ညွန့်ပါ (၁၀) .... ၃၈

**လောင်းကစား ဥပဒေပုဒ်မ ၁၆ (က)— ရှာဖွေဝရမ်း မပါရှိသော်လည်း လောင်းကစားကိရိယာ ပစ္စည်းအားလုံး လက်ဝယ်တွေ့ရှိခြင်း—လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်မှုနှင့် အမှုများ ပျက်ပြယ်ခြင်း မရှိနိုင်။**

**ဆုံးဖြတ်ချက်။** မြို့နယ်တရားသူကြီး၏ အမှုတွဲကိုလေ့လာရာ၌ အချင်းဖြစ် သက်သေခံပစ္စည်း ချဲထောက်ချာ စာအုပ်များ၊ ပြေစာစာရွက်များ၊ ကာဗွန်စာရွက်များ၊ ပုံနှိပ်စာလုံး (၀၀၀) မှ (၉၉၉) အထိ ရေးသားထားသော စာအုပ်များ စသည့်ပစ္စည်းများကို ကျင်အောင်ထဲမှလည်းကောင်း၊ အန်ကူထဲမှလည်းကောင်း ရှာဖွေတွေ့ရှိရသည်ဟု

ထင်ရှားပေါ်ပေါက်သည်။ ယင်းစာရွက်စာတမ်းများပေါ်ရှိ လက်ရေးလက်သားများမှာ တရားခံများ၏ လက်ရေးလက်သားဖြစ်ကြောင်းကိုမူ တင်ပြနိုင်ကြောင်း မတွေ့ရပေ။ ထို့သို့ပင်ဖြစ်စေ ယင်းပစ္စည်းများမှာ တရားခံများ၏ လက်ဝယ်မှ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်းမှာမူ အထင်အရှားပေါ်ပေါက်သည်။ ချဲဒိုင်ပြုလုပ်သည်ဟု အတိအကျ မှတ်ယူနိုင်ခြင်း မရှိသော်လည်း တရားခံများသည် ချဲထိုးလောင်းကစားမှုပြုလုပ်ကြသည်ဟု မှတ်ယူနိုင်ရန် အထောက်အထား ခိုင်လုံမှု ရှိပေသည်။ တိုင်းတရားရုံးက ရှာဖွေဝရမ်းမပါရှိခြင်း၊ လောင်းကစား နည်းဥပဒေပုဒ်မ ၂၀ အရ ဆောင်ရွက်ထားမှု မရှိခြင်းတို့ကြောင့် ကျင်အောင်အား ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၆ (က) အရ အရေးယူနိုင်တော့မည် မဟုတ်ကြောင်းဖြင့် သုံးသပ်ထားခြင်းမှာ ဥပဒေအရ မမှန်ပေ၊ လောင်းကစားကိရိယာပစ္စည်း အားလုံးကို လက်ဝယ်မှတွေ့ရှိပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့် မညီရုံမျှနှင့် အမှုမှာ ပျက်ပြယ်ခြင်း မရှိနိုင်ပေ၊ တိုင်းတရားရုံးက ကျင်အောင်အား အမှုမှ အပြီးအပြတ်လွှတ်ခြင်းသည်လည်းကောင်း၊ အန်ကူအား အမှုမှ အပြီးအပြတ်လွှတ်ခြင်းသည်လည်းကောင်း ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် / ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် သိန်းဝေ (ခ) အန်ကူ / ကျင်အောင် .... ၇၉

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ဦးကျော်ညွန့်ပါ (၄)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂) *

† ၁၉၉၁
စက်တင်ဘာလ
၂၇-ရက်

ဦးတိုက်လျှောက်ထားခွဲဆိုသူတရားလို သေဆုံးသဖြင့် အတူနေကိုတ္ထိမ မွေးစားသားက တရားလိုအဖြစ် ဆောင်ရွက်ခွင့် ပြုရန်နှင့် ရှေ့နေဖြင့် လိုက်ပါခွင့် ပြုရန် လျှောက်ထားသည့်ကိစ္စ– ယင်းသို့ ဆောင်ရွက်နိုင်သည့် အာဏာသည် မူလ မြို့နယ်တရားရုံး၌သာ ရှိသည်ဟု တင်ပြချက်သည် လက်ခံနိုင်ဖွယ်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ မူလ မှုမှ တရားလို ဦးလှကျော် သေဆုံးသွားသော်လည်း ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုသည် အစိုးရသာလျှင်ဖြစ်သောကြောင့် အမှုမှာ ရပ်ဆိုင်းသွားခြင်း မရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူ တစ်ဦး ဦးကို တရားလို အဖြစ် အစားထိုးရန်လည်း လိုမည် မဟုတ်ပေ။ အမှုကို တရားရုံးက ဥပဒေနှင့် အညီ ဆက်လက် စစ်ဆေးကြားနာရန်သာ ရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ စစ်ကိုင်းတိုင်းတရားရုံး (စစ်ကိုင်းမြို့နယ်စု)၏ အမိန့်အရ မောင်စိုးအား တရားလိုအဖြစ် ဆောင်ရွက်စေသည့်သဘော မဟုတ်ဘဲ အမှုကို တရားလိုဘက်မှ လိုက်ပါ ဆောင်ရွက်ခွင့် ပြုခြင်း ဖြစ်၍ ယင်းသို့ လိုက်ပါဆောင်ရွက်ခွင့်ရသူသည် အကျိုးဆောင်လွှဲအပ်ခွင့်ရှိသည့် အတွက်ကြောင့် ဥပဒေ အရာရှိ၏ သဘောတူ ခွင့်ပြုချက်ဖြင့် အကျိုးဆောင်ကို ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှု အာဏာအရ အမိန့် ချမှတ်ခဲ့ခြင်း ဖြစ်ရာ ယင်းသို့ ဆောင်ရွက်နိုင်သည့် အာဏာသည် မြို့နယ်တရားရုံး၌သာ ရှိသည်ဟု

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၄၇ (ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်-ဂ တွင် ချမှတ်သော (ဂ-၄-၉၁) ရက်စွဲပါ စစ်ကိုင်းတိုင်း (စစ်ကိုင်းမြို့နယ်စု) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၉၁
ဦးကျော်ညွန့်
ပါ (၄)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

လျှောက်ထားသူ ဘက်မှ တင်ပြချက်မှာ လက်ခံနိုင်ဖွယ်ရာ မရှိသည်နှင့် အမှု စစ်ကိုင်းတိုင်း တရားရုံး အမိန့်သည် သိသိသာသာ မှားယွင်းသည်ဟု ဆို နိုင်မည် မဟုတ်ပေ။

လျှောက်ထား သူများ အတွက်– ဦးထွန်းအုံ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ၁။ ဒေါ်နန်းခမ်းအုံ၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးလှဖေ၊ တရားရုံးချုပ်ရှေ့နေ

တရားရေး အကြံပေး — ဦးထိပ်တင်ဖုန်း၊ ဒုတိယညွှန်ကြား ရေးမှူး၊ တရားရုံးချုပ်

စစ်ကိုင်းမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၅၁၀/၉၀ တွင် ဦးလှကျော်က ဦးကျော်ညွန့် နှင့် ဒေါ်သောင်းတင်ပါ (၄) ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇ အရ တိုင်လျှောက်စွဲဆိုခဲ့သည်။ တိုင်လျှောက်သူ ဦးလှကျော် ကွယ်လွန်သွား၍ အတူနေကိုတ္တိမမွေးစားသား မောင်စိုးက ဦးလှကျော်၏ ကိုယ်စားတရားလိုအဖြစ်အမှုတွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန်နှင့်၎င်း၏ ကိုယ်စား ရှေ့နေ ဒေါ်ထားထားရီအား လိုက်ပါဆောင်ရွက်ခွင့် ပြုရန် လျှောက်ထားသည်ကို စစ်ကိုင်းမြို့နယ်တရားသူကြီးက ပယ်ခဲ့သည်။ ယင်းသို့ ပယ်သည့် အမိန့်ကို မကျေနပ်၍ မောင်စိုးက စစ်ကိုင်းတိုင်း တရားရုံး၊ စစ်ကိုင်းမြို့နယ်စုသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ တိုင်းတရားရုံးက ခွင့်ပြုခဲ့သဖြင့် မူလရုံး တရားခံဖြစ်ကြသော ဦးကျော်ညွန့်တို့ (၄) ဦးက ဤပြင်ဆင်မှုကို လျှောက်ထားလာခြင်း ဖြစ်သည်။

အမှုမှာ ပြင်ဆင်မှု လျှောက်ထားသူ တို့က လျှောက်ထား ခံရသူ အမှတ် (၂) မောင်စိုးသည် အမှုနှင့်သက်ဆိုင်သူဖြစ်သည်ဟု လုံးဝ မပေါ် ပေါက်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၅ (၁) အရ အမှုကို စုံစမ်း စစ်ဆေးလျက် ရှိသည့် တရားသူကြီးသည် မည်သူကို မဆို အမှုစွဲဆိုခြင်းကို ဆောင်ရွက်ခွင့် ပြုနိုင်သည်ဟု ပြဋ္ဌာန်းထား သော်လည်း ဤအမှုတွင် လျှောက်ထားသူအမှတ် (၂) အား ခွင့်မပြုနိုင်ကြောင်းအမိန့်ချ ထားပြီးဖြစ်၍ မူလမြို့နယ်တရားရုံး၏ခွင့်ပြုချက် မရှိသူအား အမှုတွင် လိုက်ပါ ဆောင်ရွက်ခွင့်ပေးခဲ့သော စစ်ကိုင်းတိုင်းတရားရုံး၏အမိန့်သည် ဥပဒေနှင့် မညီညွတ်ကြောင်း အဓိကထား၍ တင်ပြသည်။

မူလအမှုတွင် တရားလို ဦးလှကျော် ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း အငြင်း မပွားပေ။ ဦးလှကျော်၏ အမှုကို ဆက်လက် ဆောင်ရွက်ရန် မောင်စိုးက မြို့နယ်တရားရုံးသို့ လျှောက်ထားခဲ့ကြောင်း၊ သို့သော် မြို့နယ်တရားရုံးက

၁၉၉၁
ဦးကျော်ညွန့်
ပါ(၄)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

၂၁-၂-၉၁ နေ့တွင် မောင်စိုး၏လျှောက်ထားချက်ကို ခွင့်မပြုသဖြင့် စစ်ကိုင်းတိုင်း တရားရုံး (စစ်ကိုင်းမြို့နယ်စု) သို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၅ (၁) တွင် "မည်သည့် အမှုကိုမဆို စုံစမ်း စစ်ဆေးလျက်၊ သို့မဟုတ် စစ်ဆေး ကြားနာလျက် ရှိသည့် ရာဇဝတ် တရားသူကြီး တစ်ဦးဦးသည် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက သတ်မှတ်သည့် ရာထူးအဆင့်အောက်နိမ့်သော ရဲအရာရှိတစ်ဦး တစ်ယောက်မှ တစ်ပါး မည်သူကိုမဆို အမှုစွဲဆိုခြင်းကို ဆောင်ရွက်ခွင့် ပြုနိုင်သည်။ သို့ရာတွင် ရှေ့နေချုပ်၊ အစိုးရရှေ့နေ၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက ယေဘူယျအားဖြင့် ဖြစ်စေ၊ အထူးသဖြင့် ဖြစ်စေ၊ အာဏာ အပ်နှင်းထားသည့် အခြားအရာရှိမှ လွဲ၍ မည်သူမှ ဆိုခဲ့သည့် ခွင့်ပြုချက် မရှိဘဲ ယင်းကဲ့သို့ စွဲဆိုဆောင်ရွက်ခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားရာ အမှုကိုစစ်ဆေးကြားနာရာတွင် မူလတရားရုံးသည်မည်သူကိုမဆို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့်ပြုနိုင်မည် ဖြစ်ပေသည်။ ထိုသို့ တရားလိုဘက်မှလိုက်ပါ ဆောင်ရွက်ခွင့်ရသူသည် အမှုကို ကိုယ်တိုင်သော်လည်းကောင်း၊ အကျိုးဆောင် လွှဲအပ်၍ သော်လည်းကောင်း လိုက်ပါ ဆောင်ရွက်ခွင့် ရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၅၊ (၃) တွင် ပြဋ္ဌာန်း ထားသည်။

မူလမှုမှ တရားလို ဦးလှကျော် သေဆုံးသွားသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည်အစိုးရသာလျှင် ဖြစ်သောကြောင့် အမှုမှာရပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလိုအဖြစ် အစားထိုးရန်လည်း လိုမည် မဟုတ်ပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေး ကြားနာရန်သာ ရှိပေသည်။

ရှေ့နေချုပ်ရုံးမှ လိုက်ပါ ဆောင်ရွက်သော ဥပဒေ အရာရှိကလည်း အမှုကို စစ်ဆေး ကြားနာရာတွင် မူလ တရားရုံးသည် မည်သူကို မဆို တရားလို ဘက်မှ လိုက်ပါ ဆောင်ရွက်ခွင့် ပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၅ (၁) တွင် ပြဋ္ဌာန်းထားကြောင်း၊ ထိုသို့ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ရသူသည် အမှုကို ကိုယ်တိုင်သော်လည်းကောင်း၊ အကျိုးဆောင် လွှဲအပ်၍ သော်လည်းကောင်း လိုက်ပါ ဆောင်ရွက်ခွင့် ရှိကြောင်းကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၅ (၃) တွင် ပြဋ္ဌာန်းထားကြောင်းနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၅ ပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှု လျှောက်ထားချက်အပေါ် သင့်လျော်သော အမိန့် ချမှတ်ပေးပါရန် တင်ပြသည်။

၁၉၉၁
ဦးကျော်ညွန့် ပါ (၄) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂)

စစ်ကိုင်းတိုင်းတရားရုံး (စစ်ကိုင်းမြို့နယ်စု) ၏အမိန့်အရ မောင်စိုးအား တရားလိုအဖြစ် ဆောင်ရွက်စေသည့် သဘော မဟုတ်ဘဲ အမှုကို တရားလိုဘက်မှလိုက်ပါ ဆောင်ရွက်ခွင့်ပြုခြင်းဖြစ်၍ ယင်းသို့ လိုက်ပါ ဆောင်ရွက်ခွင့်ရသူသည် အကျိုးဆောင် လွှဲအပ်ခွင့် ရှိသည့် အတွက် ကြောင့် ဥပဒေအရာရှိ၏ သဘောတူ ခွင့်ပြုချက်ဖြင့် အကျိုးဆောင်ကို ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၃ ပါ မြင်ဆင်မှု အာဏာအရ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ရာ ယင်းသို့ဆောင်ရွက်နိုင်သည့် အာဏာသည် မြို့နယ် တရားရုံးမှသာ ရှိသည်ဟု လျှောက်ထားသူ ဘက်မှ တင်ပြချက်မှာ လက်ခံနိုင်စရာ မရှိသည်နှင့် အမှု စစ်ကိုင်းတိုင်းတရားရုံး အမိန့်သည် သိသိသာသာ မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် စစ်ကိုင်းတိုင်း တရားရုံး (စစ်ကိုင်း မြို့နယ်စု) ၏ မောင်စိုးအား အမှုတွင် ဆက်လက်ဆောင်ရွက်ခွင့် ပြု၍ အကျိုးဆောင်အား ဥပဒေအရာရှိ၏ခွင့်ပြုချက်ဖြင့် ဆက်လက် စစ်ဆေးစေရန် ချမှတ်သည့် အမိန့်ကို အတည် ပြု၍ ဦးကျော်ညွန့်ပါ (၄) ဦးတို့၏ ပြင်ဆင် မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

## မောင်ကြည်ရွှန်း

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော် *

† ၁၉၉၀ အောက်တို ဘာလ ၃၁-ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ – မှုခင်း ပြုကျင့်ပြီးနောက် စက်ဘီးတွန်းသွားစဉ် ဓားဖြင့် ခုတ်သတ်ခြင်းသည်ခုခံကာကွယ် ပိုင်ခွင့်ပေးရန် အကြောင်းဟုတ်–မဟုတ်**

ဆုံးဖြတ်ချက်။ ။မောင်ကြည်ရွှန်း၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၉၉ အရ ခုခံကာကွယ်ပိုင်ခွင့်ရှိမရှိ ဟူသော အချက်ကို စဉ်းစားရန်ဖြစ်သည်။ ဒေါ်ကြီးမေအား သေသူ ဦးထွန်းရွှေက မှုခင်းပြု ကျင့်ရန်ကြိုးစားနေစဉ် သို့မဟုတ် မှုခင်းပြုကျင့်နေစဉ် ဝင်ရောက်ခုခံ ကာကွယ်ပေးခြင်း မဟုတ်ဘဲ မှုခင်းပြုကျင့်ပြီးနောက် စက်ဘီးတွန်းသွား စဉ် ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်၍ ခုခံကာကွယ်ပိုင်ခွင့်ပေးရန် အကြောင်း မပေါ်ပေါက်ချေ။ ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်သည်များလွန်း သည်ဟု မဆိုနိုင်ချေ။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | – | မုံရွာ အကျဉ်းထောင်မှ တစ်ဆင့် တင်သွင်းသည်။ |
| အယူခံတရားခံအတွက် | – | ဦးထွန်းရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| တရားရေးအကြံပေး | – | ဦးကျော်လင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်၂၄၅

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄ တွင် ချမှတ်သော (၂၇–၁၁–၉၀)ရက်စွဲပါ စစ်ကိုင်းတိုင်း (မုံရွာခြိုနယ်စု) တရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၉၁
မောင်ကြည်ရှိန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

စစ်ကိုင်းတိုင်း တရားရုံး (မုံရွာမြို့နယ်စု)၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄/၉၀ တွင် မောင်ကြည်ရှိန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်ကျခံစေရန် ချမှတ်ခဲ့သော အမိန့်ကို ၎င်းကမကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ပုလဲမြို့နယ်၊ အင်ကြင်းစုရွာနေ ဦးထွန်းရွှေအား တစ်ရွာတည်းနေ မောင်ကြည်ရှိန်းနှင့် မောင်ဝင်းနိုင်တို့က ၁၂-၃-၉၀ နေ့နံနက် ၉နာရီခန့်တွင် ဧပါးစေ့ရွာ တောင်ဘက်၌ ဓါးမြှောင့်ခုတ်ရာမှ ဦးထွန်းရွှေ သေဆုံးသွားသဖြင့် မောင်ကြည်ရှိန်းနှင့်မောင်ဝင်းနိုင်တို့အပေါ် ဥပဒေအရ အရေးယူပေးရန် သေသူ၏သား မောင်ခင်မောင်အေးက ကန့်ဒေါင့်ရဲစခန်းသို့ တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မောင်ကြည်ရှိန်းက အမိကအယူခံ အကြောင်းပြချက်အဖြစ် စာင်ပြရာတွင် သေသူဦးထွန်းရွှေသည် အခင်းဖြစ်သော နံနက်တွင် မိမိ၏မိခင် ဒေါ်ကြီးမေကို မိခင်အလိုမတူဘဲ မုဒိမ်းပြုကျင့်နေသည်ကို ကိုယ်တိုင်တွေ့မြင်ရ၍ ဒေါသမထိန်းနိုင်ဘဲ ဓါးဖြင့်ခုတ်သတ်ခဲ့ခြင်း ဖြစ်၍ မိမိအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို လျှော့ပေါ့သတ်မှတ်ပေးပါရန် တင်ပြသည်။

အမှုတွဲကိုလေ့လာရာတွင် အခင်းဖြစ် နံနက်တွင် အင်ကြင်းစုရွာနေ ဒေါ်ကြီးမေ (လိုပြ-၂) က မင်းထိုင်ပင်ဈေးသို့သွားပြီး အပြန်ဧပါးစေ့ရွာ တောင်ဘက်အရောက်၌ တစ်ရွာတည်းနေ ဦးထွန်းရွှေက စက်ဘီးဖြင့် နောက်ကလိုက်လာပြီး ဒေါ်ကြီးမေအား အလိုမတူဘဲ မုဒိမ်းပြုကျင့်နေစဉ် ဒေါ်ကြီးမေ၏သား မောင်ကြည်ရှိန်း တွေ့မြင်သွားပြီး ဦးထွန်းရွှေ စက်ဘီးတွန်းနေစဉ် မောင်ကြည်ရှိန်းက ဓါးဖြင့်ခုတ်ရာ ပွဲချင်းပြီးသေဆုံးသွားကြောင်း ပေါ်ပေါက်သည်။ ခင်မောင်အေး (လိုပြ-၁) က သေသူ၏သားဖြစ်ပြီး ဦးထွန်းရွှေသေဆုံးပြီးမှ သွားရောက်ကြည့်ရှုသူ ဖြစ်သည်။ ဦးလှိုင် (လိုပြ-၃) က သေသူ ဦးထွန်းရွှေနှင့်မောင်ကြည်ရှိန်း အခင်းဖြစ်သောနံနက်တွင် စကားများနေသည်ကို တွေ့ရှိခဲ့သူဖြစ်သည်။ ဒေါက်တာ ဦးဝင်း (လိုပြ-၇) က ဦးထွန်းရွှေ၏အလောင်းကို စစ်ဆေးရာ ဦးခေါင်း နောက်ဘက် လည်ပင်းတွင် ပြတ်ရှဒဏ်ရာ (၄) ချက် တွေ့ရှိရကြောင်း၊ လည်ပင်းသွေးကြောပြတ်ပြီး သေဆုံးကြောင်း၊ ပြတ်ရှသောလက်နက်ဖြင့် ပြုလုပ်၍ ရရှိနိုင်ကြောင်းဖြင့် ထွက်ဆိုထားသည်။ ဒုရဲအုပ် ဦးအုန်းလှိုင် (လိုပြ-၈) က တရားခံထံမှ သိမ်းဆည်းသော သက်သေခံဓါးကို ဓါတုဗေဒဝန်ရုံးသို့ ပေးပို့ခဲ့ရာ လူသွေးတွေ့ရှိသည်ဟု ပြန်ကြားကြောင်း ထွက်ဆိုသည်။

တရားခံ မောင်ကြည်ရှိန်းက အခင်းဖြစ်သောနံနက်တွင် သေသူဦးထွန်းရွှေက မိမိ၏မိခင်ကို မုဒိမ်းပြုကျင့်နေသည်ကိုတွေ့မြင်ရ၍ စိတ်ကိုမထိန်း

နိုင်သောကြောင့် ဓါးဖြင့်ခုတ်ခဲ့ခြင်းဖြစ်၍ အပြစ်မရှိကြောင်းဖြင့် ထုချေ ထွက်ဆိုခဲ့ကြောင်းတွေ့ရသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေ အရာရှိက မောင်ကြည်ရှိန်းအား ခုခံကာကွယ်ပိုင်ခွင့်ပေးရန် အကြောင်းမရှိကြောင်း နှင့် ပြစ်ဒဏ်လျှော့ပေါ့ရန် မသင့်ကြောင်းဖြင့် လျှောက်လဲ တင်ပြသွား သည်။

မောင်ကြည်ရှိန်း၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ အရ ခုခံကာကွယ်ပိုင်ခွင့် ရှိ-မရှိဟူသော အချက်ကို စဉ်းစားရန်ဖြစ် သည်။ ဒေါ်ကြီးမအား သေသူ ဦးထွန်းရွှေက မုဒိမ်းပြုကျင့်ရန် ကြိုးစား နေစဉ် သို့မဟုတ် မုဒိမ်းပြုကျင့်နေစဉ် ဝင်ရောက် ခုခံကာကွယ် ပေးခြင်း မဟုတ်ဘဲ မုဒိမ်းပြုကျင့်ပြီးနောက် စက်ဘီးတွန်းသွားစဉ် ဓါးဖြင့်ခုတ်သတ် ခဲ့ခြင်းဖြစ်၍ ခုခံကာကွယ်ပိုင်ခွင့်ပေးရန် အကြောင်းမပေါ်ပေါက်ချေ။ ၎င်း အပေါ် ချမှတ်ထားသော ပြစ်ဒဏ်သည် များလွန်းသည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းတရားရုံး (မုံရွာမြို့နယ်စု) က မောင်ကြည်ရှိန်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ အလုပ်နှင့် ထောင်ဒဏ် (၄) နှစ်ချမှတ်ခဲ့သောအမိန့်ကို ဆက်လက်အတည်ပြုပြီး ဤအယူခံမှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

## ဒေါ်ခင်မာကြည်

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ( ၂ ) *

† ၁၉၉၁ ဩ
အောက်တို
ဘာလ
၂၈ –ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၃ - ကျူးကျော်ဝင်ရောက်၍ တဲဆောက်လုပ်သည့် နေ့မှာ ၂၁-၇-၉၀ ရက်နေ့ဖြစ်၍ ကြိမ်းမောင်းခြိမ်းခြောက်သည် ဆိုသော နေ့မှာ ၂၇-၇-၉၀ နေ့ ဖြစ်သည်ဟု ဆိုသည်။ သီးခြားစီရက်များတွင် ပေါ်ပေါက်ပါလျက်၊ တစ်မှုတည်းတွင် စစ်ဆေးခြင်းသည် မူလကပင် ပျက်ပြယ်သည် ဟု ဆိုနိုင်-မဆိုနိုင်။

ဆုံးဖြတ်ချက်။ အချင်းဖြစ်မြေကွက်ထဲသို့တဲငယ် ( ၁ ) လုံးကျူးကျော်ဝင်ရောက်ဆောက်လုပ်သည့်နေ့မှာ ၂၁-၇-၉၀ရက်နေ့ဖြစ်ပြီး ကြိမ်းမောင်းခြိမ်းခြောက်သည် ဆိုသော နေ့မှာ ၂၇-၇-၉၀ရက်နေ့ ဖြစ်ကြောင်း အဆိုရှိသည်၊ မျိုးတူပြစ်မှု မဟုတ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၃ တွင် လူတစ်ယောက်အပေါ် စွပ်စွဲချက်တစ်ရပ်ကို ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆နှင့် ၂၃၉တို့တွင် ဖော်ပြထားသော အမှုများမှ တစ်ပါးခွဲခြား၍ စစ်ဆေး စီရင်ရမည်ဟု ပြဋ္ဌာန်းထားပေရာ၊ အချင်းဖြစ် အမျိုးတူမဟုတ်သော ပြစ်မှုများကို သီးခြားစီ ရက်များတွင် ပေါ်ပေါက်ခြင်း ဖြစ်၍ မြို့နယ်တရားရုံးက စစ်ဆေးခြင်းမှာ မခင်စောပါ ( ၂ ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု (¹) စီရင်ထုံး သဘောအရ မူလ အစကပင် ပျက်ပြယ်နေသည်။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀၃ (ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၅၄ တွင် ချမှတ်သော (၁၃-၆-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအတွက် — ဦးဇော်လင်း၊ တရားရုံးချုပ် ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးအုံးကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ဦးကိုကို၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးထိပ်တင်ဖုန်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

တာမွေမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၁၀/၉၀တွင် ဒေါ်ခင်မာကြည်နှင့် ခင်ပွန်း ဦးသန်းအောင်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၁/၄၄၀/၅၀၀ တို့ အရ ဦးဝင်းအောင်က တရားစွဲဆိုရာ စွဲချက်မတင်မီ လွှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးဝင်းအောင်က မကျေနပ်သောကြောင့် ပြင်ဆင်မှုကို ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု) သို့ တင်သွင်းရာ ဒေါ်ခင်မာကြည် နှင့် ဦးသန်းအောင်တို့အား စွဲချက်မတင်မီ လွှတ်ခဲ့သောအမိန့်ကိုပယ်ဖျက်ခဲ့သဖြင့် ဒေါ်ခင်မာကြည်က ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ၂၁-၇-၉၀နေ့တွင် ဒေါ်ခင်မာကြည် နှင့် ဦးသန်းအောင်တို့သည် အလုပ်သမား (၇) ဦးတို့နှင့်အတူ ဦးဝင်းအောင်၏ မြေကွက်ထဲသို့ ဝင်ရောက်၍ အိမ်ဆောက်ခြင်း ၂၇-၇-၉၀ နေ့တွင် ၎င်းတို့ (၂) ဦးက ဦးဝင်းအောင်တို့အား ''အကုန်သေကုန်မယ်''ဟု ဝင်ရောက် ခြိမ်းခြောက်ရုံမျှမက ဦးဝင်းအောင်၏ အဆောက်အအုံအတွင်းသို့ ဝင်ထွက်မရကြောင်း တဲတံခါး ပိတ်ဆို့ဆောက်ခြင်းတို့ကြောင့် ဦးဝင်းအောင်က တရားရုံးသို့ဦးတိုက်လျှောက်ထားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဒေါ်ခင်မာကြည်က ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် အဓိကတင်ပြရာတွင် ဒေါ်ခင်မာကြည်သည် အချင်းဖြစ် အိမ်ခန်းနှင့်ပတ်သက်၍ ဦးဝင်းအောင်၏ဖခင်ဖြစ်သူ ဦးသိန်းမွေးဆိုသူနှင့် ကန်ထရိုက်စာချုပ်ဖြင့် ငွေကျပ် (၃၅၀၀၀၀) ဖြုတ်နှံ၍ အခန်းကို အခပျောက်စနစ်ဖြင့် အရောင်းအဝယ် စာချုပ်ပြုလုပ်ထားကြောင်းပင် ဖြစ်သည်။

အမှုကို လေ့လာရာ ဦးဝင်းအောင် (လိုပြ-၁)၊ ကိုစိန်မြင့် (လိုပြ-၂)၊ ကိုအေးမြင့် (လိုပြ-၃) နှင့် ကိုမြင့်ဆွေ (လိုပြ-၄) တို့၏ ထွက်ဆိုချက်များအရ ဦးဝင်းအောင်သည် သန့်ခေါင်စာရင်း (သက်သေခံ''က'') အရ အချင်းဖြစ်မြေနှင့် အိမ်တွင် လက်ရှိနေထိုင်သူ ဖြစ်ပြီး ဒေါ်ခင်မာကြည်နှင့် ၎င်း၏ခင်ပွန်း ဦးသန်းအောင်တို့ အချင်းဖြစ် မြေတွင် တဲဝင်ဆောက်

၁၉၉၁
ဒေါ်ခင်မာကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

ခြင်း၊ သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းများ ပေါ်လွင်သည်။ သို့သော် အချင်းဖြစ် မြေကွက်ထဲသို့ တဲငယ်(၁)လုံးကျူးကျော်ဝင်ရောက် ဆောက်လုပ်သည့်နေ့မှာ ၂၁-၇-၉၀ ရက်နေ့ဖြစ်ပြီး ကြိမ်းမောင်းခြိမ်းခြောက်သည်ဆိုသောနေ့မှာ ၂၇-၇-၉၀ ရက်နေ့ ဖြစ်ကြောင်း အဆိုရှိသည်။ မျိုးတူဖြစ်မှု မဟုတ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၃တွင် လူတစ်ယောက်အပေါ် စွပ်စွဲချက်တစ်ရပ်ကို ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသော အမှုများမှ တစ်ပါး ခွဲခြား၍ စစ်ဆေးစီရင်ရမည်ဟုပြဋ္ဌာန်းထားပေရာ အချင်းဖြစ်အမျိုးတူ မဟုတ်သော ပြစ်မှုများကို သီးခြားစီ ရက်များတွင် ပေါ်ပေါက်ခြင်း ဖြစ်၍ မြို့နယ်တရားရုံးက စစ်ဆေးခြင်းမှာ မခင်စောပါ(၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု[၁] စီရင်ထုံး သာဓကအရ မူလအစကပင် ပျက်ပြယ်နေသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါ ဆောင်ရွက်သော ဥပဒေအရာရှိက မူလရုံးတရားခံများမှာ ၂၁-၇-၉၀ နေ့တွင် တဲငယ်တစ်ခုကို ကျူးကျော်ဝင်ရောက်ဆောက်လုပ်ကြောင်း ပေါ်ပေါက်ပြီး၊ ၂၇-၇-၉၀နေ့တွင် တရားခံများက ကြိမ်းမောင်းကြောင်း တွေ့ရသဖြင့် သီးခြား စစ်ဆေးရမည့် အမှုများ ဖြစ်သဖြင့် တိုင်းတရားရုံးမှ သီးခြားတစ်မှုစီ စွဲဆိုပါက အမှုကို အစမှစ၍ ပြန်လည်စစ်ဆေးရန် ချမှတ်ထားသောအမိန့်မှာ ဥပဒေအရမှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဒေါ်ခင်မာကြည်၏ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ အမှတ်(၂)ဦးဝင်းအောင်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေက မူလရုံးတွင် (၂)ဘက်ညှိနှိုင်း၍အမှုကို ရုပ်သိမ်းပြီးဖြစ်ကြောင်း ရုံးရှေ့တွင် နှုတ်ဖြင့် တင်ပြသော်လည်း ဒေါ်ခင်မာကြည်တို့ဘက်မှ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုနှင့် ပတ်သက်၍ ရုပ်သိမ်းကြောင်း တင်ပြခြင်း မရှိပေ။

ထို့ကြောင့် တာမွေမြို့နယ် တရားရုံးက ပြင်ဆင်မှု လျှောက်ထားသူ ဒေါ်ခင်မာကြည်နှင့် ဦးသန်းအောင်တို့အား စွဲချက်မတင်မီ ပြန်လွှတ်သည့်အမိန့်အပေါ် ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု)က ပယ်ဖျက်လိုက်ခြင်းကိုလည်းကောင်း၊ လျှောက်ထားခံရသူ အမှတ်(၂) ဦးဝင်းအောင်က သီးခြား တစ်မှုစီခွဲ၍ စွဲဆိုပါကအစမှပြန်လည်စစ်ဆေးရန် ညွှန်ကြားသော ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု)၏ အမိန့်ကို လည်းကောင်း အတည်ပြု၍ ဒေါ်ခင်မာကြည်၏ ပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့် ချမှတ်သည်။

---

(၁) ၁၉၈၆ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး စာ-၉။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊
ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

ဦးခင်မောင် † ၁၉၉၁ မတ်လ ၁၃ ရက်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) *

တရားစီရင်ရေး ဥပဒေပုဒ်မ ၆–နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၀-၇-၈၉ ရက်စွဲပါ အမိန့်အမှတ် ၄/၈၉–တိုက်ရိုက် လျှောက်ထားမှုမှ ပေါက်ဖွားလာသော တရားရုံးချုပ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို ပိတ်သိမ်းခဲ့ခြင်းသည် အဆိုပါ ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ–မရှိ။

ဆုံးဖြတ်ချက်။ တရားစီရင်ရေး ဥပဒေပုဒ်မ ၄ သည် တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်ကို သတ်မှတ်ပေးခြင်း ဖြစ်သည်။ အယူခံခွင့်၊ ပြင်ဆင်မှု တင်သွင်းခွင့်ကို ပြဋ္ဌာန်းခြင်း မဟုတ်ချေ။ တရားရုံး တစ်ရုံး၏ ဆုံးဖြတ်ချက်ကြောင့် ထိခိုက် နစ်နာသည်ဟု ယူဆသူများက အယူခံဝင်ခွင့် ရရှိရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ အစရှိသည် တို့တွင် ပြဋ္ဌာန်းထားသည်၊ ပြင်ဆင်မှု တင်သွင်းခွင့်မှာ အမှုသည်၏ အခွင့်အရေး မဟုတ်ချေ။ တရားရုံး၏ လုပ်ပိုင်ခွင့်သာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ အမိန့်အမှတ် ၄/၈၉ ၏ အပိုဒ် (၁) တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်း ထားသည်–

> "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် သက်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော စီရင်ချက်အရ အပြစ်ဒဏ် ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်ရာ တရားရုံးတွင်

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၄၊

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၃၀ (ခ) တွင် ချမှတ်သော (၁-၈-၈၉) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု၊

ပြစ်မှုဖြင့် အစစ်ဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ၎င်းအမိန့်ကို ထုတ်ပြန်လိုက်သည်။''

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်သည် တရားရုံးတစ်ရုံး ရုံးက ချမှတ်ထားသော စီရင်ချက်အရ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်သည် ဖြစ်ရာ အပြစ်ကျ တရားခံများအတွက် သက်သက်ညှာညှာ စဉ်းစားပြီးဖြစ်သည်က တစ်ကြောင်း၊ ယင်းအမိန့်တွင် အကျုံးဝင်သော မှုခင်းများသည် ပြီးပြတ်ပြီး ဖြစ်သင့်သည်ဟု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ စိတ်စေတနာကို လေးစားမဆောက်ထား၍လည်းကောင်း၊ တရားရုံးချုပ်သည်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅ အရ အမှုဖွင့်လှစ်ထားသော အယူခံတရားလိုအပါအဝင် အမှုသည်များ တင်သွင်းထားသော ပြင်ဆင်မှုများကိုမူအားဖြင့် ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။ ပြင်ဆင်မှုအား ဖွင့်သင့်-မသင့်သို့မဟုတ် ပိတ်သင့်-မသင့်မှာ တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်ဖြစ်ပေရာတရားရုံးချုပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ပါ ရည်ရွယ်ချက်ကို အထမြောက်စေရန် မိမိလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြင်ဆင်မှုအား ပိတ်လိုက်သည့်ကိစ္စတွင် အမှု ပိတ်သိမ်းခြင်းမှာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉နှင့်တိတိကျကျ ညီညွတ်မှု ရှိ-မရှိ စိစစ်ဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ပါချေ။

အယူခံတရားလိုအတွက် — ဦးစိန်ဝင်း၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားခံများ အတွက် — ၁။ ဦးအောင်စိန်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ဦးကျော်၊ တရားရုံးချုပ် ရှေ့နေ

တရားရေး အကြံပေး — ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၊ ၁၉၈၁ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁၉တွင် အယူခံတရားလို ဦးခင်မောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇အရ ဒဏ်ငွေကျပ် ၁၅၀၀/-တပ်ရိုက်သည်။ ဦးခင်မောင်က မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး၊ ၁၉၈၇ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၇၂၁တွင် အယူခံဝင်သည်။ မအောင်မြင်သဖြင့် ဦးခင်မောင်က တရားရုံးချုပ် ၁၉၈၉ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၃၀(ခ)တွင် ပြင်ဆင်မှုလျှောက်ထားရာ

တရားရုံးချုပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၀-၇-၈၉ ရက်စွဲပါ အမိန့်အမှတ် ၄/၈၉ အရ ပြင်ဆင်မှုကို ပိတ်လိုက်ကြောင်း ၁-၈-၈၉နေ့တွင် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၆အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၀ပြည့်နှစ်၊ ပြစ်မှုအထွေထွေ လျှောက်လွှာအမှတ် ၂၄ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါပြဿနာကို အဆုံးအဖြတ်ပေးရန် အထူးအယူခံဝင်ခွင့်ပြုလိုက်သည်- ၁၉၉၁ ဦးခင်မောင် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

" တိုက်ရိုက်လျှောက်ထားမှုမှ ပေါက်ဖွားလာသော တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၃၀(ခ)/၈၉ အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၀-၇-၈၉ ရက်စွဲပါ အမိန့်အမှတ် ၄/၈၉အရ တရားရုံးချုပ်က ပိတ်သိမ်းခဲ့ခြင်းမှာ အဆိုပါ ညွှန်ကြားချက်နှင့်ကိုက်ညီမှုရှိ မရှိ။"

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလိုတင်သွင်းသော ပြင်ဆင်မှုကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉အရ ပိတ်မည်ဆိုပါက ယင်းအမိန့်တွင်ပါရှိသည့်အတိုင်း လျှောက်ထားသူအား အမှုမှလွတ်စေရန် ဖြည့်စွက်အမိန့် ချမှတ်သင့်ကြောင်း၊ အကယ်၍ ထိုသို့မလွှတ်နိုင်ပါက အယူခံတရားလို တင်သွင်းခဲ့သော ပြင်ဆင်မှုကို အမှုသွားအမှုလာအရ အဆုံးအဖြတ်ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ညွှန်ကြားရေးမှူးက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ အပိုဒ်(၅)တွင် ကြားနာစစ်ဆေးလျက်ရှိသည့်အမှုကို ပိတ်သိမ်းရမည်ဟု ပြဋ္ဌာန်းထားသော်လည်း အပိုဒ်(၇)တွင် ဦးတိုက်လျှောက်ထားမှုနှင့် မသက်ဆိုင်စေရဟု ပြဋ္ဌာန်းထားသဖြင့် အယူခံတရားခံ မောင်ဂျမားက မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ရာမှ ပေါ်ပေါက်လာသည့် ပြင်ဆင်မှုကို တရားရုံးချုပ်က ပိတ်သိမ်းလိုက်ခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉နှင့် ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း၊ အဆိုပါအမိန့်အမှတ်၄/၈၉သည် အပြစ်ဒဏ်ကျခံနေရသူ တရားခံများအနေဖြင့် အယူခံမှု၊ ပြင်ဆင်မှု တင်သွင်းခြင်းကို ပိတ်ပင်ထားခြင်းမဖြစ်သော ပြဋ္ဌာန်းချက်မရှိပါကြောင်း၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၄(ဆ) နှင့် (ဂ)တွင် အပြစ်ဒဏ်ကျခံရသော တရားခံအနေဖြင့် အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည့်အချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း အကျယ်တဝင့်တင်ပြလျှောက်ထားသည်။

၁၉၉၁ ဦးခင်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

တရားစီရင်ရေးဥပဒေပုဒ်မ ၄ သည် တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်ကို သတ်မှတ်ပေးခြင်းဖြစ်သည်။ အယူခံခွင့် ပြင်ဆင်မှုတင်သွင်းခွင့်ကို ပြဋ္ဌာန်းခြင်းမဟုတ်ချေ။ တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာသည်ဟု ယူဆသူများက အယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ တရားမကျင့်ထုံးဥပဒေအစရှိသည်တို့တွင် ပြဋ္ဌာန်းထားသည်၊ ပြင်ဆင်မှုတင်သွင်းခွင့်မှာ အမှုသည်၏ အခွင့်အရေးမဟုတ်ချေ။ တရားရုံး၏ လုပ်ပိုင်ခွင့်သာဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ်၄/၈၉၏ အပိုဒ် (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> '' နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သက်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော စီရင်ချက်အရ အပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်ရာ တရားရုံးတွင် ပြစ်မှုဖြင့် အစစ်ခံဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။''

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏အမိန့်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်ထားသော စီရင်ချက်အရ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်သည် ဖြစ်ရာ အပြစ်ကျတရားခံများအတွက် သက်သက်ညှာညှာ စဉ်းစားပြီး ဖြစ်သည်ကတစ်ကြောင်း၊ ယင်းအမိန့်တွင် အကျုံးဝင်သော မှုခင်းများသည်ပြီးပြတ်ပြီးဖြစ်သင့်သည်ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ စိတ်စေတနာကို လေးစားထောက်ထား၍လည်းကောင်း၊ တရားရုံးချုပ်သည်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅အရ အမှုဖွင့်လှစ်ထားသော အယူခံတရားလိုအပါအဝင် အမှုသည်များတင်သွင်းထားသော ပြင်ဆင်မှုများကိုမူအားဖြင့်ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။ ပြင်ဆင်မှုအား ဖွင့်သင့်–မသင့် သို့မဟုတ် ပိတ်သင့်–မသင့်မှာ တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်ဖြစ်ပေရာ တရားရုံးချုပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အမိန့် အမှတ် ၄/၈၉ပါ ရည်ရွယ်ချက်ကို အထမြောက်စေရန် မိမိလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြင်ဆင်မှုအား ပိတ်လိုက်သည့် ကိစ္စတွင် အမှုပိတ်သိမ်းခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ နှင့် တိတိကျကျညီညွတ်မှု ရှိ–မရှိ စိစစ်ဆုံးဖြတ်ရန် အကြောင်း မပေါ်ပေါက်ပါချေ။

ထို့ကြောင့် ဤအထူးအယူခံကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

## ဦးစိန်ဝင်း

## နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂) *

† ၁၉၉၁
ဒီဇင်ဘာလ
၄ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၀–တရားခံအား အပြီးအပြတ် လွှတ်လျှင် သာမန်အားဖြင့် နောက်ဆုံးလက်ဝယ်ရှိခဲ့သူ တရားခံအား ပြန်ပေးလေ့ရှိသော်လည်း ပေါ်ပေါက်နေသောဖြစ်ရပ်များအရ ပေးရန် သင့်–မသင့်။**

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်လိုက်ပါက သာမန်အားဖြင့် နောက်ဆုံး လက်ဝယ်ရှိခဲ့သူ အမှုမှလွှတ်သည့် တရားခံသို့သာ ပြန်ပေးလေ့ရှိသည်။ သို့ရာတွင် ဤအမှုမှာ သက်သေခံငွေနှင့် ယင်းငွေအတွက် ထားရှိသော ငွေစုစာအုပ်မှာ ဗလီပိုင်ဖြစ်သည်။ အမှုမှ အပြီးအပြတ် လွှတ်သော ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းပိုင် မဟုတ်ပေ။ ထိုအခြေအနေတွင် ဦးစိန်ဝင်းနှင့် ကျန်ဂေါပက အဖွဲ့ဝင်များ ယင်းငွေအတွက် မကျေနပ်ချက်များ ပေါ်ပေါက်ခြင်းကြောင့် အမှုစွဲဆိုသည်အထိ ဖြစ်ခဲ့သည့်အပြင် ယာယီကြီးကြပ်ရေးကော်မတီ ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ ယင်းသို့ ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များကြောင့် ဦးစိန်ဝင်းအား ပြန်လည်လက်ရှိ ထားခွင့်မပြုခဲ့သည်မှာ မှန်ကန်မျှတပေသည်။

လျှောက်ထားသူအတွက် – ကိုယ်တိုင်

လျှောက်ထားခံရသူများအတွက်–၁။ ဦးမြညိမ်း၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ကိုယ်တိုင် (မလာ)

တရားရေး အကြံပေး –ဦးကျော်မင်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၁၀ (ခ)

† ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂၁၊ ၁၅၂ တို့တွင် ချမှတ်သော (၃၀-၅-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၁
ဦးစိန်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ကျောက်တံတားမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၃၄၇၂/၈၉ တွင် တရားခံဦးစိန်ဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ အပြစ်မပေးဘဲ အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီးနောက် သက်သေခံ (ဏ-၂) နှင့် ဘဏ်ငွေစုစာအုပ်ပါငွေကျပ် ၂၀၁၇၅/-နှင့် စပ်လျဉ်း၍ ဘန်ဂါလီဗလီပိုင်ငွေဖြစ်သောကြောင့် တရားဝင် ဂေါပကအဖွဲ့ဝင် ပေါ်ပေါက်မှသာ ယင်းအဖွဲ့သို့ လွှဲပြောင်းပေးရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် အမိန့်အပေါ် မူလမှုတရားခံ ဦးစိန်ဝင်းနှင့် ဗလီ၏ယာယီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်ခင်တို့က ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု) သို့ ပြင်ဆင်မှုများ တင်သွင်းခဲ့သည်။ တိုင်းတရားရုံးက ငွေစုစာရင်းစာအုပ်အား ဦးမောင်မောင်ခင်သို့ ပြန်လည် ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးစိန်ဝင်းက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၉၃၊ ဘန်ဂါလီစွန်နီမေရှာဗလီကြီး၏ ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအပေါ် အဆိုပါ ဗလီ၏ အမြဲတမ်းပြုကိုးကွယ်သူ ဦးဘငြိမ်းက ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကြောင်းဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉အရ ကျောက်တံတားမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်ချက်ရေးဖွင့်ခဲ့သောအမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူက ၎င်းသည် လက်ရှိ တရားဝင်ဂေါပကအဖြစ် တည်ရှိနေပါလျက် အချင်းဖြစ်သက်သေခံ ငွေစုစာအုပ်ကို ပြန်လည်ထုတ်ပေးခြင်းမရှိသည်မှာ မှားယွင်းကြောင်း၊ ယာယီ ကြီးကြပ်ရေးကော်မတီဆိုသည်ကို ခြိမ်းခြောက်မှုကြောင့်သာ အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့ရသော်လည်း တရားမဝင်ကြောင်း၊ ယာယီကြီးကြပ်ရေးကော်မတီဟူ၍အိုလမာအဖွဲ့က ၂၆-၄-၈၉ နေ့က ဖွဲ့စည်းပေးသည် ဆိုသည့် ကော်မတီမှာ ဗလီ၏ စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းသည့် ကော်မတီမဟုတ်ပါဘဲလျက် အချင်းဖြစ်သက်သေခံစာအုပ်ကိုကော်မတီသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း အဓိကထား၍ တင်ပြသည်။

မူလအမှုတွဲနှင့်ဆက်စပ်သော ပြင်ဆင်မှုများကို လေ့လာသည့်အခါ ဘန်ဂါလီဗလီမှ အမြဲတမ်းပြုသူဦးဘငြိမ်းက ဦးစိန်ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉အရ စွဲဆိုသည့်အမှုတွင် ဦးစိန်ဝင်းအားအပြီးအပြတ်လွှတ်ခဲ့သည်ကိုတွေ့ရှိရသည်။

သို့ရာတွင် သက်သေခံ( ဏ - ၂) ဘဏ်ငွေစု စာအုပ်ပါ ငွေကျပ် (၂၀၁၇၅/-) သည်ဘန်ဂါလီပိုင်ငွေဖြစ်ကြောင်း အငြင်းမပွားသော်

၁၉၉၁
ဦးစိန်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

လည်း ယင်းငွေစုစာအုပ်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ယာယီကြီးကြပ်ရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် မူလမှုမှတရားခံဦးစိန်ဝင်းတို့က လျှောက်ထားကြရာ ဦးမောင်မောင်ခင်နှင့် ဦးစိန်ဝင်းတို့၏ လျှောက်ထားချက်ကို ငြင်းပယ်၍ အဆိုပါဗလီ၏ တရားဝင် ဂေါပက အဖွဲ့သစ် ပေါ်ပေါက်မှသာလျှင် လက်ခံပိုင်ခွင့်ရှိသူသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းတရားရုံးသို့ ဦးစိန်ဝင်းနှင့် ဦးမောင်မောင်ခင်တို့က ပြင်ဆင်မှုများ ဆက်လက် လျှောက်ထားရာ တိုင်းတရားရုံးက မူလမှုတွင် တရားခံအား အပြီးအပြတ်လွှတ်ခဲ့သော်လည်း ဗလီပိုင်ငွေများအားဦးစိန်ဝင်းက ငွေစာရင်းရှင်အမှတ် ဘီ-၂၉၃၀ ဖွင့်၍ ထုတ်ယူသုံးစွဲခဲ့ရာ ဂေါပကအဖွဲ့ဝင်များ မသင့်မမြတ်ဖြစ်မှုကြောင့် ငွေထုတ်မရခဲ့သဖြင့် ဗလီပိုင်ငွေများကို ၎င်းအမည်ဖြင့် ငွေစုဘဏ်စာရင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ၂၉-၃-၈၉ နေ့တွင် လက်ကျန်အဖြစ် ကျန်ရှိငွေ (၂၀၈၁၇၅°/–) မှာ ဦးစိန်ဝင်းပိုင်မဟုတ်၍ ၎င်းအား ပြန်လည်ပေးရန်မသင့်ဘဲ လက်ရှိဗလီ၏ ယာယီကြီးကြပ်မှုကော်မတီနှင့်သာ သက်ဆိုင်နေသဖြင့် ဖြစ်စဉ်၏ ထူးခြားသည့် အကြောင်းများအရ ဦးမောင်မောင်ခင်သို့သာ ပြန်လည်ထုတ်ပေးရန်သင့်သည်ဖြစ်၍ ဦးစိန်ဝင်း၏ ပြင်ဆင်မှုကို ပလပ်ကာ ဦးမောင်မောင်ခင်သို့ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဖြစ်မှုဆိုင်ရာ အမှုများတွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်လိုက်ပါက သာမန်အားဖြင့် နောက်ဆုံးလက်ဝယ်ရှိခဲ့သူ အမှုမှလွှတ်သည့်တရားခံသို့သာ ပြန်ပေးလေ့ရှိသည်။ သို့ရာတွင် ဤအမှုမှ သက်သေခံငွေနှင့် ယင်းငွေအတွက် ထားရှိသော ငွေစုစာအုပ်မှာ ဗလီပိုင်ဖြစ်သည်။ အမှုမှ အပြီးအပြတ်လွှတ်သော ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းပိုင်မဟုတ်ပေ။ ထိုအခြေအနေတွင် ဦးစိန်ဝင်းနှင့် ကျန်ဂေါပကအဖွဲ့ဝင်များ ယင်းငွေအတွက် မကျေနပ်ချက်များပေါ်ပေါက်ခြင်းကြောင့် အမှုစွဲဆိုသည်အထိ ဖြစ်ခဲ့သည့်အပြင် ယာယီကြီးကြပ်ရေးကော်မတီ ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ ယင်းသို့ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များကြောင့် ဦးစိန်ဝင်းအား ပြန်လည်လက်ရှိထားခွင့်မပြုခဲ့သည်မှာ မှန်ကန်မျှတပေသည်။

သက်သေခံ ငွေစုစာအုပ်ကို မည်သူ့သို့ ပြန်လည်ထုတ်ပေးသင့် မသင့်အတွက် တရားဝင်ဖွဲ့စည်းဖြစ်ပေါ်လာသည့် ဂေါပကသို့ စောင့်ဆိုင်းကာ ကြန့်ကြာစွာ အမိန့်ချရန် သင့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ယာယီကြီးကြပ်ရေး ကော်မတီသို့ ပြန်လည်ထုတ်ပေးခြင်းသည် သင့်မသင့်သာ စဉ်းစားရန်ရှိပေသည်။ ယင်းယာယီကြီးကြပ်ရေး ကော်မတီသည် ဗလီ၏ စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းသည့်ကော်မတီမဟုတ်ကြောင်း၊ ဦးစိန်ဝင်းဘက်မှ

၁၉၉၁
ဦးစိန်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

တင်ပြခဲ့သော်လည်း တိုင်းတရားရုံးက ယင်းကော်မတီသို့ အသိအမှတ်ပြုပြီး လွှဲအပ်ခဲ့သည့် ဦးစိန်ဝင်း လက်မှတ်ရေးထိုး လွှဲပြောင်းသော အထောက်အထားများကို အခြေပြုလျက် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။ ဦးစိန်ဝင်းတက်မှ ခြိမ်းခြောက်မှုကြောင့် ယင်းသို့ လက်မှတ်ရေးထိုးခဲ့ရသည်ဆိုခြင်းအတွက် သီးခြားအရေးယူမှု ပြုလုပ်ရန်သာ ရှိပေသည်။ ဤပြစ်မှုတွင် သက်သေခံပစ္စည်းအား မည်သူအား လက်ရှိထားစေခွင့်ပြုသိုက်-မတိုက်နှင့် စပ်လျဉ်း၍ ဗလီ၏ ယာယီကြီးကြပ်ရေး ကော်မတီသို့ အခြေပြု၍ ဒုဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်ခင်အား ပြန်လည် ထုတ်ပေးရန် ချမှတ်သည့် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ရှေ့နေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း ယခုအမှုတွင် လျှောက်ထားသူ ဦးစိန်ဝင်းက ဗလီတစ်ခုလုံးနှင့် ဗလီနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကိုပါ ယာယီဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးထားသည့်အချက်များနှင့် ဦးမောင်မောင်ခင် (လျှောက်ထားခံရသူ အမှတ်-၂)မှ ယာယီကြီးကြပ်မှုကော်မတီ ဒုဥက္ကဋ္ဌတစ်ဦး ဖြစ်နေသည့် အချက်များမှာ အမှု၏ ထူးခြားသည့်အကြောင်းများ ရှိနေသဖြင့် ရန်ကုန်တိုင်းတရားရုံးက ဦးမောင်မောင်ခင်သို့ ပေးအပ်ရန် ချမှတ်ထားသည့်အမိန့်မှာ မှားယွင်းမှုမရှိကြောင်းနှင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့မပိုင်းတို) က သက်သေခံ ငွေစုစာရင်းစာအုပ်အား ဦးမောင်မောင်ခင်သို့ ပြန်လည်ထုတ်ပေးစေရန် ချမှတ်သည့်အမိန့်ကို အတည်ပြုလျက် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

† ၁၉၈၁
စက်တင်ဘာလ
၉-ရက်

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင်၊
ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

ဒေါ်တင်ပါ(၂)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၃)*

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၂(၁) — ''လက်လွှတ်'' (Dispossessed) ဆိုသော စကားရပ် — ဥပစာကို လက်လွှတ်ခဲ့ရကြောင်း ပေါ်ပေါက်ရုံမျှဖြင့် လုံလောက်ခြင်း ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၂(၁) ပါ ''လက်လွှတ်'' (Dispossessd) ဆိုသောစကားရပ်က မိုနေမြကျူးနေမြ ပြန်ပေးရန် ရျောက်ထားသည့် တစ်ချိန်က ပစ္စည်းလက်ရှိ ဖြစ်ကြောင်း ညွှန်ပြသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၂(၁) အရ မိုနေမြကျူးနေမြ ပြန်ထားရန် အလို့ငှာ တစ်ဦးတစ်ယောက်သော သူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်လွှတ်ခဲ့ရကြောင်း ပေါ်ပေါက်ရုံမျှဖြင့် မလုံလောက်သေး၊ ပြစ်မှု မကင်းသော အနိုင်အထက်မြှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာ ပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှု ပါသည့် ပြစ်မှုတစ်ခုခုတစ်ရာဖြင့် ပြစ်မှုထင်ရှားစီရင်ထားကြောင်းလည်း ပေါ်လွင်ရန် လိုအပ်သေးသည်။

| | |
|---|---|
| **အယူခံတရားလိုများအတွက်** — | ဦးဘိုဘို၊ တရားရုံးချုပ်ရှေ့နေ |
| **အယူခံတရားခံများအတွက်** — | ၁။ ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| | ၂။ ၃။ ဦးအောင်အောင်ထွန်း၊ တရားရုံးချုပ်ရှေ့နေ |
| **တရားရေးအကြံပေး** — | ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် ၁၁

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၇၀(ခ) တွင် ချမှတ်ထားသော (၉-၂-၉၀) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး ရုံးထိုင်)၏ အမိန့်ကို အယူခံမှု

၁၉၉၁
ဒေါ်တင် ပါ (၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၃)

မန္တလေး အနောက်မြောက်မြို့နယ် တရားရုံး ၁၉၈၆ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၀၄ တွင်အယူခံတရားလို ဦးဘာသန်း၏ ဦးတိုက်လျှောက်ထားချက်အရ မြို့နယ်တရားရုံးက အယူခံ တရားခံ ကိုတင်ဝင်းနှင့်ဒေါ်ငြိမ်း တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈၊ ၃၈၂၊ ၅၀၆ (ပထမပိုင်း) အရ ပြစ်မှုအသီးသီး ထင်ရှားစီရင်ခဲ့သည်။ ထို့နောက် ဦးဘာသန်း၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၄၁ တွင် အချင်းဖြစ် အဆောက်အအုံကို ဦးဘာသန်းနှင့် ဒေါ်တင် တို့အား ပြန်လည်ပေးအပ်စေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ငြိမ်းတို့က မန္တလေး တိုင်း တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင် သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ဆက်လက် လျှောက်ထား သောအခါ တရားရုံးချုပ်က အောက်ရုံးများ၏ အမိန့်များကို ပယ်ဖျက် လိုက်သည်။ ယင်းသို့ ပယ်ဖျက်ရာ၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ (၁) မှာ လက်ရှိဖြစ်ခြင်းကိုသာ ရည်ရွယ်ကြောင်း၊ အချင်းဖြစ် ကိစ္စကို တရားမ ကြောင်းအရ ဖြေရှင်းကြလျှင် ပိုမို ရှင်းလင်း၍ ဥပဒေနှင့်လည်း ညီညွတ်မည်ဖြစ်ကြောင်း ကောက်ယူ ဆုံးဖြတ်ခဲ့ရာ တရားရုံးချုပ်၏ ယင်း သုံးသပ်ချက်ကို တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ ပြန်လည် စစ်ဆေး စီရင်နိုင်ရန်အလို့ငှာ တရားရုံးချုပ်က ဤအထူးအယူခံကိုခွင့်ပြုခဲ့သည်။

အယူခံတရားလိုတို့၏ရှေ့နေက တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အောက်ရုံးများ၏ အမိန့်များကို ပယ်ဖျက် ခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ အယူခံတရားခံ ကိုတင်ဝင်းနှင့် ဒေါ်ငြိမ်းတို့၏ ရှေ့နေကလည်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၃ (က) ကိုကိုးကားကာ တရားရုံးချုပ်၏ဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း တင်ပြ လျှောက်ထားသည်။ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်သည် လက်ရှိ ထားခြင်းကိုသာ ရည်ညွှန်းကြောင်း၊ ဥပဒေ သဘော အရ ဆိုလျှင် လက်ရှိထားခြင်းနှင့် ပိုင်ဆိုင်မှုတို့မှာ အဓိပ္ပာယ် ခြားနားမှု ရှိကြောင်း၊ တရားရုံးချုပ်က ကိုတင်ဝင်း နှင့် ဒေါ်ငြိမ်းတို့၏ ပိုင်ဆိုင်ခွင့်ကို လျစ်လျူ ရှုရန် မသင့်ဟု သုံးသပ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း တင်ပြ လျှောက်ထားသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၂ (၁) ပါ ''လက်လွှတ်'' (dispossessed) ဆိုသော စကားရပ်က ပိုနေမြဲ ကျားနေမြဲ ပြန်ပေးရန် လျှောက်ထားသူသည် တစ်ချိန်က ပစ္စည်းလက်ရှိဖြစ်ကြောင်း ညွှန်ပြသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ကလည်း ပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်း ချက်မှာ လက်ရှိဖြစ်ခြင်းကိုသာ ရည်ရွယ်ကြောင်း သုံးသပ်ထားသည်ကို တွေ့မြင်နိုင်သည်။

တရားရုံးချုပ်က အောက်ပါအတိုင်း ဆက်လက် သုံးသပ်ထားသည်-

၁၉၉၁ ဒေါ်တင် ပါ (၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၃)

> "အထက်ပါ အမှုတွင် ပေါ်ပေါက်သည့် အချက်အလက်များကို ခြုံငုံ သုံးသပ်သော် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတိုက လက်ရှိ ဖြစ်ခြင်းနှင့် ပိုင်ဆိုင်ခြင်း တို့ကို ခွဲခြားစိတ်ဖြာ၍ သုံးသပ်ခြင်းမပြုဘဲ ဆုံးဖြတ်ခဲ့သည့် အမိန့်ဖြစ်၍ အမှုဖြစ်ပျက်ပုံနှင့် တွေ့ရှိရသည့် အချက် အလက်များအရ ဥပဒေနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ လျှောက်ထား ခံရသူ ဦးဘသန်း၊ ဒေါ်တင်တို့၏ လျှောက်ထား ချက်ကို လက်ခံပြီး သက်သေခံအမှတ် (၁) စာချုပ်အရ ဝယ်ယူပြီး လက်ရှိနေထိုင်ကြသူ ကိုတင်ဝင်း၊ ဒေါ်ငြိမ်းတို့၏ ပိုင်ရေး ပိုင်ခွင့်ကို လျစ်လျူရှုရန် မသင့်ချေ။ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်နှင့် လက်ရှိရယူခြင်းတို့ အပေါ် တရားမ ကြောင်းအရ ကျယ်ကျယ် ပြန့်ပြန့် ဖြေရှင်းရလျှင် ပိုမို ရှင်းလင်း၍ ဥပဒေနှင့်လည်း ညီညွတ်ပေလိမ့်မည်။"

သက်သေခံအမှတ် (၁) စာချုပ်အရ အချင်းဖြစ် ဥပစာကို ကိုတင်ဝင်း တို့က ဝယ်ယူလက်ရှိနေထိုင်ကြလျှင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇အရ ပြစ်မှုထင်ရှားစီရင်ရန်အကြောင်း ပေါ်ပေါက်နိုင်မည် မဟုတ်ချေ။ သို့ဖြစ်ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ သုံးသပ်ချက်သည် ကိုတင်ဝင်းတို့ အပေါ် အတည်ဖြစ်လျက် ရှိသော ပြစ်မှုထင်ရှား စီရင်ခြင်းကို ဖျက်ကွယ် ပြုရာ ရောက်ပေလိမ့်မည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ ပိုနေမြဲကျားနေမြဲပြန် ထားရန်အလို့ငှာ တစ်ဦးတစ်ယောက်သောသူသည်မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်လွှတ်ခဲ့ရကြောင်း ပေါ်ပေါက်ရုံမျှဖြင့် မလုံလောက်သေး၊ ပြစ်မှု မကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည် ဟန်အမူအရာပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်ခုခုဖြစ်ရာဖြင့် ပြစ်မှုထင်ရှား စီရင်ထားကြောင်းလည်း ပေါ်လွင်ရန် လိုအပ်သေးသည်။

မြို့နယ်တရားရုံးက ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၀၄တွင် ကိုတင်ဝင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၈၆ (ပထမပိုင်း) အရ ပြစ်မှုထင်ရှား စီရင်ရာ၌ အောက်ပါအတိုင်း အကြောင်းပြသည်-

> "ထို့ကြောင့် (၁) နှင့် (၂) တရားခံတို့သည် အချင်းဖြစ် ဥပစာ ပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီး ဖြစ်စေကာမူ နောက်ပိုင်း၌ တရားလိုသားအမိအား အချင်းဖြစ်အိမ်ပေါ်သို့ ပြန်မလာနိုင်စေရန် အတွက် ခြိမ်းခြောက်ခြင်း၊ စိတ်ပြိုပြင်စေခြင်းများပြုကာ အချင်း

၁၉၉၁
ဒေါ်တင်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၃)

ဖြစ် ဥပစာ ပေါ်တွင် ဆက်လက် နေထိုင်ခဲ့သည်မှာ ထင်ရှားနေသည်။''

ဦးဘသန်းက ''ထို့နောက် မိခင်အား ခေါ်ပြီး ကျွန်တော် ၁၉လမ်း အိမ်သို့ သွားခဲ့ပါသည်။ ကျွန်တော် အိမ်ရောက်သော အခါ ကျွန်တော် အိပ်သော အခန်းကို တရားခံမိသားစုကဖျက်ပြီး ၎င်းတို့ ဝင်နေပါသည်'' ဟု ထွက်ဆိုသည်။ ဒေါ်တင်က ''နောက်တစ်ခေါက် လာရင် သတ်ပစ်မည်ဟု ကြိမ်းသွားပါသည်''ဟု ထွက်ဆိုသည်။

အိမ်ပေါ်မှ ဒေါ်တင် ဆင်းသွားသည့်နေ့က မီးဖလောင်မှု ဖြစ်ပွား၍ ဦးဘသန်းက ဒေါ်တင်အား ခေါ်သွားကြောင်း အမှုတွင်ပေါ်ပေါက်သည်။ ဤအခြေအနေတွင် အယူခံ တရားခံ ကိုတင်ဝင်းတို့က ဖြစ်မှု မကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက် ပြုကျင့်မှုဟန်အမူအရာ ပြသမှု၊ သို့မဟုတ် ဖြစ်မှု မကင်းသော ခြောက်လှန့်မှု တစ်ခုခု ပြုခြင်းကြောင့် ဦးဘသန်းတို့သည် အချင်းဖြစ် ဥပစာကို လက်လွှတ်ခဲ့ရကြောင်း ပေါ်လွင်ထင်ရှားခြင်း မရှိချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအထူးအယူခံကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

## ဒေါ်တင်ရွှေ

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) *

† ၁၉၉၁
ဇူလိုင်လ
၃၀-ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇-အမှုဆိုင်များက သက်သေခံရွှေပစ္စည်းများကို ပြန်ပေးရန် လျှောက်ထားရာ-အမှုဆိုင်တစ်ဦးအား အပြီးအပိုင် ထုတ်ပေးရန် အမိန့်ချမှတ်ခြင်းသည် မှန်မမှန်-တရားမ တရား စီရင်ရေး အာဏာကို စွက်ဖက်ရာရောက်-မရောက်။

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ အမှုများ၌ သက်သေခံပစ္စည်းများကို မည်သူပိုင်ဆိုင်သင့်သည်ဟု ဆုံးဖြတ်ရန်မဟုတ်ဘဲ မည်သူ့လက်ဝယ် ထား ခွင့်ရှိသည်ကိုသာ ဆုံးဖြတ်ရန်ဖြစ်သည် ထိုသို့ဆုံးဖြတ်ရန်ဖြစ်ပါလျက် သက်သေခံပစ္စည်းများအား မည်သူပိုင်ရေး ပိုင်ခွင့်ရှိ၍ မည်သူ့အား အပြီးအပိုင်ထုတ်ပေးရန် သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်ပြီး အဆုံးအဖြတ်ပြုမည့် တရားမ တရားစီရင်ရေး အာဏာကို ဝင်ရောက်စွက်ဖက်ကာ ကြိုတင်ဆုံးဖြတ်ရာလည်း ရောက်ပေသည်။

မည်သို့ပင်ဖြစ်စေ ပြည်နယ်တရားရုံးက အချင်းဖြစ် သက်သေခံပစ္စည်းများကို ဒေါက်တာအီးဟာရီအား အပြီးအပိုင် ပေးအပ်သည်ဆိုသည့် စကားရပ်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ တွင် သုံးသပ်သော စကားရပ်မဟုတ်ပေ။ ဒေါ်ကာမေရီ၏ ကိုယ်စား လက်ဝယ်ထားရှိပိုင်ခွင့် ရှိသူဖြစ်၍ ပေးအပ်ထားခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ္တ ထိန်းသိမ်းထားရန် ပေးထားခြင်းသာဖြစ်ပေသည်။ အမှု၌ ပေါ်ပေါက်လျက်ရှိသော အထောက်အထားများအရ သက်သေခံပစ္စည်းများကို ဒေါ်ကာမေရီ၏ တူဖြစ်သူ ဒေါက်တာအီးဟာရီအား ခေတ္တပေးအပ်ထားခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂၇(ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၃တွင် ချမှတ်သော (၁၅-၂-၉၀)ရက်စွဲပါ ရှမ်းပြည်နယ် (တောင်ကြီးမြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၉၁
ဒေါ်တင်ရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

လျှောက်ထားသူအတွက် — ဦးညွန့်မြိုင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁၊ ဦးကျင်စိန်၊ ဥပဒေအရာရှိ အဆင့် (၁)၊ ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင် (မလာ)

တရားရေးအကြံပေး — ဦးကျော်မင်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့နယ်စု)၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၃/၈၉တွင် ကွယ်လွန်သူ ဒေါ်ကာဗေရီပိုင် ငွေရင်းပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇/၈၈ (တောင်ကြီးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၇၀၇/၈၄)မှ သက်သေခံပစ္စည်းများကို ဒေါက်တာအီးဟာရီသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်တင်ရွှေက မကျေနပ်၍ ပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ မစွတာနိုင်ဒူး၊ မစွပ်နိုင်ဒူး (ခ) ဒေါ်ကာဗေရီတို့ နေအိမ်သို့ လူဆိုးများဝင်ရောက်ပြီး ရွှေငွေပစ္စည်း စုစုပေါင်းတန်ဖိုး ၆၈၉၀၀/-ကျပ်ကို လုယက်ယူဆောင်သွားကြောင်း ယင်းကိစ္စအတွက် တရားခံသွန်းလွင်၊ ကျော်မြင့်နှင့် ဖိုးထောင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ စွဲဆိုခဲ့သည်။ အမှုကို မူလက တောင်ကြီးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀၇/၈၄ အရ ဆောင်ရွက်ခဲ့ပြီးနောက် ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇/၈၈အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နေစဉ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ အရ အမှုကို ပိတ်သိမ်းခဲ့ရသည်။ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်ထုတ်ပေးရန် ဒေါ်ကာဗေရီ၏ တူတော်သူ ဒေါက်တာအီးဟာရီကလည်းကောင်း၊ တူမတော်သူ ဒေါ်တင်ရွှေကလည်းကောင်း၊ အမှုမှ တရားခံသွန်းလွင်နှင့် ဖိုးထောင်တို့က လည်းကောင်း အပြိုင်လျှောက်ထားကြသည်။ ရှမ်းပြည်နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၃/၈၉ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးနောက် အထက်ပါအတိုင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူက အမိကပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာ၌ဒေါက်တာအီးဟာရီသည် ကွယ်လွန်သူ ဒေါ်ကာဗေရီ၏အစ်မမွေးသောတူအရင်း ဖြစ်သကဲ့သို့လျှောက်ထားသူ ဒေါ်တင်ရွှေနှင့်ဦးလှညွန့်တို့မှာလည်း ဒေါ်ကာဗေရီ၏ အစ်ကို၏သားသမီးများဖြစ်ကြ၍တူနှင့်တူမအရင်းများ ဖြစ်ကြကြောင်း၊ ဒေါက်တာအီးဟာရီအား ဒေါ်ကာဗေရီက

၁၉၉၁
ဒေါ်တင်ရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

တရားဝင် မွေးစားသည်ဟုလည်း မတင်ပြနိုင်ကြောင်း၊ ကွယ်လွန်သူ ဒေါ်ကာမေရီ၏ ကျန်ရစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၀/၇၇နှင့် တရားမ အထွေထွေမှုအမှတ် ၄၄/၈၀ တို့ကို စွဲဆိုထားပြီးဖြစ်ကြောင်း၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများသည် အမွေဆိုင်များ ဖြစ်ကြသောကြောင့် ပြည်နယ် တရားရုံးက ဒေါက်တာအီးဟာနီသို့ သက်သေခံပစ္စည်း ပြန်ပေးစေရန် ချမှတ်သော အမိန့်သည်မှန်ကန်မှုမရှိကြောင်းဖြင့် တင်ပြထားသည်။

ပြည်နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၃/၈၉ကို လေ့လာရာ၌ လိုအပ်သောသက်သေများကို စစ်ဆေးခဲ့ကြောင်း တွေ့ရသည်။ သက်သေများ၏ ထွက်ချက်အရ လျှောက်ထားသူ ထွန်းထွန်းနှင့် မိုးထောင်တို့သည် ဒေါ်ကာမေရီအား မားပြတိုက်၊ လုယက်သူများ ဖြစ်သည့်အပြင် စစ်မှန်သော ပစ္စည်းပိုင်ရှင်များ မဟုတ်ကြောင်းဖြင့် သုံးသပ်ကာ ၎င်းတို့၏ လျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်ထားသည်။ ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇အရ အမှုတွင် ပိုင်ဆိုင်ထိုက်သူကိုသာ ပေးအပ်ရမည်ဖြစ်၍ သက်သေခံပစ္စည်းများကို အမွေဆိုင် (၃)ဦးကိုသာ စုပေါင်းထုတ်ယူခွင့်ပြုသည့်အမိန့် ချမှတ်ပေးရန် လျှောက်ထားသော ဒေါ်တင်ရွှေ၏ လျှောက်လွှာကိုလည်း ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်၌ တောင်ကြီးမြို့နယ်တရားရုံးက ကွယ်လွန်သူ ဒေါ်ကာမေရီ အသက်ထင်ရှား ရှိနေစဉ် (၂၇-၁၁-၈၆)ရက်နေ့က သက်သေခံပစ္စည်းများကို ၎င်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က)အရ ပြန်ပေးခဲ့ကြောင်း ဒေါ်ကာမေရီက ၎င်း၏ဆန္ဒအလျောက် ဒေါက်တာအီးဟာရီအား ပေးခဲ့ခြင်းသည် တရားမျှတ မှန်ကန်မှုရှိကြောင်း၊ သို့ဖြစ်၍ အဆိုပါတောင်ကြီးမြို့နယ်တရားစီရင်ရေးအဖွဲ့ (၄)၏ သက်သေခံပစ္စည်း စီမံခန့်ခွဲမှု ဆောင်ရွက်ချက်အမိန့်ကို အတည်ပြုပြီး အမှုမှသက်သေခံပစ္စည်းများကို ဒေါက်တာအီးဟာရီသို့အပြီးအပိုင် ထုတ်ပေးစေရန်ဟု အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဒေါ်ကာမေရီသည် (၁-၁၂-၈၆) ရက်နေ့တွင် ကွယ်လွန်ခြင်းဖြစ်သည်။ ၎င်း မကွယ်လွန်မီ (၂၇-၁၁-၈၆) ရက်နေ့တွင် ဦးစံမြ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြို့နယ်တရားစီရင်ရေး အဖွဲ့ (၄)က အမှုမှ သက်သေခံ အဖိုးတန် ပစ္စည်းများကို ဒေါ်ကာမေရီ၏ နေအိမ်သို့ သွားရောက်ပြီး ခံဝန်ချုပ်ဖြင့် ပေးအပ်ခဲ့ကြောင်းတွေ့ရှိရသည်။ အမှုအတွင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က)အရ ခံဝန်ဖြင့် ပေးထားခြင်း ဖြစ်သည်။ ဦးစံမြ (လိုပြ-၆)၊ဒေါ်အေးကြည် (လိုပြ-၅)၊ဒေါ်စောမြညွန့် (လိုပြ-၇)

တို့၏ ထွက်ဆိုချက်များအရ ထိုစဉ်က ဒေါ်ကာမေရီသည် မမာမကျန်းဖြစ်နေကြောင်း၊ ပစ္စည်းများကိုပင် လက်ခံ မယူနိုင်သဖြင့် မည်သူ့ကိုပေးရမလဲဟု မေးရာ ဒေါက်တာအီးဟာရီကို ပေးရန် ခေါင်းညိတ် ပြခဲ့သဖြင့် ၎င်းဒေါက်တာ အီးဟာရီအား လက်မှတ် ရေးထိုးစေခဲ့ပြီး ပေးအပ်ခဲ့ရကြောင်း ပေါ်ပေါက်သည်။ ယင်း အခြေအနေများကို ထောက်ရှု၍ ပြည်နယ် တရားရုံးက သက်သေခံ ပစ္စည်းများကို ဒေါက်တာအီးဟာရီသို့ ပြန်ပေးစေရန် အမိန့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အချင်းဖြစ် သက်သေခံပစ္စည်းများမှာ ကွယ်လွန်သူ ဒေါ်ကာမေရီပိုင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ ဖြစ်သည်။ ဒေါ်ကာမေရီ၌ သားသမီး မထွန်းကား သောကြောင့် ၎င်း၏ ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို အမွေ ဆက်ခံထိုက်သူများမှာ ဒေါ်ကာမေရီ၏ အစ်မအကြီးဆုံးမှမွေးသော တူ ဒေါက်တာ အီးဟာရီ၊ ဒေါ်ကာမေရီ၏ အစ်ကိုမှမွေးသော ဒေါ်တင်ရွှေနှင့်ဦးလှညွန့် တို့ပင် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယင်းသို့ အမွေကိစ္စဖြေရှင်းနိုင်ရန် ဒေါ်တင်ရွှေနှင့်ဒေါက်တာအီးဟာရီတို့ကတောင်ကြီးမြို့၊ရှမ်းပြည်နယ်တရားရုံးတွင် တရားမကြီးမှု အမှတ် ၃၀/၈၇နှင့် တရားမ အထွေထွေအမှုအမှတ် ၄၄/၈၈တို့ကို စွဲဆိုထားကြပြီး ဖြစ်သည်ဟုလည်း တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ အမှုများ၌ သက်သေခံပစ္စည်းများကို မည်သူ ပိုင်ဆိုင်သင့်သည်ဟု ဆုံးဖြတ်ရန် မဟုတ်ဘဲ မည်သူ့လက်ဝယ် ထားခွင့်ရှိသည်ကိုသာ ဆုံးဖြတ်ရန် ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရန် ဖြစ်ပါလျက် သက်သေခံပစ္စည်းများအား မည်သူ ပိုင်ရေးပိုင်ခွင့်ရှိ၍ မည်သူ့အား အပြီးအပိုင် ထုတ်ပေးရန် သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းမှာ ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်ပြီး အဆုံးအဖြတ်ပြုမည့် တရားမ တရားစီရင်ရေးအာဏာကို ဝင်ရောက် စွက်ဖက်ရာ ကျတင် ဆုံးဖြတ်ရာလည်း ရောက်ပေသည်။

မည်သို့ပင်ဖြစ်စေ ပြည်နယ် တရားရုံးက အချင်းဖြစ် သက်သေခံပစ္စည်းများကို ဒေါက်တာအီးဟာရီအား အပြီးအပိုင် ပေးအပ်သည် ဆိုသည့် စကားရပ်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇တွင် သုံးသပ်သော စကားရပ် မဟုတ်ပေ။ ဒေါ်ကာမေရီ၏ကိုယ်စား လက်ဝယ် ထားရှိပိုင်ခွင့်ရှိသူ ဖြစ်၍ ပေးအပ်ထားခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ္တထိန်းသိမ်းထားရန် ပေးထားခြင်းသာ ဖြစ်ပေသည်။ အမှု၌ပေါ်ပေါက်လျက်ရှိသော အထောက်အထားများအရ သက်သေခံပစ္စည်းများကို ဒေါ်ကာမေရီ၏ တူဖြစ်သူ ဒေါက်တာအီးဟာရီအား ခေတ္တ ပေးအပ်ထားခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်ပေ။

၁၉၉၁ ဒေါ်တင်ရွှေ နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ထို့ကြောင့် ရှမ်းပြည်နယ် တရားရုံး (တောင်ကြီး မြို့နယ်စု) က သက်သေခံ ပစ္စည်းများနှင့် ဘဏ်၌ အပ်နှံထားသော သက်သေခံ ငွေများ အားလုံးကို ဒေါ်ကာမေရီ၏ တူအရင်းဖြစ်သော ဒေါက်တာ အီးဟာရီသို့ အပြီးအပိုင် ထုတ်ပေးစေရန် ဟု ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအစား သက်သေခံပစ္စည်းများ အားလုံးနှင့် ဘဏ်၌ အပ်နှံထားသော သက်သေခံငွေများ အားလုံးကို ဒေါ်ကာမေရီ၏ တူအရင်း ဖြစ်သော ဒေါက်တာအီးဟာရီသို့ လက်ဝယ် ထားရှိရန် ထုတ်ပေးစေဟု ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေမှု

တရားရုံးချုပ်၊တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

† ၁၉၉၁ မေလ ၂၁ ရက်

ဦးတင်အောင် ပါ(၂)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ(၂) *

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရအမှုကို ချေဖျက်ရန် လျှောက်ထားခြင်း- လိမ်လည် အတုပြုလုပ်ထားသော စာတမ်းကို သက်သေခံ အဖြစ် တင်ပြသည့် ကိစ္စ – အမှုစစ် တရားသူကြီးက စာနှင့် ရေးသား လျှောက်ထားခြင်း မဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်းမပြုရခြင်း – ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) – မှားယွင်း လက်ခံ ဆောင်ရွက်ထားခဲ့သည်ကို နောက်ကြောင်းပြန် ဖြည့်စွက်၍ ကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇၌ ပြဋ္ဌာန်းခြင်း မရှိ။**

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅(၁)(ဂ)တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၃ လိမ်လည် အတုပြုလုပ်ထားသော စာတမ်းကို သက်သေခံအဖြစ်တင်ပြသည့်ကိစ္စတွင် အမှုစစ်တရားရုံး၊ တရားသူကြီးက စာနှင့် ရေးသား တိုင်လျှောက်ရမည်၊ ယင်းသို့ တရားသူကြီးက စာနှင့် တိုင်လျှောက်သည့် ကိစ္စမဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်းမပြုရဟု အတိအလင်း ဖော်ပြထားပါသည်။

**ထပ်မံဆုံးဖြတ်ချက်။** မည်သို့ပင်ဖြစ်စေ မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(ခ')(ဂ)တွင် ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင်၍ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၅၉/၉၀တွင် ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ မှားယွင်းစွာ လက်ခံ ဆောင်ရွက် ထားခြင်းကို နောက်ကြောင်းပြန် ဖြည့်စွက် လုပ်ဆောင်နိုင်ကြောင်းတွေ့ရသည်၊ ယင်းသို့ပြောင်းလဲ ကုစားနိုင်သည်ဟု ပြစ်မှု ဆိုင်ရာ

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၄၇

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၅၉၊ တပ်ကုန်း မြို့နယ် တရားရုံး အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၉၁
ဦးတင်အောင်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇၌ ပြဋ္ဌာန်းထားခြင်း မရှိဟု တင်ပြချက်မှာ မှန်ကန်ကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ တရားသူကြီး၏ တိုင်လျှောက် ချက်ရရှိမှသာ အရေးယူ ဆောင်ရွက်ရန် ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ မဟုတ်ဘဲ အရေးယူ ဆောင်ရွက်ထားသော အမှုဖြစ်သောကြောင့် ယင်းအမှုအား ချေဖျက်ပေးရန် လိုလောက်သောအကြောင်း ပေါ်ပေါက် လျက်ရှိပေသည်။

လျှောက်ထားသူများအတွက် — ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးတျာင်စိန်၊ ဥပဒေအရာရှိ အဆင့် (၁)၊ ရှေ့နေချုပ်ရုံး

၂။ ကိုယ်တိုင်

တရားရေးအကြံပေး — ဦးတင်မြင့်၊ ဒုတိယ ညွှန်ကြားရေး မှူး၊ တရားရုံးချုပ်

တစ်ကုန်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၅၉/၉၀တွင် ဒေါ်လှဒွန်းကတရားလို ပြုလုပ်၍ ကိုတင်အောင် နှင့် ဦးအောင်သူတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ၄၆၅/၁၉၂အရ စွဲဆိုထားသည်။ ယင်းအမှုမှ တရားခံများဖြစ်ကြသော ကိုတင်အောင်နှင့် ဦးအောင်သူတို့က ဖော်ပြပါ အမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ၅၆၁-က အရ ချေဖျက်ပေးရန် ဤအထွေထွေ လျှောက်လွှာကို တင်သွင်းသည်။

အမှုမှာ တစ်ကုန်းမြို့နယ် သရက်တောရွာနေ ဒေါ်လှဒွန်းက ၎င်းသည် တစ်ကုန်းမြို့နယ်တရားရုံး တရားမကြီးမှု အမှတ်၄၉/၈၈တွင် ကိုတင်အောင် အပေါ် တရားမမှု စွဲဆိုခဲ့ကြောင်း၊ ထိုအမှု၌ ကိုတင်အောင်သည် ယခင် ကျေးရွာအုပ်စု တရားသူကြီးနာယကဖြစ်သူ ဦးအောင်သူနှင့် ပူးပေါင်းကာ မိမိ၏အစ်မဖြစ်သူ ကွယ်လွန်သူ ဒေါ်ငြိမ်းနှင့် အကြင်လင်မယားဖြစ်သည်ဟု လက်ထပ်စာချုပ် အတုပြုလုပ် တင်ပြခဲ့ကြောင်း၊ အမှန်တကယ် လက်ထပ် ခဲ့ခြင်းမရှိဘဲ လက်ထပ်သယောင်လိမ်လည်၍ စာချုပ်အတု ပြုလုပ်တင်ပြသူ ကိုတင်အောင်နှင့် ဦးအောင်သူတို့အပေါ် ဥပဒေအရ အရေးယူပေးရန်ဟု ဒေါ်လှဒွန်းက မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာမှ အမှုစတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

လျှောက်ထားသူများက အဓိက အကြောင်းပြချက်အဖြစ် တင်ပြရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၅/၁၉၃အရ အရေးယူရန်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁) (ခ) (ဂ)တွင် ပြဋ္ဌာန်းချက်နှင့် အညီ

၁၉၉၁
ဦးတင်အောင် ပါ(၂)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

အရေးယူရမည်ဟု ပြဋ္ဌာန်းထားပါလျက် ယင်း ပြဋ္ဌာန်းချက်နှင့် မညီဘဲ အမှု ဖွင့်လှစ် ဆောင်ရွက်ခြင်းမှာ မှားယွင်းကြောင်း၊ စာချုပ် အတုကို တင်ပြခဲ့သော တရားမကြီးမှု အမှတ် ၄၉/၈၈ကို ကြားနာသည့် တရားသူကြီးက စာဖြင့် ရေးသားတိုင်ကြားမှသာ အရေးယူ ဆောင်ရွက်ရမည် ဖြစ်ပါလျက် ဒေါ်လှဒွန်း၏ တိုင်လျှောက်ချက်ကို လက်ခံဆောင်ရွက်ခဲ့ခြင်း မှာ မမှန်ကန်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)(ဂ)အရ တင်သွင်းခြင်း မဟုတ်သဖြင့် လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုမရှိကြောင်း၊ ဒေါ်လှဒွန်း၏ ၁၈-၅-၉၀နေ့စွဲပါ ကျမ်းကျိန်လွှာပါ အချက်များကို တရားမကြီးမှု အမှတ် ၄၉/၈၈တွင် ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ယင်း တရားမ ပထမအယူခံရုံး၌ ရုံးနိမ့်ပြီးမှသာ တရားသူကြီး ဦးမြင့်ဆွေက သက်သေခံ အမှတ်(က)စာကို ထုတ်ပေးခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇၆အရ စုံစမ်း စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း တစ်စုံတစ်ရာ မှတ်တမ်းတင်ထားသည်ကိုလည်း မတွေ့ရကြောင်း၊ ဒေါ်လှဒွန်း၏ တိုင်လျှောက်ချက် အပေါ် ဖွင့်လှစ်သော ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၅၉/၉၀ကို တရားမကြီးမှု အမှတ် ၄၉/၈၈ အမှုကိုစစ်ဆေးခဲ့သည့် တရားသူကြီး ဦးမြင့်ဆွေ၏ တိုင်လျှောက်ချက် အရ အရေးယူသော အမှုအဖြစ် ပြောင်းလဲ ကုစားနိုင်သည် ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇ တွင် ပြဋ္ဌာန်း မထားကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏အမှုတွဲကို လေ့လာရာ၌ ၎င်းရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၅၉/၉၀ကို ဒေါ်လှဒွန်း၏ တိုင်လျှောက်လွှာကို လက်ခံ ရရှိပြီး ဖွင့်လှစ်ခဲ့ကြောင်း တွေ့ရသည်။ ဒေါ်လှဒွန်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀အရ စစ်ချက်ရယူပြီးနောက် တရားရုံး၏တိုင်စာလိုအပ်၍ သက်ဆိုင်ရာ တရားရုံး၏တိုင်စာ တင်ပြရန် ပြောကြားခဲ့သည်ဟု ၂၃ ၄-၉၀ ရက်စွဲပါ နေ့စဉ် မှတ်တမ်း၌ ဖော်ပြထားသည်၊ ယင်းညွှန်ကြားချက် အရ ဒေါ်လှဒွန်းက တရားမကြီးမှုအမှတ်၄၉/၈၈ကိုစစ်ဆေးခဲ့သောတရားသူကြီး ဦးမြင့်ဆွေ၏ ၁၈-၅-၉၀နေ့စွဲပါစာကို ရယူတင်ပြခဲ့ခြင်းဖြစ်ကြောင်း တွေ့ ရသည်။ ယင်းစာ၌ တရားမကြီးအမှု အမှတ် ၄၉/၈၈တွင် တင်ပြခဲ့သော သက်သေခံ အမှတ်(၁)စာချုပ်သည် လိမ်လည် အတုပြုလုပ်ထားသော စာချုပ်ဖြစ်ကြောင်း တရားလိုမှ စုံစမ်းသိရှိချက်ကို ကျမ်းကျိန်ဆိုချက် နှင့် တကွ တင်ပြလာသဖြင့် အရေးယူနိုင်ရန် တင်ပြအပ်ပါသည်ဟု ဖော်ပြ ထားသည်။ တရားလို၏ တင်ပြချက်အရ သိရှိရခြင်းသာ ဖြစ်ပြီး အမှန် တကယ် အတု ဖြစ်-မဖြစ်ကိုမူ တရားသူကြီးမှ သိရှိသည် ဟု ဖော်ပြထား ခြင်း မရှိပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(ဂ)တွင်ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၃ လိမ်လည်အတုပြုလုပ်ထားသောစာတမ်းကို သက်သေခံ

၁၉၉၁
ဦးတင်အောင်
ပါ(၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

အဖြစ် တင်ပြသည့် ကိစ္စတွင် အမှုစစ် တရားရုံး တရားသူကြီးက စာနှင့် ရေးသား တိုင်လျှောက်ရမည်၊ ယင်းသို့ တရားသူကြီးက စာနှင့် တိုင် လျှောက်သည့်ကိစ္စ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရဟု အတိ အလင်း ဖော်ပြထားသည်။

မြို့နယ်တရားရုံး၏ ၂၁-၈-၉၀ နေ့စွဲပါ မှတ်တမ်းတွင် ယခုကဲ့သို့ အမှု မျိုးကို တရားရုံးက အမှုဖွင့်လက်ခံဆောင်ရွက်နိုင်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅တွင် တိကျစွာ ပြဋ္ဌာန်း ကန့်သတ်ထားကြောင်း၊ ယခု အမှုအား စတင်လက်ခံ ဆောင်ရွက်ခဲ့သည်မှာ ဥပဒေအရ မှားယွင်း ကြောင်း၊ တရားလိုအဖြစ် ဒေါ်လှခွန်းအား ဖြည့်စွက်ထားသည်မှာလည်း ဥပဒေနှင့် မညီညွတ်ကြောင်း၊ သို့ရာတွင် ၂၄-၇-၉၀ ရက် နေ့အချိန်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) (ဂ) တို့နှင့် အညီ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ အမှုအား စတင်လက်ခံစဉ်က မှားယွင်း ခဲ့မှုကြောင့် အမှုအား ပလပ်မည် ဆိုလျှင် အမှုသည်တို့ ထိခိုက်နစ်နာမည် ဖြစ်ကြောင်း၊ ယခုအခါ အမှုအား အမှန်တကယ် တိုင်ကြားသူမှာ တရား သူကြီး ဦးမြင့်ဆွေသာ ဖြစ်သည်ဟု ခေါ်ကာယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဟု မှတ်တမ်းတင် ထား သည်။

မြို့နယ်တရားရုံး၏အမှုတွဲ၌ တရားလိုနေရာတွင် ဒေါ်လှခွန်းဟု ဖော်ပြ ထားဆဲဖြစ်သည်။ တရားသူကြီး ဦးမြင့်ဆွေကို တရားလိုပြ သက်သေအဖြစ် စစ်ဆေးထားရုံသာ ရှိကြောင်း တွေ့ရသည်။ ၎င်းမှထုတ်ပေးသော သက် သေခံ အမှတ် (က) စာမှာလည်း တိုင်လျှောက်လွှာဟု မဆိုနိုင်ပေ။ ဒေါ်လှခွန်းသို့ ထုတ်ပေးသော ထောက်ခံစာ သဘောမျိုးဖြစ်ကြောင်းသာ ပေါ်ပေါက်လျက်ရှိသည်။

ထို့အပြင် အမှုစစ်ရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၆ (၁) အရ အရေးယူ ဆောင်ရွက်ထားကြောင်း မတွေ့ရပေ။ မလိုအပ်၍ ယင်းကဲ့သို့ မဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် ထိုသို့ ပုဒ်မ ၄၇၆ (၁) အရ အရေးယူ မဆောင်ရွက်ရုံမျှဖြင့် အမှု မပျက်ပြယ် နိုင်ပေ။ ဆောင်ရွက်ရန် လိုအပ်က ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထား ချက်သာ ဖြစ်ပေသည်။

မည်သို့ပင် ဖြစ်စေ မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) (ဂ) တွင် ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင်၍ ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၂၁၉/၉၀တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ် ကြောင်း တွေ့ရှိရသည်။ မှားယွင်းစွာ လက်ခံ ဆောင်ရွက်ထားခြင်းကို နောက်မှကြောင်းပြန်ဖြည့်စွက် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ ယင်းသို့

၁၉၉၁
ဦးတင်အောင်
ပါ(၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ပြောင်းလဲ ကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇၌ ပြဋ္ဌာန်းထားခြင်း မရှိဟု တင်ပြချက်မှာ မှန်ကန်ကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ တရားသူကြီး၏ တိုင်လျှောက်ချက်ရရှိမှသာ အရေးယူဆောင်ရွက်ရန်ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ မဟုတ်ဘဲ အရေးယူဆောင်ရွက်ထားသော အမှု ဖြစ်သောကြောင့် ယင်းအမှုအား ချေဖျက်ပေးရန်လုံလောက်သော အကြောင်း ပေါ်ပေါက်လျက် ရှိပေသည်။

ထို့ကြောင့် ဤအတွေ့တွေ့ လျှောက်လွှာကို ခွင့်ပြု၍ တပ်ကုန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၅၉/၉၀ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ခင်း ရှေ့တွင်

ဦးထွန်းလှိုင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) *

† ၁၉၉၁ အောက်တိုဘာလ ၁၀-ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆၊ ၅၁၇-ရဲစခန်းချုပ်ပုံစံ၌ တရားခံ တစ်ဦးမှာ တိမ်းရှောင်နေသဖြင့် လက်ရှိအမှုမှာ ပြီးဆုံးခြင်းသို့ မရောက်သေးသဲ စစ်ဆေးဆဲအမှုဟု ကောက်ယူရမည်ဖြစ်ခြင်း— သက်သေခံငွေများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ဆုံးဖြတ်ခြင်းသည် ဥပဒေအရမှန်ကန်သည်ဟု ဆိုနိုင်မဆိုနိုင်။

ဆုံးဖြတ်ချက်။ အဓိကတရားခံမှာ ထွက်ပြေးတရားခံ မောင်စိုး ဖြစ်သည်ဟု ကောက်ယူရမည်သာဖြစ်သည်။ တရားခံမောင်စိုးမှာ ထွက်ပြေးနေသဖြင့် မူလတရားစွဲဆိုစဉ်ကပင် ရဲစခန်းချုပ်ပုံစံ၌ တရားခံမောင်စိုးအား တရားခံပြေးအဖြစ် မင်နီဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ ယင်းသို့ဆိုလျှင် တရားခံမောင်စိုးနှင့် ပတ်သက်သမျှအမှုမှာ ပြီးဆုံးခြင်းသို့ မရောက်ရှိသေးသဲ စစ်ဆေးဆဲအမှုသာ ဖြစ်သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် သက်သေခံငွေများကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇အရ မဆုံးဖြတ်သင့်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ အရ ဆုံးဖြတ်ရန်သာဖြစ်သည်။ ယခုအမှုတွင် မူလတရားရုံးသည် သက်သေခံငွေများကို မူလရုံး တရားလိုအား ပြန်ပေးထားခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇အရ ဆုံးဖြတ်ရာ ကျရောက်နေကြောင်း ပေါ်ပေါက်နေသဖြင့် ယင်းဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုသာချေ။

ထပ်မံဆုံးဖြတ်ချက်။ အမှုအတွင်း သက်သေခံငွေများကို ခံဝန်ချုပ်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆နှင့်အညီ တစ်ဦးဦးအား ပြန်လည်ပေးထားခြင်းထက် အစိုးရဘဏ်တွင် ထိန်းသိမ်းအပ်နှံထားခြင်းက ပိုမိုတရားမျှတမှုရှိနိုင်မည်ဟုယူဆသည်။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၆၇ (ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်-၂၅၇ တွင် ချမှတ်သော (၁၆-၇-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၁
ဦးထွန်းလှိုင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်-
ပါ (၂)

လျှောက်ထားသူအတွက် — ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ဦးထွန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ဦးမြင့်သောင်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ကြည့်မြင်တိုင်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃/၉၁ တွင် ပူးတွဲတရားခံကျော်ဝင်း (ခ) ဆန်နီအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၁၀၉ အရ ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေကျပ်၃၈၀၀/-ပေးဆောင်စေရန်၊ မဆောင်ပျက်ကွက်က ထောင်ဒဏ် (၆) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် သက်သေခံ (ခ) ရှာဖွေပုံစံပါ သိမ်းဆည်းထားသည့် ငွေကျပ် ၂၅၀၀၀/-တိတိကို အယူခံရက် ကျော်လွန်က တရားလို ဦးဝင်းဦးအား ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံပစ္စည်းအပေါ် ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်း၍ သက်သေခံငွေများ သိမ်းဆည်းခြင်းခံရသူ ဦးထွန်းလှိုင်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု) သို့ ပြင်ဆင်မှု ဝင်ရောက်ခဲ့ရာ မအောင်မြင်သောကြောင့် တရားချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ (၁၀-၁၀-၉၀) ရက်နေ့ (၁၂:၀၀) နာရီအချိန်ခန့်တွင် မှုလရုံး တရားလိုဦးဝင်းဦးသည် ဂိုးဂိုးအချိုရည်ပါကင်များ တစ်ပါကင်လျှင် အလုံး (၃၀) ပါသော အချိုရည် (၄၀၀) ပါကင် စုစုပေါင်းတန်ဖိုးကျပ် ၂၆၅၀၀၀/-တန်ဖိုးအား ရောင်းချပေးရန်အတွက် ယုံကြည်စွာဖြင့် မင်္ဂလာဈေးရှိ ရုံအမှတ် ၁၅၊ ဆိုင်အမှတ် ၁၃၆ ရှိ မောင်စိုး ကိုကျော်ဝင်းထွန်းနှစ်ဦးထံ သက်သေအလုပ်သမား မောင်ပိန်နှင့် အပေါင်းအပါ (၃) ဦးတို့ရှေ့တွင် ပေးအပ်ထားခဲ့ရာ (၁၂-၁၀-၉၀) ရက်နေ့တွင် ၎င်းအပ်ထားခဲ့သောအချိုရည်ဗူးများ သွားရောက်တောင်းရာ (၁၅-၁၀-၉၀) ရက်နေ့တွင် တစ်ကြိမ် (၁၇-၁၀-၉၀) ရက်နေ့တွင်တစ်ကြိမ် ရက်ချိန်း အမျိုးမျိုးပေးခဲ့ပြီး ၎င်းတို့သည် ရှောင်တိမ်းနေ၍ ပထမသတင်းပေး တိုင်တန်း ရေးဖွင့်ခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူက အဓိကပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာ၌ လျှောက်ထားခံရသူ ဦးဝင်းဦးသည် ပထမသတင်းပေး တိုင်တန်းချက်၌ (၁၀-၁၀-၉၀) ရက်နေ့တွင် မင်္ဂလာဈေးရှိ မောင်စိုးနှင့်

ကိုကျော်ဝင်း (ခ) ကို ဆန်နီတို့ဆိုင်သို့ ဂိုးဂိုးအချိုရည်ပုလင်းများ ရောင်းချပေးရန်အတွက် ယုံကြည်စွာ အပ်နှံခဲ့ကြောင်း ဖော်ပြထားသော်လည်း တရားရုံးချုပ်ရှေ့၌မူ မောင်စိုးလာဝယ်၍ ရောင်းလိုက်ရကြောင်း ထွက်ဆိုထားပြန်သဖြင့် ယင်းပစ္စည်းများကို ရောင်းချရန် အပ်နှံသည်ဖြစ်စေ၊ အကြွေးရောင်းလိုက်သည်ဖြစ်စေ၊ မောင်စိုးလက်ဝယ်သို့ ကုန်ပစ္စည်းများ ရောက်ရှိချိန်အထိ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိသေး၍ ၎င်းထံမှ လျော့ကျထားသူက ပေါက်ဈေးဖြင့် ပြန်ဝယ်ယူထားသော ဘောက်ချာပါ တန်ဖိုးငွေကို လိမ်လည်ရယူခဲ့သော သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်းဟူ၍ဖြစ်သည်။

မြန်ယ်တရားရုံး အမှုတွဲကို လေ့လာသုံးသပ်ရာတွင် အမှု၌ ပူးတွဲတရားခံဖြစ်သည့် ကျော်ဝင်း (ခ) ဆန်နီအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၁၀၉ အရ ပြစ်မှုထင်ရှား၊ တွေ့ရှိသည်ဆိုကာ ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေကျပ် ၃၀၀၀/-ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ရာ ယင်းအမိန့်ကိုလည်း ရန်ကုန်တိုင်းတရားရုံးက အတည်ပြုထားသဖြင့် တရားခံကျော်ဝင်း (ခ) ဆန်နီသည် အမှုတွင် အဓိကတရားခံ မဟုတ်ဘဲ ထွက်ပြေးတိမ်းရှောင်နေသူ မောင်စိုးကို အားပေးအားမြှောက် ပြုသည့်သဘောလောက်သာ သက်ရောက်နေကြောင်း ပေါ်ပေါက်နေသည်။ သို့ဖြစ်၍ အဓိကတရားခံမှာ ထွက်ပြေးတရားခံ မောင်စိုးဖြစ်သည်ဟု ကောက်ယူရမည့်သာဖြစ်သည်။ တရားခံ မောင်စိုးမှာ ထွက်ပြေးနေသဖြင့် မူလ တရားစွဲဆိုစဉ်ကပင် ရဲခွဲချက် ပုံစံ၌ တရားခံမောင်စိုးအား တရားခံပြေးအဖြစ် မင်နီဖြင့် ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ယင်းသို့ဆိုလျှင် တရားခံမောင်စိုးနှင့် ပတ်သက်သမျှ အမှုမှာ ပြီးဆုံးခြင်းသို့ မရောက်ရှိသေးဘဲ စစ်ဆေးဆဲအမှုသာ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည့်အလျောက် သက်သေခံ ငွေများကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မဆုံးဖြတ်သင့်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ အရ ဆုံးဖြတ်ရန်သာဖြစ်သည်။ ယခုအမှုတွင် မူလတရားရုံးသည် သက်သေခံငွေများကို မူလရုံး တရားလိုအား ပြန်ပေးထားခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇အရ ဆုံးဖြတ်ရာ ကျရောက်နေကြောင်း ပေါ်ပေါက်နေသဖြင့် ယင်းဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုသာချေ။

မူလရုံးတရားလို၏ ပထမသတင်းပေး တိုင်ချက်အရသော်လည်းကောင်း ရုံးထွက်ချက်အရသော်လည်းကောင်း သက်သေခံအချိုရည်ဘူးများကို ရောင်းချရန်အတွက် ထွက်ပြေးတရားခံ မောင်စိုးအား ပေးအပ်ခဲ့ကြောင်း ပေါ်ပေါက်ရာ မောင်စိုးအနေဖြင့်လည်း ယင်းကဲ့သို့ ရောင်းချရန် ပေးအပ်ထားသော အချိုရည်ဘူးများကို လျော့ကျထားသူ ဦးထွန်းလှိုင်အား ရောင်းချခဲ့ခြင်းသည် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှု ရှိမရှိ

၁၉၉၁
ဦးထွန်းလှိုင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

တရားခံမောင်စိုးအပေါ် အထူးလေ့လာ သုံးသပ်ရန်လိုမည်ဖြစ်သည်။ နောက်ပိုင်း ထွက်ပြေးတရားခံ မောင်စိုးသည် ရောင်းရငွေများကို မူလရုံး တရားလို ဦးဝင်းဦးအား ပြန်မပေးခဲ့ခြင်းသည် ဖြစ်မှုကြောင်းအရ မြောက် မမြောက်ကိုလည်း ထွက်ပြေးတရားခံ မောင်စိုးနှင့် စပ်လျဉ်း၍ အထူး လေ့လာသုံးသပ်ရန် လိုလာမည်ဖြစ်သည်။ ယင်းကဲ့သို့ သုံးသပ်ရန်မှာ လည်း ထွက်ပြေးတရားခံ မောင်စိုးအား ရှာဖွေတွေ့ရှိပြီး တရားရုံးသို့ တင်ပို့သည့်အခါကျမှသာလျှင် အထက်ဖော်ပြပါ အချက်အလက်တို့နှင့် စပ်လျဉ်း၍ လိုအပ်သော သက်သေများကို စစ်ဆေးရန်ဖြစ်သည်။ ထွက် ပြေးတရားခံ မောင်စိုးနှင့် စပ်လျဉ်း၍ ၎င်းအား ရှာဖွေတွေ့ရှိ ဖမ်းဆီးပြီး တရားရုံးသို့ တင်ပို့သည့်အခါ ယင်းအမှုအား အစမှပြန်၍ စစ်ဆေးရမည် ဖြစ်သည်။ ဤသို့စစ်ဆေးသည့်အချိန်တွင် ယင်းငွေများသည် သက်သေခံ ငွေအဖြစ်သို့ ရောက်ရှိလာနိုင်သည်။ သို့ဖြစ်၍ သက်သေခံငွေများမှာ ထွက် ပြေးတရားခံ မောင်စိုးနှင့် စပ်လျဉ်း၍ စစ်ဆေးဆဲအမှုမှ သက်သေခံ ငွေ များအဖြစ် မှတ်ယူရမည်ဖြစ်သည့်အလျောက် ယခုအဆင့်တွင် သက်သေခံ ငွေများကို အလွှဲသုံးစားငွေများဖြစ်သည်ဟု မကောက်ယူသင့်သေးပေ။ အမှုအတွင်း သက်သေခံငွေများကို ခံဝန်ချုပ်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ နှင့်အညီ တစ်ဦးဦးအား ပြန်လည်ပေးထားခြင်းထက် အစိုးရဘဏ်တွင် ထိန်းသိမ်းအပ်နှံထားခြင်းက ပိုမိုတရားမျှတမှု ရှိနိုင်မည် ဟု ယူဆသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး သက်သေခံငွေ များနှင့် စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်းတရား ရုံး (ရန်ကုန်မြို့နယ်စု) တို့က ဦးဝင်းဦးအား ပြန်လည်ထုတ်ပေးစေရန် ချမှတ်သည့်အမိန့်တို့ကို ပယ်ဖျက်ကာ ယင်းသက်သေခံငွေများအား အစိုးရဘဏ်တွင် အမှုအတွင်း တရားရုံးအပ်ငွေအဖြစ် ဆက်လက်အပ်နှံ ထားစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နှင့်

ကုလားမဲ (ခ) မြင့်ထွန်း*

† ၁၉၉၁
စက်တင်ဘာလ
၅-ရက်

မူးယစ်ထုံထိုင်းစေသောဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ)—ဓာတုဗေဒ ပြန်ကြားချက်၌ မူးယစ်ဆေး သုံးစွဲကြောင်း မတွေ့ရခြင်း၊ ကိုယ်ခန္ဓာပေါ်တွင် မူးယစ်ဆေး သုံးစွဲကြောင်း ပြင်ပလက္ခဏာများ တွေ့ရှိရခြင်း— ဓာတုဗေဒ ပြန်ကြားချက်သည် မူးယစ်ဆေးသုံးစွဲသူ ဟုတ် မဟုတ်၊ အထစ်ချ ကောက်ယူရန် အထောက်အထားဖြစ်သည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ အယူခံတရားခံ ကိုယ်တိုင်၏ ထွက်ချက်တွင်လည်း ဆရာဝန် စစ်ဆေးစဉ်က တွေ့ရှိသားခဲ့သော မျက်စိတုံ့ပြန်မှု နှေးကွေးခြင်း၊ မျက်ခွံတွဲကျနေခြင်း၊ သွေးယင်အိမ့်ကျဉ်းနေခြင်း၊ လက်နှစ်ဖက်စလုံး၌ ဆေးထိုးအင်ရာများ ရှိနေခြင်း စသည်တို့အတွက် မူးယစ်ဆေးသုံးစွဲခဲ့ခြင်းကြောင့် မဟုတ်ဘဲ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ကြောင်း ခုခံတင်ပြထားသည်ကိုလည်း မတွေ့ရပေ။ အယူခံတရားခံ၏ ကိုယ်ခန္ဓာပေါ်ရှိ ပြင်ပလက္ခဏာတစ်ခုချင်းအနေဖြင့် မူးယစ်ဆေး သုံး-မသုံးကို အတိအကျ ပြောဆိုရန် ခက်ခဲမည်ဖြစ်သော်လည်း မူးယစ်ဆေးသုံးသူများ၌ တွေ့ရတတ်သော ပြင်ပလက္ခဏာ (၄) ခုစလုံးအား ပူးတွဲတွေ့ရှိရခြင်းမှာ မူးယစ်ဆေး သုံးစွဲမှုကြောင့်သာ ပေါ်ပေါက်လာသည်ဟု ယူဆရပေလိမ့်မည်။

ဆီးနမူနာအား ဓာတုဗေဒပြန်ကြားချက်၌ ဆေးသုံးစွဲသည်ဟု ကောက်ယူနိုင်သည့် အခြေအနေမရှိခြင်းမှာ မူးယစ်ဆေးသုံးသူ မဟုတ်ဟု တထစ်ချ ကောက်ယူရမည့် အထောက်အထားဟု မဆိုနိုင်ချေ။ အကြောင်း

---

* ၁၉၉၁ ခုနှစ်၊ ပြစ်ဆိုင်ရာ အယူခံမှုအမှတ် ၁၆၀၊

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉၃ (မြိတ်) တွင် ချမှတ်သော (၁၄-၁၁-၉၀) ရက်စွဲပါ တနင်္သာရီတိုင်း (မြိတ်မြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၁
မြည်တောင်ရ မြန်မာ နိုင်ငံတော် နှင့် ကုလားမဲ (ခ) မြင့်ထွန်း

ကြောင်းကြောင့် ဆီးစစ်ဆေးချက် အမှီးလွဲမှားနိုင်သောကြောင့်ဖြစ်သည်။ ဆရာဝန်ကိုယ်တိုင် လူနာအား မျက်မြင်စစ်ဆေး တွေ့ရှိချက်မှာ တစ်စုံတစ်ရာ မှားယွင်းကြောင်း မပေါ်လွင်သည့်အလျောက် အပြင်းမပွားသော ပြင်ပလက္ခဏာများသည် မူးယစ်ဆေးသုံးစွဲသူများ၌ တွေ့ရလေ့တွေ့ထ ရှိသော လက္ခဏာများသာဖြစ်ရာ ဆရာဝန်၏ မှတ်ချက်သည် ဓာတုဗေဒ မြန်ကြားချက်ထက် ပိုမိုခိုင်လုံသည်ဟု ကောက်ယူသည်။

အယူခံတရားလိုအတွက် – ဦးထွန်းရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

တရားရေးအကြံပေး – ဦးဘဟန်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

တနင်္သာရီတိုင်း တရားရုံး (မြိတ်မြို့နယ်ရုံး) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၃/၈၉ တွင် အယူခံတရားခံ ကုလားမဲ (ခ) မြင့်ထွန်းအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ စွဲချက်တင်စစ်ဆေးခဲ့ပြီးနောက် အမှုမှအပြီးအပြတ် လွှတ်လိုက်သောကြောင့် ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ အယူခံတင်သွင်းသည်။

အမှုမှာ တနင်္သာရီတိုင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး (အထူး) အဖွဲ့မှ ဒုရဲအုပ် ဦးကြည်လွင်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါး ရောင်းဝယ် သုံးစွဲနေကြောင်း သတင်းအရသွားရောက်ဖမ်းဆီးခဲ့ရာ တရားခံ (၃) ဦးအနက် နှစ်ဦးကို ချက်ခြင်းလက်ရဖမ်းမိခဲ့ပြီး ထွက်ပြေးသူတစ်ဦး ဖြစ်သော ကုလားမဲ (ခ) မြင့်ထွန်းအား အချင်းဖြစ်ပြီးနောက် နာရီပိုင်း အတွင်းကျမှ ဖမ်းမိခဲ့သဖြင့် ကုလားမဲအပေါ် မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများ ဥပဒေအရ သီးခြား အမှုဖွင့်အရေးယူရာမှ စတင်ပေါ်ပေါက်ခဲ့သည့် အမှုဖြစ်သည်။

အယူခံ အကြောင်းပြချက်များအဖြစ် ဓာတုဗေဒစစ်ဆေးချက်နှင့် ဆရာဝန်၏ မျက်မြင်စစ်ဆေးချက်တို့မှာ ကွဲလွဲနေလျက်ရှိသော်လည်း ယင်းအချက်အား မူလရုံးက အသေးစိတ်သုံးသပ်ထားခြင်းမရှိကြောင်း၊ မျက်စိ တို့မြန်မှု နှေးကွေးခြင်း၊ မျက်ခွံတွဲကျနေခြင်း၊ မျက်စိသူငယ်အိမ်နှစ်ဖက်စလုံး ကျဉ်းနေခြင်း၊ လက်နှစ်ဖက်စလုံးတွင် ဆေးထိုးအပ်ရာများ တွေ့ရှိရခြင်းတို့မှာ ဆေးသုံးစွဲသူဟု ပေါ်ပေါက်ကြောင်း စသည်ဖြင့် တင်ပြထားသည်။

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကုလားမဲ
(ခ)
မြင့်ထွန်း

မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိမရှိ စစ်ဆေးရာတွင် ဆရာဝန်များ အနေဖြင့် လူနာအား မျက်မြင်အနေအထားအရ ပထမဦးစွာ စစ်ဆေးလေ့ရှိပြီး ဆေးသုံးစွဲသည်ဟု ယူဆနိုင်လောက်သည့် အခြေအနေ၌ သေချာမှု ရှိစေရန်အလို့ငှာ ဆီးစစ်ဆေးချက် ရယူလေ့ရှိကြသည်။ သို့ဖြစ်ရာ ဆီးစစ်ချက်သည် အတည်ပြုချက်ရယူသည့်သဘော ဖြစ်သောကြောင့် ဆီးပြန်ကြားချက်တွင် မူးယစ်ဆေးဝါး အာနိသင်ရှိသော ဓာတုပစ္စည်း တစ်ရပ်ရပ် ပါဝင်သည်ဆိုပါက ဆေးသုံးစွဲသူအဖြစ် မှတ်ယူနိုင်မည် ဖြစ်သည်။ သို့ရာတွင် ဆီးပြန်ကြားချက်၌ မူးယစ်ဆေးမတွေ့ဘဲ ဆရာဝန်၏ မျက်မြင်စစ်ဆေးချက်၌ မူးယစ်ဆေးသုံးစွဲသည်ဟု ထင်မြင်ချက်ကိုပေးထားသည့် ဖြစ်ရပ်များတွင် သေချာစွာ စိစစ်ရန်လိုပေလိမ့်မည်။

မူးယစ်ဆေးသုံးစွဲခဲ့သည့်လက္ခဏာတွေ့ရှိပါသည်ဟုထင်မြင်ချက်ပေးခဲ့သူ ဒေါက်တာ မိမိဝါ (လိုပြ-၃) ၏ ထွက်ချက်အရ အယူခံတရားခံ ကုလားမဲ (ခ) မြင့်ထွန်းမှာ မျက်စိတုံ့ပြန်မှု နှေးကွေးကြောင်း၊ မျက်ခွံတွဲကျနေကြောင်း၊ သွေးယ်အိမ်နှစ်ဖက်စလုံး ကျဉ်းနေကြောင်း၊ လက်နှစ်ဖက်စလုံးရှိ အကြောများတွင် ဆေးထိုးအပ်ရာများ တွေ့ရှိရကြောင်း စသည်များ ပါရှိသော်လည်း ယင်းထွက်ချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် စပ်လျဉ်း၍ ပြန်လှန်မေးမြန်းထားခြင်းမရှိသည်ကို တွေ့ရသည်။ ထို့ပြင် ဒေါက်တာမိမိဝါ အား ပြန်ခေါ်သက်သေအဖြစ် မေးမြန်းစဉ်ကလည်း ဓာတုဗေဒပြန်ကြားစာအပေါ်၌သာ မေးမြန်းထားပြီး ဆရာဝန်၏ မျက်မြင်တွေ့ရှိ စစ်ဆေးချက်များအပေါ် ခုခံတိုက်ဖျက်သော မေးခွန်းများအား လုံးဝထုတ်ဖော် မေးမြန်းထားခြင်းမရှိပေ။ ထို့ကြောင့် ဆရာဝန်၏မြင်ပလက္ခဏာစစ်ဆေးတွေ့ရှိချက်များသည် မှန်ကန်သည်ဟု ကောက်ယူဖွယ် ရှိပေသည်။

မှုခင်းဖြစ်ရပ်ကို ပြန်လည်သုံးသပ်လိုက်သည့် အခါတွင်လည်း အယူခံတရားခံသည်မူးယစ်ဆေးဝါးများနှင့်ဖမ်းမိသူအခြားတရားခံနှစ်ဦးနှင့်အတူ ရှိနေရာမှ ထွက်ပြေးသူဖြစ်ပြီး နာရီပိုင်းအတန်ကြာမှ ဖမ်းမိသူဖြစ်ကြောင်း လိုပြသက်သေ ဦးကြည်လွင်နှင့် ဦးအေးသိန်း (လိုပြ-၁၊ ၂) တို့က ထွက်ချက်ပေးထားသော်လည်း အချင်းဖြစ်နေရာ၌မရှိဘဲ အခြား တစ်နေရာတွင် ရှိနေကြောင်း ပြန်လှန်မေးမြန်းထားချက် မရှိချေ။ ထိုသို့ ထုတ်ဖော်မေးမြန်းထားချက် တစ်စုံတစ်ရာမရှိဘဲ သက်သေအဖြစ် ကာတိသစ္စာပြု အစစ်ခံသည့်အချိန်ကျမှနေအိမ်တွင်နေခဲ့ပြီးဓာတ်ဆီဆိုင်သို့ ဓာတ်ဆီထုတ်ရန်ထွက်လာကြောင်း ခုခံချက်မှာ နောက်မှ အကြံရ၍ တင်ပြခြင်းဖြစ်သည်ဟုသာ ဆိုဖွယ် ရှိပေတော့သည်။

အယူခံ တရားခံကိုယ်တိုင်၏ထွက်ချက်တွင်လည်း ဆရာဝန်စစ်ဆေးစဉ်က တွေ့ရှိထားခဲ့သောမျက်စိတုံ့ပြန်မှု နှေးကွေးခြင်း၊ မျက်ခွံတွဲကျနေခြင်း၊

၁၈၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကုလားမဲ
(ခ)
မြင့်ထွန်း

သူငယ်အိမ် ကျဉ်းနေခြင်း၊ လက်နှစ်ဖက် စလုံး၌ ဆေးထိုးအစ်ရာများ ရှိနေခြင်း စသည်တို့ အတွက် မူးယစ်ဆေး သုံးစွဲခဲ့ခြင်းကြောင့် မဟုတ်ဘဲ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ကြောင်း ခုခံ တင်ပြထားသည်ကိုလည်း မတွေ့ရပေ။ အယူခံတရားခံ၏ ကိုယ်ခန္ဓာပေါ်ရှိ ပြင်ပ လက္ခဏာ တစ်ခုချင်းအနေဖြင့် မူးယစ်ဆေး သုံး/မသုံးကို အတိအကျ ပြောဆိုရန် ခက်ခဲသည် ဖြစ်သော်လည်း မူးယစ်ဆေး သုံးသူများ၌ တွေ့ရတတ်သော ပြင်ပ လက္ခဏာ (၄) ခုစလုံးအား ပူးတွဲတွေ့ရှိရခြင်းမှာ မူးယစ်ဆေးသုံးစွဲမှုကြောင့်သာ ပေါ်ပေါက်လာသည်ဟု ယူဆရပေလိမ့်မည်။

ဆီးနမူနာအား ဓာတုဗေဒပြန်ကြားချက်၌ ဆေးသုံးစွဲသည်ဟု ကောက်ယူနိုင်သည့် အခြေအနေ မရှိခြင်းမှာ မူးယစ်ဆေးသုံးသူ မဟုတ်ဟု တထစ်ချ ကောက်ယူရမည့် အထောက်အထားဟု မဆိုနိုင်ချေ။ အကြောင်းကြောင်းကြောင့် ဆီးစစ်ဆေးချက်အဖြေလွဲမှားနိုင်သောကြောင့်ဖြစ်သည်။ ဆရာဝန်ကိုယ်တိုင် လူနာအား မျက်မြင်စစ်ဆေးတွေ့ရှိချက်မှာ တစ်စုံတစ်ရာ မှားယွင်းကြောင်း မပေါ်လွင်သည့်အလျောက် အငြင်းမပွားသော ပြင်ပ လက္ခဏာများသည် မူးယစ်ဆေး သုံးစွဲသူများ၌ တွေ့လေ့တွေ့ထ ရှိသော လက္ခဏာများသာ ဖြစ်ရာ ဆရာဝန်၏မှတ်ချက်သည် ဓာတုဗေဒပြန်ကြားချက်ထက် ပိုမိုခိုင်လုံသည်ဟု ကောက်ယူသည်။

အချင်းဖြစ်နေရာ၌ ရှိကြောင်း တင်ပြချက်သည် နောက်မှ အကြံရ၍ တင်ပြထားချက်ဖြစ်ခြင်း၊ ပြင်ပလက္ခဏာများသည် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း ခုခံချေပရန် ပျက်ကွက်ခြင်းများအား မူးယစ်ဆေး သုံးစွဲသူများ၌သာ တွေ့ရှိနိုင်သည့် ပြင်ပ လက္ခဏာ (၄) ခုစလုံးကို ပူးတွဲတွေ့ရှိရခြင်း စသည့်အချက်များနှင့် ဆက်စပ်စဉ်းစားလိုက်သည့် အခါ အယူခံတရားခံသည် မူးယစ်ဆေးဝါး သုံးစွဲသူ ဖြစ်သည်ဆိုသော ဆရာဝန်၏ထင်မြင်ချက်အား လက်ခံရန်သာ ရှိပေတော့သည်။ ဤအခြေအနေတွင် မူလရုံးက ဓာတုဗေဒပြန်ကြားစာတစ်ခုတည်းကိုသာကြည့်ရှုကာဆရာဝန်၏ ထင်မြင်ချက်အားမည်သည့်အတွက် လက်မခံနိုင်ကြောင်း အသေးစိတ်မစိစစ်ဘဲ မူးယစ်ဆေးသုံးသူမဟုတ်ဟု ကောက်ယူခဲ့ခြင်းမှာ လွဲမှားနေကြောင်း ထင်ရှားနေပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး အယူခံတရားခံ ကုလားမဲ (ခ) မြင့်ထွန်းအား အပြီးအပြတ် လွှတ်စေရန်ချမှတ်ထားသော တနင်္သာရီတိုင်း တရားရုံး (မြိတ်မြို့နယ်စု) ၏အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ၁၉၇၄ခုနှစ်၊ မူးယစ်ထိုထိုင်းစေသောဖြစ်စေတတ်သောဆေးဝါးများဥပဒေ ပုဒ်မ ၁၄ (ဃ) အရ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် (သုံးနှစ်တိတိ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

**ချုပ်ရက်မှိုက ထောင်ဒဏ်ကာလမှ ထုတ်နုတ် ခံစားစေ။**

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နှင့်

ဒေါက်တာခင်သျှမ်း ပါ(၅) *

† ၁၉၉၁
ဇွန်လ
၁၀ ရက်

၁၉၄၇ ခုနှစ်၊ နိုင်ငံခြား ငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေ ပုဒ်မ ၂၄(၁)-ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇—သက်သေခံ ရူပီးငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး၊ သက်ဆိုင်ရာ၏ အကြောင်းကြားချက်ရရှိသည့် အခါ တစ်ဖက်နိုင်ငံသို့ လွှဲပြောင်းပေးရန် ဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ ပြန်လည် စိစစ်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းများကိုစီမံ ခန့်ခွဲရာတွင် အလားတူ ငွေကြေးကိုစွဲဖြစ်လျှင် ရသင့်ရထိုက်ခွင့်ရှိသူသို့ ပြန်ပေးရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်သာရှိမည်ဖြစ်သည်။ ပြည်နယ်တရားရုံးကဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာ၏အကြောင်းကြားချက်အရ တစ်ဖက်နိုင်ငံသို့ လွှဲပြောင်းပေးရန်ဟုအမိန့်ချမှတ်ထားခြင်းမှာ ဖော်ပြပါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇နှင့် ညီညွတ်ခြင်းမရှိပေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးပါက မည်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမျှ ပြန်ပေး၍ ရနိုင်တော့မည် မဟုတ်ပေ။ သို့ဖြစ်၍ ပြည်နယ်တရားရုံး၏ အမိန့်သည် ပြဋ္ဌာန်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပေသည်။

| | | |
|---|---|---|
| **လျှောက်ထားသူအတွက်** | — | ဦးသိန်းရွှေ၊ ဥပဒေအရာရှိ **အဆင့်(၁)၊ ရှေ့နေချုပ်ရုံး** |
| **လျှောက်ထားခံရသူများအတွက်** | — | ကိုယ်တိုင် (မလာ) |
| တရားရေးအကြံပေး | — | ဦးဘဟန်၊ ဒုတိယ ညွှန်ကြားရေးမှူး **တရားရုံးချုပ်** |

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆(က)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅ တွင် ချမှတ်သော (၉-၁၁-၉၀) ရက်စွဲပါ ချင်းပြည်နယ် (ဖလမ်း မြို့နယ်စု)၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ-မရှိ စိစစ်မှု

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဒေါက်ကိုမ်သျှမ်း
ပါ(၅)

ချင်းပြည်နယ်တရားရုံး (ဖလမ်းမြို့နယ်ရုံး) ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၅/၉၀တွင် လျှောက်ထားခံရသူများ အပေါ် ၁၉၄၇ခုနှစ်၊ နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ ပုဒ်မ၂၄ (၁) အရ စွဲချက်တင် စစ်ဆေးပြီး နောက် တရားခံ ဒေါက်ကိမ်သျှမ်းအား ရုံးတက် ရုံးဆင်း ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေ ၃၀၀/- ကျပ် ပေးဆောင်စေ၊ မဆောင် နိုင်က ထောင်ဒဏ် ၆ လကျခံစေရန် လည်းကောင်း၊ ဒေါ်မန်ကြွယ်အား ရုံးတက်ရုံးဆင်းထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေ ၁၅၀/-ကျပ်ပေးဆောင် စေ၊ မဆောင်နိုင်က ထောင်ဒဏ် (၃) လ ကျခံစေရန် လည်းကောင်း၊ မရုလ်နီယန်းအား ရုံးတက်ရုံးဆင်း ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေ ၁၀၀/–ကျပ် ပေးဆောင်စေ၊ မဆောင်နိုင်က ထောင်ဒဏ် (၂) လ ကျခံစေရန်လည်းကောင်း၊ ဦးဗန်လားထန်အား ရုံးတက်ရုံးဆင်း ထောင်ဒဏ် (၁) ရက် နှင့် ဒဏ်ငွေ ၅၀/–ကျပ် ပေးဆောင်စေ၊ မဆောင်နိုင်က ထောင်ဒဏ် (၁) လ ကျခံစေရန်လည်းကောင်း၊ ဦးတင်နွန်းအား ရုံးတက် ရုံးဆင်း ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေ ၁၀၀/–ကျပ် ပေးဆောင် စေ၊ မဆောင်နိုင်က ထောင်ဒဏ် (၂) လ ကျခံစေရန် လည်းကောင်း အမိန့် ချမှတ်ခဲ့သည်။ ထို့ပြင် သက်သေခံပစ္စည်း ရူပီးငွေများကို ဘဏ္ဍာ အဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာ၏ အကြောင်းကြားချက် ရရှိသည့်အခါ တစ်ဖက်နိုင်ငံသို့ လွှဲပြောင်းပေးရန်ဖြစ်သည်ဟု လည်း အမိန့် ချမှတ်ခဲ့သည်။ အဆိုပါ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်သည် ဥပဒေ နှင့် ညီညွတ်ခြင်း ရှိ မရှိ ပြန်လည် စိစစ်နိုင်ရန်အတွက် ဤပြင်ဆင်မှုကို ဖွင့်လှစ် ဆောင်ရွက်ခြင်း ဖြစ်သည်။

အမှုမှာ ဖလမ်း ရဲစခန်းမှ ဒုရဲအုပ် စိုးလွင်၊ ရဲတပ်ကြပ်ကြီး ထောင်း လွှယ်နှင့် ရဲတပ်သား သိန်းအောင်တို့တွင် ရူပီးငွေများ လက်ဝယ်ထားရှိ သည်ဟု သတင်းရရှိသဖြင့် ခေါ်ယူ စစ်ဆေးရာ ကလေးမြို့ ရဲစခန်းနေ တပ်ကြပ် ထွန်းလှိုင်ထံမှ ခွဲဝေ ရယူထားသော ရူပီးငွေ ၁၀၉၀၀/– အနက်မှ ဒု ရဲအုပ် စိုးလွင် မှ ရူပီးငွေ ၃၅၅၀/–၊ ရဲတပ်ကြပ်ကြီး ထောင်းလွှယ် မှ ရူပီးငွေ ၃၅၅၀/–နှင့် ရဲတပ်သား သိန်းအောင် မှ ရူပီးငွေ ၃၈၀၀/–ရရှိခဲ့ကြကြောင်း ဝန်ခံပြီး ယင်းရူပီးငွေများကို ဖော် ထုတ် ပေးအပ်ခဲ့ကြကြောင်း၊ ၎င်းတို့ အပေါ် ၁၉၄၇ ခုနှစ်၊ နိုင်ငံခြား ငွေလဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး ဥပဒေ အရ အရေးယူပေးရန် ဖလမ်းမြို့နယ် (ပရ) မှူးရုံးမှ ဒု ရဲမှူး စိုးလွင်က တိုင်ချက်ရေးဖွင့်ရာမှ အမှု စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယခုအမှုမှ တရားခံများသည် ယင်း ရူပီး ငွေများကို မြန်မာနိုင်ငံသုံး ငွေများဖြင့် လဲလှယ်ခဲ့ကြသူများ ဖြစ် ကြောင်း တွေ့ရှိရသည်။

ယခုပြင်ဆင်မှုမှာ ပြည်နယ်တရားရုံး၏အမိန့်အနက် သက်သေခံပစ္စည်း ရူပီးငွေများနှင့် စပ်လျဉ်း၍ ပြန်လည် စိစစ်နိုင်ရန် အလို့ငှာ ဖွင့်လှစ်ဆောင်

ရှက်ခြင်းဖြစ်သည်။ ပြည်နယ်တရားရုံးက တရားခံများအပေါ် ပြစ်မှုထင်ရှား စီရင်သည့် အမိန့်နှင့် ပြစ်ဒဏ် သတ်မှတ်ချက်တို့မှာ ဥပဒေနှင့်ညီညွတ်မှု ရှိ ပရှိ ပြန်လည်စိစစ်ရန် ဖွင့်လှစ်ထားသော ပြင်ဆင်မှုများမှာ ကြားနာရန် အဆင်သင့် မဖြစ်သေးသောကြောင့် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အမိန့်သည် ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိကိုသာ သုံးသပ် သွားမည် ဖြစ်သည်။

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဒေါ်ကိမ်သျှမ်း
ပါ(၅)

ပြည်နယ် တရားရုံးက ''သက်သေခံ ပစ္စည်းရူပီး ငွေများကို ဘဏ္ဍာ အဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာ၏ အကြောင်းကြားချက်ရရှိသည့် အခါ တစ်ဖက်နိုင်ငံသို့ လွှဲပြောင်းပေးရန်ဖြစ်သည်''ဟု အမိန့် ချမှတ်ထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ သက်သေခံ ပစ္စည်းများကို စီမံခန့်ခွဲရာတွင် အလားတူ ငွေကြေးပစ္စည်းဖြစ်လျှင် ရသင့်ရထိုက်ခွင့် ရှိသူသို့ ပြန်ပေးရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်သာ ရှိမည်ဖြစ် သည်။ ပြည်နယ်တရားရုံးက ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သက်ဆိုင်ရာ၏ အကြောင်းကြားချက် အရ တစ်ဖက်နိုင်ငံသို့ လွှဲပြောင်းပေးရန်ဟု အမိန့် ချမှတ်ထားခြင်းမှာ ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇နှင့် ညီညွတ်ခြင်းမရှိပေ။ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီးပါက မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမျှ ပြန်ပေး၍ ရနိုင်တော့မည်မဟုတ်ပေ။ သို့ဖြစ်၍ ပြည်နယ်တရားရုံး၏ အမိန့်သည် မြန်မာ့ ဥပဒေနှင့် ညီညွတ်ခြင်း မရှိ ကြောင်း တွေ့ရှိရပေသည်။

ထို့ကြောင့် ချင်းပြည်နယ်တရားရုံး (ဖလမ်းမြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅/၉၀ တွင် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ချမှတ် ထားသော ချင်းပြည်နယ် တရားရုံး (ဖလမ်းမြို့နယ်စု)၏ အမိန့်ကို ပယ် ဖျက်ပြီး သက်သေခံ ရူပီးငွေများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်း စေဟု ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

တရားရုံးချုပ်၊ တရားသူကြီးဦးအေးအုန်း ရှေ့တွင်

† ၁၉၉၁ မတ်လ ၁၄ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

မောင်ချေ့(ခ)ထွန်းဝင်း *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-''ကျခံပြီးသော ချုပ်ရက်များကို ထောင်ဒဏ်အဖြစ် သတ်မှတ်လိုက်သည်''ဟု ချမှတ်သောအမိန့်သည် လုပ်ထုံးလုပ်နည်းအရ မှန်ကန်မှုရှိ-မရှိ၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုကျူးလွန် သူအား ပြစ်ဒဏ်သတ်မှတ်ရာတွင် ထောင်ဒဏ်ချမှတ်လိုပါက ထောင်ဒဏ် မည်မျှမည်မျှ ကျခံရမည်ဟု တိတိကျကျဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ဖော်ပြခြင်းမရှိဘဲ တရားခံ အချုပ်ခံခဲ့ရသည့် ကာလကို ထောင်ဒဏ်အဖြစ် သတ်မှတ်ခြင်းသည် လုပ်ထုံးလုပ်နည်းအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ပြစ်ဒဏ်ကာလမှာ လည်း အထက်ဖော်ပြပါပုဒ်မ ၃၀၄၏ ပြဋ္ဌာန်းချက်အရဆိုလျှင် သက်ညှာ လွန်းသည်ဟု ယူဆရပေသည်၊ ပြစ်မှုနှင့်ပြစ်ဒဏ် ဆီလျော်မျှတမှုရှိသည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| လျှောက်ထားသူ အတွက် | — | ဦးအုံးကြည်၊ ဥပဒေအရာရှိ အဆင့်(၁)၊ ရှေ့နေချုပ်ရုံး။ |
| လျှောက်ထားခံရသူအတွက် | — | ဦးထွန်းဝေ၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးဘဟန်၊ ဒုတိယညွှန်ကြား ရေးမှူး၊ တရားရုံးချုပ်။ |

ရခိုင်ပြည်နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁၁/ ၈၉တွင် မောင်ချေ့(ခ)ထွန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ စွဲချက်တင်စစ်ဆေးပြီးနောက် ယင်းဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှု ထင်ရှားတွေ့ရှိပြီး ကျခံပြီးသောချုပ်ရက်များကို ထောင်ဒဏ်အဖြစ် သတ်

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၇၆ (ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁၁ တွင် ချမှတ်သော (၃-၇-၉၀) ရက်စွဲပါ ရခိုင်ပြည်နယ် (စစ်တွေမြို့နယ်ရုံး)၏ အမိန့်ကို ပြင်ဆင်မှု

မှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို နိုင်ငံတော်ရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ၁၇-၉-၈၇ ရက်နေ့ ၁၀း၄၅ နာရီအချိန်ခန့်တွင် စစ်တွေမြို့၊ ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန်၏ အကြောင်းကြားချက်အရ ဆေးရုံတွင် ဓားဒဏ်ရာဖြင့်လူနာ (၁) ယောက် သေဆုံးနေကြောင်းသိရသဖြင့် စစ်တွေမြို့အမှတ် (၁) ရဲစခန်းမှ စခန်းမှူး ဦးအောင်မြင့်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုရာ သေဆုံးသူမှာ တောလုံးကွင်းရပ်နေ အောင်ကျော်ထွန်း (ခ) အထွန်းဖြစ်ကြောင်း တွေ့ရပြီး သေသူအားဓါးဖြင့် ထိုးသူမှာ ဘောက်သီးစုရပ်နေ မောင်ချေဆိုသူ ဖြစ်သည်ဟုသိရကြောင်း၊ သို့ဖြစ်၍ ၎င်းမောင်ချေအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အရေးယူပေးပါရန်ဟု ဦးအောင်မြင့်က တိုင်ချက်ရေးဖွင့်ရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

နိုင်ငံတော်ရှေ့နေချုပ်ရုံးက အဓိကပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာ၌ ပြည်နယ်တရားရုံးက တရားခံအား ကျခံပြီးသောချုပ်ရက်များကို ထောင်ဒဏ်အဖြစ် သတ်မှတ်လိုက်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၁ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၁ တို့နှင့် ညီညွတ်မှုမရှိကြောင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်မှာ မျှတမှုမရှိကြောင်း။ ပြည်နယ်တရားရုံး၏ အမိန့်သည် ဥပဒေအရ တိမ်းစောင်းလျက်ရှိကြောင်းဖြင့် တင်ပြထားသည်။

ပြည်နယ်တရားရုံး၏ အမှုတွဲကိုလေ့လာရာ၌ အချင်းဖြစ်နေ့က သေသူအထွန်းနှင့် တရားခံမောင်ချေတို့သည် လုံးထွေးသတ်ပုတ်ကြကြောင်းမှာ ထင်ရှားလျက်ရှိသည်၊ ယင်းသို့ လုံးထွေးကြပြီးနောက် သေသူ၌ ထိုးဝင်ဒဏ်ရာရရှိပြီး ယင်းဒဏ်ရာကြောင့် သေဆုံးသွားကြောင်းလည်း ပေါ်ပေါက်သည်။ တရားခံက သက်သေခံအမှတ် (ဂ) ဖြောင့်ချက်ကိုပေးခဲ့ပြီး ရုံးရှေ့၌ပြန်လည်ရုပ်သိမ်းခဲ့သည်၊ ဖြောင့်ချက်ကို ရဲအရာရှိကပေးရမည်ဟု ပြော၍ ပေးခဲ့ရခြင်းဖြစ်သည်ဟု ထွက်ဆိုထားသော်လည်း မည်သို့မည်ပုံ အတင်းအကျပ်ပြုလုပ်ပြီး ဖြောင့်ချက်ပေးစေခဲ့ကြောင်းကိုမူ တင်ပြထွက်ဆိုထားခြင်းမရှိပေ။

သက်သေခံအမှတ် (ဂ) ဖြောင့်ချက်၌ အချင်းဖြစ်ပွားရာ လေယာဉ်ရုံးသို့အလာတွင် ဓါးတစ်လက် ယူလာခဲ့သည်ဟုလည်းကောင်း၊ ဖခင်ဖြစ်သူ ဦးဖိုးမြအား သေသူမှ မရိုမသေနောက်ပြောင်သည့်ကိစ္စ မေးမြန်းရာမှ သေသူနှင့်စကားများ လုံးထွေးသတ်ပုတ်ခဲ့ရကြောင်း၊ လက်သီးဖြင့်လည်းထိုးကြောင်း၊ မိမိကရှက်ရှက်နှင့်အသင့်ပါလာသောဓါးဖြင့် တစ်ချက်ရမ်း၍ ထိုးခဲ့ကြောင်းဖြောင့်ဆိုထားသည်။ ရုံးရှေ့ထွက်ချက်၌မူ သေသူ

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် မောင်ချေ (ခ) လွန်းဝင်း

အားမိမိဖခင် ဘယ်မှာလဲဟုမေးရာ ''မင်းလဲတစ်ယောက်ရှိသေးလား'' ဟုပြောပြီး ၎င်း၏လက်ထဲမှ အရာဝတ္ထုဖြင့် မိမိအားထိုးကြောင်း၊ မိမိက သေသူ၏လက်ကို ဖမ်းချုပ်ပြီး လုံးထွေးကြရာမှ နှစ်ယောက်စလုံး လဲကျ သွားကြောင်း၊ မိမိကလဲကျရာမှထပြီး စက်ဘီးဖြင့် ပြန်လာခဲ့ကြောင်းဖြင့် ထွက်ဆိုထားသည်၊ ဆိုလိုသည်မှာ သေသူသည် ၎င်း၏လက်ဝယ်ရှိ ဓားဖြင့် ထိုးမိပြီး သေဆုံးခြင်းသာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

မောင်စောအေး (လိုပြ-၂)၊ အောင်သိန်းကျော် (လိုပြ-၃) တို့၏ ထွက်ချက်အရ တရားခံသည်စက်ဘီးဖြင့်ရောက်လာပြီး သေသူအား၎င်း၏ ဖခင်နှင့်ဘာဖြစ်ကြသလဲဟု မေးသံကြားရကြောင်း၊ သေသူနှင့်လုံးထွေး ကြကြောင်း၊ အချင်းချင်းနောက်ပြောင်ကြသည်ဟု ထင်မိကြောင်းထွက် ဆိုထားကြသည်။ မောင်စောအေးမှာ သေသူနှင့် (၈) ပေခန့်အကွာတွင် ရှိနေကြောင်း၊ သေသူက ၎င်းအားဆေးရုံသို့ပို့ပေးရန် ပြောသဖြင့်လှည့် ကြည့်ရာ ၎င်းသည်သွေးချင်းဖြင့် လဲနေသည်ကိုတွေ့ပြီး မောင်ချေမှာမရှိ တော့ကြောင်း၊ အထွန်းအားဆိုက်ကားဖြင့် ဆေးရုံသို့ပို့ရာ ဆေးရုံ အရောက်တွင် သေဆုံးသွားကြောင်းဖြင့် ထွက်ဆိုထားသည်။ သေသူ အထွန်းသည် မောင်ချေက ဓါးဖြင့်ထိုး၍ ယင်းဒဏ်ရာကြောင့် သေဆုံး ရခြင်းဖြစ်ကြောင်းမှာ အမှန်ဟု ထင်ရှားပေါ်ပေါက်သည်။

တစ်ဦးနှင့်တစ်ဦး လုံးထွေးသတ်ပုတ်ကြရာမှ မောင်ချေကဓါးဖြင့်ထိုးခဲ့ ခြင်းဖြစ်သောကြောင့် တရားခံမောင်ချေ၏ပြုလုပ်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အစား ၃၀၄ နှင့်သာ အကျုံးဝင်ကြောင်း သုံးသပ် ထားချက်မှာ သိသိသာသာမှားယွင်းသည်ဟု မဆိုနိုင်ပေ။ ယင်းပုဒ်မ ၃၀၄ ၏ပြဋ္ဌာန်းချက်၌ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက် သေလွန်သေမှုကို ကျူးလွန်လျှင် ထိုသူကိုတစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ (၁၀) နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်း ချက်ရှိသည်။ ပြည်နယ်တရားရုံးက ပြစ်ဒဏ်သတ်မှတ်ရာတွင် ''ကျခံပြီး သော ချုပ်ရက်များကို ထောင်ဒဏ်အဖြစ်သတ်မှတ်လိုက်သည်'' ဟုအမိန့် ချမှတ်ခဲ့သည်။ တရားခံ၏ချုပ်ရက်ကာလမှာ (၂) နှစ်ကျော်ခန့် ရှိသည် ဟုလည်း ဖော်ပြထားသည်။

ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်သတ်မှတ်ရာတွင် ထောင်ဒဏ်ချမှတ်လို ပါက ထောင်ဒဏ်မည်၍မည်မျှ ကျခံရမည်ဟု တိတိကျကျဖော်ပြရန် လို အပ်မည်ဖြစ်သည်။ ယင်းသို့ဖော်ပြခြင်းမရှိဘဲ တရားခံ အချုပ်ခံခဲ့ရသည့် ကာလကိုထောင်ဒဏ်အဖြစ် သတ်မှတ်ခြင်းသည် လုပ်ထုံးလုပ်နည်း အရ မှန်ကန်သည်ဟုမဆိုနိုင်ပေ၊ ပြစ်ဒဏ်ကာလမှာလည်း အထက်ဖော်ပြပါ ပုဒ်မ ၃၀၄ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် သက်ညှာလွန်းသည်ဟု ယူဆရ ပေသည်။ ပြစ်မှုနှင့်ပြစ်ဒဏ် ဆီလျော်မျှတမှုရှိသည်ဟု မဆိုနိုင်ပေ။

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မောင်ချေ (ခ)
ထွန်းဝင်း

ထို့ကြောင့်ဤပြင်ဆင်မှုကိုခွင့်ပြု၍ လျှောက်ထားခံရသူ မောင်ချေ (ခ) ထွန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး ကျခံပြီးသောချုပ်ရက်များကို ထောင်ဒဏ်အဖြစ် သတ်မှတ်ကြောင်း ချမှတ်ထားသည့် ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၎င်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ထောင်ဒဏ် (၅) နှစ် (ငါးနှစ်တိတိ) ကျခံစေရန်ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ချုပ်ရက်ရှိက ထောင်ဒဏ်ကာလမှ ထုတ်နှုတ်ခံစားစေ။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်

### ပြည်ထောင်စု မြန်မာနိုင်ငံတော်

### နှင့်

### ကိုစိန်ချွန်းပါ (၁၀) *

† ၁၉၉၁
စက်တင်
ဘာလ
၁၅ ရက်

**လောင်းကစား ဥပဒေပုဒ်မ ၅(ခ)-စကားရပ်များအစားထိုးသည့် ဥပဒေပုဒ်မ ၂(စ)-ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တစ်ဦးတည်းက ရှာဖွေဝရမ်းတွင် လက်မှတ်ရေးထိုးခြင်းသည် ထုံးနည်းမကျဟု ဆိုနိုင်-မဆိုနိုင်။**

ဆုံးဖြတ်ချက်။ လောင်းကစား ဥပဒေပုဒ်မ ၅(ခ) အရ ယခင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ ဥက္ကဋ္ဌသည် ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိ တစ်ဦးအား ဝရမ်းထုတ်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

စကားရပ်များ အစားထိုးသည့် ဥပဒေပုဒ်မ ၂(စ) အရ ရပ်ကွက် နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကို ရပ်ကွက် နှင့် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဖြင့် အစားထိုးပြီး ဖြစ်ရာ ယခင် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကို ယခု ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအနေဖြင့် လုပ်ပိုင်ခွင့် မရှိဟု မဆိုနိုင်ပေ။ ထို့ကြောင့် သက်သေခံ (က) ရှာဖွေ ဝရမ်းကို ဥက္ကဋ္ဌတစ်ဦးတည်းက လက်မှတ်ရေးထိုးခြင်းအတွက် ထုံးနည်း မကျဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးထွန်းရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေ ချုပ်ရုံး။ |
| အယူခံတရားခံများအတွက် | — | ဦးအေးမောင်၊ တရားရုံးချုပ် ရှေ့နေ၊ (မလာ) |
| တရားရေးအကြံပေး | — | ဦးဘတင့်၊ ဒုတိယညွှန်ကြား ရေးမှူး၊ တရားရုံးချုပ်။ |

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၇၁

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၇၄ တွင် ချမှတ်သော (၁၆-၁၀-၉၀) ရက်စွဲပါ ဒီပဲယင်းမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၀ မြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ကိုစိန်ချွန်း ပါ(၁၀)

ဒိဝ်ယင်းမြို့နယ် တရားရုံး မြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၇၃/၈၉ တွင် ကိုစိန်ချွန်း ပါ(၁၀) ဦးတို့အပေါ် လောင်းကစား ဥပဒေ ပုဒ်မ ၁၃(က) ၁၄(က) တို့ အရ တရားစွဲဆိုခဲ့ရာ မြို့နယ် တရားရုံးက တရားခံများအားလုံးအပေါ် စွဲချက်တင် စစ်ဆေးပြီးနောက် အမှုမှ အပြီး အပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ရှေ့နေချုပ် ရုံးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ဤ အယူခံမှုကိုတင်သွင်းသည်။

အမှုမှာ ၁၂-၆-၈၉ ရက်နေ့ ၁၃း၁၀နာရီအချိန်တွင် ဒိဝ်ယင်းမြို့နယ် မူးသစ်ရွာ ကိုတွတ်၏ အိမ်တွင် လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ မူးကမ်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်စခန်းမှူးဦးလှမြင့်နှင့် အဖွဲ့က သက်သေလူကြီးများနှင့်အတူ လောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေခွင့်ရရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုတွတ်မှာ ခရီးသွား နေ၍ မတွေ့ရဘဲ ကိုစိန်ချွန်းက အကောက်ဒိုင် အဖြစ်နှင့် ကျော်မောင်၊ စိန်ဝင်း၊ အောလူး၊ ကျော်ရှင်း၊ ထွန်းကြည်၊ ကံညို၊ မောင်ပေါ၊ ထွန်း ရှိန်နှင့် စိန်ထွေးတို့အား လောင်းကစားနေကြသည်ကို သက်သေခံဖဲထုပ်၊ လောင်းကစားငွေ ၁၀၃၀/-ကျပ်၊ အောက်ခံအခင်း ကြမ္ဘြစ် အသုံးပြု သော ဂုန်နီအိတ်နှင့်တကွ တွေ့ရှိရသဖြင့် မူးကမ်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်စခန်းမှူး ဦးလှမြင့်က သက်ဆိုင်ရာ မူးကမ်း ရဲစခန်းတွင် ထိုနေ့ တွင်ပင် အမှုဖွင့် တိုင်တန်းချက် အရ တရားစွဲဆို တင်ပို့ခဲ့သော အမှု ဖြစ်သည်။

နိုင်ငံတော် ရှေ့နေချုပ်ရုံးမှ အဓိကအယူခံ အကြောင်းပြချက် အဖြစ် တင်ပြရာတွင် လောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေ ဖမ်းဆီးသူ အဖွဲ့ ခေါင်းဆောင် ဒုရဲအုပ် ဦးလှမြင့်၏ ထွက်ချက်အရ စိန်ချွန်းက အကောက် ဒိုင်လုပ်ပြီး ကျော်ရှင်း၊ အောလူး၊ ကံညို၊ ထွန်းကြည်တို့က လောင်းကစား နေကြပြီး ကျော်မောင်၊ စိန်ဝင်း၊ စိန်ထွေး၊ မောင်ပေါနှင့်ထွန်းရှိန်တို့က ဘေးမှ ထိုးသားအဖြစ် လောင်းကစား နေကြကြောင်း ပေါ်ပေါက်သည့် ပြင် သက်သေခံ ပစ္စည်းများဖြစ်သော ဖဲချပ်(၁၀၈)ချပ်၊ ဂုန်နီအိတ်ခွံ တစ်လုံး ငွေ ၁၀၃၀/-ကျပ်တို့ကို ရှာဖွေပုံစံဖြင့်သိမ်းဆည်းရမိကြောင်း ပေါ်ပေါက်ပါလျက် မူလရုံးက ဝရမ်းမှာ တရားဝင်ဝရမ်းမဟုတ်ကြောင်း နှင့် လောင်းကစားနေကြောင်း ပေါ်လွင်အောင် တရားလိုဘက်မှ ပြသ နိုင်ခြင်း မရှိဟု သုံးသပ်ပြီး တရားခံများအား အမှုမှ အပြီးအပြတ် လွှတ် ခြင်းမှာ မှားယွင်းကြောင်းဖြင့် တင်ပြသည်။

ဒုရဲအုပ် ဦးလှမြင့် (လိုပြ-၁) ၏ ထွက်ချက်အရ သက်သေခံ အမှတ် (က) လောင်းကစားအိမ်အားရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့်သက်သေလူကြီး များဖြစ်ကြသော ဦးမော်(လိုပြ-၃)နှင့် ဦးသိန်းမောင်တို့နှင့်အတူ အချင်း

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကိုစိန်ချွန်း
ပါ(၁၀)

ဖြစ်ချိန်က ဝင်ရောက် ရှာဖွေရာတွင် စိန်ချွန်းက အနောက်ဘက်ဒိုင် အဖြစ်နှင့် ကျော်ရှင်း၊ အာလူး၊ ကံညို၊ ထွန်းကြည်တို့မှာ ဖဲကစားနေသည်ကို တွေ့ရကြောင်း၊ ကျော်မောင်၊ စိန်ထွေး၊ စိန်ဝင်း၊ မောင်ပေါ၊ ထွန်းရှိန်တို့က ဘေးထိုးသားများ အဖြစ် ဖဲကစားနေကြပြီး သက်သေခံ ဖဲချပ် (၁၀၈)ချပ်၊ လက်ဆောအဖြစ်အသုံးပြုသော ဖဲချပ်(၉)ချပ်၊ ဂုန်နီအိတ် တစ်လုံးနှင့် ဖဲဝိုင်းအတွင်းမှ ငွေ ၂၅/–ကျပ် အပြင် ဖဲကစားနေသူများ ထံမှလည်း ငွေများ တွေ့ရသဖြင့် ရှာဖွေပုံစံ သက်သေခံ (ခ) အဖြစ် သိမ်းဆည်းရာတွင် တရားခံများက အပ်ပေးသူများ အဖြစ် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုး အပ်ပေးခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားခံများအား ဖဲကစားနေစဉ် တွေ့ရပုံနှင့် စပ်လျဉ်း၍ ဦးလှမြင့်နှင့် အတူ လောင်းကစားဝိုင်း ဖမ်းဆီးစဉ်က ပါဝင်ခဲ့ကြသော ရဲတပ်ကြပ် ကျော်မြင့် (လိုပြ–၂)၊ ရဲတပ်သား အောင်မြင့်သိန်း (လိုပြ–၄) နှင့် ရဲတပ်သား သန်းဦး (လိုပြ–၅) တို့က ဦးလှမြင့်အား ထောက်ခံထွက်ဆို ကြသည်။

မူးသစ်ကျေးရွာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် ဦးမော် (လိုပြ–၃) က ဦးသိန်းမောင်က ကိစ္စတစ်ခုရှိ၍ လိုက်ခဲ့ရန် ခေါ်သဖြင့် လိုက်သွားသောအခါ စိန်ချွန်းနှင့် လူ(၉)ဦးကို တွေ့ရကြောင်း၊ စခန်းမှူး ဦးလှမြင့်က လောင်းကစားဝိုင်းဖမ်းထား၍ အသိသက်သေအဖြစ် လက်မှတ် ရေးထိုးပေးရန်ပြောသဖြင့် သက်သေခံ (ခ) ရှာဖွေပုံစံပေါ်တွင် လက်မှတ် ရေးထိုးပေးလိုက်ရကြောင်း ထွက်ဆိုထားသည်။

တရားလိုပြသက်သေ ဦးလှမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ ထွက်ချက် အရ တရားခံများအား ဖဲကစားနေစဉ် သက်သေခံ ပစ္စည်းများ ဖြစ်သော ငွေများ၊ ဖဲချပ်များနှင့်တကွ လက်ပူးလက်ကြပ် တွေ့ရှိ ဖမ်းဆီးရမိခဲ့သည် မှာ ထင်ရှားသည်။ လောင်းကစား ဥပဒေ ဆိုင်ရာ လုပ်ထုံး လုပ်နည်း စာပိုဒ် ၂၈(င) အရ လောင်းကစားအိမ်ကို ဝင်ရောက်ရာတွင် သက်သေ အနည်းဆုံး နှစ်ဦး ပါရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ဦးမော်၏ ထွက်ချက် အရ ၎င်းမှာ ဖဲဝိုင်းကို ရှာဖွေဖမ်းဆီးပြီး နောက်မှ ဦးသိန်းမောင် လာ ခေါ်၍ လိုက်သွားရာတွင် လောင်းကစားဝိုင်း ဖမ်းထားတာကို တွေ့ရခြင်း ဖြစ်ရာ ဖမ်းဆီးချိန်က သက်သေ နှစ်ဦး မပါသဖြင့် ဖမ်းဆီးရာတွင်မူ လုပ်ထုံးလုပ်နည်း အနည်းငယ် ကွဲလွဲကြောင်း ပေါ်ပေါက်သည်။

သို့ရာတွင် ဒေါ်သိန်းကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၁] တွင် ရှာဖွေရာတွင် စည်းကမ်း နည်းလမ်းတကျ မရှိရုံမျှနှင့်

(၁) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ဗဟို)၊ စာ-၁၁၃။

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကိုစိန်ညွှန်း
ပါ(၁၀)

အမှုမှာ ပျက်ပြယ်မှု မရှိနိုင်ကြောင်း ထုံးဖွဲ့ လမ်းညွှန်ထားသည်။ ထို့ကြောင့် လောင်းကစားသူများအား လောင်းကစားကိရိယာ ဖဲချပ်များ၊ ငွေများ ဖြစ်သော သက်သေခံ ပစ္စည်းများနှင့် တွေ့ရကြောင်း ထင်ရှားပါလျက် ရှာဖွေရာတွင် အနည်းငယ် ချို့ယွင်းကာမျှနှင့် အမှုပျက်ပြယ်ရန် အကြောင်းမရှိပေ။

လောင်းကစား ဥပဒေ ပုဒ်မ ၁၈ တွင် လောင်းကစား အိမ်၌လည်းကောင်း၊ ထိုအိမ်သို့ ရောက်ရှိနေသူများ၏ ကိုယ်ပေါ်တွင် လည်းကောင်း၊ လောင်းကစားကိရိယာ တစ်ခုခုကို တွေ့ရှိလျှင်လောင်းကစားနေသည်ကိုမမြင်တွေ့ရစေကာမူ လောင်းကစားအိမ်အဖြစ်အသုံးမပြုကြောင်း၊ သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေခြင်း မဟုတ်ကြောင်း ထိုအိမ်တွင် ရောက်ရှိနေသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ် အဖြစ် အသုံးပြုသည်ဟူ၍ လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများ ဖြစ်သည် ဟူ၍ လည်းကောင်း မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။

ဖော်ပြပါ ပြဋ္ဌာန်းချက်အရ တရားခံများ အနေဖြင့် ဖဲထုပ်၊ လောင်းကစားရန် ငွေများနှင့် တကွ ၎င်းတို့ ရောက်ရှိနေရာ နေအိမ်မှ တွေ့ရှိရသည့် ကိစ္စနှင့် စပ်လျဉ်း၍ လောင်းကစားရန် အတွက် ရောက်ရှိနေခြင်း မဟုတ်ကြောင်း ထင်ရှားစွာ သက်သေပြရန် လိုအပ်သည်။ ယခု ထိုသို့ ပြသနိုင်ခြင်း မရှိသဖြင့် တရားခံများ အနေဖြင့် အဆိုပါ နေအိမ်တွင် ရောက်ရှိနေခြင်းမှာ လောင်းကစားရန် ရောက်ရှိနေသူများ ဖြစ်သည်ဟု မှတ်ယူရမည်။ မြို့နယ် တရားရုံးက သုံးသပ်ရာတွင် သက်သေခံ (က) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးခွင့် ဝရမ်းတွင် ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် သုံးဦးက လက်မှတ်ရေးထိုးရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၈၉ အရ ကြေညာ ထားသော်လည်း ဥက္ကဋ္ဌ တစ်ဦးတည်းကသာ လက်မှတ်ရေးထိုး၍ လုပ်ထုံးနှင့် ညီညွတ်ခြင်း မရှိကြောင်း သုံးသပ်ထားကြောင်း တွေ့ရသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ ဥပဒေအရာရှိမှ လျှောက်လဲ တင်ပြရာတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ အမိန့် ကြော်ငြာစာ အမှတ် ၂/၈၉ ကို ၁၆-၆-၈၉ နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဝရမ်းကို ၁၂-၆-၈၉ ရက်နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သဖြင့် ၎င်းအမိန့်ကြော်ငြာစာ အရ ဝရမ်းမှာ ပျက်ပြယ်ရန် မရှိကြောင်း တင်ပြသည်။ လောင်းကစား ဥပဒေပုဒ်မ ၅(ခ) အရ ယခင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် ဒုတိယ ရဲအုပ် အဆင့်ထက် မနိမ့်သော ရဲအရာရှိ တစ်ဦးအား ဝရမ်းထုတ်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ကိုစိန်ချွန်း
ပါ(၁၀)

စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုသည့် ပုဒ်မ ၂(စ) အရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဖြင့် အစား ထိုးပြီး ဖြစ်ရာ ယခင် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၏ လုပ်ပိုင် ခွင့်ကို ယခု ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ အနေဖြင့် လုပ်ပိုင်ခွင့်မရှိဟု မဆိုနိုင်ပေ။ ထို့ကြောင့် သက်သေခံ (က) ရှာဖွေဝရမ်းကို ဥက္ကဋ္ဌ တစ်ဦးတည်းက လက်မှတ် ရေးထိုးခြင်း အတွက် ထုံးနည်းမကျဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး မြို့နယ်တရားရုံးက အယူခံ တရားခံ များက ပြစ်မှု ကျူးလွန်ခြင်း မရှိဟု ဆိုကာ အမှုမှ အပြီး အပြတ် လွှတ် သော အမိန့်ကို ပယ်ဖျက်၍ အယူခံ တရားခံမောင်စိန်ချွန်းအား လောင်း ကစား ဥပဒေပုဒ်မ ၁၄(က) အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် (တစ်နှစ်) ကျခံစေရန်နှင့် ကျန် အယူခံ တရားခံများအား လောင်းကစား ဥပဒေပုဒ်မ ၁၃(က) အရ အလုပ်နှင့် ထောင်ဒဏ် (၆)လ (ခြောက် လ) စီ အသီးသီး ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်ရှိက ထောင်ဒဏ်ကာလမှ ထုတ်နုတ်ခံစားစေ။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ချုပ်ဦးအောင်တိုး၊ တရားသူကြီးများ
ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့်
ဦးကျော်ဝင်းတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

စိုးမြင့်နိုင်ပါ (၄၀) *

† ၁၉၉၁
ဩဂုတ်လ
၂၃ ရက်

၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေပုဒ်မ ၈ (၁)၊၁၀ (၃) သက်သေခံနွားများနှင့် နွားများသယ်ဆောင်သည့် မော်တော်ယာဉ်များကို မူလရုံးက ပြည်သူ့အကျွာအဖြစ် သိမ်းယူစေရန် အမိန့်ချမှတ်ခဲ့ရာ တရားရုံးချုပ် ပြင်ဆင်မှုတွင်–မူလရုံးအမိန့်ကို ပယ်ဖျက်၍ သက်ဆိုင်ရာပိုင်ရှင်အသီးသီးသို့ ပြန်ပေးစေရန်ချမှတ်ခဲ့သည့် အမိန့်အပေါ် အထူးအယူခံမှု–စီရင်ထုံးတစ်ရပ်သည် ဆိုင်ရာအမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်အတွက်သာ အခြေဖြစ်ခြင်း–တရားသေအသုံးပြုရန်မဟုတ် ပြည်သူ့အကျွာအဖြစ် သိမ်းယူရန်သင့်မသင့်မှာ အမှုတစ်မှုစီ ဖြစ်ရပ် အသီးသီးအရ ဆုံးဖြတ်ရခြင်း–သက်သေခံနွားများကို မိမိတို့မော်တော်ယာဉ်အသီးသီးဖြင့် သယ်ဆောင်ခြင်းကို မသိရှိပါဟူသော အကြောင်းပြချက် လက်ခံနိုင်ခြင်း ရှိမရှိ။

ဆုံးဖြတ်ချက်။ စီရင်ထုံးတစ်ရပ်သည် သက်ဆိုင်ရာအမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်အတွက်သာ အခြေဖြစ်သည်။ အမှုအားလုံးတွင် တရားသေ အသုံးပြုရန်မဟုတ်ချေ။ ဥပဒေနှင့် ငြိစွန်းသောပစ္စည်းအား သယ်ယူ

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၃

† ၁၉၉၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၃၂၅(ခ)၊၃၄၅(ခ)၊ / ၃၇၀(ခ)ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄၄၊၃၅၂ တို့တွင်ချမှတ်သော (၂၁-၃-၉၁) ရက်စွဲပါတရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကိုအယူခံမှု

၁၉၉၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် စိုးမြင့်နိုင် ပါ(၄၀)

ဝှိုဆောင်ရာ၌ မိမိ မော်တော်ယာဉ်ကို အသုံးပြုသည့်ကိစ္စအား ပိုင်ရှင်ဖြစ်သူက မသိသည်ကို အကြောင်းပြုပြီးယင်း မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း မပြုနိုင်ဟူသော တရားသေ သတ်မှတ်ထားသည့် ဥပဒေမရှိချေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသင့် မသင့်မှာ အမှုတစ်မှုစီတွင် ပေါ်ပေါက်သော ဖြစ်ရပ်အသီးသီးအရ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ အချင်းဖြစ် မော်တော်ကားများတွင် အခြားကုန်ပစ္စည်းများမတွေ့ရသဖြင့် သက်သေခံနွားများကို သယ်ဆောင်ရန်အတွက် သက်သက်ယင်းကားများကို အသုံးပြုခဲ့ကြောင်း ထင်ရှားသည်၊ ဒေသအနေအထားအရဆိုလျှင် ယင်းနွားများ ပြည်တွင်းတစ်နေရာမှ တစ်နေရာကို သယ်ဆောင်သည့် ကိစ္စမျိုးမဟုတ်ဘဲ ယုတ်စွအဆုံး တစ်ဖက်နိုင်ငံသို့ သယ်ပို့ခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ပေါ်ပေါက်သည်။ နယ်စပ်ဒေသသို့ အလွယ်တကူ သွားလာနိုင်သော ဒေသများတွင် မော်တော်ယာဉ်ပိုင်ရှင်တို့သည် ယာဉ်မောင်းအစရှိသော မိမိတို့၏ အလုပ်သမားများအား ဥပဒေနှင့်ငြိစွန်းသည့် ကုန်ပစ္စည်းများ မသယ်မိစေရန် ပိုမိုကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်၊ ထိုသို့ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်သည့်အမှုတွင် နွားများကို မိမိတို့ မော်တော်ယာဉ်အသီးသီးဖြင့် သယ်ဆောင်ခြင်းကို မသိရှိရပါဟူသော အကြောင်းပြချက်တစ်ရပ်တည်းဖြင့် ယင်းယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် တောင်းဆိုခြင်းမပြုနိုင်။

အစုစုဖွဲ့၍ ပြစ်မှုကျူးလွန်ခြင်းသည် လူ့အဆောက်အအုံကို ထိပါးသည့်ဖြစ်၍ ပြစ်မှုငယ်သည်ကြီးသည်ကို အဓိကမထားဘဲ ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုအပ်သည်၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းကို ဖျက်ဆီးခြင်းသို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းသည်လည်း ထိရောက်သောအရေးယူမှု၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်၊ သို့ဖြစ်ရာ နွားအများအပြားကို မော်တော်ယာဉ်ငါးစီးဖြင့်ပူးပေါင်းသယ်ဆောင်ကြသည့် ကိစ္စ၌ နွားများကိုလည်းကောင်း မော်တော်ယာဉ်များကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသင့်ပေသည်။

အယူခံတရားလိုအတွက် — ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက်— အယူခံတရားခံ (၁) မှ (၂၅) (၃၂) နှင့် (၃၉) တို့အတွက် တရားရုံးချုပ်ရှေ့နေ ဦးလွန်းမောင် (၃၃) (၃၄) (၃၅) တို့အတွက် ဦးခင်

မောင်မြင့်ဆွေ တရားရုံးချုပ်ရှေ့နေ (၃၆) (၃၇) (၃၈) တို့အတွက် ဦးအုံးမြင့်၊ တရားရုံးချုပ် ရှေ့နေ (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၃၁) ကိုယ်ဆိုင် (၄၀) အတွက် ဦးဉာဏ်ဝင်း၊ တရားရုံးချုပ်ရှေ့နေ

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
စိုးမြင့်နိုင်
ပါ(၄၀)

တရားရေးအကြံပေး — ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရှမ်းပြည်နယ် တရားရုံး (တောင်ကြီးမြို့နယ်စု) ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၉ တွင် အယူခံ တရားခံ စိုးမြင့်နိုင်နှင့် အခြားသူများအား နွားများကို ခွင့်ပြုချက် မရှိဘဲ သယ်ဆောင်သည့်အတွက် ၁၉၄၇ ခုနှစ် အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ ထောင်ဒဏ် (၃) နှစ် ကျခံစေရန်နှင့် သက်သေခံ နွားများနှင့် ယင်း နွားများကို သယ်ဆောင်သည့် သက်သေခံ မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူစေရန်အမိန့်ချမှတ်ခဲ့သည်။ အယူခံတရားခံစိုးမြင့်နိုင်နှင့် အခြားတရားခံများက တရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၄၄ နှင့် ၂၅၂ တို့တွင် အသီးသီး အယူခံဝင်သည်။ ကားပိုင်ရှင်များ ဟု အဆို ရှိသော ဒေါ်လှကြည်နှင့် အခြား သူများကလည်းတရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၂၅ (ခ)၊ ၃၄၅ (ခ) နှင့် ၃၇၁ (ခ) တို့တွင် အသီးသီး လျှောက်ထားကြသည်။ တရားရုံးချုပ်က တရားခံများအပေါ် ၁၉၄၇ ခုနှစ် အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အစား ပုဒ်မ ၈ (၃) အရ ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်ကာ ထောင်ဒဏ် (၆) လစီ ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်သည်။ ထို့ပြင် သက်သေခံ မော်တော်ကားများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းကို ပယ်ဖျက်၍ သက်ဆိုင်ရာ ပိုင်ရှင် အသီးသီးသို့ ပြန်ပေးစေရန် ပြင်ဆင် အမိန့် ချမှတ်လိုက်သည်။ တရားရုံးချုပ်၏ အမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်ကြားနာ စိစစ် စစ်ဆေးရန် အလို့ငှာ ဤ အထူး အယူခံမှုကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်သည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ညွှန်ကြားရေးမှူးက တရားခံများအား ၁၉၄၇ ခုနှစ် အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၃) အရ တရားရုံးချုပ်က

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
စိုးမြင့်နိုင်
ပါ(၄၀)

ပြင်ဆင်ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်ကြောင်း ဝန်ခံသည်။ သို့ရာတွင် သက်သေခံ နွားများကို သက်ဆိုင်ရာမှ ခွင့်ပြုချက် မရဘဲ သက်သေခံ ကား (၅) စီးဖြင့် သယ်ဆောင်ခဲ့သည်မှာ ပေါ့လွှင့်သည် ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ပြည်သူ့ဘဏ္ဍာ အဖြစ် ရှမ်းပြည်နယ် တရားရုံးက သိမ်းယူခဲ့ခြင်းမှာ မှန် ကန် ပါ၏ လျက် တရားရုံးချုပ်က ပိုင်ရှင်အသီးသီးအား ပြန်ပေးခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

ကားပိုင်ရှင်များ ဘက်မှ သက်သေခံ နွားများကို အချင်းဖြစ် ကားများဖြင့် သယ်ဆောင်ခဲ့သည့် ကိစ္စတွင် ကားပိုင်ရှင်များ လုံးဝ မသိရှိကြောင်း၊ ပိုင်ရှင်များ သိ မသိ စုံစမ်း စစ်ဆေး ခဲ့ခြင်းလည်း မရှိကြောင်း၊ သို့ဖြစ်၍ ကားများကို ပိုင်ရှင် အသီးသီးအား ပြန်ပေးခြင်းမှာ မှန်ကန်ကြောင်း စီရင်ထုံး အကိုးအကားဖြင့် တင်ပြ လျှောက်ထားသည်။

စီရင်ထုံး တစ်ရပ်သည် သက်ဆိုင်ရာ အမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ် အတွက်သာ အမြဲ ဖြစ်သည်။ အမှု အားလုံးတွင် တရားသေ အသုံးပြုရန် မဟုတ်ချေ။ ဥပဒေနှင့် ငြိစွန်းသော ပစ္စည်းအား သယ်ယူ ပို့ဆောင်ရာ၌ မိမိ မော်တော်ယာဉ်ကို အသုံးပြုသည့် ကိစ္စအား ပိုင်ရှင် ဖြစ်သူက မသိသည်ကိုအကြောင်းပြုပြီး ယင်းမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်း မပြုနိုင် ဟူသော တရားသေ သတ်မှတ်ထားသည့် ဥပဒေ မရှိချေ။ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူသင့် မသင့်မှာ အမှု တစ်မှုစီတွင်ပေါ်ပေါက်သော ဖြစ်ရပ် အသီးသီး အရ ဆုံးဖြတ်ရမည့် ကိစ္စဖြစ်သည်။

အချင်းဖြစ် မော်တော်ကားများတွင် အခြားကုန်ပစ္စည်းများ မတွေ့ရသဖြင့် သက်သေခံ နွားများကို သယ်ဆောင်ရန် အတွက် သက်သက် ယင်း ကားများကို အသုံးပြုခဲ့ကြောင်း ထင်ရှားသည်။ ဒေသ အနေအထား အရ ဆိုလျှင် ယင်း နွားများ ပြည်တွင်း တစ်နေရာမှ တစ်နေရာကို သယ်ဆောင်သည့် ကိစ္စမျိုး မဟုတ်ဘဲ ယုတ်စွအဆုံး တစ်ဖက်နိုင်ငံသို့ သယ်ပို့ခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ပေါ်ပေါက်သည်။ နယ်စပ်ဒေသသို့ အလွယ်တကူ သွားလာနိုင်သော ဒေသများတွင် မော်တော်ယာဉ် ပိုင်ရှင်တို့သည် ယာဉ်မောင်း အစရှိသော မိမိတို့၏ အလုပ်သမားများအား ဥပဒေနှင့် ငြိစွန်းသည့် ကုန်ပစ္စည်းများ မသယ်မိစေရန်၊ ပိုမို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။ ထိုသို့ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်သည့် အမှုတွင် နွားများကို မိမိတို့ မော်တော်ယာဉ် အသီးသီးဖြင့် သယ်ဆောင်ခြင်းကို မသိရှိရပါ ဟူသော အကြောင်းပြချက်တစ်ရပ်တည်းဖြင့် ယင်း ယာဉ်များအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် တောင်းဆိုခြင်းမပြုနိုင်။

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
စိုးမြင့်နိုင်
ပါ (၄၁)

အုပ်စုဖွဲ့၍ ပြစ်မှု ကျူးလွန်ခြင်းသည် လူ့အဖွဲ့အစည်းအခြေခံကို ထိပါးသည် ဖြစ်၍ ပြစ်မှု ငယ်သည် ကြီးသည်ကို အဓိက မထားဘဲ ဟန့်တားလောက်သည့် ပြစ်ဒဏ် ချမှတ်ရန် လိုအပ်သည်။ ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းသည်လည်း ထိရောက်သော အရေးယူမှု၏ တစ်စိတ် တစ်ဒေသ ဖြစ်သည်။ သို့ဖြစ်ရာ နွား အမျိုးအပြားကို မော်တော်ယာဉ် ငါးစီးဖြင့် ပူးပေါင်း သယ်ဆောင်ကြသည့် ကိစ္စ၌ နွားများကို လည်းကောင်း၊ မော်တော်ယာဉ်များကို လည်းကောင်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းယူသင့်ပေသည်။

ထို့ကြောင့် သက်ဆိုင်ရာ မော်တော်ယာဉ်များအား ပိုင်ရှင်အသီးသီးသို့ ပြန်လည်ပေးအပ်စေရန် ချမှတ်ထားသော တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို ပယ်ဖျက်ပြီး ရှမ်းပြည်နယ် တရားရုံး (တောင်ကြီးမြို့နယ်စု) ၏ အမိန့်ကို အတည်ပြုလိုက်သည်။ တရားခံ စိုးမြင့်နိုင်နှင့် အခြားသူများအား တရားရုံးချုပ်က ၁၉၄၇ ခုနှစ်၊ အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၃) အရ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ် ချမှတ်ခြင်းကိုမူ အတည်ပြုလိုက်သည်။

# ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ
ဖြစ်ကြသော ဦးဒေးဒွန်၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့်
ဦးကျော်ဝင်းတို့ရှေ့တွင်

† ၁၉၉၁
ဩဂုတ်လ
၂၆ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့
အင်အားဦးစီးဌာန)

နှင့်

ဦးရှိထွန်း (ခ) ကောင်းအတုံး ပါ (၅) *

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀ အရ စွဲဆိုမှု – သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၅ အရ သက်သေ ပြရန် တာဝန်ရှိနေခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆ (၁) နှင့် ၆ (၂) အရ စွဲချက်တင်ခြင်းသည် မှန်ကန်ပြည့်စုံမှု မရှိခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ နှင့် ၄၂၀ တို့ကိုရှင်းပြခြင်း၊

ဆုံးဖြတ်ချက်။ သက်သေခံ ဥပဒေပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက်များ အရ အယူခံ တရားခံတို့သည် မိမိတို့ အပေါ် စွပ်စွဲ ထားသော လုပ်ရပ်များကို သဘောရိုးဖြင့် ပြုလုပ်ကြောင်း သက်သေပြရန်မှာ အယူခံ တရားခံတို့ အပေါ် ကျရောက်သည်။ ယင်း တာဝန်နှင့် အညီ အယူခံ တရားခံတို့က သက်သေခံ အထောက်အထားများ တင်ပြခြင်း မရှိသေးသည့် အဆင့်တွင် တရားရုံးချုပ်က အယူခံ တရားခံတို့သည် သဘောရိုး

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူး အယူခံမှု အမှတ် ၄

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၆၁ (ခ)၊ ၅၇၀ (ခ) ၅၇၁ (ခ) တွင် ချမှတ်သော (၂၀-၂-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု

ဖြင့် လုပ်ကိုင် ဆောင်ရွက်သည်ဟုမကောက်ယူဆုံးဖြတ်ခြင်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၅ ပါပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုရာ ရောက်ပေသည်။

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် (လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အား ဦးစီးဌာန) နှင့် ဦးရီထွန်း (၁) ကောင်းအတုံး ပါ (၅)

ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) နှင့် ၆(၂) တို့မှာ ပြစ်မှု အသီးသီး ကို အဓိပ္ပာယ် ဖွင့်ဆိုသော ပြဋ္ဌာန်းချက်များ ဖြစ်၍ ယင်း ပြစ်မှုများကို ကျူးလွန်သော သူအား အဆိုပါ အက်ဥပဒေပုဒ်မ ၆(၃) အရ အပြစ်ပေးရန် ဖြစ်သည်။ သို့ဖြစ်ရာ အယူခံ တရားခံ အသီးသီး အပေါ် အဆိုပါ အက်ဥပဒေပုဒ်မ ၆(၁) အရ ဖြစ်စေ၊ ၆(၂) အရ ဖြစ်စေ စွဲချက် တင်ခြင်းမှာ ပြည့်စုံမှုမရှိချေ။ ပုဒ်မ ၆(၁)/၆(၃) သို့မဟုတ် ၆(၂)/၆(၃) အရ ဆီလျော်ရာ ပုဒ်မများ ဖြင့် စွဲချက်တင်ရန်ဖြစ်သည်။

တစ်ဦးတစ်ယောက်သော သူတစ်ဦးသည် လှည့်ဖြားခြင်း ခံရသူအား ပစ္စည်းတစ်ခုခု ပေးရန် ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ တွင် သတ်မှတ်ထားသော ပြုလုပ်မှု တစ်ခုခုကို ပြုလုပ်ရန် ဖြစ်စေ၊ သွေးဆောင်သည့် နည်းအပြင် အခြားနည်းလမ်း အမျိုးမျိုးဖြင့် လိမ်လည်မှု ကျူးလွန်နိုင်သည်။ တစ်ဦးတစ်ယောက်သည် အဆိုပါ ပုဒ်မ ၄၂၀ တွင် ဖော်ပြထားခြင်း မရှိဘဲ ပုဒ်မ ၄၁၅ တွင် ဖော်ပြထားသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ရန် အခြားသူ တစ်ဦးအား သွေးဆောင်လျှင် ပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရာ ရောက်နိုင်သည်။ ပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုသည် ပုဒ်မ ၄၁၇ အရ ပြစ်မှုထက် ပို၍ ကြီးလေးသည်။ အခိုးရ နှင့် မိုးလှိုင် ပါ ၅ ဦး စီရင်ထုံးကို ကြည့်ပါ။ ရိုးရိုး လိမ်လည်မှု အတွက် ပုဒ်မ ၄၁၇ အရ အပြစ်ပေးရန် ဖြစ်သည်။ အယူခံ တရားခံ ဦးမျိုးဝေ အပေါ် စွပ်စွဲထားသော ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀ တွင် အကျုံး မဝင်ချေ၊ ရိုးရိုး လိမ် လည် မှု သာ ဖြစ်နိုင်သည်။

**အယူခံတရားလိုအတွက်** – ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် – ဦးထွန်းထွန်း၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး – ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ် တရားရုံး ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၃၉ တွင် အယူခံ တရားခံ ဦးမျိုးဝေ (ခ) ကောင်း

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် (လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အား ဦးစီးဌာန) နှင့် ဦးရှိထွန်း (ခ) ကောင်းအတုံး ပါ(၅)

အဖီး (ခ) ကျန်းလူဝေး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၈ အရ လည်းကောင်း၊ အဆိုပါ တရားရုံး ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄၀ တွင် အယူခံ တရားခံ ဦးရှိထွန်း (ခ) ကောင်း အတုံး၊ ဦးမျိုးအောင် (ခ) ကောင်းအရှိန်၊ ဦးမျိုးဝေ (ခ) ကောင်း အဖီး (ခ) ကျန်းလူဝေး၊ ဦးမျိုးအောင်ရှိန်း (ခ) ကောင်းအရှိန်းနှင့် ဦးမျိုးဆွေ (ခ) ကောင်းအမိန်းတို့ အပေါ် ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရ လည်းကောင်း၊ အဆိုပါ တရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄၁ တွင် ဦးမျိုးဝေ (ခ) ကောင်းအဖီး (ခ) ကျန်း လူဝေး အပေါ် အဆိုပါ ဥပဒေပုဒ်မ ၆(၂) အရ လည်းကောင်း၊ အသီးသီး စွဲချက် တင်ခဲ့သည်။ တရားခံ အသီးသီးက စွဲချက် များကို ပယ်ဖျက်ပေးစေရန် ရန်ကုန်တိုင်း တရားရုံးတွင် လျှောက်ထားရာ မှုအောင် မြင် သဖြင့် တရားရုံးချုပ်၊ ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၅၁ (ခ)၊ ၅၇၀(ခ) နှင့် ၅၇၁(ခ) တို့တွင် ဆက်လက် ပြင်ဆင်မှု တင်သွင်းသော အခါ တရားရုံးချုပ်က တရားခံများ အပေါ် တင်သော စွဲချက်များကို ပယ်ဖျက်ပြီး အယူခံ တရားခံများအား စွဲချက် မတင်မီ ပြန်လွှတ်ထားစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်း အမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေး စီရင်ရန်အလို့ငှာ ရှေ့နေချုပ်ရုံး၏ လျှောက်ထားချက် အရ ဤ အထူး အယူခံကို ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက အယူခံ တရားခံများ သည် နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများ ဖြစ်ပါလျက် မိမိတို့၏ မိခင် အမည်ကို ဒေါ်စိန်စိန် ဟု ဖော်ပြရာ၌ သဘောရိုးနှင့် ဆောင်ရွက်ခြင်း သာ ဖြစ်သည်ဟု တရားရုံးချုပ်မှ ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်း ကြောင်း၊ အယူခံ တရားခံ ဦးမျိုးဝေသည် နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်ထားပါလျက် အမျိုးသား မှတ်ပုံတင်ကို ပြန်လည် အပ်နှံခြင်း မပြုသည့် ကိစ္စ သဘောရိုးဖြင့် ဆောင်ရွက်သည်ဟု တရားရုံးချုပ်က ကောက်ယူခြင်းမှာ မှားယွင်းကြောင်း၊ ဦးမျိုးဝေသည် သားသမီးများ၏ အသက် (၁၀) နှစ်ပြည့် နိုင်ငံသားပုံစံကို ရေးဖြည့်ရာ၌ မိခင်အမည်ကို ဒေါ်စိန်စိန်ဟူ၍ လည်းကောင်း၊ နိုင်ငံသားဖြစ်သည် ဟူ၍ လည်းကောင်း၊ မမှန်မကန် ရေးသားရာတွင် သဘောရိုးဖြင့် ရေးသားခဲ့သည်ဟူ၍ လည်း ကောင်း ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

အယူခံ တရားခံတို့၏ ရှေ့နေက ဦးမျိုးဝေအား နိုင်ငံခြားသား မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၅(၁) အရ ပုသိမ်မြို့ ယခင် သတ္တမ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှု

ကြီး အမှတ် ၃၈ တွင် တရားရုံးဆိုခဲ့ရာ၌ မိခင်ဖြစ်သူမှာ မြန်မာ အမျိုးသမီး ဖြစ်ကြောင်း ပေါ်လွင်သဖြင့် အမှုမှ အပြီးအပြတ် လွှတ်ခြင်း ခံခဲ့ရကြောင်း၊ ထိုအမိန့် အပေါ် အခြေခံကာ အမျိုးသား မှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင် ခွင့်လည်း ရခဲ့ကြောင်း၊ ၎င်း၏ အစ်ကိုများ ဖြစ်ကြသော ကျန် အယူခံ တရားခံများသည်လည်း အမျိုးသားမှတ်ပုံတင်လက်မှတ်များကို ရရှိထားသူများ ဖြစ်ကြောင်း၊ အယူခံတရားခံများသည် မိခင်၏ အမည်ကို ဒေါ်စိန်စိန် ဟု သဘောရိုးဖြင့် ဖော်ပြခဲ့ခြင်း ဖြစ်၍ ပြစ်မှု တစ်စုံတစ်ရာ မကျူးလွန်ကြောင်း၊ ဦးမျိုးဝေ၏ မိခင် ဒေါ်စိန်စိန် ဖြစ်သည်ဟု တရားရုံးက ချမှတ် ထားသည့် ဆုံးဖြတ်ချက်မှာ အတည် ဖြစ်လျက် ရှိနေသည့် အတွက် ၎င်း၏ သားသမီးများ၏ နိုင်ငံသား ပုံစံတွင် ဒေါ်စိန်စိန် (ခ) ဒေါ်ယုံလှိုင် ဟု ဖော်ပြခဲ့ခြင်းမှာ ရိုးရိုးသားသား ဖော်ပြခဲ့ခြင်းသာ ဖြစ်ကြောင်း သေချာသဖြင့် လျှောက်ထားသည်။

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် (လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အား ဦးစီးဌာန) နှင့် ဦးရှိထွန်း (ခ) ကောင်းအတုံး ပါ(၅)

တရားရုံးချုပ်က ပြင်ဆင်မှုသုံးမှုကို တစ်ပေါင်းတည်းစိစစ် ဆုံးဖြတ်ရာ၌ ဦးမျိုးဝေ အနေဖြင့် အမျိုးသားမှတ်ပုံတင်လက်မှတ်ကို ပြန်လည် မပေးအပ်ဘဲ ဆက်လက် ကိုင်ဆောင် ထားရာတွင် လည်းကောင်း၊ အယူခံတရားခံ ငါးဦးသည် မိခင် အမည်ကို ဒေါ်စိန်စိန် ဟု ရေးသား ဖော်ပြရာ၌ လည်းကောင်း၊ သားသမီးများနှင့်စပ်လျဉ်းသော ပုံစံတွင် ဦးမျိုးဝေ အနေဖြင့် မိခင်၏ အမည်ကို ဒေါ်စိန်စိန် ဟု ဖော်ပြရာတွင် လည်းကောင်း သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု ကောက်ယူ ဆုံးဖြတ် ခဲ့ကြောင်း တွေ့ရှိရသည်။

သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက်များ အရ အယူခံ တရားခံတို့သည် မိမိတို့အပေါ် စွပ်စွဲထားသော လုပ်ရပ်များကို သဘောရိုးဖြင့် ပြုလုပ်ကြောင်း သက်သေ ပြရန်မှာ အယူခံ တရားခံတို့အပေါ် ကျရောက်သည်။ ယင်း တာဝန်နှင့် အညီ အယူခံ တရားခံတို့က သက်သေခံ အထောက်အထားများ တင်ပြခြင်း မရှိသေးသည့် အဆင့်တွင် တရားရုံးချုပ်က အယူခံ တရားခံ တို့သည် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက်များကို ဖျက်ကွယ်ပြုရာရောက်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆ (၁) နှင့် ၆ (၂) တို့မှာ ပြစ်မှု အသီးသီးကို အဓိပ္ပာယ် ဖွင့်ဆိုသော ပြဋ္ဌာန်းချက်များ ဖြစ်၍ ယင်း ပြစ်မှုများကို ကျူးလွန်သောသူအား အဆိုပါ အက်ဥပဒေပုဒ်မ ၆ (၃) အရ အပြစ်ပေးရန် ဖြစ်သည်။ သို့ဖြစ်ရာ အယူခံ တရားခံ အသီးသီး အပေါ် အဆိုပါ အက်ဥပဒေပုဒ်မ ၆ (၁) အရ ဖြစ်စေ၊ ၆ (၂) အရ ဖြစ်စေ စွဲချက်တင်ခြင်းမှာ ပြည့်စုံမှု မရှိချေ။ ပုဒ်မ ၆ (၁)/၆ (၃) သို့မဟုတ်

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော် (လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အား ဦးစီးဌာန) နှင့် ဦးရီထွန်း (ခ) ကောင်းအတုံး ပါ (၅)

၆(၂)/၆(၃) အရ ဆီလျော်ရာ ပုဒ်မများဖြင့် စွဲချက် တင်ရန် ဖြစ်သည်။

တစ်ဦးတစ်ယောက်သောသူ တစ်ဦးသည် လှည့်ဖြားခြင်း ခံရသူအား ပစ္စည်း တစ်ခုခု ပေးရန် ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ တွင် သတ်မှတ်ထားသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ရန် ဖြစ်စေ၊ သွေးဆောင်သည့် နည်းအပြင် အခြား နည်းလမ်း အမျိုးမျိုးဖြင့် လိမ်လည်မှု ကျူးလွန်နိုင်သည်။ တစ်ဦးတစ်ယောက်သည် အဆိုပါ ပုဒ်မ ၄၂၀ တွင် ဖော်ပြထားခြင်း မရှိဘဲ ပုဒ်မ ၄၁၅ တွင် ဖော်ပြထားသော ပြုလုပ်မှု တစ်ခုခုကို ပြုလုပ်ရန် အခြားသူ တစ်ဦးအား သွေးဆောင်လျှင် ပုဒ်မ ၄၁၇ အရ ပြစ်ဒဏ် ထိုက်သော ပြစ်မှုကို ကျူးလွန်ရာ ရောက်နိုင်သည်။ ပုဒ်မ ၄၂၀ အရ ပြစ်ဒဏ် ထိုက်သော ပြစ်မှုသည် ပုဒ်မ ၄၁၇ အရ ပြစ်မှုထက် ပို၍ကြီးလေးသည်။ အစိုးရ နှင့် မိုးလှိုင်ပါ ၅[၁] စီရင်ထုံးကို ကြည့်ပါ။ ရိုးရိုး လိမ်လည်မှုအတွက် ပုဒ်မ ၄၁၇ အရ အပြစ်ပေးရန် ဖြစ်သည်။ အယူခံ တရားခံ ဦးမျိုး‌ဝေ အပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ တွင် အကျုံးမဝင်ချေ။ ရိုးရိုးလိမ်လည်မှုသာ ဖြစ်နိုင်သည်။

ထို့ကြောင့် ဤ အထူးအယူခံကို ခွင့်ပြုပြီး အယူခံ တရားခံ ငါးဦးအား အမှု အသီးသီး၌ စွဲချက်မတင်ဘဲလွှတ်လိုက်စေရန် ချမှတ်ခဲ့သော တရားရုံး ချုပ်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ မြို့နယ် တရားရုံးသည် အထက်ပါ သုံးသပ်ချက်များနှင့် အညီ အယူခံ တရားခံများ အပေါ် တင်ထားသော စွဲချက် အသီးသီးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၇ အရ ပြောင်းလဲပြင်ဆင်ပြီးနောက် အမှုကို ဥပဒေနှင့် အညီ ဆက်လက် စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

၁။ အောက်မြန်မာပြည်စီရင်ထုံးများ စာ-၂၆၆

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်ခိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ခင်းတို့ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နှင့်

ဦးရဲနောင် ပါ (၂) *

† ၁၉၅၁ ဧပြီလ ၈-ရက်

သက်သေခံ အက်ဥပဒေပုဒ်မ ၂၄—တပ်မတော် နည်းဥပဒေ ၂၂ (၂) (၃) (၄) အရ တပ်မတော်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တို့ ရှေ့တွင် အစစ်ခံချက် — သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်း မထင်ရှားလျှင် ယင်း စစ်ကြောချက်များကို လက်မခံနိုင်စရာ အကြောင်း မရှိ။

ဆုံးဖြတ်ချက်။ အယူခံ တရားခံ ရဲနောင်နှင့် မြင့်ဦး (ခ) မြဦးတို့ အပြင် ပူးတွဲတရားခံများ ဖြစ်ကြသော ဝင်းနိုင်ဦးနှင့် ၎င်း၏ ဇနီးဖြစ်သူ မသန်းသန်းတို့မှာ တပ်မတော်ထောက်လှမ်းရေး အဖွဲ့ဝင် ရှေ့တွင် ပြစ်မှု ကျူးလွန် ကြပုံများကို ကွင်းဆက် မိမိဖြင့် အစစ်ခံသားကြခြင်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၂၄ တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိသည့် အတွက် ၎င်းတို့က တပ်မတော် ထောက်လှမ်းရေး အဖွဲ့ဝင်ထံတွင် ပေးခဲ့သော စစ်ကြောချက် များကို လက်မခံနိုင် စရာ အကြောင်းမရှိချေ။

အယူခံတရားလိုအတွက် — ဦးခင်အောင်၊ ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

---

* ၁၉၉၁ နှစ်၊ ပြစ်မှုဆိုင်ရာ အထူး အယူခံမှု အမှတ် ၃

† ၁၉၀၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၁(ခ)၊ ၆၄(ခ) တို့တွင် ချမှတ်သော (၁၃-၁-၀၉) ရက်စွဲပါ တရားရုံးချုပ်(မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးရဲနောင်
ပါ(၂)

အယူခံတရားခံများအတွက်— ဦးခင်မောင်မြင့် တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

မန္တလေး အရှေ့မြောက် မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄၈/၈၅ တွင် တရားခံ ရဲနောင်၊ မြင့်ဦး (ခ) မြဦး (ခ) မောင်ဦးတို့ အပါအဝင် တရားခံ (၂၂) ဦး အပေါ် ၁၉၅၁ ခုနှစ်၊ လက်နက် ယာယီပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁၉–က နှင့် လက်နက်ဥပဒေပုဒ်မ ၁၉ (က) တို့ အရ စွဲချက်တင် စစ်ဆေးပြီး ရဲနောင်အား လက်နက် အက်ဥပဒေ ပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်၊ မြင့်ဦး (ခ) မြဦး အပေါ် လက်နက် ယာယီပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁၉–က အရ ထောင်ဒဏ် (၇) နှစ် ကျခံစေရန်နှင့် အခြား တရားခံများလည်း ထောင်ဒဏ်အသီးသီး ကျခံစေရန် ၉-၁၀-၈၇ ရက်နေ့တွင် အမိန့် ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရဲနောင်က မန္တလေးတိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၂၆/၈၇ အရ လည်းကောင်း၊ မြဦးက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၀၃/၈၇ အရ လည်းကောင်း၊ အသီးသီး အယူခံ ဝင်ရောက်ကြသော်လည်း တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြု၍ အယူခံလွှာများကို ၂၀-၁-၈၈ နေ့တွင် ပလပ်ခဲ့သည်။ ၎င်းတို့ နှစ်ဦးက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၄ (ခ) / ၈၈နှင့် ၆၁ (ခ) /၈၈ တို့ အရ အသီးသီး ပြင်ဆင်မှု ဝင်ရောက်ကြရာ တရားရုံးချုပ်က ကြားနာပြီး မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်၍ ၎င်းတို့နှစ်ဦးအား အမှုမှ အပြီးအပြတ် လွှတ်စေရန် ၁၃-၁-၈၉ နေ့တွင် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

ထိုသို့ တရားခံ ရဲနောင်နှင့် မြင့်ဦး (ခ) မြဦး တို့ နှစ်ဦးအား တရားရုံးချုပ်က အမှုမှ အပြီးအပြတ် လွှတ်ရာတွင် ''တရားခံရဲနောင်နှင့် မြင့်ဦးတို့ အပေါ် အခြား သက်သေခံချက် တစ်စုံတစ်ရာ မရှိဘဲ ၎င်းတို့က တပ်မတော် ထောက်လှမ်းရေး ရှေ့တွင် ထွက်ဆိုချက် ပေးခဲ့သည်သာ ရှိသည်။ တပ်မတော် ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များသည် ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ် ဖမ်းဆီးခွင့် ရှိသူများ ဖြစ်၍ ၎င်းတို့ ရှေ့တွင် ထွက်ဆို ဝန်ခံချက်များသည် တပ်မတော်နည်းဥပဒေ ၂၂ (၂) (၃) (၄) အရ စစ်ဘက် တရားရုံးများတွင် သက်သေခံ အဖြစ် အသုံးပြုနိုင်သည်မှာ မှန်သော်လည်း သက်သေခံ အက်ဥပဒေ ပုဒ်မ ၂၄ အရ အရပ်ဘက် တရားရုံးတွင် သက်သေခံ အဖြစ် အသုံးမပြုနိုင်ကြောင်း ပေါ်

ပေါက်သည်'' ဟူ၍ သုံးသပ်ထားကြောင်း၊ ထိုသို့ တရားခံ များအား အမှုမှ အပြီးအပြတ် လွှတ်ရာတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၂၄ ကို အခြေခံ၍ သုံးသပ်ခဲ့ခြင်း ဖြစ်ပြီး ယင်းသုံးသပ်ချက်သည် ဥပဒေနှင့် ကိုက်ညီခြင်း မရှိဟု သဘောရရှိကြောင်းနှင့် အဆိုပါသုံးသပ်ချက်ကို ပြန်လည်စိစစ်နိုင်ရန် အတွက် တရားသူကြီးချုပ်က တရားရုံးချုပ်စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်း ဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် (၁၇) အရ ဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးမှ တင်ပြထားသည့် အတွက် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမှုမှာ ၂၂-၁၂-၈၄ ရက်နေ့တွင် မိတ္ထီလာမှ မန္တလေးသို့ ထွက်ခွာလာသော အမြန်ယာဉ်ဒတ်ဆန်းကား အမှတ် ခ/၇၅၀၀ ကို အကောက်ခွန်မှူး ဦးအောင်ဝင်းနှင့် အဖွဲ့က မသင်္ကာ၍ ရှာဖွေရာ ကားပေါ်တွင် ပါလာသော သံသေတ္တာတစ်ခုအတွင်း ကျောပိုးအိတ်ဖြင့် ထည့်ထားသော တပ်မတော်သုံး ကျည်ဆံ အမျိုးမျိုးနှင့် ဗုံးတို့ကို တွေ့ရှိ၍ ယင်းပစ္စည်းများကို သယ်ဆောင်လာသူ တရားခံ ကြည်ထွန်း၊ (ခ) အောင်သင်းထွန်း၊ အပေါ် ၁၉၅၁ ခုနှစ်၊ လက်နက် ယာယီ ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁၉-က နှင့် လက်နက် အက်ဥပဒေ ပုဒ်မ ၁၉ (က) အရ အရေးယူပေးရန် မန္တလေး အရှေ့မြောက်မြို့နယ် ပြည်သူ့ရဲစခန်း အမှတ် (၃)မှ စခန်းမှူး ဦးထွန်းလှအောင်က တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အဆိုပါ ဖမ်းဆီး ရမိသော ပစ္စည်းများမှာ ၇.၆၂ ကျည် (၅၈၀) တောင့်၊ ၃၀ ကာဘိုင်ကျည် (၇၀) တောင့်၊ ၄၄ မမ ခွင်း ဗုံးသီး (၅) လုံး၊ ၂ လက်မခွင်း ပြောင်းခွင်းဗုံး (၅) လုံး၊ ၅၁ မမ ခွင်းဗုံး (၂၂) လုံး၊ ၅၅ မမ ခွင်းဗုံး (၁၁) လုံး၊ သံသေတ္တာ (၁) လုံး စသည်တို့ဖြစ်သည်။

တရားခံ ရဲနောင်နှင့် မြင့်ဦး (ခ) မြဦးတို့ နှစ်ဦးအား အမှုမှ အပြီးအပြတ် လွှတ်စေရန် ပြင်ဆင် ချမှတ်ခဲ့သော တရားရုံးချုပ်၏ စီရင်ချက်၌ ''တရားခံ ကြည်ထွန်းသည် ယင်း တပ်မတော်သုံး စစ်လက်နက် ပစ္စည်းများကို ယူဆောင်လာစဉ် လက်ပူးလက်ကြပ် ဖမ်းဆီး ရမိ၍ ၎င်းအပေါ် ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းသည် အငြင်းပွားစရာ မရှိပေ။ သို့သော် တရားခံ ရဲနောင်နှင့် မြင့်ဦးတို့ အပေါ် အခြား သက်သေခံ တစ်စုံတစ်ရာ မရှိဘဲ ၎င်းတို့က တပ်မတော် ထောက်လှမ်းရေး ရှေ့တွင် ထွက်ဆိုချက် တစ်ခုတည်းသာ ရှိသည်။ တပ်မတော် ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ် ဖမ်းဆီးခွင့် ရှိသူများ ဖြစ်၍ ၎င်းတို့ ရှေ့တွင် ထွက်ဆို ဝန်ခံချက်များသည် တပ်မတော် နည်းဥပဒေ ၂၂ (၂) (၃) (၄) အရ စစ်ဘက်တရားရုံးများတွင် သက်သေခံအဖြစ်

အသုံးပြုနိုင်သည်မှာ မှန်သော်လည်း သက်သေခံ အက်ဥပဒေ ပုဒ်မ ၂၄ အရ အရပ်ဘက် တရားရုံးတွင် သက်သေခံ အဖြစ် အသုံးမပြုနိုင်ကြောင်း ပေါ်ပေါက်သည်။ × × × အပြစ်ဒဏ်ရှုမှတ်နိုင်လောက်သော သက်သေခံချက် မရှိဘဲ ၎င်းတို့ကိုယ်တိုင် တပ်မတော်ထောက်လှမ်းရေး ရှေ့တွင် ဝန်ခံ ထွက်ဆိုချက်များသာ ရှိ၍ ဥပဒေအရ အပြစ်ပေးရန် မခိုင်လုံကြောင်း တွေ့ရှိရသည်။'' ဟူ၍ သုံးသပ်ထားသည်။

အချင်းဖြစ် စစ်လက်နက်ပစ္စည်းများကို ဖမ်းဆီးရမိသော ၂၂-၁၂-၈၄ ရက်နေ့တွင် တရားခံ ရဲနောင်သည် ဒု အရာခံဗိုလ် အဖြစ် တိုက်ကြီးမြို့၊ ဂျိုးဖြူစခန်း အမှတ်(၁) တိုင်း ဗဟို လေ့ကျင့်ရေး တပ်သို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်နေသော အချိန် ဖြစ်သော်လည်း ထိုသို့ ဂျိုးဖြူစခန်းသို့ မပြောင်းရွှေ့ခင်က ၎င်းသည် မိတ္ထီလာမြို့ အမှတ် (၃) လေ့ကျင့်ရေး တပ်တွင် တာဝန် ထမ်းဆောင်နေစဉ်က အချင်း ဖြစ်ပွားပြီး ၅-၁၀-၈၄ နေ့ကျမှ ဂျိုးဖြူခန်းသို့ ပြောင်းရွှေ့ သွားကြောင်း ပေါ်ပေါက်သည်။ တရားခံ မြင့်ဦး (ခ) မြဦးမှာ အချင်း ဖြစ်ပွားစဉ်က စစ်မှုထမ်းဟောင်း တစ်ဦး ဖြစ်သည်။ ၎င်းတို့နှင့် ပူးတွဲပြီး ယခုအမှု၌ တရားစွဲဆိုခံရသူများမှာ လက်ရှိစစ်မှုထမ်းနေသူများ၊ စစ်မှုထမ်းဟောင်း များနှင့် အရပ်သားများ ပါဝင်ကြောင်းတွေ့ရသည်။

တရားခံ ရဲနောင်အား တပ်မတော်ထောက်လှမ်းရေး တပ်မှ တင်ကြွပ် အောင်ဝင်း ရေးသားခဲ့သော စစ်ကြောချက် သက်သေခံ (င-၂) တွင် ''× × × ပွိုင့် ၃၀ ကျည် (၅၀) တောင့် ကျော်ကျော်ခန့် (အတိအကျ ရေတွက်မထား) ကို ၁၉၈၃ ခုနှစ် (၆) လပိုင်းအတွင်း နောက်ဆုံး အပတ်တွင် မိတ္ထီလာဈေး အတွင်းရှိ ဝင်းနိုင်ဦးထံ သွားရောက် ပေးခဲ့ပါသည်။ သို့သော် ဝင်းနိုင်ဦးအား မတွေ့သဖြင့် ၎င်း၏ မိန်းမဖြစ်သူ မသန်းသန်းယဉ်အား ပေးအပ်ခဲ့ပါသည်။ ထို့နောက် (၇) ရက် တစ်ပတ်ခန့်အကြာ ၁၉၈၃ ခုနှစ် (၇) လပိုင်း ပထမပတ်အတွင်းမှာပင် ပွိုင့် ၃၀ ကျည် (၅၀) တောင့်အား ဈေးအတွင်း လမ်းကြုံသဖြင့် ဝင်းနိုင်ဦးထံ ပေးရန် ယူဆောင်သွားခဲ့ရာတွင်လည်း မသန်းသန်းနှင့် တွေ့ရှိရပြီး ဝင်းနိုင်ဦးအား ပေးပါရန်မှာ၍ နောက်ထပ် မရနိုင်တော့ကြောင်း ပြော၍ ပေးခဲ့ပါသည်။ ယင်းကဲ့သို့ ၎င်းတို့ထံ ပေးအပ်ခဲ့သော ပွိုင့် ၃၀ ကျည်ဆံများနှင့်ပတ်သက်၍ ဝင်းနိုင်ဦးထံမှလည်းကောင်း၊ မသန်းသန်း ထံမှ လည်းကောင်း၊ ငွေ တစ်ပြားတစ်ချပ်နှင့် အခြား ပစ္စည်းများ ပြန်လည် ရယူခဲ့ခြင်း မရှိခဲ့ပါ'' ဟူ၍ ထွက်ဆို ထားသည်။ အလားတူပင် တရားခံ မြင့်ဦး (ခ) မြဦး၏ စစ်ကြောချက် သက်သေခံ (ဈ-၂) တွင် ''× × × ကျွန်တော်သည် မိတ္ထီလာသို့ မောင်ထွန်း (ခ) လထွန်း (ခ) ဇော်ထွန်းနှင့် တပါယအကြိမ် သွားရောက်၍ ဝင်းနိုင်ဦး၊ မသန်းသန်းတို့ ထံမှ စစ်ဝတ်ပစ္စည်းနှင့် ခဲယမ်းများ ဝယ်ယူရန် ၎င်းတို့၏ အိမ်၌ပင်

တည်းခိုခဲ့ကြပါသည်။ ယင်းအခေါက်တွင် ဝင်းနိုင်ဦး၊ မသန်းသန်းတို့ထံမှ ၇.၆ ကျည် (၁၀၀၀) တောင့်နှင့် တော်စီးဖိနပ် အရံ (၁၀၀) ရရှိပါသည်။ x x x ၎င်းအခေါက်တွင် ဝင်းနိုင်ဦး၊ မသန်းသန်းတို့ထံမှ (၄၀) မမ ဗုံးသီး အလုံး (၄၀) နှင့် ၉ မမ ကျည် (၁၀၀) တောင့် ဝယ်ယူရရှိခဲ့ပြီး ဟိုပင် မလီစွတ်သို့ မီးရထားဖြင့် ပြန်ခဲ့ပါသည်။ ပါရှိလာသည့် (၄၀) မမ ဗုံးသီးအား (၆၀/-) နှုန်းဖြင့် (၂၄၀၀/-)၊ ၉ မမ ကျည်အား (၄) ကျပ်နှုန်းဖြင့် (၄၀၀) ကို ဇော်နော်ထံ ပေးအပ်ခဲ့ပါသည်။'' ဟူ၍ ထွက်ဆိုထားသည်။

၁၉၉၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးရဲနောင် ပါ(၂)

ပူးတွဲ တရားခံ တစ်ဦး ဖြစ်သူ စော်မူထမ်းဘောင်း ဝင်းနိုင်ဦးအား တပ်မတော် ထောက်လှမ်းရေးမှ တပ်ကြပ်ကြီး အောင်မောင်း ရယူခဲ့သော စစ်ကြောချက် (သက်သေခံအမှတ် ဆ–၁) တွင် ''တပ်ကြပ်ကြီး ရဲနောင်သည် လထရ (၁) တပ်ခွဲ (၄) မှ ဖြစ်ပြီး ၁၉၈၃ ခုနှစ်၊ ဇွန်လတွင် ကျွန်တော် ဈေးဆိုင်သို့ ယူနီဖောင်းဝတ်ဖြင့် ရောက်ရှိလာပြီး ကျွန်တော့် ဇနီးအား ကာဘိုင်ကျည် (၃၀) တောင့် ထုတ်ပေးပါသည်။ ကျွန်တော်မှ ငွေ ဘယ်လောက်လဲ ဟု မေးရာ နောက်တစ်နေ့မှလာယူမည် ဟု ပြောပြီး ပြန်သွားပါသည်။ X X X နောက်တစ်နေ့တွင် ဆရာကြီး ရဲနောင် ယူနီဖောင်းဖြင့် ရောက်ရှိလာပြီး ငွေ (၃၀၀) ကျပ် တောင်းပါသည်'' ဟူ၍ ထွက်ဆိုထားသည်။

ဝင်းနိုင်ဦး၏ ဇနီးဖြစ်သူ မသန်းသန်း၏ စစ်ကြောချက် (သက်သေခံအမှတ် ဂ–၂) တွင် ''၁၉၈၃ ခုနှစ်၊ ဇွန်လထဲတွင် တပ်ကြပ်ကြီးရဲနောင်က ဈေးသို့ လိုက်လာပြီး ပွိုင့် (၃၀) ကာဘိုင်ကျည် (၃၀) တောင့်အား ရဲဘော်သစ် (၃) ယောက်နှင့် အတူ လာ ပေး သွား ပါ သည်။ x x x နောက်နေ့တွင် တပ်ကြပ်ကြီး ရဲနောင် ဆိုင်သို့ လိုက်လာပြီး ကိုဝင်းနိုင်ဦးထံမှ နောက်မှ ပစ္စည်းပို့ပေးမည်ဟု ပြောပြီး ငွေ (၅၀၀) ကျပ် ယူသွားပါသည်။ ဇူလိုင်လ ကုန်ခါနီးတွင် ပွိုင့် (၃၀) ကာဘိုင်ကျည် (၁၅၁) တောင့်အား ကျွန်မထံ လာပေးသွားပါသည်။ ကျွန်မ ရှိစဉ် ကိုဝင်းနိုင်ဦးထံမှ ငွေ (၃၀၀) ကျပ် ထပ်မံ ယူသွားခဲ့ပါသည်။'' ဟူ၍ လည်းကောင်း၊ ''မြင့်ဦးနှင့် မောင်ထွန်းမှာ တစ်ဖွဲ့တည်း ဖြစ်ပါသည်။ ၎င်းတို့ကို ရောင်းချခဲ့သော ကျည်အရေအတွက်မှာ ၇.၆၂ ကျည် (၅၁၄၀) တောင့်၊ ကာဘိုင်ကျည် (၇၈) တောင့်၊ ၄၀ မမ ဗုံးကျည် (၉၅) လုံး၊ ၉ မမ ကျည် (၂၅၀) တောင့်၊ ၅၁ မမ (၂၈) လုံး၊ ၂ လက်မ စိန်ပြောင်း ဗုံးသီး (၅) လုံး၊ မှိုင်ဖယ်ကျည် (၃၂၅) တောင့်၊ အိန္ဒာဂါ ဗုံးသီး (၅) လုံးတို့ ဖြစ်ပါသည်။ x x x ကျွန်မ အထင် (၁၀) ခေါက်ထက်မနည်း ရှိမည်ထင်ပါသည်။'' ဟူ၍ ထွက်ဆိုထားသည်။

၁၉၉၁ မြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးရဲနောင် ပါ(၂)

ခြိုင့်သုံးသပ်သော် တရားခံ ရဲနောင်နှင့် မြင့်ဦးတို့ အပေါ် ငြိစွန်းနေသော အချက်မှာ တပ်မတော်ထောက်လှမ်းရေးတပ်ကြပ်ရှေ့တွင် ၎င်းတို့ ပြစ်မှုကျူးလွန်ခဲ့ပုံကို ထုတ်ဖော် ဝန်ခံ ပြောဆိုခဲ့သော စစ်ကြောချက်များနှင့် ပူးတွဲ တရားခံများမှ ၎င်းတို့နှစ်ဦးနှင့်ဆက်သွယ်ပြီး ပြစ်မှုကျူးလွန်ပုံ ထွက်ဆိုထားသော စစ်ကြောချက်များရှိနေကြောင်း တွေ့ရသည်။

သက်သေခံ ဥပဒေပုဒ်မ ၂၄ တွင် အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားသည်—

"တရားခံ တစ်ဦးသည် အခွင့်အာဏာရှိသူ တစ်ဦးတစ်ယောက်က သွေးဆောင်၍သော် လည်းကောင်း၊ ခြိမ်းခြောက် ၍သော် လည်းကောင်း၊ ကတိထား ၍သော် လည်းကောင်း၊ ဖြောင့်ဆို ခဲ့ရပြီး ယင်းသို့ သွေးဆောင်ခြိမ်းခြောက်ကတိထားခြင်းကြောင့် ၎င်းအတွက် အမှုနှင့် စပ်လျဉ်း၍ အကျိုးခံစားရမည်၊ ဘေးအန္တရာယ် လွတ်ကင်းလိမ့်မည်ဟု တရားခံ ယူဆနိုင်ရန် လုံလောက်ကြောင်း တရားရုံးက ထင်မြင်လျှင် တရားခံ၏ ဖြောင့်ချက်သည် သက်သေခံမဝင်။"

ဟု၍ ပြဋ္ဌာန်းထားသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါသော ညွှန်ကြားရေးမှူးက တရားခံတစ်ဦးစီ၏ တပ်မတော်ထောက်လှမ်းရေးထံတွင် အစစ်ခံချက်များသည် တစ်ခုနှင့်တစ်ခု ကွင်းဆက်မိ၍ ပြစ်မှုကို ပူးပေါင်းကျူးလွန်ကြသည်မှာ ပေါ်လွင်ကြောင်း၊ ယခုအမှုတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၂၄ ၌ ပါရှိသော အချက်အလက်များအပေါ် သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းကို မတွေ့ရကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်း စသည့်အချက်အလက်တို့ကြောင့် တရားခံများက ဝန်ခံထွက်ဆိုရသည်ဆိုလျှင် ခိုင်လုံသော အထောက်အထားဖြင့် တင်ပြရန်ဖြစ်သော်လည်း တရားခံများအနေဖြင့် ပေါ်လွင်ထင်ရှားအောင် တင်ပြသည်ကို မတွေ့ရကြောင်းနှင့် ဤအထူးအယူခံကို ခွင့်ပြုပြီး အယူခံတရားခံ နှစ်ဦးအား ပြစ်ဒဏ်ပေးသင့်ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

အယူခံတရားခံရဲနောင်၏ အကျိုးဆောင်က တပ်မတော် နည်းဥပဒေပုဒ်မ ၂၂ သည် စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်တရားရုံးဖြင့် အမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့် ပြဋ္ဌာန်းချက်ဖြစ်ပြီး တပ်မတော်ထောက်လှမ်းရေးအဖွဲ့ ရှေ့မှောက်တွင် ဝန်ခံထွက်ဆိုချက်များသည် ထိုပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ တရားရုံးချုပ်သည် သက်သေခံ အက်ဥပဓေပုဒ်မ ၂၄ကို အခြေခံသုံးသပ်၍ အယူခံ

၁၉၉၁
ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးရဲနောင် ပါ(၂)

တရားခံရဲနောင်အား အမှုမှ အပြီးအပြတ်လွှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ကြောင်းဖြင့် တင်ပြလျှောက်လဲသည်။

အယူခံ တရားခံရဲနောင်နှင့် မြင့်ဦး (ခ) မြဦးတို့အပြင် ပူးတွဲတရားခံများ ဖြစ်ကြသော ဝင်းနိုင်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူ မသန်းသန်းထိုက်တို့မှာ တပ်မတော် ထောက်လှမ်းရေး အဖွဲ့ဝင် ရှေ့တွင် ပြစ်မှုကျူးလွန်ကြပုံများကို ကွင်းဆက်မိမိဖြင့် အစစ်ခံထားကြခြင်းမှာ သက်သေခံအက်ဥပဒေ ပုဒ်မ ၂၄တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်းပေါ်လွင်ထင်ရှားခြင်း မရှိသည့်အတွက် ၎င်းတို့က တပ်မတော် ထောက်လှမ်းရေးအဖွဲ့ဝင်ထံတွင် ပေးခဲ့သော ဖြောင့်ချက်များကို လက်မခံနိုင်စရာ အကြောင်းမရှိချေ။

၎င်းအခြေအနေများအရ ရဲနောင်နှင့်မြင့်ဦး (ခ) မြဦးတို့နှစ်ဦးအား အမှုမှ အပြီးအပြတ်လွှတ်စေရန် ပြင်ဆင်မှုများ၌ ချမှတ်ခဲ့သော တရားရုံးချုပ်၏ အမိန့်များမှာ မှန်ကန်သည်ဟုမဆိုနိုင်ချေ။

သို့ဖြစ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၁ (ခ)/ ၈၈နှင့် ၆၄ (ခ)/ ၈၈တို့တွင် ရဲနောင်နှင့်မြင့်ဦး (ခ) မြဦးတို့နှစ်ဦးအား အမှုမှ အပြီးအပြတ် လွှတ်စေရန်ချမှတ်ခဲ့သော ၁၃-၁-၈၉ နေ့စွဲပါအမိန့်ကို ပယ်ဖျက်၍ ရဲနောင်အပေါ် လက်နက်အက်ဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန်နှင့် မြင့်ဦး (ခ) မြဦးအပေါ် ၁၉၅၁ခုနှစ်၊ လက်နက်ယာယီ ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁၉-က အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန် ချမှတ်ခဲ့သော ၉-၁၀-၈၇ နေ့စွဲပါမန္တလေး အနောက်မြောက်မြို့နယ်တရားရုံး၏ အမိန့်နှင့် ထိုမြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော ၂၀-၁-၈၈ နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့် များကို ပြန်လည်အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

အမှုအတွင်း အချုပ်ခံခဲ့ရသော ကာလနှင့် ထောင်ကျခံခဲ့သော ကာလ တို့ကို အပြစ်ဒဏ်မှ ထုတ်နုတ်ကျခံစေရမည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီးဦးအေးအုန်း ရှေ့တွင်

† ၁၉၉၁
မေလ
၃၁ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

လွင်ဦး*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သော အမိန့်ကို ပယ်ဖျက်၍ ယင်းဥပဒေပုဒ်မ ၅၆၂(၁) အရ ခံဝန်သူ (၂) ဦးဖြင့် ကောင်းမွန်စွာ နေစေရန် ခံဝန်ချုပ်ဆိုစေခြင်း — ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုကို ဆိုဆုံးမ၍ လွှတ်နိုင်—မလွှတ်နိုင်။

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က) အရ ဆိုဆုံးမ၍ လွှတ်နိုင်သော ပြစ်မှုများမှာ ထောင်ဒဏ် (၂) နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများသာ ဖြစ်ပြီး ပြစ်ချက်ဟောင်း မရှိသူ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ၎င်း၏ အသက်အရွယ် အမြင်အမူ စသည်တို့ကို ထောက်ထား၍ ဆိုဆုံးမ၍ လွှတ် နိုင် ကြောင်း ပြဋ္ဌာန်းချက် ရှိသည်။ တရားခံ၌ ပြစ်ချက်ဟောင်း ရှိကြောင်း၊ အကျင့်စာရိတ္တ ဆိုးသွမ်းကြောင်း စသည်တို့ ပေါ်ပေါက်ခြင်း မရှိပေ။ သို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ် (၃) နှစ် အထိ ချမှတ်နိုင်သည့် ပြစ်မှု ဖြစ်သောကြောင့် အထက်ပါ ပြဋ္ဌာန်းချက်၌ အကျုံးမဝင်ပေ။ မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ချမှတ်ထားသော အမိန့်ကို ယင်း ဥပဒေပုဒ်မ ၅၆၂ (၃) အရ ပယ်ဖျက်နိုင်ကြောင်း ယင်းသို့ ပယ်ဖျက်ပြီးနောက် တရားခံအား ဥပဒေနှင့်အညီ အပြစ်ဒဏ်ချမှတ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင်ချမှတ်သော ပြစ်ဒဏ်မှာ မူလ အမှုစစ်ရုံးမှ ချမှတ်ခွင့် ရှိသည့် ပြစ်ဒဏ်ထက်

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၁၀(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၃၄ တွင် ချမှတ်သော (၃၁-၇-၉၀) ရက်စွဲပါ ကဝမြို့နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
လွင်ဦး

ပို၍ မချမှတ်ရဟု ယင်း ဥပဒေ ပုဒ်မ၏ ချွင်းချက်၌ ဖော်ပြထားသည်။ ယခု အမှုကို ကဝမြို့နယ် တရားရုံး တွဲဖက် မြို့နယ်တရားသူကြီးမှ စစ်ဆေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အမှုစစ် တရားသူကြီးသည် ဒုတိယတန်း ရာဇဝတ် အာဏာသာ ရှိကြောင်း တွေ့ရှိရ သဖြင့် အကယ်၍ မြစ်ဒဏ် ချမှတ်မည် ဆိုလျှင်၊ ဒဏ်ငွေ ၂၀၀/-ကျပ်အထိ သို့မဟုတ် ထောင်ဒဏ် (၆) လ အထိသာ စီရင်ပိုင်ခွင့်ရှိမည်ဖြစ်သည်။

ထို့ကြောင့် ပြင်ဆင်မှု လျှောက်ထားခံရသူ လွင်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သော ကဝမြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်း အစား ယင်း ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း တိတိ) တန် ခံဝန်သူ (၂) ဦးဖြင့် (၁) နှစ် အတွင်း ကောင်းမွန်စွာ နေစေရန် ခံဝန်ချုပ်ပြုလုပ်စေဟု ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူအတွက် — ဦးစိန်သာဦး၊ ဥပဒေအရာရှိ
အဆင့် (၁)၊ ရှေ့နေ ချုပ်ရုံး

လျှောက်ထားခံရသူအတွက် — ဦးမြင့်ဦး၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးဘဟန်၊ ဒုတိယညွှန်ကြားရေးမှူး၊
တရားရုံးချုပ်

ကဝမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၃၄/၉၀ တွင် လွင်ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇၊ ၃၂၄ တို့ အရ စွဲချက် တင် စစ်ဆေးပြီးနောက် ပုဒ်မ ၄၄၇ အရ ပြစ်မှု အတွက် အမှုမှ အပြီး အပြတ် လွှတ်ပြီး ပုဒ်မ ၃၂၄ အရ ပြစ်မှု ထင်ရှား တွေ့ရှိကာ ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ် ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ ဆိုဆုံးမ၍ လွှတ်သည့် အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ကဝမြို့နယ် လက်ပန်ခါးရှည် ကျေးရွာနေ ဦးတင်အောင်က ၁၀-၄-၉၀ ရက်နေ့ ည (၉) နာရီ အချိန်ခန့်တွင် ၎င်းနှင့်ဇနီးတို့သည် စကားများ ရန်ဖြစ်ကြကြောင်း၊ ကိုလေသနှင့် ဦးစာင်အောင်တို့ ရောက် လာပြီး ဖျန်ဖြေကြကြောင်း၊ ထိုစဉ် မောင်လွင်ဦး ရောက်လာပြီး မိမိအား ဝါးတုတ်ဖြင့် ရိုက်ရာ ညာဘက် ပခုံးတွင် နှစ်ချက် ထိမှန်ပြီး ဖူးယောင် ဒဏ်ရာရရှိခဲ့ကြောင်း၊ မိမိ ခြံဝင်းအတွင်းသို့ ဝင်ရောက်ကာ မိမိအား ရိုက်နှက်သူ မောင်လွင်ဦးအား အရေးယူ ပေးပါရန်ဟု ဦးတင်

၁၉၉၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် လွင်ဦး

အောင်က အုန်းနဲ့ ရဲစခန်းသို့ တိုင်ကြားရာမှ အမှု စတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စရှု့ နေချုပ်ရုံးက အမိက ပြင်ဆင်မှု အကြောင်းပြချက် အဖြစ် တင်ပြရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုကျူးလွန်လျှင် (၃) နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) ၏ ပြဋ္ဌာန်းချက်တွင် တရားခံအား ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ရမည့် အစား နည်းလမ်း တကျ ဆိုဆုံးမ၍ လွှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ အရ (၂) နှစ်ထက် မပိုသော ထောင်ဒဏ် ထိုက်သင့်သည့် ပြစ်မှု တစ်ရပ်ရပ်နှင့်သာ သက်ဆိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုတွင် အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ အမိန့် ချမှတ်ပိုင်ခွင့် မရှိကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကိုလေ့လာရာ၌ အချင်းဖြစ်နေ့က လွင်ဦးသည် ဦးတင်အောင်အား တုတ်မြင့်ရိုက်သဖြင့် ဦးတင်အောင်၌ ဒဏ်ရာရရှိသွားကြောင်း ပေါ်လွင်သည်။ မိခင် ဖြစ်သူအား ဆဲဆို ရိုက်နှက်နေသဖြင့် ပထွေးဖြစ်သူ ဦးတင်အောင်အား ယခုကဲ့သို့ ရိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ပေါ်ပေါက်သည်။ မြို့နယ်တရားရုံးက တရားခံ လွင်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်ဒဏ် တစ်ရပ်ရပ် ချမှတ်ရမည့် အစား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်ခဲ့ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင် ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆို ဆုံး မ ၍ လွှတ်နိုင်သော ပြစ်မှုများမှာ ထောင်ဒဏ် (၂) နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများသာ ဖြစ်ပြီး ပြစ်ချက်ဟောင်း မရှိသူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ၎င်း၏ အသက်အရွယ် အပြုအမူ စသည်တို့ကို ထောက်ထား၍ ဆိုဆုံးမ၍ လွှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက် ရှိသည်။ တရားခံ၌ ပြစ်ချက်ဟောင်း ရှိကြောင်း အကျင့်စာရိတ္တ ဆိုးသွမ်းကြောင်း စသည်တို့ ပေါ်ပေါက်ခြင်း မရှိပေ။ သို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ် (၃) နှစ် အထိ ချမှတ်နိုင်သည့် ပြစ်မှု ဖြစ်သောကြောင့် အထက်ပါ ပြဋ္ဌာန်းချက်၌ အကျုံးမဝင်ပေ။ မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်၊

အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ချမှတ်ထားသော အမိန့်ကို ယင်းဥပဒေပုဒ်မ ၅၆၂ (၃) အရ ပယ်ဖျက်နိုင်

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
[illegible]

ကြောင်း၊ ယင်းသို့ ပယ်ဖျက်ပြီးနောက် တရားခံအား ဥပဒေနှင့် အညီ အပြစ်ဒဏ် ချမှတ်ခွင့်ရှိကြောင်း ပြဋ္ဌာန်း ထားသည်။ သို့ရာတွင် ချမှတ်သော ပြစ်ဒဏ်မှာ မူလ အမှုစစ်ရုံးမှ ချမှတ်ခွင့်ရှိသည့် ပြစ်ဒဏ်ထက်ပို၍ မချမှတ်ရဟု ယင်း ဥပဒေပုဒ်မ၏ ခြွင်းချက်၌ ဖော်ပြ ထားသည်။ ယခု အမှုကို ကဝမြို့နယ် တရားရုံး တွဲဖက် မြို့နယ် တရားသူကြီးမှ စစ်ဆေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အမှုစစ် တရားသူကြီးသည် ဒုတိယတန်း ရာဇဝတ် အာဏာသာ ရှိကြောင်း တွေ့ရှိရသဖြင့် အကယ်၍ ပြစ်ဒဏ် ချမှတ်မည်ဆိုလျှင် ဒဏ်ငွေ ၂၀၀/- ကျပ် အထိ သို့မဟုတ် ထောင်ဒဏ် (၆) လ အထိသာ စီရင်ပိုင်ခွင့်ရှိမည် ဖြစ်သည်။

ထို့ကြောင့် မြင်ဆင်မှု လျှောက်ထားခံရသူ လွင်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သော ကဝ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ယင်း ဥပဒေ ပုဒ်မ ၅၆၂ (၁) အရ ကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်း တိတိ) တန် ခံဝန်သူ (၂) ဦးဖြင့် (၁) နှစ် အတွင်း ကောင်းမွန်စွာ နေစေရန် ခံဝန်ချုပ်ပြုလုပ်စေဟု မြင်ဆင်အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

† ၁၉၉၁ နိုဝင်ဘာလ ၂၂ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

ဝင်းမြင့် ပါ (၂) *

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆— ဥပဒေအရ လိုအပ်သောအချက်များ — မိန်းကလေးသည် တရားခံ၏ခေါ်ရာသို့ သဘောတူ လိုက်လာခဲ့သည်ဟု ကောက်ယူနိုင်သော်လည်း၊ အခင်း ဖြစ်ပွားရာ နေအိမ်သို့ ရောက်သော အခါ တရားခံတို့၏ ပြုကျင့် သမျှ ခံရမည့် အခြေအနေသို့ ရောက်ရှိနေကြောင်း ပေါ်ပေါက်ခြင်း— သတ်မည် ပြောထားသဖြင့် အော်ဟစ် အကူအညီ မတောင်းခဲ့ခြင်းသည် သဘာဝယုတ္တိ ရှိ—မရှိ။**

ဆုံးဖြတ်ချက်။ ဥပဒေ ပြဋ္ဌာန်းချက် အရ ဆိုပါလျှင် မုဒိမ်းမှု မြောက်ရန် အတွက် အမျိုးသမီးက အလိုမတူ ငြင်းဆန်ခြင်း သို့မဟုတ် ခွင့်မပြုခြင်း သို့မဟုတ် ခွင့်ပြုသည့် တိုင်အောင် ယင်းသို့ ခွင့်ပြုခြင်းမှာလည်း ပြုကျင့်သူက ခြောက်လှန့်အောင် ပြုလုပ်ခြင်းတို့ ဖြစ်ရန် လိုအပ်မည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** မတင်တင်နွယ်မှာ အချင်းဖြစ်သည် ဆိုသည့် နေ့က ရွှေတိဂုံဘုရားပေါ်မှ အချင်းဖြစ် နေအိမ်သို့ ကားအဆင့်ဆင့် စီး၍ မောင်နန်းဝေနှင့် အတူ လိုက်ပါလာခြင်းသည် ယင်း အဆင့်၌ မတင်တင်နွယ်သည် မောင်နန်းဝေ ခေါ်ရာသို့ သဘောတူညီချက်ဖြင့် လိုက်ပါလာခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်သည်။ အကြောင်းမူကား ၎င်း အနေဖြင့် မောင်နန်းဝေက အတင်းအဓမ္မ ခေါ်ဆောင်လာခြင်း ဖြစ်သည် ဆိုပါက အနီးရှိ လူများအား အကူအညီ တောင်းရမည် ဖြစ်သည်။ မောင်ဝင်းမြင့် နေအိမ်သို့ ရောက်ရှိသည့် အခါမျိုး၌ မတင်တင်နွယ် အနေဖြင့် မောင်နန်းဝေနှင့် မောင်ဝင်းမြင့်တို့၏ ပြုကျင့်သမျှကိုခံရမည့် အခြေအနေမျိုးသို့ ရောက်ရှိနေကြောင်း ပေါ်ပေါက်ပါသည်။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၂၃

† ၁၉၉၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉၇ တွင် ချမှတ်သော (၁၀-၁၂-၉၀) ရက်စွဲပါ ကမာရွတ်မြို့နယ်တရားရုံး၏အမိန့်ကို အယူခံမှု

၁၉၉၁
ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဝင်းမြင့် ပါ (၂)

မောင်ဝင်းမြင့် နေအိမ်တွင် မောင်ဝင်းမြင့်နှင့် မောင်နန်းဝေတို့သည် မတင်တင်နွယ်အား ညအချိန်တွင် သဘောတူခွင့်ပြုချက် မရရှိဘဲ အတင်းအဓမ္မ တစ်လှည့်စီ သားမယားအဖြစ် ပြုကျင့်ကြရာ မတင်တင်နွယ်အနေဖြင့် မိမိအား သတ်မည် ပြုလုပ်၍ အနီး ပတ်ဝန်းကျင်ရှိ နေအိမ်များမှ လူများအား အော်ဟစ် အကူအညီတောင်းခံခြင်း မပြုလုပ်ခဲ့ရပါကြောင်းဖြင့် ထုချေချက်သည် သဘာဝယုတ္တိ ရှိသည်ဟု ဆိုရမည် ဖြစ်သည်။ မူလ ခေါ်စဉ်က သဘောတူညီခဲ့သော်လည်း နောက်ပိုင်း အတင်းအဓမ္မ သားမယား အဖြစ် ပြုကျင့်ခဲ့ခြင်းကို သဘော မတူညီခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ တွင် ဖော်ပြ ထားသည့် အင်္ဂါရပ် များနှင့် အကျုံးဝင်နေသဖြင့် တရားခံများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ကို ကျူးလွန်သည်ဟု ဆိုရမည်သာဖြစ်သည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | — ဦးစောနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| အယူခံတရားခံများအတွက် | — ၁။ ဦး စိန် လင်း၊ တရားရုံးချုပ်ရှေ့နေ<br>၂။ ဦးမြစိ၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — ဦးဘသန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

ကမာရွတ်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၇/၉၀ တွင် တရားခံ ဝင်းမြင့်နှင့် နန်းဝေ (ခ) ဝေလင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ စွဲချက်တင်ပြီးနောက် အမှုမှ အပြီးအပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သောကြောင့် တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ (၁၇-၆-၉၀) ရက်နေ့တွင် မတင်တင်နွယ်သည် နေအိမ်မှ စိတ်ဆိုး၍ ဆင်းလာပြီး ရွှေတိဂုံဘုရား စနေထောင့်တွင် အိမ်မပြန်တတ်၍ ထိုင်ငိုနေစဉ် နန်းဝေ (ခ) ဝေလင်း ရောက်ရှိလာပြီး အိမ်ပြန်ပို့ပေးမည်ဟု ပြောကာ ခေါ်လာရာမှ လိုင်းပေါက် မှတ်တိုင်တွင် ဆင်းကာ လှည်းတန်း ဝင်းမြင့် အိမ်သို့ ခေါ်သွားပြီး နန်းဝေနှင့် ဝင်းမြင့် တို့မှ မတရား ပြုကျင့်ကြကြောင်း၊ နောက်တစ်နေ့ နံနက်တွင် အိမ်ပြန်ရန် ထွက်လာစဉ် လမ်းတွင် တွေ့သော မောင်မြင့်လွင်က အမှတ် (၈) ကားပေါ် တင်ပေး၍ ပြန်လာပြီး မိဘများအား အကျိုးအကြောင်း ပြောပြပြီးနောက် ရဲစခန်းသို့ တိုင်ကြားခဲ့ရာမှ နန်းဝေ၊ ဝင်းမြင့်နှင့် ဇော်မင်းအောင်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ တရား စွဲဆို တင်ပို့ခဲ့ရာ

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဝင်းမြင့်
ပါ(၂)

ကမာရွတ်မြို့နယ် တရားရုံးက စောမင်းအောင်အား စွဲချက်မတင်မီ လွှတ်ခဲ့ပြီး နန်းဝေနှင့် ဝင်းမြင့်တို့အပေါ် အမှုမှ အပြီး အပြတ် လွှတ်ခဲ့ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အဓိက အယူခံ အကြောင်းပြချက် အဖြစ် တင်ပြရာ၌ တရားခံ နန်း၁၀ (ခ) "ဝေလင်းနှင့် ဝင်းမြင့်တို့သည် မတင်တင်နွယ်အား သားမယား အဖြစ် ပြုကျင့်ခဲ့ကြောင်း တရားလိုပြ သက်သေများ၏ ထွက်ဆိုချက် အရ ပေါ်ပေါက်ပါလျက် တရားခံများအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းဟူ၍ ဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာသုံးသပ်ရာတွင် အမှုနှင့်ပတ်သက်၍ မောင်ဝင်းမြင့်က ၎င်းသည် မတင်တင်နွယ်အား သားမယား ပြုကျင့်ခဲ့သည် ဆိုသည်မှာ မဟုတ်မမှန်ကြောင်း၊ အချင်းဖြစ်သည်ဆိုသည့် နေ့က မောင်နန်းဝေသည် အမျိုးသမီး တစ်ယောက်ကို ခေါ်လာပြီး ၎င်း၏ နေအိမ်၌ ညအိပ်ရန် ခွင့်တောင်း၍ အိပ်ခွင့် ပြုခဲ့ခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုထားသော်လည်း မောင်နန်းဝေအနေဖြင့် ၎င်းနှင့် မတင်တင်နွယ်တို့ သားမယား အဖြစ် ဆက်ဆံခဲ့သည်ကို ငြင်းကွယ်ခြင်းမရှိဘဲ မတင်တင်နွယ်၏ ခွင့်ပြုချက် အရ ယခုကဲ့သို့ မောင်ဝင်းမြင့် နေအိမ်တွင် ၎င်းနှင့် မတင်တင်နွယ်တို့ အတူ အိပ်ကြပြီး သားမယားအဖြစ် ဆက်ဆံခဲ့ခြင်းသာ ဖြစ်ကြောင်းဖြင့် ထုချေထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ ယခု အမှုတွင် မောင်နန်းဝေနှင့် မတင်တင်နွယ်တို့ သားမယား အဖြစ် ဆက်ဆံခဲ့ခြင်းသည် မတင်တင်နွယ်၏ သဘောတူခွင့်ပြုချက်ဖြင့် အရ ပြုကျင့်ခဲ့ခြင်း ဟုတ် မဟုတ်ကို အထူးအလေးပေး လေ့လာသုံးသပ်ရန် လိုမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ တွင် "ဤမှ နောက်တွင် ကင်းလွတ်ချက် ပြုထားသည်မှ တစ်ပါး အောက်ဖော်ပြပါ အကြောင်း ငါးရပ်တွင် သက်ဝင်သော အကြောင်းတစ်ခုခုဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမ စပ်ယှက်လျှင် ထိုသူသည် မုဒိမ်းမှုကိုကျူးလွန်သည်မည်၏—

ပထမ။ မိန်းမက အလိုမတူ ငြင်းဆန်ခြင်း

ဒုတိယ။ မိန်းမက ခွင့်မပြုခြင်း

တတိယ။ မိန်းမက ခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာထိုမိန်းမအား သေစေမည်ဟုသော် လည်းကောင်း၊ နာကျင်စေမည်ဟုသော် လည်းကောင်း၊ ကြောက်ရွံ့အောင်ပြုသဖြင့်ခွင့်ပြုရခြင်း

စတုတ္ထ။ မိန်းမကခွင့်ပြုသော်လည်း ယောကျာ်းက မိမိသည် ထိုမိန်းမ၏ လင် မဟုတ်ကြောင်း သိသည့် အပြင် ထိုမိန်းမက ခွင့်ပြုခြင်း မှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်း မဟုတ် ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သော အခြား ယောကျာ်းဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်း၊ ထိုသို့ ယောကျာ်းက သိခြင်း

ပဥ္စမ။ မိန်းမက ခွင့်ပြုသည် ဖြစ်စေ၊ ခွင့်မပြုသည် ဖြစ်စေ ထိုမိန်းမ သည် အသက် ၁၄ နှစ်အောက် အရွယ်ရှိသူ ဖြစ်ခြင်း'' ဟူ၍ ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်အရ ဆိုပါလျှင် မုဒိမ်းမှုမြောက် ရန် အတွက် အမျိုးသမီးက အလိုမတူ ငြင်းဆန်ခြင်း၊ သို့မဟုတ် ခွင့်မပြု ခြင်း၊ သို့မဟုတ် ခွင့်ပြုသည့်တိုင်အောင် ယင်းသို့ ခွင့်ပြုခြင်း မှာလည်း ပြုကျင့်သူက ကြောက်ရွံ့အောင် ပြုလုပ်ခြင်းတို့ ဖြစ်ရန် လိုအပ်မည် ဖြစ် သည်။

ယခု အမှုတွင် မောင်နန်းဝေက ၎င်းသည် မတင်တင်နွယ်၏ ခွင့်ပြု ချက် အရ အကြင်လင်မယား အဖြစ် ဆက်ဆံခဲ့သည် ဆိုခြင်းနှင့် စပ်လျဉ်း ၍ မတင်တင်နွယ်သည် ယခု ကိစ္စတွင် သဘောတူ ခွင့်ပြုခဲ့ခြင်းရှိ မရှိပင် ဖြစ်သည်။

မတင်တင်နွယ်မှာ အချင်းဖြစ်သည်ဆိုသည့်နေ့က ရွှေတိဂုံဘုရားပေါ်မှ အချင်းဖြစ် နေအိမ်သို့ ကား အဆင့်ဆင့် စီး၍ မောင်နန်းဝေနှင့် အတူ လိုက်ပါလာခြင်းသည် ယင်းအဆင့်၌ မတင်တင်နွယ်သည် မောင်နန်းဝေ ခေါ်ရာသို့ သဘောတူညီချက်ဖြင့် လိုက်ပါလာခြင်း ဖြစ်သည်ဟု ကောက် ယူနိုင်သည်။ အကြောင်းမူကား ၎င်းအနေဖြင့် မောင်နန်းဝေ က အတင်း အဓမ္မ ခေါ်ဆောင်လာခြင်း ဖြစ်သည် ဆိုပါက အနီးရှိ လူများအား အကူအညီတောင်းရမည် ဖြစ်သည်။ မောင်ဝင်းမြင့် နေအိမ်သို့ ရောက်ရှိ သည့် အခါမျိုး၌ မတင်တင်နွယ် အနေဖြင့် မောင်နန်းဝေနှင့် မောင်ဝင်း မြင့် တို့၏ ပြုကျင့်သမျှကို ခံရမည့်အခြေအနေမျိုးသို့ ရောက်ရှိနေကြောင်း ပေါ်ပေါက်သည်။

မောင်ဝင်းမြင့် နေအိမ်တွင် မောင်ဝင်းမြင့်နှင့် မောင်နန်းဝေတို့သည် မတင်တင်နွယ်အား ညအချိန်တွင် သဘောတူ ခွင့်ပြုချက် မရဘဲ အတင်း အဓမ္မ တစ်လှည့်စီ သားမယား အဖြစ် ပြုကျင့်ကြရာ မတင်တင်နွယ် အနေ ဖြင့် မိမိအား သတ်မည် ပြုလုပ်၍ အနီး ပတ်ဝန်းကျင်ရှိ နေအိမ်များမှ လူများအား အော်ဟစ် အကူအညီတောင်းခံခြင်း မပြုလုပ်ခဲ့ရပါကြောင်း

၁၉၉၁
မြည်ဆောင်ရ
မြန်မာ
နိုင်ငံတော်
နှင့်
ဝင်းမြင့်
ပ၁(၂)

၁၉၉၁
မြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဝင်းမြင့် ပါ(၂)

မြင့် ထုချေ ချက်သည် သဘာဝယုတ္တိရှိသည်ဟု ဆိုရမည်ဖြစ်သည်။ မူလ ခေါ်စဉ်က သဘော တူညီခဲ့သော်လည်း နောက်ပိုင်း အတင်း အဓမ္မ သားမယား အဖြစ် ပြုကျင့် ခဲ့ခြင်းကို သဘော မတူညီခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၅ တွင် ဖော်ပြထားသည့် အင်္ဂါရပ် များနှင့် အကျုံးဝင်နေသဖြင့် တရားခံများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ကို ကျူးလွန်သည်ဟု ဆိုရမည်သာဖြစ်သည်။

ယင်း အခြေအနေမျိုးတွင် မြို့နယ် တရားရုံးက တရားခံ များသည် မတင်တင်နွယ်၏ သဘောတူညီချက်ဖြင့် ကျူးလွန်ခဲ့ခြင်းသာဖြစ်ကြောင်း သုံးသပ်ပြီး တရားခံများအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် ဥပဒေ အရ မှန်ကန်သည်ဟု မဆိုသာပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး ကလောရွှက် မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ တရားခံ ဝင်းမြင့်နှင့် နန်းစေ (ခ) ဖေလင်းတို့အား ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် (၂) နှစ် (နှစ်နှစ်) စီ ကျခံစေရန် အမိန့်ချမှတ်သည်။

ချုပ်ရက်များရှိက ယင်းချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နုတ်ကျခံ စေရမည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

### ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

သိန်းဝေ (ခ) အန်ကူ*

† ၁၉၉၁ အောက်တိုဘာလ ၃၀ ရက်

### ကျင်အောင်

စလောင်းကစားဥပဒေပုဒ်မ ၁၆(က) ရှာဖွေစရမ်း မပါရှိသော်လည်း လောင်းကစား ကိရိယာ ပစ္စည်း အားလုံး လက်ဝယ်တွေ့ရှိခြင်း — လုပ်ထုံးလုပ်နည်းနှင့် မညီရုံမျှနှင့် အမှုများ ပျက်ပြယ်ခြင်း မရှိနိုင်။

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံး၏ အမှုတွဲကိုလေ့လာရာ၌ အချင်းဖြစ် သက်သေခံပစ္စည်း ချဲဘောက်ချာစာအုပ်များ၊ ခပြစာ စာရွက်များ၊ ကာဗွန် စာရွက်များ၊ ပုံနှိပ်စာလုံး (၀၀၀) မှ (၉၉၉) ထိ ရေးသားထားသော စာအုပ်များ စသည့် ပစ္စည်းများကို ကျင်အောင်ထံမှ လည်းကောင်း၊ အန်ကူထံမှ လည်းကောင်း ရှာဖွေ တွေ့ရှိရသည်ဟု ထင်ရှားပေါ်ပေါက်သည်။ ယင်း စာရွက်စာတမ်းများ ပေါ်ရှိ လက်ရေး လက်သားများမှာ တရားခံများ၏ လက်ရေးလက်သား ဖြစ်ကြောင်းကိုမူ တင်ပြနိုင်ကြောင်း မတွေ့ရပေ။ မည်သို့ပင်ဖြစ်စေ ယင်းပစ္စည်းများမှာ တရားခံများ၏ လက်ဝယ်မှ ရှာဖွေ တွေ့ရှိခြင်း ဖြစ်ကြောင်းမှာမူ အထင်အရှားပေါ်ပေါက်သည်။ ချဲထိုးနိုင် ပြုလုပ်သည်ဟု အတိ အကျ မှတ်ယူနိုင်ခြင်း မရှိသော်လည်း တရားခံများသည် ချဲထိလောင်းကစားမှု ပြုလုပ်ကြသည်

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၆၁၉နှင့်၆၂၈

† ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၇၃ / ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၉၅ တို့တွင် ချမှတ်သော (၂၂-၆-၉၀) / (၂၀-၇-၉၀) ရက်စွဲပါ ဝေါမြို့နယ် / ပဲခူးတိုင်း (ခဲခူးမြို့နယ်ရုံး) တရားရုံးတို့၏အမိန့်ကိုအယူခံမှု။

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
သိန်းဝေ
(ခ)
အန်ကူ
ကျင်အောင်

ဟု မှတ်ယူနိုင်ရန် အထောက်အထားခိုင်လုံမှု ရှိပေသည်။ တိုင်းတရားရုံးက ရှာဖွေဝရမ်း မပါရှိခြင်း၊ လောင်းကစား နည်းဥပဒေ ပုဒ်မ ၂၀ အရ ဆောင်ရွက်ထားမှု မရှိခြင်းတို့ကြောင့် ကျင်အောင်အား ပြစ်မှု ကျူးလွန်သည်ဟု မဆိုနိုင်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၆ (က) အရ အရေးယူနိုင်တော့မည် မဟုတ်ကြောင်းဖြင့် သုံးသပ် ထားခြင်းမှာ ဥပဒေ အရ မမှန်ပေ။ လောင်းကစား ကိရိယာ ပစ္စည်း အားလုံးကို လက်ဝယ်မှ တွေ့ရှိနေပြီ ဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့်မညီရုံမျှနှင့် အမှုမှာ ပျက်ပြယ်ခြင်း မရှိနိုင်ပေ။ တိုင်း တရားရုံးက ကျင်အောင်အား အမှုမှ အပြီး အပြတ် လွှတ် ခြင်း သည် လည်းကောင်း၊ အန်ကူအား အမှုမှ အပြီး အပြတ် လွှတ်ခြင်းသည် လည်းကောင်း ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

| | |
|---|---|
| အယူခံဘရားလိုအတွက် | – ဒေါ် နန်း ခမ်း အုံ၊ လက်ထောက် ညွှန်ကြား ရေးမှူး၊ ရှေ့နေချုပ်ရုံး |
| အယူခံတရားခံများအတွက် | – ဦးသိန်းသန်း၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – ဦးဘဟန်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

ဝေါ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၇၃/၉၀ တွင် ကျင်အောင်နှင့်အန်ကူတို့ အပေါ် လောင်းကစားဥပဒေပုဒ်မ ၁၆ (က) အရ စွဲချက်တင် စစ်ဆေးပြီးနောက် ကျင်အောင်အား ထောင်ဒဏ် (၆) လ ကျခံစေရန် လည်းကောင်း၊ အန်ကူအား အမှုမှ အပြီးအပြတ် လွှတ် စေရန် လည်းကောင်း အမိန့် ချမှတ်ခဲ့သည်။ ကျင်အောင်အား ထောင် ဒဏ် (၆) လကျခံစေရန် အမိန့်ကို မကျေနပ်၍ ကျင်အောင်က ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု) သို့ အယူခံတင်သွင်းခဲ့ရာ တိုင်းတရားရုံးက မြို့နယ် တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး ကျင်အောင်အားအမှုမှ အပြီးအပြတ်လွှတ် ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အန်ကူအား အမှုမှ အပြီးအပြတ် လွှတ် သည့် အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ ပြစ်မှု ဆိုင်ရာ အယူခံမှု အမှတ် ၆၁၉/၉၁ တွင် လည်းကောင်း၊ ကျင်အောင်အား အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို မကျေနပ်၍ ဤရုံး ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၆၂၀/၉၁ တွင် လည်းကောင်း အယူခံ တင်သွင်း ခဲ့ခြင်း ဖြစ် သည်။

ဝေါ်မြို့ပါ အမှု (၂) မှုစလုံးမှာ မူလရုံး ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၅၇၃/၉၀ မှ ပေါ်ပေါက်လာခြင်း ဖြစ်သည့် အပြင် တစ်ခုနှင့် တစ်ခု ဆက်စပ်မှု ရှိနေသောကြောင့် ဤစီရင်ချက်သည် အဆိုပါအမှု (၂) မှုလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၉၁
ပြည်ထောင်စု မြန်မာ နိုင်ငံတော်

ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် သိန်းဝေ (ခ) အန်နီကူ

ကျင်အောင်

အမှုမှာ ညောင်ခါးရှည် ရဲစခန်းမှ ဒုရဲအုပ် ဦးကျော်ထွဋ်နှင့် အဖွဲ့သည် တာဝန်ထမ်းရွက်ရေး ဆောင်ရွက်နေစဉ် ညောင်ခါးရှည်ရှိ ''ကန့်ကော်မြိုင် ကဖီး'' လက်ဖက်ရည်ဆိုင်၌ ချဲထီလောင်းကစားမှု ပြုလုပ်နေသည်ဟု သတင်းရရှိ၍ သက်သေလူကြီးများနှင့်အတူ ဝင်ရောက်ရှာဖွေရာ သိန်းဝေ (ခ) အန်နီကူနှင့် ကျင်အောင်တို့ ထံမှ ချဲထီ ငွေလက်ခံ မြတ်ပိုင်း စာအုပ်များ၊ ချဲထီ ဂဏန်းများ ရေးသွင်း ထားသော စာအုပ်များ၊ ငွေများနှင့် အခြား လောင်းကစား ကိရိယာ စာရွက်စာတမ်းများကို တွေ့ရှိရကြောင်း၊ သို့နှင့် ၎င်း သိန်းဝေ (ခ) အန်နီကူနှင့် ကျင်အောင်တို့အား ဖမ်းဆီးပြီး လောင်းကစား ဥပဒေ အရ အရေးယူရန် ဦးကျော်ထွဋ်က ရဲစခန်း၌ တိုင်ချက်ရေးဖွင့်ရာမှ အမှု စတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ရှေ့နေချုပ်ရုံးက အမိက အယူခံ အကြောင်းပြချက် အဖြစ် တင်ပြရာ၌ အချင်းဖြစ်နေ့က ဆိုင်အတွင်းရှိ လူ (၅) ဦးအား စစ်ဆေးရှာဖွေရာ ကောင်တာအနီး၌ ခွါးနို့ ထိုင်သောက်နေသူ ကျင်အောင်၏ ပုဆိုးခါးပုံစထဲမှ ချဲထီ ဘောက်ချာနှင့် ပြေစာ စာရွက်များနှင့် အိတ်ကပ်ထဲမှ ငွေ ၂၀၆/- ကျပ်တို့ကို သိမ်းဆည်းခဲ့ကြောင်း၊ ထိုသို့ ရှာဖွေသိမ်းဆည်းနေစဉ် သိန်းဝေ (ခ) အန်နီကူသည် ၎င်း၏ အိတ်ထဲမှ ချဲ ဘောက်ချာ စာအုပ် တစ်အုပ်တို့ ဘယ်ဘက်ရှိ စားပွဲခုံအောက်သို့ ပစ်ချသည်ကို တွေ့ရ၍ ၎င်းအားကောက်နိုင်းပြီး သိမ်းဆည်းခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ အန်နီကူက ချဲစာအုပ်ကို ပစ်ချကြောင်း မြင်ရသူ ရဲတပ်ကြပ်မျိုးညွန့် တစ်ဦးတည်းသာ ရှိပြီး ထောက်ခံ သက်သေ မရှိကြောင်းဖြင့် သုံးသပ်ထားချက်မှာ မမှန်ကန်ကြောင်း၊ ၎င်းသည် လောင်းကစား ဥပဒေပုဒ်မ ၁၆ (က) အရ ပြစ်မှု ကျူးလွန်သည်ဟု ပေါ်ပေါက်ကြောင်းဖြင့် တင်ပြထားသည်။

အလားတူပင် တပ်ကြပ်ကြီး မျိုးညွန့် ထွက်ချက်အရ လည်းကောင်း၊ ဒုရဲအုပ် ဦးကျော်ထွဋ် ထွက်ချက်အရ လည်းကောင်း၊ ရှာဖွေ သက်သေများ၏ ထွက်ချက် အရ လည်းကောင်း ကောင်တာ အနီးတွင် ခွါးနို့ သောက်နေသူ ကျင်အောင်အား ရှာဖွေရာ ၎င်း၏ ပုဆိုးခါးပုံစအတွင်းမှ ချဲထီဘောက်ချာနှင့် ပြေစာ စာရွက်များ တွေ့ရပါသည်ဟု ပေါ်ပေါက်ကြောင်း၊ ယင်းအချက်ကို ဖျက်ကွယ်ပြု၍ လောင်းကစား ဥပဒေ ပုဒ်မ ၄၊ ၅ အရ ဝရမ်းမပါဟု လည်းကောင်း၊ နည်းဥပဒေ အပိုဒ် ၂၀ အရ ဆောင်ရွက်ခဲ့ခြင်း မရှိဟု လည်းကောင်း သုံးသပ်ပြီး ကျင်အောင်အား အမှုမှ အပြီးအပြတ် လွှတ်သော တိုင်းတရားရုံး၏အမိန့်သည် ဥပဒေအရ မှားယွင်းကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကို လေ့လာ ရာ၌ အချင်းဖြစ် သက်သေခံ ပစ္စည်း ချဲဘောက်ချာ စာအုပ်များ၊ ပြေစာ စာရွက်များ၊ ကာဗွန် စာရွက်များ၊ ပုံနှိပ်စာလုံး (၀၀၀) မှ (၉၉၉) ထိ ရေးသွင်းထားသော

၁၉၅၁
ပြည်ထောင်စု မြန်မာနိုင်ငံတော်
ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် သိန်းဝေ (ခ) အန်ကူ
ကျင်အောင်

စာအုပ်များ စသည့် ပစ္စည်းများကို ကျင်အောင် ထံမှ လည်းကောင်း၊ အန်ကူထံမှ လည်းကောင်း ရှာဖွေ တွေ့ရှိရသည်ဟု ထင်ရှားပေါ်ပေါက်သည်၊ ယင်း စာရွက်စာတမ်းများပေါ်ရှိ လက်ရေး လက်သားများမှာ တရားခံများ၏ လက်ရေးလက်သား ဖြစ်ကြောင်းကိုမူ တင်ပြနိုင်ကြောင်း မတွေ့ရပေ။ မည်သို့ပင်ဖြစ်စေ ယင်းပစ္စည်းများမှာ တရားခံများ၏ လက်ဝယ်မှ ရှာဖွေ တွေ့ရှိခြင်း ဖြစ်ကြောင်းမှာမူ အထင် အရှား ပေါ်ပေါက်သည်။ ချုထိနိုင် ပြုလုပ်သည်ဟု အတိအကျ မှတ်ယူနိုင်ခြင်း မရှိသော်လည်း တရားခံများသည် ချုထိလောင်းကစားမှု ပြုလုပ်ကြသည်ဟု မှတ်ယူနိုင်ရန် အထောက်အထားနိုင်လုံမှု ရှိပေသည်၊

တိုင်းတရားရုံးက ရှာဖွေ ဝရမ်း မပါရှိခြင်း၊ လောင်းကစား နည်းဥပဒေ အပိုဒ် ၂၈ အရ ဆောင်ရွက်ထားမှုမရှိခြင်းတို့ကြောင့် ကျင်အောင်အား ပြစ်မှု ကျူးလွန်သည်ဟု မဆိုနိုင်ကြောင်း၊ ယင်း ဥပဒေပုဒ်မ ၁၆ (က) အရ အရေးယူ နိုင်တော့မည် မဟုတ်ကြောင်းဖြင့် သုံးသပ်ထားခြင်းမှာ ဥပဒေအရ မမှန်ပေ။ လောင်းကစားကိရိယာ ပစ္စည်းအားလုံးကို လက်ဝယ်မှ တွေ့ရှိနေပြီဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့် မညီရုံမျှနှင့် အမှုမှာ ပျက်ပြယ်ခြင်း မရှိနိုင်ပေ။ တိုင်းတရားရုံးက ကျင်အောင်အား အမှုမှ အပြီးအပြတ် လွှတ်ခြင်းသည် လည်းကောင်း၊ အန်ကူအား အမှုမှ အပြီးအပြတ် လွှတ်ခြင်းသည် လည်းကောင်း ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ၊

ထို့ကြောင့် (၁) အယူခံ တရားခံ သိန်းဝေ (ခ) အန်ကူ အား အမှုမှ အပြီးအပြတ် လွှတ်သော ဝေါမြို့နယ် တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား လောင်းကစား နည်းဥပဒေပုဒ်မ ၁၆ (က) အရ ထောင်ဒဏ် (၆) လ (ခြောက်လတိတိ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်၊

ချုပ်ရက်ရှိက ထောင်ဒဏ်ကာလမှ ထုတ်နုတ်ခံစားစေ၊

(၂) အယူခံ တရားခံ ကျင်အောင်အား အမှုမှ အပြီးအပြတ် လွှတ်သော ပဲခူးတိုင်း တရားသူကြီး (ပဲခူးမြို့နယ်စု) ၏ အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအား လောင်းကစား ဥပဒေပုဒ်မ ၁၆ (က) အရ ထောင်ဒဏ် (၆) လ ကျခံစေရန် ချမှတ်ထားသော မူလ ဝေါမြို့နယ် တရားသူကြီး၏ အမိန့်ကို ပြန်လည်အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်၊

## မြစ်မှုဆိုင်ရာ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

### ပြည်ထောင်စု မြန်မာနိုင်ငံတော်

### နှင့်

### ဦးအက်စ်အင်န်လီလာဝါ(၃) *

† ၁၉၉၁
ဇွန်လ
၂၁ ရက်

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ စွဲဆိုမှု — ခွင့်ပြုချက် အရ နေထိုင်သူများ ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဒေါ်တင်ဓာင်၏ ထွက်ဆိုချက် အရ ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှတို့သည် ၎င်းတို့၏ ခွင့်ပြုချက် အရ နေထိုင်သူများ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အကယ်၍ ဒေါ်တင်တင်အနေဖြင့် ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှ တို့အား အချင်းဖြစ် အခန်းတွင် ဆက်လက် မနေလိုသော ဆန္ဒရှိပါက သက်ဆိုင်ရာ တရားရုံးတွင် တရားမကြောင်းအရသာ တရားစွဲဆိုသင့်သည်ဟု သုံးသပ်တွေ့ရှိရသည်။

အယူခံတရားလိုအတွက် — ဦးခင်မောင်ဦး၊ ဥပဒေအရာရှိ
အဆင့်(၁)၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် — ၁။ ဦး ထွန်း မြင့်၊ တရား ရုံး ချုပ်
ရှေ့နေ
၂။ ဦး ခင် အေး၊ တရားရုံးချုပ်
ရှေ့နေ

တရားရေးအကြံပေး — ဦးဘသန်း၊ ဒုတိယညွှန်ကြားရေးမှူး၊
တရားရုံးချုပ်

---

* ၁၉၉၀ ပြည့်နှစ်၊ မြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၉၄၇

† ၁၉၉၀ ခုနှစ်၊ မြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၇၃ တွင် ချမှတ်သော (၈-၆-၉၀) ရက်စွဲပါ ပန်းတဲတန်းမြို့နယ်တရားရုံး၏အမိန့်ကိုအယူခံမှု

၁၉၉၁ ။
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးအက်စ်
အင်န်လီလာ
ပါ (၃)

ပန်းဘဲတန်း မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆၇၃/၈၈ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၂ ဖြင့် တရားစွဲဆိုတင်ပို့ခြင်း ခံရသော အယူခံ တရားခံများ ဖြစ်ကြသည့် ဦးအက်စ်အင်န်လီလာ၊ ဦးကြည်ထွန်း နှင့် ဒေါ်ထွေးလှ တို့အား မြို့နယ်တရားရုံးက နှစ်ဖက် သက်သေများကို စစ်ဆေးကာ အမှုမှ အပြီး အပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သောကြောင့် တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၊ တိုက်အမှတ် (၇၄) အခန်း (၁၁) တတိယထပ်အခန်းကို ဦးမောင်မောင်နှင့်ဇနီး ဒေါ်တင်တင် တို့သည် ၁၉၆၅ ခုနှစ်က စ၍ တရားဝင် ငှားရမ်း နေထိုင်ခဲ့ကြောင်း၊ ရန်ကုန်မြို့ ငှားရမ်းခကြီးကြပ်ရေးဝန်မှ ၂၅-၉-၆၉ နေ့စွဲပါ စာအမှတ် ၁၁၄၆/၆၉ ဖြင့် ဦးမောင်မောင် အမည်မှ ဇနီး ဒေါ်တင်တင်အမည်သို့ အိမ်လခ ပြေစာများ ပြောင်းလဲထုတ်ပေးရန် ဘုရားကျောင်းဂေါပကအဖွဲ့သို့ ညွှန်ကြားခဲ့ကြောင်း၊ ဒေါ်တင်တင်၏ ခွင့်ပြုချက် မရှိဘဲ ဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက တရားခံဦးကြည်ထွန်းနှင့်ဒေါ်ထွေးလှတို့ အမည်ဖြင့် ပြောင်းလဲ၍ အိမ်လခပြေစာများထုတ်ပေးခဲ့သဖြင့် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်ဖြင့် ဒေါ်တင်တင်က တရားခံများ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၂ အရ အရေးယူပေးရန် တိုက်ရိုက် တိုင်လျှောက်ခဲ့ရာမှ ပေါ်ပေါက် လာသော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အဓိကအယူခံ အကြောင်းပြချက် အဖြစ် တင်ပြရာ၌ အချင်းဖြစ် အခန်းတွင် တရားခံ ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှ တို့အား ခွင့်ပြုချက်ဖြင့် ထားခဲ့သည်မှာ အငြင်းမပွားကြောင်း၊ သို့ရာတွင် တရားခံ ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှတို့သည် အမှတ် (၁) တရားခံ ဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ပူးပေါင်းပြီး ငှားရမ်းခကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် မရယူဘဲ အိမ်ငှား အဖြစ် အမည်ပြောင်းလဲ ရယူထားကာ အိမ်လခ ပြေစာများ ထုတ်ယူခဲ့ကြောင်း ပေါ်ပေါက်ပါလျက် တရားခံများအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းတို့ ဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာသုံးသပ်ရာတွင် မူလရုံး တရားလို ဒေါ်တင်တင်၏ ခင်ပွန်း သေသူ ဦးမောင်မောင်နှင့် မူလရုံး တရားခံ ဦးကြည်ထွန်း၏ ဇနီး တရားခံ ဒေါ်ထွေးလှတို့သည် မောင်နှမအရင်းများ ဖြစ်ကြပြီး ဦးမောင်မောင် မသေမီကပင် ဒေါ်ထွေးလှသည် မောင်ဖြစ်သူ ဦးမောင်မောင်နှင့် ဒေါ်တင်တင်တို့ နေထိုင်သည့် အချင်းဖြစ် နေအိမ်၌

အတူတကွ လာရောက်နေထိုင်စဉ် ဒေါ်စံထွေးလှသည် တရားခံ ဦးကြည်ထွန်းနှင့် အိမ်ထောင်ကျပြီး နောက်ပိုင်း၌လည်း ၎င်းတို့ လင်မယားသည် ယခု အချင်းဖြစ်သည့် အချိန်တိုင်အောင် အချင်းဖြစ် နေအိမ်တွင် နေထိုင်လျက် ရှိကြသည် ဆိုသော အချက်သည် အငြင်း ပွားခြင်း မတွေ့ရှိရပေ။

ဦးမောင်မောင်သည် မကျန်းမမာ ဖြစ်၍ တောင်ကြီးသို့ သွားရောက်နေထိုင်ရာ ဇနီးဖြစ်သူ ဒေါ်တင်တင်သည်လည်း ဦးမောင်မောင်နှင့်အတူ သွားရောက် နေထိုင်ခဲ့ရာမှ နောက်ဆုံး ဦးမောင်မောင်သည် တောင်ကြီး၌ပင် သေဆုံးခဲ့ကြောင်း ပေါ်ပေါက်သည်။

ဂေါပက အဖွဲ့ လူကြီး ဖြစ်သူ အက်စ်အင်နိုလီလာ (ခံပြ-၁) က "အဆိုပါ အခန်းတွင် ဒေါ်တင်တင် နေထိုင်ခြင်း မရှိသည်မှာ ကြာပြီ ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းအပြင် အဆိုပါ အခန်းအတွက် ငှားရမ်းခ များကိုလည်း ဤအဖွဲ့မှ မရရှိခဲ့သေးပါ။ ငှားရမ်းခ များမှာ နှစ်ပေါင်းများစွာ ရရန် ကျန်ရှိနေပါသည်။ ထို့ကြောင့် အဆိုပါအခန်းတွင် တရားဝင် နေထိုင်သူ ဦးကြည်ထွန်းထံမှ ငှားရမ်းခများကို ရယူခဲ့ပါသည်၊ ဂေါပက၏ အဓိကရည်ရွယ်ချက်မှာ ငှားရမ်းခနှင့်သာ သက်ဆိုင်ပါသည်။ ငှားရမ်းခ ပိုင်ဆိုင်သူ မည်သူမည်ဝါ ဖြစ်ကြောင်း အရေးမကြီးပါ။ စည်ပင်သာယာမှ အခန်းတွင် နေထိုင်သူများထံမှ ငှားရမ်းခ မရသည့်အခါ အခန်းတွင် နေထိုင်သူများထံ ငှားရမ်းခ တောင်းလေ့ရှိပါသည်။ ရန်ကုန် မြို့တော် စည်ပင် သာ ယာ ရေး ကော်မတီမှ အခွန်ကိစ္စနှင့် ပတ်သက်၍ ဦးကြည်ထွန်းသို့ ပေးသားသော အကြောင်းကြား စာကို သက်သေခံ အဖြစ် တင်ပြပါသည်။ မူရင်းနှင့် ဓာတ်ပုံမိတ္တူ ပူးတွဲတင်ပြ၍ တိုက်ဆိုင်စစ်ဆေးပြီး ဓာတ်ပုံမိတ္တူကို သက်သေခံ (၂) အဖြစ် လက်ခံသည်" ဟူ၍ ထွက် ဆို ထား သည်။ ထို့အပြင် ယင်း သက်သေက တရားလိုဘက်မှ တင်ပြထားသည့် သက်သေခံ "က" မှ "က-၉" အထိ ငှားရမ်းခ ပြေစာများ ပေါ်တွင် ရေးထိုး ထားသည့် လက်မှတ်များသည် ၎င်း၏ လက်မှတ်များ မဟုတ်ကြောင်း၊ သက်ဆိုင်ရာ စာရေးများကသာ သွားရောက် ကောက်ခံခြင်းဖြစ်ကြောင်းဖြင့်လည်း ထွက်ဆိုထားသည်။

ယင်း ထွက်ဆိုချက် အရ ဆိုပါလျှင် အချင်းဖြစ်အခန်းတွင် ဒေါ်တင်တင် တို့မှ အိမ်လခများ မပေးခဲ့သည်မှာ ကြာပြီဖြစ်၍ အတူနေထိုင်ခဲ့သူ ဦးကြည်ထွန်း၊ ဒေါ်ထွေးလှတို့မှာ အိမ်လခများကို ဆက်လက်ပေးဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည့် အပြင် သက်သေခံ "က" မှ "က-၉" ပြေစာများပေါ်ရှိ လက်မှတ်မှာလည်း ဦးအက်စ်အင်နိုလီလာ၏ လက်မှတ် ဖြစ်ကြောင်းလည်း စာစစ်ထပ်ဆင့် မတောက်ယူနိုင် သေးပေ။

၁၉၇၁ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးအက်စ် အင်န်လီလာ ပါ(၃)

သို့ဖြစ်ရာ တရားလိုဘက်မှ ရှုပ်ရှဲသကဲ့သို့ ဓါဂါမကဲ့လူကြီး ဖြစ်သူ အက်စ် အင်န်လီလာနှင့် ပူးပေါင်းပြီး ဦးကြည်ထွန်း ဒေါ်ထွေးလှ တို့သည် ငှား ရမ်းခ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ အိမ်ငှားအဖြစ် အမည် ပြောင်း လဲ ရယူထားကာ အိမ်လခပြေစာများကို မတရား ရယူခဲ့သည် ဆိုသော အချက်သည် ပေါ်လွင်ထင်ရှားသည်ဟု မတောက်ယူသင့်ပေ။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၂၂ တွင်''မည်သူမဆို ပုဒ်မ ၂၀၊ (၁) (သို့မဟုတ်) (၂) (သို့မဟုတ်) ပုဒ်မ ၂၁၊ (၁) (၂) (၃) သို့မဟုတ်၊ (၅) ပါ ပြဋ္ဌာန်းချက်များကို ဆန့် ကျင်လျှင် (၃) လအထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀၀၀/– အထိ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်''ဟူ၍ ပြဋ္ဌာန်း ထားသည်။

ယင်း ဥပဒေပုဒ်မ ၂၀ (၁) တွင်လည်း လူ နေထိုင်ရန် ဥပစာမှ တစ်ပါး အခြား ဥပစာ တစ်ခုခု လစ်လပ်သည့် အခါ သို့မဟုတ် လစ်လပ်ရန် အကြောင်းရှိသည့် အခါ သို့မဟုတ် လူ နေထိုင်ရန် ဥပစာမှ တစ်ပါး အခြားဥပစာတစ်ခုခု ဆောက်လုပ်သည့်အခါ ထို အဖြင် အိမ်ရှင်တလည်း ထိုဥပစာကို အိမ်ငှားအား အငှား ချထားရန် ကြံရွယ် သည့် အခါ အဆိုပါ ဥပစာကို ငှားရမ်းမည့် အိမ်ငှားအား အငှား ချ ထားခွင့် ပြုသော လက်မှတ်ရရှိရန် အိမ်ရှင်က ကြီးကြပ်ရေးဝန်ထံ လျှောက် လွှာ တင်သွင်းရမည်'' ဟူ၍ ပြဋ္ဌာန်းထားသည်။

ယင်း ပြဋ္ဌာန်းချက်အရ ဆိုပါက အချင်းဖြစ် ဥပစာသည် အချင်းဖြစ် အချိန်၌ လစ်လပ်ရန် အခြေအနေမျိုးသော် လည်းကောင်း၊ လစ်လပ်ရန် အကြောင်းရှိသည့် အခြေအနေ မျိုးသော် လည်းကောင်း ရှိရန် လိုအပ် သည်။

ယခု အချင်းဖြစ် အခန်းသည် အချင်းဖြစ်အချိန်၌ လစ်လပ်သည့် အခြေ အနေ မျိုးသော် လည်းကောင်း၊ လစ်လပ်ရန် အကြောင်းရှိသည့် အခြေ အနေ မျိုးသော် လည်းကောင်း ပေါ်ပေါက်ခြင်း မရှိဘဲ ဒေါ်ထွေးလှ၏ မောင်ဖြစ်သူ သေသူ ဦးမောင်မောင်ရှိစဉ်ကပင် ဒေါ်ထွေးလှနှင့် ဦးကြည် ထွန်းတို့သည် ဦးမောင်မောင်၊ ဒေါ်တင်တင်တို့၏ ခွင့်ပြုချက်ဖြင့် နေထိုင် လျက် ရှိခဲ့ကြောင်း ပေါ်ပေါက်သည်။

မစ္စတာ အာခရပ်ရှစ်နန်း နှင့် ဝိုင်အန်စီဇော [၁] အမှု တွင်လည်း မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် သာမန်အိမ်ငှားနှင့်

---

၁။ ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၃၄၄

ကြီးကြပ်ရေးဝန်က ဥပဒေ အရ အိမ်ငှားအဖြစ် အသိအမှတ် ပြုထားသူများသာ အကျုံးဝင်ကြောင်း၊ ခွင့်ပြုချက် အရ နေထိုင်သူများနှင့် သက်ဆိုင်ခြင်း မရှိကြောင်း စီရင်ထုံးပြုထားသည်။

၁၉၉၀
ပြည်ထောင်စု
မြန်မာ
နိုင်ငံ တော်
နှင့်
ဦးအကာစ်
အင်န်လီလာ
ပါ(၃)

၎င်းအမှုတွင်လည်း ဒေါ်ဟင်တင်၏ ထွက်ဆိုချက်အရ ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှတို့သည် ၎င်းတို့၏ ခွင့်ပြုချက်အရ နေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် အကယ်၍ ဒေါ်တင်တင် အနေဖြင့် ဦးကြည်ထွန်းနှင့် ဒေါ်ထွေးလှ တို့အား အရှင်းဖြစ် အခန်းတွင် ဆက်လက် မနေလိုသော ဆန္ဒရှိပါက သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်း အရသာ တရား စွဲဆိုသင့်သည်ဟု သုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် ပန်းဘဲတန်း မြို့နယ် တရားရုံးက တရားခံများ အပေါ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ အပြစ်မရှိကြောင်း သုံးသပ်ပြီး အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့် အမိန့်ကို အတည်ပြုလျက် ၎င်းအယူခံကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

**ပြစ်မှုဆိုင်ရာ အယူခံမှု**

**တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်**

† ၁၉၉၁
အောက်တိုဘာ
၃ ရက်

**ပြည်ထောင်စု မြန်မာနိုင်ငံတော်**

**နှင့်**

**ကိုအောင်ချမ်းသာ ***

ရှပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၄၀၊ ၄၁ - ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက် မရရှိသေးသော အခွေကို ပြစက် အနီး စားပွဲပေါ်၌ တွေ့ရှိခြင်း- ဆင်ဆာမဲ့ ဗွီဒီယို ဇာတ်ကားကို အခကြေးငွေ ရယူပြီး ပြသခြင်း။

ဆုံးဖြတ်ချက်။ ဝင်ရောက် ရှာဖွေမည့်ကာ သက်သေခံ တရုတ် သိုင်းကား အခွေကို ပြစက်အနီး စားပွဲပေါ်မှတွေ့ရှိကြောင်းမှာ ထင်ရှားသည်။ စုစုပေါင်း (၃) ခွေသာ ရှိသောကြောင့် အဆိုပါ (၃) ခွေစလုံးမှာ ထိုညက ပြသရန် ရည်ရွယ်ချက် ရှိကြောင်း မှတ်ယူ နိုင်သည်။ အဆိုပါ တရုတ်ဇာတ်ကားမှာ ဆင်ဆာ အဖွဲ့၏ ခွင့်ပြုချက် မရရှိ ဟုလည်း ပေါ်ပေါက်သည်။ ယင်းသို့ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရရှိသော ဇာတ်ကားကို ပြသမှု အတွက် အောင်ချမ်းသာသည် ရုပ်မြင်သံကြား နှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၁ ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ယင်း ဥပဒေပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်မည် ဖြစ်သည်။ တရားခံသည် နိုင်ငံခြားမှ တင်သွင်းသော ဆင်ဆာမဲ့ ဗွီဒီယိုဇာတ်ကားကို အခကြေးငွေ ယူပြီး ပြသခဲ့သည် ဖြစ်၍၊ ၎င်းသည် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၂ ကို ဖောက်ဖျက်ရာ ရောက်သဖြင့် ယင်း ဥပဒေပုဒ်မ ၄၁ အရ ပြစ်ဒဏ်ထိုက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ၎င်းသည် ဗွီဒီယိုပြသခွင့် လုပ်ငန်း လိုင်စင်ရရှိသူ ဦးဝင်းနိုင်ထံမှ လွှဲပြောင်းလုပ်ဆောင်သည်ဟု တွေ့ရသည်။ ယင်းအတွက် ပြစ်မှုတစ်ရပ် ကျူးလွန်သည်ဟု တွေ့ရသော်လည်း သက်ဆိုင်ရာမှ ယင်းပြစ်မှုအတွက် တစ်စုံတစ်ရာ တရားစွဲဆိုထားခြင်းရှိမပေ။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၅၆

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈၁၅ တွင် ချမှတ်သော (၂၆-၁၁-၉၀) ရက်စွဲပါ မြောက်ဥက္ကလာပ မြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

| | | | |
|---|---|---|---|
| အယူခံတရားလိုအတွက် | - | ဦး ခင် မောင် ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး | ၁၉၉၁<br>ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုအောင်ချမ်းသာ |
| အယူခံတရားခံအတွက် | - | ကိုယ်တိုင် (မလာ) | |
| တရားရေးအကြံပေး | - | ဦးဘဟန်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် | |

မြောက်ဥက္ကလာပ မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ဂ၁၅/၉၀ တွင် အောင်ချမ်းသာ အပေါ် ရုပ်မြင် သံ ကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၄၀၊ ၄၁ တို့ အရ စွဲချက်တင် စစ်ဆေး ပြီးနောက် အမှုမှ အပြီးအပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကိုရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤအယူခံကိုတင်သွင်းသည်။

အမှုမှာ မြောက်ဥက္ကလာပ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ရုံးမှ ဒုရဲအုပ် ဦးဝင်းတင်နှင့်အဖွဲ့သည် (၅-၈-၉၀) ရက်နေ့ (၂၀း၀၀) နာရီအချိန်ခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက် သုနန္ဒာလမ်း အမှတ် (၁၀၄) နေ အောင်ချမ်းသာ၏ နေအိမ်၌ ဆင်ဆာခွင့်ပြုချက် မရှိသော ဗွီဒီယိုကားများကို အခကြေးငွေယူပြီး ပြသနေကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့် အတူ ဝင်ရောက် ရှာဖွေရာ လူ တစ်ယောက်လျှင် တစ်ကျပ်နှုန်းဖြင့် ဆင်ဆာ ခွင့်ပြုချက် မရှိသော တရုတ် သိုင်းကား ပြသနေသည်ကို တွေ့ရှိရကြောင်း၊ ယင်းနှင့် ဗွီဒီယို ပြစက်များ၊ တိပ်ခွေ များနှင့် ရောင်းရငွေ ၅၅/-ကျပ်တို့ကို ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ၎င်း အောင်ချမ်းသာ အပေါ် ရုပ်မြင်သံကြားနှင့်ဗွီဒီယို ဥပဒေပုဒ်မ ၄၀၊ ၄၁ တို့အရ အရေးယူပေးရန်ဟု မြောက်ဥက္ကလာပ ရဲစခန်းသို့ တိုင်ကြားရာမှ အမှုစတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရှေ့နေချုပ်ရုံးက အမိက အယူခံ အကြောင်းပြချက်အဖြစ် တင်ပြရာ၌ ရှာဖွေရေး အဖွဲ့ ရောက်လာစဉ် တရားခံ၏ ဇနီးက ရုံ့ အဝင်ဝတွင် ငွေကောက်ခံနေသည်ကို တွေ့ရပြီး ရုံထဲတွင်လည်း စုစုပေါင်း လူ ၅၀၊ ၆၀ ခန့် ကြည့်ရှုနေကြသည်ကိုပါ တွေ့ရကြောင်း၊ ရုံထဲ ဝင်လိုက်ရာ ဗွီဒီယို ပြစက်ကိုပိတ်လိုက်ပြီး စက်အနီးမှ ဗွီဒီယိုတိပ်ခွေ (၃) ခု တွေ့ရကြောင်း၊ ဇော်ဇော က ပြသော အခွေပေးရန် ပြောရာ အောင်ချမ်းသာမှ တရုတ် သိုင်းကား အခွေကို ထုတ်ပေးခဲ့ကြောင်း၊ ယင်း အခွေမှာ ဆင်ဆာ ခွင့်ပြုချက် မရရှိသော ဇာတ်ကားဖြစ်ကြောင်း၊ တရားခံသည် ဆင်ဆာ ခွင့်ပြုချက်မရှိသော ဇာတ်ကား ပြသခဲ့သဖြင့် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၁ ကို ဖောက်ဖျက် ကျူးလွန်ခဲ့ကြောင်း၊ ထို့ပြင် ပြည်ပမှ တင်သွင်းလာသည့် တရုတ်သိုင်းကားကို အခကြေးငွေယူပြီး ပြသခဲ့သော

၁၉၉၁
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကိုအောင်ချမ်း
သာ

ကြောင့် ယင်းဥပဒေပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ သက်သေခံ တိပ်ခွေများကို ပြစက်အနီး၌ တွေ့ရှိရုံမျှဖြင့် ပြသရန်အလို့ငှာ လက်ဝယ် ထားသည်ဟု မဆိုနိုင်ဟု လည်းကောင်း၊ ယခုဥပဒေ၌ အားထုတ်ခြင်း အပြုအမူအတွက် ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းချက် မရှိဟု လည်းကောင်း သုံးသပ်ကာ တရားခံအား အမှုမှ အပြီးအပြတ် လွှတ်ခြင်းမှာ မှန်ကန်မှုမရှိကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကို လေ့လာရာ၌ အချင်းဖြစ် နေ့က အောင်ချမ်းသာ၏ နေအိမ်၌ ဗွီဒီယိုပြကြောင်း၊ အခကြေးငွေ ယူပြီး ပြသခြင်း ဖြစ်ကြောင်း၊ ပြသသော ဇာတ်ကားမှာ ဆင်ဆာမဲ့ တရုတ် သိုင်းကား ဖြစ်ကြောင်း တို့မှာ ထင်ရှားသည်၊ ရဲများ ဝင်ရောက် လာစဉ်က ပြစက်ကို ပိတ်လိုက်သည်။ ပြစက်အနီး စားပွဲပေါ်၌ တိပ်ခွေ (၃) ခု တွေ့ရသည်။ စောစောက ပြသောအခွေ ဘယ်ဟာလဲဟု မေးရာ တရုတ် သိုင်းကား အခွေကို အောင်ချမ်းသာက ထုတ်ပေးသည်ဟု ဦးဝင်းတင် (လိုပြ-၁) က ထွက်ဆိုထားသည်။ တရားခံကမူ တရုတ် သိုင်းကား မဟုတ်ဘဲ ပြေငြိမ်းပါသော မြန်မာဇာတ်ကား ပြသခြင်းသာဖြစ်ကြောင်း ကြော်ငြာဘုတ်၌လည်း ''အမေကျေနပ်မှာပါလေ'' ဇာတ်ကား ပြမည်ဟု ကြော်ငြာထားကြောင်း၊ အခြားတစ်ခွေမှာ ဇော်ဝင်းထွဋ်၏ ဓာတ်ရိုး အခွေဖြစ်ကြောင်း ထိုညက တရုတ်သိုင်းကား လုံးဝ ပြသခြင်း မရှိကြောင်းဖြင့် ထုချေထားသည်။

အမှု၌ ပေါ်ပေါက်ချက်များ အရ အချင်းဖြစ် ညက အောင်ချမ်းသာ၏ နေအိမ်၌ ဗွီဒီယိုပြသကြောင်းမှာ အငြင်းမပွားပေ၊ ဝင်ရောက်ရှာဖွေစဉ်က မည်သည့်ကား ပြသည်ဟု ကွဲ လွဲ ထွက် ဆို ထား၊ ကြ သော် လည်း သက်သေခံ တရုတ်သိုင်းကားအခွေကို ပြစက် အနီး စားပွဲပေါ်မှ တွေ့ရှိကြောင်းမှာ ထင်ရှားသည်။ စုစုပေါင်း (၃) ခွေသာ ရှိသောကြောင့် အဆိုပါ (၃) ခွေစလုံးမှာ ထိုညက ပြသရန် ရည်ရွယ်ချက် ရှိကြောင်း မှတ်ယူနိုင်သည်။ အဆိုပါ တရုတ်ဇာတ်ကားမှာ ဆင်ဆာ အဖွဲ့၏ ခွင့်ပြုချက် မရရှိဟုလည်း ပေါ်ပေါက်သည်။ ယင်းသို့ ဆင်ဆာ အဖွဲ့၏ ခွင့်ပြုချက် မရရှိသော ဇာတ်ကားကို ပြသမှု အတွက် အောင်ချမ်းသာသည် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၁၁ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ယင်းဥပဒေပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်မည်ဖြစ်သည်။

ထို့ပြင် တရားခံ၏ ဇနီးမှာ ရုံအဝင်ဝ၌ ငွေကောက်ခံသိမ်းဆည်းနေကြောင်း ရုံအတွင်း၌ လူ ၄၀၊ ၅၀၊ ၆၀ ခန့် ရောက်ရှိနေကြောင်း၊ စုစုပေါင်း ငွေ ၅၅/– ကျပ်ကို သိမ်းဆည်းခဲ့ကြောင်း ပေါ်ပေါက်သဖြင့် အပျင်းပြေ အခမဲ့ပြသခြင်း မဟုတ်ဘဲ အခကြေးငွေယူပြီး ပြသခြင်း ဖြစ်ကြောင်း ထင်ရှားသည်၊ ရုံရှေ့၌ ကြော်ငြာဘုတ်ထောင်ပြီး ပြေငြိမ်း၏

၁၉၉၁
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကိုအောင်ချမ်း
သာ

ဇာတ်ကား ပြသမည်ဟု ကြေညာထားသည်ဟု ပေါ်ပေါက် သဖြင့် ရုပ်ရှင်ရုံသဖွယ် အခကြေးငွေ (ဝင်ကြေး) ကောက်ခံပြီး ပြသရန် စီမံ ထားခြင်း ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်။ ဇနီးသည်၏ဈေးရောင်း သည့် ခွက်ထဲမှ ငွေများသာ ဖြစ်သည်ဟု တရားခံက လုချေအားခြင်းကို လက်ခံရန် အကြောင်းမရှိပေ။ တရားခံသည် နိုင်ငံခြားမှတင်သွင်းသော ဆင်ဆာမဲ့ ဗွီဒီယိုဇာတ်ကားကို အခကြေးငွေ ရယူပြီး ပြသခဲ့သည် ဖြစ်၍ ၎င်းသည် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၂ ကို ဖောက်ဖျက်ရာ ရောက်သဖြင့် ယင်းဥပဒေပုဒ်မ ၄၁ အရ ပြစ်ဒဏ်ထိုက်သည်။

အထက်ပါ အကြောင်းများကြောင့် တရားခံ အောင်ချမ်းသာအား အမှုမှ အပြီးအပြတ်လွှတ်ခြင်းမှာ ဥပဒေအရ မှန်ကန်မှုမရှိပေ။ ၎င်းသည် ဗွီဒီယိုပြသခွင့်လုပ်ငန်းလိုင်စင်ရရှိသူ ဦးဝင်းနိုင်ထံမှ လွှဲပြောင်းလုပ်ဆောင် သည်ဟု တွေ့ရသည်။ ယင်းအတွက် ပြစ်မှုတစ်ရပ်ကျူးလွန်သည် ဟုတွေ့ ရသော်လည်း သက်ဆိုင်ရာမှ ယင်းပြစ်မှုအတွက် တစ်စုံတစ်ရာ တရားစွဲဆို ထားခြင်း မရှိပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး အယူခံ တရားခံ ကိုအောင်ချမ်း သာအား အမှုမှအပြီးအပြတ်လွှတ်သော မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၄၀ အရ ထောင်ဒဏ် (၂) နှစ်၊ ယင်းဥပဒေပုဒ်မ ၄၁ အရ ထောင် ဒဏ် (၁) နှစ် ကျခံစေရန်နှင့် ပြစ်ဒဏ် နှစ်ရပ် တစ်ပြိုင်တည်း ကျခံစေ ရန် အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်ရှိက ထောင်ဒဏ်ကာလမှ ထုတ်နုတ်ခံစေရမည်။

သက်သေခံပစ္စည်း ရုပ်မြင်သံကြားစက်နှင့် ဗွီဒီယိုပြစက်များနှင့် ငွေများ တို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေ၊ ကျန် သက်သေခံပစ္စည်းများကို ဖျက်ဆီးစေ။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး [redacted] တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

† ၁၉၉၁ မတ်လ ၁၃ ရက်

ဦးမိုးနီ (ခ) ဦးခင်မောင်အေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**တရားစီရင်ရေး ဥပဒေပုဒ်မ ၆–ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂ အရ လည်းကောင်း၊ ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗွီဒီယို ဥပဒေပုဒ်မ ၃၇ အရ လည်းကောင်း၊ တစ်မှုစီ ခွဲ၍ တရားစွဲ တင်ပို့ခဲ့ခြင်း၊ သက်သေခံ ပစ္စည်းမှာ တစ်ခုတည်းသာ ရှိခြင်း– တစ်မှုတွင် သက်သေခံပစ္စည်းကို ပိုင်ရှင်သို့ပြန်ပေးရန် ချမှတ် ထားသော မူလရုံး၏အမိန့်ကို တရားရုံးချုပ်က အလိုအလျောက် ပြင်ဆင်မှုဖွင့်ဘဲ မပယ်ဖျက်ဘဲ၊ ပြင်ဆင်မှုဖွင့်ထားသော တစ်မှု တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသည့် မူလရုံး၏အမိန့်ကို အတည်ပြုထားခြင်းသည်၊ ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ။**

ဆုံးဖြတ်ချက်။ သာမန် အားဖြင့် ပြင်ဆင်မှု တရားရုံးသည် လက် အောက်ခံ တရားရုံး၏ အမိန့် တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် အကြောင်း ပေါ်ပေါက်လာလျှင် အလိုအလျောက် ပြင်ဆင်မှုကို ဖွင့်လှစ် ဆောင်ရွက် လေ့ ရှိသည်၊ ဤအရာတွင် ယခုအမှု၌ ထူးခြားသော အကြောင်း ရှိနေ သည်ကို သတိချပ်ရပေမည်။ အချင်းဖြစ် ပစ္စည်းမှာ တစ်ခုတည်း ဖြစ်ပြီး ထိုပစ္စည်းကိုပင် အမှု (၂) မှု၌ တစ်ပြိုင်တည်းတင်ပြခဲ့သော်လည်း အမိန့် ချမှတ်ရာတွင် အမိန့် နှစ်မျိုး မျိုးကွဲပြားစွာ ချမှတ်ခဲ့ခြင်းအတွက် တရားရုံး ချုပ်က ပြန်လည် တည့်မတ်ပေးခဲ့ခြင်း ဖြစ်ကြောင်းသာ တွေ့ရပေသည်။

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၅

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀၅ (ခ) တွင် ချမှတ်သော (၇-၂-၉၀) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု

ဆင်မံဆုံးဖြတ်ချက်။ ပြစ်မှုကြီးအမှတ် ၁၇၁/၇၇ အတွက် တရားရုံးချုပ်က ပြင်ဆင်မှု ဖွင့်လှစ်ခဲ့ခြင်း မရှိသည့်တိုင်အောင် ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ တွင် ချမှတ်ခဲ့သော အမိန့်နှင့် စပ်လျဉ်း၍ မူလရုံး တရားခံ ဦးမိုးနီသည် တရားရုံးချုပ်အထိ ၎င်း၏အကျိုးဆောင်မှတစ်ဆင့် လျှောက်လဲ တင်ပြ ပြောဆိုခွင့် ရခဲ့ပြီး ဖြစ်သည်။ တရားခံအား လျှောက်လဲလှလုံချေ မပြောဆိုခွင့် မပေးဘဲ ၎င်းအပေါ် ပြင်ဒဏ် တိုးမြှင့် ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မှန်သော်လည်း အဆိုပါ ပြဋ္ဌာန်းချက်သည် သက်သေခံ ပစ္စည်းကို စီမံခန့်ခွဲခြင်းနှင့်လည်း စပ်ဆိုင်သည်ဟု မမှတ်ယူနိုင်ပေ။ ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ (၁) တွင်လည်း "တရားရုံးတစ်ရုံးက မိမိ၏ ပြင်ဆင်မှု အာဏာကို ကျင့်သုံးသည့် အခါ ယင်း တရားရုံးရှေ့တွင် မည်သည့်အမှုသည်ကမျှ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေမြင့်ဖြစ်စေ၊ လျှောက်လဲ ပြောဆိုခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။ ဤ အခြေအနေများ အရ ပြင်ဆင်မှု မဖွင့်လှစ်ဘဲ ပြစ်မှုကြီးအမှတ်၊ ၁၇၁/၇၇ မှ သက်သေခံ ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားခံ ဦးမိုးနီကို မကြားနာဘဲ တရားရုံးချုပ်က ပြင်ဆင် အမိန့်ချမှတ်ခြင်းမှာ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်း မရှိဟု မဆိုနိုင်ချေ။ ထို့အပြင် ပြစ်မှုကြီး အမှတ် ၁၆၁/၇၇ မှ ယင်း သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသော မြို့နယ်တရားရုံး၊ ပြည်နယ်တရားရုံးနှင့် တရားရုံးချုပ်တို့၏ အမိန့်များမှာလည်း ဥပဒေနှင့် မညီညွတ်ကြောင်း မတွေ့ရချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးကျော်ကျော်ဝင်း၊ တရားရုံးချုပ် ရှေ့နေ |
| အယူခံတရားခံအတွက် | – | ဦးခင်အောင်၊ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| တရားရေးအကြံပေး | – | ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

မိုးကောင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၈၇ တွင် တရားခံ ဦးမိုးနီ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရ ဒဏ်ငွေ ၂၀၀/- ပေးဆောင်စေရန်နှင့် သက်သေခံ ဗွီဒီယို အပေါ်စက်နှင့် အောက်စက်တို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံ ပစ္စည်းနှင့် စပ် လျဉ်းသော အမိန့်ကို ဦးမိုးနီက မကျေနပ်၍ ကချင်ပြည်နယ် တရားရုံးသို့ အယူခံ ဝင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာ

၁၉၉၁
ဦးမိုးနီ (ခ) ဦးခင်မောင်အေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြင်ဆင်မှု အမှတ် ၁၀၅ (ခ)/၈၉ အရ ပြင်ဆင်မှု ဝင်ရောက်သည်။ အဆိုပါအမှုနှင့် ဆက်စပ်သော မိုးကောင်း မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၁/၈၇ တွင် ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗွီဒီယို ဥပဒေပုဒ်မ ၃၇ အရ ၎င်း တရားခံ ဦးမိုးနီ အပေါ်စွပ်စွဲ တရားစွဲဆိုပြီး အဆိုပါ သက်သေခံ ဗွီဒီယို အပေါ်စက်နှင့် အောက်စက် တို့ကို ဦးမိုးနီ အား ပြန်ပေးစေရန် ချမှတ်ထားသည့်အမှုတွဲကို တရားရုံးချုပ်က ပြင်ဆင်မှု (က) ဖွင့်လှစ်ခြင်းမရှိဘဲ တောင်းခေါ်ကာ သက်သေခံပစ္စည်းများကို ဦးမိုးနီသို့ ပြန်ပေးသည့် မူလရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် ပြင်ဆင် အမိန့်ချမှတ်သည့် အပြင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၈၇ တွင် သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းသည့်အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်များနှင့်စပ်လျဉ်းပြီး ဦးမိုးနီ (ခ) ဦးခင်မောင်အေးက တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ဝုံညီခုံရုံးဖြင့် ပြန်လည် စစ်ဆေး စီရင်ပေးရန် အထူးအယူခံဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အမှုမှာ ၆-၈-၈၆ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးမှူး ဦးစိုးဌေး ဒုတိယစုံစမ်းရေးမှူး ဦးကျော်လင်းတို့က သက်သေ လူကြီးများနှင့် အတူ သတင်းအရ မိုးကောင်းမြို့ ဈေးကုန်းရပ်နေ ဦးမိုးနီ (ခ) ဦးခင်မောင်အေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ပြသခွင့်မရှိဘဲ အခကြေးငွေယူ၍ ဗွီဒီယို အပြာကားထုပ်ကို ပြသနေကြောင်း တွေ့ရ၍ ဗွီဒီယို (၁၀) ခွေ၊ ဗွီဒီယို အပေါ်စက် တစ်လုံး၊ အောက်စက် တစ်လုံး၊ မီးစက် တစ်လုံး၊ အသံ ထိန်းစက် တစ်လုံး၊ အသံထွက်စက် တစ်ခု၊ ကြော်ငြာဆိုင်းဘုတ်၊ ထိုင်ခုံ ဇယား စာရွက်တို့ကို သိမ်းဆည်းသည်။ စုံစမ်းရေးမှူး ဦးမြင့်သိန်းက အမှု (၂) မှု ခွဲ၍ တိုင်ချက်ဖွင့်ပြီး ဦးမိုးနီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရ လည်းကောင်း၊ ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၇ အရ လည်းကောင်း၊ အသီးသီး အရေးယူ စွဲဆိုခဲ့သော အမှုများဖြစ်သည်။

အယူခံ တရားလိုဖြစ်သူ မူလရုံး တရားခံ ဦးမိုးနီက အယူခံခွင့် ရရန် လျှောက်ထားရာ၌ အဓိက အကြောင်းပြချက် အဖြစ် တင်ပြရာတွင် ၎င်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂ အရ စွဲဆို တင်ပို့သော အမှုကို မိုးကောင်း မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၁/၈၇ အရ လက်ခံ ကြားနာပြီး ယင်း ပုဒ်မဖြင့်ပင် အပြစ်ပေးပြီး သက်သေခံ ဗွီဒီယိုစက်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ခဲ့ကြောင်း၊ ၎င်း အပေါ် ယင်း အမှုနှင့် ပတ်သက်ပြီး ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၇ အရ စွဲဆိုတင်ပို့သော အမှုကို ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၁/၈၇ အရ လက်ခံစစ်ဆေးပြီး သက်သေခံ ဗွီဒီယို စက်များညှိ ပိုင်ရှင်အား ပြန်ပေးစေရန် အမိန့် ချမှတ်ခဲ့ကြောင်း၊ မူလရုံး

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၁/၈၇ တွင် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ချမှတ်ထားသော အမိန့်ကို တရားရုံးချုပ်က ပြင်ဆင်မှု (က) ဖွင့်လှစ်ဆောင်ရွက်ခြင်း မရှိဘဲ အမိန့်ချမှတ်ခဲ့ခြင်းသည် အထင်အရှား မှားယွင်းနေကြောင်း၊ မူလရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၈၇ တွင် အခင်းဖြစ် ပစ္စည်းများကို သက်သေခံပစ္စည်း အဖြစ် တင်ပြခဲ့ခြင်း မရှိ၍ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ အမိန့် ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းနှင့် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၀(၁) ကို လျစ်လျူရှုခဲ့ရာရောက်ကြောင်း စသည်ဖြင့် တင်ပြထားသည်။

တရားရုံးချုပ်က အောက်ဖော်ပြပါ ပြဿနာကို စဉ်းစားနိုင်ရန် အတွက် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်—

''မိုးကောင်းမြို့နယ် တရားရုံးက သက်သေခံပစ္စည်း မှိုဒီယိုအပေါ်စက်နှင့် အောက်စက်တို့ကို ယင်းရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၁/၈၇ တွင် မူလပိုင်ရှင် ဦးမိုးနီ(ခ) ဦးခင်မောင်အေး အား ပြန်ပေးစေရန် အမိန့်ချမှတ်ပြီး ယင်းသက်သေခံပစ္စည်းကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၈၇ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု ကွဲလွဲစွာ အမိန့်ချမှတ်ခဲ့သည်။ တရားရုံးချုပ်က မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၁/၈၇ တွင် သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကို ပြင်ဆင်မှု မဖွင့်ဘဲ အလိုအလျောက် ပယ်ဖျက်ကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေသော အမိန့်ကို အတည်ပြုသောအမိန့်သည် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်း ရှိမရှိ စုံညီခုံရုံးဖြင့် ပြန်လည်သုံးသပ်နိုင်ရန် ဤ အထူးအယူခံခွင့် လျှောက်လွှာကို လက်ခံခွင့်ပြုသည်။

တရားရုံးချုပ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၅(ခ)/၈၉ ကို လေ့လာရာ မြို့နယ်တရားရုံးသည် သက်သေခံ မှိုဒီယိုအပေါ်စက်နှင့် အောက်စက်တို့ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ တွင် အမိန့်ချမှတ်ထားကြောင်း၊ အဆိုပါ ပစ္စည်းများမှာ တရားရုံးသို့ သက်သေခံအဖြစ် တင်ပြထားခြင်း ရှိ—မရှိ အမှုတွဲ၌ မပေါ်ပေါက်ကြောင်း၊ ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍လည်း ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၁/၈၇ တွင် မည်သို့အမိန့်ချထားကြောင်း မပေါ်ပေါက်၍ တရားမျှတမှုအတွက် အဆိုပါအမှုတွဲကိုတောင်းခေါ်တင်ပြရန် ၆-၁၀-၈၉ ရက်စွဲက အမိန့်ချမှတ်ခဲ့သည့်အလျောက် အမှုကြီးအမှတ် ၁၇၁/၈၇ မှာ တရားရုံးချုပ်သို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

တရားရုံးချုပ် စီရင်ချက်၌ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ရှာဖွေပုံစံ သက်သေခံ(က)၊ (က—၁) မှုရင်းများကို ပြစ်မှုဆိုင်ရာ အမှုကြီး

၁၉၉၁
ဦးမိုးနီ
(စ)
ဦးခင်မောင်
အေး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အမှတ် ၁၇၁/၈၇ တွင် တင်ပြထားပြီး ယင်းရှာဖွေပုံစံ (မိတ္တူ) များကို မူ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၈၇ တွင် တင်ပြထားရာ နှစ်မှု စလုံး၌ သက်သေခံပစ္စည်းများမှာ တစ်မျိုးတည်းသာဖြစ်သည်ကို တွေ့ရှိရ ကြောင်း၊ ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ဗွီဒီယိုလုပ်ငန်းနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်း ချက်ရှိကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂ အရ တရားစွဲဆိုသော ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ တွင် သက်သေခံပစ္စည်း ဗွီဒီယို အပေါ်စက်နှင့် အောက်စက်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်အမိန့် ချမှတ်ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ် ကြောင်း၊ သို့ဖြစ်၍ ပြစ်မှုကြီးအမှတ် ၁၇၁/၈၇ တွင် အချင်းဖြစ် သက် သေခံပစ္စည်း ဗွီဒီယိုအပေါ်စက် အောက်စက်ကို ပိုင်ရှင်သို့ ပြန်ပေးစေရန် ချမှတ်ထားသောအမိန့်ကို ပယ်ဖျက်ကြောင်းနှင့် ပြစ်မှုကြီးအမှတ်၁၆၁/၈၇ တွင် အဆိုပါပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ကချင်ပြည်နယ် တရားရုံး၏ အမိန့်တို့ကို အတည်ပြုပြီး ပြင်ဆင်မှုကို ပလပ်ကြောင်းဖြင့် အမိန့်ချမှတ်ထားကြောင်း တွေ့ရှိရသည်။

ယခုအမှု၌ အဓိကဆုံးဖြတ်ရန်ပြဿနာမှာ ပြစ်မှုကြီးအမှတ် ၁၇၁/၈၇ မှ သက်သေခံပစ္စည်းကို ပိုင်ရှင်သို့ပြန်ပေးရန် ချမှတ်ထားသော အမိန့်ကို တရားရုံးချုပ်က အလိုအလျောက် ပြင်ဆင်မှုဖွင့်၍ ပယ်ဖျက်ကာ ပြည် သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသည့်အမိန့်နှင့် ပြစ်မှု ကြီးအမှတ် ၁၆၁/၈၇ မှ အမိန့်ကို အတည်ပြုထားခြင်းတို့သည် ဥပဒေ နှင့် ညီညွတ်မှု ရှိ—မရှိဝင် ဖြစ်ပေသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ သာမန်အားဖြင့် ပြင်ဆင်မှု တရားရုံးသည် လက်အောက်ခံ တရားရုံး၏ အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်ရန်အကြောင်း ပေါ်ပေါက်လာလျှင် အလိုအလျောက် ပြင်ဆင်မှုကို ဖွင့်လှစ်ဆောင်ရွက် လေ့ရှိသည်။ သို့ရာတွင် ယခုအမှု၌ ထူးခြားသောအကြောင်း ရှိနေသည် ကို သတိချပ်ရပေမည်။ အချင်းဖြစ်ပစ္စည်းမှာ တစ်ခုတည်းဖြစ်ပြီး ထိုပစ္စည်း ကိုပင် အမှု (၂) မှု၌ တစ်ပြိုင်တည်း တင်ပြခဲ့သော်လည်း အမိန့်ချမှတ်ရာ တွင် အမိန့်နှစ်မျိုး ကွဲပြားစွာ ချမှတ်ခဲ့ခြင်းအတွက် တရားရုံးချုပ်က ပြန် လည်တည့်မတ်ပေးခဲ့ခြင်း ဖြစ်ကြောင်းသာ တွေ့ရပေသည်။

ပြစ်မှုကြီး အမှတ် ၁၇၁/၈၇ အတွက် တရားရုံးချုပ်က ပြင်ဆင်မှု ဖွင့်လှစ်ခဲ့ခြင်း မရှိသည့်တိုင်အောင် ပြစ်မှုကြီး အမှတ် ၁၆၁/၈၇ တွင် ချမှတ်ခဲ့သောအမိန့်နှင့်စပ်လျဉ်း၍ မူလရုံးတရားခံဦးမိုးနီသည် တရားရုံးချုပ် အထိ ၎င်း၏ အကျိုးဆောင်မှု တစ်ဆင့် လျှောက်လဲ တင်ပြ ခြောဆိုခွင့်

ရခဲ့ပြီး ဖြစ်သည်။ တရားခံအား လျှောက်လဲထုချေ စပြောဆိုခွင့် မပေးဘဲ ၎င်း အပေါ် ပြစ်ဒဏ်တိုးမြှင့် ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မှန်သော်လည်း၊ အဆိုပါ ပြဋ္ဌာန်းချက်သည် ယက်သေခံပစ္စည်းကို စီမံခန့်ခွဲခြင်းနှင့်လည်း စပ်ဆိုင်သည်ဟု မမှတ်ယူနိုင်ပေ။ ထို့အပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၄၀ တွင်လည်း ''တရားရုံး တစ်ရုံးက မိမိ၏ ပြင်ဆင်မှု အာဏာကို ကျင့်သုံးသည့် အခါ ယင်း တရားရုံး ရှေ့တွင် မည်သည့် အမှုသည်ကမျှ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေမြင့်ဖြစ်စေ လျှောက်လဲ ပြောဆို ခွင့် မရှိစေရ'' ဟု ပြဋ္ဌာန်းထားသည်။ ဤအခြေအနေများ အရ ပြင်ဆင်မှု မခွင့်လွှတ်ဘဲ ပြစ်မှုကြီးအမှတ် ၁၇၁/၈၇ မှ သက်သေခံ ပစ္စည်း များနှင့် စပ်လျဉ်း၍ တရားခံ ဦးမိုးနီကို မကြားနာဘဲ တရားရုံးချုပ်က ပြင်ဆင် အမိန့် ချမှတ်ခြင်းမှာ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်း မရှိဟု မဆိုနိုင်ချေ။ ထို့အပြင် ပြစ်မှုကြီးအမှတ် ၁၆၁/၈၇ မှ ယင်း သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ် ထားသော မြို့နယ်တရားရုံး၊ ပြည်နယ် တရားရုံးနှင့် တရားရုံးချုပ် တို့၏ အမိန့်များမှာလည်း ဥပဒေနှင့် မညီညွတ်ကြောင်း မတွေ့ရချေ။

ရှေ့နေချုပ်ရုံး အတွက် လိုက်ပါဆောင်ရွက်သော ဥပ္ပနဲကြားရေးမှူးက လည်း ''ဦးမိုးနီ (ခ) ဦးခင်မောင်အေး လျှောက်ထား၍ ပြင်ဆင်မှု ဖွင့်လှစ် ထားသော အမှုတွင် ဦးမိုးနီ (ခ) ဦးခင်မောင်အေးနှင့် တစ် ချိန်တည်း တစ်နေရာတည်း၊ သက်သေခံပစ္စည်း တစ်ခုတည်း ဆက်စပ်နေ သည့် အမှုကို ထောင်းခေါ်ကြည့်ရှုပြီး ဦးမိုးနီ (ခ) ဦးခင်မောင်အေး လျှောက်ထားသည့် ပြင်ဆင်မှု အမှတ် ၁၀၅ (ခ) / ၈၉ တွင် ထည့်သွင်း ပြီး အမိန့်ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က နှင့် ဆန့်ကျင်မှုမရှိပါ'' ဟူ၍လည်း တင်ပြထားသည်။

သို့ဖြစ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀၅ (ခ) / ၈၉ တွင် ၇-၂-၉၀ နေ့စွဲဖြင့် ချမှတ်ခဲ့သောအမိန့်ကို အတည်ပြုပြီး မူလရုံး တရားခံ ဦးမိုးနီ (ခ) ဦးခင်မောင်အေး၏ အတွေး အယူခံမှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ

ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင်၊ ဦးမျိုးထွန်းလင်းနှင့်

ဦးကျော်ဝင်းတို့ရှေ့တွင်

† ၁၉၉၁ ဧပြီလ ၈ ရက်

ဦးမောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ (၂)*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅-လောက်လေးခွသည် ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန် လက်နက်ဟု မှတ်ယူရန် သင့်-မသင့်။

ဆုံးဖြတ်ချက်။ သက်သေခံ စက်ဘီးကုန်းသီးနပ်ဖြင့် လောက်လေးခွ၌ ထည့်ပစ်ကြောင်း မထင်ရှားပေ။ လောက်လေးခွမှာ ဓလိုလားအစ်သော ကိရိယာတစ်ခု ဖြစ်သည် မှန်သော်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန်လက်နက် ဖြစ်သည်ဟူ၍ အရေးသော မမှတ်ယူသင့်ပေ။ သေစေတန်ရာသော ဒဏ်ရာ ရရှိစေရန် အရာဝတ္ထု တစ်ခုခုကို လောက်လေးခွ၌ ထည့်သွင်း ပစ်ခတ်ခြင်းဖြင့် သေစေတန်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်လွင် ထင်ရှားလျှင် သေစေတန်ရာသော လက်နက်ဟူ၍ ဆိုရန်သာရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ဤအခြေအနေများ အရ ဘိုတို (ခ) စအောင်ရဲထွန်း အသုံးပြုခဲ့သော လက်နက်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော လက်နက် အမျိုးအစားထဲတွင် ပါဝင်ခြင်းမရှိကြောင်းနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ စွဲချက်တင်ခြင်းသည် အမှု၌ ပေါ်ပေါက်ချက်များ အရ ပိုမို ဆီလျော်မှန်ကန်မှု ရှိမည် ဖြစ်ကြောင်း သုံးသပ် ဆုံးဖြတ် ခဲ့သော တရားရုံးချုပ်၏ ၁၂-၇-၉၀ နေ့စွဲပါ အမိန့်သည် မှားယွင်းကြောင်း မတွေ့ရ၍ ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိချေ။

---

* ၁၉၉၀ ပြည်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၁၂

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅၃(ခ)တွင် ချမှတ်သော (၁၂-၇-၉၀) ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

အယူခံတရားလိုအတွက် — ဦးသန့်စင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံများအတွက် — ၁။ ဦး အောင် စိန်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးမျိုးထွဋ်၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးစိုးမြင့်၊ ညွှန် ကြား ရေး မှူး၊ တရားရုံးချုပ်

၁၉၉၁
ဦးမောက် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ဗဟန်းမြို့နယ တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၈၀၁/၈၉ တွင် ဦးမင်းရဲထွန်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ လည်းကောင်း၊ ဘိုဘို (ခ) အောင်ရဲထွန်း အပေါ် ပုဒ်မ ၃၂၅ အရ လည်းကောင်း၊ ဒေါ်အမာ အပေါ် ပုဒ်မ ၃၂၅/၁၁၄ အရ လည်းကောင်း အသီးသီး စွဲချက်တင်ခဲ့သည်။ ယင်းအမိန့်များအနက်မှ ဘိုဘို(ခ)အောင်ရဲထွန်း အပေါ် ပုဒ်မ ၃၂၅ အရ စွဲချက်တင်သော အမိန့်ကို တရားလို ဦးမောက်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ စွဲချက်တင်စစ်ဆေးစေရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တိုင်းတရားရုံး၏အမိန့်ကို ဘိုဘိုက မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းခဲ့ရာ တရားရုံးချုပ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၅၃(ခ)/၉၀ တွင် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မူလ မြို့နယ်တရားရုံး၏ စွဲချက်အမိန့်ကို ပြန်လည် အတည်ပြုကြောင်း ၁၂-၇-၉၀ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တရားရုံးချုပ်၏ အမိန့်ကို ဦးမောက်က မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်ပေးရန် အထူးအယူခံဝင်ရောက်ခဲ့သည်။

အမှုမှာ ၁၂-၃-၈၆ ရက်နေ့က ဦးမင်းရဲထွန်း၏ မိသားစုအား တစ်ဖက်၊ ဦးမောက်နှင့် ကိုသောင်းမြင့်တို့က တစ်ဖက် ခိုက်ရန် ဖြစ်ပွားကြကြောင်း၊ ထိုစဉ် ဦးမင်းရဲထွန်း၏သား ဘိုဘို (ခ) အောင်ရဲထွန်းက လေးခွဖြင့် ပစ်သဖြင့် ဦးမောက်၏ ဘယ်ဘက်မျက်လုံး ထိမှန် ဒဏ်ရာရရှိပြီး မျက်လုံး ထုတ်ပစ်ခဲ့ရကြောင်း၊ ဦးမင်းရဲထွန်း၏ဇနီး ဒေါ်အမာသည်လည်း ဘယ်ဘက် လက်ရိုး ကျိုးသွားကြောင်း၊ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုင်ကြားကြရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

တရားရုံးချုပ်၏ ၁၂-၇-၉၀ ရက်စွဲပါ စီရင်ချက်တွင် ဘိုဘို (ခ) အောင်ရဲထွန်းက လေးခွဖြင့် ပစ်၍ ဦးမောက်၏ ဘယ်ဘက် မျက်လုံးကို

၁၉၅၁
ဦးမောက်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ထိမှန်ပြီး မျက်လုံး တစ်ဖက် ဆုံးရှုံးသွားသည်ဟု တွေ့ရကြောင်း၊ ရရှိသော ဒဏ်ရာမှာ တုံးသောလက်နက်ဖြင့် ရရှိသည့် ဒဏ်ရာဖြစ်သည်ဟု သက်သေခံ (င) ဆေးစာအရ တွေ့ရကြောင်း၊ ဘိုဘို (ခ) အောင်ရဲထွန်း အသုံးပြုခဲ့သော လက်နက်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ချွန်ထက်သော လက်နက် သို့မဟုတ်ပစ် ခတ်ရန်လက်နက် သို့မဟုတ် ထိုးရန်လက်နက် သို့မဟုတ် ခုတ်ဖြတ်ရန် ကိရိယာတစ်ခုခု ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ တရားခံ၏ပြုလုပ်မှုသည် ပုဒ်မ ၃၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခဲ့သည်ဟုသာ ငြိစွန်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ မူလ မဟာန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ~~[illegible]~~ သုံးသပ် ဖော်ပြထားသည်။

မူလရုံး တရားလို ဦးမောက်က အဓိကအကြောင်းပြချက်အဖြစ် တင်ပြ ရာ၌ ဘိုဘို (ခ) အောင်ရဲထွန်းက မိမိအား လေးခွဖြင့် ပစ်ခတ်ရာတွင် မိမိ၏ဘယ်ဘက်မျက်လုံးကို ထိမှန်ပြီး ကျေမွပျက်စီးသွားကာ မျက်လုံး တစ်လုံး ကန်းသွားကြောင်း၊ အသုံးပြုသောပစ္စည်းမှာ ရိုးရိုးလောက်စာ လုံးမဟုတ်ဘဲ စက်ဘီးကုန်းသီးဖြင့် ပစ်ခတ်ခြင်းဖြစ်၍ မိမိ၏မျက်ခွံတွင် အပိုင်း (၃) ပိုင်းပြတ်၍ မျက်လုံးမှာ ကျေမွပျက်စီးသွားရကြောင်း၊ သွေး အလွန်အကျွံထွက်ပြီး အချိန်မီဆေးရုံသို့ ရောက်ခဲ့၍သာ အသက်ဘေးမှလွတ် မြောက်သွားခြင်း ဖြစ်ကြောင်း၊ ဘိုဘို (ခ) အောင်ရဲထွန်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ပါ ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်လျက်ရှိကြောင်းဖြင့် တင်ပြထားသည်။

တရားရုံးချုပ်က အောက်ပါပြဿနာကို ခိုင်းစေနိုင်ရန်အတွက် သရော အယူခံဝင်ခွင့် ပြုခဲ့သည်-

''ဘိုဘို (ခ) အောင်ရဲထွန်း အသုံးပြုခဲ့သော လက်နက်မှာ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန် လက် နက် ကိရိယာ တစ်ခုခုဖြစ်သည်ဟု မဆိုနိုင်ဟု ဆုံးဖြတ်ထားချက်ကို စုံညီရုံးဖြင့် ပြန်လည်စဉ်းစား သုံးသပ်နိုင်ရန် ဤအထွေထွေ လျှောက် လွှာကို လက်ခံခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။''

အယူခံတရားလို (မူလရုံးတရားလို) ဦးမောက်၏ အကျိုးဆောင် ရှေ့နေကြီးက ဦးမောက်အား ဘိုဘိုက လောက်လေးခွနှင့် ပစ်ခတ်ခြင်း ကြောင့် ဝဲဘက်မျက်လုံး ကျေမွပျက်စီးပြီး ထိုမျက်လုံးကွယ်သွားကြောင်း၊ ထိုသို့ လောက်လေးခွနှင့် ပစ်ရာတွင် ထက်မြက်သော ဆောင့်စွန်းများရှိ သည့် သံစက်ဘီးကုန်းသီးနှင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ လေးခွလက်နက်၊ ဂွင်ကလို [illegible] နိုင်ငံတော်အစိုးရကမင် [illegible]

၁၉၉၁
ဦးမောက်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

အပ်နှံရန် ကြေညာခဲ့ဖူးကြောင်း၊ အချင်းဖြစ်ပွားသောနေရာမှ သံစက်ဘီး တုန်းသီးတစ်ခုကို ရဲက ရှာဖွေသိမ်းဆည်းခဲ့ကြောင်း၊ သံစက်ဘီးတုန်းသီး ကဲ့သို့ ထက်မြက်သောဆောင့်စွန်းများရှိနေသည့် အရာဝတ္ထုဖြင့် လောက် လေးခွဖြင့် ထည့်ပစ်ခဲ့သော ဦးမောက်၏ မျက်ခွံ အပိုင်း (၃) ပိုင်း ပြတ် ထွက်ခြင်းဖြစ်ကြောင်း၊ ထိုလက်နက်ကိရိယာမှာ ပစ်ခတ်ရန် လက်နက်ဖြစ် ဆိုသကဲ့သို့ အသက်အန္တရာယ်ပြုနိုင်သော လက်နက်ဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ ဖြင့် အကျုံးဝင်ပါကြောင်း တင်ပြလျှောက်လဲသည်။

အယူခံတရားခံ ဘိုဘို၏ အကျိုးဆောင် ရှေ့နေကြီးက ဦးမောက် ၃၇ သ ဘိုဘိုမှ [illegible] ဘိုဘိုမှ ထိုသို့ မပစ်ရပါဟု ထုချေငြင်းဆိုထားကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ တွင် ပြဋ္ဌာန်းထားသော ပစ်ခတ်ရန်ဆိုသည့် ကိရိယာမှာ ခြောက်လုံးပြူး သေနတ်၊ မြား၊ လေး စသည်တို့သာ အကျုံးဝင်နိုင်ပြီး လေးခွမှာ အကျုံးဝင်ခြင်း မရှိနိုင်ကြောင်း၊ သက်သေခံအဖြစ်တင်ပြထားသော စက် ဘီးကုန်းသီးနှစ် တစ်လုံးမှာ ဦးမောက်အား လောက်လေးခွဖြင့် ထည့်ပစ် သော ပစ္စည်းဆိုသည်မှာ မထင်ရှားကြောင်း၊ ထို စက်ဘီးကုန်းသီးနှစ်ကို အချင်းဖြစ်နေရာ အုန်းပင်နှင့်ကပ်လျက် သရက်ပင်အောက်မှ နောက်တစ် နေ့တွင် တွေ့ရှိသိမ်းဆည်းခြင်းကြောင့် အဆိုပါပစ္စည်းမှာ ဦးမောက်အား လောက်လေးဖြင့် ထည့်ပစ်သောပစ္စည်းဟု မဆိုနိုင်ကြောင်း၊ ဆေးစာတွင် တုံးသောလက်နက်ဟူ၍ မှတ်ချက်ပြုထားကြောင်း၊ အဆိုပါ သက်သေခံ စက်ဘီးကုန်းသီးနှစ်တွင်သွေးစွန်းသောအထောက်အထားလည်းမရှိသဖြင့် ထင်ကြေးဖြင့် စွပ်စွဲထားခြင်းသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ စွဲချက်တင်ခြင်းမှာ ဆီလျော်မှန်ကန်မှု ရှိကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါသော ဉာဏ်ကြားရေးမှူးက လေးခွသည် ပစ်ခတ်ရန်အသုံးပြုသည့် လက်နက်အမျိုးအစားတွင် ပါဝင်မည်ဟု သဘော ရရှိသဖြင့် ဘိုဘိုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ဖြင့် ပြောင်းလဲ စွဲချက်တင်ရသင့်ကြောင်း လျှောက်လဲတင်ပြသည်။

မြို့နယ်တရားရုံး အမှုတွဲကိုလေ့လာရာ ဦးမောက်အား ဘိုဘိုက သက် သေခံ စက်ဘီးကုန်းသီးနှစ်ဖြင့် လောက်လေးခွဖြင့် ထည့်ပစ်ကြောင်း မထင် ရှားပေ။ လောက်လေးခွမှာ မလိုလားအပ်သော ကိရိယာတစ်ခုဖြစ်သည် မှန်သော်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် ဖော်ပြထားသော ပစ်ခတ်ရန်လက်နက်ဖြစ်သည်ဟူ၍ တရားသေ မမှတ်ယူသင့်ပေ။ သေစေ တန်ရာသော ဒဏ်ရာရရှိစေရန် အရာဝတ္ထုတစ်ခုခုကို လောက်လေးခွဖြင့် ထည့်သွင်းပစ်ခတ်ခြင်းဖြင့် သေစေတန်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်

၁၉၉၁
ဦးမေဒက်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

လွှင် ထင်ရှားလျှင် သေစေတန်ရာသော လက်နက်ဟူ၍ ဆိုနိုင်သော ရှိပေသည်။

ဤအထူးအယူခံကို ဝင်ခွင့်ပြုသင့်-မသင့် ကြားနာစဉ်က သက်သေခံ ပစ္စည်း လေးခုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၆ တွင် ပြဋ္ဌာန်းထား သော ပစ်ခတ်ရန်ကိရိယာမျိုးတွင် အကျုံးဝင်မှုမရှိကြောင်းဖြင့် ရှေ့နေ ချုပ်ရုံးအတွက် လိုက်ပါသော ဥပဒေအရာရှိ အဆင့်(၁)က လျှောက်လဲ တင်ပြခဲ့သေးသည်။

ဤအခြေအနေများအရ ဘိုဘို (ခ) စအောင်ရဲထွန်း အသုံးပြုခဲ့သော လက်နက်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၆ တွင်ဖော်ပြထားသောလက်နက် အမျိုးအစားထဲတွင် ပါဝင်ခြင်းမရှိကြောင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၅ အရ စွဲချက်တင်ခြင်းသည် အမှု၌ ပေါ်ပေါက်ချက်များအရ ပိုမို ဆီလျော်မှုနှင့်တန်မှုရှိမည်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သော တရားရုံး ချုပ်၏ ၁၂-၇-၉၀ နေ့စွဲပါ အမိန့်သည် မှားယွင်းကြောင်း မတွေ့ရ၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

ထို့ကြောင့် တရားရုံးချုပ်ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅၃(ခ)/၉၀ တွင် ချမှတ်ခဲ့သောအမိန့်ကို အတည်ပြု၍ ဦးမေဒက်၏ ဤအထူးအယူခံ မှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးဦးအေးအုန်း ရှေ့တွင်

### မောင်မောင်ကြည်

နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံတော်*

† ၁၉၉၀ နိုဝင်ဘာလ ၂၂ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်း ရဲအခြိမ်းခြောက်သဖြင့် ဖြောင့်ချက်ပေးရသည်ဟုဆိုကာ ပြန်လည်ရုပ်သိမ်းခြင်း—အကြောင်းခြင်းရာများနှင့် တကွ တွေ့ရှိရသော ပစ္စည်းများက ဖြောင့်ချက်ကို ထောက်ခံလျက်ရှိလျှင် မိမိ အလို အလျောက် ဖြောင့်ချက်ပေးခဲ့မည်ဟု ကောက်ယူခြင်း။

ဆုံးဖြတ်ချက်။ မောင်မောင်ကြည်က ဖြောင့်ချက်တွင် သွေးစွန်း နေသော ၎င်း၏အင်္ကျီအဖြူကော်လံပြတ်တစ်ထည်နှင့် ပုဆိုးတစ်ထည်တို့ကို ကျော်ဝင်းအား ပြောပြပြီး ရေကျော်ဈေးသို့ လွှတ်လိုက်ကြောင်းဖြင့် ဖြောင့်ဆိုဝန်ခံထားသည်။ အဆိုပါဖြောင့်ချက်ကို အချင်းဖြစ်နေ့တွင် မောင်မောင်ကြည်က ရုပ်ဖြူဝတ်ထားကြောင်း၊ ဦးကျော်သာ၏ ထွက်ချက်နှင့် မောင်မောင်ကြည်က ၎င်း၏ ကော်လာမပါ ရှပ်အင်္ကျီအညိုတစ်ထည် လုံချည်တစ်ထည်တို့ကို ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုး ပေးအပ်ခဲ့သည့် အချက်တို့က ထောက်ခံမှုရှိသည်။

မောင်မောင်ကြည်က ၎င်းအား ရဲက ရိုက်နှက်ခြိမ်းခြောက်သဖြင့် ဖြောင့်ချက်ပေးခဲ့ရကြောင်းဖြင့် ရုံးရှေ့ထွက်ဆိုချက်၌ ပြန်လည်ရုပ်သိမ်းခြင်းပြုသည်။ ၎င်း၏အစ်ကိုတော်သူ ဦးမြသောင်းကလည်း အချုပ်ခန်းသို့ သွားတွေ့ရာတွင် မောင်မောင်ကြည်၏မျက်နှာ၌ ဖူးရောင်ဒဏ်ရာ တွေ့ခဲ့ရပြီး လမ်းကောင်းစွာ မလျှောက်နိုင်ကြောင်း ထောက်ခံထွက်ဆိုသည်။ သို့ရာတွင် မောင်မောင်ကြည်အား ချုပ်နှောင်ပြီး (၄)ရက် အကြာ၌ ပေးခဲ့သော ဖြောင့်ချက်တွင် မည်သည့်ဒဏ်ရာမျှမတွေ့ကြောင်း မောင်မောင်ကြည်ကိုယ်တိုင် ဝန်ခံခဲ့ခြင်း၊ ရဲကရိုက်နှက်ခြင်းကို မည်သူမျှ

---

* ၁၉၉၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၃၁

† ၁၉၉၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၃ တွင် ချမှတ်သော (၂၉-၃-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်) တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၁
မောင်မောင်ကြည်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မတိုင်ကြားခဲ့ကြောင်းဖြင့် ဦးမြသောင်းက ဝန်ခံထွက်ဆိုခြင်းတို့ကြောင့် ရဲကရိုက်နှက်၍ ဖြောင့်ချက်ပေးခိုင်းခဲ့သည့်အချက် မှန်ကန်ဖွယ်ရာ မရှိကြောင်း၊ ပေါ်လွင်သည်။

အယူခံတရားလိုအတွက် – ဦးသန်းစိန်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် – ဒေါ်ခင်မာဇာလတ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

တရားရေးအကြံပေး – ဦးကျော်လင်း၊ ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်

ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု)၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉/၉၀ တွင် မောင်မောင်ကြည်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ အလုပ်ဖြင့် ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ၎င်းက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံမှုကို တင်သွင်းလာသည်။

အမှုမှာ သတင်းအရ ရန်ကုန်မြို့ မိုလ်ချုပ်နယ်လမ်း၊ အမှတ် ၁၆၃ တတိယထပ်အခန်းသို့ တက်ရောက်ကြည့်ရှုရာ ဒေါ်ရွှေကြည်မှာ ဝဲဘက်နှင်းအုံနှင့် နောက်ကျောတို့တွင် ဓားဒဏ်ရာတစ်ချက်စီ၊ ဘယ်ဘက်ခုံး ပေါ်တွင် စုတ်ပြဲဒဏ်ရာတစ်ချက်ဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဓားဖြင့်ထိုးသွားခဲ့သူအား စုံစမ်းအရေးယူရန် ဒုရဲအုပ် ဦးဘိုအောင်က ပန်းဘဲတန်းရဲစခန်း၌ သတင်းပေး တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မောင်မောင်ကြည်၏ရှေ့နေက အယူခံအကြောင်းပြချက်များ အရ ပြရာ၌ သေသူ အဒေါ်အရင်း ဒေါ်ရွှေကြည်အား မောင်မောင်ကြည်က ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း အကြောင်းခံမရှိဘဲ ထင်ကြေးဖြင့်သာ ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်ကြောင်း၊ ၎င်းက အိမ်သာထဲမှထွက်အလာတွင် အခန်းထဲ၌ ဒေါ်ရွှေကြည်အား ဒဏ်ရာနှင့်လဲကျနေသည်ကို တွေ့ရသဖြင့် အခြားသူ တစ်ဦးဦးက လာရောက်တွေ့ဆုံကျူးလွန်သွားခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း၊ အမှုတွင် တိုက်ရိုက်မျက်မြင်သက်သေမရှိသဖြင့် ပတ်ဝန်းကျင်သက်သေခံ ချက်များအပေါ် သတိကြီးစွာထား၍ သုံးသပ်သင့်ကြောင်းဖြင့်တင်ပြသည်။

ဥပဒေအရာရှိက ချေပတင်ပြရာ၌ မူလအမှုတွင် တရားခံ၏ဖြောင့်ချက်နှင့် ဖြောင့်ချက်ကိုထောက်ခံသည့် သက်သေအထောက်အထားများ ရှိနေကြောင်း၊ ထို့ကြောင့် မူလရုံး၏အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

၁၉၉၀
မောင်မောင်ကြည်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မှုလမှုကို စိစစ်ကြည့်ရှုရာတွင် တိုက်ရိုက်မျက်မြင်သက်သေမရှိသဲ့ အချင်းဖြစ်ပွားပြီးနောက်ပိုင်း အဖြစ်အပျက်တို့ကို ထွက်ဆိုကြသော သက်သေထွက်ချက်များနှင့် မောင်မောင်ကြည်၏ ဖြောင့်ချက်တို့သာလျှင် တွေ့ရှိရသည်။

မှုလရုံးက ပြစ်မှုပုံစံ (၁၀) တွင်သက်သေခံ (ဆ) အဖြစ် လက်ခံခဲ့သော မောင်မောင်ကြည်၏ဖြောင့်ချက်၌ အဒေါ်ဖြစ်သူ ဒေါ်ရွှေကြည်က အိပ်ခန်းထဲသို့ ကန့်ကွက်သည့်ရန် ပလတ်စတစ်အိတ်ဝင်ရှာ၍ ၎င်းက ဓားပွဲပေါ်ရှိ ဓားကိုယူလိုက်ကြောင်း၊ ထို့နောက် ၎င်းက ဒေါ်ရွှေကြည်၏ ညာဘက် ဘေးကို ဓားဖြင့်တစ်ချက်ထိုးလိုက်ရာ လဲကျသွားခဲ့ကြောင်း၊ ၎င်းနောက် ဘယ်ဘက်ရင်အုံဘေးနှင့် ရင်ညွန့်တို့တွင်လည်း ဓားဖြင့်တစ်ချက်စီထပ်မံ ထိုးခဲ့ပြီး ညာဘက်ပါးပြင်ကို ကျောက်ပျဉ်ဖြင့် ခပ်ဖြည်းဖြည်း ထုလိုက်ကြောင်းဖြင့်ဖြောင့်ဆိုဝန်ခံခဲ့ကြောင်း တွေ့ရသည်။

တရားလိုပြသက်သေထွက်ချက်များအရ အချင်းဖြစ်နေ့မနက် (၇) နာရီခန့်တွင် ဒေါ်သန်းမြင့် (ခ) မပုစီသည် ဒေါ်ရွှေကြည်ထံမှ ဈေးဆိုင်သော့နှင့် ထမင်းချိုင့်ယူရန် အချင်းဖြစ်အခန်းသို့ ရောက်ရှိခဲ့ရာ၌ မောင်မောင်ကြည်အား ဆန်လာတောင်းသည်နှင့် ကြုံကြိုက်ပြီး ၎င်းအား တွေ့မြင်ခဲ့သည်။ ယင်းအချက်ကို မောင်မောင်ကြည်က ၎င်း၏ဖြောင့်ချက်နှင့် ရုံးရှေ့ထွက်ချက်တို့တွင် ဝန်ခံထွက်ဆိုထားကြောင်း တွေ့ရသည်။ ဒေါ်ရွှေကြည်က မောင်မောင်ကြည်ထံမှ ကြွေးငွေ ကျပ် ၆၀၀/–မြန်တောင်းထားခဲ့သည်ဟု ဒေါ်သန်းမြင့်က ထွက်ဆိုခဲ့ရာ မောင်မောင်ကြည်၏ ဖြောင့်ချက်နှင့် ရုံးရှေ့ထွက်ချက်တို့တွင်လည်း ၎င်းက ဒေါ်ရွှေကြည်သို့ ကြွေးပေးရန် ရှိနေသည့်အချက်ကို ဝန်ခံထွက်ဆိုမှုရှိသည်။

ဒေါ်ရွှေကြည်၏ အစ်ကိုတော်သူ ဦးကြင်မြင့်၏ ထွက်ချက်တွင် ၎င်းသည် အချင်းဖြစ်နေ့မနက် (၇) နာရီကျော်ခန့်တွင် အချင်းဖြစ်အခန်းသို့ ရောက်နေကျအတိုင်း သွားရောက်ရာ၌ ၎င်း၏သားဖြစ်သူ မောင်မောင်ကြည်က တံခါးဖွင့်ပေးခဲ့ကြောင်း၊ ဒေါ်ရွှေကြည်က ပန်းဝယ်ခိုင်းရာ ၎င်းသည် (၂၇) လမ်း ဈေးသို့ ပန်းသွားဝယ်ရာတွင် အခန်းတွင်း၌ ဒေါ်ရွှေကြည်နှင့် မောင်မောင်ကြည်တို့ (၂) ဦးသာ ကျန်ရစ်ခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာ၌ ၎င်းပန်းဝယ်ပြီး ပြန်လာရာတွင် မောင်မောင်ကြည်က အိမ်တံခါးဖွင့်ပေးပြီး ၎င်းအား စကားတစ်လုံးမျှမပြောဘဲ လှေကားမှ ဆင်းသွားခဲ့ကြောင်း၊ ၎င်း အိပ်ခန်းတွင်းသို့ ဝင်လိုက်ရာ ဒေါ်ရွှေကြည်အား သွေးအိုင်ထဲ လဲကျသေဆုံးနေသည်ကို တွေ့ရကြောင်းဖြင့် ထွက်ဆိုသည်။ အဆိုပါဦးကြင်မြင့်၏ ထွက်ချက်များအတိုင်းပင် မောင်မောင်ကြည်က ၎င်း၏ဖြောင့်ချက်နှင့် ရုံးရှေ့ထွက်ချက်တို့တွင် ဝန်ခံထွက်ဆိုသည်ကို တွေ့ရသည်။

၁၉၉၁
မောင်မောင်
ကြည်
နှင့်
မြည်မောင်ရုံ
မြန်မာ
နိုင်ငံတော်

အချင်းဖြစ်အိမ်ခန်းအတွင်းရှိ ခုတင်ပေါ်မှ သွေးစွန်းနေသော အင်္ကျီ သေခံ မီးဖိုချောင်သုံး ဓားအစ်ချွင်း တွေ့ရှိသိမ်းဆည်းခဲ့ကြောင်းကို ဒုရဲအုပ် ဦးဘိုအောင်၊ ဦးကြင်မြနှင့် ကိုမျိုးအောင်ရိုက ထွက်ဆိုကြသည်။ အဆိုပါ သက်သေအထောက်အထားများလည်း ဓာတုဗေဒပေါ်မှဓားကိုယူ၍ ၎င်း၏အဒေါ်ကို ထိုးခဲ့ကြောင်းဖြင့် မောင်မောင်ကြည်၏ ဖြောင့်ချက်ကို ထောက်ခံလျက်ရှိသည်။

ဒေါ်ရွှေကြည် လဲနေသောနေရာအနီးမှ ကျောက်ပျဉ်တွေ့ရှိချက်မှာလည်း ၎င်း၏ပါးကို ကျောက်ပျဉ်ဖြင့်ထုလိုက်ကြောင်းဖြင့် မောင်မောင်ကြည်၏ ဖြောင့်ချက်ကို ထောက်ခံမှုရှိသည်။ သက်သေခံဓာတ်ပုံနှင့် တရားလိုပြသက်သေထွက်ချက်တို့အရ ဒေါ်ရွှေကြည်၏ ရှေ့သွားများကျိုးနေသည်ကိုလည်း တွေ့ရသည်။

မောင်မောင်ကြည်က ဒေါ်ရွှေကြည် အခန်းထဲ လဲကျနေခဲ့သည်ဟု ဦးကျော်သော်၏သား မောင်စိုးကျော်ဝင်းအား ပြောပြခဲ့ကြောင်း၊ ၎င်းနောက် ဒေါ်ပုံရှိ ဘကြီးတော်သူ ဦးကျော်သာအိမ်သို့ အချင်းဖြစ်ညတွင် သွားရောက်အိပ်ခဲ့ပြီး နောက်တစ်နေ့တွင်၎င်းအဖမ်းခံရကြောင်းဖြင့် ဖြောင့်ချက်ပါ အချက်များကို ၎င်းကိုယ်တိုင် ရုံးရှေ့ထွက်ဆိုခဲ့သည့် ထွက်ချက်များက ဖြောင့်ချက်ကို ထောက်ခံလျက်ရှိသည်။

မောင်မောင်ကြည်က ဖြောင့်ချက်တွင် သွေးစွန်းနေသော ၎င်း၏ အင်္ကျီအဖြူ ကော်လံမြင့်တစ်ထည်နှင့် ပုဆိုးတစ်ထည်တို့ကို ကျော်ဝင်းအား ပေးပြီး ရေကျော်ဈေးသို့ လွှတ်လိုက်ကြောင်းဖြင့် ဖြောင့်ဆိုထားသည်။ အဆိုပါဖြောင့်ချက်ကို အချင်းဖြစ်နေ့တွင် မောင်မောင်ကြည်က ရှပ်ဖြူဝတ်ထားကြောင်း၊ ဦးကျော်သာ၏ထွက်ချက်နှင့် မောင်မောင်ကြည်က ၎င်း၏ ကော်လံမပါ ရှပ်ဖြူလက်ရှည်တစ်ထည်၊ လုံချည် တစ်ထည်တို့ကို ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုး ပေးအပ်ခဲ့သည့် အချက်တို့က ထောက်ခံမှုရှိသည်။

မောင်မောင်ကြည်က ၎င်းအား ရဲကရိုက်နှက်ခြိမ်းခြောက်၍ [illegible] ချက်ပေးခဲ့ရကြောင်းဖြင့် ရုံးရှေ့ထွက်ဆိုချက်၌ မြန်လည်ငြင်းဆို [illegible] သည်။ ၎င်း၏ အစ်ကိုတော်သူ ဦးမြသောင်း [illegible] ချုပ်ခန်းသို့သွားတွေ့ရာတွင် မောင်မောင်ကြည်၏မျက်နှာ၌ ဖူးရောင်ဒဏ်ရာ တွေ့ခဲ့ရပြီး ကောင်းစွာမလျှောက်နိုင်ကြောင်း ထောက်ခံထွက်ဆိုသည်။ သို့ရာတွင် မောင်မောင်ကြည်အားချုပ်နှောင်ပြီး (၄) ရက်အကြာ၌ပေးခဲ့သောဖြောင့်ချက်တွင် မည်သည့်ဒဏ်ရာမှမတွေ့ကြောင်း မောင်မောင်ကြည်ကိုဆေးစစ်ခဲ့ခြင်း၊ [illegible]ကို မည်သူ့မှ မတိုင်ကြားခဲ့ကြောင်း [illegible]

ဦးမြသောင်းအား ဝန်ခံထွက်ဆိုခြင်းမရှိကြောင်း ရဲအရာရှိက်နှင့်ဖြစ် ဖြောင့်ချက်ပေးနိုင်းခဲ့သည့်အချက် မှန်ကန်ဖွယ်ရာမရှိကြောင်း ပေါ်လွင်သည်။

သို့ဖြစ်ရာ သက်သေခံ (ဆ) ဖြောင့်ချက်မှာ မောင်မောင်ကြည်က အလိုအလျောက်ပေးခဲ့ပြီး နည်းလမ်းတကျ မှန်ကန်စွာ ရေးမှတ်ယူခဲ့သော ဖြောင့်ချက်ဖြစ်ကြောင်း၊ ဖြောင့်ချက်ပါအချက်များကို ထောက်ခံသည့် သက်သေအထောက်အထားများရှိသဖြင့် ဖြောင့်ချက်ပါအချက်များ မှန်ကန်ကြောင်းတို့ကို တွေ့ရသည်။ ထို့ကြောင့် အဆိုပါ ဖြောင့်ချက်ကို ဖြောင့်ချက်ပေးခဲ့သူ မောင်မောင်ကြည်အပေါ်တွင် အခြေခံသက်သေ အထောက်အထားအဖြစ်အသုံးပြု၍ အပြစ်ပေးနိုင်သဖြင့် ၎င်းအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သော မူလရုံး၏ အမိန့်မှာ မှားယွင်းမှုမရှိကြောင်း တွေ့ရသည်။

မောင်မောင်ကြည်သည် အိမ်ခန်းတွင်း၌ ဒေါ်ရွှေကြည်၏ ဒဏ်ရာများနှင့် လဲကျနေသည်ကို တွေ့ရပါလျက် ထိုအချိန်တွင် ပြန်လည်ရောက်ရှိလာသော ဦးကြင်မြ့်အား မည်သို့မျှမပြောမဆိုဘဲ လှေကားမှ ဆင်းသွားခဲ့သည့်အချက်မှာလည်း မှန်ခြင်းမရှိကြောင်း ပေါ်လွင်သဖြင့် ၎င်း၏ အဆွေခံလွှာပါ အကြောင်းပြချက်များကို လက်ခံရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် မောင်မောင်ကြည်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်ကြမ်း ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သော ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု) ၏ အမိန့်ကိုအတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်းရှေ့တွင်

ဦးမြအောင်

နှင့်

မြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) *

† ၁၉၉၁
အောက်တို
ဘာလ
၃ ရက်

လယ်ယာမြေမှုခင်းတစ်ခု-လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုကို သက်ဆိုင်ရာ လယ်မြေစီရင်ပိုင်ခွင့်ရှိသည့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်ကသာ စီစစ်ဆုံးဖြတ်ပေးရမည်ကိစ္စဖြစ်သည်၊ ပြစ်မှုကြောင်းအရ မြေကျော်နင်းမှုဖြင့် တရားရုံးက အရေးယူရန်မဟုတ်။

ဆုံးဖြတ်ချက်။ အငြင်းပွားမှုမှာ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုဖြစ်သည်မှာ ထင်ရှားသည်၊ ဦးမြအောင်ဘက်မှ တင်ပြသော သက်သေခံ (၄)နှင့် (၅)တို့အရ လယ်မြေလုပ်ပိုင်ခွင့် ချထားချက်နှင့် ဦးမောင်လှဘက်မှ တင်ပြသော သက်သေခံ (ခ)အရ လယ်မြေ အမွေခွဲဝေချထားချက်နှစ်ရပ်အနက် မည်သည့်ချထားချက်က ဥပဒေအရအာဏာဝင်ကြောင်း၊ အချင်းဖြစ်မြေမှာ မည်သည့်ကျေးရွာအုပ်စုအတွင်း ကျရောက်ကြောင်း၊ မည်သူက ဥပဒေအရ လက်ရှိ လက်ငုတ် လုပ်ကိုင်လျက်ရှိသူဖြစ်ကြောင်းတို့မှာ သက်ဆိုင်ရာလယ်မြေစီရင်ပိုင်ခွင့်ရှိသည့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်ကသာ စီစစ်ဆုံးဖြတ်ပေးရမည် ကိစ္စဖြစ်သည်။

ဦးမောင်လှအနေဖြင့် အဆိုပါသက်သေခံ အမှတ် (၄)နှင့် (၅)တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ မြေယာအယူခံမှု တင်ပြခဲ့ခြင်းမရှိသဖြင့် ယင်းချထားမှုအမိန့်စာများ အတည်ဖြစ်နေသဖြင့် တရားရုံးက ပြစ်မှုကြောင်းအရ ဦးမြအောင်အပေါ် မြေကျော်နင်းမှုဖြင့် အရေးယူအပြစ်ပေးရန် သင့်မည်မဟုတ်သဖြင့် ၎င်းအပေါ် ခြောက်လှန့်မှုဖြင့်လည်း အရေးယူအပြစ်ပေးရန် သင့်မည်မဟုတ်ပေ။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၂၁(ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂ (သရက်)တွင် ချမှတ်သော (၂၁-၃-၉၁) ရက်စွဲပါ မကွေးတိုင်း (သရက်မြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၈၁
ဦးမြအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

ရှစ်မံဆုံးဖြတ်ချက်၊ မြို့နယ်တရားရုံး၏အမိန့်နှင့်ယင်းအမိန့်ကိုအတည်ပြုခဲ့သော တိုင်းတရားရုံးတို့၏ အမိန့်တို့မှာ လယ်ယာမြေမှုခင်းဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ဆုံးဖြတ်ချထားမှုကို ပယ်ဖျက်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ဆန့်ကျင်ဆုံးဖြတ် အမြွက်ပေးရာ ရောက်နေပေသည်။

လျှောက်ထားသူအတွက် — ဦးသန်းရွှိန်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ၁၊ ဦးခင်မောင်ဦး၊ ဒေါက်တော်က်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂၊ ဦးသိန်းနီ၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးကျော်လင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

မြေထဲမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၇၉/၉၀တွင် ဦးမြအောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀) ရက်နှင့် ယင်းဥပဒေပုဒ်မ ၅၀၆ အရ အလုပ်ဖြင့် ထောင်ဒဏ် (၂၀) ရက်တို့ကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ဦးမြအောင်က မကွေးနယ်ရှိ မကွေးတိုင်းတရားရုံး (သရက်မြို့နယ်ရုံး)သို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် ၎င်းက တရားရုံးချုပ်သို့ ပြင်ဆင်မှုကို တင်သွင်းလာသည်။

အမှုမှာ ၁၉၇၉-၈၀ ခုနှစ် စိုက်ပျိုးရာသီအတွက် အချင်းဖြစ်လယ်မြေကို ရှင်းလင်းရန်သွားခဲ့ရာတွင် ဦးမြအောင်က တားဆီးပြီး အတင်းအဓမ္မကျော်ဝင်ရောက် ထွန်ယက် သိမ်းပိုက်ခဲ့ကြောင်း၊ ၎င်းက ဒဏ်ငွေကျပ် ၆၀၀/-ပေးဆောင်ထားပြီးဖြစ်၍ အချင်းဖြစ်လယ်မြေကို သူပိုင်ကြောင်းနှင့် မိမိမှ ပိုင်ဆည်းထိုပါက ရုံးက အမိန့်ပေးယူခဲ့မှာ ဖြစ်မည်ဆိုခဲ့ကြောင်း၊ ထို့ပြင် ၎င်းက ခေါင်းနှစ်ခုပါရင်လာခဲ့မှ မိမိအား ခြိမ်းခြောက်ခဲ့ကြောင်း၊ ဦးမြအောင်သည် ၎င်းအပေါ် မြေထဲမြို့နယ်တရားရုံးတွင် အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၅၀၆ တို့ဖြင့် ဒဏ်ငွေ ကျပ် ၆၀၀/-တပ်ရိုက်ခံခဲ့ပြီးဖြစ်သော်လည်း ယခုနှစ်တွင် တစ်ဖန်ကျူးကျော်ခြိမ်းခြောက်မှုကို ထပ်မံကျူးလွန်ခဲ့သောကြောင့် အရေးယူပေးရန် ဦးမောင်လှက မြေထဲမြို့နယ် တရားရုံးတွင် တိုက်ရိုက်လျှောက်ထားစွဲဆိုသော အမှုဖြစ်သည်။

ဦးမြအောင်၏ရှေ့နေက ပြင်ဆင်မှုအကြောင်းပြချက်များ တင်ပြရာ၌ အထက်ဆိုင်ရာ (ရဝတ)မှ ၅-၄-၉၀ နေ့တွင် မိမိအား အချင်းဖြစ်မြေ လုပ်ကိုင်ခွင့် အရေးပေါ် ချထားပေးခဲ့ပြီး ဖြစ်ကြောင်း၊ မူလရုံး အနေဖြင့်

၁၉၉၁
ဦးမြအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ဦးမောင်လှအားချပြသော သက်သေခံ (ဒ) အရ အမွေပေးစာချုပ်မှာ တရား ဝင်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ် မြေယာကော်မတီ ဆက်ခံရေးအရ အဆင့်ဆင့်တွင်ဘာ တင်ပြခဲ့ရှင်း အဆုံး အဖြတ် ခံယူရမည် ဖြစ်ကြောင်းဖြင့် တင်ပြသည်။

ဦးမောင်လှ၏ရှေ့နေကတင်ပြရာ၌ မူလရုံး၏ အမိန့်မှာ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေနှင့် သီးစားချထားရေးဥပဒေတို့ကို လျစ်လျူရှု၍ ဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ ဦးမြအောင်အား ၅-၇-၉၀ နေ့မှ သီးစား ချထားခဲ့ခြင်းမှာ တရားရုံးက ကျူးကျော်မှုဖြင့် အမိန့်ချမှတ်ခဲ့ပြီးမှချထား ခြင်းဖြစ်ကြောင်း၊ ဦးမောင်လှမှာ ယခင်ကျေးရွာပြည်သူ့ကောင်စီ လည်း ထက်ကပင် အချင်းဖြစ်မြေတွင် လုပ်ပိုင်ခွင့်ချထားခံရပြီးသူဖြစ်ကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်းဖြင့် တင်ပြသည်။

ဥပဒေအရာရှိကတင်ပြရာ၌ ဦးမောင်လှအနေဖြင့် အချင်းဖြစ်မြေကို သက်သေခံ (ခ) အရ ၎င်း၏မိခင်က အမွေပေးခဲ့ပြီးသောမြေဖြစ်၍ ၎င်း လက်ရှိရထားသောမြေဖြစ်ကြောင်း၊ ဦးမြအောင် အနေဖြင့်လည်း သက် ဆိုင်ရာ (ရဝတ)မှ သက်သေခံအမှတ် (၄) နှင့် (၅) တို့အရ လုပ်ပိုင် ခွင့်ချထားခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ (ရဓဓ) အဖွဲ့၏ ဆုံးဖြတ် ချက်အရ အချင်းဖြစ်မြေသို့ ဝင်ရောက်သူမှာ မြေလက်ရှိဖြစ်သူအား နှောက်ယှက်ရန် (သို့မဟုတ်) စော်ကားရန်အကြံဖြင့် ဝင်ရောက်ခြင်း ဖြစ်သည်ဟုဆိုရန် ခဲယဉ်းကြောင်း၊ ထိုအချက်အပေါ် ရုံးတော်မှ သင့်မြတ် သည့် အမိန့် ချမှတ်သင့်ကြောင်း၊ ဦးမြအောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇ အရ ပြစ်မှုထင်ရှား စီရင်ထားသည့်အမိန့်မှာမူ မှားယွင်း ချွတ်ချော်မှုမရှိကြောင်းဖြင့် တင်ပြသည်။

မူလရုံး တရားလို ဦးမောင်လှသည် သက်သေခံ (ခ) အရ ၎င်း၏မိခင် ဒေါ်လိက ၂၂-၃-၈၀ နေ့တွင် ၎င်းသို့ လယ်မြေ အမွေခွဲဝေပေးသည့် စာရွက်အထောက်အထားကို အားကိုး၍ အချင်းဖြစ်လယ်မြေသို့ ဦးမြအောင်က ဝင်ရောက်ကျူးကျော်လုပ်ကိုင်သည်ဟုဆိုကာ မြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၈၅/၈၉ တွင် တရားစွဲဆိုခဲ့ ရာ ဦးမြအောင်အပေါ် ဒဏ်ငွေကျပ် ၆၀၀/-တပ်ရိုက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုတစ်ဖန် ၁၉၈၉-၉၀ ခုနှစ် စိုက်ပျိုးရာသီတွင် ဦးမြအောင်က ဆက် လက် ဝင်ရောက်ကျူးကျော်လုပ်ကိုင်သည်ဟုဆိုကာ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၈၉/၉၀ တွင် ထပ်မံတရားစွဲဆိုခြင်း ဖြစ် ကြောင်း တွေ့ရသည်။ ဦးမောင်လှက အချင်းဖြစ်မြေတွင် လွန်ခဲ့သော (၁၀) နှစ်ကတည်းက ဆက်လက် လုပ်ကိုင်လာခဲ့သည် ဆိုသော်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ ထန်းတပင်ကျေးရွာတွင် နေထိုင်ခြင်း၊ မရှိဘဲသာ

ပေါက်ပေါင်းနှင့်ယမ်း ကျွန်းတောကြီးရွာသို့ ပြောင်းရွှေ့နေထိုင်လျက် ရှိကြောင်း၊ အငြင်းမပွားပေ။

၁၉၉၁
ဦးမြအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

မူလရုံး တရားခံဦးမြအောင်ကလည်း အချင်းဖြစ်လယ်မြေမှာတံခွန်ထိုင် ကျေးရွာအုပ်စုအပိုင်မှမဟုတ်ဘဲ ကျောက်အိုးအရှေ့ကျေးရွာ အုပ်စုအပိုင် အတွင်းကျရောက်သော မြေဖြစ်ကြောင်း၊ ယခုအထိ ဦးနိုင်မလောက်သေး ကြောင်း၊ ယင်းမြေကို ကျောက်အိုးအရှေ့ကျေးရွာအုပ်စု (ရဝတ) က ၁၉၈၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၀ ပြည့်နှစ်တွင် တစ်ကြိမ် ၎င်းသို့ အရေးဝင်လုပ်ပိုင်ခွင့် ချထားပေးထားသော မြေဖြစ်ကြောင်းကို သက်သေခံ အမှတ် (၄) (၅)နှင့် (ရဝထ)ဥက္ကဋ္ဌ ဦးကောက်၊ အဖွဲ့ဝင် ဦးချစ် စိန်နှင့် မြေတိုင်းစာရေး ဦးညွန့်ဝေတို့ကို သက်သေအထောက်အထား များ တင်ပြထွက်ဆိုထားသည်။

ဦးမောင်လှနှင့် ဦးမြအောင်တို့မှာ အဖေတူအမေကွဲ ညီအစ်ကိုများ ဖြစ်ကြောင်း အငြင်းမပွားပေ။ ၎င်းတို့၏အငြင်းပွားမှုမှာ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုဖြစ်သည်မှာ ထင်ရှားသည်။ ဦးမြအောင်ဘက်မှတင်ပြသော သက်သေခံ (၄)နှင့်(၅)တို့အရ လယ် မြေလုပ်ပိုင်ခွင့်ချထားချက်နှင့် ဦးမောင်လှဘက်မှ တင်ပြသော သက်သေခံ (၁)အရ လယ်မြေအမွေခွဲဝေချထားချက်နှစ်ရပ်အနက် မည်သည့်ချထား ချက်က ဥပဒေအရ တရားဝင်ကြောင်း၊ အချင်းဖြစ်မြေမှာ မည်သည့် ကျေးရွာအုပ်စုအတွင်း ကျရောက်ကြောင်း၊ မည်သူက ဥပဒေအရ လက်ရှိ လက်ငုတ်လုပ်ကိုင်လျက်ရှိသူဖြစ်ကြောင်း တို့မှာ သက်ဆိုင်ရာ လယ်မြေ စီရင်ပိုင်ခွင့်ရှိသည့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်က သာ စိစစ်ဆုံးဖြတ်ပေးရမည့် ကိစ္စဖြစ်သည်။

ဦးမောင်လှအနေဖြင့် အဆိုပါ သက်သေခံအမှတ် (၄)နှင့်(၅)တို့ နှင့် ပတ်သက်၍ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ မြေယာ အယူခံမှု တင်သွင်းခြင်း မရှိသဖြင့် ယင်းချထားမှုအမိန့်စာများ အတည် ဖြစ်နေသဖြင့် တရားရုံးက ငြိမ်မှုကြောင်းအရ ဦးမြအောင်အပေါ် မြေ ကျော်နင်းမှုဖြင့် အရေးယူ အပြစ်ပေးရန် သင့်မည်မဟုတ်သဖြင့် ၎င်း အပေါ် မြောက်လှန့်မှုဖြင့်လည်း အရေးယူ အပြစ်ပေးရန် သင့်မည် မဟုတ်ပေ။

အထက်ဖော်ပြပါ အခြေအနေမျိုးတွင် ကျောက်အိုးအရှေ့ကျေးရွာ အုပ်စု (ရဝတ)၏ သက်သေခံ(၄)အရ လယ်လုပ်ပိုင်ခွင့် ချထားသည့် အမိန့်သည် ဦးမောင်လှ၏ ယခင်လက်ရှိလုပ်ပိုင်ခွင့်ကို ငြင်းဆိုချေဖျက် နိုင်မည်ဖြစ်၍ အချင်းဖြစ်မြေတွင် ဦးမြအောင်က လက်ရှိလုပ်ပိုင်ခွင့်ရသူ ဖြစ်သည်ဟုမဆိုနိုင်ကြောင်းဖြင့် သုံးသပ်ဆုံးဖြတ်ခဲ့သည့် မြို့နယ်တရားရုံး၏

၁၉၉၁
ဦးမြအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော တိုင်းတရားရုံး၏ အမိန့်တို့မှာ လယ်ယာမြေမှုခင်းဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏ ဆုံးဖြတ်ချထားမှုကို ပယ်ဖျက်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ဆန့်ကျင်ဆုံးဖြတ် အပြစ်ပေးရာ ရောက်နေပေသည်။

ဥပဒေကြောင်းအရမှာလည်း သက်ဆိုင်ရာ မြေယာချထားရေး အဖွဲ့၏ အမိန့်ကို မလိုက်နာဘဲ ကျူးကျော်လုပ်ကိုင်သူအား သက်ဆိုင်ရာ သီးစားချထားရေး ဥပဒေအရသာလျှင် သက်ဆိုင်ရာအဖွဲ့အစည်းက အရေးယူရန် ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ဦးမြအောင်အပေါ် မြန်မာ့ဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၅၈၆ တို့အရ ထောင်ဒဏ်များ ချမှတ်ခဲ့သည့် မြို့ထဲမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော မကွေးတိုင်းတရားရုံး (သရက်မြို့နယ်စု) ၏ အမိန့်တို့ကို ပယ်ဖျက်၍ ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

ဒေါ်မြဦး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၃)*

† ၁၉၉၀
ဇန်နဝါရီလ
၈ ရက်

စွဲချက်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၆၊ ၄၁၄ တို့အရ ဦးတိုက်လျှောက်ထားစွဲဆိုမှု – တရားမမှုစွဲဆိုထားသောကြောင့် ပြစ်မှုမစွဲဆိုနိုင်ဟု ဥပဒေတားမြစ်ချက်မရှိ။ ကိုတ္တိမသမီးဖြစ်–မဖြစ် ပစ္စည်းများကို သေသူမှ လွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်–မမှန် စသော ပြဿနာများကို ဆင်ခြင်ရန် တာဝန်။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုပြသက်သေများ၏ ထွက်ချက်အရ စွပ်စွဲခံရသူသည် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူနိုင်ရန် ပြီးစွန်းလျက်ရှိလျှင် စွဲချက်တင်ရမည်ဖြစ်သည်။ တရားမကြောင်းအရ စွဲဆိုထားသောကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင်ဟု ဥပဒေတားမြစ်ထားချက် မရှိပေ။ ကိုတ္တိမသမီးဖြစ်-မဖြစ်၊ ပစ္စည်းများကို သေသူမှလွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်-မမှန် စသောပြဿနာများကို တရားခံများအနေနှင့် ပြန်လည်ရှင်းလင်းတင်ပြရန် တာဝန်ရှိနေပေသည်။

လျှောက်ထားသူအတွက် — ဒေါ်သန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်— ၁။ ဦးကျော်စိန်၊ ဥပဒေ အရာရှိ
အဆင့် (၁)၊ရှေ့နေချုပ်ရုံး
၂။ နှင့် ၃။ ဦးမြစိန်၊ တရားရုံးချုပ်
ရှေ့နေ

အရေးအကြားပေး — ဦးကျော်မင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၇၄(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၁ တွင် ချမှတ်သော (၁၈-၅-၉၀) ရက်စွဲပါ မန္တလေးတိုင်း (ရမည်းသင်းမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၁

ဒေါ်မြဦး နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၃)

ရမည်းသင်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၆၉၁/၈၆ တွင် တရားခံ ဦးသိန်းဦးနှင့် ဒေါ်စန်းစန်းဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၀၄ တို့ အရ စွဲချက်တင်ကြောင်းနှင့် တရားခံ ဦးမောင်ဦးနှင့် ဒေါ်သိန်းတင်တို့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃(၁)အရ စွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်မှ မိမိတို့အပေါ် စွဲချက်တင်သောအမိန့်ကို ပယ်ဖျက်ပေးရန်ဟု ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့က မန္တလေးတိုင်းတရားရုံး (ရမည်းသင်းမြို့နယ်စု) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁/၉၀တွင်လည်းကောင်း၊ ဦးမောင်ဦးနှင့် ဒေါ်သိန်းတင်တို့အား စွဲချက်မတင်မီ လွှတ်သောအမိန့်ကို ပယ်ဖျက်ပြီး စွဲချက်တင်ပေးရန်ဟု ဒေါ်မြဦးက ၎င်းရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၈/၉၀ တွင်လည်းကောင်း အသီးသီး ပြင်ဆင်မှုများကို တင်သွင်းခဲ့ကြသည်။ တိုင်းတရားရုံးက ယင်းနှစ်မှုစလုံးကို တစ်ပေါင်းတည်း အမိန့်ချမှတ်ရာ၌ ဦးမောင်ဦးနှင့် ဒေါ်သိန်းတင်တို့အား စွဲချက်မတင်မီ လွှတ်သောအမိန့်ကို အတည်ပြု၍ ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့အပေါ် စွဲချက်တင်ထားသော မြို့နယ်တရားရုံး၏အမိန့်ကိုမူ ပယ်ဖျက်၍ ၎င်းတို့အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရ စွဲချက်မတင်မီ ပြန်လွှတ်စေကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တိုင်းတရားရုံး၏ အမိန့်ကို မူလရုံး တရားလို ဒေါ်မြဦးက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ရမည်းသင်းမြို့မနေဒေါ်မြဦးက ၎င်း၏ခင်ပွန်း ဦးလှဖေမကျန်းမမာဖြစ်၍ မန္တလေးဆေးရုံကြီး၌ တက်ရောက်ကုသနေရာမှ အခြေအနေ ပိုမိုဆိုးဝါးလာသဖြင့် စွဲ့ကိုင်မြို့ရှိ တူ၊ တူမများ နေအိမ်သို့ ယူဆောင်လာကြောင်း၊ ၁-၅-၈၆ ရက်နေ့တွင် ခင်ပွန်းဦးလှဖေ ကွယ်လွန်သွားကြောင်း၊ ယင်းသို့ ခင်ပွန်းအား ဆေးရုံတင်ရာ၌ အသုံးပြုရန် မိမိတို့ လင်မယားပိုင် မာဇဒါပရက်စ်တိုပစ်ကပ် (၄)ချိတ် အနီရောင်ကားနှင့် ပစ္စည်းများကို တူ၊ တူမများဖြစ်ကြသည့် ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့ထံ အပ်နှံထားခဲ့ရာမှ ပြန်မပေးဘဲ ၎င်းတို့ပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းထားကြောင်း၊ ထို့ပြင် ၎င်းတို့သည် သေသူသေစဉ်က ကျန်ရစ်ခဲ့သော ပစ္စည်းအား ဥပဒေနှင့်အညီ လက်ရှိဖြစ်ပိုင်ခွင့်ရှိသူထံ မရောက်ကြောင်း သိလျက်နှင့် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုကြောင်း၊ ၎င်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၀၄ တို့အရ အရေးယူပေးရန်ဟု ရမည်းသင်းမြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာမှ အမှုစတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

လျှောက်ထားသူက အဓိကပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာ၌ လျှောက်ထားသူမှ လျှောက်ထားခံရသူများအား ကားနှင့် ပစ္စည်းများကို ယုံကြည်အပ်နှံလိုက်ကြောင်းနှင့် ယင်းပစ္စည်းများကို လျှောက်ထား

၁၉၉၁
ဒေါ်မြဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

ခံရသူများက မရိုးမဖြောင့်သောသဘောဖြင့် ၎င်းတို့ပိုင်အဖြစ် ပြောဆို အသုံးပြုနေကြောင်းကို သက်သေထင်ရှား တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းတရားရုံးသည် လျှောက်ထားခံရသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၀၄ တို့အရ စွဲဆိုထားသောအမှု၌ ဒေါ်စန်းစန်းဦးက တရားလို ပြုလုပ်၍ ဒေါ်မြဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၅၄ အရ စွဲဆိုထားသော အမှု၏ ဆုံးဖြတ်ချက်ကို ထည့်သွင်း သုံးသပ်ထားခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊ သေသူဦးလှဖေ၏ လက်မှတ် လက်ဗွေမပါရှိသော ကိုတ္တိမမွေးစားခြင်းစာချုပ်သည် တရားဝင်စာချုပ် မဟုတ်ကြောင်း၊ ယင်းစာချုပ်ကြောင့်လျှောက်ထားခံရသူ ဒေါ်စန်းစန်းဦးသည် အမွေဆိုင်တစ်ဦးဖြစ်သည်ဟု သုံးသပ်ထားခြင်းမှာလည်း မှန်ကန်မှု မရှိကြောင်း၊ လျှောက်ထားခံရသူများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရလည်းကောင်း၊ ပုဒ်မ ၄၀၄ အရလည်းကောင်း ပြစ်မှုကျူးလွန်သည်ဟု ငြိစွန်းချက်ရှိနေပါလျက် စွဲချက်မတင်မီ ပြန်လွှတ်စေရန် ချမှတ်ထားသော တိုင်းတရားရုံး၏ အမိန့်သည် ဥပဒေအရ မှားယွင်းကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံးက ဦးလှဖေသည် ၁-၅-၈၆ ရက်နေ့က ကွယ်လွန် သွားရာ ၎င်း၏အသုံးအဆောင်ပစ္စည်းများနှင့် ကားကို တရားခံများက ပြန်မပေးဟု သက်သေထွက်ချက်အရ ပေါ်ပေါက်ကြောင်း၊ ထို့ပြင် သေသူသေစဉ်က ရှိသောပစ္စည်းမှာ ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိသူ၏ လက်သို့ မရောက်ရှိသေးကြောင်းသိလျက် မရိုးမဖြောင့်သော သဘော ဖြင့် မိမိတို့၏ပစ္စည်းအဖြစ်သို့ ပြောင်းလဲခဲ့သည်ဟုလည်း ငြိစွန်းချက် ရှိကြောင်း၊ သို့ဖြစ်၍ ဦးသိန်းဦးနှင့် ဒေါ်စန်းစန်းဦးတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ နှင့် ၄၀၄ အရ ပြစ်မှုကျူးလွန်ကြောင်းမှတ်ယူနိုင်သည့် သက်သေခံချက်များ ရှိနေသည်ဟု သုံးသပ်ကာ ၎င်းတို့အပေါ် ယင်း ဖော်ပြပါ ပုဒ်မဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

တိုင်းတရားရုံးကမူ ဒေါ်စန်းစန်းဦးအား ဦးလှဖေက သူမသေမီ ကိုတ္တိမသမီးအဖြစ် မွေးစားကာ ၎င်းပိုင်ပစ္စည်းများကို ဒေါ်စန်းစန်းဦး သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်စန်းစန်းဦးသည် သူစိမ်းတစ်ရံဆံ မဟုတ်ဘဲ ဦးလှဖေ၏ ပစ္စည်းအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ထို့ပြင် ဒေါ်မြဦးက ဒေါ်သိန်းတင်၊ ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့ကို မန္တလေးသို့ ဆေးကုရန် ဦးလှဖေအား လာခေါ်သဖြင့် ကားအမှတ် ည/၇၇၇၉ နှင့် အသုံးအဆောင်ပစ္စည်းများကို ဦးလှဖေနှင့်အတူထည့်ပေး လိုက်သည်ဟု ထွက်ဆိုပြီး ၎င်းတို့အား အပ်နှံခဲ့သည်ဟု မပေါ်ပေါက် ကြောင်း၊ ဦးလှဖေ ကွယ်လွန်ပြီးနောက် ကျန်ရစ်သောပစ္စည်းနှင့်ကားကို သူရယူသင့်သည် ငါ့ရသင့်သည်ဟု အငြင်းပွားပြီး ယခုအမှုကို စွဲဆိုခြင်းသာ

၁၉၉၁ ဒေါ်မြငြိး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ(၃)

ဖြစ်ကြောင်း၊ ဒေါ်စန်းစန်းဦးသည် ဦးလှဖေ၏ ကိုတ္တိမမွေးစားသမီး ဖြစ်၍ ဦးလှဖေပိုင် ရွေ့ပြောင်းနိုင်သောပစ္စည်း၊ မရွေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းစာ လျှောက်ထားသည်ကိုလည်း တွေ့ရကြောင်း၊ သို့ဖြစ်၍ လျှောက်ထားခံရသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၀၄ တို့အရ စွဲချက်တင်ခြင်းမှာ မှားယွင်းသည်ဟု သုံးသပ်ထားသည်။

ယခုအမှုမှာ ကွယ်လွန်သူဦးလှဖေ၏ဇနီး ဒေါ်မြငြိးက ဦးလှဖေအား မန္တလေးပြည်သူ့ဆေးရုံ၌ ဆေးကုသွားစဉ်က ယူသွားသော ကားနှင့် ပစ္စည်းများကို ဦးလှဖေကွယ်လွန်ပြီးနောက် ဦးလှဖေ၏တူမ ဒေါ်စန်း စန်းဦးတို့က ပြန်မပေးသောကြောင့် စွဲဆိုခြင်းဖြစ်သည်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ နှင့် ၄၀၃ တို့အရ စွဲဆိုခြင်းဖြစ်သည်။ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ အချင်းဖြစ် ကားနှင့်ပစ္စည်း များကို တူမဖြစ်သူ ရဲဘက်ပြုပြီ ဒေါ်စန်းစန်းဦးထံ ပေးအပ်ထား ကြောင်း၊ ယင်းပစ္စည်းများကို ဒေါ်စန်းစန်းဦးကပြန်မပေးသေးကြောင်း၊ ၎င်းတို့၏ပစ္စည်းဖြစ်သည်ဟု ပြောဆိုကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ၎င်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ကို ကျူးလွန်သည်ဟု မှတ်ယူရန် ခြွင်းချက်ပေါ်ပေါက်သည်။ ထို့ပြင် သေသူ၏ပစ္စည်းများကို ဥပဒေနှင့်အညီ ရယူပိုင်ခွင့်ရှိသူထံ မရောက်ရှိကြောင်း သိလျက်နှင့် မိမိပိုင် ပစ္စည်းအဖြစ် မရိုးမဖြောင့်သော သဘောဖြင့် ရယူထားခြင်းဖြစ်သော ကြောင့် ယင်း ဥပဒေပုဒ်မ ၄၀၃ ကိုလည်း ကျူးလွန်သည်ဟုမှတ်ယူရန် ခြွင်းချက်ပေါ်ပေါက်ကြောင်း တွေ့ရသည်။

တိုင်းတရားရုံးက ဒေါ်စန်းစန်းဦးအား ဦးလှဖေက ၎င်းမသေမီက ကိတ္တိမ သမီးအဖြစ် မွေးစားခဲ့သောကြောင့် ဒေါ်စန်းစန်းဦး သည် သူစိမ်းတစ်ရံဆံမဟုတ်၍ ယင်းပုဒ်မ ၄၀၀ အရ မစွဲဆိုနိုင်ကြောင်းဖြင့် လည်း သုံးသပ်ထားသည်။ သို့ရာတွင် လျှောက်ထားသူက သူမ (၂၇-၄-၈၆) နေ့က ရမည်းသင်းသို့ ခေတ္တပြန်သွားပြီး နောက်တစ်နေ့ (၂၈-၄-၈၆) ရက်နေ့တွင် မွေးစားစာချုပ်ကို ပြုလုပ်သည်ဟုဆိုသော် လည်း မွေးစားသူ၏လက်မှတ်၊ လက်ဗွေ မပါရှိခြင်း၊ ဇနီးဖြစ်သူ မိမိ၏ သဘောတူညီမှု ရယူမှုမရှိခြင်း၊ မကျန်းမမာသူက မွေးစားခြင်းတို့ကြောင့် ယင်းစာချုပ်မှာ တရားဝင်စာချုပ် မဟုတ်ကြောင်းဖြင့်လည်း တင်ပြထား သည်။ ဦးလှဖေသည် (၁-၅-၈၆) ရက်နေ့တွင် ကွယ်လွန်သွားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုပြသက်သေများ၏ ထွက်ချက်အရ စွပ်စွဲခံရသူသည် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူနိုင်ရန် ခြွင်းချက်ရှိလျှင်

၁၉၉၁
ဒေါ်မြဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

စွဲချက်တင်ရမည်ဖြစ်သည်၊ တရားမကြောင်းအရ စွဲဆိုထားသောကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင်ဟု ဥပဒေတားမြစ်ထားချက်မရှိပေ။ ကိုယ့်ပိုင် သမီး ဖြစ်—မဖြစ်၊ ပစ္စည်းများကို သေသူမှ လွှဲပြောင်းပေးအပ်ခဲ့ခြင်း မှန်–မမှန် စသော ပြဿနာများကို တရားခံများအနေနှင့် ပြန်လည် ရှင်းလင်း တင်ပြရန် တာဝန်ရှိနေပေသည်။ ကိုင်းတရားရုံး၏ သုံးသပ်ချက်များမှာ ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ပြင် လျှောက်ထားခံရသူ ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့က ယခုအမှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁—က အရ ချေဖျက်ပေးရန် လျှောက်ထားခဲ့ရာ ညီရုံးပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၁၀/၈၈ နှင့် ၁၂/၈၈ တို့အရ ဆောင်ရွက်ပြီး အမှု၌ လျှောက်ထားသူများအပေါ် ပြန်လည်စစ်ဆေးရန် ပြစ်ချက်များ ရှိနေသောကြောင့် အမှုအား ချေဖျက်ရန်မသင့်ကြောင်းဖြင့် သုံးသပ်ကာ အထွေထွေလျှောက်လွှာများကို ၈–၃–၈၉ ရက်နေ့က ပယ်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံး ( ရမည်းသင်းမြို့နယ်ရုံး ) ၏ ၁၈–၅–၉၀ ရက်နေ့စွဲပါ အမိန့်ကိုပယ်ဖျက်ပြီး ဒေါ်စန်းစန်းဦးနှင့် ဦးသိန်းဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၆ နှင့် ၄၀၃ တို့အရ စွဲချက်တင်ကြောင်း ချမှတ်ခဲ့သော ရမည်းသင်းမြို့နယ် တရားရုံး၏ ၈-၂-၉၀ ရက် နေ့စွဲပါ အမိန့်ကို ပြန်လည်အတည်ပြုကြောင်း အမိန့် ချမှတ်လိုက်သည်။

† ၁၉၉၁ ဇူလိုင်လ ၉ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဦးမြင့်သန်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇–ပင်လယ်အကောက်ခွန် ဥပဒေပုဒ်မ ၁၇၂ အရ သိမ်းဆည်းပြီးဖြစ်ခြင်း-တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းအဖြစ် မတင်ပြဘဲ ပစ္စည်းစာရင်း၌သာ ရေးသွင်းထားရာ တရားရုံးမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခြင်းသည် မှန်ကန်မှု ရှိ–မရှိ။

ဆုံးဖြတ်ချက်။ မူလအမှုတွဲတွင် ပေါ်လွင်သော အချက်များအရပဓိ ယင်းစက်လှေမှာ တရားရုံးသို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသည့် စက်လှေမဟုတ်ဘဲ အကောက်ခွန်ဌာနမှ ပင်လယ်အကောက်ခွန် ဥပဒေ ပုဒ်မ ၁၇၂ အရ ဥပဒေနှင့်အညီ သိမ်းဆည်းပြီးဖြစ်သော စက်လှေကို ဖမ်းဆီးပစ္စည်းစာရင်းသွင်းချက်သာ ပါရှိသည့်အချက်ကို အကြောင်းပြု၍ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ခဲ့သည်ကိုတွေ့ရှိရသည်။ ရခိုင်ပြည်နယ်တရားရုံးသည် တရားရုံးရှေ့သို့ သက်သေခံပစ္စည်းအဖြစ် ရောက်ရှိခြင်း မရှိသော ယင်းစက်လှေအား အမှုဆုံးခန်းတိုင်သည့်အခါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းနေပေသည်။ နောင်တွင် ဤသို့မှားယွင်းစီရင်ခြင်း မပြုစေရန် သတိချပ်စေလိုက်သည်။

လျှောက်ထားသူအတွက် – ဦးမြင့်သန်း၊ကိုယ်တိုင်လာသည်

လျှောက်ထားခံရသူများအတွက်– ၁။ ဦးစောနိုင်၊ ဥပဒေ အရာရှိ အဆင့် (၁) ၊ရှေ့နေချုပ်ရုံး

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၅၉ (ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ်–၁ / ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြစ်မှုကြီး အမှတ်–၅၈၁ တို့တွင် ချမှတ်သော (၂-၄-၉၀) ရက်စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၂။ ဦးသန်းညွန့်၊ တရားရုံးချုပ်
ရှေ့မှောက်

တရားရေးအကြံပေး — ဦးကျော်မင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

၁၉၉၁
ဦးမြင့်သန်း၊
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ရခိုင်ပြည်နယ်တရားရုံး (စစ်တွေမြို့နယ်ရုံး) ပြစ်မှုကြီးအမှတ် ၅၇၁/၇၇ တွင် ''ရတနာမင်း''အမည်ရှိ စက်လှေကို ပိုင်ရှင်ဦးကျော်ညွန့်သို့ ပြန်လည်ပေးစေရန် အမိန့်ချမှတ်ခဲ့သဖြင့် အကောက်ခွန်ဦးစီးဌာနမှ ယင်းအမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ရခိုင်ပြည်နယ် တရားရုံးတွင် ဦးလှဝင်းက တရားလိုပြုလုပ်၍ ချစ်လှိုင်ပါ (၁၁) ဦးတို့အပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁) အရ စစ်ဆေးလျက်ရှိစဉ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၇၉ အရ အမှုကိုပိတ်၍ တရားခံများကို လွှတ်ခဲ့သည်။ ယင်းအမှုမှ သက်သေခံပစ္စည်းအဖြစ် ရဲတပ်ဖွဲ့ပစ္စည်းများစာရင်းပုံစံနှင့် အကောက်ခွန် ဖမ်းဆီးပစ္စည်းစာရင်းညွှန်းပုံစံဖြင့် တင်သွင်းထားသော စက်လှေ''ရတနာမင်း'' အား ပြန်လည်ပေးအပ်ရန် ပိုင်ရှင်ဦးကျော်ညွန့်က လျှောက်ထား၍ ရခိုင်ပြည်နယ် တရားရုံးက ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ်-၁ အရ ကြားနာကာ ဦးကျော်ညွန့်သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည့် အမှုဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူဘက်မှ ''ရတနာမင်း'' စက်လှေကို တရားခံ ၁၁-ဦးတို့အား တရားစွဲတင်စဉ်ကပင် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၂ အရ သိမ်းဆည်းအဖြစ်သိမ်းပြီးဖြစ်၍ ယင်းဥပဒေပုဒ်မ ၁၇၄ အရ နိုင်ငံတော်ပိုင်အဖြစ် ရောက်ရှိနေပြီးဖြစ်ပါလျက် ရခိုင်ပြည်နယ် တရားရုံးမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ မလိုအပ်ဘဲ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အဓိကထား၍ တင်ပြသည်။

မူလအမှုတွဲဖြစ်သော ပြစ်မှုကြီး အမှတ် ၅၇၁/၇၇ နှင့် အထွေထွေမှုအမှတ် ၁/၉၀ တို့ကို လေ့လာသည့်အခါ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁) အရ ပြစ်မှုကြီးကို စစ်ဆေးနေစဉ်အတွင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ အရ အမှုကို ပိတ်ခဲ့ပြီးနောက် 'ရတနာမင်း' စက်လှေကို ပြန်လည်ပေးရန် ပိုင်ရှင်ဦးကျော်ညွန့်က လျှောက်ထားခဲ့ခြင်းဖြစ်သည်။

၁၉၉၀
ဦးမြင့်သန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

မူလအမှုတွဲတွင် ပေါ်လွင်သော အချက်များအရပင် ယင်းစက်လှေမှာ တရားရုံးသို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသည့် စက်လှေမဟုတ်ဘဲ အကောက်ခွန်ဌာနမှ ပင်လယ်အကောက်ခွန် ဥပဒေပုဒ်မ ၁၇၂ အရ ဥပဒေနှင့်အညီ သိမ်းဆည်းပြီး ဖြစ်သော စက်လှေကို ဖမ်းဆီးပစ္စည်း စာရင်းသွင်းချက်သာ ပါရှိသည့်အချက်ကို အကြောင်းပြု၍ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ ရခိုင်ပြည်နယ်တရားရုံးသည် တရားရုံး ရှေ့သို့ သက်သေခံပစ္စည်းအဖြစ် ရောက်ရှိခြင်းမရှိသော ယင်းစက်လှေ အား အမှုဆုံးခန်းတိုင်သည့်အခါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းနေပေသည်။ နောင် တွင် ဤသို့မှားယွင်းစီရင်ခြင်းမပြုစေရန် သတိချပ်စေလိုက်သည်။

ရှေ့နေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း တည် ဆဲ ဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့၍ နိုင်ငံတော် ပိုင်ပစ္စည်းအဖြစ် ရောက်ရှိပြီးဖြစ်သော "ရွာနှာမင်း" အမည်ရှိစက်လှေ သည် မူလကပင် သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သောပစ္စည်းမဟုတ်၍ တရားရုံးသည် တရားရုံး၏ ရှေ့တွင် မရှိသည့် ပစ္စည်းအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရလည်းကောင်း၊ တရားရုံးချုပ်၏ ညွှန် ကြားချက်အမှတ် ၁၁/၇၉ အရလည်းကောင်း စီမံခန့်ခွဲသည့် အမိန့်ချမှတ် ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုမရှိကြောင်းနှင့် ပြင်ဆင်မှုကို ခွင့်ပြု၍ ရခိုင်ပြည်နယ်တရားရုံး (စစ်တွေမြို့နယ်စု)၏ ပြစ်မှုအထွေထွေမှုအမှတ် ၁/၉၀ တွင် ချမှတ်ခဲ့သည့် အမိန့်အား ပယ်ဖျက်သင့်ကြောင်း တင်ပြသည်။

သို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရခိုင်ပြည်နယ်တရားရုံး (စစ်တွေ မြို့နယ်စု) မှ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသော ဥပဒေပုဒ်မ ၁၅(၁) အရစွဲသည့် အမှုတွင် သက်သေခံ "ရွာနှာမင်း" စက်လှေအား ပိုင်ရှင်ဦးကျော်ညွှန့်သို့ ပြန်ပေးရန် ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။

† ၁၉၉၁
အောက်တိုဘာလ
၃ ရက်

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

## မောင်လှိုင်ကြည်

## နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံတော် *

**ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှုလျှောက်ထားရာ၊ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ စွဲချက်တင်စစ်ဆေးသွားရန်ဟု ပြင်ဆင်အမိန့်ချမှတ်နိုင်ခွင့် ရှိမရှိ။**

ဆုံးဖြတ်ချက်။ တိုင်းတရားရုံးပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၅/၉၁ သည် တရားခံအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။ တိုင်းတရားရုံးအနေဖြင့် ပြစ်ဒဏ် တိုးမြှင့်သတ်မှတ်သင့် မသင့် ပြဿနာကိုသာ စဉ်းစားဆုံးဖြတ်ရမည် ဖြစ်သည်။ စွဲချက်ကိုစွတင်သွင်းခြင်း မတော့တ်သောကြောင့်၊ မြို့နယ်တရားရုံး၏ စွဲချက်အမိန့်ကို ပြုပြင်ပြောင်းလဲရန်ကိစ္စနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစား ဆုံးဖြတ်ရန် အကြောင်းရှိမည် မဟုတ်ပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဦးမြဟန်၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | — ဦးမျိုးချစ်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| တရားရေးအကြံပေး | — ဦးဘဟန်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

ကျုံခင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၀/၉၁ တွင် မောင်လှိုင်ကြည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင် စစ်ဆေးပြီးနောက် ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၁၅ (ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၅ တွင် ချမှတ်သော (၁၉-၆-၉၁) ရက်စွဲပါ ဧရာဝတီတိုင်း (ဟင်္သာတမြို့နယ်စု)၏ အမိန့်ကို ပြင်ဆင်မှု

ယင်းအမိန့်ကို ဟသ်ာတမြို့နယ်ရှ ဥပဒေအရာရှိက မကျေနပ်၍ ဧရာဝတီတိုင်း တရားရုံး (ဟင်္သာတမြို့နယ်ရုံး) သို့ ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှု လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီးနောက် တရားခံကျူးလွန်ကြောင်း ပေါ်ပေါက်သည့်ပြစ်မှုဖြင့် စွဲချက်တင် စစ်ဆေးသွားရန်ဟု ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တိုင်းတရားရုံး၏ အမိန့်ကို မူလရုံး တရားခံ မောင်လှိုင်ကြည်က မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ကြံခင်းမြို့နယ် ကျွန်းကြီးရွာနေ မသန်းဝင်းက သူမသည် (၃၁-၁-၉၁) ရက်နေ့ ညနေ ၃း၃၀ နာရီအချိန်ခန့်တွင် ပေါက်တိုင်းရွာသို့ မြေပဲဖိုးငွေပေးရန် တစ်ယောက်တည်းလာခဲ့ကြောင်း၊ ညနေ ၄နာရီခန့်တွင် ချောက်စနစ်ကုန်းရွာနှင့်အိုးဘိုရွာကြား မြစ်ကမ်းဘေး လမ်းပေါ်အရောက်တွင် တစ်ရွာတည်းနေ မောင်လှိုင်ကြည် နောက်မှလိုက်လာပြီး မိမိအား လမ်းဘေးချိုင့်ထဲတွန်းချ၍ လဲကျသွားကြောင်း၊ မောင်လှိုင်ကြည်က မိမိ၏ ရင်ဘတ်ကိုဖိပြီး လုံချည်ကို ဆွဲလှန်စဉ် မိမိက လာကြပါ လာကြပါဟု အော်လိုက်ရာ ကျောင်းဆင်းလာသူ တစ်ရွာတည်းနေ ကျော်မင်းထိုက်နှင့် မအိအိခိုင်တို့ ရောက်လာကြကြောင်း၊ မောင်လှိုင်ကြည်မှာ အိုးဘိုရွာဘက်သို့ ထွက်ပြေးသွားကြောင်း၊ ဖြစ်ပွားပုံကို ချက်ချင်းပင် ခင်ပွန်းသည် ကိုလှထွေးနှင့် ကျေးရွာ ရဝတအဖွဲ့ဝင် ဦးသောင်းငွေတို့အား တိုင်ကြားခဲ့ကြောင်းဖြင့် ကြံခင်းရဲစခန်းသို့ တိုင်ကြားရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

လျှောက်ထားသူက အမိကပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာ၌ ဟင်္သာတမြို့နယ်ရှ ဥပဒေအရာရှိက တိုင်းတရားရုံးသို့ ပြစ်ဒဏ်တိုးမြှင့်ရန်အတွက် လျှောက်ထားရာတွင် တိုင်းတရားရုံးက ပြစ်ဒဏ်တိုးမြှင့်သင့် မသင့် ကိုသာကို မဆုံးဖြတ်ဘဲ အခြားပုဒ်မဖြင့် စွဲချက် ပြောင်းလဲတင်စေခြင်းမှာ ဥပဒေအရ မှားယွင်းလျက်ရှိကြောင်း၊ မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ အပြစ်ပေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မဟုတ်ဘဲ အကြောင်းခြင်းရာပြဿနာဖြစ်သောကြောင့် ယခုကဲ့သို့ ညွှန်ကြားသည့် အမိန့် မချမှတ်သင့်ကြောင်း၊ မူလရုံး၏စွဲချက်အမိန့်ကို မကျေနပ်လျှင် ယင်း အမိန့်ကို ပယ်ဖျက်ပေးရန်သာ လျှောက်ထားသင့်ကြောင်း၊ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများကို မလိုလားအပ်ဘဲ ပြန်စစ်ဆေးစေခြင်းဖြင့် တရားခံအား မနစ်နာစေသင့်ကြောင်း၊ လျှောက်ထားသူသည် ထောင်ဒဏ် (၄) လကို ကျခံပြီးဖြစ်၍ ထပ်မံစွဲချက်တင်ပြီး စစ်ဆေး စီရင်မည်ဆိုပါက တရားခံအား အကြိမ်ကြိမ် ညှဉ်းပန်းရာရောက်မည်ဖြစ်ကြောင်း ဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏အမှုတွဲကိုလေ့လာရာ၌ မသန်းဝင်း (လိုပြ-၁) ၏ ထွက်ချက်အရ မောင်လှိုင်ကြည်သည် နောက်မှလိုက်လာပြီး မသန်းဝင်း

၁၉၉၁
မောင်လှိုင်ကြည်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အား တွန်းလဲချလိုက်ကြောင်း၊ လက်မှကိုင်ထားသော ဆွဲခြင်းလွင့်ကျပြီး အထဲရှိငွေများ လွင့်စဉ်ကျကုန်ကြောင်း၊ ထို့ပြင် လက်တစ်ဖက်ဖြင့် ရင်ဘတ်ကိုဖိထားပြီး ထဘီဆွဲလှန်ရန် ကြိုးစားကြောင်း၊ မိမိသည် ပက်လက်အနေအထားရှိပြီး ထဘီမှာ ပေါင်ရင်းအထိ လှန်သွားကြောင်း၊ မိမိက လက်ဖြင့်တွန်းလိုက်ရာ မောင်လှိုင်ကြည် လန်ကျသွားကြောင်း၊ လူချင်းကွဲမှ ကုန်းပေါ်တက်ပြီး လာကြပါ လာကြပါဟု အော်ခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုထားသည်။ မျက်မြင်သက်သေ မအိအိနိုင် (လိုပြ-၃) ကျော်မင်းထိုက် (လိုပြ-၈) တို့ကလည်း မသန်းဝင်း၏ထွက်ချက် မှန်ကန်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်။

တရားခံကမူ မသန်းဝင်းထံ ငွေအတိုးချေးပေးရန်ပြောရာ မပါဘူးဟု ပြောကြောင်း၊ မိမိက ဖယ်ဘူး နင့်ဆွဲခြင်းထဲမှာပါတယ်ဟု ပြောပြီး ဆွဲခြင်းကိုလိုက်ဆွဲရာမှ မသန်းဝင်း ချိုင့်ထဲလိမ့်ကျသွားခြင်းဖြစ်ကြောင်း၊ ထိုစဉ် မိမိမှာ ထန်းရည်မူးနေကြောင်း၊ မသန်းဝင်း စွပ်စွဲသကဲ့သို့ ရင်ဘတ်ကိုဖိ၊ ထဘီကို ဆွဲလှန်ခြင်းမပြုခဲ့ကြောင်းဖြင့် ငြင်းဆိုထားသည်။

ယခုအမှုအား မူလက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ စွဲဆိုတင်ပို့ခြင်းဖြစ်သည်။ မြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင်ပြီး ယင်းပုဒ်မဖြင့်ပင်ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ အမှုတစ်ခုတွင် စစ်ဆေးပေါ်ပေါက်ချက်အရ သင့်လျော်သည့် ဥပဒေပုဒ်မဖြင့် စွဲချက်တင်ပြီး သင့်လျော်မည့် ဥပဒေပုဒ်မဖြင့် ပြစ်မှုထင်ရှားစီရင်ပိုင်ခွင့်ရှိသည်။ တရားရုံး၏ လုပ်ပိုင်ခွင့်ပင်ဖြစ်သည်။ အမှု၌ ပေါ်ပေါက်ချက်အရ မြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင်အပြစ်ပေးခဲ့ခြင်းမှာလည်း ဥပဒေအရ လွဲမှားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

မြို့နယ်တရားရုံး၏ အမိန့်ပါ ပြစ်ဒဏ်သတ်မှတ်ချက်မှာ ကျူးလွန်သည့် ပြစ်မှုနှင့် နှိုင်းစာလျှင် နည်းလွန်းသည်ဟု အကြောင်းပြကာ ဟသ်ာတ မြို့နယ်စု ဥပဒေအရာရှိက ပြစ်ဒဏ်တိုးမြှင့်ပေးရန် ဧရာဝတီတိုင်းတရားရုံး (ဟသ်ာတမြို့နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၅/၉၁ တွင် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်ပါ ဖော်ပြချက်များအရ မြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင်သော အမိန့်နှင့်စပ်လျဉ်း၍ စွဲချက်ပြောင်းလဲပေးရန် မြို့နယ်စု ဥပဒေရုံးက (၆-၅-၉၁) ရက်နေ့က တိုင်းတရားရုံးသို့ လျှောက်ထားခဲ့သည်ဟု တွေ့ရသည်။ သို့ရာတွင် အဆိုပါပြင်ဆင်မှု အမှတ် ၃၀/၉၁ အမှုအား မဆုံးဖြတ်ရသေးမီ မြို့နယ်တရားရုံးက (၈-၅-၉၁) ရက်နေ့တွင် အမှုအား အပြီးသတ် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်ဟုလည်း တွေ့ရှိရသည်။

၁၉၉၁
မောင်ကျိုင်
ကြည်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

တိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၅/၉၁ သည် တရားခံအပေါ် ချမှတ်ထားသောပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်လျှောက်ထားခြင်း ဖြစ်သည်။ တိုင်းတရားရုံး အနေဖြင့် ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်သင့် မသင့် ပြဿနာကိုသာ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ စွဲချက်ကိစ္စ တင်သွင်းခြင်း မဟုတ်သောကြောင့် မြို့နယ်တရားရုံး၏ စွဲချက်အမိန့်ကို ပြုပြင်ပြောင်းလဲရန် ကိစ္စနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန်အကြောင်းရှိမည် မဟုတ်ပေ။ စွဲချက် ပြောင်းလဲသင့် မသင့် ကိစ္စနှင့်စပ်လျဉ်းသမျှ ၎င်းရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၀/၉၁ တွင်သာ စဉ်းစားဆုံးဖြတ်သွားရန် ဖြစ်သည်။ သို့ပါလျက် ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသော ပြင်ဆင်မှုတွင် မြို့နယ်တရားရုံး၏ စွဲချက်အမိန့်သည် မှားယွင်းကြောင်း၊ အခြားပြစ်မှုဖြင့် စွဲချက်တင်သင့်ကြောင်း လွဲမှားစွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ တိုင်းတရားရုံး၏အမိန့်သည် မတောင်းဆိုသည့် သက်သာခွင့်ကို လွဲမှားစွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ကြောင့် ဧရာဝတီတိုင်းတရားရုံး (ဟင်္သာတမြို့နယ်စု)၏ အမိန့်ကို ပယ်ဖျက်ပြီး မူလကြံခင်းမြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည် အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

ဖြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ဦးသောင်းရွှေ

† ၁၉၉၁
ဇန်နဝါရီလ
၂၃ ရက်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် *

**အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈(၂)—သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ တရားလွှတ်တော်က အမိန့်ညွှန်ကြားချက်ဖြင့် ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း လိုက်နာရန် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ရောဝတီတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ၌ **သက်သေခံ** ငါးပိုင်ကို ပြန်ပေးခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြထားခြင်း ဖြစ်ရာ shall be liable to confiscation. မှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည် ဟုသာ အဓိပ္ပာယ်ရှိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု အဓိပ္ပာယ် မထွက်ကြောင်း အထက်ပါစီရင်ထုံးတွင် တရားလွှတ်တော်က အဓိပ္ပာယ် ဖွင့်ဆိုထားခဲ့ပြီးဖြစ်သဖြင့် ဟင်္သာတမြို့နယ်စု ဥပဒေအရာရှိ၏တင်ပြချက်မှာ မှန်ကန်မှု မရှိကြောင်း ထင်ရှားနေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးဝင်းစိန်၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | – | ဦးမြည်မိန်း၊ ဥပဒေအရာရှိ အဆင့် (၁)၊ ရှေ့နေချုပ်ရုံး |
| တရားရေးအကြံပေး | – | ဦးတင်အေး၊ ဒုတိယညွှန်ကြား ရေးမှူး၊ တရားရုံးချုပ် |

---

* ၁၉၉၀ ပြည့်နှစ်၊ ဖြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅၁၃(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၇ တွင် ချမှတ်သော (၃၀-၄-၉၀)ရက်စွဲပါ ရောဝတီတိုင်းတရားရုံး(ဟင်္သာတမြို့နယ်စု)၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၁
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မြန်အောင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄/၉၀တွင် တရားခံ ဦးသောင်းရွှေအား အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈(၁)အရ အလုပ်ဖြင့် ထောင် (၁) နှစ် ကျခံစေရန်နှင့် သက်သေခံစက်ပစ္စည်းနှင့် စပါးများကို ပိုင်ရှင်အသီးသီးသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်မှာ ပြစ်မှုနှင့် ပြစ်ဒဏ် မျှမတဖြစ်နေသည့်အပြင် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်းသည့်အမိန့်မှာ ဥပဒေအရ မှားယွင်းနေသဖြင့် ပြင်ဆင်ပေးရန် ဟင်္သာတမြို့နယ် ဥပဒေအရာရှိက ဧရာဝတီတိုင်း (ဟင်္သာတမြို့နယ်စု) တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့ရာ ဦးသောင်းရွှေအား အလုပ်ဖြင့် ထောင်ဒဏ် (၁) နှစ်အစား အလုပ်ဖြင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန်နှင့် သက်သေခံစက်ပစ္စည်းများအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားခံဦးသောင်းရွှေက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ မြန်အောင်မြို့နယ် သမြေကုန်းကုန်သွယ်လယ်ယာမှစပါးအဝယ် ဒိုင်မှူး ဦးသောင်းနှင့်အဖွဲ့သည် သမြေကုန်းကျေးရွာအုပ်စု နံ့ဝင်တောရွာ ဦးသောင်းရွှေ၏ ငါးပုံစက်သည် ဦးတင်ခွေးပါ ၁၁-ဦးတို့၏ စပါး ရုစုပေါင်း (၁၀၅) တင်းအား ကြိတ်ခွဲနေသည်ကို တွေ့ရသဖြင့် ဒိုင်မှူး ဦးသောင်းက တိုင်ကြားခဲ့သည့်အမှု ဖြစ်သည်။

ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် ဦးသောင်း၏ အကျိုးဆောင်မှ တင်ပြရာ၌ သက်သေခံချက်များအရ လယ်သမားများက ၎င်းတို့၏ ဝမ်းစာစပါး ကြိတ်ခွဲပေးရန် ပြောဆိုခြင်းကို တရားခံဦးသောင်းရွှေက အတန်တန် ငြင်းဆိုခဲ့သော်လည်း နောက်ပိုင်းတွင် လယ်သမားသုံးဦးက တင်းတင်း မာမာ ပြောဆိုလာ၍ ကြိတ်ခွဲပေးခဲ့ရခြင်းသာဖြစ်ကြောင်း ပေါ်လွင်သဖြင့် အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့ရုံမျှမက ငါးပုံစက်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ လွန်စွာ ပြင်းထန်နေသောကြောင့် လျှော့ပေါ့ စဉ်းစားပေးသင့်ကြောင်း တင်ပြထားသည်။

ဤပြင်ဆင်မှုတင်သွင်းရာ၌ ဥပဒေအရ သတ်မှတ်ထားသော ရက်ပေါင်း (၆၀)ထက် (၂၃)ရက်မျှ ကျော်လွန်ပြီးမှ တင်သွင်းခဲ့ကြောင်း စိစစ် တွေ့ရှိရသည်။ ယင်းသို့ကျော်လွန်ရခြင်းမှာ နယ်မြေဒေသ ကွာလှမ်းပြီး လမ်းခရီးအခက်အခဲကြောင့် စာရွက်စာတမ်းများ အချိန်မီမရရှိခြင်းနှင့် ထောင်ကျတရားခံ၏ ကိုယ်စားလှယ်စာရရှိရေးအတွက် ဆောင်ရွက်ရခြင်း တို့ကြောင့် ကျော်လွန်ခဲ့ရသဖြင့် ကင်းလွတ်ခွင့်ပြုရန် ကတိသစ္စာပြုလွှာနှင့် ဖော်ပြထားသည်။

၁၉၉၁
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ငါးပုံစက်ပိုင်ရှင် တရားခံ ဦးသောင်းရွှေက စပါးကြိတ်ခွဲခဲ့ခြင်းကို ငြင်းဆိုမှုမရှိချေ၊ သို့ရာတွင် ကုန်သွယ်လယ်ယာမှ ကြိတ်ခွဲခွင့် ပိတ်ရမည့် နေ့ အကြောင်းကြားစာ မရရှိခြင်းနှင့် တောင်သူများက ဝမ်းစာအခက် အခဲတွေ့နေ၍ အတင်းအဓမ္မ ကြိတ်နိုင်းသဖြင့် ကြိတ်ပေးခြင်းသာ ဖြစ် သောကြောင့် အပြစ်မရှိကြောင်း ငြင်းဆိုထားသည်ကို တွေ့ရသည်။

၎င်းအပြင် ရဲများနှင့်အတူ ဝင်ရောက်ဖမ်းဆီးသူ ဒိုင်မှူး ဦးသောင်း (လိုပြ-၁)၊ ရွာဓမ္မသက်သေ ဦးကြည်သောင်း (လိုပြ-၂)၊ လယ် သမား ဦးတင်ရွှေ (လိုပြ-၃) နှင့် ဦးမောင်အေး (လိုပြ-၅) တို့က ထွက်ဆိုအစစ်ခံရာ၌ တရားခံဦးသောင်းရွှေက ကြိတ်ခွဲခွင့်မရှိ၍ မကြိတ်နိုင် ကြောင်း ငြင်းဆိုနေဆဲတွင် လယ်သမားများ တဖြည်းဖြည်း ရောက်လာ ပြီး ည (၁၀)နာရီ အချိန်ခန့်တွင် လယ်သမားအချို့က အနိုင့်အထက် အမူအရာ ပြလာသဖြင့် စတင်ကြိတ်ခွဲပေးရစဉ် ရဲများနှင့် ဒိုင်မှူးရောက် လာပြီးအဖမ်းခံရကြောင်း ထွက်ဆိုသွားကြသည်၊ တရားလိုပြသက်သေများ အနက် လယ်သမား ဦးတင်ရွှေ (လိုပြ-၃)က ပြန်လှန် စစ်မေးရာ၌ အောက်ပါအတိုင်း ထွက်ဆိုထားသည်—

> ''ကျွန်တော်တို့က ကြိတ်ခွဲရန်အတွက် တရားခံကိုပြောပြခြင်း မှာ လယ်ယာလုပ်သားများ အစာရေစာ ငတ်မွတ်နေ၍ နေ့တဓက်ရက် များတွင် ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ကြိတ်ခွဲပေးရန် ပြောခြင်း ဖြစ်ပါသည်၊ တရားခံမှ မကြိတ်နိုင်ကြောင်းပြောဆိုရင်း ည (၁၀) နာရီလောက်အထိရောက်သွားတာမှန်ပါသည်၊ မောင်မောင်အေး၊ မောင်တင်နှင့် ဥာဏ်မြင့်တို့မှ စပါးကြိတ်မပေးပါက တရားခံကို အန္တရာယ်ပြုမည် အသွင်သဏ္ဌာန်အထိ ကြိမ်းမောင်းကာ ပြောဆိုလာ တာ မှန်ပါသည်။ xxxxx ကျွန်တော့်စပါး (၅) တင်းအား စပြီး ကြိတ်ခွဲနေစဉ် ဖမ်းဆီးခြင်းဖြစ်သည်ဆိုတာ မှန်ပါသည်။''

သို့ဖြစ်ရာ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၁-၉-၇၉ ရက်စွဲပါ အမိန့် အမှတ် ၁/၇၉ အရ ၁-၁၁-၇၉ နေ့မှစတင်ပြီး စပါးကြိတ်ခွဲခွင့်မရှိတော့ သည်ကို မသိကြောင်း ဦးသောင်းရွှေ၏ ထုချေချက်မှာ ဆိုလျော်မှု မရှိ တော့ဘဲ လယ်သမားများက အဓမ္မဝိုင်းဝန်းကြိတ်နိုင်း၍ ကြိတ်ပေးခဲ့ရ ခြင်းဖြစ်ကြောင်း ဦးသောင်းရွှေ၏ ထုချေချက်သာလျှင်စဉ်းစားရန် ကျန် ရှိပေသည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၏ အမိန့် ၁/၇၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ စပါးကြိတ်ခွဲခဲ့ခြင်းဖြစ်သဖြင့် ယင်းအမိန့် အပိုဒ် ၅ အရ အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၁) အရ ပြစ်မှုထင်ရှား စီရင်ခံရမည်သာ ဖြစ်ပေသည်။

၁၉၅၁
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ယင်းသို့ ပြစ်မှုထင်ရှားစီရင်ရာ၌ တောင်သူများက ဝမ်းစာ အခက်အခဲရှိသဖြင့် မရမနေကြိတ်ခွဲနိုင်း၍ တရားခံက ကြိတ်ခွဲပေးခဲ့ရသည့်အချက်နှင့် အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈(၂)တွင် ပါသော shall be liable to confiscation ဆိုသည့်စကားရပ်မှာ သက်သေခံပစ္စည်းကို ဘဏ္ဍာတော်အဖြစ် မသိမ်းမနေရဟု မဆိုလိုဘဲ တရားရုံး၏ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း (ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ဦးကျန်နား (ခ) ကွမ်ချိန်ချန်း စီရင်ထုံး)[1] လွှတ်တော်ချုပ်၏ လမ်းညွှန်မှုတို့ကို ကိုးကား၍ မြန်အောင်မြို့နယ်တရားရုံးက အလုပ်ဖြင့် ထောင်ဒဏ် (၁)နှစ်ကျခံစေပြီး သက်သေခံပစ္စည်းများကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်ပေသည်။

အယူခံ ဧရာဝတီတိုင်း တရားရုံးကမူ နိုင်ငံတော်က ထုတ်ပြန်လိုက်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းသည် ဥပဒေကို မလေးမစားပြုရာရောက်၍ ဥပဒေနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်သည့် အသိတရားရရှိစေရန် ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်ရန် သင့်သည်ဟု သုံးသပ်၍ တရားခံအား အလုပ်ဖြင့် ထောင်ဒဏ် (၃) နှစ် ကျခံစေခဲ့သည့်အပြင် သက်သေခံပစ္စည်း အားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ဟင်္သာတမြို့နယ်စု ဥပဒေအရာရှိက ဧရာဝတီတိုင်းတရားရုံးသို့ မြင်ဆင်မှု တင်သွင်းရာ၌ သက်သေခံငါးပုံစက်ကို မြန်မာပေးခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြထားခြင်းဖြစ်ရာ shall be liable to be confiscated မှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည်ဟုသာ အဓိပ္ပာယ်ရှိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု အဓိပ္ပာယ်မထွက်ကြောင်း အထက်ပါစီရင်ထုံးတွင် တရားလွှတ်တော်က အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပြီး ဖြစ်သဖြင့် ဟင်္သာတမြို့နယ်စု ဥပဒေအရာရှိ၏ တင်ပြချက်မှာ မှန်ကန်မှုမရှိကြောင်း ထင်ရှားနေသည်။

သို့ရာတွင် ကြိတ်ခွဲခွင့် မရှိကြောင်း သိလျက်နှင့် အခကြေးငွေယူ၍ ကြိတ်ခွဲခဲ့ကြောင်း ပေါ်လွင်နေသဖြင့် သက်သေခံ ငါးပုံစက်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေခဲ့သော ဧရာဝတီတိုင်း တရားရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ဥပဒေညွှန်ကြားချက်များကို မလိုက်နာဖောက်ဖျက်မှုအတွက် ဆင်ခြင်တုံတရားကို သုံးစွဲ၍ သိမ်းဆည်းခဲ့ခြင်းသာ ဖြစ်သည်ဟု ကောက်ယူရပေမည်။

ထောင်ဒဏ် အလုပ်ဖြင့် (၃)နှစ် ပြစ်ဒဏ်မှာမူ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်နေသည့်အတွက် လျှော့ပေါ့စဉ်းစားသင့်သည်ဟု ယူဆသည်။

---

၁။ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (လွှတ် ချုပ်)၊ စာ-၄၃။

၁၉၉၀
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

သို့အတွက် ကာလစည်းကမ်းသတ် ကျော်လွန်မှုကို ခွင့်ပြု၍ ပြင်ဆင်ရန် လျှောက်ထားသူ ဦးသောင်းရွှေအား ရှေ့ဝတ်တိုင်း(ဟသ်ာတမြို့နယ်ရုံး) တရားရုံးက အရေးကြီး ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁) အရ အလုပ်ဖြင့် ထောင်ဒဏ်(၃)နှစ် ကျခံစေရန်အမိန့်အစား အလုပ်ဖြင့် ထောင်ဒဏ်(၂)နှစ်သာကျခံစေရန်အမိန့် ချမှတ်လိုက်သည်။

သက်သေခံ ငါးပုံစက်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းစေခဲ့သည့် အမိန့်ကိုမူ အတည်ပြုသည်။

## မြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

† ၁၉၉၁ အောက်တိုဘာ ၁၀ ရက်

ဒေါ်သန်းစိန်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ *

မြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ သက်သေခံပစ္စည်းများကို ရဲက သိမ်းဆည်းစဉ်က ရဲကိုကြောက်၍ ငြိမ်းခြောက်ခံရမှုကြောင့် အမှန်ဝယ်ယူခြင်းမပြုသော ပစ္စည်းအချို့ကို ပေးအပ်ခဲ့ရသည်ဟု ဆိုကာ ပြန်လည်ပေးရန် လျှောက်ထားသည့် ကိစ္စအပေါ် စိစစ်ခြင်း။

ဆုံးဖြတ်ချက်။ မိမိဝယ်ယူထားသော ပစ္စည်းများမဟုတ်ပါဘဲလျက် ရဲကိုကြောက်၍ ခြိမ်းခြောက်မှုကြောင့် အပ်ခဲ့ရသည်ဆိုပါကလည်း ထိုစဉ်ကပင် မမှန်မကန် သိမ်းဆည်းခံရသည်ကို သက်ဆိုင်ရာသို့ တင်ပြ အရေးဆိုသင့်ပါလျက် ထိုအချိန်က မည်သို့မျှ တင်ပြအရေးယူခြင်း၊ အရေးဆိုခြင်းမပြုဘဲ တရားရုံးအဆုံးအဖြတ်ပြု၍ သက်သေခံပစ္စည်းများအား မြို့နယ်တရားရုံးများမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆိုင်ရာသို့ ပြန်လည် ရယူခွင့်ပြုထားသည့် အခါတွင်မှ မိမိ ပိုမပေးရသည့် ပစ္စည်းဟုဆိုကာ ပြန်ပေးရန် လျှောက်ထားသည်မှာ နည်းလမ်းကျသည်ဟု ယူဆနိုင်မည် မဟုတ်ပေ။

လျှောက်ထားသူအတွက် — ဦးခင်ဇော်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်— ၁။ ဦးမြင့်အောင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးလှကျော်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးကျော်မင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

---

* ၁၉၉၁ ခုနှစ်၊ မြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၀၅ (ခ)

† ၁၉၉၁ ခုနှစ်၊ မြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၂ တွင် ချမှတ်သော (၁၅-၅-၉၁) ရက်စွဲပါ ရာဇဝတ်တိုင်း (ဟင်္သာတမြို့နယ်ရုံး) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၉၁
ဒေါ်သန်းစိန် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ရောဝတီတိုင်းတရားရုံး (ဟင်္သာတမြို့နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၂/၉၁ တွင် ဟင်္သာတမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၂၀၃/၉၀ ၌ ချမှတ်ထားသည့် ၃၁-၁၂-၉၀ နေ့စွဲပါ အမိန့်ကို ဟင်္သာတမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၂၈၄/၈၉ အမှုတွင် သက်သေခံ ပစ္စည်းများနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် အမိန့်မှ သက်သေခံ (င-ဆ) နှင့် (ည)တို့တွင် ဖော်ပြထားသော သက်သေခံပစ္စည်းများကို တရားလို ဒေါ်သန်းစိန်အား ပြန်ပေးစေရန် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်ကာ ရှာဖွေပုံစံများအရ သိမ်းဆည်းခဲ့သည့် ရွှေအလေးချိန် စုစုပေါင်းအနက်မှ ပိုပေးလိုက်ရသည့် ရွှေအလေးချိန် ၄ ကျပ်၊ ၁၁ ပဲ၊ ၁ ချမ်း နှင့် ၂-ရတီခန့်ရှိ စိန်အသေး အလုံး(၂၀) တို့ကို လျှောက်ထားသူဦးခင်ဟန်သို့ ပြန်လည်ထုတ်ပေးရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်၊ ယင်းအမိန့်ကို မူလရုံးတရားလို ဒေါ်သန်းစိန်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ မူလအမှုမှ တရားလို ဒေါ်သန်းစိန်က ၎င်းပိုင် စိန်ရွှေရတနာများ (တန်ဖိုး ၂၆၆၀၈၀/-)ကို အတူနေ တူမအရင်း မယဉ်ယဉ်မိုက်နှင့် မောင်သန်းလှိုင်တို့က ခိုးယူရောင်းစားကြောင်း တိုင်ချက်ရေးဖွင့်ခဲ့ရာမှ အရေးယူပြီး မယဉ်ယဉ်မိုက်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အလုပ်နှင့် ထောင်ဒဏ် (၂)လ ကျခံစေရန်နှင့် မောင်သန်းလှိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့် ထောင်ဒဏ် (၅) လ ကျခံစေရန် ချမှတ်ခဲ့သည်။

တဆက်တည်းပင် တရားခံများဖော်ထုတ်ပြသည့် ရွှေဆိုင်များမှ ပြန်လည် သိမ်းယူရရှိသော သက်သေခံရှာဖွေပုံစံ (ခ) (ဂ) (င) (ဆ) (ည) (ဋ) တို့တွင်ဖော်ပြထားသည့် စိန်ရွှေရတနာများနှင့် သက်သေခံ (ဇ) ရှာဖွေပုံစံတွင် ဖော်ပြသော သေတ္တာနှင့် သော့ခလောက်တို့ကို တရားလိုဒေါ်သန်းစိန်သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည့်အမှုဖြစ်သည်၊

ဟင်္သာတမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၂၈၄/၈၉ တွင် သက်သေခံ ပစ္စည်းများအား တရားလို ဒေါ်သန်းစိန်သို့ ပြန်လည်ပေးအပ်စေရန် ချမှတ်သည့်အမိန့်အပေါ် မကျေနပ်သည့်အတွက် ရွှေထည်ပစ္စည်းများ ပေးအပ်ခဲ့သူ ဦးခင်ဟန်နှင့် မောင်ငွေးဝင်းတို့က ရောဝတီတိုင်းတရားရုံး (ဟင်္သာတမြို့နယ်စု) သို့ ပြင်ဆင်မှု တင်သွင်းခဲ့သည်။ ဦးခင်ဟန်တို့က ၎င်းတို့ထံမှ သက်သေခံပစ္စည်းအဖြစ် ပြည်သူ့ရဲက သိမ်းဆည်းသွားရာတွင် မူလရုံး တရားခံထံမှ လျှောက်ထားသူများက ဝယ်ယူထားသည့် ပစ္စည်းထက် ပိုမိုသိမ်းယူသွားခြင်းဖြစ်ကြောင်း၊ အကြောင်းပြ၍ တင်သွင်း

၁၉၉၁ / ဒေါ်သန်းစိန် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ခဲ့ခြင်းဖြစ်သည်၊ ရောဝတီတိုင်း တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ မကြာမီ စုံစမ်းစေမှု သီးခြားဖွင့်လှစ် ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ အမိန့်ချမှတ်စေရန် ဟင်္သာတမြို့နယ်တရားရုံးသို့ ညွှန်ကြားခဲ့ရာမှ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၂၀၃/၉၀ ကို စုံစမ်းမှုပြုလုပ်ပြီးနောက် မြို့နယ်တရားရုံးက သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ပြစ်မှုကြီးအမှတ် ၂၂၀၄/၈၉ တွင် ချမှတ်ထားပြီးသော အမိန့်ကို ပြန်လည်ပြင်ဆင်ရန် အကြောင်းမရှိကြောင်း ချမှတ်ခဲ့သဖြင့် တိုင်းတရားရုံးသို့ ဦးခင်ဟန်က ပြင်ဆင်မှုလျှောက်ထားခြင်းအပေါ် တိုင်းတရားရုံးက ဦးခင်ဟန်၏ လျှောက်ထားချက်ကို ခွင့်ပြု၍ ပြင်ဆင်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်၊

ပြင်ဆင်မှုလျှောက်ထားသူဘက်က မူလအမှုတွင် တာဝန်ရှိသူ ရဲအရာရှိ ဦးစိုးခန့်သည် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး ပစ္စည်းပေးအပ်သူ ဦးခင်ဟန်နှင့်သား ကိုမွေးဝင်းတို့ကလည်း ဝန်ခံပေးအပ်ထားသည်မှာ သက်သေခံဝင်ပြီးဖြစ်ပါလျက် အမှုစစ်ဆေးပြီးမှ ပို၍ပေးအပ်လိုက်ရပါသည် ဆိုသောအချက်အပေါ် အခြေခံ၍ တိုင်းတရားရုံးက ပိုပေးခဲ့ရသည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ လွဲမှားနေပါကြောင်း အဓိကထား၍ တင်ပြသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ မည်သူလက်ရှိရလိုက်သနည်း ဆိုသည့် အချက်အပေါ် အခြေပြုကာ ပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည် ဖြစ်သည်။ ယင်းသို့ချမှတ်ရာတွင် မူလမှု၌ တရားခံတို့ အပြစ်ရှိပါက သက်သေခံပစ္စည်းကို မူလပိုင်ရှင်သို့ ပြန်လည်လက်ရှိထားစေရန် အမိန့်ချမှတ်သင့်သည်သာ ဖြစ်သည်။ အိုရာတွင် ထူးခြားသည့် အကြောင်းအချက် ရှိပါက နောက်ဆုံးပေးအပ်သူသို့ ပြန်လည်ပေးအပ်နိုင်သည်။ မူလအမှုမှ ဒေါ်သန်းစိန်၏ စိန်ရွှေရတနာများကို မယဉ်ယဉ်ပိုက်နှင့်မောင်သန်းလှိုင်တို့က ခိုးယူ၍ရောင်းချခဲ့ပါသည်ဆိုသော ရွှေဆိုင်များမှ ပြန်လည်သိမ်းယူခဲ့ရာတွင် ဦးခင်ဟန်နှင့် သားမောင်မွေးဝင်းတို့ဆိုင်များမှလည်း ပါရှိကြောင်း တွေ့ရှိရသည်။ မူလမြို့နယ်တရားရုံးမှ တရားခံတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ နှင့် ၄၁၄ တို့အရ ပြစ်မှုထင်ရှား တွေ့ရှိ၍ ထောင်ဒဏ်အပြစ်ပေးခဲ့ပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ ဦးခင်ဟန်တို့ကို ပြန်မပေးဘဲ မူလပိုင်ရှင်ဖြစ်သော ဒေါ်သန်းစိန်သို့ ပြန်လည်လက်ရှိထားစေခြင်း ပြုခဲ့ကြောင်းတွေ့ရသည်။ ဦးခင်ဟန်တို့က ၎င်းတို့အားပြန်လည်ပေးအပ်စေရန် လျှောက်ထားသည့်ဤအမှုတွင် ထူးခြားသည့်အကြောင်းရှိ-မရှိ စစ်ဆေးရန် လိုအပ်မည်ဖြစ်သည်။

ဦးခင်ဟန်က မူလရုံးမှ သက်သေခံပစ္စည်းများအား တရားလိုသို့ ပြန်လည် ပေးအပ်ခြင်းကို မကျေနပ်သည့်အတွက် လျှောက်ထားခြင်းမဟုတ်

၁၉၉၁
ဒေါ်သန်းစိန်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ဘဲ ၎င်းတို့ထံမှ သက်သေခံပစ္စည်းအဖြစ် ဂြိုဟ်သွားရာက သိမ်းယူသွားသည့် ရွှေထည်ပစ္စည်းများမှာ တရားလို ပျောက်ဆုံးသော ရွှေထည်အခလေးချိန် ထက် ပိုနေသည့်အတွက် ပိုပေးမိသည့် အခလေးချိန်ကို ၎င်းပြန်လည်မရရှိသဖြင့် နစ်နာကြောင်း၊ ပြန်လည်ပေးအပ်စေရန် လျှောက်ထားခြင်း ဖြစ်သည်။

ဦးခင်ဟန်က ယင်းသို့လျှောက်ထားမှုနှင့် ပတ်သက်၍ ကိုင်းတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြန်လည်စုံစမ်းစစ်ဆေးမှု သီးခြား ဖွင့်လှစ်ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ အမိန့်ချမှတ်စေရန် ညွှန်ကြားချက်အရ ဟသ်္ာတမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၂၀၃ အရ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၂၀၃/၉၀ တွင် စုံစမ်းမှုပြုရာ၌ ပစ္စည်းသိမ်းရာတွင် ကိုယ်တိုင်ရှိ၍ သိသူများပါရှိသည်ကို တွေ့ရသည်။ အဓိကပစ္စည်းများ လိုက်လံသိမ်းဆည်းသူမှာ ဟသ်္ာတ အမှတ် (၁) ရဲစခန်းမှ စခန်းမှူး ဒုရဲအုပ် ဦးမိုးခင့်ဖြစ်ပြီး ၎င်းက မူလမှု တရားလို ဒေါ်သန်းစိန် ပျောက်ဆုံးသွားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားခံများဖြစ်သူ ပစ္စည်းများ ရောင်းချခဲ့သူဆိုသည့် ယဉ့်ယဉ်ပိုက်နှင့် မောင်သန်းလှိုင်တို့က မည်သည့်ဆိုင်တွင် မည်သည့်ပစ္စည်းများ ရောင်းခဲ့သည် ဆိုသောအချက်ကို ဖော်ထုတ်ညွှန်ပြချက်အရ လိုက်လံသိမ်းဆည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းသို့သိမ်းဆည်းရာတွင် တရားခံတို့ ဖော်ထုတ်ပြေဒဆိုခဲ့သည့် ပစ္စည်းများအတိုင်း သိမ်းဆည်းခဲ့ခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် အချို့ပစ္စည်းများမှာ မူလပစ္စည်းမှ အရည်ကျို၍ အသွင်ပြောင်းသွားသော ပစ္စည်းများ ပါဝင်ခဲ့ကြောင်း၊ ယင်းသို့သိမ်းယူရာတွင် လုပ်ထုံးလုပ်နည်း နှင့်အညီ သက်သေများရှေ့တွင် ရှာဖွေသိမ်းဆည်းခဲ့ခြင်း၊ ရှာဖွေပုံစံဖြင့် စနစ်တကျ လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဦးခင်ဟန်က တရားခံတို့ထံမှ ၎င်းတို့ဝယ်ယူခဲ့ခြင်းမရှိသော ပစ္စည်းကို လည်း ပေးအပ်ခြင်းမရှိလျှင် တရားခွင်အရေးယူမည်၊ စစ်ခုံရုံးဖြင့် တင်စေမည်ဟူသော ရဲမှခြိမ်းခြောက်ချက်အရ အမှန်ဝယ်ယူခြင်းမရှိဘဲ ကြောက်၍ ပေးခဲ့ရမလဟန် တင်ပြချက်ရှိသော်လည်း ယင်းသို့ ရှာဖွေသိမ်းဆည်းစဉ် က ကိုယ်တိုင်ရှိ၍ ကိုယ်တိုင် သိသောရွှေဆိုင်များအသင်းမှ ဦးတင်မောင် ကိုယ်တိုင်က နိုးရာပါပစ္စည်းများကိုမအပ်လျှင် ဖမ်းဆီးတရားစွဲမည် ပြောခဲ့သည်ဆိုက မဟုတ်ကြောင်း၊ ဦးခင်ဟန်အနေဖြင့် သက်သေခံပစ္စည်း များ ပြန်လည်ပေးအပ်ခြင်းမှာ ကြောက်၍ပြန်အပ်ခြင်း မဟုတ်ကြောင်းနှင့် မှုခင်းနှင့်ပတ်သက်၍ အပ်ရမည်ကိုသာ နားလည်၍ အပ်ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ ဦးတင်မောင်သည် မမှန်မကန် ထွက်

၁၉၉၁
ဒေါ်သန်းစိန် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ဆိုသည့်အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်မှုမရှိသည်နှင့်အမျှ ၎င်း၏ ထွက်ဆိုချက်ကို လက်ခံရပေမည်။

သို့ဖြစ်ပါက ဦးခင်ဟန်သည် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုနှင့်ပတ်သက်ပြီး အပ်ရမည့်တာဝန်အရ ထိုစဉ်က ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဆိုသော အချက်သာ ပေါ်လွင်နေသည့်အလျောက် ရဲမှခြိမ်းခြောက်၍ အပ်ရသည်ဆိုခြင်းမှာလည်း ခိုင်မာသော ထောက်ခံချက် မရှိသည်နှင့် အမျှ ထိုစဉ်က တရားခံတို့ ညွှန်ကြားသည့်အတိုင်း ပေးအပ်သင့်၊ ပေးအပ်ရမည့်ပစ္စည်းကို ပေးအပ်ခြင်းဖြစ်သည်ဟုသာ ယူဆရပေမည်။

အကယ်၍ မိမိဝယ်ယူထားသော ပစ္စည်းများမဟုတ်ပါဘဲလျက် ရဲကို ကြောက်၍ ခြိမ်းခြောက်မှုကြောင့် အပ်ခဲ့ရသည် ဆိုပါကလည်း ထိုစဉ်ကပင် မမှန်မကန် သိမ်းဆည်းခံရသည်ကို သက်ဆိုင်ရာသို့ တင်ပြအရေးဆိုသင့်ပါလျက် ထိုအချိန်က မည်သို့မျှ တင်ပြအရေးယူခြင်း၊ အရေးဆိုခြင်း မပြုဘဲ တရားရုံးအဆုံးအဖြတ်ပြု၍ သက်သေခံပစ္စည်းများအား မြို့နယ်တရားရုံးများမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆိုင်ရာသို့ ပြန်လည်ရယူခွင့်ပြုထားသည့်အခါတွင်မှ မိမိပိုင်ပေးရသည့် ပစ္စည်းဟုဆိုကာ ပြန်ပေးရန် လျှောက်ထားသည်မှာ နည်းလမ်းကျသည်ဟု ယူဆနိုင်မည် မဟုတ်ပေ။

စုံစမ်းမှုအပေါ် တွေ့ရှိသည့် အထောက်အထားများမှာလည်း တရားရုံးက တရားခံများကို အပြစ်ပေးပြီးနောက် သက်သေခံပစ္စည်းများကို သက်ဆိုင်ရာတရားလိုသို့ ပြန်ပေးစေရန် ချမှတ်ထားသည့် အမိန့်အား ပြန်လည်ပြင်ဆင်ချမှတ်ရန် ထူးခြားမှုမရှိကြောင်း သုံးသပ်ထားသည်မှာ သက်သေခံချက်များနှင့်အညီဖြစ်၍ မျှတမှန်ကန်နေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဟင်္သာတမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၂၀၄/၈၉ နှင့် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၀၃/၉၀ တို့တွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အမိန့်အပေါ် တိုင်းတရားရုံးက ပြန်လည်ပြင်ဆင်ချမှတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်သဖြင့် မူလမြို့နယ်တရားရုံး၏ အမိန့်များကိုသာ အတည်ပြုရုံသာ ရှိပေသည်။

ရှေ့နေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း တရားလိုဒေါ်သန်းစိန်၏ ပျောက်ဆုံးသော ပစ္စည်းများအနက် အချို့ ရွှေထည်များကို ဦးခင်ဟန်၏ဆိုင်သို့ တရားခံများ ရောင်းချခဲ့ကြောင်း၊ ဦးခင်ဟန်က သိမ်းဆည်းစဉ်က မဝယ်ဟုငြင်းခဲ့ကြောင်း၊ ထိုပစ္စည်းများကို တရားခံများ၏ ထုတ်ဖော်ပြောကြားချက်အရ ဦးခင်ဟန်၏ရွှေဆိုင်မှ အရည်ကျိုပြီး ရွှေထည်ပျက်နှင့် စိန်များကို ယင်းအမှုစစ်အရာရှိမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းယူခဲ့သည်ကို တွေ့ရကြောင်း၊ ရှာဖွေပုံစံများတွင် တရားခံက ရောင်းချသည့် ရွှေထည်ပစ္စည်းများကို အရည်ကျိုလိုက်

၁၉၉၁
ဒေါ်အန်းစိန် နှင့် မြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

သည့်အတွက် ယင်းကဲ့သို့ အရည်ကျိုပြီးသည့် ရွှေချောင်းများကို ရဲအား ပေးအပ်ကြောင်း ဖော်ပြချက်များ ရှိနေကြောင်း၊ ရှာဖွေပုံစံ၌ ရေးသား ဖော်ပြချက်များသည် ရဲထံသို့ပေးထားသော ပြောပြချက်များ ဖြစ်သော်လည်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ သက်သေခံပစ္စည်းများ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ရှာဖွေပုံစံများတွင်ပါရှိသည့် မှတ်ချက်များကို လက်ခံစဉ်းစားနိုင်ကြောင်း စီရင်ထုံးဖွဲ့မှုရှိသဖြင့် မူလရုံးမှ ချမှတ်ထားသော တရားလိုအား သက်သေခံပစ္စည်းများ ပေးစေရန် ချမှတ်သော အမိန့်မှာ မှားယွင်းသည်ဟု မဆိုသာကြောင်းဖြင့် တင်ပြသည်၊

ထို့ကြောင့် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ရှေ့တော်တိုင်း တရားရုံး (ဟင်္သာတမြို့နယ်ရုံး)၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂ တွင် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်လျက် ဟင်္သာတမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၂၀၄/၀၉ နှင့် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၂၀၃/၉၀ တို့တွင် ချမှတ်ထားသော အမိန့်များကို ပြန်လည်အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်

ဦးသန်းမောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပေါ်(၂) *

† ၁၉၉၁
ဇွန်လ
၂၇ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂—သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၅၅—တရားလိုဘက်မှ ပယ်ခဲ့သော တရားလိုပြသက်သေအား တရားခံဘက်မှ တရားခံပြသက်သေအဖြစ်စစ်ဆေးရာ ထိုသက်သေ အစစ်ခံခဲ့သော ရဲစဏ္ဍနှင့် တိုက်ဆိုင်စစ်ဆေးခွင့် ရှိ—မရှိ။**

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ တွင် ''အစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားသော မည်သည့်သက်သေခံကိုမဆို အဆိုပါ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင် တရားလိုဘက်မှ ဖြစ်စေ၊ တရားခံဘက်မှ ဖြစ်စေ၊ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျ ထင်ရှားဖြစ်ခဲ့လျှင် တရားခံဘက်ကဖြစ်စေ၊ တရားလိုဘက်ကဖြစ်စေ၊ သက်သေခံ ဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို ဆန့်ကျင်ရန် အတွက် သို့မဟုတ် သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို မယုံထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြုနိုင်သည်၊ ၎င်းပြင် အဆိုပါအစစ်ခံချက်၏ အစိတ်အပိုင်းကို ထိုကဲ့သို့ အသုံးပြုသောအခါ ထိုအစိတ်အပိုင်းကို ပြန်လှန်စစ်မေးရာ၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာ တစ်ခုတစ်ရာကို ရှင်းလင်းရန်အတွက် ထိုသက်သေအား ပြန်လည်စစ်ဆေးရာ၌ အသုံးပြုနိုင်သည်'' ဟု အတိအကျ ပြဋ္ဌာန်းချက်ရှိသည်။ ဤအမှုတွင် တရားလိုဘက်မှ သက်သေအဖြစ် စာရင်းတင်ခဲ့ပြီးနောက် ပယ်ခဲ့သော တရားလိုပြသက်သေကို တရားခံအနေဖြင့် သက်သေပြရာတွင် တရားလိုဘက်အနေဖြင့် ပြန်လှန်စစ်မေးရာ၌ ရဲစဏ္ဍနှင့် တိုက်ဆိုင်စစ်ဆေးခွင့်ရှိကြောင်း ထင်ရှားလျက်ရှိပေသည်။

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၇(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀၀ တွင် ချမှတ်သော (၃၁-၁၂-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၁
ဦးသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

လျှောက်ထားသူအတွက် — ဦးစောဝင်းလှိုင်၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ၁။ ဦးခင်မောင်ညွှန့်၊
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

၂။ ဦးသောင်းထွန်း၊
တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘဟန်၊ ဒုတိယညွှန်ကြားရေးမှူး
တရားရုံးချုပ်

ပန်းဘဲတန်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၃၄၃/၈၉ တွင် ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးမိုဟာမက်မာမွတ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က) အရ စွဲချက်တင်ခဲ့ရာ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုပြီး သက်သေပြ၍ အစစ်ခံခဲ့သည်။

ယင်းသို့ သက်သေပြရာတွင် ဦးတိုးကြည်ကို သက်သေအဖြစ် တင်ပြထားရာ ၎င်းဦးတိုးကြည်သည် တရားလိုပြသက်သေတစ်ဦး ဖြစ်သော်လည်း တရားလိုဘက်မှ စစ်ဆေးခြင်းမပြုဘဲ ပယ်ခဲ့သောသက်သေ ဖြစ်သည်ကို တွေ့ရသည်။ ဦးတိုးကြည်အား တရားခံပြသက်သေအဖြစ် စစ်ဆေးရာတွင် ပြန်လှန်စစ်မေးချက်၌ ၎င်းအစစ်ခံခဲ့သော ရဲစခန်းနှင့် တိုက်ဆိုင်စစ်ဆေးရန် မြို့နယ်တရားသူကြီးက ခွင့်ပြုခဲ့သည်။ ထိုသို့ တရားခံပြသက်သေအား တရားလိုဘက်မှ ရဲစခန်းဖြင့် တိုက်ဆိုင်စစ်ဆေးခွင့်ပြုသည့် အမိန့်အပေါ် မိုဟာမက်မာမွတ်က မကျေနပ်သဖြင့် ယင်းအမိန့်ကို ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့ရာ တိုင်းတရားရုံးက ၃၁-၁၂-၉၀ နေ့တွင် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သည်။ ထိုသို့ပယ်ဖျက်ခဲ့သည့်အမိန့်ကို ဦးသန်းအောင်က မကျေနပ်၍ ယခု ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူက အဓိကပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာ၌ တိုင်းတရားရုံးက သက်သေသည် ရဲထံတွင် မိမိသိရှိ မြင်တွေ့သမျှကို ထွက်ဆိုအစစ်ခံခဲ့သည်ဟု မှတ်ယူနိုင်ခြင်းမရှိကြောင်း၊ သက်သေက ရဲထံတွင် စစ်ဆေးမေးမြန်းစစ်မေးကာ ဖတ်မပြ၍ ရဲထံတွင် အစစ်ခံချက်မရှိဟု ကောက်ယူကြောင်း သုံးသပ်ထားချက်မှာ မှားယွင်းကြောင်း၊ ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်ခွင့် ပြုခြင်းသည် ဥပဒေနှင့်မညီဟု ဖော်ပြထားခြင်းမှာလည်း ဥပဒေအရမှားယွင်းကြောင်း ဖြင့် တင်ပြထားသည်။

၁၉၉၁
ဦးသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ တွင် "အစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားသော မည်သည့်သက်သေခံကိုမဆို အဆိုပါ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင် တရားလိုဘက်မှ ဖြစ်စေ၊ တရားခံဘက်မှ ဖြစ်စေ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျ ထင်ရှားဖြစ်ခဲ့လျှင် တရားခံဘက်ကဖြစ်စေ၊ တရားလိုဘက်က ဖြစ်စေ သက်သေခံဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်းထားသောနည်းလမ်း အတိုင်း အဆိုပါသက်သေကို ဆန့်ကျင်ရန်အတွက် သို့မဟုတ် သက်သေခံဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါ သက်သေကို မယုံသိုက်ကြောင်းပြဆိုရန်အတွက် အသုံးပြုနိုင်သည်။ ၎င်းပြင် အဆိုပါအစစ်ခံချက်၏ အစိတ်အပိုင်းကို ထိုကဲ့သို့ အသုံးပြုသောအခါ ထိုအစိတ်အပိုင်းကို ပြန်လှန်စစ်မေးရာ၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာ တစ်စုံတစ်ရာကို ရှင်းလင်းရန်အတွက် ထိုသက်သေအား ပြန်လည် စစ်ဆေးရာ၌ အသုံးပြုနိုင်သည်" ဟု အတိအကျပြဋ္ဌာန်းချက်ရှိသည်။

ၤ်အမှုတွင် တရားလိုဘက်မှ သက်သေအဖြစ် စာရင်းတင်ခဲ့ပြီးနောက် ပယ်ခဲ့သော တရားလိုပြသက်သေကို တရားခံအနေဖြင့် သက်သေပြရာတွင် တရားလိုဘက်အနေဖြင့် ပြန်လှန်စစ်မေးရာ၌ ရဲစခန်းနှင့် တိုက်ဆိုင်စစ်ဆေးခွင့်ရှိကြောင်း ထင်ရှားလျက်ရှိပေသည်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု)၏ အမိန့်ကို ပယ်ဖျက်ပြီး မူလပန်းဘဲတန်းမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည် အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်ခိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း နှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်**

ဦးအေး (ခ) ဦးမင်းဇော်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၄) *

† ၁၉၅၁
ဧပြီလ
၈ ရက်

**တရားစီရင်ရေးဥပဒေပုဒ်မ ၆- ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ အမှုကိုချေဖျက်လိုက်သည့်အမိန့်ကို ပယ်ဖျက်ရန် ကိစ္စ-ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အပ်နှင်းထားသော မူလဘူတအာဏာကို သတိကြီးစွာထား၍ ကျင့်သုံး ဆောင်ရွက်ရခြင်း- အမှုချေဖျက်ပေးရန်နှင့် စပ်လျဉ်း၍ ဆင်ခြင်သင့်သည့် အချက်များ- ပစ္စည်းပိုင်ရေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားမကြောင်းအရ စွဲဆိုနေခြင်းကြောင့် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြစ်မှုဆိုင်ရာ မှုခင်းတစ်စုံတစ်ရာကို ပြစ်မှုဆိုင်ရာ တရားရုံးများက အဆုံးအဖြတ်မပြုရန် တားမြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** မူလတရားရုံး၌ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ မှုခင်းတစ်ခုကို ချေဖျက်ပေးရန် လျှောက်ထားလာလျှင် တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအပ်နှင်းထားသော မူလဘူတ အာဏာကို သတိကြီးစွာထား၍ ကျင့်သုံး ဆောင်ရွက်ရပေသည်။ မူလရုံး၌ အဆိုပါအမှုကို ဆက်လက်စစ်ဆေးပါက တရားဥပဒေ လမ်းကြောင်းကို ဆန့်ကျင်ရန် အကြောင်းများ ပေါ်ပေါက်လျှင် ဖြစ်စေ၊

---

* ၁၉၅၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၁၀၊

† ၁၉၅၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၁၀၃ နှင့် ၁၃၁ တို့တွင် ချမှတ်သော (၁-၃-၅၀) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု။

၁၉၉၁

**ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၄)**

တရားလိုဘက်မှ စွပ်စွဲပြောဆိုချက်များသည် မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်ခြင်း မရှိကြောင်း သိသာထင်ရှားနေလျှင် ဖြစ်စေ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ပစ္စည်းပိုင်ရေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားမ ကြောင်းအရ စွဲဆိုနေခြင်းကြောင့် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာ သော ပြစ်မှုကြောင်းအရ မှုခင်းကို ပြစ်မှုဆိုင်ရာ တရားရုံးများက အဆုံး အဖြတ်မပြုရန် တားမြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် မရှိပေ။

အယူခံတရားလိုအတွက် — ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

**အယူခံတရားခံများအတွက်** — ၁။ ဦးခင်အောင်၊ ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ၃။ ၄။ ဦးကျော်မြင့် တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး တရားရုံးချုပ်

လှိုင်သာယာမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၁၁၀/၈၁ တွင် ဦးအေး (ခ) ဦးမင်းဇော်က တရားလိုပြုလုပ်၍ ဦးကျော်မင်း၊ ဦးငထွေးအောင်နှင့် ဒေါ်ကြွင်မြိုင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈၊ ၄၂၇ နှင့် ၄၂၁ တို့ အရလည်းကောင်း၊ အဆိုပါရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆၀/၈၃ တွင် ဦးအေး (ခ) ဦးမင်းဇော်၏ တိုင်တန်း ချက်အရ ဦးထင်အောင်နှင့် ဦးကျော်မင်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၇၊ ၄၄၈ တို့အရလည်းကောင်း စွဲဆိုထားသည်။ ယင်း အမှု များမှ တရားခံ ဦးကျော်မင်း၊ ဦးထင်အောင်နှင့် ဒေါ်ကြွင်မြိုင်တို့ (၃) ဦး က ၎င်းတို့အပေါ် စွဲဆိုထားသော အမှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂-က အရ ချေဖျက်ပေးရန် တရားရုံးချုပ်သို့ လျှောက် ထားခဲ့ရာ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၁၀၉/၈၉ နှင့် ၁၁၁/၈၉ တို့အရ အရေးယူဆောင်ရွက်ပြီး အထွေထွေလျှောက်လွှာ များကိုခွင့်ပြုကာ အသက်ဇော်ပြပါ လှိုင်သာယာမြို့နယ်တရားရုံး၏ အမှု နှစ်မှုကို ချေဖျက်ကြောင်း ၁-၃-၉၀ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးအေး (ခ) ဦးမင်းဇော်က မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ (၆) အရ စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေး စီရင်ပေးရန်အထူး အယူခံဝင်ရောက်ခဲ့သည်။

အမှုမှာ ရန်ကုန်မြို့ (၈) လမ်း၊ အမှတ် ၃၃/၃၅ ရှိ ၃ လွှာတိုက်၏ အောင်ဘက် အောက်ခန်းတွင် နေထိုင်သူ ဦးအေး (ခ) ဦးမင်းဇော်က

၁၉၅၁
ဦးအေး
(ခ)
ဦးမင်းဇော်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

အဆိုပါတိုက်၏ မြောက်ဘက်အခန်းနှင့် အပေါ်ထပ်များတွင် နေထိုင်သူ ၎င်း၏အစ်ကို ဦးကျော်ဝင်း၊ ဦးထင်အောင်နှင့် နှမ ဒေါ်ကြင်မြိုင်တို့သည် မိမိနေထိုင်ရာ တောင်ဘက်အခန်းအတွင်းသို့ မိမိ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ပြီး ၎င်းတို့ပိုင်ပစ္စည်းများကို မိမိ၏ ပစ္စည်းများအပေါ် တင်ထားခြင်း၊ ရှုပ်ထားခြင်းများ ပြုလုပ်ခြင်းကြောင့် တန်ဖိုး ၃၀၀၀/– ကျော်ခန့်ရှိ မိမိ၏ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်းဖြင့် ဖော်ပြပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇၊ ၄၄၀ နှင့် ၄၅၁ တို့အရ အရေးယူပေးပါရန်ဟု မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာမှ လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၁၁၀/၈၁ တွင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဒုတိယအမှုဖြစ်သော လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆၀/၈၃ မှာ ဦးအေး (ခ) ဦးမင်းဇော်ကပင် ၎င်းနေထိုင်ရာ တောင်ဘက်ခန်းနှင့် မြောက်ဘက်ခန်း ကူးသည့် လူဝင်လူထွက်အပေါက်ကြီးအား မြန်ကတိုးသား ကထပ်သားများဖြင့် ကာရံထားသည်ကို ဦးကျော်ဝင်းနှင့် ဦးထင်အောင်တို့က ၁၈-၉-၈၂ ရက်နေ့တွင် ရိုက်ချိုးဖျက်ဆီး၍ ၎င်း၏ အခန်းအတွင်းသို့ ကျူးကျော် ဝင်ရောက်ပြီး ရန်လိုသည့်သဘော ပြုလုပ်ခဲ့ကြောင်းဖြင့် ရဲစခန်းသို့တိုင်ကြားရာ ရဲစခန်းမှ ၎င်းဦးကျော်ဝင်း၊ ဦးထင်အောင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၀၊ ၄၂၇ တို့အရ စွဲတင်ခဲ့သော အမှုဖြစ်သည်။

မူလရုံး အမှုနှစ်မှုကို ချေဖျက်ကြောင်း အမိန့်ချမှတ်ထားသော တရားရုံးချုပ်၏ စီရင်ချက်၌ အကျင့်ဖြစ်တိုက်မှာ တရားလို၊ တရားခံ ညီအစ်ကိုမောင်နှမများ၏ ဘုံမွေဆိုင်ပစ္စည်းဟု ပေါ်ပေါက်ကြောင်း၊ တရားမမှုအမြွန်းလျှက် စွဲဆိုထားသည်ကိုလည်း တွေ့ရကြောင်း၊ တရားလို၊ တရားခံတို့သည် အကျင့်ဖြစ်တိုက်ခန်း၌ မူလကတည်းကပင် အတူတကွ နေထိုင်လာခဲ့ကြသည်ဟု ပေါ်ပေါက်ကြောင်း၊ မူလကတည်းက သွားလာ ဝင်ထွက်နေကျ နေရာကို တရားခံများမှ ကာရံထားသဖြင့် ဖယ်ရှားခဲ့ရာမှ အမှုစွဲဆိုသည့် အပေါ်အနေနှင့် ကျူးကျော်မှုမြောက်ကြောင်း၊ ပိုင်ရေးပိုင်ခွင့်ကိစ္စ တစ်ဘက်နှင့်တစ်ဘက် အငြင်းပွားလျက်ရှိသောဖြစ်ကြောင်း၊ အတူနေသည့် ဥပစာအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သောကြောင့် လျှောက်ထားသူများ တင်ပြထားသကဲ့သို့ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူနိုင်ရန်မှာ များစွာ ခဲယဉ်းမည် ဖြစ်ကြောင်း၊ စွဲဆိုထားသည့် ဥပဒေပုဒ်မများဖြင့် လျှောက်ထားသူများကို အပြစ်ပေးသည့်တိုင် နှစ်ဖက်အငြင်းပွားမှုမှာ ပြေလည် သွားနိုင်ရန် အကြောင်းရှိမည်မဟုတ်ကြောင်း၊ ပစ္စည်း၏ ပိုင်ရေးဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အဓိကဆုံးဖြတ်ရမည့် ပြဿနာသာ ဖြစ်သောကြောင့် ပြစ်မှုကြောင်းအရ အဆုံးအဖြတ်ပြုခြင်းသည် ဆုံးခန်းတိုင်ရောက်

၁၉၉၁
ဦးအေး
(ခ)
ဦးဇော်ခင်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

နိုင်မည် မဟုတ်ကြောင်း၊ တရားခံကြောင်းအရဖြစ်လျှင် တရားမ ဆိုင်ရာ တရားရုံးကသာ ဆုံးဖြတ်လျှင် ဥပဒေနှင့်လည်း ညီညွတ်မည်ဖြစ်ကြောင်း ဖြင့် သုံးသပ်ကာ မူလ လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၁၁၀/၈၁ နှင့် ၂၆၀/၈၃ တို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁–က အရ ချေဖျက်လိုက်ကြောင်းဖြင့် အမိန့်ချမှတ်ထားသည်။

မူလရုံး တရားလို ဦးအေး (ခ) ဦးမင်းခေါင်က အဓိက အကြောင်း ခြင်းချက်များအဖြစ် တင်ပြရာ၌ ပထမအမှုမှာ ၁၀–၁၀–၇၈ ရက်နေ့ တွင် ဖြစ်ပွားပြီး ဒုတိယ အမှုမှာ ၁၀–၉–၈၂ ရက်နေ့တွင် ဖြစ်ပွား ခြင်း ဖြစ်ပါလျက် ယင်းအမှုများကို တရားရုံးချုပ်မှ တစ်ပေါင်း တည်း စဉ်းစားဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း မိမိလက်ရှိ ဖြစ်သော အဆောက်အအုံ ခံခါးကို တရားခံများမှ ဖယ်ရှားပြီး ကျူးကျော်ဝင်ရောက်သည်ဟု ပေါ်ပေါက်လျက် ရှိကြောင်း၊ အချင်းဖြစ် တိုက်မှာ မိမိတစ်ဦးတည်း ပိုင်သည်ဖြစ်စေ၊ တရားခံများနှင့် အမွေဆိုင် ပစ္စည်း ဖြစ်သည်ဖြစ်စေ မိမိ၏ လက်ရှိဖြစ်သောအခန်းကို တရားခံများက ပိုင်နက်ကျူးလွန် ဖျက်ဆီးသည်ဟု ပေါ်ပေါက်လျက်ရှိကြောင်း၊ အမှုမှာ ပြစ်မှုကြောင်းနှင့် တရားမကြောင်းများအရ ပြဋ္ဌာန်းမှုများရှိလျှင် အမှုနှစ်မျိုး စလုံးကို ကြားနာဆုံးဖြတ်ရန် တာဝန်ရှိကြောင်း၊ အမှုအား ဆုံးခန်းတိုင် အောင် ကြားနာသင့်ပါလျက် တရားရုံးချုပ်က ချေဖျက်ခဲ့ခြင်းမှာ ဥပဒေ အရ မှန်ကန်မှုမရှိကြောင်းဖြင့် တင်ပြထားသည်။

တရားရုံးချုပ်က အောက်ဖော်ပြပါ ပြဿနာကိုစဉ်းစားနိုင်ရန်အတွက် အယူခံဝင်ခွင့်ပြုခဲ့သည်–

> ''ပြစ်မှုဖြင့် စွဲနိုင်သော်လည်း ဆုံးခန်းတိုင် ရောက်နိုင်မည် မဟုတ်သောကြောင့် တရားမမှုဖြင့်သာ စွဲသင့်သည်ဟု ဆုံးဖြတ် သည်မှာ မှန်ကန်ခြင်း ရှိ–မရှိ''

အယူခံတရားလို ဦးအေး၏ အကျိုးဆောင်က အချင်းဖြစ်အခန်းတွင် ဦးအေးနေထိုင်ပြီး လက်ရှိဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ အချင်းဖြစ် ပစ္စည်းမှာ မိမိတစ်ဦးတည်းပိုင်ပစ္စည်းဖြစ်သည်ဟုဦးအေးကအဆုံးပြုထားပြီး ဦးကျော်ခင်းတို့က အမွေဆိုင်ပစ္စည်းဖြစ်သည်ဟု ငြင်းဆိုထားသော တရားမ ကြီးမှုမှာ ပြီးဆုံးခြင်းမရှိသေးကြောင်း၊ ပစ္စည်း လက်ဝယ်ရှိမှုနှင့် ပစ္စည်း ပိုင်ဆိုင်မှုမှာ ခြားနားကြောင်း၊ လက်ဝယ်ရှိအခန်းနှင့် အခန်းတွင်းရှိ ပစ္စည်းများအတွက် ပြစ်မှုကြောင်းအရ စွဲခြင်းဖြစ်ကြောင်း၊ တရားရုံးချုပ် က ''ပစ္စည်းပိုင်ရေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ အဓိက ဆုံးဖြတ်ရမည့်ပြဿနာ ဖြစ်သောကြောင့် ပြစ်မှုကြောင်းအရ အဆုံးအဖြတ်ပြုခြင်းသည် ဆုံးခန်း တိုင် ရောက်နိုင်မည် မဟုတ်ချေ။ ''ဟူသော အကြောင်းပြချက်နှင့် အမှု

၁၉၉၁
ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၃)

များကို ချေဖျက်ခဲ့ခြင်းမှာ လွဲမှားကြောင်း၊ အချင်းဖြစ်ပွားသော နေရာမှာ ဦးအေး၏ လက်ရှိဖြစ်ကြောင်းကို တရားရုံးချုပ်မှ သဘောတူလက်ခံပါလျက် အမွေပုံပစ္စည်း ဖြစ်သည်ဟူ၍ ဆုံးဖြတ်ခြင်းမှာ လက်ရှိဖြစ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ကို ရောထွေးစဉ်းစားခြင်းပင် ဖြစ်ကြောင်း၊ တရားလို၏ စွပ်စွဲချက်မှန်ကန်လျှင် ပြစ်မှုမြောက်ကြောင်း ပေါ်ပေါက်ပါလျက် တရားလိုပြ သက်သေများ ပြီးဆုံးအောင် ကြားနာခြင်းမပြုဘဲ အမှုကိုချေဖျက်ခြင်းမှာ လွဲမှားကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

မူလရုံး တရားခံများ ဖြစ်ကြသော အယူခံ တရားခံ ဦးကျော်မင်း ဦးထင်အောင်နှင့် ဒေါ်ကြင်မြိုင်တို့၏ အကျိုးဆောင်က မူလရုံး ပထမအမှုမှာ (၁၁) နှစ် ကြာ ရှိပြီး၊ ဒုတိယအမှုမှာ (၈) နှစ် ကြာပြီ ဖြစ်ကြောင်း၊ ဦးအေးသည် ရုံး ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသို့သွားသဖြင့် အမှုမှာ ကြန့်ကြာခဲ့ရကြောင်း၊ ဦးအေး၏ ရှေ့နေကြီး ဖြစ်ခဲ့သော ဦးဘိုးသာက ဦးကျော်မင်းတို့ထံ နို့တစ်စာပေးစဉ်က အဆိုပါ ပစ္စည်းများမှာ ဖွဲ့စပ်ပိုင်ဆိုင်သော ပစ္စည်းဟူ၍ ဖော်ပြခဲ့ကြောင်း၊ အမှုကို ဆက်စစ်လျှင်လည်း အချိန်ကြာမြင့်မည်ဖြစ်ကြောင်း၊ ဦးအေးသည် တရားရုံးချုပ်ရှေ့နေတစ်ဦးဖြစ်ပြီး တရားမရင်ရေး ယန္တရားကို ခုတုံးလုပ်ပြီး ညီအစ်ကိုမောင်နှမများဖြစ်သော အယူခံတရားခံများအပေါ် မမှန်မကန် တရားစွဲခြင်းဖြစ်ကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါသော ဥပဒေအရာရှိက အချင်းဖြစ်အခန်းတွင် ဦးအေးကိုယ်တိုင် ယီးသန့်နေထိုင်ပြီး အချင်းဖြစ်နေ့က အယူခံတရားခံများသည် အခန်းတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ဦးအေးပိုင် ပစ္စည်းများအပေါ် ၎င်းတို့ပိုင်ပစ္စည်းများ ရှုပ်ထွေးခြင်းကြောင့် ဦးအေးပိုင်ပစ္စည်းများ ဖျက်စီးဆုံးရှုံးခဲ့ရကြောင်းဓာတ်ပုံများနှင့်တကွ တင်ပြထားသည်ကို တွေ့ရကြောင်း၊ ဒုတိယအမှုတွင်လည်း ရုံးခန်းမှ သက်သေများကို စစ်ဆေးပြီးမှ တရားရုံးသို့ စွဲတင်ပို့ခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ မှုခင်းတစ်ရပ်တွင် ပြစ်မှုမြောက်ကြောင်း အရ အမရေးယူရုံမျှဖြင့် ပြစ်မှုမြောက်ကြောင်းအရ အရေးယူခြင်းမပြုရဟု ပိတ်ပင်ထားသော ဥပဒေမရှိသဖြင့် အမှုများကို ချေဖျက်ပေးရန် သင့်တော်မည် မဟုတ်ကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

အယူခံတရားလိုသည် နိုင်ငံခြားသို့ သွားခဲ့ခြင်းမှာ မူလတရားရုံး၏ ခွင့်ပြုချက်အရ ဆေးကုသရေးနှင့် စပ်လျဉ်းပြီး သွားရောက်ခဲ့ခြင်းသာ ဖြစ်သည်ဟု ၎င်း၏အကျိုးဆောင်က လျှောက်လဲထားသည်။

အမှုများမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ နှင့် ပုဒ်မ ၄၃၁ တို့ဖြင့်လည်း စွဲဆိုထားခြင်းဖြစ်ရာ အဓိကထားစဉ်းစားရမည့်အချက်အလက်မှာ

၁၉၉၁
ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၄)

တရားလိုဖြစ်သူတွင် အချင်းဖြစ်ပစ္စည်းကို လက်ဝယ်ရှိခြင်း ဟုတ်-မဟုတ် ဆိုသောအချက်ပင် ဖြစ်ပေသည်။ ဤအချက်နှင့်စပ်လျဉ်း၍ အချင်းဖြစ် အခန်းမှာ တရားလို၏ လက်ရှိဖြစ်ကြောင်း တိုင်တန်းချက်များတွင်ဖော်ပြ ထားသည့်အပြင် အယူခံတရားခံဘက်ကလည်း ထိုအခန်းမှာ အချင်းဖြစ် ပွားစဉ်က အယူခံတရားလို၏ လက်ရှိနေထိုင်သော အခန်းမဟုတ်ဟု ငြင်းဆိုထားခြင်းလည်း မပြုပေ၊ တရားရုံးချုပ်၏ စီရင်ချက်၌လည်း ထိုအခန်းမှာ အယူခံတရားလို၏ လက်ရှိအခန်းမဟုတ်ဟု သုံးသပ်ထား ခြင်း မရှိချေ။

မူလ တရားရုံး၌ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ မှုခင်းတစ်ခုကို ချေဖျက်ပေးရန် လျှောက်ထားလာလျှင် တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပေးအပ်နှင်းထားသော မူလအာဏာကို သတိကြီးစွာထား၍ ကျင့်သုံးဆောင်ရွက်ရပေလိမ့်မည်။ မူလရုံး၏ အဆိုပါ အမှုကို ဆက်လက်စစ်ဆေးပါက တရားဥပဒေလမ်းကြောင်းကို ဆန့်ကျင် ရန် အကြောင်းများ ပေါ်ပေါက်လျှင်ဖြစ်စေ၊ တရားလိုဘက်မှ စွပ်စွဲ ပြောဆိုချက်များသည် မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့်အကျုံး ဝင်ခြင်း မရှိကြောင်း သိသာထင်ရှားနေလျှင် ဖြစ်စေ၊ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် ဖြစ်သည်။

ယခုအမှုများတွင် အယူခံတရားလို၏ တိုင်တန်းစွပ်စွဲချက်များမှာ ဟုတ် မှန်ကြောင်းပေါ်ပေါက်လာလျှင် အယူခံတရားခံများအပေါ် ပြစ်မှုကြောင်း ဖြင့် ဆက်လက်ဆောင်ရွက်ရန် ရှိနေကြောင်း တွေ့ရသည်။ တစ်နည်း ဆိုသော် အယူခံတရားလို၏ စွပ်စွဲတိုင်တန်းချက်များမှာ ပြစ်မှုအင်္ဂါရပ်နှင့် လုံးဝမညီညွတ်သော စွပ်စွဲချက်ဖြစ်ကြောင်း မတွေ့ရပေ။ ထို့ပြင် မူလရုံး၏ အဆိုပါအမှုကို ဆက်လက်စစ်ဆေးပါက တရားဥပဒေလမ်းကြောင်းကို ဆန့်ကျင်ရန်အကြောင်းများ ရှိနေသည်ဟူ၍လည်း မပေါ်ပေါက်ချေ။

ပစ္စည်း ပိုင်ရေးပိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားမကြောင်းအရ စွဲဆိုနေ ခြင်းကြောင့် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြစ်မှုကြောင်း အရ မှုခင်းကို ပြစ်မှုဆိုင်ရာ တရားရုံးများက အဆုံးအဖြတ်မပြုရန် တား မြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် မရှိပေ။

ဤအခြေအနေများအရ မူလရုံးတွင် အမှုများကို ဆက်လက် ဆောင် ရွက်ရမည်ဖြစ်ရာ အမှုများမှာ အလွန်ကြာညောင်းနေပြီဖြစ်သဖြင့် ဥပဒေ နှင့်အညီ အမြန်ဆုံးပြီးစီးအောင် စစ်ဆေးစီရင်ရန် လိုအပ်ပေသည်။

သို့ဖြစ်၍ ဤအထူးအယူခံကို ခွင့်ပြု၍ တရားရုံးချုပ်၏ ၁၉၉၀ ပြည့်နှစ် မတ်လ ၁ ရက် နေ့စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**တရားရုံးချုပ်၊ တရားသူကြီးဦးမျိုးထွန်းလင်း ရှေ့တွင်**

ဒေါ်အေးကြွယ်

နှင့်

ပြည်†ထောင်စုမြန်မာနိုင်ငံတော်ပါ ( ၂ )*

၁၉၉၀
မေလ
၂၁ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်း– နေ့အိမ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ငယ်ယူခဲ့သော်လည်း လက်ရောက်မရသေးမီ ရောင်းသူက နေ့အိမ်ကို ဘဌားချထားခဲ့ခြင်း၊ အရောင်းအဝယ် ပဋိညာဉ်ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်မှု မရှိခြင်းသာ ပေါ်ပေါက်သည်။**

ဆုံးဖြတ်ချက်။ မူလရုံး တရားလို ဒေါက်တာ ခိုင်ရော်နီအောင်က အချင်းဖြစ်နေအိမ်အား ဒေါ်အေးကြွယ်သို့ ရောင်းအပ်နှံထားခြင်း ဖြစ်ကြောင်း၊ ယင်းသို့ယုံကြည်အပ်နှံထားသည်ကို ဒေါ်အေးကြွယ်က ဖောက်ဖျက်ကြောင်း စွပ်စွဲထားသည်။ အမှန်မှာ အဆိုပါနေအိမ်ကို အရောင်းအဝယ် ပြုလုပ်ပြီးသည့်နောက် ဒေါက်တာ ခိုင်ရော်နီအောင်အနေနှင့် လက်ရောက် မရရှိသေးကြောင်း ပေါ်ပေါက်သည်။ မည်သည့် အချိန်၌ လက်ရောက် ပေးအပ်ရမည်ဟု အရောင်းအဝယ်စာချုပ်တွင် သတ်မှတ်ခဲ့သည်ဟုလည်း ပေါ်ပေါက်သည်။ ယင်းသို့သတ်မှတ်ထားသည့်တိုင် ဒေါ်အေးကြွယ်က အချင်းဖြစ်နေအိမ်အား မူလရုံး တရားလို ဒေါက်တာ ခိုင်ရော်နီအောင်၏လက်သို့ အပ်နှံခဲ့ခြင်း မရှိသေးကြောင်း အထင်အရှား ပေါ်ပေါက်သည်။ တစ်နည်းအားဖြင့် အရောင်းအဝယ်ကတိ ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဒေါ်အေးကြွယ်အနေနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိဟုသာ ပေါ်ပေါက်လျက်ရှိသည်။

လျှောက်ထားသူအတွက် — ဦးတင်ရွှေ (ဗဟို) တရားရုံးချုပ်
ရှေ့နေ

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၅(ခ)

† ၁၉၈၉ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀ တွင် ချမှတ်သော (၂၄-၁၀-၉၀) ရက်စွဲပါ ရှမ်းပြည်နယ် (လားရှိုးမြို့နယ်ရှိ) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၁
ဒေါ်အေးကွယ်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါ(၂)

လျှောက်ထားခံရသူများအတွက်— ၁။ ဦးကျော်စိန်၊ ဥပဒေအရာရှိ
အဆင့်(၁)၊ ရှေ့နေချုပ်ရုံး

၂။ ဦးစိုင်းမြင့်မောင်ကိုယ်စား
ဦးခင်မောင်ချစ်က ရေးသား
လျှောက်လဲချက် တင်သွင်း
သည်။

တရားရေးအကြံပေး — ဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေး
မှူး၊ တရားရုံးချုပ်

မှုဆယ်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၆၂/၁၉ တွင် ဒေါက်တာ မိုင်းရဂျာ်နီအောင်က တရားလိုပြုလုပ်၍ ဒေါ်အေးကွယ်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် တရားခံဒေါ်အေးကွယ်အပေါ် ဖော်ပြပါ ပုဒ်မ ၄၀၆ အရ စွဲချက်တင်ခဲ့သည်၊ အဆိုပါအမိန့်ကို ပယ်ဖျက်ပေးရန် ဒေါ်အေးကွယ်က ရှမ်းပြည်နယ်တရားရုံး (လားရှိုးမြို့နယ်စု) သို့ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း မအောင်မြင်သောကြောင့် ဤပြင်ဆင်မှုကို တင်သွင်းခြင်း

အမှုမှာ မှုဆယ်မြို့ ကောင်းနေ့ဝင်ရပ်ကွက်၊ မိုလ်တဲလမ်း၊ အိမ်အမှတ် က/၇၆ မြေကွက်အမှတ် (၃၉) ရေးရပ်၊ ဦးပိုင်အမှတ် (၁၅)မြေချိန်ရေိယာ ၀.၀၇၆ ဧကရှိ ဥပစာနှင့် ဥပစာပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါက်တာ စိုင်းရဂျာ်နီအောင်က ဒေါ်အေးကွယ်ထံမှ ဝယ်ယူခဲ့ပြီး အရောင်းအဝယ်စာချုပ်ကို တရားဝင်မှတ်ပုံတင်ခဲ့ကြောင်း၊ ဥပစာကို ရက်ပေါင်း (၃၀)အတွင်း ဝယ်သူသို့ လက်ရောက်ပေးအပ်ရန် စည်းကမ်းချက်လည်း သတ်မှတ်ခဲ့ကြောင်း၊ ၂၉-၇-၈၈ ရက်နေ့တွင် ဒေါ်အေးကွယ်က ၎င်းပြောင်းရွှေ့မည့် နေအိမ်အား ပြုပြင်ရန်ရှိနေသောကြောင့် အချင်းဖြစ်ဥပစာတွင် ဆက်လက်နေထိုင်ခွင့် တောင်းသဖြင့် ခွင့်ပြုခဲ့ကြောင်း၊ ၄-၁၂-၈၈ ရက်နေ့တွင် ဒေါ်အေးကွယ်သည် ဒေါက်တာ ရဂျာ်နီအောင်အား အသိမပေးဘဲ ဒေါ်မိမိနွဲ့ဆိုသူအား အချင်းဖြစ်ဥပစာ၌ အငှားချထားခဲ့ကြောင်း၊ သို့ဖြစ်၍ မရိုးမဖြောင့်သောသဘောဖြင့် မိမိမှ ယုံကြည်အပ်နှံထားသော အချင်းဖြစ်နေအိမ်အား ကိုယ်ကျိုးအလွဲသုံးစားပြုသူ ဒေါ်အေးကွယ်အား ဥပဒေအရ အရေးယူပေးပါရန်ဟု ဒေါက်တာ စိုင်းရဂျာ်နီအောင်က မှုဆယ်မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

လျှောက်ထားသူက အမိကပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာ၌ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်အရ အချင်းဖြစ်နေအိမ်အား ဒေါ်အေးကြွယ်သို့ ယုံကြည်အပ်နှံထားသည်ဟု မပေါ်ပေါက်ကြောင်း၊ အရောင်းအဝယ် ပဋိညာဉ်ဖောက်မှုဖြင့် တရားမကြောင်းအရသာ စွဲဆိုရန်ဖြစ်ကြောင်း၊ မူလရုံး တရားခံဖြစ်သူမိမိအပေါ် စွဲချက်တင်နိုင်လောက်အောင် သက်သေတင်ပြနိုင်ခြင်း မရှိသဖြင့် စွဲချက်တင်ရန် အကြောင်းမရှိကြောင်း၊ စွဲချက်တင်ခြင်းမှာ အပြစ်ပေးခြင်းမဟုတ်သော်လည်း မလိုအပ်ဘဲ ထုချေရှင်းလင်းရပါက ပင်ပန်းဆင်းရဲမှု ဖြစ်ပေါ်နိုင်ကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကိုလေ့လာရာ၌ ဒေါက်တာ စိုင်းရော်နီအောင် (လိုပြ-၁)က အချင်းဖြစ်ဥပစာကို မိမိက ဒေါ်အေးကြွယ်ထံမှ ၂၆-၆-၈၈ ရက်နေ့က ဝယ်ယူခဲ့ပြီး စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၄၇/၈၈ အရ မှတ်ပုံတင်ပြီးဖြစ်ကြောင်း၊ စာချုပ်အရ စာချုပ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဥပစာကို လက်ရောက် ပေးအပ်ရမည်ဟု ဖော်ပြထားကြောင်း၊ ၂၉-၇-၈၈ ရက်နေ့တွင် ဒေါ်အေးကြွယ်က ၎င်း ပြောင်းရွှေ့နေထိုင်မည့် နေအိမ်အား ပြုပြင်ရန်လိုနေသဖြင့် အချင်းဖြစ်ဥပစာ၌ ဆက်လက်နေထိုင်ခွင့်ပြုရန် ပြောလာသောကြောင့် မိမိက ဒေါ်အေးကြွယ်အား နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်အေးကြွယ်က မိမိအား အသိမပေးဘဲ ၄-၁၂-၈၈ ရက်နေ့တွင် ဒေါ်မိမိခိုင်ဆိုသူအား အချင်းဖြစ် ဥပစာ၌ အငှားချထားခဲ့ကြောင်း၊ မိမိက ၎င်း၏ပိုင်ခွင့်ခဲ့မှုအောက်တွင် ထားရှိသော အဆောက်အအုံကို ဒေါ်အေးကြွယ်သည် မရိုးမဖြောင့်သော သဘောဖြင့် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးကို ဖောက်ဖျက်ခဲ့ကြောင်းဖြင့် ထွက်ဆိုထားသည်။

တရားလိုပြသက်သေများအနက် စိုင်းဟင်နရီ (လိုပြ-၂) က အထက်ပါ တရားလို၏ ထွက်ဆိုချက် မှန်ကန်ကြောင်း ထောက်ခံထွက်ဆိုထားပြီး ကျန်သက်သေများကမူ ထောက်ခံထားခြင်း မရှိပေ။ အရောင်းအဝယ်ပြုလုပ်သည်ကို မသိဟု ဦးမောင်ဖွယ် (လိုပြ-၃)နှင့် ဦးစိုင်းတင်အေး (လိုပြ၄-) တို့က ထွက်ဆိုထားကြသည်။ သက်သေခံအမှတ် (ခ) အရောင်းအဝယ်စာချုပ်အရ တရားလို ဒေါက်တာ ရော်နီအောင်၏ ထွက်ချက် မှန်ကန်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် အချင်းဖြစ်မြေသည် ဒေါက်တာ ရော်နီအောင်၏အမည်ဖြင့် မြေငှားဂရန် လုပ်ပေးထားပြီး ဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။

ယခုအမှု၌ မူလရုံးတရားလို ဒေါက်တာ စိုင်းရော်နီအောင်က အချင်းဖြစ် နေအိမ်အား ဒေါ်အေးကြွယ်သို့ ခေတ္တအပ်နှံထားခြင်းဖြစ်ကြောင်း၊ ယင်းသို့ ယုံကြည်အပ်နှံထားသည်ကို ဒေါ်အေးကြွယ်က ဖောက်ဖျက်

ကြောင်း စွပ်စွဲထားသည်။ အမှန်မှာ အသိုပါနေအိမ်ကို အရောင်းအဝယ် ပြုလုပ်ပြီးသည့်နောက် ဒေါက်တာ စိုင်းရော်နီအောင်အနေနှင့် လက်ရောက် မရရှိသေးကြောင်း ပေါ်ပေါက်သည်။ မည်သည့်အချိန်၌ လက်ရောက် ပေးအပ်ရမည်ဟု အရောင်းအဝယ်စာချုပ်တွင် သတ်မှတ်ခဲ့သည် ဟုလည်း ပေါ်ပေါက်သည်။ ယင်းသို့သတ်မှတ်ထားသည့်တိုင် ဒေါ်အေး ကြွယ်က အချင်းဖြစ်နေအိမ်အား မူလရုံး တရားလို ဒေါက်တာ စိုင်း ရော်နီအောင်၏ ယက်သို့ အပ်နှံခဲ့ခြင်း မရှိသေးကြောင်း အထင်အရှား ပေါ်ပေါက်သည်။ တစ်နည်းအားဖြင့် အရောင်းအဝယ်ကတိပဋိညာဉ်ပါ စည်းကမ်းချက်များကို ဒေါ်အေးကြွယ်အနေနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိဟုသာ ပေါ်ပေါက်လျက်ရှိသည်။

ဒေါက်တာ စိုင်းရော်နီအောင် စွပ်စွဲသကဲ့သို့ ဒေါ်အေးကြွယ်အား အချင်းဖြစ်နေအိမ်ကို ယုံကြည်အပ်နှံခဲ့ကြောင်း၊ ဒေါ်အေးကြွယ်မှ ယုံကြည် အပ်နှံမှု ဖောက်ဖျက်ကြောင်း ဖြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းသည် ဆီလျော်မှန်ကန်မှု ရှိသည်ဟု မဆိုနိုင်ပေ။ ယင်းအကြောင်းကို လျှောက် ထားသူ၏ အကျိုးဆောင်က အဓိကထား၍ တင်ပြ လျှောက်လဲထား သွားသည်။ အလားတူပင် ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက် သော ဥပဒေအရာရှိ အဆင့် (၁) ကလည်း အချင်းဖြစ်မြေနှင့် အိမ်ကို မူလရုံး တရားလိုမှ မူလရုံး တရားခံအား ယုံကြည်အပ်နှံခဲ့သည်ဟုလည်း ကောင်း၊ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ခဲ့သည်ဟုလည်းကောင်း ပေါ် ပေါက်ခြင်း မရှိကြောင်း၊ အခြင့်အမိန့် အရ ဒေါ်အေးကြွယ် အား အချင်းဖြစ်ဥပစာ၌ ထားခဲ့သည်ဟုဆိုလျှင်လည်း တရားမကြောင်းအရသာ စွဲဆိုသင့်ကြောင်း လျှောက်လဲတင်ပြသွားသည်။

အထက်ဖော်ပြပါ လျှောက်ထားသူ၏ အကျိုးဆောင်နှင့် ဥပဒေအရာရှိ တို့၏ လျှောက်လဲတင်ပြချက်များမှာ ဆီလျော်မှန်ကန်မှုရှိကြောင်း တွေ့ရ သည်။ ဒေါက်တာ စိုင်းရော်နီအောင်အနေနှင့် ဒေါ်အေးကြွယ် အပေါ် ပြစ်မှုကြောင်းအရ အရေးယူ စွဲဆိုခြင်းထက် တရားမကြောင်းအရ စွဲဆို ခြင်းက ပိုမိုဆီလျော် မှန်ကန်မှုရှိမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ သော အခြေအနေ၌ မူလရုံးတရားခံ ဒေါ်အေးကြွယ်အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်၍ ဖြေရှင်းစေခြင်းသည် ဥပဒေအရ မှန်ကန်မည်ဟု မယူဆနိုင်ပေ။ မလိုလားအပ်ဘဲ စွဲချက် တင်ခြင်း ဖြစ်သည်ဟုသာ ပေါ်ပေါက်လျက်ရှိပေသည်။

ထို့ကြောင့် လျှောက်ထားသူ ဒေါ်အေးကြွယ်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်သော မှုဆယ်မြို့နယ်တရားရုံး၏အမိန့် နှင့် ယင်းအမိန့်ကို အတည်ပြုသော ရှမ်းပြည်နယ်တရားရုံး (လားရှိုး မြို့နယ်စု)၏ အမိန့်တို့ကို ပယ်ဖျက်၍ ဒေါ်အေးကြွယ်အား စွဲချက်မတင်မီ မြန်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရွှေ့ တွင်

ဒေါ်စောအေးသန်းပါ-၂

ဒေါ်စောအေးသန်းပါ-၂

ဒေါ်စောအေးသန်းပါ-၂

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ *

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂

† ၁၉၅၁ အောက်တိုဘာလ ၇ ရက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂၂၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁-ရောင်းချပေးရန် အပ်နှံခဲ့သော ပစ္စည်းများကို သတ်မှတ်ပေးသော တန်ဖိုး၏ ထက်ဝက်ဈေးဖြင့် ရောင်းချခြင်း၊ အရောင်းအဝယ်ကိစ္စတွင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု ဆိုနိုင်-မဆိုနိုင် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကျူးလွန်ကာ အလွဲသုံးစားပြုလုပ်ထားသော ပစ္စည်းများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်းဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ မြို့နယ်တရားရုံး၏ အမှု (၃)မှု စလုံးတွင် မူလရုံးတရားလို ဒေါ်မြမြလှိုင်၊ မကေသီလှနှင့် ဒေါ်တင်လှတို့က သတ်မှတ်ပေးသော တန်ဖိုး၏ ထက်ဝက်ဈေးဖြင့် မိမိက ပစ္စည်းများကို ရောင်းချခဲ့ကြခြင်းဖြင့် မပင်စီက ရိုးရိုး ဝန်ခံထားပြီး ဖြစ်သည်။ အဆိုပါ အမှု (၃) မှုတွင် မပင်စီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်များမှာလည်း အတည်ဖြစ်လျက် ရှိသည်။

* ၁၉၅၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၁၇(ခ)၊ ၄၀၈(ခ)၊ ၄၀၉ (ခ)

† ၁၉၅၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၅၊ ၃၇၊ ၃၆ တို့တွင် ချမှတ်သော (၃၀-၄-၅၁) ရက်စွဲပါ မွန်ပြည်နယ် (မော်လမြိုင်မြို့နယ်ရုံး) ၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၁
ဒေါ်အေး
သန်း
ပါ(၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ထို့ကြောင့် မပင်စီ၊ ဦးတင်အေးနှင့် လျှောက်ထားသူများ ဖြစ်ကြသည့် ဒေါ်အေးသန်း၊ ဒေါ်သင်းသင်းအေးတို့ အားလုံးမှာ အချင်းဖြစ်ပစ္စည်းများ အရောင်းအဝယ်ကိစ္စတွင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟုမဆိုနိုင်ကြောင်း ပေါ်လွင်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ တွင် ထိုက်သင့်သော သတိနှင့် အာရုံပြုမှုကင်းသော ပြုလုပ်မှု (သို့မဟုတ်) ယုံကြည်မှုသည် သဘောရိုးဖြင့် ပြုလုပ်သည် (သို့မဟုတ်) ယုံကြည်သည် မမည်ကြောင်း ဆိုထားသည်။ အချင်းဖြစ်ပစ္စည်းများမှာ မူလရုံး တရားခံ မပင်စီက ပြစ်မှုမကင်းသော ယုံကြည်အပ်နှံခရေး ဖောက်ဖျက်မှု ကျူးလွန်ကာ အလွဲသုံးစား ပြုလုပ်ထားသော ပစ္စည်းများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်း ဖြစ်သည်။ အဆိုပါ ခိုးရာပါ ပစ္စည်းများကို တန်ရာတန်ဖိုးထက် များစွာဈေးလျှော့နည်း၍ လွှဲပြောင်းရယူထားခဲ့ကြသော လျှောက်ထားသူ ဒေါ်အေးသန်းနှင့် ဒေါ်သင်းသင်းအေးတို့မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ နှင့်အညီ သဘောရိုးဖြင့်လွှဲပြောင်းရယူခဲ့ရာ မရောက်သောကြောင့် ၎င်းတို့အပေါ် ကံအားလျော်စွာ ဥပဒေအရ အရေးယူမှု မပြုခဲ့မိစေကာမူ ၎င်းတို့အနေဖြင့် အချင်းဖြစ် ပစ္စည်းများကို ပြန်လည်ရပိုင်ခွင့်ရှိမည် မဟုတ်ပေ။

လျှောက်ထားသူများအတွက်— ဦးမျိုးသန့်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများ အတွက် — ၁။ ဦးစောချစ်မြင့်လေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ဦးသန်းခိုင်၊ တရားရုံးချုပ်ရှေ့နေ

---

၁။ ဦးစောချစ်မြင့်လေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ဦးသန်းခိုင်၊ တရားရုံးချုပ်ရှေ့နေ

---

၁။ ဦးစောချစ်မြင့်လေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

၂။ ဦးအောင်ခင်၊ တရားရုံးချုပ်ရှေ့

တရားရေးအကြံပေး — ဦးကျော်လင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

၁၉၉၁
ဒေါ်အေးသန်း ပါ(၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ(၂)

မော်လမြိုင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၆၀/၉၀ ၁၆၆၉/၉၀ နှင့် ၁၉၆၉/၉၀ တို့တွင် မပင်စီ (ခ) မစန်းစန်းနွယ် အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ထောင်ဒဏ်များ ချမှတ်၍ ယင်းအမှုများမှ သက်သေခံ စိန်ရွှေရတနာပစ္စည်းများကို မူလရုံးတရားလို ဒေါ်မြမြလှိုင်၊ ဒေါ်ကေသီလှနှင့် ဒေါ်တင်လှတို့သို့ ပြန်ပေးစေရန် အမိန့် ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အထက်ပါ သက်သေခံပစ္စည်းအမိန့်များ အပေါ် ဒေါ်အေးသန်းနှင့် ဒေါ်သင်းသင်းအေးတို့က မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံး (မော်လမြိုင်မြို့နယ်စု) သို့ ပြင်ဆင်မှု (၃) မှုဖြင့် သီးခြားစီ တင်သွင်းခဲ့သော်လည်း မအောင်မြင်သောကြောင့် ၎င်းတို့က တရားရုံးချုပ်သို့ ဤပြင်ဆင်မှု (၃) မှုကို သီးခြား တစ်မှုစီ ဆက်လက် တင် သွင်းလာခဲ့ကြသည်။

အမှုမှာ တန်ဖိုးသတ်မှတ်၍ ရောင်းချပေးရန် ယုံကြည်အပ်နှံခဲ့သော စိန်ရွှေရတနာ လက်ဝတ်လက်စားပစ္စည်း (၁၃) မျိုး၊ စုစုပေါင်း တန်ဖိုး ကျပ် ၁၉၆၆၀၀/-ခန့်ကို မပင်စီက ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကာ အလွဲသုံးစားမှု ကျူးလွန်ခဲ့သဖြင့် အရေးယူပေးရန် ဒေါ်မြမြလှိုင်က လည်းကောင်း၊ စိန်ရွှေရတနာ လက်ဝတ်လက်စား (၇) မျိုး စုစုပေါင်း တန်ဖိုး ကျပ် ၂၀၇၀၀၀/-ခန့်ကို မပင်စီက ယုံကြည်အပ်နှံရေးဖောက် ဖျက်ကာ အလွဲသုံးစားမှု ကျူးလွန်ခဲ့သဖြင့် အရေးယူပေးရန် မကေသီလှ က လည်းကောင်း၊ စိန်ရွှေရတနာ ပစ္စည်း (၉) မျိုး စုစုပေါင်းတန်ဖိုး ကျပ် ၉၆၅၅၀/-ခန့်ကို မပင်စီက ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကာ အလွဲသုံးစားမှုကျူးလွန်ခဲ့သဖြင့် အရေးယူပေးရန် ဒေါ်တင်လှကလည်း ကောင်း မော်လမြိုင်မြို့မရဲစခန်း၌ သီးခြား တစ်မှုစီ သတင်းပေးတိုင်ကြား ခဲ့သော အမှုများဖြစ်သည်။

ဤပြင်ဆင်မှု (၃) မှုတို့မှာ မူလရုံး၏ သီးခြားအမှု (၃) မှုမှ ပေါ် ပေါက်ခဲ့သော်လည်း ဆုံးဖြတ်ရမည့်အမှုအကြောင်းခြင်းရာအချက်အလက် များ တူညီကြသဖြင့် ဤစီရင်ချက်သည် အဆိုပါ ပြင်ဆင်မှု အားလုံးနှင့် သက်ဆိုင်စေရမည်။

ဒေါ်အေးသန်းနှင့် ဒေါ်သင်းသင်းအေးတို့၏ ရှေ့နေက ပြင်ဆင်မှု (၃) မှုတွင် အကြောင်းပြချက်များ တင်ပြရာ၌ ဒေါ်မြမြလှိုင်သည် မပင်စီ ထံ ရောင်းချပေးရန် အလီလီပေးအပ်ခဲ့သော ပစ္စည်းများဖြစ်၍ ပစ္စည်း ပြန်မရဆိုက်ဘဲ ရောင်းရငွေအတွက်ကိုသာ မပင်စီအပေါ် အရေးယူရန် ဖြစ်ကြောင်း၊ လျှောက်ထားသူတို့က အဆိုပါပစ္စည်းများကို သဘောရိုး ဖြင့် တန်ရာတန်ဖိုးပေး၍ မပင်စီ၏ဖခင် ဦးတင်အေးထံမှ ဝယ်ယူ အပေါင် ခံခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ သက်သေခံပစ္စည်းများကို လျှောက်ထားသူတို့ထံ ပြန်ပေးထိုက်ကြောင်း ဖြင့် တင်ပြသည်။

၁၉၉၁
ဒေါ်အေးသန်း ပါ(၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

လျှောက်ထားခံရသူတို့၏ ရှေ့နေများက တင်ပြရာ၌ မူလရုံး တရားလိုတို့က ရောင်းချပေးရန် အပ်နှံခဲ့သော ပစ္စည်းများကို မပင်စီတို့မှ ပေါင်နှံခဲ့ခြင်းသည်ပင်လျှင် ယုံကြည်အပ်နှံခဲ့သည့်အတိုင်း သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်း မဟုတ်သဖြင့် မိမိတို့တာဝန်က ပစ္စည်းကို ပြန်မရထိုက် ဟူ၍ လျှောက်ထားသူတို့၏ တင်ပြချက်မှာ မှန်ကန်မှုမရှိကြောင်း၊ မပင်စီတို့က သတ်မှတ်တန်ဖိုးထက် ဈေးလျှော့ရောင်းခဲ့ခြင်းမှာ ၎င်းဘာသာ ၎င်း၏ သဘောအလျောက် ဖောက်ဖျက်ဆောင်ရွက်ခဲ့မှုဖြစ်ရာ ယုံကြည်အပ်နှံခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ရာမရောက်ကြောင်း၊ လျှောက်ထားသူတို့က ထိုက်သင့်သော သတိပြု ဆင်ခြင်မှုဖြင့် ဝယ်ယူခဲ့ရာ မရောက်ခဲ့သဖြင့် သဘောရိုးဖြင့် ဝယ်ယူခဲ့ရာမရောက်ကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုများကို ပလပ်သင့်ကြောင်း တင်ပြသည်။

ဥပဒေအရာရှိက တင်ပြရာ၌ မြို့နယ်နှင့်တိုင်းတရားရုံးတို့၏ အမိန့်များမှာ မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် သင့်တော်ရာအမိန့် ချမှတ်ပေးရန် တင်ပြသည်။

မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၆၀/၉၀ တွင် ဒေါ်အေးသန်းက သက်သေခံ (ဆ) ရှာဖွေပုံစံအရ စိန် (၈) ပွင့်ပါ တန်ဖိုး ကျပ် ၁၀၀၀၀/-ရှိ လက်စွပ်ကို ကျပ် ၇၀၀၀/-ဖြင့်သာ ဝယ်ယူခဲ့ကြောင်း တွေ့ရသည်။ ဒေါ်သင်းသင်းအေးက သက်သေခံ ရှာဖွေပုံစံ (ဈ)၊(ဈ)၊(ည)၊(ဋ)၊(ဌ)၊(ဍ)ပါ ပစ္စည်းများ ဖြစ်သည့် ကျပ် ၃၀၀၀၀/-တန် ပုလဲ ( ၁၀ ) လုံးပါ ဆွဲကြိုးနှင့် ပုလဲ (၁၂) လုံးပါ လက်ကောက်ပွတ်ကို ကျပ် ၁၅၀၀၀/-ဖြင့်လည်းကောင်း၊ ကျပ် ၄၀၀၀၀/ တန် မြလေးထောင့်ခြယ်ဆွဲကြိုး၊ ပုလဲ (၂) သွယ်ဆွဲကြိုး၊ ပုလဲ (၁၂) ပွင့်ပါ လက်ကောက်တို့ကို ကျပ် ၂၃၆၇၆/- ဖြင့် လည်းကောင်း ကျပ် ၁၀၀၀၀/-တန် ပတ္တမြားလုံးချော ဆွဲကြိုးကို ကျပ် ၁၀၅၀၀/-ဖြင့်လည်းကောင်း အပေါင်ခံခဲ့ကြောင်း တွေ့ရသည်။ ယင်းပစ္စည်းများကို အပေါင်ခံသည် ဆိုသော်လည်း အတိုးမယူပါဟု ဆိုပြန်သောကြောင့် ယုတ္တိမရှိသဖြင့် အမှန်တကယ် အပေါင်ခံခြင်း ဟုတ်-မဟုတ် သံသယဖြစ်ဖွယ်ရာရှိသည်။ အပေါင်ခံသည့် သက်သေအထောက်အထားများလည်း တင်ပြနိုင်ခြင်း မတွေ့ရချေ။

ဒေါ်သင်းသင်းအေးက သက်သေခံ(ဋ)နှင့် (ဍ)ရှာဖွေပုံစံများဖြင့် ပေးအပ်ခဲ့သော အရည်ကျိုထားသည့် ရွှေတောင့်များမှာ မူလ ရွှေထည်ပစ္စည်းများမှ အရည်ကျိုထားကြောင်း ပေါ်လွင်သဖြင့် မူလပစ္စည်းမှ အသွင်ပြောင်းထားသော ပစ္စည်းသာ ဖြစ်သည်။

မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၆၉/၉၁ တွင် လျှောက်ထားသူ ဒေါ်အေးသန်းထွက်ချက်၌ ပတ္တမြားတစ်လုံးနှင့် စိန်

(ဂ)ပွင့် ပါ ကျပ် ၂၅၀၀၀/- သတ်မှတ်ထားသော လက်စွပ်ကို ကျပ် ၁၀၀၀၀/-ဖြင့် လည်းကောင်း၊ ကျပ် ၃၁၀၀၀/- သတ်မှတ်ထားသော စိန်ခြယ်နားကပ်ကို ကျပ် ၁၅၀၀၀/- ဖြင့် လည်းကောင်း၊ ကျပ် ၆၀၀၀၀/-သတ်မှတ်ထားသော နီလာကြိုးနှင့် လက်ကောက်တို့ကို ကျပ် ၄၀၀၀၀/-ဖြင့် လည်းကောင်း၊ ကျပ် ၄၅၀၀၀/-ဖြင့်သတ်မှတ်ထားသော နီလာကရဝိက်ဆွဲကြိုးနှင့် လက်ကောက်တို့ကိုကျပ် ၃၂၀၀၀/-ဖြင့် လည်းကောင်း အသီးသီး များစွာ ဈေးလျှော့၍ မပင်စီ၏ဇနီး ဦးတင် အေးထံမှ ဝယ်ယူခဲ့ကြောင်း ပေါ်လွင်သည်။ ၀၉၉၁ ဒေါ်အေး သန်း ပါ(၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

လျှောက်ထားသူ ဒေါ်သင်းသင်းအေး (၁) ဒေါ်မိးမိး၏ အထက်အမှု ပါ ထွက်ချက်တွင် ၎င်းသည် မပင်စီ၏ဇနီး ဦးတင်အေးထံမှ သက်သေခံ (စ) ရှာဖွေပုံစံပါ တန်ဖိုး ကျပ် ၁၅၀၀၀/-နှင့် ရောင်းပေးရန် သတ်မှတ်ထားသော နတ်သွေးဆွဲကြိုးတစ်ကုံး အပါအဝင် အသားတင် ရွှေအလေးချိန် သက်သက် ၂-ကျပ်သားရှိ ပစ္စည်း(၅)မျိုးကို စုစုပေါင်း တန်ဖိုး ကျပ် ၁၆၀၀၀/ဖြင့် အပေါင်ခံထားခဲ့ကြောင်းဖြင့် ထွက်ဆိုထား သည်။ သို့ဖြစ်ရာ ဒေါ်သင်းသင်းအေးက ပစ္စည်း(၅)မျိုးကို တန်ဖိုး များစွာလျှော့၍ ရယူထားကြောင်း တွေ့ရသည်။ ၎င်းက အတိုးမယူပါ ဟု ဆိုပြန်သောကြောင့် အမှန်တကယ် အပေါင်ခံခဲ့ခြင်း ဟုတ်မဟုတ် သံသယဖြစ်ဖွယ်ရှိသည်။ အပေါင် အထောက်အထားများလည်း တင်ပြ သည်ကို မတွေ့ရပေ။

မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၆၉/၉၀ တွင် ဒေါ်အေးသန်းက ထွက်ဆိုရာ၌ တန်ဖိုး ကျပ် ၅၉၅၀/-ဖြင့် ရောင်းရန် သတ်မှတ်ထားသော မြင်းတံဆိပ် ရွှေငါးမူးစေ့ပြားကို ရွှေကျင် ခြောက် ထောင် မပြည့်သော ဈေးဖြင့်လည်းကောင်း၊ ကျပ် ၁၁၀၀၀/-တန် လင်း ယုန် တံဆိပ်ပါ တစ်ကျပ်ဒင်္ဂါးပြားကို ကျပ် ၇၅၀၀/-ဖြင့် လည်းကောင်း မပင်စီ၏ဇနီး ဦးတင်အေးထံမှ ဝယ်ယူခဲ့ကြောင်း၊ ကျပ် ၂၆၀၀/-တန် ပုလဲနားပန်မှာ ဦးတင်အေးက ငွေကျပ် ၄၀၀၀၀/- ချေးယူခဲ့ရာ၌ မိမိထံပေးထားခဲ့သော ပစ္စည်း (၆)မျိုး တွင် တစ်ခုပါဝင်ကြောင်းဖြင့် ထွက်ဆိုသည်။ ယင်းအမှုတွင် ဒေါ်သင်းသင်းအေးက ရှာဖွေပုံစံ (ဆ)ပါ ပစ္စည်းများကို စုစုပေါင်းကျပ် ၁၆၀၀၀/-ဖြင့် အပေါင်ခံခဲ့ကြောင်း တွေ့ ရပြီး ၎င်းတိုင်ချက်အရ ယင်းပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငါးသောင်း ကျပ် ကျော်ကျော် ဖြစ်နေကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ဒေါ်အေးသန်း နှင့် ဒေါ်သင်းသင်းအေးတို့သည် ဝယ်ယူသည့်တန်ဖိုးနှင့် အပေါင်ခံသည့် တန်ဖိုး အတိအကျကို အမှန်အတိုင်း ထွက်ဆိုမှုမရှိကြခြင်း၊ အပေါင်ခံ သော ပစ္စည်းများအတွက် သက်သေအထောက်အထား မှိုင်လုံစွာ မပြ နိုင်ခြင်း၊ အပေါင်ခံသည့် ပစ္စည်းအတွက် အတိုးမယူအည့် အချက်မှာ

၁၉၉၁
ဒေါ်အေးသန်း ပါ(၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

ယုတ္တိမရှိခြင်းတို့ကြောင့် ၎င်းတို့သည် တန်ဖိုးမှန်ပေး၍ ဦးတင်အေးထံမှ ရယူခဲ့သည်ဟုဆိုရန် မဖြစ်နိုင်ချေ။

မြို့နယ်တရားရုံး၏ အမှု (၃) မှုစလုံးတွင် မူလရုံးတရားလို ဒေါ်မြမြလှိုင်၊ မကေသီလှနှင့် ဒေါ်တင်လှတို့က သတ်မှတ်ပေးသောတန်ဖိုး၏ ထက်ဝက်ဈေးဖြင့် မိမိက ပစ္စည်းများကို ရောင်းချခဲ့ကြောင်းဖြင့် မပင်စီက ခြိမ်း၍ ဝန်ခံထားပြီးဖြစ်သည်။ အဆိုပါ အမှု (၃) မှုတွင် မပင်စီအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်များမှာလည်း အတည်ဖြစ်လျက်ရှိသည်။

ထို့ကြောင့် မပင်စီ၊ ဦးတင်အေးနှင့် လျှောက်ထားသူများ ဖြစ်ကြသည့် ဒေါ်အေးသန်း၊ ဒေါ်သင်းသင်းအေးတို့ အားလုံးမှာ အချင်းဖြစ်ပစ္စည်းများ အရောင်းအဝယ်ကိစ္စတွင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု မဆိုနိုင်ကြောင်း ပေါ်လွင်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ တွင် ထိုက်သင့်သော သတိနှင့် အာရုံပြုမှုကင်းသော ပြုလုပ်မှု သို့မဟုတ် ယုံကြည်မှုသည် သဘောရိုးဖြင့်ပြုလုပ်သည် သို့မဟုတ် ယုံကြည်သည် မမည်ကြောင်း ဆိုထားသည်။

အချင်းဖြစ်ပစ္စည်းများမှာ မူလရုံး တရားခံ မပင်စီက ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ကျူးလွန်ကာ အလွဲသုံးစားပြုလုပ်ထားသော ပစ္စည်းများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ အရ ခိုးရာပါပစ္စည်းဖြစ်သည်။ အဆိုပါ ခိုးရာပါပစ္စည်းများကို တန်ရာတန်ဖိုးထက် များစွာဈေးလျော့နည်း၍ လွှဲပြောင်း ရယူထားခဲ့ကြသော လျှောက်ထားသူ ဒေါ်အေးသန်းနှင့် ဒေါ်သင်းသင်းအေးတို့မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၂ နှင့်အညီ သဘောရိုးဖြင့် လွှဲပြောင်းရယူခဲ့ရာမရောက်သောကြောင့် ၎င်းတို့အပေါ် ကံအားလျော်စွာ ဥပဒေအရ အရေးယူမှုမပြုခဲ့မိစေကာမူ ၎င်းတို့အနေဖြင့် အချင်းဖြစ်ပစ္စည်းများကို ပြန်လည်ရပိုင်ခွင့်ရှိမည် မဟုတ်ပေ။

အထက်ပါတွေ့ရှိချက်များအရ အချင်းဖြစ် သက်သေခံပစ္စည်းများကို မူလရုံး တရားလို ဒေါ်မြမြလှိုင်၊ မကေသီလှနှင့် ဒေါ်တင်လှတို့သို့ ပြန်ပေးစေရန် ချမှတ်ခဲ့သည့် မူလတရားရုံး၏ အမိန့်များမှာ မှန်ကန်မှုရှိသဖြင့် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်ချေ။

ထို့ကြောင့် မော်လမြိုင်မြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီး (၃) မှုတွင် သက်ဆိုင်ရာ သက်သေခံ စိန်ရွှေရတနာပစ္စည်းများကို မူလရုံးတရားလိုများဖြစ်ကြသည့် ဒေါ်မြမြလှိုင်၊ မကေသီလှနှင့် ဒေါ်တင်လှတို့သို့ ပြန်ပေးစေရန် ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်များကို အတည်ပြုခဲ့သော မွန်ပြည်နယ်တရားရုံး (မော်လမြိုင်မြို့နယ်စု) ၏ အမိန့်တို့ကို ဆက်လက်အတည်ပြု၍ ဤပြင်ဆင်မှု (၃) မှုစလုံးကို ပလပ်လိုက်သည်။

## မြေစီမံခန့်ခွဲမှု ဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

ဦးအောင်တင်ပါ (၂)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂) *

† ၁၉၉၁ ဇက်တင်ဘာလ ၉ ရက်

မြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅–ပါ ''ပစ္စည်း'' (Property) ဆိုသော စကားရပ်တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်း အကျုံးဝင် – မဝင်၊ ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း ၁၇ ပါ ပြဋ္ဌာန်းချက်များတွင် ပစ္စည်းနှင့် စပ်လျဉ်းသော ခြားနားသည့် ပြဋ္ဌာန်းချက်သုံးမျိုးကို သုံးသပ်ခြင်း။

ဆုံးဖြတ်ချက်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၈ နှင့် ၄၀၃ တို့တွင် ပါရှိသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု (any moveable property) ဆိုသောစကားရပ်ပါ ''တစ်ခုခု'' (any) ဆိုသော နာမ ဝိသေသနသည် မည်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍မဆို ပြစ်မှုကျူးလွန်နိုင်ကြောင်း ရည်ညွှန်းလျက်ရှိသည်။ သို့ဖြစ်ရာ 'ပစ္စည်း တစ်ခုခု' (any property) ဆိုသော စကားရပ်၌ ပါရှိသော ''တစ်ခုခု'' (any) ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တည်းဟူသော ပစ္စည်းအမျိုးအစား သက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ အရပ်ရပ်သောပစ္စည်းများကို ရည် ညွှန်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ထိုသို့ဆိုလျှင် ''ပစ္စည်း'' (property) စကားရပ်၌ မရွှေ့မပြောင်းနိုင်သော ပစ္စည်း လည်း အကျုံးဝင်သည်ဟု သဘာဝကျကျ ကောက်ယူနိုင်ပေလိမ့်မည်။ ''ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုခု'' (any moveable property)၊

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် ၂

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄(ခ)တွင် ချမှတ်သော (၃၀-၄-၉၀) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု။

၁၉၉၁
ဦးအောင်တင်
ပါ(၂)
နှင့်
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

'ပစ္စည်း' (property) 'ပစ္စည်းတစ်ခုခု' (any property) ဟူ၍ ပစ္စည်းအမျိုးမျိုး ခွဲခြားပြဋ္ဌာန်းခြင်း၏ အနှစ်သာရသည်လည်း ပေါ်လွင်လာပေလိမ့်မည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ (က) တွင် အောက်ပါအတိုင်း ပါရှိသည်-

> "မောင်ဖြူသည် သေသူ တစ်ဦး၏ အမွေ ပစ္စည်း ကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်း ခံရသည် ဖြစ်၏။ သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရခွဲဝေပေးရန် ညွှန်ကြားသည့် ဥပဒေကို မရိုးမဖြောင့်သော သဘောနှင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိပစ္စည်းအဖြစ်ဖြင့် သုံးစွဲလိုက်၏။ မောင်ဖြူသည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်။"

၎င်းဥပမာအရဆိုလျှင် မောင်ဖြူအနေဖြင့် မိမိပစ္စည်းအဖြစ် သုံးစွဲလိုက်သော ပစ္စည်းတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း ပါဝင်နိုင်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးတင်ရှိန်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံများအတွက် | — | ၁။ ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး<br>၂။ ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

၎င်းအယူးအယူခံမှုတွင် ပြစ်မှုဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ရာကောင်းသော ပြဿနာတစ်ရပ်ကို ဖြေရှင်းရန်ဖြစ်သည်။ ယင်းပြဿနာမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၈ ပါ "ပစ္စည်း" (property) ဆိုသော စကားရပ်တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း အကျုံးဝင်မဝင်ဖြစ်သည်။

စစ်ကိုင်းတိုင်းဝေဟာ ကျွန်းပင်နှင့်စပ်လျဉ်း၍ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ကျူးလွန်သည်ဟု အကြောင်းပြကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော တရားခံက တင်သွင်းသည့် ပြင်ဆင်မှုတွင် ယခင် တရားလွှတ်တော်က အိန္ဒိယနိုင်ငံ စီရင်ထုံးအချို့ကို ကိုးကား၍ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသာ ရည်

၁၉၉၁
ဦးအောင်တင် ပါ(၂)
နှင့်
ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ညွှန်းသည်ဟု ဦးကဒိုး နှင့် အစိုးရ[၁] အမှုတွင် ဆုံးဖြတ်ခဲ့ဖူးသည်။ ယင်းစီရင်ထုံးကို အယူခံတရားလို၏ ရှေ့နေက အဓိကကိုးကား လျှောက်ထားသည်။

အယူခံတရားခံ ဦးလှနီ၏ရှေ့နေက ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၇ မှ ပစ္စည်းကိုထိခိုက်သည့် ပြစ်မှုများကို ပြဋ္ဌာန်းထားရာ ပုဒ်မ ၃၇၈ နှင့် ပုဒ်မ ၄၀၃ တို့တွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းဟု ဖော်ပြထားသည်ကို ထောက်ချင့်၍ ဥပဒေပြုအဖွဲ့သည် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းသည့် ပြစ်မှုများကို အတိအလင်း သီးခြားဖော်ထုတ်ပြဋ္ဌာန်းထားသည်ဟု ကောက်ယူနိုင်ကြောင်း၊ သို့ဖြစ်၍ ပုဒ်မ ၄၀၅ အပါအဝင် ပုဒ်မ အချို့ပါ ပြဋ္ဌာန်းချက်များရှိ "ပစ္စည်း" ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း နှစ်ရပ်လုံးကို ရည်ညွှန်းသည်ဟု ကောက်ယူနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ တရားလွှတ်တော်ချုပ်၏ စီရင်ထုံးတစ်ခုတွင် အဆိုပါစကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသာ ဆိုလိုသည်ဟု ကန့်သတ်ရန် မသင့်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရကြောင်း တင်ပြလျှောက်ထားသည်။

ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက "ပစ္စည်း" ဆိုသော စကားရပ်သည် အခွင့်အရေး၊ ပိုင်ဆိုင်ခြင်း၊ လက်ဝယ်ရှိခြင်း၊ ငှားရမ်းခြင်း၊ အမှုဆောင်ခံခြင်း စသော စကားရပ်များနှင့် ဆက်စပ်နေသဖြင့် ကျယ်ဝန်းသော အဓိပ္ပာယ်ဆောင်ကြောင်း၊ ပစ္စည်းနှင့် ပတ်သက်၍ ခွဲခြားလိုမှသာ မည်သည့်ပစ္စည်းမျိုးဖြစ်ကြောင်း ကွဲပြားခြားနားအောင် ဖော်ပြပြီး ခြားနားမှု မရှိပါက "ပစ္စည်း" ဟုသာ သုံးနှုန်းကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပါ လွှဲပြောင်းမှုအမျိုးမျိုးကို ရည်ညွှန်းတင်ပြကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ပါ ပစ္စည်းဆိုသောစကားရပ်၌ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း အကျုံးဝင်ကြောင်း တင်ပြလျှောက်ထားသည်။
ထို့ပြင် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးနှင့် အယူခံတရားခံဦးလှနီ၏ ရှေ့နေက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ (က) ကို ရည်ညွှန်းကာ "ပစ္စည်း" ဆိုသော စကားရပ်တွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း အကျုံးဝင်ကြောင်း လျှောက်ထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း ၁၇ ပါ ပြဋ္ဌာန်းချက်များကို လေ့လာလျှင် ပစ္စည်းနှင့်စပ်လျဉ်းသော ခြားနားသည့် ပြဋ္ဌာန်းချက်သုံးမျိုးကို တွေ့ရသည်။ အချို့ပြဋ္ဌာန်းချက်များသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသာ ရည်ညွှန်းသည်၊ ဥပမာ ပုဒ်မ ၃၇၈ နှင့် ၄၀၃၊ အချို့ပုဒ်မများတွင်

---

(၁) ရန်ကုန် အတွဲ ၇ စာ ၁၃။

၁၉၉၁
ဦးအောင်တင် ပါ(၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ပစ္စည်းတစ်ခုခု (any property) ဆိုသော စကားရပ်ကို သုံးသည်။ ဥပမာ ပုဒ်မ ၁၈၁၊ ၄၁၅၊ ၄၂၀ နှင့် ၄၂၅၊ ပုဒ်မ ၄၀၅ အပါအဝင် အချို့ပြဋ္ဌာန်းချက်များ၌ ပစ္စည်း (property) ဆိုသော စကားရပ်သာ ပါရှိသည်၊ 'ပစ္စည်းတစ်ခုခု' (any property) ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း ကို ဆိုလိုကြောင်း ယုံမှားဖွယ် မရှိချေ၊ တစ်ဖက်တွင် ''တစ်ခုခု'' (any) ဆိုသောစကားရပ်ကို သုံးနှုန်းထားသော ပြဋ္ဌာန်းချက်များရှိနေ၍ ''ပစ္စည်း'' (property) ဆိုသော စကားသက်သက်သာ ပါရှိသော ပြဋ္ဌာန်းချက်များသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရည်ညွှန်းခြင်း ဖြစ်ပါမည်လော ဟူ၍ အငြင်းပွားဖွယ် ဖြစ်စေသည်၊ ပုဒ်မ အချို့တွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို အတိအလင်း ရည်ညွှန်း ပြဋ္ဌာန်းထားသည်များလည်း ရှိနေသည်ကိုလည်း သတိချပ်ရန်လိုပေသည်၊

ဦးထွန်းလှိုင်ပါ-၂ နှင့် ဦးကြည်ဝင်းပါ-၅၊ ဦးကျော်စိန်ပါ-၄ (၂) အမှုတွင် ဥပဒေကို အဓိပ္ပာယ်ကောက်ယူရာ၌ လိုက်နာအပ်သည့်မူ တစ်ရပ်ကို အောက်ပါအတိုင်း ညွှန်ပြထားသည်-

> ''တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံး ရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံး က အဓိပ္ပာယ် ဖွင့်ဆိုရန်၊ ငြိကာချဲ့ရန်မလို၊ အဓိပ္ပာယ်ဖွင့်သလိုနှင့် ဥပဒေကို ချဲ့ခြင်းချုံ့ခြင်း၊ ပြုမိတတ်သည်ကို ဆင်ခြင်ရမည်။''

တရားရုံးသည် ဥပဒေပါစကားရပ်များကို အလိုက်သင့် ကောက်ယူ ရသည်ဖြစ်ရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ပါ 'ပစ္စည်း' ဆိုသော စကားရပ်တွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းသာ အကျုံးဝင်သည်ဟု ကျဉ်းမြောင်းစွာ အဓိပ္ပာယ် ကောက်ယူရန် သင့်သည်မဟုတ်ချေ။

ဦးကသိုး စီရင်ထုံးတွင် ကိုးကားထားသော အာလကဗ္ဗား အတွဲ ၂၁ ၈၁ ၃၇၂ သည် ဘုံဘိုင် တရားလွှတ်တော် စီရင်ထုံးတစ်ခုကို ကိုးကားဆုံးဖြတ်ထားကြောင်း တွေ့ရသည်။ အဆိုပါ ဘုံဘိုင် တရား လွှတ်တော်၏ စီရင်ချက်ကို ရှာမရသဖြင့် အကြောင်းပြချက် မသိရချေ၊ အယူခံတရားခံ ဦးလှမိ၏ရှေ့နေ ကိုးကားသော အိန္ဒိယနိုင်ငံ တရား လွှတ်တော်ချုပ်၏ စီရင်ချက်ကိုလည်း ရှာမရနိုင်သဖြင့် လေ့လာခွင့် မရရှိ သောကြောင့် အခွင့်အရေးကောင်းတစ်ရပ် လက်လွှတ်လျက်ရှိပေသည်။

---

(၂) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၉၂။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၈ နှင့် ပုဒ်မ ၄၀၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ပြစ်မှုများ၏ သဘောသဘာဝအရ ဆိုင်ရာပြစ်မှုများမှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ကျူးလွန်နိုင်သည့် ပြစ်မှုမျိုး ဖြစ်သည်၊ သို့ဖြစ်၍ ပုဒ်မ ၃၇၈ ၏ ရှင်းလင်းချက် (၁) တွင် တစ်ခုခုသော အရာဝတ္ထုသည် မြေ၌စွဲကပ်နေသမျှ ကာလပတ်လုံး ရွှေ့ပြောင်းနိုင်သော ပစ္စည်းမဟုတ်သဖြင့် ခိုးမှုကျူးလွန်နိုင်သော ပစ္စည်းမဟုတ်၊ သို့ရာတွင် ထိုအရာဝတ္ထုသည် မြေမှကွာလျှင်ကွာခြင်း ခိုးမှုကျူးလွန်နိုင်သော ပစ္စည်းဖြစ်လာနိုင်သည်ဟု ရှင်းလင်းဖော်ပြထားရသည်။

၁၉၉၁
ဦးအောင်တင် ပါ(၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ(၂)

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၈ နှင့် ၄၀၃ တို့တွင် ပါရှိသော 'ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု' (any moveable property) ဆိုသော စကားရပ်ပါ 'တစ်ခုခု' (any) ဆိုသော နာမဝိသေသနသည် မည်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍မဆို ပြစ်မှုကျူးလွန်နိုင်ကြောင်း ရည်ညွှန်းလျက်ရှိသည်။ သို့ဖြစ်ရာ ''ပစ္စည်းတစ်ခုခု'' (any property) ဆိုသော စကားရပ်၌ ပါရှိသော ''တစ်ခုခု'' (any) ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း တည်းဟူသော ပစ္စည်းအမျိုးအစားသက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ အရပ်ရပ်သော ပစ္စည်းများကို ရည်ညွှန်း၍ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် 'ပစ္စည်း' (property) ဆိုသောစကားရပ်၌ မရွှေ့မပြောင်းနိုင်သောပစ္စည်းလည်း အကျုံးဝင်သည်ဟု သဘာဝကျကျ ကောက်ယူနိုင်ပေလိမ့်မည်။ ''ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု'' (any moveable property)၊ ''ပစ္စည်း'' (property)၊ ''ပစ္စည်းတစ်ခုခု'' (any property) ဟူ၍ ပစ္စည်းအမျိုးမျိုး ခွဲခြားပြဋ္ဌာန်းခြင်း၏ အနှစ်သာရသည်လည်း ပေါ်လွင်လာပေလိမ့်မည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ (က) တွင် အောက်ပါအတိုင်း ပါရှိသည်—

> ''မောင်ဖြူသည် သေသူတစ်ဦး၏ အမွေပစ္စည်းကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့်လွှဲအပ်ခြင်း ခံရသည်ဖြစ်၏၊ သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရ ခွဲဝေပေးရန် ညွှန်ကြားသည့် ဥပဒေကို မရိုးမဖြောင့်သောသဘောနှင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိပစ္စည်းအဖြစ်ဖြင့် သုံးစွဲလိုက်၏။ မောင်ဖြူသည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်။''

ဤဥပမာအရဆိုလျှင် မောင်ဖြူအနေနှင့် မိမိပစ္စည်းအဖြစ် သုံးစွဲလိုက်သော ပစ္စည်းထဲတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း ပါဝင်နိုင်သည်၊

၁၉၉၁
ဦးအောင်တင်
ဓါ(၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

JAGADISH SWARUP ရေးသားသော THE INTERPRETATION OF INDIAN STATUTES ကျမ်း စာမျက်နှာ ၁၇၄ တွင် ပုဒ်မများနှင့် ပူးတွဲပါရှိသော ဥပမာများသည် ပြဋ္ဌာန်းချက်၏ တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်း၊ ပြဋ္ဌာန်းချက်နှင့် ဝိရောဓိ မဖြစ်လျှင် ဥပမာများအရ ပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်ကြောင်း အောက်ပါအတိုင်း သုံးသပ်ထားသည်–

"Illustrations attached to sections are part of the statute and they are useful so far as they help to furnish some indication of the presumable intention of the Legislature. If the meaning of the enactment it self were doubtful a reference to the illustration in order to clear the meaning would be justified, but if there be any conflict between the illustrations and the main enactment, the illustrations must give way to the latter."

အထက် ဖော်ပြပါ ဥပမာသည် ပုဒ်မ ၄၀၅ ပါ "ပစ္စည်း" (property) ဆိုသော စကားရပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ အထောက်အကူပြုသော ဥပမာဖြစ်ကြောင်း တွေ့ရှိရသည်။ ဖြစ်မှုမှာ ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှု၏ သဘောသဘာဝအရလည်း ယင်းဖြစ်မှုကို မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ကျူးလွန်နိုင်သည်။ ခိုးမှုကို ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍သာ ကျူးလွန်နိုင်သည်။ တစ်ဖက်တွင် မြောက်လှန့် မတောင်းယူမှုကို မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍လည်း ကျူးလွန်နိုင်သည်ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ တွင် "ပစ္စည်းတစ်ခုခု" ဟူသော စကားရပ်ကို သုံးစွဲထားကြောင်း တွေ့မြင်နိုင်သည်။

ထို့ကြောင့် တရားရုံးချုပ်၏ ခုံဖြတ်ချက်ကို အတည်ပြု၍ ဤအယူခံကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

## ဒေါ်အုန်းကြည်ပါ (၃)

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၆) *

† ၁၉၉၁ အောက်တိုဘာလ ၃၀ ရက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈–ယင်းဥပဒေပုဒ်မအရ ပစ္စည်းလက်ရှိဖြစ်သူအား အတင်းအဓမ္မ ဖယ်ရှားပြီး ကျူးကျော်ခံရမှသာ ပြစ်မှုမြောက်မည်ဖြစ်သည်၊ အချင်းဖြစ် နေအိမ်နှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့် ရရှိထားသော်လည်း စီမံခန့်ခွဲခြင်း မပြုရသေးမီ ကျူးကျော်နေထိုင်ခြင်းသည် ပြစ်မှုမြောက်–မမြောက်၊ ပိုင်ရေးဆိုင်ခွင့်ကိစ္စ အငြင်းပွားလျက်ရှိလျှင် တရားမကြောင်းအရ ဖြေရှင်းရန် သင့်–မသင့်၊

ဆုံးဖြတ်ချက်၊ ရှိန်ရှိလေ့လာလျှင် အချင်းဖြစ်အခန်းများ အားလုံးမှာ လျှောက်ထားသူ ဒေါ်အုန်းကြည်တို့မှ တရားဝင် လက်ခံရယူထားရာမှ ယခုကဲ့သို့ ဖယ်ရှားကျူးကျော်ခံရခြင်း မဟုတ်ကြောင်း တွေ့ရသည်၊ ကွယ်လွန်သူ ဒေါ်ငွေသက်၏ တရားဝင် မွေးစားသားသမီးများ ဖြစ်သည့်ပြင် အချင်းဖြစ်နေအိမ်နှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့် ရရှိထားခြင်းမှန်ကန်သော်လည်း အချင်းဖြစ်အခန်းများကို ၎င်းတို့မှ မစီမံ မခန့်ခွဲရသေးမီ ဦးလှမောင်တို့က ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုမြောက်ရန်မှာ ပစ္စည်းလက်ရှိဖြစ်သူအား အတင်းအဓမ္မဖယ်ရှားပြီး ကျူးကျော်ခံရမှသာ ပြစ်မှုမြောက်နိုင်မည်ဖြစ်သည်၊ ယခုကိစ္စတွင် ပိုင်ရေးဆိုင်ခွင့်ကိစ္စ အငြင်းပွားနေကြခြင်းဖြစ်ကြောင်းသာ ပေါ်ပေါက်လျက်ရှိသည်၊ ယင်းကိစ္စမျိုးကို တရားမကြောင်းအရသာ ဖြေရှင်းကြရန် အကြောင်းပေါ်ပေါက်သည်ဟု ကောက်ယူဆုံးဖြတ်ထားသော မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရောဝတီတိုင်းတရားရုံး (ဖျာပုံမြို့နယ်စု) ၏ အမိန့်တို့သည် ဥပဒေအရ သိသာထင်ရှားစွာ မှားယွင်းသည်ဟု မဆိုနိုင်ပေ၊

---

* ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၅၈ (ခ)

† ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၅ တွင် ချမှတ်သော (၁၈-၆-၉၁) ရက်စွဲပါ ရောဝတီတိုင်း (ဖျာပုံမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၁
ဒေါ်အုန်း
ကြည်
ပါ(၃)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၆)

လျှောက်ထားသူများအတွက် — ဦးကျော်ဆန်း၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဒေါ်နန်းခမ်းအုံ၊
လက်ထောက်ညွှန်ကြားရေး
မှူး၊ ရှေ့နေချုပ်ရုံး
၂။ ၃၊ ၄၊ ၅၊ ၆ ဒေါ်ရီ၊
တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘဟန်၊ ဒုတိယညွှန်ကြားရေး
မှူး၊ တရားရုံးချုပ်

ကျိုက်လတ်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အသေးစိတ်အမှတ် ၁၇/၈၉ တွင် ဒေါ်အုန်းကြည်က တရားလိုမြို့ကျက်မြို့ ပြင်ရွှေ့စေခံပါ (၅) ဦး အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇၊ ၄၄၈ တို့အရ တိုက်ရိုက်စွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ပုဒ်မ ၄၄၇ အရ လက်ခံစစ်ဆေးခဲ့သည်။ တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် တရားခံ (၅)ဦးစလုံးကို စွဲချက်မတင်မီ မြန်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်အုန်းကြည်က မကျေနပ်၍ ဧရာဝတီတိုင်းတရားရုံး (ဖျာပုံမြို့နယ်စု) သို့ ပြင်ဆင်မှု လျှောက်ထားခဲ့သော်လည်း မအောင်မြင်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် အမှတ် (၁၀) လှည်းတန်းလမ်းနေ ဒေါ်အုန်းကြည်က ၎င်းနှင့် ဦးမင်းအောင်၊ ဒေါ်စိန်စိန်တို့ မောင်နှမ (၃)ဦးသည် ကွယ်လွန်သူဒေါ်ငွေသက်၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော တိုက်ခန်း မွေးစားသားသမီးများ ဖြစ်ကြကြောင်း၊ ဒေါ်ငွေသက်သည် ကျိုက်လတ်မြို့ ... အကွက်အမှတ် (၁၃) ဈေးပိုင်း ဦးပိုင်အမှတ် (မေ၊ ဘီ၊ စီ၊ ဒီ) ... အမှတ် (၅) တိုက်ခံ (၂)ထပ်၊ (၄)ခန်းတွဲ အဆောက်အအုံကို ပိုင်ဆိုင်ကြောင်း၊ ဒေါ်ငွေသက်သည် ၁၉၇၅ ခုနှစ်တွင် ကွယ်လွန်ပြီး ၎င်းမကွယ်လွန်မီက မိမိတို့အား အထူးကိုယ်စားလှယ်စာ လွှဲအပ်ထားကြောင်း၊ ယင်းအိမ်၏ အိမ်ခန်းများတွင် အိမ်ငှားချထားခြင်း၊ အိမ်လခကောက်ခံခြင်း စသည်တို့ကို မိမိတို့ကပင် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအိမ်၏ လက်ယာဘက် အစွန်ဆုံးနှစ်ခန်းတွဲတွင် ငှားရမ်းနေထိုင်သူ ဒေါ်မြသွယ်အား အခန်းကို မိမိသို့ လွှဲပြောင်းပေးအပ်ရန်၊ အခြား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခဲ့ကြောင်း၊ သို့ပါလျက် ၁၉၈၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဒေါ်မြသွယ် ပြောင်းရွှေ့သွားပြီးနောက် ဦးလှမောင်တို့က မိမိတို့၏ ခွင့်ပြုချက်မရရှိဘဲ အချင်းဖြစ်အခန်းသို့ အတင်းဝင်ရောက်

ကျူးကျော်ခဲ့ကြကြောင်း၊ ထို့ပြင် အခြားအခန်းတစ်ခန်း၌ ဆရာဝန် ဦးမျိုးမြင့်အား ငှားရမ်းထားရာမှ ဆရာဝန်က အခန်းကို မိမိအားအပ်နှံပြီး ထွက်သွားသောအခါ ဦးလှမောင်တို့က ယင်းအခန်းသို့ အတင်းဝင်ရောက် ကျူးကျော်ခဲ့ကြကြောင်း၊ သို့ဖြစ်၍ ယင်းသို့ အတင်းအဓမ္မ ဝင်ရောက် ကျူးကျော်သူ ဦးလှမောင်ပါ (၅) ဦးတို့ကို ဥပဒေအရ အရေးယူပေးရန် ဟု ဒေါ်အုန်းကြည်က တိုက်ရိုက်လျှောက်ထားရာမှ အမှု စတင် ပေါ် ပေါက်လာခြင်း ဖြစ်သည်။

၁၉၉၁ ဒေါ်အုန်း ကြည် ပါ(၃) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၆)

လျှောက်ထားသူက အဓိက ပြင်ဆင်မှုအကြောင်းချက်အဖြစ် တင်ပြ ရာ၌ အချင်းဖြစ်တိုက်ခန်းများသည် မိမိတို့လက်ဝယ်ရှိကြောင်း သက်သေ အထောက်အထား အခိုင်အမာ တင်ပြထားပါလျက် လျစ်လျူရှုပြီး မိမိ တို့၏ လက်ဝယ်တွင် မရှိဟု သုံးသပ်ကာ တရားခံများကို စွဲချက်မတင်မီ ပြန်လွှတ်ခြင်းမှာ မှားယွင်းကြောင်း၊ ဒေါက်တာမျိုးမြင့်က အခန်းကို ဒေါ်အုန်းကြည်သို့ အပ်နှံပြီး ဒေါ်အုန်းကြည်က ယင်းအခန်း၌ ဦးခင် မောင်ဝင်းကို ငှားရမ်းခဲ့ပြီးနောက်မှ ဦးလှမောင်တို့က ဝင်ရောက် ကျူး ကျော်သည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးလှမောင်၏ဇနီး ဒေါ်ကြည်သည် ဒေါ်ငွေသက်၏တူမဖြစ်သည်ဟု လိမ်လည်ဖော်ပြထားသည်ကို ယုံကြည် ပြီး ကိုတ္တိမ သားသမီးများ ဖြစ်ကြသော မိမိနှင့် အမွေဆိုင်ဖြစ်သည်ဟု မှားယွင်းစွာ သုံးသပ်ကာ အရေးယူကြောင်းအရာသော ဖြေရှင်းသင့်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှု မရှိကြောင်း၊ မိမိတို့ လက်ရှိဖြစ်ကြောင်း ရန်ကုန်မြို့၊ ဒုတိယမှတ်ပုံတင်အရာရှိရုံး စာချုပ်အမှတ် ၁၂၄/၇၃ ကို သက်သေခံအဖြစ် တင်သွင်းသည်ကို လက်မခံဘဲ ပယ်ခဲ့ခြင်း၊ မှတ်တမ်း မတင်ဘဲ ထိမ်ချန်ထားခြင်းတို့ကြောင့် မှားယွင်းနစ်နာကြောင်း၊ ဦးလှ မောင်တို့သည် ကွယ်လွန်သူ ဒေါ်ငွေသက်၏ ကျန်ရစ်ပစ္စည်းများနှင့် စပ် လျဉ်း၍ အမွေဆိုင်မဟုတ်ကြောင်း သက်သေတင်ပြရန် နိုင်ငံတော်ကောင်စီ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ (၃) အရ ချမှတ်ခဲ့သော အမိန့်ကို တင်ပြရန် လျှောက်ထားသည်ကိုလည်း လက်မခံဘဲ ပယ်ခဲ့ခြင်းကြောင့် မှားစွာ နစ်နာမှုရှိကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကို လေ့လာရာ၌ လျှောက်ထားသူများသည် သက်သေခံအမှတ် (က) မွေးစားစာချုပ်အရ ကွယ်လွန်သူ ဒေါ်ငွေ သက်၏ တရားဝင် ကိတ္တိမ မွေးစားသားသမီးများ ဖြစ်ကြကြောင်း တွေ့ ရသည်၊ တစ်ဘက်မှ ဦးလှမောင်၏ဇနီး ဒေါ်ကြည်ကလည်း သက်သေခံ အမှတ် (ခ) မင်္ဂလာဆောင်ဖိတ်စာကို အကြောင်းပြု၍ ကွယ်လွန်သူ ဒေါ်ငွေသက်၏ တူမဖြစ်သည်ဟုတင်ပြထားသည်။ အချင်းဖြစ် အဆောက် အအုံ၏ ပိုင်ဆိုင်မှုကို နှစ်ဦးနှစ်ဘက်က အငြင်းပွားနေကြခြင်း ဖြစ် ကြောင်း တွေ့ရှိရသည်၊

၁၉၉၁
ဒေါ်အုန်းကြည် ပါ(၃) နှင့် မြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၆)

ယခုစွဲဆိုသောအမှုသည် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ စွဲဆို ထားခြင်းဖြစ်သည်။ ယင်းဥပဒေပုဒ်မအရ စွဲဆိုသောအမှုတွင် ပိုင်ဆိုင်ခွင့် ကို ဆုံးဖြတ်ရန် အမိကမဟုတ်ကြောင်း၊ မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက် သည် မှန်ကန်မှုရှိသည်။ ပစ္စည်းလက်ရှိ ဖြစ်-မဖြစ်သာ အဓိကပြဿနာ ဖြစ်သည်။ မြို့နယ်နှင့် တိုင်းတရားရုံးတို့က လျှောက်ထားသူ ဒေါ်အုန်း ကြည်တို့သည် ဦးလှမောင်တို့မှ အချင်းဖြစ်အခန်းများသို့ ဝင်ရောက်ကျူး ကျော်စဉ်က အခန်းလက်ရှိမဟုတ်၍ ပုဒ်မ ၄၄၇ အရ အရေးယူရန် အကြောင်းမပေါ်ပေါက်ဟု တသဘောတည်း တောက်လျှောက်ဆုံးဖြတ်ခဲ့ကြ ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

အမှု၌ ပေါ်ပေါက်ချက်များအရ လျှောက်ထားသူ ဒေါ်အုန်းကြည်တို့ သည် ရန်ကုန်မြို့ ဓ[illegible]ကြသူများဖြစ်ကြသည်။ အချင်းဖြစ် နေအိမ်၌ နေထိုင်သူများ မဟုတ်ကြပေ။ ၎င်းတို့သည် သက်သေခံအမှတ် (ဈ) အထွေ ထွေ ကိုယ်စားလှယ်လွှဲစာအရ ၎င်းတို့သည် ဒေါ်ငွေသက်၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် ဒေါ်ငွေသက် ကွယ်လွန်မှီကတည်းက အချင်းဖြစ်နေအိမ်နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲခွင့်ကို ရရှိထားသူများ ဖြစ်ကြသည်မှာလည်း မှန်ကန်ကြောင်း တွေ့ရသည်။

အချင်းဖြစ် အခန်းများအားလုံးမှာ ကွယ်လွန်သူ ဒေါ်ငွေသက် ပိုင် ဆိုင်ခဲ့ကြောင်း အငြင်းမပွားပေ။ ထိုပိုင်ဆိုင်ခန်းတွင် ယခင်က ဆရာဝန် ဦးမျိုးမြင့် ငှားရမ်းနေထိုင်ရာမှ ၎င်းပြောင်းရွှေ့သွားသောအခါ ဦးခင် မောင်ဝင်းသို့ အငှားချထားခဲ့ကြောင်း ပေါ်ပေါက်သည်။ ဦးခင်မောင်ဝင်း အား ဖယ်ရှားပြီး ဦးလှမောင်တို့က ဝင်ရောက်နေထိုင်ခြင်းဖြစ်ရာ အခန်း လက်ရှိဖြစ်သူ ဦးခင်မောင်ဝင်းအား ဦးလှမောင်တို့က အဓမ္မ ဖယ်ရှား ခဲ့ကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့် ဖယ်ရှားကျူးကျော်ခံရသူ မှာ ဒေါ်အုန်းကြည် မဟုတ်ဘဲ ဦးခင်မောင်ဝင်းသာဖြစ်ကြောင်း ပေါ် ပေါက်သည်။

တစ်ဖန် ဒေါ်မြသွယ်သို့ ငှားရမ်းထားသော အခန်းမှ ဒေါ်မြသွယ် ပြောင်းရွှေ့သွားသောအခါ ဦးလှမောင်တို့က အတင်းဝင်ရောက်နေထိုင် ကြသည်ဟု ပေါ်ပေါက်သည်။ ဒေါ်အုန်းကြည်တို့အား လက်ရောက် မပေးမီ ယင်းသို့ ဝင်ရောက်သည်ဟု ပေါ်ပေါက်လျက်ရှိရာ ဒေါ်အုန်းကြည် တို့အား ဖယ်ရှားပြီး ကျူးကျော်ဝင်ရောက်ခြင်း မဟုတ်ကြောင်း တွေ့ရှိ ရသည်။ တတိယ (၂) ခန်းတွဲမှာ သ/မ ဦးစိုးဌာနသို့ ငှားရမ်းထားရာမှ ပြောင်းရွှေ့သွားသောအခါ ပိုင်ဆိုင်မှုအငြင်းပွားမှုကြောင့် မြို့နယ်ပြည်သူ့ ကောင်စီမှ ချိပ်ပိတ်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ အရေးအခင်း ကာလက သပိတ်ခေန်း ဖြိုလှပ်ခဲ့ကြောင်း၊ တစ်မတော်မှ အာဏာရယူပြီးနောက်

၁၉၉၁ ဒေါ်အုန်းကြည် ပါ(၃) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၆)

ဦးလှမောင်တို့က ယင်းအခန်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ခြုံ၍လေ့လာလျှင် အချင်းဖြစ်အခန်းများအားလုံးမှာ လျှောက်ထားသူ ဒေါ်အုန်းကြည်တို့မှ တရားဝင် လက်ခံရယူထားရာမှ ယခုကဲ့သို့ဖယ်ရှား ကျူးကျော်ခံရခြင်းမတ်ဟုကြောင်း တွေ့ရသည်။ ကွယ်လွန်သူဒေါ်ငွေသက်၏ တရားဝင် မွေးစားသားသမီးများ ဖြစ်သည့်ပြင် အချင်းဖြစ် နေအိမ်နှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့်ရရှိထားခြင်း မှန်ကန်သော်လည်း အချင်းဖြစ်အခန်းများကို ၎င်းတို့မှ မစီမံမခန့်ခွဲရသေးမီ ဦးလှမောင်တို့က ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ပြစ်မှုမြောက်ရန်မှာ ပစ္စည်းလက်ရှိဖြစ်သူအား အတင်းအဓမ္မ ဖယ်ရှားပြီး ကျူးကျော်ခံရမှသာ ပြစ်မှုမြောက်နိုင်မည် ဖြစ်သည်။ ယခုကိစ္စတွင် ပိုင်ဆိုင်ခွင့်ကိစ္စ အငြင်းပွားနေကြခြင်း ဖြစ်ကြောင်းသာ ပေါ်ပေါက်လျက်ရှိသည်။ ယင်းကိစ္စမျိုးကို တရားမကြောင်းအရသာ ဖြေရှင်းရန် အကြောင်းပေါ်ပေါက်သည်ဟု ကောက်ယူဆုံးဖြတ်ထားသော မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရောဝတီတိုင်း တရားရုံး (ဖျာပုံမြို့နယ်စု)၏ အမိန့်တို့သည် ဥပဒေအရ သိသာထင်ရှားစွာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ကျိုက်လတ်မြို့နယ်တရားရုံးက ဦးလှမောင်ပါ (၅)ဦးအား စွဲချက်မတင်မီ ပြန်လွှတ်သောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရောဝတီတိုင်း တရားရုံး (ဖျာပုံမြို့နယ်စု)၏ အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ၁၉၉၁ ခုနှစ်

# တရားမမှုများ

# စီရင်ထုံးပြုသော စာရင်းမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဒေါက်တာမောင်ကို | နှင့် | ဦးဝဝ်မြင့် ပါ(၂) | ၁ |
| ဦးကျော်ဝင်း ပါ(၂) | နှင့် | ဒေါ်ဘန်ဂါရာမား ပါ(၄) | ၇ |
| ဒေါ်ကျင်သီ | နှင့် | ဦးသွန်းရ ပါ(၂) | ၁၂ |
| ဒေါ်ခင်စော ပါ(၂) | နှင့် | ဦးဝိုင်အေမြား | ၁၇ |
| ဒေါ်ခင်စိန် ပါ(၃) | နှင့် | ဦးချစ် | ၂၀ |
| ဒေါ်ခင်စိန် ပါ(၇) | နှင့် | ဦးသင်ဦး (ခ) တင်မောင်ဦး ပါ(၄) | ၂၃ |
| ဒေါ်ခင်ညွန့် | နှင့် | ဦးသိန်းဟန် | ၂၉ |
| ဒေါ်ခင်ယု | နှင့် | ဦးငွေစိုး ပါ(၂) | ၃၅ |
| ဒေါ်ခင်သန်း | နှင့် | ဒေါ်ခင်ညွန့် ပါ(၄) | ၃၇ |
| ဦးချစ်ဦး ပါ(၂) | နှင့် | ဒေါ်တင့်ကြည် | ၄၃ |
| ဦးဂဖူး | နှင့် | ဦးစိန်မောင် ပါ(၂) | ၄၆ |
| ဒေါ်ငွေလှိုင် ပါ(၈) | နှင့် | ဦးလှဆောင် ပါ(၃) | ၅၀ |
| ဦးခစားဖသန်း | နှင့် | မန်နေဂျာ၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်(၄) | ၅၉ |
| ဦးညွန့်မောင် | နှင့် | ဒေါ်သောင်း | ၆၃ |
| မတင်တင်စင်း | နှင့် | ဒေါ်စောဘင် ပါ(၃) | ၆၆ |
| ဦးတင်အောင် ပါ(၃) | နှင့် | ဦးကိုလေး | ၇၁ |
| ဒေါ်တုတ် ပါ(၅) | နှင့် | ဦးရေစွတ် ပါ(၈) | ၇၄ |
| ဦးထွန်းတင် | နှင့် | ဦးလဲဘ ပါ(၂) | ၈၁ |
| ဦးနိဆာအာမက် | နှင့် | ဒေါ်မြဝင်း | ၈၇ |
| ဦးဘကြူး ပါ(၂) | နှင့် | ဒေါ်ခင်ကြည် ပါ(၂) | ၉၀ |
| ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင် | နှင့် | ဦးမျိုးသန်း ပါ(၂) | ၉၃ |
| ဦးမောင်ချစ် | နှင့် | ဒေါ်ချစ်ရင် ပါ(၆) | ၉၆ |
| ဦးမောင်ညို | နှင့် | ဒေါ်ဘေဘီသန့် ပါ(၉) | ၉၉ |
| ဦးမောင်မောင် ပါ(၂) | နှင့် | ဦးဘသန်း ပါ(၄) | ၁၀၄ |
| ဦးမောင်မောင် ပါ(၂) (ကျောင်းသေးပင်မြို့နယ် ကုန်စည်ပို့ဆောင်ရေး တိုင်း၏ ဥက္ကဋ္ဌ) | နှင့် | ဦးလှဖေ ပါ(၂) | ၁၀၇ |
| မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) | နှင့် | ဒေါ်ခင်ခင် ပါ(၉) | ၁၁၀ |
| ဦးမျိုးမာ (ခ) ဦးမာ | နှင့် | ဦးဆေးနိုင် | ၁၁၄ |
| ဦးမြရွှေ | နှင့် | ဒေါ်မြနွယ် | ၁၁၇ |
| ဦးမြင့်သိန်း ပါ(၂) | နှင့် | ဒေါ်ညိုညို ပါ(၆) | ၁၂၃ |
| ဒေါ်ယဉ်ယဉ်မြင့် | နှင့် | ဒေါ်ပါလု | ၁၂၈ |

စာမျက်နှာ


| | | | |
|---|---|---|---|
| ဦးရဲထွန်းလှ | နှင့် | ဒေါ်ထင်ထင်စေ ပါ(၄) | ၁၃၃ |
| ဒေါ်ရှထင် ပါ(၂) | နှင့် | ဦးမောင်ဆင့် | ၁၃၀ |
| ဒေါ်လင်းသာသန် | နှင့် | ဒေါ်သန်းလှ ပါ(၅) | ၁၄၄ |
| ဒေါ်လွှား ပါ(၅) | နှင့် | ဒေါ်သိန်းရင် | ၁၄၉ |
| ဒေါ်ယုလှဝင်း | နှင့် | ဦးဘရှင် | ၁၅၉ |
| ဒေါ်ဝိစာရီ | နှင့် | ဦးယုကြည် | ၁၆၃ |
| ဦးဝင်းပန် ပါ(၂) | နှင့် | ဒေါ်ညွန့်ညွန့်ထင် | ၁၆၆ |
| ဒေါ်စသောင်း | နှင့် | မမြဝင်း | ၁၇၂ |
| ဒေါ်သန်း ပါ(၄) | နှင့် | ဒေါ်သန်းဘန်း | ၁၇၈ |
| ဦးသန်းတင် | နှင့် | ဒေါ်ရီ | ၁၈၂ |
| ဦးဘန်းအောင် | နှင့် | မန်နေဂျာ၊ ဘဏ်ခွဲ(၅) | ၂၀၂ |
| ဦးအောင်သိန်း ပါ(၄) | နှင့် | ဒေါ်ထွေး ပါ(၂) | ၂၉၂ |

# တရားမမှုဆိုင်ရာအမှုများ

ဥပဒေများ—

- ကာလစည်းကမ်းသတ် ဥပဒေ
- တရားမကျင့်ထုံး ဥပဒေ
- တရားစီရင်ရေး ဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ
- ပဋိညာဉ် အက်ဥပဒေ
- မြန်မာဓလေ့ထုံးတမ်း ဥပဒေ
- သီးခြားသက်သာခွင့် အက်ဥပဒေ
- ရွှေ့နေရှေ့ရပ်များ အက်ဥပဒေ
- အလုပ်သမားလျော်ကြေး အက်ဥပဒေ
- ၁၉၅၄ ခုနှစ် အစိုးရအိမ်ဥပစာနှင့်ဆုတ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ

မြန်မာဓလေ့ထုံးတမ်းဥပဒေ - အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်း— ကာလစည်းကမ်းသတ်ကာလ— ကျန်ရစ်သူမိဘကွယ်လွန်သည်ကို အကြောင်းပြုပြီး ထိုမိဘ၏ ယခင်အိမ်ထောင်မှ သားသမီးများသည် မိထွေး၊ ပထွေးထံမှ အမွေတောင်းခွင့် ရှိခြင်း— မိဘတစ်ပါး ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုခြင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ အမွေ တောင်းခံခဲ့ခြင်း မရှိလျှင် မိထွေး၊ ပထွေး ကွယ်လွန်သောအခါ အမွေတောင်းဆိုနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** မြန်မာ ဓလေ့ထုံးတမ်း ဥပဒေအရ အမွေ တောင်းခံရန် အကြောင်းသည် လက်ရှိအမှုနှင့် သက်ဆိုင်သမျှ အောက်ပါအတိုင်း ပေါ်ပေါက်သည်—

**မြန်မာဗုဒ္ဓဘာသာ**အိမ်ထောင်တွင် အဖေ သို့မဟုတ် **အမေ ကွယ်လွန်** စာမျက်နှာ သောအခါ အမွေရထိုက်သည့် ဩရသ သားသမီး ကျန်ရစ်လျှင် ထို သား သမီးသည် အမွေ ၄ ပုံ ရခွင့်ရှိသည်။ အမွေရထိုက်သော ဩရသသည် မိဘ တစ်ပါးပါး ကွယ်လွန်စဉ်က အမွေမတောင်းခဲ့ဘဲ နေခဲ့ရာတွင် (၁၂) နှစ် ကျော်သောအခါ ဩရသ ဝေစုတောင်းခွင့် ဆုံးရှုံးသွားမည်ဖြစ်သော်လည်း ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသောအခါ အမွေတောင်းခံရန် အခွင့် အရေးအသစ် ရရှိပြီး စည်းကမ်းသတ်ကာလကို အသစ်တစ်ဖန်ရေတွက်ရပြန် သည်။ ကျန်ရစ်သူမိဘက နောက်အိမ်ထောင်ပြုသည့်နေ့မှ (၁၂)နှစ် ကျော် လွန်သော် သားသမီးများသည် ထိုမိဘထံမှ အမွေတောင်းခံခွင့်မရှိတော့ချေ။ သို့သော် ထိုမိဘ ကွယ်လွန်သောအခါ ထို သားသမီးများသည် အမွေ တောင်းရန် အခွင့်အရေးအသစ် ရပြန်သည်။ တစ်နည်းဆိုသော် ကျန်ရစ်သူ မိဘ ကွယ်လွန်သည်ကိုအကြောင်းပြုပြီး ထိုမိဘ၏ ယခင်အိမ်ထောင်မှ သား သမီးများသည် မိထွေး၊ ပထွေးထံမှ အမွေတောင်းခွင့်ရရှိသည်။ မိဘတစ်ပါး ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုခြင်း ကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘကွယ်လွန်ခြင်းကြောင့်ဖြစ်စေ အမွေတောင်းခံ ခဲ့ခြင်း မရှိလျှင် မိထွေး၊ ပထွေး ကွယ်လွန်သောအခါ ပထမ အိမ်ထောင်မှ သားသမီးသည် ဒုတိယအိမ်ထောင်မှ သားသမီးများထံမှ အမွေတောင်းဆို နိုင်သည်။

မတင်တင်ဝင်း နှင့် ဒေါ်စောတင် ပါ-၃ .... .... ၆၆

**အခွင့်အမိန့်အရနေသူကို နှင်လိုမှု–** ပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူသည် နှစ်ပေါင်းမည်မျှပင် နေထိုင်ခဲ့စေကာမူ ပိုင်ရှင်အား ဆန့်ကျင် လက်ရှိ ထားရာ မရောက်ခြင်း။

**ဆုံးဖြတ်ချက်။** အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းသည် ပိုင်ရှင်အား ဆန့်ကျင် လက်ရှိထားခြင်း မဟုတ်သဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်သူသည် နှစ်ပေါင်းမည်မျှပင် နေထိုင်ခဲ့စေကာမူ ပိုင်ရှင်အား ဆန့်ကျင်ဘက်ပိုင်ဆိုင်ခွင့် မရနိုင်ကြောင်း ယုံးပြုထားသည့်အချက်ကို တရားရုံးများက အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိသည်၊ ဒေါ်သောင်းခင်း နှင့် မောင်ကြည် [၇] အမှု၊ ဒေါ်ခင်ကြည် နှင့် ဒေါ်ခင်သန်း [၆] အမှုနှင့် ဒေါ်သန်းရင် နှင့် ဒေါ်သန်းစိန် [၅] အမှုတို့တွင် ကြည့်ပါ။ ထို့ကြောင့် အချင်းဖြစ်အိမ်တွင် မူလပိုင်ရှင် ဒေါ်ငွေ သင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူ အယူခံတရားလို ဒေါ်ရှုဘင်သည် ပိုင်ရှင် အား ဆန့်ကျင်လက်ရှိပိုင်ဆိုင်ခွင့် မရနိုင်ချေ။

ဒေါ်ရှုတင် ပါ-၂ နှင့် ဦးမောင်ဆင့် .... .... ၁၃၀

ကာလစည်းကမ်းသတ် ပြဿနာသည် အမှုတစ်ခုလုံး ဆုံးဖြတ်ရန် အရေးပါ သော ပြဿနာဖြစ်ခြင်း– မည်သည့်အခါ အယူခံရုံးက ယင်းပြဿနာကို ဆုံးဖြတ်နိုင်ခြင်း။ စာမျက်နှာ

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင် ဒေါ်ညွန့်ညွန့်တင်စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိ အဓိက သုံးသပ် ဆုံးဖြတ်ရန် ပြဿနာပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ကာလစည်းကမ်းသတ်ပြဿနာ သည် အမှုတစ်ခုလုံးဆုံးဖြတ်ရန် အရေးပါသောပြဿနာဖြစ်သည်။ မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင် ဖြစ်စေ အမှုတွင်ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီးအချက်ရှိနေလျှင် နောက်ဆုံး အယူခံရုံးက ဆုံးဖြတ်နိုင်သည်။

ဦးဝင်းဘန် ပါ–၂ နှင့် ဒေါ်ညွန့်ညွန့်တင် .... .... ၁၆၆

တရားစီရင်ရေးဥပဒေပုဒ်မ ၆၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ ပါ မူလ ဘူတ အာဏာ– အထူးခုံရုံးက ချမှတ်သော ဒီကရီ၊ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တို့ကို ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထားခြင်းပြုနိုင်– မပြုနိုင်။

**ဆုံးဖြတ်ချက်။** ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးက ချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရားရုံးထက် ပို၍အဆင့်မြင့်သော တရားရုံးက ပြင်ဆင် ပယ်ဖျက်ရန် ဖြစ်သည်။ တရားရုံးတစ်ရုံးသည် မိမိချမှတ်ထားသောစီရင်ချက်၊ ဆုံးဖြတ်ချက်၊ အမိန့် အစရှိသည်တို့ကို ပြန်လည် သုံးသပ်ပြင်ဆင်ခွင့် အလို အလျောက် မရရှိချေ။ ပြန်လည်သုံးသပ်ပိုင်ခွင့်ကို ဥပဒေက အပ်နှင်းမှ ရရှိသည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ တို့တွင် တရားမမှုများ၌ တရားရုံးများက မိမိချမှတ်သောစီရင်ချက်၊အမိန့်ကို ပြန်လည် သုံးသပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။ ထိုပြဋ္ဌာန်းချက်များ ဘောင်ကို ကျော်လွန်ပြီး ပြန်လည်သုံးသပ်ခွင့်အာဏာကို ကျင့်သုံးခြင်းမပြုနိုင်။ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ ပါ မူလဘူတအာဏာသည် သီးခြား အာဏာ မဟုတ်ချေ။ စီရင်ပိုင်ခွင့်ကို သီးခြားအပ်နှင်းခြင်းလည်းမဟုတ်ချေ။ ပြန်လည် သုံးသပ်ပိုင်ခွင့်ကို သီးခြားပြဋ္ဌာန်းထားသည်ဖြစ်၍ ထိုပြဋ္ဌာန်းချက် ဘောင် များကို ကျော်လွန်၍ ပုဒ်မ ၁၅၁ အရ အာဏာကိုကျင့်သုံးကာ ပြန်လည် သုံးသပ်ပိုင်ခွင့် မရှိချေ။

ဦးစောဖေသန်း နှင့် မန်နေဂျာ ပြည်ထောင်စုမြန်မာနိုင်ငံ ဘဏ်(၄) .... ၅၉

**ရပ်ကွက် တရားရုံးက ဒီကရီကို လက်မှတ်ထိုးရန် ပျက်ကွက်ခြင်း၊ တိုင်း တရားရုံးနှင့် ဗဟိုတရားရုံးတို့က ချမှတ်သော အဆုံးအဖြတ်အသီးသီးသည် ဥပဒေနှင့်မညီဟု ဆိုနိုင်–မဆိုနိုင်။**

ဆုံးဖြတ်ချက်။ မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို တိုင်းတရားရုံးတွင် အယူခံဝင်ရာ၌လည်းကောင်း၊ တိုင်းတရားရုံးကချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ယခုဗဟိုတရားရုံးတွင် အယူခံဝင်ရာ၌ လည်းကောင်း ရပ်ကွက်တရားရုံး၏ ဒီကရီမိတ္တူကို တင်သွင်းရန်မလိုချေ။ သို့ဖြစ်ရာ ရပ်ကွက် တရားရုံးက ဒီကရီကိုလက်မှတ်ရေးထိုးရန်ပျက်ကွက်ရုံမျှဖြင့် တိုင်းတရားရုံးနှင့် ဗဟိုတရားရုံးတို့က ချမှတ်သော အဆုံးအဖြတ်အသီးသီးသည် ဥပဒေနှင့်မညီဟု မဆိုနိုင်ချေ။

ဒေါ်လင်အာလန် နှင့် ဒေါ်သန်းလှ ပါ–၅ .... .... ၁၄၄

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၄– ယာယီတားဝရမ်းကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို တရားရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်ရခြင်း။**

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံး အမိန့် ၃၉၊ နည်း ၄ တွင် တရားရုံးသည် မိမိထုတ်ဆင့်ထားသော ယာယီတားဝရမ်းနှင့် ပတ်သက်၍ မကျေနပ်သည့်ဘက်မှ တင်ပြလျှောက်ထားလာလျှင် ထိုယာယီတားဝရမ်းကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာ တရားရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့် ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်။ မူလတရားရုံးသည် ၎င်း၏ ဆင်ခြင်တုံတရားအရ အကျိုးအကြောင်း ဖော်ပြလျက် ယာယီတားဝရမ်းအား ပယ်ဖျက်ရန် မသင့်ဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်း မရှိသဖြင့် ဆက်လက်အတည်ပြုပြီး ယခုအယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဒေါ်ခင်စော ပါ–၂ နှင့် ဦးဝိုင်အေမြား ... .... ၁၇

**ဒီကရီကိုအတည်ပြုသော ဇာရီရုံး–ဒီကရီမှာသည် မှန်သည်ကို ဝေဖန်သုံးသပ်ခြင်း မပြုနိုင် – ဒီကရီကို အတည်ပြုရန် ငြင်းဆိုနိုင်သောအကြောင်းများ။**

ဆုံးဖြတ်ချက်။ တိုင်းတရားရုံးက သုံးသပ်သကဲ့သို့ သင်္ကန်းကျွန်းမြို့နယ် တရားရုံး ၁၉၈၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ တွင် ချမှတ်သည့် ဒီကရီမှာ အတည်ဖြစ်လျက်ရှိ၍ ဒီကရီကို အတည်ပြုသော ဇာရီရုံးသည် ဒီကရီမှာသည် မှန်သည်ကို ဝေဖန်သုံးသပ်ခြင်းမပြုနိုင်ပေ။ ဒီကရီကို အတည်ပြုရာ၌ ဇာရီရုံးသည် အဆိုပါဒီကရီမှာ ဆေသူအပေါ် ချမှတ်သော ဒီကရီ၊ စီရင်

ပိုင်ခွင့်မရှိဘဲ ချမှတ်သော ဒီကရီနှင့် အများပြည်သူနှင့်သက်ဆိုင်သော မူဝါဒ စာချက်နှာ အပေါ် အခြေခံသည့် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ချမှတ်သော ဒီကရီ ဖြစ်လျှင်သာ အာဏာတည်မပြုဘဲ နေနိုင်သည်။ အထက်ပါ အကြောင်း ၃ ရပ်မှ အပ ဇာရီရုံးသည် ဒီကရီကိုအာဏာတည်ပြုရန် ငြင်းဆိုနိုင်ခြင်းမရှိပေ။

ဒေါ်ခင်စိန်ပါ–၃ နှင့် ဦးချစ် ... .... ၂၀

**မီးသေဆုံးဖြတ်ချက်–တရားပြိုင်အချင်းချင်းအကြားတွင် မီးသေဆုံးဖြတ်ချက် ဖြစ်ရန်အချက်။**

**ဆုံးဖြတ်ချက်။** အမိကအားဖြင့် အဆိုပါတရားမကြီးမှုအမှတ် ၄/၇၄ မှ ဆုံးဖြတ်ချက်သည် လက်ရှိတရားမကြီးမှုအမှတ် ၆/၇၉ (အနောက်မြောက်) တွင် မီးသေမှု ဖြစ်မဖြစ်မှာ ပထမအမှုမှ တရားပြိုင်များ ဖြစ်ကြသော ဦးရီစွတ်နှင့် ဦးသန်းတင်တို့ အကြား မီးသေမှု ဖြစ်မဖြစ် သုံးသပ်ရန်သာ ဖြစ်သည်။ တရားပြိုင်အချင်းချင်း အကြားတွင် မီးသေသော ဆုံးဖြတ်ချက် ဖြစ်ရန်မှာ တရားပြိုင်အချင်းချင်းအကြားတွင်အကျိုးသက်ဆိုင်ခွင့်များ ဝိရောဓိ ဖြစ်လျက်ရှိရန် လိုသည်။

ဒေါ်ခင်စိန်ပါ–၇ (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးခင်မောင်အေး) နှင့် ဦးတင်ဦး (ခ) တင်မောင်ဦးပါ–၄ — ၂၃

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ရှင်းလင်းချက် ၄– မြေပေါ် ကျူးကျော်သူများဟု အဆိုပြု၍စွဲဆိုခဲ့ရာ ရှုံးနိမ့်ခဲ့ပြီးနောက် တစ်ဖန် မြေငှားများဟု အဆိုပြု၍ မြေရှင်မြေငှား နှင်ထုတ်ရန် တရားစွဲဆိုခွင့် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** အယူခံ တရားလို ဒေါ်ခင်သန်းက အယူခံ တရားပြိုင် ဒေါ်ခင်ညွန့်အပေါ် ယခင် စွဲဆိုခဲ့သော မန္တလေးတိုင်း တရားရုံး တရားမ ကြီးမှုအမှတ် ၁၅၁/၈၂ မှာ ဒေါ်ခင်သန်းက အချင်းဖြစ်မြေကို အမွေရ မှိုင်ဆိုင်ကြောင်း၊ ပိုင်ရေးဆိုင်ခွင့်ကိုအခြေခံပြီး ဒေါ်ခင်ညွန့်တို့အား မြေပေါ် ကျူးကျော်နေထိုင်သူများဟု အဆိုပြုကာ နှင်ထုတ်ပေးရန် စွဲဆိုခဲ့ခြင်း ဖြစ် သည်။ ယခုစွဲဆိုသောအမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) အရ မြေရှင်မြေငှားဟု အဆိုပြု စွဲဆိုခြင်းဖြစ်သည်။ အမှုနှစ်မှုမှ အမှုဖြစ်အကြောင်းခြင်းရာ ဆုံးဖြတ်ရန်ပြဿနာ နှင့် အခြေခံရမည့်ဥပဒေတို့ မတူခြားနားသည်။ အမှုနှစ်ခုမှ ကြောင်းခြင်း

ရာတို့ ကွဲပြားခြားနားသည်ဖြစ်၍ ဥပဒေအရ တစ်မှုဘည်းတွင် ပေါင်း၍ စာချုပ်နှာ စွဲဆိုရန် မဖြစ်နိုင်လျှင် ယခင်အမှုတွင် တင်ပြသင့် တင်ပြခွင့်ရှိသည့် အကြောင်း မဟုတ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မီးသေ ပိတ်ပင်ပြီး မဖြစ်ချေ။ ငွေရမ်းခဲ့သည်ဟု အဆိုပြုပြီး မြေကို လက်ရောက် ရလိုကြောင်း စွဲဆိုခဲ့ရာ ရှုံးနိမ့်ပြီးနောက် ပိုင်ရေး ပိုင်ခွင့်ကို အခြေခံ၍ လက်ရောက်ရလိုကြောင်း စွဲဆိုပြန်ရာ နောက်စွဲဆိုသော အမှုကို ပိတ်ပင်ခြင်း မပြုကြောင်း၊ မခင်နှင့် မပု ပါ-၃ အမှုတွင်ပင် ညွှန်ပြသည်။ ထို့ကြောင့် အယူခံတရားလိုဒေါ်ခင်သန်း၊ ယခုစွဲဆိုသော တရားမကြီးမှုအမှတ် ၁၅၁/၈၂ ကြောင့် မီးသေပိတ်ပင်ပြီး မဖြစ်ကြောင်း၊ ထင်ရှားသည်။

ဒေါ်ခင်သန်း နှင့် ဒေါ်ခင်ညွန့် ပါ-၄ .... .... ၃၇

**ဒီကရီကျငွေကို အရစ်ကျပေးဆပ်ခွင့်၊ ခွင့်ပြုရန် လုံလောက်သော အကြောင်း ရှိမရှိ ချင့်ချိန်ဆုံးဖြတ်ရာ၌ တရားနိုင်၏သဘောတူတင်ပြချက်ကို လက်ခံ စဉ်းစားရခြင်း။**

**ဆုံးဖြတ်ချက်။** ဒီကရီကျငွေ ပေးဆပ်ရန်တာဝန်မှာ တရားရှုံး သဘော အရ တရားရှုံး၏တာဝန်ဖြစ်သည်။ အရစ်ကျပေးဆပ်ခွင့်ပြုရန် သင့် မသင့်မှာ တရားရုံး၏ဆင်ခြင်တုံတရားအရ ခွင့်ပြုရန် လုံလောက်သောအကြောင်း ရှိမရှိ ချင့်ချိန်ဆုံးဖြတ်ရန် ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော မူလရုံး၏ နေ့စဉ် မှတ်တမ်းအရ ဒီကရီကျငွေ တစ်ရစ်လျှင် ၂၅၀၀/-ပေးသွင်းပါက အရစ်ကျ ခွင့်ပြုရန် တရားနိုင်က သဘောတူကြောင်း ပေါ်လွင်သည်။ တရားနိုင်က လက်ခံသဘောတူခြင်းသည် အရစ်ကျခွင့်ပြုရန် လုံလောက်သော အကြောင်း မဟုတ်ဟု မဆိုနိုင်ပေ။ ဤကဲ့သို့ တစ်ဖက်အမှုသည် တရားနိုင် ကိုယ်တိုင် သဘောတူကြောင်း တင်ပြပါလျက် မူလရုံးက လက်ခံ မစဉ်းစားခြင်းမှာ တရားမျှတသည်ဟုဆိုရန် ခဲယဉ်းသည်။

ဦးချစ်ဦး ပါ(၂) နှင့် ဒေါ်တင်ကြည် .... .... ၄၃

**တရားမမှုများတွင် အမှုသည်များ၏အဆိုအချေ၌မပါဝင်၊ဆန့်ကျင်ကွဲလွဲသည့် ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍– သက်သာခွင့်မပေးရခြင်း။**

**ဆုံးဖြတ်ချက်။** တရားမမှုများတွင် အမှုသည်များ၏ အဆို အချေတို့ အပေါ်တွင် အမှု၏ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်သည်။ မူလရုံး အနေဖြင့် သော် လည်းကောင်း၊ အယူခံရုံးအနေဖြင့်သော်သည်းကောင်း အဆိုအချေ၌ မပါဝင် ဆန့်ကျင်ကွဲလွဲသည့်ကိစ္စကိုဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရပေ။ အေအက်စ်၊ ပီ၊ အက်စ်၊ ကေအာရ်၊ ကရုပန် ချစ်တီးယား နှင့်

အချုပ်ကလင်ဂန်ချစ်တီးယား ° အမှုတွင် အောက်ပါအတိုင်း ထုံးပြုထား စာချက်နှာသည်-

" A party should be allowed to win or lose on a case set out in his pleading and it is not the function of a trial or an appellate court to make out a case different from the one set out in pleadings. "

ဦးဂဖူး နှင့် ဦးစိန်မောင်ပါ-၂ .... .... ၄၆

အမှုကြားနာရန် ချိန်းဆိုထားသော နေ့ရက်တွင် လျှောက်ထားသူနှင့် သူ၏ ရှေ့နေတို့ လာရောက်ရန် ပျက်ကွက်သဖြင့် အမှုကို ပလပ်ခဲ့သည်။ အမှုကို ပြန်ဖွင့်ပေးရန်လျှောက်ထားရာ ပျက်ကွက်ရခြင်းအတွက် လုံလောက်သော အကြောင်းပြချက် ဟုတ်-မဟုတ် သုံးသပ်ခြင်း။

ဆုံးဖြတ်ချက်။ တရားရုံးချုပ်က အမှုခေါ်စာရင်းကို ရက်သတ္တနှစ်ပတ်ကြိုတင်၍ ရုံးရှေ့ကြော်ငြာသင်ပုန်း၌ကပ်ထားသည်။ ရုံးချိန်းရက်ကိုကြည့်ရှုရန်အတွက် အမှုသည်နှင့် ၎င်းအားကိုယ်စားပြုသူရှေ့နေတို့ နှစ်ဦးစလုံး၌ တာဝန်ရှိသည်။ အကယ်၍ ရုံးချိန်းရက်သဲကွဲမှုမရှိပါက အနီးအနားရှိပုဂ္ဂိုလ်တို့အား ကြည့်ရှုစေနိုင်သည်။ ဦးညွှန့်မောင်၏ ရှေ့နေသည် ၎င်း၏ အမှုသည် မျက်စိမှုန်ခြင်းကိုလည်း သိရှိသည့်အပြင် ၎င်း၏ အမှုသည်၏ မျက်စိ ခွဲစိတ်ထားကြောင်း အဆိုပြုပြီး ယင်းကဲ့သို့ အမှုသည်၏ချို့ယွင်းချက်ကိုသည်း သိရှိပါလျက် အမှုသည်အား အမှုခေါ်စာရင်းရှိ ရက်ချိန်းကို ကြည့်ရှုခိုင်းခြင်းမှာ ရှေ့နေ၌တာဝန်မရှိဟု မဆိုနိုင်ချေ။ ရှေ့နေအနေဖြင့် ရက်သတ္တနှစ်ပတ်အတွင်း တရားရုံးချုပ်သို့ လာရောက်ရင်း ဖြစ်စေ၊ မိမိအလိုအလျောက်ဖြစ်စေ ရုံးချိန်းရက်ကို မိမိအား ငှားရမ်းသူ အမှုသည် အကျိုးအတွက် ကြည့်ရှုနိုင်သည်။ ကြည့်ရှုရန်တာဝန်လည်းရှိသဖြင့် ရှေ့နေ၏ပျက်ကွက်မှုသည်လည်း ခွင့်လွှတ်ရန် အကြောင်းမရှိချေ။

ဦးညွှန့်မောင် နှင့် ဒေါ်သောင်း .... .... ၆၃

အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သောသူများ၏ အကျိုးကို ထိခိုက်နစ်နာခြင်းမရှိပါက အယူခံရုံးကချမှတ်သော ဒီကရီသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ အမှုတွင် ဝေဖန်ရန်ရှိသည်မှာ မူလရုံးက ချမှတ်သည့် ပဏာမဒီကရီအပေါ် ဦးလာဘတို့က မကျေနပ်၍ တိုင်းတရားရုံးသို့ အယူခံ

ရာတွင် အယူခံတရားလို ဦးထွန်းတင် ဟစ်ဦးတည်းအပေါ်၌သာ အယူခံပြီး စာမျက်နှာ ကျန်တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ ထိုနည်းတူ တိုင်းတရားရုံးက အတည်ပြုခဲ့သည့် ပဏာမဒီကရီအပေါ် မကျေနပ်၍ ယခု တရားရုံးချုပ်သို့ အယူခံရာ၌သည်း ဦးထွန်းတင်က ဦးလာဘတို့နှစ်ဦးအပေါ်တွင်သာ အယူခံပြီး ကျန်တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ တိုင်းတရားရုံးက ဒီကရီချမှတ်ရာ၌ အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သည့်သူများ၏ အကျိုးကို ထိခိုက်နစ်နာခြင်း မရှိ၍ တိုင်းတရားရုံး၏ ဒီကရီမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ ထိုနည်းတူ ယခုအယူခံတွင်လည်း အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သောသူများ၏အကျိုးကို ထိခိုက်နစ်နာစေခြင်း မရှိ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ နှင့် ၃၃ နှင့် ဆန့်ကျင်ခြင်း မရှိပေ။

ဦးထွန်းထင် နှင့် ဦးလာဘ ပါ-၂ .... .... ၈၁

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၂ နှင့် နည်း ၃- အမှုရပ်စဲခြင်းသည် နည်း ၂ နှင့် မသက်ဆိုင်- နည်း ၃ (၂) ပါ ပြဋ္ဌာန်းချက်နှင့်သာ သက်ဆိုင်သည်။ "အမှုချုပ်ငြိမ်း" သည်ဟု ရေးသားခြင်းသည် မမှန်၊ "အမှုရပ်စဲသွားသည်" ဟု ရေးသားရခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်မှာ အမှု ရပ်စဲခြင်းနှင့် မသက်ဆိုင်ပေ။ တရားလို ကွယ်လွန်၍ ၎င်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ်မထည့်သွင်းသဖြင့် အမှုရပ်စဲခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်းဥပဒေ ၃ (၂)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည်။ ထို့ပြင် "အမှုချုပ်ငြိမ်း" သည်ဟု ရေးသားထားခြင်းမှာ မမှန်ကန်ပေ။ "အမှုရပ်စဲ" သည်ဟု ရေးသားရန် ဖြစ်သည်။ "အမှု ရပ်စဲသွားသည်" ဟူသော အရေးအသားမှာ စီရင်ထုံးများအရ အတည်ဖြစ်လျက် ရှိပေသည်။

ဦးနီဆာအာခက်
(ကွယ်လွန်သူ အိုင်အိပ်ချ်ဘာဒူး၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်မြဝင်း .... ၈၇

**စီရင်ချက်ရက်စွဲနှင့် ဒီကရီရက်စွဲ ကွဲလွဲနေလျှင် မူလရုံးမှ ပြန်လည်ပြင်ဆင်နိုင်သည်- ထိုအချက်မှာ အမှု၏ အရည်အသွေးကို ပြောင်းလဲနိုင်ခြင်း မရှိ။**

**ဆုံးဖြတ်ချက်။** တရားပြိုင်က အိမ်လခပေးရန် ကြွေးကျန်များ ရှိနေကြောင်း ချေလွှာ၌ ရေးသားဖော်ပြထားခြင်းကြောင့် မူလရုံးမှ တရားလို အား ပုဒ်မ ၁၂ (၁) (က) ပထမပိုင်းနှင့် အနိုင်ဒီကရီ ချမှတ်ပေးခြင်းမှာ

မှားယွင်းခြင်း မရှိပေ။ စီရင်ချက် ရက်စွဲနှင့် ဒီကရီရက်စွဲ လွဲနေသည့်ကိစ္စမှာ စာမျက်နှာမှုလရုံးမှ ပြန်လည်ပြင်ဆင်နိုင်သည့်ကိစ္စ ဖြစ်သည်။ ယင်းကိစ္စကြောင့် အမှု၏ အရည်အသွေး ပြောင်းလဲသွားနိုင်ခြင်းမရှိပေ။ မူလရုံး၏ အမိန့်နှင့် ဒီကရီမှာ မှားယွင်းခြင်းမရှိသဖြင့် ဆက်လက်အတည်ပြုပြီး ဤအယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင် နှင့် ဦးမျိုးသန်း ပါ-၂.... .... ၉၃

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၂-အဆင့်မြင့် တရားရုံးသို့ သွားရောက်နေရသဖြင့် အချိန်အနည်းငယ် နောက်ကျရသည်မှာ ခိုင်လုံသော အကြောင်းပြချက် ဟုတ်-မဟုတ်။

ဆုံးဖြတ်ချက်။ ရက်ချိန်းနေ့က တစ်နေကုန် မလာရောက်ခြင်း မဟုတ်၊ အဆင့်မြင့်သော တိုင်းတရားရုံးသို့ သွားရောက်ဆောင်ရွက်နေရသဖြင့် တရားပြိုင်၏ ရှေ့နေမှာ နေ့သယ် ၂ နာရီ အချိန်ကျမှ ရောက်ရှိကြောင်း ပေါ်ပေါက်သည်။ အဆင့်မြင့်တရားရုံးသို့သွားနေရသဖြင့် အချိန်အနည်းငယ်နောက်ကျရသည်ဟု အကြောင်းပြခြင်းမှာ ခိုင်လုံ၍ ကောင်းမွန်သောအကြောင်းပြချက်ဖြစ်သည်။

ဦးမောင်ချစ် နှင့် ဒေါ်ချစ်ရင် ပါ-၆ .... .... ၉၆

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၆- ကွယ်လွန်သွားသောတရားနိုင်၏ ဆိုင်ရေးဆိုင်ခွင့်ကို ဆက်ခံရရှိသူက ကွယ်လွန်သူရရှိထားသော ဒီကရီကို အတည်ပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ အရ လည်းကောင်း၊ အမိန့် ၂၁၊ နည်း ၁၆ အရ လည်းကောင်း ကွယ်လွန်သွားသောတရားနိုင်၏ ဆိုင်ရေးဆိုင်ခွင့်ကို ဆက်ခံရရှိသူသည် ကွယ်လွန်သူရရှိထားသော ဒီကရီကို အတည်ပြုနိုင်သည်။ သို့ဖြစ်ရာ ဒေါ်အမ အမည်ဖြင့် ရရှိထားသောဒီကရီကို အတည်ပြုပေးရန် ဒေါ်အမ၏ အမွေစားအမွေခံတို့၏ လျှောက်ထားချက်အရ ယခင်မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၏ တရားမ တရားစီရင်ရေးအား တာဝန်ယူ ဆက်ခံသော မန္တလေးတိုင်းတရားရုံးက အမှုဖွင့်လှစ် ဆောင်ရွက်ခြင်းသည် တရားမကျင့်ထုံးဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိချေ။

ဦးမောင်မောင် ပါ-၂ နှင့် ဦးဘသန်း ပါ-၄ .... .... ၁၀၄

စာရိမှု– အမိန့်ချမှတ်ရန်ချိန်းဆိုသောနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့လာရောက်ရန် ပျက်ကွက်ခြင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၁ နှင့် သက်ဆိုင်ခြင်း မရှိ၊ ကာလ စည်းကမ်းသတ် ဘောင်အတွင်း စာရိလျှောက်လွှာ အသစ်တင်သွင်းနိုင်ခြင်း၊ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ စာရိမှုတွင် အမိန့်ချမှတ်ရန်ချိန်းဆိုသောနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့လာရောက်ရန်ပျက်ကွက်ပါက တရားရုံးက ယင်းစာရိမှုအား ဆက်လက်အတည်ပြုဆောင်ရွက်မည့်သူ မရှိတော့သဖြင့် စာရိမှုကိုပလပ်ရန်သာ ရှိပေသည်။

စာရိမှုများသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၁ နှင့် မသက်ဆိုင်သဖြင့် တရားရုံး ရုံးချိန်းနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့မလာရောက်သည်ကို အကြောင်းပြုပြီး စာရိလျှောက်လွှာကိုပယ်လျှင် တရားနိုင်အနေဖြင့် ထိုပယ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရန် မလိုဘဲ ကာလ စည်းကမ်းသတ် ဘောင်အတွင်း စာရိလျှောက်လွှာ အသစ်တင်သွင်းနိုင်သည်။ အမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များက ထိုကဲ့သို့ ထပ်မံ လျှောက်ထားနိုင်ခြင်းကို ပိတ်ပင်ခြင်း မရှိချေ။

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) နှင့် ဒေါ်ခင်ခင်ပါ–၉.... .... ၁၁၀

တရားမကျင့်ထုံးဥပဒေအမိန့် ၁၃ နည်း ၁ နှင့် နည်း ၂–အများပြည်သူဆိုင်ရာ စာရွက်စာတမ်း– ချေလွှာတင်သွင်းစဉ်က လည်းကောင်း၊ ပထမအကြိမ် အမှုကြားနာစဉ်က လည်းကောင်း မတင်ပြခဲ့သော်လည်း သက်သေခံ အဖြစ် လက်ခံခြင်း။

ဆုံးဖြတ်ချက်။ အဆိုပါဂရန်မှာ အများပြည်သူဆိုင်ရာစာရွက်စာတမ်း ဖြစ်သည့်ပြင် အချင်းဖြစ်မြေနှင့် ပတ်သက်သော ဂရမ် ဖြစ်၍ အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းဟု ဆိုနိုင်မည် ဖြစ်သည့်ပြင် အတုပြုလုပ်ရန်လည်း အကြောင်း မပေါ်ပေါက်ချေ။ စာရွက်စာတမ်း တစ်ရပ်သည် အတု မဟုတ်ကြောင်း ကျေနပ် ယုံကြည်ပါက သက်သေခံ အဖြစ် လက်ခံနိုင်ပေမည်။ မောင်ထွန်းစိန်နှင့်ကိုတူ အမှုတွင် ကြည့်ပါ။ သို့ဖြစ်၍ မူလရုံးက အချင်းဖြစ် စာရွက်စာတမ်းသည် ချေလွှာနှင့် အတူ တင်ပြခြင်း မရှိ၍ လည်းကောင်း၊ ပထမအကြိမ် အမှုကြားနာစဉ် မတင်ပြခဲ့၍ လည်းကောင်း သက်သေခံအဖြစ် လက်မခံဘဲ ပယ်ချခဲ့ခြင်းမှာ မှန်ကန်သည် မဆိုနိုင်ပေ။

ဦးမျိုးမာ (ခ) ဦးမာ နှင့် ဦးဆေးနိုင် .... .... ၁၁၄

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ - ငြင်းချက်အားလုံးကို ဖြေဆို ဆုံးဖြတ်ပြီး အမှု၏အရည်အသွေးအရ ချမှတ်သည့်ဒီကရီအပေါ် အယူခံမှု - နောက်ထပ်လိုအပ်ချက်ရှိနေလျှင် ဆောင်ရွက်ပုံ - တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၃ နှင့် နည်း ၂၅၊ နည်း ၂၇ ပါ အယူခံရုံး၏ လုပ်ပိုင်ခွင့်တို့ မတူ ခြားနားခြင်း။ **စာမျက်နှာ**

ဆုံးဖြတ်ချက်။ မူလရုံးက ပဏ္ဍာမဒီကရီအရ အမှုကိုဆုံးဖြတ်ခြင်းကြောင့် တင်သွင်းသောအယူခံမျိုးတွင်သာ အယူခံရုံးသည် မူလရုံးဒီကရီကို ပယ်ဖျက်ပြီး မူလရုံးအား ကျန်ငြင်းချက်များကိုဖြေဆိုပြီး အမှုကို ဥပဒေနှင့်အညီ ပြန်လည်ဆုံးဖြတ်ရန် အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားသည့် အမိန့် ချမှတ်နိုင်သည်။ ယခုအမှုမှာကဲ့သို့ မူလရုံးက ငြင်းချက်အားလုံးကို ဖြေဆို ဆုံးဖြတ်ပြီး အမှု၏အရည်အသွေးအရ ချမှတ်ခဲ့သည့် မူလရုံး၏ဒီကရီအပေါ် တင်သွင်းသည့် အယူခံမျိုးတွင် ဒုတိယ တိုင်းတရားသူကြီးက အမိန့် ၄၁၊ နည်း ၂၃ အရ ဖြည့်စွက် ငြင်းချက်ထုတ်ပြီး မူလရုံးအား ညွှန်ကြားသည့် အမိန့် ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ အယူခံတွင် အမှုကို အပြီးသတ်အဆုံးအဖြတ်ပေးရန်သာ ရှိပေလိမ့်မည်။ နောက်ထပ် လိုအပ်ချက် ရှိနေသည် ထင်မြင်လျှင်လည်း အမိန့် ၄၁၊ နည်း ၂၅ သို့မဟုတ် ၂၇ အရ ကျင့်သုံးဆောင်ရွက်ရန် ရှိပေလိမ့်မည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ နှင့် နည်း ၂၅၊ နည်း ၂၇ ပါ အယူခံရုံး၏ လုပ်ပိုင်ခွင့်တို့ မတူ ခြားနားပုံကို ပထမအယူခံရုံးအနေဖြင့် သတိမူမိဟန်မတူပေ။

ဦးအောင်သိန်း ပါ-၄ နှင့် ဒေါ်ထွေး ပါ-၂ .... .... ၁၉၂

အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား နှင်လိုမှု—အခွင့်အမိန့်အရနေသူနှင့်အတူ နေထိုင်သူ—ခွင့်ပြုချက်အရနေထိုင်သူ ကွယ်လွန်ပြီးနောက် အတူနေ သားသမီးများ— တရားပြိုင်သည် အခမဲ့နေသူ မိဘများ၏ နေထိုင်ခွင့်ကို ဆက်ခံခြင်း။

ဆုံးဖြတ်ချက်။ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား နှင်ထုတ်လိုမှုများတွင် အခွင့်အမိန့်အရနေသူနှင့် အတူနေထိုင်သူတို့သည်လည်း မူလခွင့်ပြုသူ၏ အခွင့်အမိန့်အရ နေထိုင်သူများပင်ဖြစ်၍ ထိုသူတို့ကိုလည်း အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် တရားစွဲဆို နှင်ထုတ်ခွင့်ရှိသည်။ ဦးအုန်း နှင့် ဦးကြိုင်[၁] အမှုကို ရည်ညွှန်းသည်။ ထို့ပြင် ခွင့်ပြုချက်အရနေထိုင်သူ ကွယ်လွန်သွားပြီးနောက် အတူနေသားသမီးများကို ခွင့်ပြုသူက အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအဖြစ် နှင်ထုတ်ခွင့် ရှိသည်။ ဤကိစ္စရပ်၌ တရားလိုသည် အခွင့်အမိန့်ပေးသော ကွယ်လွန်သူ၏ ပိုင်ဆိုင်မှုကို ဆက်ခံခွင့်ရှိသကဲ့သို့ တရားပြိုင်သည် အခမဲ့နေသူမိဘများ၏ နေထိုင်ခွင့်ကို ဆက်ခံသည်။

| | | | | | စာမျက်နှာ |
|---|---|---|---|---|---|
| ဒေါ်ခင်ညွန့် | | ဦးသိန်းဟန် | | | |
| ဦးတင်ဝင်း ပါ-၂ | နှင့် | ဦးသိန်းဟန် | .... | .... | ၂၆ |
| ဦးရွှေဝင်း ပါ-၂ | | ဦးသိန်းဟန် | | | |

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု–နေအိမ်အခိုင်အမာဆောက်လုပ်ခွင့်ပြု ခဲ့လျှင် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့် ရှိ–မရှိ။**

ဆုံးဖြတ်ချက်။ အချင်းဖြစ်မြေတွင် ဦးတင်အောင်သည် ၁၉၇၀ ပြည့်နှစ်တွင် ဦးကိုလေး၏ခွင့်ပြုချက်အရ တဲအိမ်ဆောက်လုပ် နေထိုင်ပြီးနောက် တပ်ကုန်းမြို့သို့ ပြောင်းရွှေ့သွားခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ်တွင် ယခုတည်ရှိနေသော တိုက်ခံအိမ်ကို ဦးကိုလေးထံ ခွင့်တောင်းပြီး ငွေကုန်ကြေးကျခံကာ ဆောက်လုပ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဦးတင်အောင်က ငွေအမြောက်အမြား အကုန်ခံ၍ တိုက်ခံ နှစ်ထပ်အိမ်ဆောက်လုပ်ပြီး ၁၉၈၈ ခုနှစ်တွင် တိုက်ခံအိမ်ကိုဖျက်ပြီး မြေပေါ်မှ ဖယ်ရှားပေးရမည်ဆိုလျှင် တရားမျှတမှု ရှိမည်မဟုတ်ချေ။ ဦးတင်အောင်တို့သည် အခွင့်အမိန့်သက်သက်အရ နေထိုင်သူများမဟုတ်ဘဲ နေအိမ်အခိုင်အမာ ဆောက်လုပ်ခွင့်ပြုခဲ့သဖြင့် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့်ရှိမည် မဟုတ်ပေ။ ယင်းဥပဒေသဘောတရားကို မမင်းသူ နှင့် စစ်ဝှက် [၂] အမှုတွင် တွေ့မြင်နိုင်ပေသည်။ ထို့ပြင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ဦးမောင်မောင် ပါ-၂ နှင့် ဦးတင်ဦး ပါ-၂ [၃]၊ ဦးခင်မောင် ပါ-၇ နှင့် ဒေါ်ကျင်ညွန့် [၄] အမှုများတွင်လည်း မမင်းသူအမှုတွင် ထုံးဖွဲ့ထားသော ဥပဒေသကိုလိုက်နာခဲ့ကြောင်း တွေ့ရှိသည်။

| | | | | | |
|---|---|---|---|---|---|
| ဦးဘင်အောင် ပါ-၃ | နှင့် | ဦးကိုပေး | .... | .... | ၇၁ |

**ပေါင်နှံထားသော မြေကွက်ကို ရွေးနုတ်လိုမှု–ပေါင်နှံမှုအထမမြောက်ပါက ပေါင်နှံမှုသည် ပိုင်ဆိုင်မှုကိုအခြေပြု၍ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်ခြင်း– မူလရုံးနှင့် ပြည်နယ် တရားရုံးတို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့စေကာမူ ဥပဒေနှင့်မညီလျှင် တရားရုံးချုပ်အနေဖြင့် စွက်ဖက်ပြင်ဆင်ပေးခြင်း။**

ဆုံးဖြတ်ချက်။ အယူခံတရားလိုင် ဒေါ်ပါလု ဆားကိုးပြု စွဲဆိုသော သက်သေခံ (က) စာချုပ်မှာ မှတ်ပုံတင်ထားခြင်း မရှိ၍ အပေါင် အထ မမြောက်ပေ။ သို့ဖြစ်၍ ရွေးနုတ်လိုမှု စွဲဆိုနိုင်ခြင်းမရှိချေ။ ပေါင်နှံမှု အထ

မပြောက်ပါက ပေါင်နှံသူသည် ပိုင်ဆိုင်မှုကိုအခြေပြု၍ လက်ရောက် ရလို စာချုပ်နှာကြောင်း စွဲဆိုနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** အယူခံတရားပြိုင် ဒေါ်ပါလုအနေဖြင့် အမှုစွဲဆိုပုံမှားယွင်းနေ၍ တောင်းဆိုသည့်သက်သာခွင့် မရနိုင်ပေ။ သို့ဖြစ်၍ မူလရုံးနှင့် ပြည်နယ်တရားရုံးတို့က ဒေါ်ပါလု စွဲဆိုသည့်အတိုင်း အပေါင်ပစ္စည်းကို ရွေးနုတ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ မှန်ကန်ခြင်း မရှိချေ။ မူလ ရုံးနှင့် ပြည်နယ်တရားရုံးတို့က တစ်သဘောတည်း ကောက်ယူ ဆုံးဖြတ်စေခဲ့ကာမူ အပေါင် အထမမြောက်သော ပေါင်နှံမှုအပေါ် အခြေပြု၍ အပေါင် ရွေးနုတ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီ၍ ဒုတိယအယူခံတွင် တရားရုံးချုပ်အနေဖြင့် ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်ပေးသင့်ပေသည်။

ဒေါ်ယဉ်ယဉ်မြင့် နှင့် ဒေါ်ပါလု .... .... ၁၂၇

အခမဲ့ နေခွင့်ပြုထားသူအား ဖယ်ရှားလိုမှု–သာသနာပိုင်မြေပေါ်၌ ဆောက်လုပ်လှူဒါန်းထားသော ဇရပ်နှင့်ပတ်သက်၍ အလှူရှင်က ခြွင်းချက်သဘောမျိုးထား၍ စီမံခန့်ခွဲပိုင်ခွင့် ရှိ-မရှိ၊ အလှူရှင်၏ ခွင့်ပြုချက်အရ ဇရပ်၌ နေခွင့်ရှိသည်ဟုဆိုရာ နည်းလမ်းကျ-မကျ။

ဆုံးဖြတ်ချက်။ သာသနာပိုင်မြေပေါ်၌ ဆောက်လုပ် လှူဒါန်းသည့် ဇရပ်မှာ သာသနာအတွက် လှူဒါန်းသည့် ဇရပ်သာဖြစ်ရမည်။ ထိုဇရပ်နှင့် ပတ်သက်၍ အလှူရှင်က ခြွင်းချက်သဘောမျိုးထား၍ ၎င်း၌ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်ဟုလည်းကောင်း၊ ၎င်း၏ခွင့်ပြုချက်ရမှ သီလရှင်များ ဇရပ်၌ နေခွင့်ရှိသည်ဟုလည်းကောင်း၊ ဤအမှု၌ ဘင်ပြတောင်းဆိုခြင်းမှာ ဖြစ်ရိုး ဖြစ်စဉ် အရသော်သည်းကောင်း၊ သာသနာ့အမြင်အရသော်လည်းကောင်း နည်းလမ်းမကျသဖြင့် လက်ခံခွင့်ပြုနိုင်ခြင်း မရှိပေ။

ဒေါ်ဝိစာရီ နှင့် ဦးယုကြည် .... .... ၁၆၃

အခွင့်အမိန့်နှင့် အခမဲ့ နေထိုင်သူကို နှင်လိုမှု- မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဖြင့် နေသည်ဆိုရာ၌ မှတ်ပုံတင်ရန် လို-မလို။

ဆုံးဖြတ်ချက်။ ဒေါ်သန့် တို့ အဆိုရှိခဲ့သည့် မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဆိုသည်မှာ တစ်သက်တာ နေထိုင်ခွင့်ပေးသည့်သဘောမျိုး ထင်ပြခဲ့ခြင်းဖြစ်သည်။ တစ်နှစ်ထက်ကျော်လွန်၍နေထိုင်ခွင့်ပေးခြင်းသော်လည်းကောင်း၊ တစ်နှစ်ပြီးတစ်နှစ် ဆက်၍ နေထိုင်ခွင့်ပေးခြင်းသော်လည်းကောင်း ပြုခဲ့လျှင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရ စာဖြင့် ရေးသားချက်ရှိရမည်

အပြင် ယင်းသို့ရေးသားချက်ကို မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၁၇(၁)(ခ) အရ မှတ်ပုံတင်ရန်လည်းလိုသည်။ နှုတ်အားဖြင့် ခွင့်မပြုနိုင်ပေ။ အမှုတွင် ဤသို့ ပြုလုပ်ထားခြင်းမရှိ၍ မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဖြစ်နေသည် ဆိုခြင်းမှာ တရားဥပဒေအရ ပျက်ပြယ်သည်။

**ဒေါ်သန်း ဝါ-၄** နှင့် ဒေါ်သန်းသန်း (ဂုဏ်း၏ ကိုယ်စားလှယ် ဒေါ်ခင်ယုဇန) .... .... ၁၇၈

**ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၈၃ နှင့် ၂၀၁-ကိုယ်စားလှယ်တစ်ဦးနှင့် တရားစွဲဆိုခဲ့ရာမှ- အခြား ကိုယ်စားလှယ်တစ်ဦးအား အမှုတွင် ဆက်လက်ဆောင်ရွက်ပေးရန် လျှောက်ထားခွင့် ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ပဋိညာဉ်ဥပဒေပုဒ်မ ၁၈၃ နှင့် ၂၀၁ တွင် အရွယ်ရောက်ပြီး စိတ်မနှံ့သူ မဟုတ်လျှင် ကိုယ်စားလှယ်ခန့်ထားနိုင်၍ ယင်းသို့ ခန့်ထားသော ကိုယ်စားလှယ်အား အချိန်မရွေး ရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ တိုင်းတရားရုံး၏အမိန့်သည် ဥပဒေက ပေးထားသော အခွင့်အရေးများကို နုတ်သိမ်းရာရောက်သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ဂ)တွင် ပြဋ္ဌာန်းထားသည့် စီရင်ခွင့်ကို ဥပဒေနှင့်ဆန့်ကျင်၍ ကျင့်သုံးရာရောက်ပေသည်။

**ဒေါ်ခင်ယု** နှင့် ဦးငွေစိုး ပါ-၂ (ကွယ်လွန်သူ ဒေါ်ရွှေဝါ၏ ဆက်ခံသူ ကိုယ်စားလှယ်များ) .... ....

**အခွင့်အမိန့်အရ အခမဲ့နေထိုင်သူကို နှင်လိုမှု- ကွယ်လွန်သူအမွေရှင်က အခမဲ့ခွင့်ပြုချက်ဖြင့်ထားခဲ့သူအား အမွေဆက်ခံသူက ခွင့်ပြုချက်အသစ်ပေး၍ အခမဲ့နေထိုင်ခွင့်ပြုခြင်း၊ ယခင်အမွေရှင်က ပေးခဲ့သော အခမဲ့နေခွင့်ပြုသည့် ပဋိညာဉ် ရပ်စဲခြင်း ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** အမှုတွင် အယူခံတရားလို ဒေါ်တုတ်တို့သည် သူတို့မောင်နှမ(၅)ဦးက ဦးရေစွတ်တို့အား အခွင့်အမိန့်ပေး၍ အခမဲ့နေထိုင်ခွင့်ပြုသူများအဖြစ် နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်သည်၊ မူလအခွင့်အမိန့်ပေးသူဖခင် ဦးဖိုးရွှေ၏ အခွင့်အမိန့်ကို ဆက်ခံတရားစွဲဆိုခြင်းမဟုတ်ကြောင်း သတိပြုရန် လိုသည်။ ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်၏ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသည် ဆိုခြင်းမှာ အငြင်းထွက်စရာ မရှိပေ။ ဦးသိန်းအောင် နှင့် ဒေါ်ဝင်း ၂ အမှုတွင် ကြည့်ပါ။ သို့ရာတွင် ကွယ်လွန်သူအမွေရှင်က အခမဲ့ခွင့်ပြုချက်ဖြင့် ထားခဲ့သူအား အမွေဆက်ခံသူက ခွင့်ပြုချက် အသစ်ပေး၍

အခမဲ့နေထိုင်ခွင့်ပြုလျှင် ယခင်အမွေရှင်ကပေးခဲ့သော အခမဲ့နေခွင့်ပြုသည့် စာချုပ်နှာ ပဋိညာဉ် ရပ်စဲသွားပြီဖြစ်သည်။ အမွေဆက်ခံသူအနေဖြင့် မိမိ၏ အခွင့်အမိန့် အရ နေထိုင်သူ ဖြစ်သော နှင်ထုတ်ခွင့်ရှိတော့သည်ကို သတိချပ်ရန်ဖြစ်သည်။

ဒေါ်တုတ်ပါ-၅ နှင့် ဦးရေစွတ်ပါ-၈ .... .... ၇၄

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ- ပဋိညာဉ် ဥပဒေပုဒ်မ ၂၃ ပါ "ဥပဒေ" ဆိုသော စကားရပ်- မြန်မာနိုင်ငံ တရားဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၁)- မြန်မာဗုဒ္ဓဘာသာဝင်များအကြား အငြင်းပွားနေသော အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသည့် ဓမ္မသတ်ပါ ပြဋ္ဌာန်းချက်များ သည် ဥပဒေ ဖြစ်သည့်အလျောက် ယင်း ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ်အရပ်ရပ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ် ခြင်း ရှိ-မရှိ။ အမွေရှင်က သူတစ်ပါးအား အမွေပစ္စည်းအားလုံးကိုပေး ကမ်းခြင်းသည် ပျက်ပြယ်ခြင်း ရှိ-မရှိ၊ ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ်ဒ၆ စောင်တွဲ၊ အခန်း ၈၊ ပုဒ်မ ၇၅။

ဆုံးဖြတ်ချက်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ ပါ "ဥပဒေ" ဆိုသော စကားရပ်သည် ပြဋ္ဌာန်းဥပဒေကိုသာဆိုလိုကြောင်း ယင်းပုဒ်မ၌ အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဥပဒေဖြစ်ကြောင်း အများသိရှိလက်ခံထားပြီးဖြစ်သည်။ ထို့ပြင် ထိမ်းမြားလက်ထပ်မှု၊ အမွေ ဆက်ခံမှု အစရှိသည့်ပြဿနာများနှင့် စပ်လျဉ်း၍ ကာယကံရှင် မြန်မာ ဗုဒ္ဓ ဘာသာဝင်များ အကြား အငြင်းပွားမှု ပေါ်ပေါက်လျှင် မြန်မာ့ ဓလေ့ ထုံးတမ်းဥပဒေနှင့် အညီ အဆုံးအဖြတ်ပေးရမည်ဟု မြန်မာနိုင်ငံတရားဥပဒေ များ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၁)တွင် အတိအလင်းပြဋ္ဌာန်းထားသည် ဖြစ်ရာ အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသော ဓမ္မသတ်ပါ ပြဋ္ဌာန်းချက် များသည် ဥပဒေဖြစ်သည့်အလျောက် ယင်းဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ် အရပ်ရပ်သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ ပျက်ပြယ်သည် ဟု ကောက်ယူရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ အမွေရှင်က သူတစ်ပါးအား အမွေပစ္စည်းအားလုံး ကို ပေးကမ်းခြင်းမှာ ပျက်ပြယ်ခြင်း ရှိမရှိ ဓမ္မသတ်များ၌ ပြဋ္ဌာန်းထားခြင်း မရှိချေ။ ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ် ဒ၆ စောင်တွဲ အခန်း ၈ ပုဒ်မ ၇၅ ၌ ဖော်ပြထားသော ဓမ္မသတ်များသည် မိဘဖြစ်သူက သားသမီးတို့အား ပစ္စည်းပေးကမ်းခြင်းနှင့် ဆက်ဆိုင်သည်။ ဦးနာဂ နှင့်

အခြားသူများ နှင့် မောင်လှ ^၂ အမှုတွင် ဓမ္မသတ်များအရ မိဘ ဖြစ်သူက စာမျက်နှာ အမွေပစ္စည်းအားလုံးကို သားသမီးတစ်ဦးအားပေးကမ်းခြင်းသည် ပျက်ပြယ် အတည်မဖြစ်ဟု ဆိုလျှင် သူတစ်စိမ်းအား အမွေအားလုံးကိုပေးကမ်းခြင်းသည် လည်း အလားတူ ပျက်ပြယ်ရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်ကို တွေ့မြင် နိုင်သည်။

ဒေါ်လွန်း ပါ–၅ နှင့် ဒေါ်သိန်းရင် .... .... ၁၄၉

မြန်မာဓလေ့ ထုံးတမ်းဥပဒေ၊ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃ (၁)– လင်မယား ကွာရှင်းပေးစေလိုမှု– ရူးသွပ်နေသော ကြောင့် ဖြစ်စေ၊ စိတ်ရောဂါဝေဒနာ ခံစားနေရသောကြောင့် ဖြစ်စေ၊ လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့်တာဝန် ပျက်နေခြင်းသည်– မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေအရ အိမ်ထောင်ရေး ပြစ်မှုဟု ဆိုနိုင်– မဆိုနိုင်။

ဆုံးဖြတ်ချက်။ မြန်မာဗုဒ္ဓဘာသာလင်မယားတို့၏ အိမ်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အဆုံးအဖြတ်ပေးရန် ဖြစ် ကြောင်း မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၁)တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ၃၄ စောင်တွဲ အိမ်မှုခန်း ဓမ္မသတ်များက ဖြစ်စေ၊ မြန်မာလူမျိုးတို့ လိုက်နာ ကျင့်သုံးလျက်ရှိသော ဓလေ့ထုံးတမ်းက ဖြစ်စေ မယားဖြစ်သူသည် ရူးသွပ်နေသောလင်အား ကွာရှင်းခွင့်ပေးထားခြင်း မရှိချေ။

စိတ်ရောဂါဝေဒနာခံစားနေရခြင်းကြောင့် ဦးဘရှင်သည် လင်ယောကျ်ား တစ်ဦး ထမ်းဆောင်ရမည့်တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ကောင်း ပျက်ကွက်ပေလိမ့်မည်။ သို့ရာတွင်- ထိုသို့ထမ်းဆောင်နိုင်ခြင်းမရှိခြင်းကို အိမ် ထောင်ရေး ပြစ်မှုအဖြစ် မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားခြင်း မရှိချေ။

ဒေါ်လှလှဝင်း နှင့် ဦးဘရှင် (ၛင်းအားအုပ်ထိန်းသူဦးလှိုင်)... ၁၅၉

မြန်မာ ဓလေ့ထုံးတမ်းဥပဒေ– အမွေပုံပစ္စည်း စီမံ ခန့်ခွဲပေးစေလိုမှုတွင် မိသားစုစီမံမှု အနေဖြင့်ပုံပစ္စည်း၌ အခွင့်အရေးရှိသူများအားလုံး ပါဝင်ကြ ရန်နှင့် တာဝန်ရှိစေရန်အတွက် အချင်းချင်း သဘောတူညီမှုရှိစေရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ဤကဲ့သို့ မိသားစုစီမံမှုအရ အမွေခွဲဝေခဲ့ပြီးပြီဟု ချေပ လိုလျှင် ချေပလိုသူ ဦးလှဆောင်တို့က အမွေခွဲဝေခဲ့ပြီးကြောင်း ထင်ရှား

ပြရန် တာဝန်ရှိသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘားစုစီမံမှုဆိုသည် မှာ ပစ္စည်းရှင်မဆုံးမီ ပစ္စည်းရှင်နှင့် မိသားစုဝင်တို့၏ သဘောတူညီမှု ဖြင့် ပစ္စည်းရှင်သေဆုံးသည့်အခါ အမွေပစ္စည်းများကို မည်သို့ခွဲဝေယူကြမည် ဆိုသည့် စီမံမှုကို ခေါ်သည်။ မိသားစုစီမံမှု ပြုလုပ်ရာတွင် အမွေပစ္စည်း၌ အခွင့်အရေးရှိသူများအားလုံး ပါဝင်ကြရန်လိုသည်။ ထိုသူများက ထိုစီမံမှု တွင် တာဝန်ရှိစေရန်အတွက် အချင်းချင်းသဘောတူညီမှုရှိရန် လိုအပ်သည်။ စာမျက်နှာ


ဒေါ်ငွေလှိုင် ပါ-၇ ဦး
မောင်ကျော်ဝိန်(ခ)
မောင်ကျော်စိန် ပါ-၂ နှင့် ဦးလှဆောင် ပါ-၃
ဒေါ်ငွေလှိုင် ပါ-၉ — ၅၀


မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ- လင်ပါသမီးနှင့် မိထွေးတို့ အမွေခွဲဝေရာ၌ ပထမအိမ်ထောင်မှ သားသမီးများသည် ဖခင်ထံမှ အမွေဝေစု ပြီး- မပြီး ဆိုသည့် ပြဿနာပေါ် မူတည်ခြင်း၊ မိရင်း ဖရင်းနှင့် မိထွေး၊ ပထွေးတို့ ပေါင်းသင်းစဉ် သားသမီး မထွန်းကားလျှင် လက်ထက်ပွား ပစ္စည်း၌ ခြောက်ပုံတစ်ပုံကို လင်ပါမယားပါ သားသမီးက ရရှိခြင်း။

ဆုံးဖြတ်ချက်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒုတိယ အိမ်ထောင် ပြုထားသူ ယောကျ်ား သေဆုံးသောအခါ ၎င်း၏ဒုတိယဇနီးသည် အဓိက အမွေစားအမွေခံ ဖြစ်သည်။ ပထမအိမ်ထောင်မှ သားသမီးများသည် ဖခင်၏ အမွေခံစားခွင့် ရှိ မရှိဆိုသည့်ပြဿနာမှာ ၎င်းတို့သည် ဖခင်ထံမှ အမွေဝေစု ရပြီး မပြီး ဆိုသည့်ပြဿနာပေါ် မူတည်သည်။

ထပ်မံဆုံးဖြတ်ချက်။ ထို့ကြောင့် ဦးကျော်အေးကွယ်လွန်စဉ် ဦးကျော် အေးနှင့် ဒုတိယဇနီး ဒေါ်သောင်းတို့ နှစ်ဦး၏ လက်ထက်ပွား ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း ထင်ရှားသည်။ ဦးကျော်အေးနှင့် ဒေါ်သောင်းတို့တွင် သားသမီးထွန်းကားခြင်း မရှိပေ။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မိရင်း ဖရင်းနှင့် မိထွေး ပထွေးတို့ ပေါင်းသင်းစဉ် သားသမီးထွန်းကားခြင်းမရှိလျှင် ထိုသို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်း၌ ခြောက်ပုံတစ်ပုံ ကို လင်ပါမယားပါ သားသမီးက ရ၍ ကျန် ခြောက်ပုံငါးပုံကို မိထွေး ပထွေးက ရသည်။


ဒေါ်သောင်း နှင့် မမြဝင်း .... ... ၁၇၂

မြေကိုလက်ရောက်ရလိုမှု– တရားလိုသည် အချင်းဖြစ်ပစ္စည်းကို တရားဝင် ပိုင်ဆိုင်ကြောင်း ထင်ရှားပြသရန်လိုအပ်ခြင်း– တရားပြိုင်၏ ပိုင်ဆိုင်ခွင့် မပြနိုင်ရုံဖြင့် တရားလို အနိုင်ရခွင့်မရှိချေ။ စာမျက်နှာ ၁

ဆုံးဖြတ်ချက်။ အချင်းဖြစ်မြေကိုလက်ရောက်ရရှိရန် မိမိဝယ်၍ တရားဝင် ပိုင်ဆိုင်သည့်အနေဖြင့် တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင်ပြသနိုင်ခြင်း မရှိ၍ တောင်းဆိုသည့်သက်သာခွင့်ကို ရနိုင်ရန်အကြောင်းမရှိပေ။ ဦးလှမြိုင် နှင့် ဗုဒ္ဓသာသနာ့အဖွဲ့ ² အမှုကို ရည်ညွှန်းသည်။

ပစ္စည်းကိုလက်ရောက်ရလိုမှုစွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်း ထင်ရှားရန် လိုအပ်သည်။ ဦးကြွား ပါ–၇ နှင့် ဒေါ်တင်လှ ပါ–၄ ² အမှုကို ကြည့်ပါ။

မူလ မွန်ပြည်နယ်တရားရုံးက တရားပြိုင် ဦးကျော်ခင်းတို့သည် ၎င်းတို့ အား အခွင့်အမိန့်ဖြင့် ထားခဲ့သည်ဆိုသော ဦးတင်မြင့် ဒေါ်ဘီဘီတို့ကိုပင် သက်သေတင်ပြနိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ ပိုင်ဆိုင်ခွင့် မထင်ရှားဟု သုံးသပ် ထားသည်ကို တွေ့ရသည်။ အမှန်မှာ တရားပြိုင်က ၎င်း၏ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြနိုင်ရုံမျှဖြင့် တရားလိုဖြစ်သူ၌ အနိုင် ရခွင့်မရှိကြောင်း ဦးသန်းအောင် နှင့် မချစ် ² အမှုတွင် လမ်းညွှန်ထားမှုရှိပြီးဖြစ်သည်။

ဦးကျော်ဝင်း ပါ–၂ နှင့် ဒေါ်ဘန်ဂါလာမား ပါ–၄ .... ၇

ရှေ့နေရှေ့ရပ်များ၏အလုပ်– မှန်မြတ်သန့်စင်ပြီး ဂုဏ်ယူဖွယ်ကောင်းသည့် အလုပ်အဖြစ် အစဉ်တစိုက် အသိအမှတ်ပြုလာခဲ့ခြင်း၊ သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာဆောင်ရွက်ရန် အရေးကြီးခြင်း– ရှေ့နေတစ်ဦးသည် မည်သည့်အခြေအနေတွင် လိုက်ပါဆောင်ရွက်ရန်မသင့်တော့ခြင်း။

ဆုံးဖြတ်ချက်။ ဥပဒေပညာဖြင့် အသက်မွေးသော ရှေ့နေရှေ့ရပ်များ၏ အလုပ်မှာ မှန်မြတ်သန့်စင်ပြီး ဂုဏ်ယူဖွယ်ကောင်းသည့်အလုပ်အဖြစ် အစဉ် တစိုက် အသိအမှတ် ပြုလာခဲ့ကြသည်။ တရားရုံးများက ဥပဒေနှင့် အညီ မှန်ကန်မြန်ဆန်အောင် တရားနည်းလမ်းကျအောင် ကူညီပံ့ပိုးပေးကြသူများ အဖြစ် လည်းကောင်း၊ ဥပဒေ တတ်ကျွမ်းခြင်းမရှိကြသော အမှုသည်များ အတွက် ဥပဒေဘောင်အတွင်းမှ ကူညီလမ်းပြ အကျိုးဆောင်ပေးကြသူများ အဖြစ် လည်းကောင်း၊ ရှေ့နေလုပ်ငန်းအား အစဉ်အလာအရ မှန်မြတ်သည့် လုပ်ငန်းအဖြစ် သတ်မှတ်ထားခြင်း ဖြစ်သည်။

ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ စာမျက်နှာ ဆောင်ရွက်ကြရန်မှာလည်း အထူးအရေးကြီးသည်။

**ထပ်မံဆုံးဖြတ်ချက်။** တစ်ဘက်အမှုသည်ထံမှ **အမှုအတွက်လိုက်ပါပေး** ရန် ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ဖြစ်စေ သို့မဟုတ် အဆိုပါ**အမှု**သည်နှင့်ရင်းနှီး၍ ပြောဆိုတိုင်ပင်မှုကြောင့် ဖြစ်စေ **အမှုအ**ကြောင်းအခြင်းအရာများကို သိရှိပြီး နောက်တွင် ယင်းသို့သိရှိပြီးသော ရှေ့နေတစ်ဦးက အခြား ဆန့်ကျင်ဘက် အမှုသည်အတွက် လိုက်ပါဆောင်ရွက်ရန် မသင့်တော့သည်မှာ အငြင်းပွား ဖွယ်ရာ မရှိဟု ဆိုရပေမည်။ ယင်းသို့မဟုတ်လျှင် ဖြူစင်မှန်မြတ်သော ရှေ့နေ လုပ်ငန်းရပ်ကြီးအား ညစ်ထေးအောင် ပြုမူရာရောက်မည် ဖြစ်ပေသည်။

**ဦးရဲထွဋ်လှ** နှင့် ဒေါ်တင်တင်မေ ပါ–၄ .... .... ၁၃၂

**အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၂(၁) (ခ)– ယာယီအလုပ် သမား– အမှုစစ်ဆေးချိန်ထိ ရေနစ်သေဆုံးကြသူတို့၏ သတင်းမရလျှင် သေသည်ဟု ယူဆနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ဒေါ်ဘေဘီသန်း ပါ (၉)ဦးတို့၏ ခင်ပွန်းများသည် မူလကာလင် ဦးမောင်ညိုစက်လှေတွင် အလုပ်သမားများအဖြစ် လုပ်ကိုင်ခဲ့ကြ ကြောင်း ပေါ်လွင်သည်။ **အလုပ်သမားတစ်ဦးသည်** ယာယီအလုပ်သမားပင် ဖြစ်လင့်ကစား လုပ်ငန်းနှင့်ပတ်သက်သည့် **အလုပ်ကို** လုပ်ကိုင်ရပါမူ ထို **အလုပ်သမား**သည်ပင်လျှင် **အလုပ်သမား**လျော်ကြေး **အက်ဥပဒေ**ပုဒ်မ ၂ (၁) (ခ)တွင် အကျုံးဝင်သည့် **အလုပ်သမား**ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** စက်လှေမှာ စင်္ကာပူနိုင်ငံသို့ **အသွား** လမ်းတွင် နစ်မြုပ်သေဆုံးခြင်းဖြစ်ကြောင်း ထွက်ဆိုချက်နှင့်စပ်လျဉ်းပြီး အမှန်သေဆုံး ခြင်း ဟုတ်မဟုတ် သုံးသပ်ရာတွင် **အလောင်းကိုရှာမတွေ့ရှိ**မှုဖြင့် အသက် ရှင်လျက်ရှိသည်ဟု မဆိုနိုင်ပေ။ ဤကိစ္စရပ်မျိုးတွင် **သက်သေခံအက်ဥပဒေ** ပုဒ်မ ၁၀၈ နှင့် စပ်ဆိုင်ခြင်းမရှိဘဲ အမှုစစ်ဆေးချိန်အထိ ရေနစ်သေဆုံးကြ သည် ဆိုသော **သူများ၏** သတင်းအစအန မရခြင်းသည် သေဆုံးသည်ဟု ယူဆနိုင်ပေသည်။

**ဦးမောင်ညို** နှင့် **ဒေါ်ဘေဘီသန်း ပါ–၉** .... .... ၉၉

**၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ နှင့်ထုက်ခြင်း (မြင်ဆင်ချက်) အက်ဥပဒေ— ဘဏ်ကအာမခံထားသောပစ္စည်းသည် အစိုးရအိမ်ဥပစာ ဖြစ်–မဖြစ်၊** **စာမျက်နှာ**

**ဆုံးဖြတ်ချက်။** ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာနှင့်ထုတ်ခြင်း (မြင်ဆင်ချက်) အက်ဥပဒေအရ အစိုးရအိမ်ဥပစာ ဟူသော အဓိပ္ပာယ်ဖော်ပြချက်ကို ပုဒ်မ ၂(ခ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

" ၂(ခ)။ 'အစိုးရအိမ် ဥပစာ' ဆိုသည်မှာ နိုင်ငံတော် အစိုးရက ဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသ အဖြစ် မဖွဲ့စည်း မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင် ပြည်နယ်အစိုးရ ၊ ဖြစ်စေ၊ နိုင်ငံတော်အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က ဖြစ်စေ ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေအရဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့က ဖြစ်စေ။

အခြား တည်ဆဲ တရားဥပဒေအရ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတည်ထောင်သည့် အဖွဲ့က (သို့တည်းမဟုတ်) ကော်ပိုရေးရှင်းက ဖြစ်စေ၊ ပိုင်ဆိုင်သော (သို့တည်းမဟုတ်)ငှားရမ်းယူထားသော (သို့တည်းမဟုတ်) ခေတ္တ သိမ်းယူထားသော အိမ်ဥပစာကို ဆိုလိုသည်။ "

သို့ဖြစ်၍ ဘဏ်ကအာမခံထားသောပစ္စည်းဖြစ်၍ အစိုးရအိမ်ဥပစာသာ ဖြစ်သည်ဟု ဆိုရပေမည်။

ဦးသန်းအောင် နှင့် မန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်ခွဲ–၅)ပါ–၂ .... ၁၈

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က) (ဒုတိယပိုင်း) အရ နှင်လိုမှု– ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ (တ) အိမ်ငှား၏တာဝန်— အုတ်ခုံ ကွဲအက်သည်ကို ပြုပြင်ခြင်း၊ ဇလားအိမ်ဆာနေရာတွင် ရေလောင်းအိမ်သာကို အစားထိုးခြင်းတို့သည် တည်ဆောက်ခြင်း (erection) ဟုတ် မဟုတ်။**

**ဆုံးဖြတ်ချက်။** ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၈ (တ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

" he must not, without the lessor's consent, erect on the property any permanent structure. except for agricultural purposes; "

တည်ဆောက်သည် "erect" ဆိုသော စကားရပ်သည် မရှိသေးသည့် အရာကို တည်ဆောက်ခြင်းကို ရည်ညွှန်းသည်။ အချင်းဖြစ်အုတ်ခုံမှာ မူလက တည်ရှိသော အုတ်ခုံဖြစ်ပေရာ ကွဲအက်ခြင်းကိုပြုပြင်ခြင်းသည် တည်ဆောက်မှု မဖြစ်နိုင်၊ ဇလားအိမ်သာနေရာတွင် ရေလောင်းအိမ်သာကို အစားထိုးခြင်းသည် တည်မြဲသော အရာအသစ်ခုကို ဖန်တီးရာရောက်သည်ဟု ဆိုနိုင်ဦးတော့ အစားထိုးခြင်းတွင် တည်ဆောက်ခြင်း အကျုံးဝင်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ ထိုနည်းတူ အိမ်သာကျင်းတူးခြင်းသည် တည်ဆောက်ခြင်း "erection" မဖြစ်နိုင်ချေ။ မူလက အိမ်သာရှိပြီးဖြစ်ပေရာ ယင်းအိမ်သာကို မွမ်းမံပြင်ဆင်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ (တ) တွင် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ။ စာမျက်နှာ

ဒေါ်ကျင်သိ နှင့် ဦးထွန်းရှ ပါ-၂ .... .... ၁၂

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)- "ဥပစာ" ဆိုသော စကားရပ်မှာ အဆောက်အအုံကိုသာ ရည်ညွှန်းခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ "လျှောက်ထားခံရသူ ဒေါ်ရီသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) ခြွင်းချက်တွင် ဖော်ပြထားသည့် "ပိုင်ရှင်" ဆိုသော စကားရပ်၌ အကျုံးဝင်သူ ဟုတ်မဟုတ်"

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလို၍ စွဲဆိုခဲ့သည့်ဥပစာ၌ မိမိကိုယ်တိုင်နေထိုင်ပါမည်ဟူ၍ လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ သုံးလအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း တရားရုံးသင့်သည်ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့် ကိစ္စ၊

သို့ရာတွင် ဤအပိုဒ်ပါကိစ္စအလို့ငှာ "ပိုင်ရှင်" ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ရှိခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြားမည်သူမျှမပါဝင်စေရ။ "

## ညွှန်းချက်

အထက်ဖော်ပြပါ ခြင်းချက်တွင် ပါရှိသော "ဥပစာ" ဆိုသော စာမျက်နှာ စကားရပ်မှာ ရှေးလာသော စကားရပ်တို့နှင့် ပူးတွဲ ဖတ်ရှုလျှင် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ရည်ညွှန်းကြောင်း တွေ့မြင်နိုင်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဃ)(၁) တွင် "ဥပစာ" ဆိုရာ၌ အဆောက်အအုံတည်ရာမြေလည်း ပါဝင်ကြောင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ သို့ရာတွင် အက်ဥပဒေပါ အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ၎င်းအဓိပ္ပာယ်အတိုင်း ကောက်ယူရန် ဖြစ်သည်။ ပုဒ်မ ၁၂ (၁)(စ)ပါ ကိစ္စအလို့ငှာ ဥပစာ ဆိုသော စကားရပ်မှာ သုံးနှုန်းထားသော စကားစပ်အရ လည်းကောင်း၊ "ဆိုခဲ့သည့်" ဟူသော နာမဝိသေသနကို ထောက်ချင့်၍ လည်းကောင်း အဆောက်အအုံကိုသာ ရည်ညွှန်းကြောင်း ယုံမှားဖွယ်မရှိချေ။

ဦးသန်းတင် နှင့် ဒေါ်ဂါရီ .... .... ၁၁၂

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု**— ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)— ယင်းဥပဒေပုဒ်မ ၁၃ (၁)အရအိမ်ငှားဖြစ်သွားသည်နှင့် တပြိုင်နက် အခွင့်အမိန့်အရနေသူများ မဟုတ်တော့ခြင်း။

**ဆုံးဖြတ်ချက်**။ အယူခံတရားပြိုင်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှားအဖြစ် သက်ဆိုင်ရာက သတ်မှတ်ပေးခဲ့သည့်အချက်မှာ အငြင်းမပွားပေ။ မူလ က အယူခံတရားလိုတို့၏ အခွင့်အမိန့်အရ နေထိုင်သည့်တိုင်အောင် ပုဒ်မ ၁၃ (၁)အရ အိမ်ငှားဖြစ်သွားသည်နှင့်တစ်ပြိုင်နက် အယူခံတရားလိုတို့၏ အခွင့်အမိန့်အရ နေသူများ မဟုတ်ကြတော့ပေ။ ထို့ကြောင့် အမှုကို ယနေ့ပုံစံအတိုင်း စွဲဆိုနိုင်ခြင်း မရှိ ဟူသော တိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှာ မှားယွင်းမှုမရှိချေ။

ညောင်လေးပင်မြို့နယ်
ကုန်စည်ပို့ဆောင်ရေးလိုင်း၏ ဥက္ကဋ္ဌ နှင့် ဦးလှဖေ ပါ-၂.... .... ၁၀၇
ဦးမောင်မောင် ပါ(၂)

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ စာမျက်နှာ
(၁)(ဃ)အရ စွဲဆိုမှု-မူလရုံးနှင့် ပထမအယူခံရုံးတို့မှ တစ်သဘောတည်း သုံးသပ်ဆုံးဖြတ်ချက်အပေါ် ဒုတိယအယူခံရုံးအနေဖြင့် အထူးလွဲမှားချက် မပေါ်ပေါက်လျှင် ဝင်ရောက်စွက်ဖက်ရန် သင့်-မသင့်။

ဆုံးဖြတ်ချက်။ ယခုအမှုတွင် တရားလိုများက အချင်းဖြစ်မြေကွက်ကို အိမ်ဆောက်ရန် သဘောရိုးဖြင့် ပြန်လည် ရယူလိုသည်ဆိုခြင်း မှန် မမှန် အဓိကအချက် ဖြစ်သည်။ ဤအချက်မှာ အကြောင်းခြင်းရာပြဿနာတစ်ရပ် ဖြစ်သည်။ အကြောင်းခြင်းရာပြဿနာနှင့်ပတ်သက်၍ မူလရုံးနှင့်ပထမအယူခံရုံးတို့မှ တစ်သဘောတည်း တညီတညွတ်တည်း သုံးသပ်လျက် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချက်အပေါ်၌ ဒုတိယအယူခံရုံးအနေဖြင့် အထူးလွဲမှားချက် မပေါ်ပေါက်လျှင် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။ အိမ်ဆောက်ရန် အမှန်တကယ်ရည်ရွယ်ပါသလား ဆိုသည့် မေးခွန်းကို ဖြေဆိုရန်မှာ ပတ်ဝန်းကျင် အကြောင်းခြင်းရာအပေါ်၌ အခြေခံရမည် ဖြစ်သည်။ ရည်ရွယ်ချက် ရှိမရှိ ဆိုခြင်းမှာ လုပ်ရပ်က သက်သေခံသည့် ကိစ္စဖြစ်သည်။ ယခုအမှု၌ တရားလိုများအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ရန် ပါမစ်ကိုပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မရရှိသေးကြောင်း၊ အခြား လက်တွေ့အကောင်အထည်ဖော်သည့် စီမံချက်များ လုပ်ကိုင်ခြင်း မရှိသေးကြောင်း၊ ဥပဒေနှင့်အညီ လိုအပ်သည့် ခံဝန်ချုပ်ကို ချုပ်ဆိုမည်ဟူ၍ပင် ကတိပြုတင်ပြခြင်းမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု အောက်ရုံး ၂ ရုံးလုံးမှ ထပ်တူထပ်မျှ သုံးသပ် ဆုံးဖြတ်ထားခြင်းအပေါ်၌ ဝင်ရောက်စွက်ဖက်ရန် အကြောင်းထူးမတွေ့ရသဖြင့် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်နှင့် ဒီကရီကို ဆက်လက်အတည်ပြုပြီး ယခုအယူခံအား ရုံးအဆင့်ဆင့်ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဦးဘကြူး ပါ-၂ နှင့် ဒေါ်ခင်ကြည် ပါ-၂ .... .... ၉၀

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂
(၁)(ဂ)- ခွေး၊ ကြောင် အများအပြား မွေးမြူထားခြင်းသည် အနီးအနား နေသူတို့အား စိတ်ငြိုငြင်စေ၍ အနှောင့်အယှက် ဖြစ်စေရောက်-မရောက်။

ဆုံးဖြတ်ချက်။ အထက်ဝါ ထွက်ဆိုချက်များအရ ဒေါ်မြကျင်သည် အခြားသူများကဲ့သို့ ကြောင်တစ်ကောင်၊ ခွေးတစ်ကောင် မွေးထားခြင်း မဟုတ်ဘဲ အများအပြားမွေးမြူထားပြီး ယင်းတိရစ္ဆာန်များက အနီးအနား နေထိုင်သူတို့၏ အိမ်တွင်း၊ အိမ်ပြင်၊ အိမ်ခေါင်မိုးပေါ် သွားရောက် နှောင့်ယှက်ကြောင်း အထက်ပါထွက်ချက်များအရ ပေါ်ပေါက်သည်။ မိမိကိုယ်ပိုင်

ခြံအတွင်း၌ ကြိုက်နှစ်သက်သည့် အခရအတွက်ကို မေးမြန်းနိုင်မည် ဖြစ်သော် စာမျက်နှာ လည်း သူတစ်ပါးနှင့် ကပ်ရက်နေထိုင်ရသောအခြေအနေတွင် အရေအတွက် များများမေးခြင်းဖြင့် အနီးအနားနေသူတို့အား စိတ်ငြိုငြင်စေမည် သို့မဟုတ် အနှောင့်အယှက် ဖြစ်စေမည် ဖြစ်သည်။

ဦးမြရွှေ(ရင်း၏ကိုယ်စားလှယ် ဒေါ်မြကျင်)ပါ-၂ နှင့် ဒေါ်မြနွယ် .... .... ၁၁၇

ဥပစာဆိုသည့်စကားရပ်၌ အိမ်သာမက၊ အိမ်တည်ရှိရာ မြေကွက်ပါ အကျုံး ဝင်–မဝင်။

**ဆုံးဖြတ်ချက်။** ယခုအမှုတွင် အဓိကစဉ်းစားရမည့်အချက်မှာ "အချင်း ဖြစ် ဥပစာဆိုသည့် စကားရပ်၌ အိမ်တစ်ခုတည်းသာ အကျုံးဝင်သလား" သို့မဟုတ် "အိမ်တည်ရှိရာမြေကွက်ပါ အကျုံးဝင်သလား" ဆိုသည့်အချက် ဖြစ်သည်။ ပကတိ အဖြစ်မှန်သဘောအရ စဉ်းစားလျှင် ဥပစာ ဆိုသည်မှာ မြေကြီးကို အခြေခံသည်။ အခြေခံမြေကြီးမရှိဘဲ အိမ်ဥပစာဟူ၍ တည်ရှိနိုင် မည် မဟုတ်ပေ။ သို့သော် တင်ဘက်တွင် အိမ်ဥပစာမရှိဘဲ မြေကြီးတည်ရှိ နိုင်သည်။ ထို့ကြောင့် ဥပစာဆိုသည့်စကားရပ်၌ မြေကြီးမှာအဓိကဖြစ်သည်။ မြေကြီးနှင့် အိမ်ဥပစာတို့မှာ ဆက်နွယ်နေရမည့် ပစ္စည်းများ ဖြစ်သည်။ ထို့ကြောင့် ဥပစာဆိုသည့် ဓဝါဟာရ၌ အချင်းဖြစ် အိမ်တည်ရှိရာ မြေကြီး ပါဝင်သည်ဟူ၍ ယေဘုယျအားဖြင့် မှတ်ယူရမည်ဖြစ်သည်။

ဦးမြင့်သိန်း ပါ-၂ နှင့် ဒေါ်ညိုညို ပါ-၆ (ကွယ်လွန်သူ ဒေါ်အုံးကြိုင်၏တရားဝင် ကိုယ်စားလှယ်များ) — .... ၁၂၇

## တရားမ ပထမ အယူခံမှု

**တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်းနှင့် ဦးကျော်မင်းတို့ရှေ့တွင်**

ဒေါက်တာ မောင်ကို

+ ၁၉၉၁
ဒီဇင်ဘာလ
၁၃ ရက်

နှင့်

ဦးဝင်းမြင့်ပါ (၂)*

**နိုင်ငံခြားမှ မော်တော်ကားတင်သွင်းခွင့် ပါမစ်ကို လွှဲပြောင်းရောင်းချသည့် ကတိစာချုပ်— စရန်ငွေပေးချေပြီးနောက် နိုင်ငံခြားမှ ကားကုမ္ပဏီ ဖျက်သိမ်းလိုက်သဖြင့် ကားရောက်ရှိမလာခြင်း၊ ရောင်းသူက ကားဖိုးငွေ ပြန်လည်ပေးရန် တာဝန် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** အယူခံ တရားပြိုင် ဦးဝင်းမြင့်တို့သည် အယူခံတရားလို ဒေါက်တာမောင်ကိုအား ကားတင်သွင်းခွင့်ပါမစ်ကိုသာ လွှဲပြောင်းရောင်းချခြင်းဖြစ်ကြောင်း၊ ဦးဝင်းမြင့်ကဒေါက်တာမောင်ကိုအားကားဝယ်ခွင့်ပါမစ်နှင့် အစု အတွေထွေ ကိုယ်စားလှယ် လွှဲစာ ပေးအပ်၍ လွှဲပြောင်း ရောင်းချပြီး ဖြစ်သည့်အတွက် ဦးဝင်းမြင့်တွင် ကတိစာချုပ်အတိုင်း ဆောင်ရွက်ရန် တာဝန်မရှိတော့ဟု ကောက်ယူ၍ စွဲဆိုလာကို ပလပ်ခဲ့ခြင်းမှာ မှန်ကန်သည် မဆိုနိုင်ပေ။ ကားတင်သွင်းရန် ကမ်းလှမ်းခဲ့သော ကုမ္ပဏီမှာ ဖျက်သိမ်းပြီး ဆို၍ ကားတင်သွင်းရန် မဖြစ်နိုင်တော့ရာ ကြိုတင်ပေးထားသော ကားဖိုးငွေ ၁၆၀၀၀ိ/-ကို အယူခံ တရားပြိုင်တို့က အယူခံ တရားလိုအား ပြန်လည် ပေးရန်သာ ရှိပေသည်။ အယူခံ တရားလိုက အယူခံ တရားပြိုင် ဦးဝင်းမြင့်အား အချင်းဖြစ် ကားကိစ္စနှင့် ပတ်သက်၍ ပြစ်မှုကြီး အမှတ် ၄၇/၈၉ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲဆိုရာ ပြစ်မှုထင်ရှား၍ ဒဏ်ငွေ ၂၀၀၀ိ/- တပ်ရိုက်ပြီး ဒေါက်တာမောင်ကိုသို့ နစ်နာကြေး ၁၅၀၀ိ/ ပေးရန် အမိန့် ချမှတ်ခဲ့သည်မှာ တရားရုံးချုပ်ထိ အတည် ဖြစ်သည်ဟု ပေါ်ပေါက်သည်။ သို့ဖြစ်၍ ကားဖိုး ငွေ ၁၆၀၀၀ိ/-မှ ရရှိပြီးသော နစ်နာကြေး ၁၅၀၀ိ/-ကို နုတ်၍ ကျန်ငွေ ၁၄၅၀၀ိ/-ကို သင့်တင့်သော အတိုးနှင့်တကွ အယူခံတရားပြိုင်တို့က အယူခံ တရားလိုအား ပြန်ပေးရန်သင့်ပေသည်။

---

* ၁၉၉၁ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၃၄၃
၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၃၃ (က) တွင် ချမှတ်သော (၃၀-၅-၉၁)-ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးမျိုးညွန့်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | ဦးမြတ်လှဦး၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးအောင်သစ်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

အယူခံတရားလို ဒေါက်တာမောင်ကိုက အယူခံတရားပြိုင် ဦးဝင်းမြင့်နှင့် ဒေါ်နွယ်နီခင်တို့ ဇနီးမောင်နှံအပေါ် ကတိပဋိညာဉ်အတိုင်း ရောင်းချရန် သဘောတူထားသည့် တိုယိုတာ ဟိုင်းလပ်စ် (၁၉၈၂) ကား သို့မဟုတ် အလားတူ ကားကို ဝယ်ယူ ပေးအပ်စေရန်နှင့် ထိုသို့ မပေးအပ်နိုင်ပါက ဦးဝင်းမြင့် လက်ခံရယူထားသည့် ငွေ ၁၆၀၀၀၀/–နှင့် ကျသင့်သောအတိုးကို စရိတ်နှင့်တကွ ပေးဆပ်စေရန် စွဲဆိုရာ ပလပ်ခံရသည်။ ထို့ကြောင့် ဒေါက်တာမောင်ကိုက တရားရုံးချုပ်သို့ ဤတရားမ ပထမအယူခံကို တင်သွင်းသည်။

အယူခံတရားပြိုင် (၁) ဦးဝင်းမြင့်မှာ သဘော်သား ဖြစ်သည်။ ဦးဝင်းမြင့်သည် ဇနီးဖြစ်သူ အယူခံ တရားပြိုင် (၂) ဒေါ်နွယ်နီခင်နှင့် အတူ အယူခံတရားလို ဒေါက်တာမောင်ကိုထံ လာရောက်၍ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကားတင်သွင်းခွင့်အမိန့်အမှတ် စီအိပ်ခ်ိစ် (၈၆-၈၇) (ဒဗလျူအီး) ၉၀/ ၁၉၀၈၊ ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ တိုယိုတာ ဟိုင်းလပ် ထရပ်ကား၊ မြင်းကောင်ရေ ၁၆၀၀ (၁၉၈၂ ခုနှစ် မိုဒယ်) ဆိပ်ကမ်းအရောက် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၀၀ ဖြင့် ဂျပန်နိုင်ငံမှ တင်သွင်းခွင့် အမိန့်သက်သေခံ (က)ကို ပြ၍ မှာယူရောက်ရှိလာမည့်ကားမှာ ဂျပန်နိုင်ငံမှ တင်ပို့လိုက်ပြီဖြစ်ကြောင်း ပြောဆိုကြ၍ တန်ဖိုးငွေ တစ်သိန်းခြောက်သောင်းဖြင့် အရောင်းအဝယ်တည့်ကာ ၂၇-၂-၈၇ ရက်စွဲပါ ကားအရောင်းအဝယ် ကတိ စာချုပ် သက်သေခံ (ခ) ကို ချုပ်ဆိုခဲ့ကြသည်။ စာချုပ်ဆိုသည့်နေ့တွင်ပင် စရန်ငွေ တစ်သိန်းငါးသောင်းကို ဦးဝင်းမြင့်က ရယူခဲ့သည်။ ကျန်ငွေ တစ်သောင်းကျပ်ကို ဆိပ်ကမ်းမှ ကားထုတ်ယူပြီးမှ ပေးရန် ဖြစ်သော်လည်း ဦးဝင်းမြင့်က ငွေလိုသည်ဆို၍ ယုံကြည်မှုဖြင့် ဒေါက်တာမောင်ကိုက ၂၂-၆-၈၇ နေ့တွင် ပေးချေခဲ့သည်။ ထို့ပြင် အဆိုပါ ကားကို ထုတ်ယူနိုင်ရန်အတွက် ဦးဝင်းမြင့်က ဒေါက်တာမောင်ကိုအား ကိုယ်စားလှယ်လွှဲစာ ပေးခဲ့သည်။ ကားတင်သွင်းခွင့် ပါမစ်ကို နှစ်ကြိမ်တိုင် သက်တမ်း တိုးမြှင့်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြသော်လည်း ကားတင်သွင်းရန် ဆက်သွယ်ခဲ့သော ရောဝတီ ထရေဒင် ကုမ္ပဏီလီမိတက် ဖျက်သိမ်းသည်အထိ ဒေါက်တာမောင်ကို လက်ဝယ် ကားမရရှိခဲ့ပေ။ ထိုအချက်များမှာ အမှုတွင် အငြင်းမပွားသောအချက်များဖြစ်သည်။

၁၉၉၁
ဒေါက်တာ
မောင်ကို
နှင့်
ဦးဝင်းမြင့်
ဓါ(၂)

ထို့နောက် ဦးဝင်းမြင့်သည် နိုင်ငံခြားသင်္ဘော ၂ခေါက်မျှ လိုက်သွားပြီးနောက် ရန်ကုန်သို့ပြန်လည်ရောက်ရှိသော်သည်။ ဒေါက်တာမောင်ကိုအား လာရောက်မတွေ့ဆုံ တိမ်းရှောင်နေ၍ ဇနီးဖြစ်သူ ဒေါ်နွယ်နီခင်အား သွားရောက် မေးမြန်းသော်လည်း မရေရာသောအဖြေသာရ၍ အချင်းဖြစ် အမှုကို စွဲဆိုရကြောင်း ပေါ်ပေါက်သည်။

ဦးဝင်းမြင့်နှင့် ဒေါ်နွယ်နီခင်တို့ကမူ ဂျပန်နိုင်ငံ ရောဝတီ ကုမ္ပဏီမှ အချင်းဖြစ် တိုယိုတာဟိုင်းလပ်ကားကို အမေရိကန်ဒေါ်လာ ၃၂၀၀ ဖြင့် ဝယ်ယူရာတွင် ပထမအရစ် စရန်ငွေကို ၃၀-၆-၈၆ နေ့တွင် ကုမ္ပဏီ ကိုယ်စားလှယ် ဦးခင်မောင်မှတစ်ဆင့် ပေးသွင်းခဲ့ပြီး ကျန်ငွေကို ပေးချေချိန်တွင် ဟိုင်းလပ်ကား မရသဖြင့် တန်ဖိုး တူညီသော ဆန်နီ အမျိုးအစား ကားကို ၂၈-၁၂-၈၆ နေ့တွင် ကျန်ငွေကို ပေးချေ၍ ပြောင်းလဲ ဝယ်ယူခဲ့ကြောင်း၊ ဒေါက်တာမောင်ကိုသည် ပါမစ်ကိုဝယ်ယူစဉ်က သက်ဆိုင်ရာစာရွက်စာတမ်းများကို သေချာ စစ်ဆေးဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကိုယ်စားလှယ်စာပင် ပေးအပ်ခဲ့ပါလျက် ဒေါက်တာမောင်ကို၏ပေါ့လျော့မှုကြောင့် ကုမ္ပဏီဖျက်သိမ်းသည့်အထိ ကားကို တင်သွင်းနိုင်ခဲ့ခြင်းမရှိသဖြင့် မိမိတို့မှာ ကားကို နောက်ထပ် တင်သွင်းခွင့်မရရှိတော့၍ နစ်နာရကြောင်း၊ ကုမ္ပဏီဖျက်သည်ကို သေချာစွာ မသိဘဲ ကားဝယ်ကြောင်း၊ ပေးချေသည့် ပြေစာများနှင့် ကားဝယ်ယူတင်သွင်း ပါမစ်ကို လွှဲပြောင်းပေးလျက် မျက်မြင်မဟုတ်သော အနာဂတ်ကုန်စည်ကို ရောင်းချခြင်းသာ ဖြစ်သောကြောင့် မရေရာသော ပဋိညာဉ်အပေါ် အခြေပြု၍ တရားစွဲဆိုခွင့် မရှိကြောင်း၊ - ကုန်စည် ပိုင်ဆိုင်ခွင့်သည့် ပါမစ်ကို လွှဲပြောင်းပေးသည့်နေ့မှ စ၍ ဒေါက်တာမောင်ကိုထံ ရောက်ရှိပြီးဖြစ်ကြောင်း၊ ဒေါက်တာမောင်ကိုက မိမိအပေါ် ဖြစ်မှုကြောင်းအရ စွဲဆို၍ နစ်နာကြေး ၁၅၀၀၀ိ/- ရရှိပြီးသည်ကို ခုနှိမ်ခြင်းမပြုဘဲ တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း အဓိက ချေပသည်။

မူလရုံးက အယူခံ တရားပြိုင် ဦးဝင်းမြင့်တို့သည် အယူခံ တရားလို ဒေါက်တာမောင်ကိုအား ကားတင်သွင်းခွင့်ပါမစ်ကိုသာ လွှဲပြောင်းရောင်းချခြင်း ဖြစ်ကြောင်း၊ ဦးဝင်းမြင့်က ဒေါက်တာမောင်ကိုအား ကားဝယ်ယူခွင့် ပါမစ်နှင့် အတူ အထွေထွေ ကိုယ်စားလှယ် လွှဲစာ ပေးအပ်၍ လွှဲပြောင်းရောင်းချပြီး ဖြစ်သည့်အတွက် ဦးဝင်းမြင့်တို့တွင် ကတိစာချုပ်ပါ အတိုင်း ဆောင်ရွက်ရန် တာဝန်မရှိဟု ကောက်ယူ၍ ဒေါက်တာမောင်ကို၏စွဲဆိုလွှာကို ပလပ်ခဲ့သည်။ ယင်းစီရင်ချက်နှင့် ဒီကရီကို ဒေါက်တာမောင်ကို မကျေနပ်၍ ဤအယူခံကို ဝင်ရောက်ခြင်းဖြစ်သည်။

အမှုတွင် ဒေါက်တာမောင်ကိုနှင့် ဦးဝင်းမြင့်တို့ ချုပ်ဆိုခဲ့သော ကတိစာချုပ်မှာ အဓိကကျသည်။ အဆိုပါကတိစာချုပ် သက်သေခံ (က)တွင် အောက်ပါအတိုင်း ဖော်ပြချုပ်ဆိုထားသည် -

၁၉၉၁
ဒေါက်တာ
မောင်ကို
နှင့်
ဦးဝင်းမြင့်
ပါ(၂)

" ကားအရောင်းအဝယ် ကတိစာချုပ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်နံပါတ် (၁၂၃)၊ အခန်းနံပါတ် (ည)နေ ဦးဝင်းမြင့် (အိုင်အက်စ် အင်န် – ၅၃၀၄၆၇/ စီဒီစီ ၄၇၃၉)က ၂၉-၁၀-၀၆ နေ့စွဲပါ စာအမှတ် – (၉၀၇၁) ကုန်သွယ်ရေးဝန်ကြီးဌာန၊ကားသွင်းခွင့်ပါမစ်(စီအိုင်ခ်စ် ၀၆-၀၇) (ဒဗလျူအီး) ၉၀/၁၉၀၀ အရ ခွင့်ပြုပြီးဖြစ်သော ကားပါမစ် အရ တန်ဖိုးငွေ ကျပ် တစ်သိန်းခြောက်သောင်းတိတိဖြင့် ရန်ကုန်မြို့၊ အမှတ် ၈၇၃၊ ဘုရားလမ်းနေ ဦးမောင်ကို (စီအိုင်ချ် ၀၀၃၅၀၇) သို့အပြီး ပါမစ်လွှဲပြောင်းရောင်းချရာ စရန်ငွေအဖြစ်ကျပ်ငွေတစ်သိန်း ငါးသောင်း တိတိကို လက်ခံရရှိပြီး ကျန်ငွေ တစ်သောင်းကို ကား ဝယ်သူက ကားဆိပ်ကမ်းမှ ထုတ်ပြီးလျှင်ပြီးချင်း ပေးချေမည်ဖြစ်ပြီး ဆိပ်ကမ်းခွန်နှင့် အမြတ်ခွန်မှစ၍ ကုန်ကျမည့်စရိတ် အားလုံးကို ဝယ် သူက ပေးဆောင်ရန် သဘောတူ ကတိပြုပါသည်။

............ ............
ရောင်းသူ ဝယ်သူ

ဦးဝင်းမြင့် ဦးမောင်ကို

အိုင်အက်စ်အင်န်- ၅၃၀၄၆၇

အသိသက်သေ

(၁) ဒေါ်နွယ်နီခင် ယူ/အာရ်ဂျီအင်န်- ၀၀၉၂၅၁
၂၇-၂-၀၇

(၂) ဒေါ်မြင့်မြင့်

လက်ကျန်ငွေ တစ်သောင်းတိတိကို (၂၂-၆-၀၇) နေ့က လက်ခံ ရရှိခဲ့ပါသည်။ "

အထက်ပါ ကတိစာချုပ်ကို စိစစ်ကြည့်လျှင် စာချုပ် ခေါင်းစဉ်တွင် "ကား အရောင်းအဝယ် ကတိ စာချုပ်" ဟု ဖော်ပြထားပြီး "ကျန်ငွေ ၁၀၀၀၀ိ/– တိတိကို ကားဆိပ်ကမ်းမှ ထုတ်ပြီးလျှင် ပြီးချင်း ပေးချေမည် ဖြစ်ပြီး ဆိပ်ကမ်းခွန်နှင့် အမြတ်ခွန်မှစ၍ ကုန်ကျသည့် စရိတ် အားလုံးကို ဝယ်သူက ပေးဆောင်ရန် သဘောတူ ကတိပြုပါသည်" ဟု ဖော်ပြ ချုပ်ဆိုထားကြ၍ ကားသွင်းခွင့်ပါမစ်ကိုသာ အရောင်းအဝယ်ပြုလုပ်သည်ဟု

ဆိုနိုင်မည် မဟုတ်ဘဲ ကားကို အရောင်းအဝယ်ပြုလုပ်သည်ဟု ပေါ်ပေါက်သည်။ ကားတင်သွင်းခွင့် ပါမစ်သက်သက်ကိုသာ ဝယ်ယူသည် ဆိုသည်မှာလည်း သဘာဝ မကျပေ။ အယူခံ တရားပြိုင်များဘက်မှ ထိုသို့ တင်ပြသည်ကို လက်မခံနိုင်ပေ။ အယူခံ တရားပြိုင်တို့က ချေလွှာတွင် ကားကို အရောင်းအဝယ် ပြုလုပ်ခြင်း မဟုတ်ဘဲ ပါမစ်ကိုသာ ရောင်းသည်ဟု ထုချေထားခြင်းလည်း မရှိပေ။ တရားမမှုများတွင် အဆိုအချေများအရသာ အမှုကို အဆုံးအဖြတ်ပြုရသည်ဖြစ်၍ ချေလွှာနှင့် ကွဲလွဲ၍ ရုံးရှေ့၌ ထွက်ဆိုခြင်းကို လက်ခံရန် အကြောင်း မရှိချေ။ ကားရောင်းသူ အယူခံ တရားပြိုင်တို့ အနေဖြင့် အရောင်းအဝယ် ပြုထားသည့် ကားကို ကားဝယ်သူ အယူခံ တရားလို လက်ဝယ်သို့ အရောက်ပေးအပ်ရန် တာဝန်ရှိပေသည်။ အယူခံ တရားပြိုင်တို့က အချင်းဖြစ် ကားကိစ္စနှင့် ပတ်သက်၍ အယူခံ တရားလိုအား ကိုယ်စားလှယ်စာ ပေးထားပြီးဖြစ်၍ တာဝန်ကျေပြီဟု ဆိုနိုင်မည် မဟုတ်ပေ။ ကိုယ်စားလှယ်စာ ပေးအပ်ခြင်းမှာလည်း ရန်ကုန် ဆိပ်ကမ်းသို့ ကားရောက်ရှိပါက ကိုယ်စား ထုတ်ယူနိုင်ရန်သာ ဖြစ်နိုင်သည်။ ရန်ကုန် ဆိပ်ကမ်းသို့ ကားမရောက်လာ၍ အယူခံ တရားလိုက ထုတ်ယူ မရရှိခဲ့သည်မှာ ပေါ်လွင်သည်။

အမှုတွင် ပေါ်ပေါက်သော အကြောင်းအချက်များအရ ရှေးဦးစွာ တိုယိုတာဟိုင်းလပ်ကားကို မှာယူခြင်း၊ ထိုကား မရ၍ ဆန်နီ အမျိုးအစား ကားကို အစားထိုး မှာယူခြင်းတို့မှာ အယူခံ တရားပြိုင်၏ ဆောင်ရွက်ချက်သာ ဖြစ်သည်။ ရန်ကုန် ဆိပ်ကမ်းသို့ ကားရောက်ရှိလာဖို့သာ အဓိကကျသော်လည်း နောက်ဆုံးတွင် ကား မှာယူ တင်သွင်းနိုင်ခြင်း မရှိဘဲ ကား တင်သွင်းပေးရန် ကမ်းလှမ်းထားသည့် ရောဝတီ တရေဒင် ကုမ္ပဏီ လီမိတက်မှာ ဖျက်သိမ်းသည့်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။ သို့ဖြစ်ရာ ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်တော့၍ ပဋိညာဉ်မှာ ပဋိညာဉ် ဥပဒေပုဒ်မ ၅၆ အရ ပျက်သုဉ်းသွားပြီဟု ဆိုရပေမည်။ ထိုသို့ ပဋိညာဉ် ပျက်သုဉ်းသွားပါက ပဋိညာဉ်ဥပဒေပုဒ်မ ၆၅အရ ပဋိညာဉ်အကျိုးကျေးဇူးခံစားရသူသည် အကျိုးကျေးဇူးကိုဖြစ်စေ၊ လျော်ကြေးကိုဖြစ်စေ အကျိုးကျေးဇူး ပြုသူသို့ ပြန်ပေးရပေမည်။

အထက်ပါ အကြောင်းအချက်များအရ မူလ ရုံးက အယူခံ တရားပြိုင် ဦးဝင်းမြင့်တို့သည် အယူခံ တရားလို ဒေါက်တာ မောင်ကိုအား ကား တင်သွင်းခွင့် ပါမစ်ကိုသာ လွှဲပြောင်း ရောင်းချခြင်းဖြစ်ကြောင်း၊ ဦးဝင်းမြင့်က ဒေါက်တာ မောင်ကိုအား ကားဝယ်ခွင့် ပါမစ်နှင့်အတူ အထွေထွေ ကိုယ်စားလှယ် လွှဲစာ ပေးအပ်၍ လွှဲပြောင်း ရောင်းချပြီး ဖြစ်သည့်အတွက် ဦးဝင်းမြင့်တွင် ကတိစာချုပ်အတိုင်း ဆောင်ရွက်ရန် တာဝန် မရှိတော့ဟု ကောက်ယူ၍ စွဲဆိုလွှာကို ပလပ်ခဲ့ခြင်းမှာ မှန်ကန်သည် မဆိုနိုင်ပေ။ ကား တင်သွင်းရန် ကမ်းလှမ်းခဲ့သော ကုမ္ပဏီမှာ ဖျက်သိမ်းပြီး ဆို၍ ကား

၁၉၉၁
ဒေါက်တာမောင်ကို နှင့် ဦးဝင်းမြင့်
စ၅(၂)

တင်သွင်းရန် မဖြစ်နိုင်တော့ရာ ကျိုးဟင် ပေးသွားသော ကားဖိုး ငွေ ၁၆၀၀၀၀ိ/–ကို အယူခံ တရားပြိုင်တို့က အယူခံ တရားလိုအား ပြန်လည် ပေးရန်သာ ရှိပေသည်။ အယူခံ တရားလိုက အယူခံ တရားပြိုင် ဦးဝင်းမြင့် အား အချင်းဖြစ် ကားကိစ္စနှင့်ပတ်သက်၍ ပြစ်မှုကြီး အမှတ် ၄၇/၈၉ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဒ.ရ စွဲဆိုရာ ပြစ်မှုထင်ရှား၍ ဒဏ်ငွေ ၂၀၀၀၀ိ/– တပ်ရိုက်ပြီး ဒေါက်တာမောင်ကိုသို့ နစ်နာကြေး ၁၅၀၀၀ိ/– ပေးရန် အမိန့်ချမှတ်ခဲ့သည်မှာ တရားရုံးချုပ်ထိ အတည်ဖြစ်သည်ဟု ပေါ် ပေါက်သည်။ သို့ဖြစ်၍ ကားဖိုးငွေ ၁၆၀၀၀၀ိ/–မှ ရရှိပြီးသော နစ်နာ ကြေး ၁၅၀၀၀ိ/–ကို နုတ်၍ ကျန်ငွေ ၁၄၅၀၀၀ိ/–ကို သင့်တင့်သော အတိုးနှင့်တကွ အယူခံ တရားပြိုင်တို့က အယူခံ တရားလိုအား ပြန်ပေးရန် သင့်ပေသည်။

ထို့ကြောင့် အယူခံကို ခွင့်ပြု၍ မူလ ရုံး၏ ၃၀-၅-၉၁ နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုက အယူခံ တရားပြိုင် တို့အား ပေးထားသော ကားဖိုးငွေ ၁၆၀၀၀၀ိ/– အနက်မှ ရရှိပြီးသော နစ်နာကြေးငွေ ၁၅၀၀၀ိ/–ကို နုတ်၍ ကျန်ငွေ ၁၄၅၀၀၀ိ/–ကို ဒီကရီ ချမှတ်သည့်နေ့မှ အပြေအကြေ ပြန်လည်ပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းတိုးနှင့်တကွ အယူခံ တရားပြိုင်တို့က အယူခံ တရားလိုအား ပြန်လည်ပေးဆပ်စေရန် ဒီကရီ ချမှတ်လိုက်သည်။

## တရားမ ပထမ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦးကျော်ဝင်း ပါ ၂
နှင့်
ဒေါ်ဘန်ဂါရာမား ပါ ၄*

+ ၁၉၅၁
နိုဝင်ဘာလ
၆ ရက်

မြေကို လက်ရောက် ရလိုမှု— တရားလိုသည် အချင်းဖြစ်ပစ္စည်းကို တရားဝင် ပိုင်ဆိုင်ကြောင်း ထင်ရှားပြသရန်လိုအပ်ခြင်း— တရားပြိုင်၏ ပိုင်ဆိုင်ခွင့် မပြနိုင်ရုံဖြင့် တရားလို အနိုင်ရခွင့်မရှိချေ။

ဆုံးဖြတ်ချက်။ အချင်းဖြစ် မြေကို လက်ရောက် ရရှိရန် မိမိဝယ်၍ တရားဝင်ပိုင်ဆိုင်သည့်အနေဖြင့် တရားစွဲဆိုသောအမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ်ပစ္စည်းကို တရားဝင် ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသနိုင်ခြင်းမရှိ၍ တောင်းဆိုသည့်သက်သာခွင့်ကို ရနိုင်ရန်အကြောင်းမရှိပေ။ ဦးလှမြိုင် နှင့် ဗုဒ္ဓသာသနာ့အဖွဲ့ [၁] အမှုကို ရည်ညွှန်းသည်။

ပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်း ထင်ရှားရန် လိုအပ်သည်။ ဦးကြွား ပါ-၇ နှင့် ဒေါ်တင်လှ ပါ-၄ [၂] အမှုကို ကြည့်ပါ။

မူလမှန်ပြည်နယ်တရားရုံးက တရားပြိုင်ဦးကျော်ဝင်းတို့သည် ၎င်းတို့အား အခွင့်အမိန့်ဖြင့်ထားခဲ့သည်ဆိုသော ဦးတင်မြင့် ဒေါ်ဘီဘီတို့ကိုယင် သက်သေတင်ပြနိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ပိုင်ဆိုင်ခွင့် မထင်ရှားဟုသုံးသပ်ထားသည်ကို တွေ့ရသည်။ အမှန်မှာ တရားပြိုင်က ၎င်း၏ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြနိုင်ရုံမျှဖြင့် တရားလိုဖြစ်သူ၌ အနိုင်ရခွင့်မရှိကြောင်း ဦးသန်းအောင် နှင့် မချစ် [၃] အမှုတွင် လမ်းညွှန်ထားမှုရှိပြီးဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးတင်အောင်သိန်း (ကျိုက္ခမီ) တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးတင်ဝင်း (မေဒီလမြိုင်)၊ တရားရုံးချုပ်ရှေ့နေ ကိုယ်စား ဒေါ်ခင်ဝင်းချစ်၊ တရားရုံးချုပ် ရှေ့နေ မှ ရေးသား လျှောက် လဲ ချက် တင်သည်။ |

* ၁၉၅၁ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၅၀

\+ ၁၉၅၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၃ တွင် ချမှတ်သော (၂၄-၁၁-၅၀) ရက်စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

**၁၉၉၁**
**ဦးကျော်ဝင်း ပါ (၂) နှင့် ဒေါ်ဘန်ဂါ ရာမားပါ (၄)**

တရားရေးအကြံပေး — ဦးတင်အေး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

မွန်ပြည်နယ်တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၅၃ တွင် အယူခံ တရားပြိုင်များ ဖြစ်ကြသော ဒေါ်ဘန်ဂါရာမား၊ ဦးမောင်ကြီး၊ ဦးမောင်ငယ်နှင့် ဒေါ်စိန်စိန်တို့က ဦးကျော်ဝင်းနှင့် ဒေါ်ခင်သန်းတို့အပေါ် အချင်းဖြစ်မြေကွက်တွင် ဆောက်လုပ်ထားသည့်အိမ်ကို ဖျက်သိမ်းဖယ်ရှားပြီး မြေကွက်ကို လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်ခဲ့သဖြင့် အယူခံတရားလို ဦးကျော်ဝင်း (မူလမှုတရားပြိုင်) တို့က တရားရုံးချုပ်သို့ ဤပထမအယူခံမှုကို တင်သွင်းသည်။

မော်လမြိုင်မြို့ လှိုင်ရှမ်းစုရပ်၊ မြို့ပတ်လမ်း၊ အုပ်စုအမှတ်(၁၃)၊ အကွက်အမှတ် ၁၀၊ ဦးပိုင် (၅၀/ခ) ဧရိယာ (ဒသမ ၁၆၀) ဧကရှိ မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ နှစ်(၃၀) အငှား ဓရံကိုလည်း တရားလိုများက ရရှိပြီးဖြစ်ကြောင်း၊ အဆိုပါ မြေကွက်၌ ဒေါ်လုံး ဆိုသူအား အခမဲ့ အိမ်ဆောက်နေထိုင်ခွင့်ပြုခဲ့ရာ ဒေါ်လုံးမှ ဦးနူး(ရ်)ဒင်း၊ ဦးနူး(ရ်)ဒင်မှ ဒေါ်ကရီမာ၊ ဒေါ်ကရီမာမှ ဦးတင်မြင့်၊ ဒေါ်ဘီဘီနှင့် ဦးတင်မြင့်တို့က တရားပြိုင် ဦးကျော်ဝင်းတို့ထံသို့ အဆင့်ဆင့်လွှဲပြောင်း ရောင်းချခဲ့ကြကြောင်း၊ သို့အတွက် ဦးကျော်ဝင်း တို့အား နေအိမ်ကို ဖျက်၍ မြေကွက်မှ ပြောင်းရွှေ့သွားရန် တရား စွဲဆိုကြောင်း တရားလို ဒေါ်ဘန်ဂါရာမားတို့က အဆိုပြုသည်။

တရားပြိုင် ဦးကျော်ဝင်းတို့ကမူ အချင်းဖြစ် မြေကွက်မှာ ၁၂-၂-၆၄ နေ့က မီးလောင်ကျွမ်းခြင်းခံရသည့် မီးလောင်မြေဖြစ်ပြီး မီးလောင်စဉ်က နေထိုင်သူများအား နိုင်ငံတော်မှ ပြန်လည် နေရာချထားသော မြေ ဖြစ်ကြောင်း၊ တရားလိုများ ပိုင်ဆိုင်သော မြေ မဟုတ်ကြောင်း၊ တရားလို ဒေါ်ဘန်ဂါရာမားတို့အား ၎င်းတို့၏ မြေကွက်အစား လှိုင်ဈေးလမ်းတွင် သက်ဆိုင်ရာက ချပေးပြီးဖြစ်ကြောင်း၊ သို့အတွက် တရားလိုများပိုင်သော မြေ မဟုတ်ဘဲ နိုင်ငံတော်ပိုင်မြေသာဖြစ်ကြောင်း ချေလွှာတင်သွင်းခဲ့သည်။ မီးလောင်မြေကို ပြန်လည်အကွက်ရိုက် ချထားပေးကြောင်း တရားပြိုင်က မြေပုံသက်သေခံ(ခ) တင်ပြထားသည်။

ဤအမှုသည် တရားလို ဒေါ်ဘန်ဂါရာမားတို့က ၎င်းတို့ပိုင်သော မြေကွက်ပေါ်တွင်ရှိ တရားပြိုင်တို့အား ဖယ်ရှား၍ လက်ရောက် ပေးအပ်ရန် စွဲဆိုမှုဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်ကို အခြေခံသည့် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၈ အရ စွဲဆိုမှုဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ် မရှိချေ။

တရားလိုများ၏ အဆိုအရ ဤအမှုမှ တရားပြိုင် ဦးကျော်ဝင်းသို့ ရောင်းချခဲ့သည်ဆိုသော ဦးတင်မြင့်နှင့် ဒေါ်ဘီဘီတို့အပေါ် ဒေါ်ဘန်ဂါ

၁၉၉၁
ဦးကျော်ဝင်း
ပါ(၂)
နှင့်
ဒေါ်ဘန်ဂါ
ရာမား ပါ(၄)

ရာမားတို့က မွန်ပြည်နယ်တရားရုံး ၁၉၈၅ ခုနှစ် တရားမကြီးမှု အမှတ် ၄၂(ခ)တွင် အခွင့်အမိန့်အရထားသူအား နှင်လိုမှု စွဲဆိုခဲ့ဖူးရာ ပလပ်ခြင်း ခံရသည်။ တရားရုံးချုပ် ၁၉၈၇ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၆၁ ကလည်း ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။

ယင်းသို့ အခွင့်အမိန့်အရ ထားသူအား နှင်လိုမှုဖြင့် စွဲဆိုရာ၌ မအောင် မြင်သဖြင့် ယခုကဲ့သို့ ပိုင်ဆိုင်မှုကို အခြေခံပြီး တရားပြိုင် ဦးကျော်ဝင်းတို့ အပေါ် စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တရားလိုများက အဆိုလွှာအပိုဒ် ၉၊ ၁၀၊ ၁၁ နှင့် ၁၃ တို့တွင် ဖော်ပြခဲ့သည့်အပြင် ပြည်နယ် တရားရုံး အမှုတွဲ စာမျက်နှာ ၆၀ (နောက်ကျောဘက်) ၌လည်း ဒေါ်ဘန်ဂါရာမားက အလားတူ ထွက်ဆိုထားသည်။

အချင်းဖြစ် မြေကွက်ကို ၎င်းတို့ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ၁၃-၂-၅၉ ရက်စွဲပါ မှတ်ပုံတင် အရောင်းစာချုပ် (သက်သေခံ က)နှင့် မြေငှား ဂရန် (သက်သေခံ ခ) တွင် ပါရှိသော မြေကွက်မှာ ကွင်းအမှတ်(၁၈) ဦးပိုင် အမှတ် (၅၈) ဖြစ်သည်။

တရားလိုများက တရားပြိုင်များအား ဖယ်ရှားပေးရန် စွဲဆိုခဲ့သော ၎င်းတို့ ဝယ်ယူပိုင်ဆိုင်သည့် မြေကွက်မှာ ဦးပိုင် အမှတ်(၅၈/ခ) သာ ဖြစ်ကြောင်း အဆိုလွှာအပိုဒ် ၁ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> " ၁။ မော်လမြိုင်မြို့ လှိုင်ရှမ်းစုရပ် မြို့ပတ်လမ်း ဆုပ်စု အမှတ်(၁၃) အကွက်အမှတ် (၁၈) ဦးပိုင် အမှတ် ၅၈ (ခ) မြေချိန်ဧရိယာ (ဒသမ ၁၆၈ ) ဧကရှိ အိမ်ယာမြေကွက်မှာ တရားလိုများပိုင်သည့် အိမ်ယာမြေကွက် ဖြစ်ပါသည်။ "

၎င်းအပြင် တရားပြိုင်များနေထိုင်လျက်ရှိသော နေရာ (တရားလိုများ၏ အဆိုအရ ပထမဦးဆုံး ဒေါ်လုံးဆိုသူအား အခွင့်အမိန့်နှင့် ထားခဲ့သော နေရာ)ပြ မြေပုံကိုလည်း သက်သေခံ (ဂ)အဖြစ် တင်ပြထားသည်။ အဆိုပါ မြေပုံတွင် မင်နီဖြင့် (အေ)ဟု အမှတ်ပြထားသော နေရာဖြစ်ကြောင်းလည်း တရားလို ဒေါ်ဘန်ဂါရာမားက ထွက်ဆိုသည်။

သို့ရာတွင် ပြန်လှန်စစ်မေးရာ၌ တရားလိုက ပြည်နယ်တရားရုံးအမှုတွဲ၏ စာမျက်နှာ ၆၂ ၌ အောက်ပါအတိုင်းထွက်ဆိုထားသည်ကိုတွေ့ရသည် -

> " ကျွန်မ တင်ထားသည့် မြေပုံမှာ လွန်ခဲ့သော ၁၉၆၄ ခုနှစ်က ရေးဆွဲထားသော မြေပုံ ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ဂရန်ရပြီး နောက်ပိုင်း သက်ဆိုင်ရာ မြေစာရင်း ဦးစီးဌာနမှ ကူးယူရရှိသော

၁၉၉၁
ဦးကျော်ဝင်း
ပါ(၂)
နှင့်
ဒေါ်ဘန်ဂါ
ရာမား ပါ(၄)

မြေပုံကို ကျွန်မ ယခု ရုံးရှေ့အစစ်ခံချိန်တွင် တင်ပြနိုင်သလားဆိုလျှင် မတင်ပြနိုင်ပါ။ +++ အချင်းဖြစ် မြေကွက်သို့ ကျွန်မ တစ်ခါမျှ မသွားဖူးပါ။ +++ မူရင်း မြေပုံတွင် (ဘီ) အကွက်၌ (အေ) အမှတ်အသား ပါခြင်းမရှိဆိုလျှင် မှန်ပါသည်။ ”

သို့ဖြစ်ရာ တရားလို၏ အဆိုလွှာနှင့် ရုံးရှေ့ထွက်ချက်များကို တိုက်ဆိုင်သုံးသပ်လျှင် အဆိုလွှာတွင် ဦးပိုင် အမှတ် (၅၈/ခ) ဟု အဆိုပြုခဲ့သော်လည်း ပိုင်ဆိုင်ကြောင်းပြသည့် အရောင်းစာချုပ်နှင့် မြေငှားဂရန်နှင့် မြေပုံတို့တွင် ဦးပိုင် အမှတ် (၅၈) သာ ဖြစ်နေသဖြင့် ကွဲလွဲနေသည်။ ထို့ပြင် မြေပုံတွင် ဦးပိုင် အမှတ်၅၈ (ဘီ) ဟု ဖော်ပြထားသော မြေကွက်၌ မင်နီဖြင့် (အေ) အမှတ်အသား ဖော်ပြထားသော်လည်း မြေပုံမှာ မူရင်းမဟုတ်ဘဲ ဓာတ်ပုံမိတ္တူသာ ဖြစ်သောကြောင့် အဆိုပါ မင်နီဖြင့် (အေ) ဟု ဖော်ပြထားသည့် စကားလုံးမှာ မူရင်းမြေပုံမှပါရှိလာသော အမှတ်အသား မဟုတ်ကြောင်း ပေါ်လွင်နေသည်။

တရားလို ဒေါ်ဘန်ဂါရာမားသည် မြေကွက်ကို ဝယ်ယူခဲ့သော်လည်း အချင်းဖြစ်မြေကွက်သို့ တစ်ကြိမ်မျှ မရောက်ဖူးကြောင်း ထွက်ဆိုဝန်ခံထားချက်လည်း ရှိနေသဖြင့် ဝယ်ယူပိုင်ဆိုင်မှု စာချုပ်စာတမ်းအပေါ် လုံးလုံးလျားလျား အားထား စွဲဆိုထားခြင်း ဖြစ်သည်မှာလည်း ထင်ရှားသည်။ ယင်းသို့သောအခြေအနေတွင် တရားပြိုင်ဦးကျော်ဝင်းနှင့် ဇနီးဒေါ်ခင်သန်းတို့၏ အိမ်တည်ရှိရာအရပ်ဖြစ်သော ဦးပိုင် အမှတ် (၅၈/ခ) မှာ တရားလိုအားကိုးအားထားပြုသော ပိုင်ဆိုင်မှုပြစာချုပ်စာတမ်းများတွင် ပါဝင်ခြင်းမရှိချေ။ မြေပုံတွင် ဦးပိုင် အမှတ် (၅၈) နှင့် (၅၈/ခ) တို့မှာ သီးခြားစီဖြစ်သည်။

သို့အတွက် အချင်းဖြစ်မြေကို လက်ရောက်ရရှိရန် မိမိဝယ်၍ တရားဝင်ပိုင်ဆိုင်သည့်အနေဖြင့် တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင်ပြသနိုင်ခြင်းမရှိ၍ တောင်းဆိုသည့်သက်သာခွင့်ကို ရနိုင်ရန်အကြောင်းမရှိပေ။ ဦးလှမြိုင်နှင့် ဗုဒ္ဓသာသနာ့အဖွဲ့ အမှုကို ရည်ညွှန်းသည်။

ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်း ထင်ရှားရန် လိုအပ်သည်။ ဦးကြွား ပါ-၇ နှင့် ဒေါ်တင်လှ ပါ-၄[၂] အမှုကို ကြည့်ပါ။

---

၁။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၇၃၆

၂။ ၁၉၈၄ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၂၃၉

၁၉၉၁
ဦးကျော်ဝင်း ပါ(၂) နှင့် ဒေါ်ဘန်ဂါ ရာမား ပါ(၄)

မူလမှန်ပြည်နယ်တရားရုံးက တရားပြိုင်ဦးကျော်ဝင်းတို့သည် ၎င်းတို့အား အခွင့်အမိန့်ဖြင့်ထားခဲ့သည်ဆိုသော ဦးတင်မြင့် ဒေါ်ဘီဘီတို့ကိုပင် သက်သေ တင်ပြနိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ပိုင်ဆိုင်ခွင့်မထင်ရှားဟုသုံးသပ်ထားသည်ကို တွေ့ရသည်။ အမှန်မှာ တရားပြိုင်က ၎င်း၏ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြနိုင်ရုံမျှဖြင့် တရားလိုဖြစ်သူ၌ အနိုင်ရခွင့်မရှိကြောင်း ဦးသန်းအောင်နှင့် မချစ်[၃] အမှုတွင် လမ်းညွှန်ထားမှုရှိပြီးဖြစ်သည်။

၎င်းအမှုတွင် တရားလို ဒေါ်ဘန်ဂါရာမားတို့အနေဖြင့် တရားပြိုင် ဦးကျော်ဝင်း ဇနီးမောင်နှံနေထိုင်လျက်ရှိသော မြေကွက်မှာ ၎င်းတို့ပိုင်ဆိုင် ကြောင်း ထင်ရှားအောင်တင်ပြနိုင်ခြင်းမရှိ၍ မူလရုံး၏အမိန့်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

သို့အတွက် ၎င်းတရားမ ပထမအယူခံမှုကိုခွင့်ပြု၍ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် ဒေါ်ဘန်ဂါရာမား တို့၏ စွဲဆိုမှုကို တရားရုံးအဆင့်ဆင့်၏ စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့် ချမှတ်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ အထူး အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

+ ၁၉၉၁
ဩဂုတ်လ
၂၁ ရက်

ဒေါ်ကျင်သိ

နှင့်

ဦးထွန်းရ ပါ (၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်လိုမှု– ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ) အိမ်ငှား၏တာဝန်–အုတ်ခုံကွဲအက်သည်ကို ပြုပြင်ခြင်း၊ ဇလားအိမ်သာနေရာတွင် ရေလောင်းအိမ်သာကို အစားထိုး ခြင်းတို့သည် တည်ဆောက်ခြင်း (erection) ဟုတ် မဟုတ်၊

**ဆုံးဖြတ်ချက်။** ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "he must not, without the lessor's consent, erect on the property any permanent structure, except for agricultural purposes;"

တည်ဆောက်သည် "erect" ဆိုသော စကားရပ်သည် မရှိသေးသည့် အရာကို တည်ဆောက်ခြင်းကို ရည်ညွှန်းသည်။ အချင်းဖြစ်အုတ်ခုံမှာ မူလက တည်ရှိသော အုတ်ခုံဖြစ်ပေရာ ကွဲအက်ခြင်းကိုပြုပြင်ခြင်းသည် တည်ဆောက်မှု မဖြစ်နိုင်၊ ဇလားအိမ်သာနေရာတွင် ရေလောင်းအိမ်သာကို အစားထိုးခြင်း သည် တည်မြဲသော အရာတစ်ခုကို ဖန်တီးရာရောက်သည်ဟု ဆိုနိုင်ဦးတော့ အစားထိုးခြင်းတွင် တည်ဆောက်ခြင်းအကျုံးဝင်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ ထိုနည်းတူ အိမ်သာကျင်း တူးခြင်းသည် တည်ဆောက်ခြင်း "erection" မဖြစ်နိုင်ချေ။ မူလကအိမ်သာရှိပြီးဖြစ်ပေရာ ယင်းအိမ်သာကို မွမ်းမံပြင်ဆင်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ (တ) တွင် အကျုံးဝင်သည်ဟုမဆိုနိုင်ချေ။

---

* ၁၉၉၁ ခုနှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၄

+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၂၆-၃-၉၀) ရက်စွဲပါ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

၁၉၉၁
ဒေါ်ကျင်သီ
နှင့်
ဦးထွန်းရ
ပါ(၂)

အယူခံတရားလိုအတွက် — ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးမျိုးသန့်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးမြ၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ၁၉၇၆ ခုနှစ် တရားမကြီးမှု အမှတ် ၉ တွင် အယူခံ တရားပြိုင် အိမ်ရှင် ဦးထွန်းရနှင့် ဒေါ်ခင်ညွန့်တို့က အယူခံတရားလို အိမ်ငှား ဒေါ်ကျင်သီအပေါ် အိမ်ရှေ့ရှိ အုတ်ခုံနှင့် အိမ်သာ တို့ကို အိမ်ရှင်များ၏ ခွင့်ပြုချက် မရရှိဘဲ ပြုပြင်ပြောင်းလဲသည်ဟု ဆိုကာ အိမ်ငှားကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်ထုတ်ပေးစေရန် တရားစွဲဆိုရာ အရေးနိမ့်ခဲ့သည်။ ဦးထွန်းရတို့က ရန်ကုန်တိုင်းတရားရုံးတွင် မြို့နယ်တရား ရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို အယူခံဝင်ရာ မအောင်မြင်ပြန်ချေ။ သို့ရာတွင် တရားရုံးချုပ် ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁ တွင် ထပ်မံအယူခံဝင်သောအခါ ဦးထွန်းရတို့သည် စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိ သည်။ ထိုအခါ ဒေါ်ကျင်သီက တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို တရား စီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးစေရန် တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ် တရားမအထွေထွေလျှောက်လွှာအမှတ် ၁၉၇ တွင် လျှောက် ထားသောအခါ တရားရုံးချုပ်က အောက်ပါပြဿနာကိုကြားနာရန်အလို့ငှာ အထူး အယူခံ တင်ခွင့်ပြုခဲ့သည်—

> " တရားရုံးချုပ်တွင် ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၈ (တ) ပါ ပြဋ္ဌာန်းချက်နှင့် ယခုအမှုဖြစ်ရပ်များကို စပ်ဟပ်သုံးသပ်ရာ၌ မှန်ကန်မှု ရှိ မရှိ "

အိမ်ရှင်များဘက်မှ အဆိုလွှာ အပိုဒ်(၇)တွင် အောက်ပါအတိုင်း အဆို ပြုထားသည်—

> " ထို့ပြင်- အိမ်ရှင်ဖြစ်သူ တရားလို၏ သဘောတူ ခွင့်ပြုချက် မရရှိဘဲနှင့် သော် လည်းကောင်း၊ ငှားရမ်းခကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရရှိဘဲ နှင့် လည်းကောင်း၊ ငှားရမ်းထားသော ဥပစာ၏ အစိတ်အပိုင်းများ ဖြစ်သော အိမ်သာနှင့် အိမ်ရှေ့ကာရံထားသော အုတ်တံတိုင်းနှင့် လှေကားများအား မူလအခြေအနေအထားများ ဖျက်၍ ပြင်ဆင် ဆောက် လုပ်ခြင်းတို့ကို တရားပြိုင်က ပြုလုပ်ခဲ့သဖြင့် တရားလို အိမ်ရှင်အဖွဲ့ များစွာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ "

အထက်ပါအဆိုပြုချက်များအရဆိုလျှင် အုတ်ခုံနှင့်အိမ်သာကို အိမ်ငှားက ပြင်ဆင်ဆောက်လုပ်ခြင်းသည် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်ခြင်း ဖြစ်

၁၉၉၁
ဒေါ်ကျင်သီ
နှင့်
ဦးထွန်းရ
ပါ(၂)

သည်ဟု အိမ်ရှင်တို့ဘက်မှ စွပ်စွဲခဲ့ခြင်းမရှိကြောင်း တွေ့မြင်နိုင်သည်။ အိမ်ငှားတာဝန်ကို ဖောက်ဖျက်ခြင်းနှင့် အိမ်ရှင်များစိတ်အနှောင့်အယှက်ဖြစ်စေခြင်းတို့သည် သီးခြားကိစ္စများ ဖြစ်သည်။ တရားရုံးချုပ်က တရားမ ဒုတိယ အယူခံတွင် အိမ်ငှား၏လုပ်ရပ်များသည် အိမ်ငှား၏တာဝန်ကိုဖောက်ဖျက်ရာ ရောက်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

အဗ္ဗဒူလ်ဂျလီခန် နှင့် မွန်တပ် (ဇ်) ခန်ပါ ၂[၁] တွင် ဘရားမမှုများကို အဆိုအချေတို့နှင့် အံဝင်ခွင်ကျဆုံးဖြတ်ရကြောင်း အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

> " The determination of a suit should be founded upon a case, either to be found in the pleadings or involved or consistent with the case thereby made. "

အုတ်ခုံနှင့် အိမ်သာကို ပြုပြင်ခြင်းမှာ အိမ်ငှား တာဝန် ဖောက်ဖျက်သည် ဆိုသော ဆုံးဖြတ်ချက်သည် အဆိုလွှာ အပိုဒ် (၇) ပါ အဆိုပြုချက်များ အပေါ် တိုက်ရိုက်အခြေခံခြင်း မဟုတ်ကြောင်း တွေ့မြင်နိုင်သည်။ တစ်ဖက်တွင် ထိုသို့ကောက်ယူဆုံးဖြတ်ခြင်းသည် အဆိုအပိုဒ် (၇) ပါ အဆိုပြုချက်တွင် အကျုံးဝင်သည်။ သို့တည်းမဟုတ် အဆိုပြုချက်နှင့် လိုက်လျောညီထွေ ရှိသည်ဟု ကောက်ယူနိုင်သည်ဖြစ်၍ တရားရုံးချုပ်သည် တရားမမှုများကို ဆုံးဖြတ်ရာ၌ လိုက်နာရသောအခြေခံမှုနှင့် ကွဲလွဲဆုံးဖြတ်သည်ဟုမဆိုနိုင်ချေ။

အယူခံတရားလို၏ ရှေ့နေက အိမ်ငှား၏တာဝန်များကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ တွင် သတ်မှတ်ထားကြောင်း၊ အိမ်ငှားက အုတ်ခုံနှင့် အိမ်သာကို အသစ်ဆောက်လုပ်ခြင်းမပြုဘဲ ပြုပြင်ခြင်းသာဖြစ်၍ အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်ရာမရောက်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ)ပါ "erect" ဆိုသောစကားရပ်မှာ "repair" ဆိုသော စကားရပ်နှင့် မတူကြောင်း စသဖြင့် လျှောက်ထားသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အိမ်ငှားသည် အိမ်ရှင်တို့၏ ခွင့်ပြုချက် မရဘဲ အိမ်သာနှင့်အုတ်ခုံကိုပြင်ဆင်ခဲ့သည်မှာ အငြင်းမပွားကြောင်း၊ အိမ်ငှားဘက်မှ စည်းမဲ့ကမ်းမဲ့ ပြင်ဆင်ခြင်းမျိုးကို အကာအကွယ်မပေးသင့်ကြောင်း၊ မိလ္လာကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်သလိုပြင်ဆင်ရန်အလို့ငှာ ၁၉၆၈ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ အရ လျှောက်ထားခွင့် ရှိပါလျက် လျှောက်ထားခြင်းမပြုခဲ့ကြောင်း၊ အိမ်ငှားသည် ပုဒ်မ

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၂၁၉

၁၉၉၁ / ဒေါ်ကျင်သိ နှင့် ဦးထွန်းရ ပါ(၂)

၁၁ ပါ တာဝန်ကိုဖောက်ဖျက်သည်ဟု ကောက်ယူသင့်ကြောင်း၊ ပြင်ဆင်သည်ဆိုခြင်းမှာ ပျက်စီးမှုကို အစားထိုးခြင်းဖြစ်ကြောင်း၊ အိမ်သာကျင်းတူးခြင်းသည် ပြင်ဆင်ခြင်းမဟုတ်ကြောင်း၊ အိမ်ငှားသည် စည်ပင်သာယာရေးဥပဒေကိုလည်း ဖောက်ဖျက်ခဲ့ကြောင်း စသည်ဖြင့် ဖြေကြား လျှောက်ထားသည်။

အယူခံတရားလို၏ ရှေ့နေက အိမ်ငှားသည် ဥပဒေမဲ့ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ အချင်းဖြစ်ပြုပြင်မှုများကိုမပြုလုပ်ရန် ပဋိညာဉ်မရှိခဲ့ကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များသည် ယခုအမှုနှင့် မသက်ဆိုင်ကြောင်း၊ ထို့ပြင် အိမ်ငှားတာဝန် ဖောက်ဖျက်ခြင်းမရှိဟု မူလတရားရုံးနှင့် ပထမအယူခံတရားရုံးတို့က အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တစ်သဘောတည်းကောက်ယူဆုံးဖြတ်ခြင်းကို တရားရုံးချုပ်က စွက်ဖက် ပြင်ဆင်ခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားတင်ပြသည်။

အိမ်ငှားသည် အိမ်ရှင်၏ခွင့်ပြုချက်မရဘဲ အိမ်ရှေ့အုတ်ခုံကို ပြင်ဆင်ခြင်း၊ အိမ်သာကိုပြင်ဆင်ခြင်း စသည့် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တရားရုံးချုပ်က ဒုတိယအယူခံတွင် အောက်ရုံးများနှင့် တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် အိမ်ငှား၏လုပ်ရပ်များသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၈ တွင် အကျုံးဝင်သော အိမ်ငှား တာဝန်ဖောက်ဖျက်မှု ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရာတွင်မူ သဘောချင်းကွဲလွဲသည်။ အောက်ရုံးများက လက်ခံ ဆုံးဖြတ်ထားသော အကြောင်းခြင်းရာများသည် ဥပဒေကြောင်းအရ မည်သို့ အကျိုးသက်ရောက်သည်ကို အဆုံးအဖြတ်ပြုရာ၌ မှားယွင်းလျှင် တရားရုံးချုပ်သည် တရားမဒုတိယအယူခံ၌ အောက်ရုံးများ၏ ဆုံးဖြတ်ချက်ကို စွက်ဖက်နိုင်သည်။ ကိုသာဒင်ပါ ၄ နှင့် ဦးကျောက်ဒိုးပါ၅ [၂] ကို ကြည့်ပါ။ တရားရုံးချုပ်က အကြောင်းခြင်းရာများကို ဆိုင်ရာ ဥပဒေနှင့် စပ်ဟပ်၍ အဖြေထုတ်ယူခြင်းမှာ ဥပဒေကြောင်းဆိုင်ရာကိစ္စဖြစ်သဖြင့် အယူခံတရားလို၏ ရှေ့နေ တင်ပြချက်ကို လက်ခံခြင်းမပြုနိုင်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များမှာ အိမ်ငှား၏ တာဝန်ကို သတ်မှတ်ပေးခြင်းမပြုချေ။ အဆောက်အအုံကို လူနေထိုင်၍ ရနိုင်လောက်အောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို လုပ်ထုံး လုပ်နည်း တစ်ရပ် သတ်မှတ်ပေးခြင်းသာ ဖြစ်သည်။ ထို့ပြင် အယူခံတရားလို၏ ရှေ့နေ တင်ပြသည့်အတိုင်း မိလ္လာ ကိစ္စမှာ ၁-၁-၄၁ ရက်နေ့ မတိုင်မီက စီမံထားရှိပြီးဖြစ်သော ကိစ္စတွင်သာ အိမ်ငှားအနေဖြင့် မိလ္လာပြွန်ကိစ္စကို တင်ပြလျှောက်ထားခွင့်ရှိသည်။

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁၄၈။

၁၉၇၁
ဒေါ်ကျင်သိ
နှင့်
ဦးထွန်းရ
ပေါ(၂)

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ (တ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "he must not, without the lessor's consent, erect on the property any permanent structure, except for agricultural purposes;"

တည်ဆောက်သည် "erect" ဆိုသော စကားရပ်သည် မရှိသေးသည့်အရာကို တည်ဆောက်ခြင်းကို ရည်ညွှန်းသည်။ အချင်းဖြစ်အုတ်ခုံမှာ မူလက တည်ရှိသော အုတ်ခုံဖြစ်ပေရာ ကွဲအက်ခြင်းကိုပြုပြင်ခြင်းသည် တည်ဆောက်မှု မဖြစ်နိုင်၊ ဇလားအိမ်သာနေရာတွင် ရေလောင်းအိမ်သာကို အစားထိုးခြင်းသည် တည်မြဲသောအရာတစ်ခုကို ဖန်တီးရာရောက်သည်ဟု ဆိုနိုင်ဦးတော့ အစားထိုးခြင်းတွင် တည်ဆောက်ခြင်းအကျုံးဝင်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ ထိုနည်းတူ အိမ်သာကျင်း တူးခြင်းသည် တည်ဆောက်ခြင်း "erection" မဖြစ်နိုင်ချေ။ မူလကအိမ်သာရှိပြီးဖြစ်ပေရာ ယင်းအိမ်သာကို မွမ်းမံပြင်ဆင်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ (တ) တွင် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ။

အိမ်ငှားများက ငှားရမ်းထားသည့်ဥပစာအား ပြင်ဆင်ခြင်းကို တစ်ခါးမရှိ ခေါ်မရှိ ခွင့်ပြုရန်မသင့် ဟူသော တင်ပြချက်ကို လက်မခံနိုင်ဖွယ်ရာအကြောင်း မရှိချေ။ တစ်ဖက်တွင် ပဋိညာဉ်အရဖြစ်စေ၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ အရဖြစ်စေ၊ တားမြစ်ထားသော ပြုပြင်မှုမဟုတ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ အိမ်ရှင်က အိမ်ငှားအား နှင်ခွင့်မရှိကြောင်း သတိချပ်ရန် လိုပေသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက ဤအမှုတွင် အရေးယူလောက်သည့် ပြဿနာ မပေါ်ပေါက်သဖြင့် အထူးအယူခံဝင်ခွင့် မပြုသင့်ကြောင်း တင်ပြလျှောက်ထားသည်။ တရားရုံးချုပ်၏စီရင်ချက်တွင် အရေးယူလောက်သည့် ပြဿနာ ပေါ်ပေါက်ခြင်း ရှိမရှိ ကိစ္စမှာ စုံညီခုံရုံးက အဆုံးအဖြတ်ပေးရန် ပြဿနာမဟုတ်ချေ။ အရေးယူလောက်သည့်ပြဿနာ ပေါ်ပေါက်ခြင်းရှိမရှိ စိစစ်ဆုံးဖြတ်ရန် ဖွဲ့စည်းပေးသည့် အထူးခုံရုံးက အဆုံးအဖြတ် ပေးရမည့် ပြဿနာ ဖြစ်သည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ဤရုံးရှေ့နေခကို ကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမ အထွေထွေအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ဒေါ်ခင်စောပါ (၂)

နှင့်

ဦးဝိုင်အေမြား *

+ ၁၉၉၁
ဖေဖော်ဝါရီလ
၂၁ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉ နည်း ၄-ယာယီ တားဝရမ်းကို ရုပ်သိမ်းခြင်း၊ သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို တရားရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်ရခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး **အမိန့် ၃၉ နည်း ၄** တွင် တရားရုံးသည် မိမိထုတ်ဆင့်ထားသော ယာယီ တားဝရမ်းနှင့်ပတ်သက်၍ မကျေနပ်သည့်ဘက်မှ တင်ပြလျှောက်ထားသလျှင် ထိုယာယီ တားဝရမ်းကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာ တရားရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့် ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်သည်။ မူလတရားရုံးသည် ၎င်း၏ ဆင်ခြင်တုံတရားအရ အကျိုးအကြောင်း ဖော်ပြလျက် ယာယီ တားဝရမ်းအား ပယ်ဖျက်ရန် မသင့်ဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်းမရှိသဖြင့် ဆက်လက်အတည်ပြုပြီး ယခု အယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

အယူခံတရားလိုများအတွက် — ဦးမြင့်ခိုင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးကျော်စွာမိုး၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘဘင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၃၉၅/၉၀ တွင် တရားလို ဦးဝိုင်အေမြားက တရားပြိုင် ဒေါ်ခင်စောနှင့် ဦးအောင်သန်းတို့ အပေါ်၌ တရားလိုသည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း၊ တိုက်အမှတ်(၄၆)၊

---

* ၁၉၉၈ ပြည့်နှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ်၊ ၁၀၁

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်၊ ၃၉၅ တွင် ချမှတ်သော(၃၀-၁၀-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း၊ တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဒေါ်ခင်စော
ဝါ(၂)
နှင့်
ဦးဗိုင်အောမြား

အခန်းအမှတ် ၁၅/၁၆ (အပေါ်ဆုံးထပ်)ကို တရားဝင် လက်ဝယ်ထားရှိ သုံးစွဲခွင့်ရှိကြောင်းနှင့် တရားပြိုင်များက ယင်းအခန်းအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၄) အရ လျှောက်ထားခွင့်မရှိကြောင်း မြွက်ဟ ကြေညာပေးပါရန်နှင့် ယင်းအခန်းကို တရားပြိုင်များမှ လက်ရောက်ရယူရန် ဆောင်ရွက်သည့်ကိစ္စ ဟူသမျှကို မပြုလုပ်စေရန် တားမြစ်သည့် အမြဲတမ်း တားမြစ်မိန့်ထုတ်ပေးရန် လျှောက်ထား စွဲဆိုသည်။ အမှုအတွင်း တရားလို၏ လျှောက်ထားချက်အရ မူလ ရုံး တရားသူကြီးက တရားမ ကျင့်ထုံး အမိန့် ၃၉ နည်း ၁ နှင့် ၃ တို့ အရ အချင်းဖြစ် ပစ္စည်းနှင့်ပတ်သက်၍ တစ်ဖက်သတ် ယာယီ တားဝရမ်းအမိန့်ကို ၁၇-၉-၉၀ နေ့က ထုတ်ပေးခဲ့သည်။ ထိုယာယီတားဝရမ်းကို ရုပ်သိမ်းပေးရန် အမှတ် ၁ တရားပြိုင် ဒေါ်ခင်စောက လျှောက်ထားရာ တစ်ဖက်က ကန့်ကွက်သည်။ ဒုတိယ လက်ထောက် တိုင်းတရားသူကြီး(၁)က ၎င်း၏ ၃၁-၁၀-၉၀ နေ့စွဲပါ အမိန့်အရ ဒေါ်ခင်စော၏ လျှောက်လွှာကို ပလပ်လိုက်သဖြင့် မူလရုံးတရားပြိုင်များဖြစ်ကြသော ဒေါ်ခင်စောနှင့် ဦးအောင်သန်းတို့က တရားရုံးချုပ်သို့ အထွေထွေအယူခံ ဝင်ရောက်လာခြင်းဖြစ်သည်။ မူလထုတ်ပြန်ထားသည့် ယာယီတားဝရမ်းအား ရုပ်သိမ်းရန်မလိုဟုဆုံးဖြတ်သည့် ဒုတိယလက်ထောက် တိုင်းတရားသူကြီး (၁)၏ ၃၁-၁၀-၉၀ နေ့စွဲပါ အမိန့်မှာ ဥပဒေအရ မှန်ကန်မှု ရှိမရှိ စိစစ်အဆုံးအဖြတ်ပေးရမည့် ပြဿနာ ပေါ်ပေါက်သည်။

အမိန့် ၃၉ နည်း ၁ အရ ယာယီ တားဝရမ်း ထုတ်ပေးခဲ့သော မူလ တရားသူကြီး၏အမိန့်တွင် အချင်းဖြစ်အခန်းနှင့်ပတ်သက်၍ တရားလို တရားပြိုင်တို့ အကြားတွင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသည်ဟု ယူဆရကြောင်း၊ အမှုမပြီးဆုံးမီ ပိုနေ့မြို့ ကျွားနေမြဲအခြေအနေထိန်းသိမ်းထားရန်ဖြစ်ကြောင်းကို တရားရုံး၏ဆင်ခြင်တုံတရားအရ စဉ်းစားပြီး ၁၇-၁-၉၀ နေ့စွဲဖြင့် ယာယီ တားဝရမ်း ထုတ်ပေးကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုယာယီ တားဝရမ်း၌ အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရသည်—

> " သို့ဖြစ်၍ တရားလိုက ဥပဒေနှင့်အညီ လက်ဝယ် ရရှိ အသုံးပြုလျက်ရှိသည့် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း တိုက်အမှတ်(၄၆)၊ အခန်းအမှတ် ၁၅/၁၆ (အပေါ်ဆုံးထပ်)သို့ တရားပြိုင်များ ဝင်ရောက်ရန် ကြိုးပမ်းခြင်း၊ ဝင်ရောက်ခြင်း၊ လက်ရောက် ရယူရန် အားထုတ်ခြင်း၊ လက်ရောက် ရယူခြင်း စသည့် တရားလို၏အခွင့်အရေးအရပ်ရပ်ကို ထိခိုက်စေသည့် ကိစ္စ အဝဝကို မပြုလုပ်စေရန် ယာယီ တားဝရမ်း ထုတ်ဆင့်ပေးလိုက်သည်"

ဟု ဖော်ပြထားသည်။

၁၉၉၁
ဒေါ်ခင်စော
ဝါ (၂)
နှင့်
ဦးဝိုင်းအမြား

အထက်ပါ ယာယီတားဝရမ်းကို ပယ်ဖျက်ရန် မသင့်ဟု ချမှတ်သည့် ၃၁-၁၀-၉၀ နေ့စွဲပါ အမိန့်တွင် အောက်ပါအတိုင်း သုံးသပ်ထားကြောင်း တွေ့ရသည်—

" အချင်းဖြစ်အခန်းသည် တရားလိုလက်ဝယ် ရှိနေသော်လည်း တရားပြိုင်သည် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် ပုဒ်မ ၂၁(၄)အရ အမိန့်ကိုလည်း ယူထားသည်။ ပုဒ်မ ၂၂ အရလည်း တရားလိုအား အရေးယူ ဆောင်ရွက်နေသည်ဖြစ်၍ အချင်းဖြစ် ပစ္စည်းကို တရားပြိုင်က တရားလို နစ်နာဆုံးရှုံးစေရန် အားထုတ်နေသည်ဟု ယူဆသည်။ ခေတ္တ တားဝရမ်း ထုတ်ပေးထား၍ တရားပြိုင်အား နစ်နာရန် အကြောင်းမရှိသဖြင့် တရားပြိုင်၏ လျှောက်ထားချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်သည် "

တရားမ ကျင့်ထုံး အမိန့် ၃၉ နည်း ၄ တွင် တရားရုံးသည် မိမိ ထုတ်ဆင့်ထားသော ယာယီတားဝရမ်းနှင့်ပတ်သက်၍ မကျေနပ်သည့်ဘက်မှ ထင်မြင် လျှောက်ထားလာလျှင် ထိုယာယီတားဝရမ်းကိုရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာ တရားရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့် ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်သည်။ မူလ တရားရုံးသည် ၎င်း၏ ဆင်ခြင်တုံ တရားအရ အကျိုးအကြောင်းဖော်ပြလျက် ယာယီတားဝရမ်းအား ပယ်ဖျက်ရန်မသင့်ဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်း မရှိသဖြင့် ဆက်လက်အထည်မြင်ပြီး ယခု အယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

တရားမ အထွေထွေ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၁ စက်တင်ဘာလ ၃၀ ရက်

ဒေါ်ခင်စိန် ပါ ၃

နှင့်

ဦးချစ် *

**ဒီကရီကိုအတည်ပြုသော ဇာရီရုံး— ဒီကရီ မှားသည် မှန်သည်ကို ဝေဖန်သုံးသပ်ခြင်း မပြုနိုင်— ဒီကရီကို အတည်ပြုရန် ငြင်းဆိုနိုင်သောအကြောင်းများ။**

**ဆုံးဖြတ်ချက်။** တိုင်းတရားရုံးက သုံးသပ်သကဲ့သို့ သဃ်န်းကျွန်းမြို့နယ် တရားရုံး ၁၉၈၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ တွင် ချမှတ်သည့် ဒီကရီမှာ အတည်ဖြစ်လျက်ရှိ၍ ဒီကရီကိုအတည်ပြုသော ဇာရီရုံးသည် ဒီကရီ မှားသည် မှန်သည်ကို ဝေဖန်သုံးသပ်ခြင်းမပြုနိုင်ပေ။ ဒီကရီကိုအတည်ပြုရာ၌ ဇာရီရုံးသည် အဆိုပါဒီကရီမှာ သေသူအပေါ် ချမှတ်သောဒီကရီ၊ စီရင်ပိုင်ခွင့်မရှိဘဲ ချမှတ်သော ဒီကရီနှင့် အများပြည်သူနှင့်သက်ဆိုင်သောမူဝါဒအပေါ် အခြေခံသည့် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင် ချမှတ်သော ဒီကရီ ဖြစ်လျှင်သာ အတည်မပြုဘဲနေနိုင်သည်။ အထက်ပါ အကြောင်း ၃ ရပ်မှအပ ဇာရီရုံးသည် ဒီကရီကို အတည်ပြုရန် ငြင်းဆိုနိုင်ခြင်းမရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးမင်းအောင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | မလာ |
| တရားရေးအကြံပေး | — | ဦးတင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

သဃ်န်းကျွန်းမြို့နယ်တရားရုံး၊ ၁၉၈၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ တွင် အယူခံတရားပြိုင် ဦးချစ် (တရားလို)က အယူခံတရားလို ဒေါ်ခင်စိန်၊ ဦးသိန်းအောင်နှင့် ဦးပချစ်တီးတို့အပေါ် အချင်းဖြစ် မြေကွက် ပေါ်၌ ဆောက်လုပ်ထားသည့် နေအိမ်ကိုဖျက်၍ မြေကွက်ကိုလက်ရောက်ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းဒီကရီကို ဒေါ်ခင်စိန်တို့က မကျေနပ်၍ ယခင်

---

* ၁၉၉၁ ခုနှစ် တရားမအထွေထွေအယူခံမှု အမှတ် ၅၈

+ ၁၉၃၁ ခုနှစ် တရားမ အထွေထွေ အယူခံမှု အမှတ် ၁၆ တွင် ချမှတ်သော (၁၀-၄-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း၊ တရားရုံး၏အမိန့်ကို အယူခံမှု

ဗဟိုတရားရုံးအထိ အယူခံခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အယူခံတရားပြိုင် ဦးချစ် (တရားနိုင်)က သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၁ / ၈၈ တွင် အတည်ပြုဆောင်ရွက်သည်။ ဒေါ်ခင်စိန်တို့က အချင်းဖြစ် မြေမှာ ဂရန်သက်တမ်းကုန်ဆုံးနေ၍ ဒီကရီကို အတည်မပြုသင့်ဟု အစိုက ထား၍ ကန့်ကွက်ခဲ့သည်။ မြို့နယ်တရားရုံး၏ အယူခံတရားလိုတို့၏ တင်ပြချက်ကို လက်မခံ ငြင်းပယ်ခဲ့သည်။ ယင်းကိစ္စကို ဒေါ်ခင်စိန်တို့ကမကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ အယူခံရာ တိုင်းတရားရုံးက မူလရုံးအား စုံစမ်းစစ်ဆေးမှုပြု၍ အဆုံးအဖြတ်ပြုရန် ပြန်လည် ညွှန်ကြားခဲ့သည်။ မူလရုံးက စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် အချင်းဖြစ်မြေမှာ ဂရန်သက်တမ်း ကုန်ဆုံးနေသော အစိုးရပိုင်မြေ ဖြစ်သောကြောင့် သင်္ဃန်းကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၅ / ၈၄ တွင် ချမှတ်ထားသော ဒီကရီသည် မူလကပင် ပျက်ပြယ်နေသော ဒီကရီဖြစ်နေသည်ဟု သုံးသပ်၍ ဇာရီမှု အမှတ် ၁ / ၈၈ ကို ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်းနှင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ ဒီကရီကိုပြင်ဆင်ရေးဆွဲရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို တရားနိုင် ဦးချစ်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံရာ တရားမ အထွေထွေအယူခံမှု အမှတ် ၁၆ / ၉၁ တွင် တိုင်းတရားရုံးက မူလရုံး၏အမိန့်ကိုပယ်ဖျက်၍ အဆိုပါဒီကရီမှာ အတည်ဖြစ်လျက်ရှိ၍ ဇာရီရုံးအနေဖြင့် ဒီကရီနှင့်အညီသာ အတည်ပြုဆောင်ရွက်ရန်ရှိသောကြောင့် ဇာရီမှု အမှတ် ၁ / ၈၈ ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို တရားရှုံးများဖြစ်ကြသည့် ဒေါ်ခင်စိန်တို့က မကျေနပ်၍ ဤတရားမ အထွေထွေအယူခံကို တင်သွင်းသည်။

တိုင်းတရားရုံးက သုံးသပ်သကဲ့သို့ သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ ၁၉၈၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ တွင် ချမှတ်သည့်ဒီကရီမှာ အတည်ဖြစ်လျက် ရှိ၍ ဒီကရီကို အတည်ပြုသော ဇာရီရုံးသည် ဒီကရီ မှားသည် မှန်သည်ကို ဝေဖန်သုံးသပ်ခြင်းမပြုနိုင်ပေ။ ဒီကရီကိုအတည်ပြုရာ၌ ဇာရီရုံးသည် အဆိုပါ ဒီကရီမှာ သေသူအပေါ် ချမှတ်သော ဒီကရီ၊ စီရင်ပိုင်ခွင့်မရှိဘဲ ချမှတ်သော ဒီကရီနှင့် အများပြည်သူနှင့် သက်ဆိုင်သော မူဝါဒအပေါ် အခြေခံသည့် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ချမှတ်သောဒီကရီဖြစ်လျှင်သာ အတည်မပြုဘဲ နေနိုင်သည်။ အထက်ပါ အကြောင်း ၃ ရပ်မှအပ ဇာရီရုံးသည် ဒီကရီကို အတည်ပြုရန် ငြင်းဆိုနိုင်ခြင်းမရှိပေ။

ထို့ပြင် အချင်းဖြစ်မြေမှာ ဂရန်သက်တမ်းကုန်ဆုံးသည်ဟူသောအကြောင်းမှာ ဒီကရီကို အတည်ပြုရန် ငြင်းပယ်နိုင်သောအကြောင်းရပ်လည်းမဟုတ်ပေ။ ဂရန်သက်တမ်းမကုန်မီက စွဲဆိုသောမြေကို ဂရန်သက်တမ်း ကုန်လွန်ပြီဟူသော အကြောင်းဖြင့် လက်ရောက်မရယူနိုင်ဖွယ် အကြောင်းမရှိချေ။ အစိုးရပိုင်

၁၉၉၁
ဒေါ်ခင်စိန်
ပါ(၃)
နှင့်
ဦးချစ်

မြေကို လက်ရှိဖြစ်သူပင်လျှင် ယင်းမြေတွင် ကျူးကျော်သူအား နှင်လိုမှု စွဲဆို၍ မြေကို လက်ရောက်ရယူနိုင်ပေသည်။

သို့ဖြစ်၍ တိုင်းတရားရုံးက မူလရုံး၏ ၂၉-၁-၉၁ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်၍ ဇာရီမှု အမှတ် ၁/၈၈ ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့်အညီဖြစ်သောကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၇၅/– သတ်မှတ်သည်။

တရားမ ပထမအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်အောင့်ရှေ့တွင်

ဒေါ်ခင်စိန် ပါ (၇)

(၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးခင်မောင်အေး)

နှင့်

ဦးတင်ဦး (ခ) တင်မောင်ဦး ပါ(၄)

+ ၁၉၉၁
မတ်လ
၇ ရက်

မီးသေဆုံးဖြတ်ချက်–တရားပြိုင်အချင်းချင်းအကြားတွင် မီးသေဆုံးဖြတ်ချက် ဖြစ်ရန်အချက်။

ဆုံးဖြတ်ချက်။ အဓိကအားဖြင့် အဆိုပါ တရားမကြီးမှု အမှတ် ၅/၇၄ မှ ဆုံးဖြတ်ချက်သည် လက်ရှိ တရားမကြီးမှု အမှတ် ၆/၈၉ (မြအနောက်မြောက်) တွင် မီးသေမှုဖြစ်မဖြစ်မှာ ပထမအမှုမှ တရားပြိုင်များ ဖြစ်ကြသော ဦးရီစွတ်နှင့် ဦးသန်းတင်တို့အကြား မီးသေမှုဖြစ်မဖြစ် သုံးသပ်ရန်သာ ဖြစ်သည်။ တရားပြိုင်အချင်းချင်းအကြားတွင် မီးသေသောဆုံးဖြတ်ချက် ဖြစ်ရန်မှာ တရားပြိုင် အချင်းချင်းအကြားတွင် အကျိုးသက်ဆိုင်ခွင့်များ ဝိရောဓိ ဖြစ်လျက်ရှိရန်လိုသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | – | ဦးညွှန့်ဝေ၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံ တရားပြိုင်များအတွက် | – | (၁) ဦးမင်းစိန်၊ တရားရုံးချုပ်ရှေ့နေ၊ (၂) မှ (၄) ဒေါ်ပြုံးပြုံးရီ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးလှမြင့်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၂၅

+ ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆ တွင် ချမှတ်သော (၃၀-၁၀-၇၉) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးမြို့နယ်စု) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁

ဒေါ်ခင်စိန် ပါ(၇) (၎င်းတို့၏ အထွေထွေ ကိုယ်စားလှယ် စာရရှိသူ ဦးခင်မောင် အေး) နှင့် ဦးတင်ဦး (ခ) တင်မောင်ဦး ပါ(၄)

မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု) တရားမကြီးမှုအမှတ်၉/၇၉ (အနောက်မြောက်)တွင် ဒေါ်ခင်စိန်၊ ဦးလှမောင်၊ ဦးသန်းစိန်နှင့် ဦးအေးမောင် (၎င်းတို့၏ ကိုယ်စားလှယ်စာရရှိသူ ဦးခင်မောင်အေး)က လိမ်လည်ရယူထားသည့် ဒီကရီအား ပျက်ပြယ်ကြောင်းကြေညာပြဌာန်းပေးစေလိုမှုနှင့် အမွေဆိုင်မြေဖြစ်ကြောင်း ကြေညာ ပြဌာန်းပေးစေလိုမှု စွဲဆိုသည်။ မူလ ရုံးက ပဏာမငြင်းချက်တွင် တရားလိုစွဲဆိုသောအမှုမှာ မီးသေပြီး ဖြစ်ကြောင်းဖြင့် အမှုပလပ်ကြောင်း ၃၁-၁၀-၈၉ နေ့၌ ဒီကရီချမှတ်ပေးခဲ့သည်။ ထို စီရင်ချက်နှင့် ဒီကရီကို ဒေါ်ခင်စိန်တို့က မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို ဦးအေးမောင်သည် အယူခံအတွင်း ၂၅-၉-၇၉ နေ့၌ ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ဟမီဒါနှင့် သား မောင်အောင်မျိုးဦး၊ သမီး မအေးအေးမာနှင့် မအေးအေးမွန်တို့အား တရားဝင် ကိုယ်စားလှယ်များ အဖြစ် ပါဝင်ခွင့်ပြုခဲ့သည်။ သားသမီး (၃)ဦးမှာ အရွယ်မရောက်သေးသူများ ဖြစ်ကြသဖြင့် ၎င်းတို့အတွက် ဒေါ်ဟမီဒါအား သဘာဝ အုပ်ထိန်းသူအဖြစ်လည်း ပါဝင်ခွင့်ပြုခဲ့သည်။

ဒေါ်ခင်စိန်တို့က အဆိုလွှာတွင် မန္တလေး အနောက်မြောက် မြို့နယ်၊ ပြည်ကြီးကျက်သရေ အနောက်ရပ်၊ အကွက်အမှတ် ၁၆၂၊ ဦးပိုင် အမှတ် ၁၁ ဘိုးဘွားပိုင်မြေကွက်သည် အစ္စလာမ်ဘာသာဝင် ကွယ်လွန်သူဒေါ်တင်အမည်ပေါက် ပိုင်ဆိုင်ခဲ့ကြောင်း၊ ၎င်းကွယ်လွန်သောအခါ သားသမီးများဖြစ်ကြသော ဒေါ်ကြည်မာ၊ ဟာဂျီဦးမောင်ကလေး၊ ဦးညို၊ ဒေါ်တီတီမာ၊ ဦးအီစမန်အင်၊ ဦးရိစ္စတ်၊ ဟာဂျီဦးရာကွတ်နှင့် ဦးသန်းတင်တို့ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ အယူခံတရားလိုများသည် ကွယ်လွန်သူ ဦးရိစ္စတ်၏ သားသမီးများ ဖြစ်ကြကြောင်း၊ အယူခံတရားပြိုင်တို့သည် ကွယ်လွန်သူ ဦးသန်းတင်၏ သားသမီးများ ဖြစ်ကြောင်း၊ အမွေဆိုင်အများပိုင်ဆိုင်သည့် ဦးပိုင် အမှတ် ၁၁ ဘိုးဘွားပိုင် မြေကွက်ကို ဦးတင်ဦးက တရားလိုပြုလုပ်၍ မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၆၄/၇၇ တွင် ဦးအောင်ညွန့်၊ ဦးမြအောင်နှင့် ဒေါ်မြင့်မြင့်သိန်းတို့ကို တရားပြိုင်အဖြစ်ထား၍ အဆိုလွှာ၊ ချေလွှာများ သဘောတူတင်သွင်း၍ ဦးတင်ဦး တစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီကို လိမ်လည်ရယူခဲ့ကြောင်း စသည်ဖြင့် အဆိုပြုသည်။

အယူခံတရားလိုတို့က ချေလွှာများတွင် အခြားအချက်များ အပြင် မန္တလေး ရာဘက်ခရိုင် တရားမရုံး၏ တရားမကြီးမှု အမှတ် ၂၀/၆၃၊ (မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၄၊ အနောက်မြောက်)၊ တရားမသေးမှု အမှတ် ၄/၇၄၊ ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမ ပဌမ အယူခံမှု အမှတ် ၉/၇၄ နှင့် တရားမ ပြင်ဆင်မှု အမှတ် ၁၂/၇၇

၁၉၈၁
ဒေါ်ခင်စိန် ပါ(၇) (၎င်းတို့၏ အထွေထွေ ကိုယ်စားလှယ် စာရရှိသူ ဦးခင်မောင်အား) နှင့် ဦးတင်ဦး (ခ) တင်မောင်ဦး ပါ(၄)

တို့တွင် ချမှတ်ထားသော စီရင်ချက်နှင့်ဒီကရီများသည် ယခုအမှု၌ မီးသေပြီး ဖြစ်ကြောင်း စသည်ဖြင့် ချေပသည်။

မူလရုံးက ပဏာမ ငြင်းချက်(၃)ရပ်အနက် အောက်ပါပဏာမငြင်းချက် အမှတ်(၁)ကို ဖြေဆိုလျက် အဆိုလွှာကို ပလပ်ခဲ့ခြင်းဖြစ်သည်-

" ယခင် ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး တရားမကြီးမှု အမှတ် ၂၀/၆၃ (မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၄) မန္တလေးတိုင်း တရားရုံး၊ တရားမအထွေထွေမှု အမှတ် ၄/၇၄ နှင့် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမ ပထမ အယူခံမှု အမှတ် ၉/၇၄၊ တရားမပြင်ဆင်မှု အမှတ် ၁၂/၇၇ တို့တွင် အချင်းဖြစ် ပြဿနာကို အဆုံးအဖြတ်ပြုပြီး ဖြစ်၍ ယင်းဆုံးဖြတ်ချက်နှင့် ဒီကရီ များသည် တည်မြဲလျက်ရှိခြင်းကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ မီးသေပြီးဖြစ်သည်ဆိုခြင်းမှာ မှန်ပါသလား။ "

ယခင် မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှု အမှတ် ၂၀/၆၃ (မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၄) တွင် ဦးညီက ဒေါ်ကြည်မာ၊ ဟာဂျီ ဦးမောင်ကလေး၊ ဒေါ်တီတီမာ၊ ဦးရီစွတ်၊ ဟာဂျီဦးရာကွတ်နှင့် ဦးသန်းတင်တို့အပေါ် ကွယ်လွန်သူဒေါ်တင် ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းပြီး အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု စွဲဆို ခဲ့သည်။ ယင်းအမှုတွင် ဖော်ပြသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ စာရင်း၌ အချင်းဖြစ် မန္တလေးမြို့၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ အကွက်အမှတ် ၁၆၂၊ ဦးပိုင် အမှတ် ၁၁ ဘိုးဘပိုင် မြေကွက်လည်း ပါဝင် သည်။ အဆိုပါ အမှုတွင် ဒေါ်ကြည်မာ ပါ-၆ ဦးတို့က ပြေငြိမ်း ဒီကရီ ချပေးရန် လျှောက်ထားချက်အရ ယခင်ရာဘက်ခရိုင် တရားမတရားသူကြီးက ပဏာမ ဒီကရီကို ၇-၂-၆၄ နေ့၌ ချမှတ်ခဲ့သည်။ ယင်းဒီကရီပါ အချက် များတွင် အောက်ပါအချက်တစ်ရပ်လည်း ပါဝင်သည်-

" ၆-တရားခံ မောင်သန်းတင်သည် မန္တလေးမြို့၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အမှတ် ၁၆၂၊ ဦးပိုင် အမှတ် ၁၁ ရှိ မြေယာပေါ်တွင် တဲအိမ်ဆောက်လုပ်နေထိုင်၍ လက်ရှိဖြစ်ပါသည်။ ၎င်းသည် စိန်ရွှေ ပစ္စည်းများ ရောင်းချ၍ရသော ငွေနှင့် ငွေကြေးတို့တွင် ၎င်း၏ဝေပုံစု ယူသောအချိန်၌ တဲအိမ်ကို ဖျက်သိမ်းဖယ်ရှားပြီး လက်ရှိ ဖြစ်သော မြေကို တရားလို ဦးညီနှင့် ၅-တရားခံ ဟာဂျီဦးရာကွတ်သို့ လက် ရောက် ပေးအပ်မည် ဖြစ်ပါသည်။ "

၎င်းနောက် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၄ (အနောက်မြောက်) အဖြစ် အမှု ပြောင်းလဲဖွင့်ပြီး အထက်ပါ ဒီကရီသည်

၁၉၉၀
ဒေါ်ခင်စိန်
ပါ(၇)
(၎င်းတို့၏
အထွေထွေ
ကိုယ်စားလှယ်
စာရရှိသူ
ဦးခင်မောင်
အေး)
နှင့်
ဦးတင်ဦး(ခ)
တင်မောင်ဦး
ပါ (၄)

ပဏာမ ဒီကရီဖြစ်ကြောင်း သုံးသပ်လျက် ယင်းအတိုင်းဆက်လက်ဆောင်ရွက်သွားရန် အပြီးသတ် ဒီကရီချပေးသည်။ ထိုဒီကရီကို ဒေါ်ခင်သောင်း ပါ ၈ ဦးက ယခင်ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှု အမှတ် ၁၀/၇၇ တင်သွင်းရာ ယင်းဒီကရီသည် ပဏာမ ဒီကရီဟု အမည်တပ်ထားသော်လည်း အနှစ်သာရအားဖြင့် အပြီးသတ် ဒီကရီတစ်ခုချမှတ်ရာတွင် ပါဝင်ရန် လိုအပ်ချက်များအားလုံး ထည့်သွင်း၍ ပစ္စည်းများကို အပြီးအပြတ်ခွဲဝေသတ်မှတ်ပေးထားသော ဒီကရီဖြစ်ကြောင်း၊ ရာဇာကဝ်ခရိုင်တရားမ တရားရုံးမှ ၇-၁-၆၄ နေ့တွင် ချမှတ်သော ဒီကရီအပြင် ထပ်မံ၍အပြီးသတ်ဒီကရီချမှတ်ခြင်းမှာ လိုအပ်ခြင်းမရှိတော့ဟု ယူဆကြောင်း၊ အမှုသည်များသည် တရားရုံး၏ အမွေအုပ်ထိန်းစီမံခန့်ခွဲပေးမှု ဒီကရီကို လိုက်နာခြင်းမရှိဘဲ မိမိတို့ဆန္ဒအလျောက် ပြင်ပတွင် အမွေပုံပစ္စည်း အသီးသီးခွဲဝေယူကြပြီး ဖြစ်ကြောင်း၊ အမှုတွဲ၌ ပေါ်ပေါက်ကြောင်း စသည်ဖြင့် သုံးသပ်လျက် မန္တလေးတိုင်းတရားရုံး၏ ၁၃-၁-၇၇ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ခဲ့သည်။

ဗဟိုတရားရုံးက အထက်ပါအတိုင်း ပြင်ပတွင် အမွေပုံပစ္စည်းများ ခွဲဝေယူပြီးဖြစ်ကြောင်း ဖော်ပြချက်သည် ယေဘုယျ ဝေဖန်သုံးသပ်ချက်မျှသာဖြစ်သည်ဟု ယူဆသည်။ အကြောင်းမှာ ဦးတင်ဦးက ဦးအောင်ညွန့်အပေါ် ဘိုးဘပိုင် မြေနှင့် နှစ်ထပ်အဆောက်အအုံကို တရားလို တစ်ဦးတည်း ပိုင်ကြောင်း အတိအလင်း ကြေညာ ပြဋ္ဌာန်းပေးရန်နှင့် တရားပြိုင်များက ၎င်းတို့ပါပိုင်ကြောင်း ပြောဆိုနေသည့်အတွက် နောက်ဆက်တွဲ သက်သာခွင့်ဖြစ်သော ထာဝစဉ် တားဝရမ်းထုတ်ပေးစေရန် မန္တလေးတိုင်းတရားရုံးတွင် စွဲဆိုသော တရားမကြီးမှု အမှတ် ၁၆၄/၈၈ ၏ အဆိုလွှာ အပိုဒ် ၂ တွင် "တရားလိုသည် မန္တလေး အနောက်မြောက် မြို့နယ်၊ ပြည်ကြီး ကျက်သရေအနောက်ရပ်ကွက်၊ အမှတ် ၈၆၂၊ ဦးပိုင် အမှတ် ၁၁ ရှိ ဘိုးဘပိုင် မြေကို မိခင် သက်ရှိထင်ရှားရှိစဉ်အချိန်မှ ကွယ်လွန်သည့်အချိန်ထိ စောင့်ရှောက်သောကြောင့် မိခင်ဒေါ်တင် မကွယ်လွန်မီ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က လက်ရှိ လက်ရောက်ပေးအပ်ပြီး တရားလို ကိုယ်ပိုင်ငွေကြေးဖြင့် နှစ်ထပ်အဆောက်အအုံကို ဆောက်လုပ်၍ တရားလိုတစ်ဦးတည်း လက်ရှိ နေထိုင်ပိုင်ဆိုင်ကြောင်း အဆိုပြုထားသည်။

ဤအဆိုပြုချက်အရပင် ဒေါ်ကြည်မာ အစရှိသော အမွေဆိုင်များက မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၄/၇၄ ၌ တင်သွင်းခဲ့သော သဘောတူပြေငြိမ်းလွှာ အပိုဒ် ၈ ပါအတိုင်း အကွက်အမှတ် ၁၆၂၊ ဦးပိုင် အမှတ် ၁၁ ရှိ မြေယာကို ဦးရာကွတ်သို့ လက်ရောက်ခွဲဝေပေးအပ်ပြီးကြောင်း မပေါ်ပေါက်ချေ။

မန္တလေးတိုင်း တရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၄/၇၄ တွင် တာဂျီဦးရာကွတ်က ကွယ်လွန်သူ ဟာဂျီမ ဒေါ်တင်၏ သေတမ်းစာအရ

၁၉၅၀
ဒေါ်ခင်စိန်
ပါ(၃)
(၎င်းတို့၏
အထွေထွေ
ကိုယ်စားလှယ်
စာရရှိသူ
ဦးခင်မောင်
အား)
နှင့်
ဦးတင်ဦး (ခ)
တင်မောင်ဦး
ပါ(၄)

ဆောင်ရွက်နိုင်ရန် ပရိဘိတ် (ခေါ်) ခန့်စာထုတ်ပေးရန် လျှောက်ထားခြင်း ဖြစ်သည်။ ယင်းအမှုတွင် ဦးမောင်ကလေးနှင့် ဦးသန်းတင်တို့က ကန့်ကွက်လွှာ တင်ကြသည်။ တိုင်းတရားရုံးက အချင်းဖြစ်အမွေပုံပစ္စည်းနှင့်ပတ်သက်၍ တရားမကြီးမှု အမှတ် ၄/၇၄ မှ သဘောတူပဏာမဒီကရီကို အထက်ရုံးက မပယ်ဖျက်သမျှ အချင်းဖြစ် အမွေပုံနှင့် ပတ်သက်၍ မည်သူမျှ ပရိဘိတ် လျှောက်ထားနိုင်မည် မဟုတ်ကြောင်းဖြင့် အမှုပလပ်ကြောင်း ၁-၁၀-၇၄ နေ့၌ အမိန့်ချသည်။ ထိုအမိန့်ကို ဦးရာကွတ်က ယခင် ဗဟို တရားရုံး (မန္တလေးရုံးထိုင်) တရားမ ပထမ အယူခံမှု အမှတ် ၉/၇၄ ၌ အယူခံဝင်ရာ အကျဉ်းနည်းဖြင့် ၁၄-၁-၇၆ နေ့က ပလပ်ခဲ့သည်။

အထက်ပါ ပေါ်ပေါက်ချက်များအရ ယခင် မန္တလေးမြို့ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှု အမှတ် ၂၀/၆၃ (မန္တလေးတိုင်း တရားရုံး တရားမကြီးမှု အမှတ် ၄/၇၄) တွင် ဦးညီက တရားလို ဖြစ်ပြီး အယူခံတရားလိုဒေါ်ခင်စိန်တို့၏ဖခင် ဦးရိစွတ်နှင့် အယူခံတရားပြိုင် ဦးတင်ဦး၏ ဖခင် ဦးသန်းတင်တို့မှာ တရားပြိုင်များအဖြစ် တရားစွဲဆိုခြင်းခံရသူများ ဖြစ်ကြသည်။ ယခင် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမပြင်ဆင်မှု အမှတ် ၁၂/၇၇၊ မန္တလေးတိုင်း တရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၄/၇၄၊ ယခင် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမ အယူခံမှု အမှတ် ၉/၇၄ တို့မှာ အထက်ပါတရားမကြီးမှု အမှတ် ၄/၇၄ နှင့် ဆက်စပ်သော အမှုများဖြစ်သည်။ အဓိကကျသော အမှုမှာ တရားမကြီးမှု အမှတ် ၄/၇၄ ပင် ဖြစ်သည်။

အဓိကအားဖြင့် အဆိုပါတရားမကြီးမှု အမှတ် ၄/၇၄ မှ ဆုံးဖြတ်ချက်သည် လက်ရှိ တရားမကြီးမှု အမှတ် ၆/၇၉ (အနောက်မြောက်) တွင် မီးသေမှု ဖြစ် မဖြစ်မှာ ပထမအမှုမှ တရားပြိုင်များဖြစ်ကြသော ဦးရိစွတ်နှင့် ဦးသန်းတင်တို့အကြား မီးသေမှုဖြစ်မဖြစ်သုံးသပ်ရန်သာဖြစ်သည်။ တရားပြိုင် အချင်းချင်း အကြားတွင် မီးသေသောဆုံးဖြတ်ချက် ဖြစ်ရန်မှာ တရားပြိုင် အချင်းချင်းအကြားတွင် အကျိုးသက်ဆိုင်ခွင့်များ ဝိရောဓိ ဖြစ်လျက် ရှိရန် လိုသည်။ ကိုဖန်စိန် နှင့် ဒေါ်ရှုတင် (၂ခ) ထင်ကြူးသွင် ပါ-၂ [၁] အမှုအား ရည်ညွှန်းသည်။

တရားမကြီးမှု အမှတ် ၄/၇၄ တွင် တရားပြိုင်များဖြစ်ကြသော ဦးရိစွတ် နှင့် ဦးသန်းတင်တို့ အကြား အကျိုးသက်ဆိုင်ခွင့်မှာ ဝိရောဓိ ဖြစ်ကြောင်း မပေါ်ပေါက်ချေ။ အကြောင်းမှာ ယင်းအမှုတွင် ဦးရိစွတ်နှင့် ဦးသန်းတင်တို့ အပါအဝင် တရားပြိုင်များက ၇-၁-၆၄ ရက်စွဲဖြင့် သဘောတူပြေငြိမ်းသည့် လျှောက်ထားလွှာကို တင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ တရားမကြီးမှု

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၁၇။

၁၉၉၁
ဒေါ်ခင်စိန် ပါ(၇) (၎င်းတို့၏ အထွေထွေ ကိုယ်စားလှယ် စာရရှိသူ ဦးခင်မောင် အေး) နှင့် ဦးထင်ဦး (ခ) တင်မောင်ဦး ပါ(၄)

**အမှုတ်** ၄ / ၇၄ **တွင်** အချင်းဖြစ်မြေ**ကွက်အမှတ်** ၁၆၂၊ ဦးပိုင် **အမှတ်** ၁၁ အား အမွေဆိုင်ပစ္စည်းအနေဖြင့် ခွဲဝေစေသည့်ဆုံး**ဖြတ်ချက်**သည် ဦး**ရီစွတ်**နှင့် ဦးသန်းတင်တို့အကြား **မီးသေ**ရန်အကြောင်းမရှိချေ။ ဤသို့ဆိုလျှင် **ဦးရီစွတ်** သားသမီးများ ဖြစ်ကြသော **လက်ရှိတရားမကြီးမှု အမှတ်** ၆ / ၁၉ (အနောက်မြောက်) **၏** တရားလိုများ**ဖြစ်**သည့် ဒေါ်ခင်**စိန်တို့**နှင့် တရားပြိုင်များ ဖြစ်ကြသော ဦးတင်ဦးတို့အကြားတွင် **ယခင်တရားမကြီးမှု** အမှတ် ၄ / ၇၄ **၏** ဆုံးဖြတ်ချက်သည် **မီးသေသော ဆုံးဖြတ်ချက်**တစ်ရပ် မဟုတ်**ချေ**။ ထို့အတူ တရားမကြီးမှု အမှတ် ၄/၇၄ **အား အခြေခံ**ပြီး ဆက်စပ်သော မန္တလေး**တိုင်း** တရားရုံး၊ တရားမ အ**ထွေထွေမှု အမှတ်** ၄ / ၇၄၊ **ယခင် ဗဟိုတရားရုံး** (မန္တလေးရုံးထိုင်) တရားမပထမအယူခံမှု အမှတ် ၉ / ၇၄၊ တရားမပြင်ဆင်မှု **အမှတ်** ၁၂ / ၇၇ **တို့၏ ဆုံးဖြတ်ချက်**များ**သည်လည်း** လက်ရှိ အမှုတွင် **မီးသေ**ဆုံးဖြတ်**ချက်များ** မဖြစ်ခဲ့ချေ။

သို့ဖြစ်၍ မူလရုံးက **ယင်းအမှုများမှ ဆုံးဖြတ်ချက်တို့**သည် လက်ရှိ **တရားမကြီးမှု** အမှတ် ၄ / ၇၄ (ယခင် **ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး** တရားမကြီးမှု အမှတ် ၂၀ / ၆၃) ၌ တရားမ **ကျင့်ထုံး ဥပဒေ**ပုဒ်မ ၁၁ အရ **မီးသေဆုံးဖြတ်ချက်**ဖြစ်ကြောင်းသုံးသပ်လျက် **ဒေါ်ခင်စိန်တို့စွဲဆိုသော**အမှုကို မလပ်ခဲ့ခြင်း**သည် မှန်ကန်မှုမရှိချေ**။

ထို့ကြောင့် ဤအ**ယူခံမှု**ကို ခွင့်ပြုသည်။ မန္တလေး**တိုင်း တရားရုံး**၏ ၃၁–၁၀–၁၉ ရက်စွဲပါစီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်လိုက်သည်။ ၎င်းနောက် မူလရုံး**က** မူလအမှုအမှတ်ဖြင့် **အမှုပြန်**ဖွင့်ပြီး ဥပ**ဒေ**လုပ်**ထုံး**လုပ်**နည်း**နှင့်အညီ **ဆက်လက်**ဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

**ဤ**အယူခံ**တွင်** အယူခံ တရားလိုများ ထမ်းဆောင်ထားသော **ရုံးခွန်**ကို ပြန်အမ်းရန်**အ**တွက် သက်သေခံလက်**မှတ်ထုတ်ပေးရန်**လည်း ညွှန်ကြားသည်။

တရားစရိတ်ကို နောက်ဆုံး အမှုရှုံးသူက ကျခံစေရန်**ဖြစ်သည်**။

တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒေါ်ခင်ညွန့်

ဦးတင်ဝင်းပါ-၂

ဦးရွှေဝင်း ပါ-၂

နှင့်

ဦးသိန်းဟန်*

ဦးသိန်းဟန်

ဦးသိန်းဟန်

+ ၁၉၉၁
ဒီဇင်ဘာလ
၂၇ ရက်

**အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား နှင်လိုမှု–အခွင့်အမိန့်အရနေသူနှင့်အတူ နေထိုင်သူ–ခွင့်ပြုချက်အရ နေထိုင်သူကွယ်လွန်ပြီးနောက် အတူနေ သား၊ သမီးများ– တရားပြိုင်သည် အခမဲ့နေသူ မိဘများ၏ နေထိုင်ခွင့်ကို ဆက်ခံခြင်း၊**

**ဆုံးဖြတ်ချက်။** အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား နှင်ထုတ်လိုမှုများတွင် အခွင့်အမိန့်အရနေသူနှင့်အတူ နေထိုင်သူတို့သည်လည်း မူလခွင့်ပြုသူ၏ အခွင့်အမိန့်အရ နေထိုင်သူများပင် ဖြစ်၍ ထိုသူတို့ကိုလည်း အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအဖြစ် တရားစွဲဆိုနှင်ထုတ်ခွင့်ရှိသည်။ ဦးအုန်း နှင့် ဦးကြိုင် ⁽¹⁾ အမှုကို ရည်ညွှန်းသည်။ ထို့ပြင် ခွင့်ပြုချက်အရနေထိုင်သူ ကွယ်လွန်သွားပြီး နောက် အတူနေ သားသမီးများကို ခွင့်ပြုသူက အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် နှင်ထုတ်ခွင့်ရှိသည်။ ဤကိစ္စရပ်၌ တရားလိုသည် အခွင့်အမိန့်ပေးသော ကွယ်လွန်သူ၏ပိုင်ဆိုင်မှုကို ဆက်ခံခွင့်ရှိသကဲ့သို့ တရားပြိုင်သည် အခမဲ့နေသူ မိဘများ၏ နေထိုင်ခွင့်ကို ဆက်ခံသည်။

---

* ၁၉၉၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၃၄၊ ၁၃၅ နှင့် ၁၃၆

+ ၁၉၉၁ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၀၊ ၁၁ နှင့် ၁၂ တို့တွင်ချမှတ်သော (၉-၈-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဒေါ်ခင်ညွန့်
ဦးတင်ဝင်း
ဝါ (၂)
ဦးရွှေဝင်း
ပါ(၂)
နှင့်
ဦးသိန်းဟန်
ဦးသိန်းဟန်
ဦးသိန်းဟန်

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | – | ဦးဇော်လင်း၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | – | ဒေါ်တင်တင်မြင့်၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

**ရန်ကုန်တိုင်း၊** ကျောက်တန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁/၉၁ တွင် အယူခံတရားလို ဒေါ်ခင်ညွန့်အပေါ်တွင် လည်းကောင်း၊ တရားမကြီးမှု အမှတ် ၂/၉၁ တွင် အယူခံတရားလို ဦးတင်ဝင်းနှင့် ဇနီး ဒေါ်အုံးနွဲ့တို့အပေါ်တွင် လည်းကောင်း၊ တရားမကြီးမှု အမှတ် ၃/၉၁ တွင် အယူခံတရားလို ဦးရွှေဝင်းနှင့် ဇနီး ဒေါ်အုံးကြည်တို့ အပေါ်တွင် လည်းကောင်း အယူခံတရားပြိုင် ဦးသိန်းဟန်က တရားလို အမွေရဆက်ခံ ပိုင်ဆိုင်သော ကျောက်တန်းမြို့နယ်၊ ပုတ္တလုပ်ရွာ အုလယ်ပိုင်း၊ အမှတ် ၅၃၃ (ဘီ)၊ ဦးပိုင် အမှတ် ၃၅၊ ဧရိယာကေဒသမ (၂၇)ရှိ မြေပေါ်မှ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူများအား နှင်ထုတ်လိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိသည်။ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီများအပေါ် မူလရုံး တရားပြိုင် ဒေါ်ခင်ညွန့်၊ ဦးတင်ဝင်းနှင့် ဒေါ်အုံးနွဲ့၊ ဦးရွှေဝင်းနှင့် ဒေါ်အုံးကြည်တို့ အသီးသီးက ရန်ကုန်တိုင်းတရားရုံး၊ တရားမ အယူခံမှု အမှတ် ၁၀/၉၁၊ ၁၁/၉၁ နှင့် ၁၂/၉၁ တို့တွင် အယူခံကြသော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ်တွင် ဤ တရားမ ဒုတိယ အယူခံမှုများကို တင်သွင်းလာကြခြင်းဖြစ်သည်။

အယူခံတရားလို ဦးတင်ဝင်းနှင့် ဒေါ်အုံးနွဲ့တို့သည်လည်းကောင်း၊ အယူခံတရားလို ဦးရွှေဝင်းနှင့် ဒေါ်အုံးကြည်တို့သည် လည်းကောင်း၊ အယူခံတရားလို ဒေါ်ခင်ညွန့်၏ သမက်များနှင့် သမီးများ ဖြစ်ကြပြီး အချင်းဖြစ်မြေပေါ်တွင် မိခင် ဒေါ်ခင်ညွန့်ကို အကြောင်းပြု၍ နေထိုင်ကြသူများ ဖြစ်ကြသည်။ အချင်းဖြစ် မြေတစ်ကွက်တည်း၌ နေထိုင်ကြသူ အယူခံတရားလိုတို့အပေါ် မြေကိုအမွေဆက်ခံပိုင်ဆိုင်သူ ဦးသိန်းဟန်တစ်ဦးတည်းက အလားတူ အခမဲ့ထားသူ နှင်ထုတ်လိုမှုတစ်မှုစီ သီးခြားစွဲဆိုခြင်း ဖြစ်သည်။ အမှုကြောင်းခြင်းရာနှင့် ဆုံးဖြတ်ရန် ပြဿနာ အတူတူ ပေါ်ပေါက်သည့် ဆက်စပ်မှုများ ဖြစ်ခြင်းကြောင့် အမှုအားလုံးအတွက် တစ်ပေါင်းတည်း အမိန့်ချလိုက်သည်။

အမှု(၃)မှုမှာ သီးခြားဖြစ်ပါလျက် တိုင်းတရားရုံးက တစ်ပေါင်းတည်း ဆုံးဖြတ်လိုက်ခြင်းမှာ မှားယွင်းကြောင်း အယူခံတရားလို၏ ရှေ့နေက တင်ပြရာ လက်ခံစရာအကြောင်းမရှိပေ။

၁၉၉၁ ဒေါ်ခင်ညွန့် ဦးတင်ဝင်း ၈၁(၂) ဦးရွှေဝင်း ပ၁(၂) နှင့် ဦးသိန်းဟန် ဦးသိန်းဟန် ဦးသိန်းဟန်

အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအား နှင်ထုတ်လိုမှုများတွင် အခွင့်အမိန့်အရ နေသူနှင့်အတူ နေထိုင်သူတို့သည်လည်း မူလခွင့်ပြုသူ၏ အခွင့်အမိန့်အရ နေထိုင်သူများပင်ဖြစ်၍ ထိုသူတို့ကိုလည်း အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် တရားစွဲဆို နှင်ထုတ်ခွင့်ရှိသည်။ ဦးအုန်း နှင့် ဦးကြိုင် [၁] အမှုကို ရည်ညွှန်းသည်။ ထို့ပြင် ခွင့်ပြုချက်အရ နေထိုင်သူ ကွယ်လွန်သွားပြီးနောက် အတူနေ သားသမီးများကို ခွင့်ပြုသူက အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် နှင်ထုတ်ခွင့်ရှိသည်။ ဤကိစ္စရပ်၌ တရားလိုသည် အခွင့်အမိန့်ပေးခံသော ကွယ်လွန်သူ၏ပိုင်ဆိုင်မှုကို ဆက်ခံခွင့်ရှိသကဲ့သို့ တရားပြိုင်သည် အခမဲ့နေသူ မိဘများ၏ နေထိုင်ခွင့်ကို ဆက်ခံသည်။ ဦးအုန်းချို(ဒေါ်လုံး၏ အထွေထွေ ကိုယ်စားလှယ်) နှင့် ဦးသင်း [၂] အမှုကို ရည်ညွှန်းသည်။

ဤအမှုများတွင် ဦးတင်ဝင်းနှင့်ဒေါ်အုံးနွဲ့တို့က ချေလွှာအပိုဒ် ၄နှင့် ၆တို့တွင်လည်းကောင်း၊ ဦးရွှေဝင်းနှင့် ဒေါ်အုံးကြည်တို့က ချေလွှာအပိုဒ် ၆ နှင့် ၇ တို့တွင်လည်းကောင်း၊ သူတို့သည် မိခင် ဒေါ်ခင်ညွန့်က အသက်အရွယ်ကြီးသဖြင့် အတူနေရန် မိခင်ခေါ်သည့်အတွက် အချင်းဖြစ်မြေပေါ် ရောက်ရှိနေထိုင်ကြသူများဖြစ်ကြောင်း အတိအလင်း ချေပသွားကြသည်။ ထိုသို့ချေပခဲ့ကြသည်မှန်ကြောင်းလည်း အယူခံ တရားလိုတို့၏ရှေ့နေက ဝန်ခံ တင်ပြသည်။ ထို့ကြောင့် ဤအမှုများတွင် ဒေါ်ခင်ညွန့်သည် အယူခံ တရားပြိုင် ဦးသိန်းဟန်၏ခွင့်ပြုချက်ဖြင့် အခမဲ့ နေထိုင်သူ ဟုတ် မဟုတ်သာ သုံးသပ်စိစစ်ရန် အဓိက ဖြစ်ကြောင်း ထင်ရှားသည်။ ဒေါ်ခင်ညွန့်သာ အခွင့်အမိန့်အရ နေထိုင်သူဖြစ်ကြောင်း ထင်ရှားလျှင် ဒေါ်ခင်ညွန့်အား အကြောင်းပြု နေထိုင်သူ သမီးနှင့် သမက်များအား ဦးသိန်းဟန်က အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူများအဖြစ် စွဲဆို နှင်ထုတ်ခွင့် ရှိကြောင်း အငြင်းပွားစရာ မရှိချေ။

အယူခံ တရားပြိုင် ဦးသိန်းဟန်က အယူခံ တရားလို ဒေါ်ခင်ညွန့်သည် မြေ၏ မူလပိုင်ရှင်များဖြစ်ကြသော သူ၏ ဘိုးဘွား ဦးရွှန်း ဒေါ်စံချိန်တို့၏ ခွင့်ပြုချက်၊ ဘိုးဘွားများ ကွယ်လွန်ရာ မိခင်ဒေါ်အေးကျင်၏ခွင့်ပြုချက်၊ မိခင် ကွယ်လွန်ရာ တရားလို၏ခွင့်ပြုချက်ဖြင့် အဆက်ဆက် နေထိုင်လာခဲ့ကြောင်း အဓိက တင်ပြသည်။ အယူခံ တရားလို ဒေါ်ခင်ညွန့်က အဓိက ချေပသည့် အချက်မှာ အချင်းဖြစ် မြေကို တရားလို၏အဘိုးအဘွားတို့ ပိုင်ဆိုင်ခြင်း မရှိ၊ တရားလို၏အဘွား ဒေါ်စံချိန်နှင့် ညီအစ်မတော်စပ်သူ ဒေါ်ဝက်ကသာ ပိုင်ဆိုင်ပြီး ဒေါ်ဝက်က ပေးကမ်း၍ မိမိ နေထိုင်လာခဲ့သည်ဆိုခြင်းပင် ဖြစ်သည်။

---

(၁) ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်-၈၅။

(၂) ၁၉၇၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်-၁၃၉။

၁၉၉၀
ဒေါ်ခင်ညွန့်
ဦးတင်စင်း
ပါ(၂)
ဦးရွှေဝင်း
ပါ(၂)
နှင့်
ဦးသိန်းဟန်
ဦးသိန်းဟန်
ဦးသိန်းဟန်

အခွင့်အမိန့်အရ နေသူအား နှင်လိုမှုတွင် တရားပြိုင်က မိမိ၏ ပိုင်ဆိုင်ခွင့်အရ နေထိုင်ခြင်းသာဖြစ်ကြောင်းနှင့် တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ကြောင်း ချေပစေကာမူ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သီးခြားငြင်းချက်ထုတ် ဆုံးဖြတ်ရန် မလို၊ တရားပြိုင်က ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ခြင်း ဟုတ် မဟုတ် ဆိုသောအချက်ကို တရားလို၏ အခွင့်အမိန့်အရ နေထိုင်ခြင်း ဟုတ် မဟုတ် ဆိုသော ငြင်းချက်တွင်ပင် သုံးသပ် ဆုံးဖြတ်ရန်ဖြစ်သည်။ ဦးမြင့်ဆွေ နှင့် ဦးချစ်ထွန်း (ခ) ဦးချန်၊ [၃] အမှုတွင် ကြည့်ပါ။ ထို့ကြောင့် ဤအမှုတွင် အချင်းဖြစ် မြေတွင် ဒေါ်ခင်ညွန့်သည် ဦးသိန်းဟန်၏ခွင့်ပြုချက်အရ နေထိုင်ခြင်း ဟုတ် မဟုတ် ဆိုသည့် ပြဿနာကို ဆုံးဖြတ်ရန်အတွက် ဒေါ်ခင်ညွန့်က အားကိုး ထုချေ တင်ပြသော အချင်းဖြစ် မြေကို ဒေါ်ဝက်က ပေးကမ်းသဖြင့် ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ခဲ့သည်ဆိုသည့်အချက် မှန် မမှန် စိစစ် ဆုံးဖြတ်ရပေမည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ အချင်းဖြစ် မြေကို ဒေါ်ဝက်က ပိုင်ဆိုင်ခဲ့ကြောင်းနှင့် မိမိတို့အား ပေးကမ်းခဲ့ကြောင်း ဒေါ်ခင်ညွန့်က အစိုးထွက်ဆိုတင်ပြသော်လည်း ဥပဒေနှင့်အညီ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း အလျဉ်းမရှိပေ။ ဒေါ်ခင်ညွန့် ကိုယ်တိုင် မြန်လှန်စစ်မေးရာတွင် အောက်ပါအတိုင်း ဝန်ခံ ထွက်ဆိုထားသည်–

"XXX ဒေါ်ဝက် ပိုင်ကြောင်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ ဆိုလျှင် မှန်ပါသည်။ ယင်းမြေနှင့်ပတ်သက်၍ အခွန်ကို ဒေါ်စံချိန် ပိုင်၍ ဒေါ်စံချိန် ထမ်းဆောင်ခဲ့သည်ဟုဆိုလျှင် မသိပါ။ အဆိုလွှာ အပိုဒ် ၃ အရ ဒေါ်ဝက်အမည်ဖြင့်သာ အခွန်ကို ကျွန်မတို့က ထမ်းဆောင်လျက်ရှိသည်ဆိုသော်လည်း အထောက်အထား တင်ပြနိုင်ခြင်း မရှိပါ။ XXX အခင်းဖြစ်မြေတွင် ဒေါ်စံချိန်အမည်ဖြင့် ဆောင်ထားသော မြေခွန် ပြေစာများကို တွေ့ရသည်ဟု ဆိုလျှင် မှန်ပါသည်။ ဒေါ်ဝက်က ကျွန်မအား အချင်းဖြစ် မြေ၌ နေခွင့် ပြုကြောင်း အထောက်အထားမပြနိုင်ဟုဆိုလျှင် မှန်ပါသည်။ XXXထိုအချိန်က ပါးစပ်ဖြင့်သာ ပေးကမ်းခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်ဝက် အပျိုကြီး ဖြစ်၍ ဦးသိန်းဟန်က ဒေါ်ဝက်၏ မြေးဖြစ်ပါသည်။ ဒေါ်ဝက်က ကျွန်မတို့အား အခင်းဖြစ်မြေ၌နေထိုင်ခွင့်ပြုကြောင်း ဒေါ်စံချိန်သာ သိပါသည်။ အခြား မည်သူမျှမသိပါ။ ဒေါ်စံချိန်က ၎င်း၏ပစ္စည်းများ စောင့်ရှောက်၍ အခင်းဖြစ်မြေတွင် နေခွင့်ပြုခြင်းဖြစ်ပါသည်။ အဖိုးအခ မပေးရပါ။ XXX ဒေါ်စံချိန်ဆေးဆုံးသည့်အခါ ဒေါ်စံချိန်၏ သမီး ဒေါ်အေးကျင်က ကျွန်မတို့အားနှင်ထုတ်ခြင်းမပြုဘဲ အခမဲ့ နေထိုင်ခွင့်ပြုခဲ့သည်ဆိုလျှင် မှန်ပါသည်။ ဦးသိန်းဟန်က အချင်းဖြစ်

---

(၃) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ ၈၁–၉၃။

> မြေမှ ဖယ်ရှားပေးရန် ကျွန်မတို့အား ၁၉၅၂ ခုနှစ် သီတင်းကျွတ်လက ပြောခဲ့သည်ဆိုလျှင် မှန်ပါသည်။ XXX ”

ထို့ပြင် ဒေါ်ခင်ညွန့်က ဒေါ်ဝက်ပေးတာ ဒေါ်သိန်းတင်သိပါသည်ဟု အားကိုး တင်ပြသော်လည်း ဒေါ်သိန်းတင် (ပြိုင်ပြ) က ဒေါ်ခင်ညွန့်၊ ဒေါ်ဝက်တို့ ပြောပြသိရကြောင်းသာ ထွက်ဆိုသည့်ပြင် ပြန်လှန်စစ်မေးရာ၌-

> “ လွန်ခဲ့သောအနှစ် ၃၀ ခန့်က ဒေါ်စံချိန်က ဒေါ်ခင်ညွန့်ကိုအဖိုးအခမယူဘဲ အလကားထားခဲ့သည်ဟုဆိုလျှင် ဟုတ်ပါသည်။ XXX ”

ဟု တစ်ဖက်အမှုသည် တရားလိုအား ထောက်ခံထွက်ဆိုထားသည်။ အခြားတရားပြိုင်ပြ သက်သေ အားလုံးကလည်း ဒေါ်ဝက် ပေးတာ တစ်ဆင့်ကြားသိရကြောင်းသာ ထွက်ဆိုကြသည်။

ထို့ကြောင့် အယူခံတရားလို ဒေါ်ခင်ညွန့်နှင့် ၎င်းအားကိုးတင်ပြသော သက်သေ ဒေါ်သိန်းတင် (ပြိုင်ပြ) ၏ ထွက်ဆိုချက်များအရပင်လျှင် ဒေါ်ခင်ညွန့်သည် ဦးသိန်းဟန်၏ အဘွား ဒေါ်စံချိန် လက်ထက်မှ စ၍ မိခင် ဒေါ်အေးကျင်၊ ထိုမှတစ်ဖန် ဦးသိန်းဟန်တို့၏ အဆက်ဆက်ခွင့်ပြုချက်ဖြင့် အခမဲ့နေခဲ့ကြောင်း ပေါ်ပေါက်ခနသည်။

ဤအခြေအနေတွင် အယူခံ တရားပြိုင် ဦးသိန်းဟန်ဘက်မှ အချင်းဖြစ်မြေကွက် အတွက် မြေခွန် ထမ်းဆောင်ခဲ့သော ၁၉၃၅-၃၆ ခုနှစ်မှ စ၍ ၁၉၇၂-၇၃ ခုနှစ်အထိ မြေခွန်ပြေစာ သက်သေခံ “စ” မှ “စ-၁၄” ထိ မြေခွန်ပြေစာများတွင် အဘွား ဒေါ်စံချိန်အမည်ဖြင့် ထမ်းဆောင်ခဲ့ခြင်းကိုလည်းကောင်း၊ ၁၉၇၉-၈၀ နှင့် ၁၉၈၀-၈၁ မြေခွန်ပြေစာများ သက်သေခံ “ဆ” နှင့် “ဆ-၁” တို့တွင် ဦးသိန်းဟန်အမည်ဖြင့် ထမ်းဆောင်ခဲ့ခြင်းကို လည်းကောင်း၊ သက်သေခံ “င” ဦးပိုင်မြေပုံတွင်လည်း ဦးသိန်းဟန်အမည်ပေါက်နေခြင်းကိုသည်းကောင်း အထောက်အထားများနှင့် မြေစာရင်းဌာန မြေတိုင်းစာရေး ဦးဒွေးကြွယ် (လိုပြ) တို့ကို တင်ပြထားသည်။ ထို့ပြင် ဒေါ်ခင်ညွန့်သည် မူလ ဒေါ်စံချိန်က စ၍ ဒေါ်အေးကျင်၊ ထို့နောက် ဦးသိန်းဟန်တို့၏ ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေပေါ် အခမဲ့ နေထိုင်လာကြသည်ကို ကိုယ်တိုင်သိကြောင်း တစ်ရွာတည်းသား ဦးဝင်းမောင် (လိုပြ)၊ ဦးတင် (လိုပြ)၊ ဦးချစ်ဘင် (လိုပြ) တို့ အားလုံးကလည်း ထောက်ခံထွက်ဆိုထားသည်။

အမှုတွဲရှိ နှစ်ဖက်သက်သေခံချက်များအရ အချင်းဖြစ်မြေကို ဒေါ်ဝက်က ပေး၍ ဒေါ်ခင်ညွန့် ပိုင်ရေး ဆိုင်ခွင့်အရ နေထိုင်ခြင်း မဟုတ်ကြောင်းနှင့် ဒေါ်စံချိန် လက်ထက်ကစ၍ ဦးသိန်းဟန်တို့၏ ခွင့်ပြုချက်အရ အဆက်ဆက် အခမဲ့ နေထိုင်လာခြင်း မှန်ကြောင်း ထင်ရှား ပေါ်ပေါက်နေသည်။ အခမဲ့

၁၉၉၁
ဒေါ်ခင်ညွန့်
ဦးတင်ဝင်း
ပါ(၂)
ဦးရွှေဝင်း
ပါ(၂)
နှင့်
ဦးသိန်းဟန်
ဦးသိန်းဟန်
ဦးသိန်းဟန်

ခွင့်ပြုချက်ဖြင့် နေထိုင်သည် မှန်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ထားကြခြင်းမှာ စွက်ဖက်စဉ်းစားစရာ မရှိပေ။ ထို့ကြောင့် တရားပြိုင်ဘက်မှ အပိုင်ပေး၍ နေထိုင်ကြောင်း ပေါ်လွင်အောင် မပြနိုင်ရုံမျှဖြင့် တရားလို၏ခွင့်ပြုချက်ဖြင့်နေသည်ဟု ကောက်ယူဆုံးဖြတ်ခြင်းနှင့် အခမဲ့ ခွင့်ပြုချက်ပေးကြောင်း ထင်ရှားမပြနိုင်ဘဲ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်း အယူခံတရားလို၏ ရှေ့နေက အဓိကတင်ပြရာ လက်ခံစရာအကြောင်းမရှိချေ။

အထက်ပါအကြောင်းများကြောင့် မူလရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို အတည်ပြု၍ အယူခံမှုအားလုံးကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀/–စီ သတ်မှတ်သည်။

## တရားမ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

+ ၁၉၉၁ ဒီဇင်ဘာလ ၃၀ ရက်

ဒေါ်ခင်ယု

နှင့်

ဦးငွေစိုး ပါ-၂*

(ကွယ်လွန်သူ ဒေါ်ရွှေဝါ၏ ဆက်ခံသူ ကိုယ်စားလှယ်များ)

**ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၈၃ နှင့် ၂၀၁– ကိုယ်စားလှယ် တစ်ဦးနှင့် တရားစွဲဆိုခဲ့ရာမှ– အခြားကိုယ်စားလှယ်တစ်ဦးအား အမှုတွင် ဆက်လက် ဆောင်ရွက်ပေးရန် လျှောက်ထားခွင့် ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ပဋိညာဉ်ဥပဒေပုဒ်မ ၁၈၃ နှင့် ၂၀၁တွင် အရွယ် ရောက်ပြီး **စိတ်မန့်သူ** မဟုတ်လျှင် ကိုယ်စားလှယ် ခန့်ထားနိုင်၍ ယင်းသို့ **ခန့်ထားသော ကိုယ်စားလှယ်**အား အချိန်မရွေးရုပ်သိမ်းနိုင်ကြောင်း ပြဌာန်း **ထားသည်။ တိုင်းတရားရုံး၏** အမိန့်သည် ဥပဒေက ပေးထားသော အခွင့် အရေးများကို နုတ်သိမ်းရာရောက်သဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (၈) တွင် ပြဌာန်းထားသည့် စီရင်ခွင့်ကို ဥပဒေနှင့်ဆန့်ကျင်၍ ကျင့်သုံးရာ ရောက်ပေသည်။

| | | |
|---|---|---|
| လျှောက်**ထားသူအတွက်** | – | ဦးမင်းဆွေ၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်**ထားခံရသူများအတွက်** | – | ဦးမင်းအောင်၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးတင်ထွန်း၊ ဒုတိယ ညွှန်ကြား ရေးမှူး၊ တရားရုံးချုပ် |

လသာမြို့နယ်၊ မောင်ခိုင်လမ်း အမှတ် (၁၃၅) ခေါ်တွင်သော သုံးထပ် **အဆောက်အအုံ၏** ပထမထပ်မှ အမှုအတောအတွင်း၊ ကွယ်လွန်သူ ဒေါ်ရွှေဝါ **အား** အခွင့်အမိန့်အရ **နေသူအဖြစ်** နှင်ထုတ်လိုမှုကို ပြင်ဆင်မှု **လျှောက်**

---

* ၁၉၉၁ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၉၃

\+ ၁၉၈၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၅၄ တွင် ချမှတ်သော (၁၇-၆-၉၁) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

၁၉၉၁
ဒေါ်ခင်ယု
နှင့်
ဦးငွေစိုး
ပါ(၂)
(ကွယ်လွန်သူ
ဒေါ်ရွှေဝါ၏
ဆက်ခံသူ
ကိုယ်စားလှယ်
များ)

ထားသူ ဒေါ်ခင်ယုက ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၂၅၄/၈၁ တွင် တရားစွဲဆိုသည်။ ဒေါ်ခင်ယုသည် သူ၏ကိုယ်စားလှယ် ဦးစိုးလွင်ဖြင့် တရားစွဲဆိုရာမှ အခြား ကိုယ်စားလှယ်တစ်ဦး ဖြစ်သော ဦးအောင်မြင့်ဖြင့် ဆက်လက် ဆောင်ရွက်ပေးရန် လျှောက်ထားသည်ကို တိုင်းတရားရုံးက ငြင်း ပယ်လိုက်သောကြောင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

တိုင်းတရားရုံးက အဘယ့်ကြောင့် ဦးစိုးလွင်အား ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခြင်းကို ခွင့်မပြုကြောင်း အောက်ပါအတိုင်းသုံးသပ်ထားသည်–

" ယခုအမှုတွင် ပဏာမငြင်းချက်များကိုစစ်ဆေးကြားနာစဉ်က ပထမ လွှဲအပ်ထားသော ဦးစိုးလွင်က တရားလိုကိုယ်စား အစစ်ခံခဲ့ပြီး ဖြစ် သည်။ ကျန်ငြင်းချက်များအတွက် ဆက်လက်ကြားနာစစ်ဆေးမည့် အဆင့်၌ တရားလိုကိုယ်စား နောက်တစ်ဦးကို ကိုယ်စားလှယ်အဖြစ် အစစ်ခံမည်ဆိုပါက တရားလိုတစ်ဦးတည်း ကိုယ်စား လူနှစ်ဦးက နှစ်ခါခွဲ၍ အစစ်ခံသကဲ့သို့ ဖြစ်စေမည့်အပြင် ယခင်ထွက်ဆိုထားသူ၏ အစစ်ခံချက်များနှင့် မကိုက်ညီသည့် ကွဲလွဲချက်များ ရှိလာသည့်အခါ အမှုကိုဆုံးဖြတ်ရာတွင် အခက်အခဲရှိနိုင်ပေသည်၊

သို့ဖြစ်၍ ဦးအောင်မြင့်က တရားလိုကိုယ်စား အမှုဆောင်ရွက်ခွင့် လျှောက်ထားခြင်းကို လည်းကောင်း၊ ဦးစိုးလွင်က ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခြင်းကို လည်းကောင်း ခွင့်မပြုကြောင်း အမိန့် ချမှတ်လိုက်သည်။ "၊

ပဋိညာဉ် ဥပဒေပုဒ်မ ၁၈၃ နှင့် ၂၀၁ တွင် အရွယ်ရောက်ပြီး စိတ်မနှံ့သူ မဟုတ်လျှင် ကိုယ်စားလှယ်ခန့်ထားနိုင်၍ ယင်းသို့ခန့်ထားသောကိုယ်စားလှယ် အား အချိန်မရွေးရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ တိုင်းတရားရုံး၏ အမိန့်သည် ဥပဒေကပေးထားသောအခွင့်အရေးများကို နုတ်သိမ်းရာ ရောက် သဖြင့် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ဂ) တွင် ပြဋ္ဌာန်းထားသည့် စီရင်ခွင့်ကို ဥပဒေနှင့်ဆန့်ကျင်၍ ကျင့်သုံးရာရောက်ပေသည်။

ထို့ကြောင့် ပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီးလျှင် ကိုယ်စားလှယ်ရုပ်သိမ်းခြင်းနှင့် အသစ်ခန့်ထားခြင်းတို့ကို ခွင့်ပြုရန် အမိန့်ချ လိုက်သည်။

ဤအမိန့်အတွက် စရိတ်မသတ်မှတ်။

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ဒေါ်ခင်သန်း

နှင့်

ဒေါ်ခင်ညွန့် ပါ-၄*

+ ၁၉၉၁
ဇူလိုင်လ
၁၁ ရက်

**တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ရှင်းလင်းချက် ၄— မြေပေါ် ကျူးကျော်သူများဟု အဆိုပြု၍ စွဲဆိုခဲ့ရာ ရှုံးနိမ့်ခဲ့ပြီး နောက်တစ်ဖန် မြေငှားများဟု အဆိုပြု၍ မြေရှင် မြေငှား နှင်ထုတ်ရန် တရားစွဲဆိုခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** အယူခံ တရားလို ဒေါ်ခင်သန်းက အယူခံ တရားပြိုင် ဒေါ်ခင်ညွန့်အပေါ် ယခင် စွဲဆိုခဲ့သော မန္တလေးတိုင်း တရားရုံး တရားမ ကြီးမှုအမှတ် ၁၅၁/၈၂ မှာ ဒေါ်ခင်သန်းက အချင်းဖြစ်မြေကို အမွေရ ပိုင်ဆိုင်ကြောင်း၊ ပိုင်ရေးဆိုင်ခွင့်ကို အခြေခံပြီး ဒေါ်ခင်ညွန့်တို့အား မြေပေါ် ကျူးကျော်နေထိုင်သူများဟု အဆိုပြုကာ နှင်ထုတ်ပေးရန် စွဲဆိုခဲ့ခြင်းဖြစ်သည်။ ယခု စွဲဆိုသောအမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဆက်ဥပဒေပုဒ်မ ၁၂(၁)(ဃ)အရ မြေရှင် မြေငှားဟု အဆိုပြု စွဲဆိုခြင်းဖြစ်သည်။ အမှုနှစ်မှုမှ အမှုဖြစ်ကြောင်းခြင်းရာ ဆုံးဖြတ်ရန် ပြဿနာ နှင့် အခြေခံရမည့် ဥပဒေတို့ မဘူခြားနားသည်။ အမှုနှစ်ခုမှ ကြောင်းခြင်းရာ တို့ ကွဲပြားခြားနားသည်ဖြစ်၍ ဥပဒေအရ တစ်မှုတည်းတွင် ပေါင်း၍ စွဲဆို ရန် မဖြစ်နိုင်လျှင် ယခင်အမှုတွင် တင်ပြသင့်၊ တင်ပြခွင့်ရှိသည့်အကြောင်း မဟုတ်၍ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မီးသေ ပိတ်ပင်ပြီး မဖြစ်ချေ။ ငှားရမ်းခဲ့သည်ဟုအဆိုပြုပြီး မြေကို လက်ရောက် ရလို ကြောင်း စွဲဆိုခဲ့ရာ ရှုံးနိမ့်ပြီးနောက် ပိုင်ရေး ပိုင်ခွင့်ကို အခြေခံ၍ လက် ရောက် ရလိုကြောင်း စွဲဆိုပြန်ရာ နောက် စွဲဆိုသောအမှုကို ပိတ်ပင်ခြင်း မပြု ကြောင်း မခင် နှင့် မပု ပါ-၃ ^ အမှုတွင်ပင် ညွှန်ပြသည်။ ထို့ကြောင့် အယူခံ တရားလို ဒေါ်ခင်သန်း ယခုစွဲဆိုသော တရားမကြီးမှုအမှတ် ၆၄၀/၈၉ သည် ယခင်တရားမကြီးမှုအမှတ် ၁၅၁/၈၂ ကြောင့် မီးသေ ပိတ်ပင်ပြီး မဖြစ်ကြောင်း ထင်ရှားသည်။

---

* ၁၉၉၀ ပြည့်နှစ် တရားမ ပထမ အယူခံမှုအမှတ် ၂၁၅

+ ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၆၄၀ (အနောက်မြောက်)တွင် ချမှတ် သော ၁၅-၅-၉၀ ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို အယူခံမှု

၁၉၉၁
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်ညွန့်
ပါ(၄)

**အယူခံတရားလိုအတွက်** – ဦးဘငွေ၊ တရားရုံးချုပ်ရှေ့နေ

**အယူခံတရားပြိုင်များအတွက်** – ဦးဘိုဘို၊ တရားရုံးချုပ်ရှေ့နေ

**တရားရေးအကြံပေး** – ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၆၄၀/၈၉ (အနောက်မြောက်)တွင် ဒေါ်ခင်သန်းက ဒေါ်ခင်ညွန့်၊ ဒေါ်တင်တင်လင်း၊ ကိုမောင်မောင်စိန်နှင့် ကိုအောင်ကျော်လင်းတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဆ) အရ နှင်လိုမှု စွဲဆိုသည်။ အဆိုအချေအရ တိုင်းတရားရုံးက ငြင်းချက် (၄)ရပ် ထုတ်ပေးပြီးနောက် တရားပြိုင်၏ လျှောက်ထားချက်အရ အောက်ပါ ပဏာမငြင်းချက်နှစ်ရပ်ကို ဖြည့်စွက်ထုတ်ပေးသည်–

(၁) ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဟုဆိုသည်မှာ မှန်သလား၊

(၂) ဤအမှုစွဲဆိုရန် အချင်းဖြစ်အကြောင်းအရာ မပေါ်ပေါက်ဆိုသည်မှာ မှန်သလား။

ပဏာမ ငြင်းချက်များအပေါ် နှစ်ဖက် ကြားနာပြီး တိုင်းတရားရုံးက ယခင် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅၁/၈၂ တွင် ဒေါ်ခင်သန်းက ဒေါ်ခင်ညွန့်တို့အပေါ် ကျူးကျော်သူနှင်ထုတ်လိုမှုစွဲဆိုစဉ်က ဆိုအမှုနှင့် ၎င်းမှုပေါ်ပေါက်သော ယခင် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမ ပထမအယူခံမှု အမှတ် ၂၄/၈၄ ပါ ဆုံးဖြတ်ချက်တို့အရ ကျူးကျော်သူဟု အဆိုပြု၍ စွဲဆိုသောအမှုမှာ ပလပ်ခြင်းခံရပြီးဖြစ်ခြင်းကြောင့် မြေရှင်မြေငှားမဟုတ်ဟု ပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ နှင့် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ (က)တို့အရ တရားလိုဒေါ်ခင်သန်းအနေဖြင့် ဤအမှုထပ်မံစွဲဆိုရန် မီးခသပိတ်ပင်ပြီးဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ အယူခံတရားလို ဒေါ်ခင်သန်းစွဲဆိုသောအမှုကို ပလပ်လိုက်သည်။

တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် မူလရုံးတရားလို ဒေါ်ခင်သန်းက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပထမ အယူခံကို ထင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ယခင် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၅၁/၈၂ တွင် အယူခံတရားပြိုင်ဒေါ်ခင်ညွန့်တို့အား ကျူးကျော်သူများဟု ကောက်ယူဆုံးဖြတ်ခဲ့သော်လည်း ယင်းဆုံးဖြတ်ချက်ကို ဗဟိုတရားရုံး၊ တရားမ ပထမအယူခံမှု အမှတ် ၂၄/၈၄ တွင် ပယ်ဖျက်ပြီး ဖြစ်

ချကြောင်း၊ ဗဟိုတရားရုံးက ကျူးကျော်သူများဟု ကောက်ယူရန် မသင့်၊ အိမ်ငှားနေသူများသာဖြစ်သည်ဟု ဆုံးဖြတ်ထားကြောင်း၊ ထိုဆုံးဖြတ်ချက်များကို လွဲမှားစွာကောက်ယူပြီး တိုင်းတရားရုံးက အယူခံတရားလို၏အမှုကို စွဲဆိုခွင့်မရှိဟု ဆုံးဖြတ် ပလယ်လိုက်ခြင်းသည် မှားယွင်းကြောင်း အဓိက တင်ပြအည်။

၁၉၅၁
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်ညွန့်
ပါ(၄)

ဤအယူခံတွင် အဓိကဆုံးဖြတ်ရန်ပြဿနာမှာ အယူခံတရားလို ဒေါ်ခင်သန်းသည် အယူခံတရားပြိုင်တို့အပေါ် ယခင်အမှုတွင် မြေပေါ်ကျူးကျော်သူများဟု အဆိုပြု၍စွဲဆိုခဲ့ရာ ရှုံးနိမ့်ခဲ့ပြီးကာမှ ယခုတစ်ဖန် မြေငှားများဟု အဆိုပြု၍ မြေရှင်မြေငှား နှင်ထုတ်ရန် တရားစွဲဆိုခွင့် ရှိမရှိ ဖြစ်သည်။ ယခင်စွဲဆိုခဲ့ဖူးသော အမှုကြောင့် နောက်စွဲဆိုသောအမှု စွဲဆိုခွင့်မရှိ၊ မီးသေပိတ်ပင်ပြီး ဖြစ်ရန်အတွက် အောက်ပါအချက်များ လိုအပ်ကြောင်း မခင် နှင့် မပု ပါ-၃ [၁] အမှုတွင် ထုံးပြုထားသည်—

" To constitute Res Judicata five conditions must be satisfied :

(1) The matter directly and substantially in issue in the subsequent suit or issue must be the same matter which was directly and substantially in issue either actually or constructively in the former suit.

(2) The former suit must have been a suit between the same parties or between parties under whom they or any of them claim.

(3) The parties as a foresaid must have litigated under the same title in the former suit.

(4) The Court which decided the former suit must have been a Court competent to try the subsequent suit or the suit in which such issue is subsequently raised.

(၁) ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၃၄၃။

၁၉၉၁
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်ညွန့်
ပါ(၄)

(5) The matter directly and substantially in issue in the subsequent suit must have been heard and finally decided by the Court in the first suit."

အယူခံ တရားလို ဒေါ်ခင်သန်းက အယူခံ တရားပြိုင် ဒေါ်ခင်ညွန့် အပေါ် ယခင် စွဲဆိုခဲ့သော မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅၁/၇၂ မှာ ဒေါ်ခင်သန်းက အချင်းဖြစ် မြေကို အစမှရ ပိုင်ဆိုင်ကြောင်း၊ ပိုင်ရေး ဆိုင်ခွင့်ကို အခြေခံပြီး ဒေါ်ခင်ညွန့်တို့အား မြေပေါ် ကျူးကျော် နေထိုင်သူများဟု အဆိုပြုသော နှင်ထုတ်ပေးရန် စွဲဆိုခဲ့ခြင်းဖြစ်သည်၊ ယခု စွဲဆိုသောအမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဃ) အရ မြေရှင် မြေငှားဟု အဆိုပြု စွဲဆိုခြင်းဖြစ်သည်။ အမှုနှစ်မှုမှ အမှုဖြစ်ကြောင်းခြင်းရာ ဆုံးဖြတ်ရန် ပြဿနာနှင့် အခြေခံရမည့် ဥပဒေတို့ မတူ ခြားနားသည်။ အမှုနှစ်ခုမှ ကြောင်းခြင်းရာတို့ ကွဲပြားခြားနားသည်ဖြစ်၍ ဥပဒေအရ တစ်မှုတည်းတွင် ပေါင်း၍ စွဲဆိုရန် မဖြစ်နိုင်လျှင် ယခင်အမှုတွင် တင်ပြသင့်၊ တင်ပြခွင့် ရှိသည့်အကြောင်းမဟုတ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မိးသေပိတ်ပင်ပြီး မဖြစ်ချေ။ ငှားရမ်းခဲ့သည်ဟုအဆိုပြုပြီး မြေကို လက်ရောက် ရလိုကြောင်း စွဲဆိုခဲ့ရာ ရှုံးနိမ့်ပြီးနောက် ပိုင်ရေး ပိုင်ခွင့်ကို အခြေခံ၍ လက်ရောက် ရလိုကြောင်း စွဲဆိုပြန်ရာ နောက်စွဲဆိုသော အမှုကို ပိတ်ပင်ခြင်း မပြုကြောင်း မခင် နှင့် မပု ပါ−၃[၁] အမှုတွင်ပင် ညွှန်ပြသည်။ ထို့ကြောင့် အယူခံ တရားလို ဒေါ်ခင်သန်း ယခု စွဲဆိုသော တရားမကြီးမှု အမှတ် ၆၄၀/၇၉ သည် ယခင် တရားမကြီးမှုအမှတ် ၁၅၁/၇၂ ကြောင့် မိးသေပိတ်ပင်ပြီး မဖြစ်ကြောင်း ထင်ရှားသည်။

ထို့ပြင် မောင်စံတင် နှင့် မောင်မြမောင်[၂] အမှုတွင်လည်း ယခင်အမှုတွင် အခမဲ့ ခွင့်ပြုချက်ဖြင့်နေသူဟု စွဲဆိုခဲ့သော်လည်း နောက်တစ်ဖန် အိမ်ငှားဟု အဆိုပြု၍ စွဲဆိုရာ ယခင်အမှုက နောက်အမှုကို ပိတ်ပင်ပြီး မဖြစ်ကြောင်း အောက်ပါအတိုင်း ထုံးပြုထားသည်−

" Held; No question of estoppel arises in this case. The allegations in the rent control proceedings that the defendant was merely a permissive occupant had not prejudiced him in any way. A similar allegation in the plaint of the previous

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ−၂၆(တရားရုံးချုပ်)။

၁၉၉၁
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်ညွန့်
ပါ(၄)

regular suit also, would not operate as estoppel, as the said plaint had been rejected.

It is therefore till open to the plaintiff in the present suit to plead and prove that the defendant had all along been his tenant."

ထို့ကြောင့် အယူခံတရားလို ဒေါ်ခင်သန်းသည် အယူခံ တရားပြိုင် ဒေါ်ခင်ညွန့်တို့အပေါ် ယခင်အမှုတွင် ကျူးကျော်သူဟုစွပ်စွဲ၍ ယခုအမှုတွင် မြေရှင်မြေငှားဟု စွဲဆိုခြင်းမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ နှင့် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ တို့အရ စွဲဆိုခွင့်မရှိ ပိတ်ပင်ပြီး ဖြစ်သည်ဟု တိုင်းတရားရုံးက ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။

တိုင်းတရားရုံး၏စီရင်ချက်တွင် ဒေါ်ခင်သန်းက ကျူးကျော်သူနှင်ထုတ်ရန် စွဲဆိုခဲ့သော ယခင်မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၅၁/၈၂ တွင် တိုင်းတရားရုံးက အမှုကိုပလပ်ခဲ့ရာ ယင်းအမိန့်ကို ဗဟိုတရားရုံးက တရားမ ပထမအယူခံမှု အမှတ် ၂၄/၈၄ တွင် အတည်ပြုထားသဖြင့် ဒေါ်ခင်သန်း အပေါ် မီးသေပြီး ဆုံးဖြတ်ချက် ဖြစ်ကြောင်း အကြောင်းပြထားသည်။ ဤကိစ္စရပ်စွဲဆိုပုံမျိုးများ၌ မီးသေပြီးမဖြစ်ကြောင်း ဥပဒေသဘောကို ကျယ်ပြန့်စွာ သုံးသပ်ခဲ့ပြီးဖြစ်သည်။ တိုင်းတရားရုံးက ရည်ညွှန်းသည့် ဗဟိုတရားရုံး တရားမ ပထမအယူခံမှု အမှတ် ၂၄/၈၄ တွင် ချမှတ်ထားသော စီရင်ချက်ကို စိစစ်ကြည့်လျှင်လည်း ဒေါ်ခင်ညွန့်တို့သည် အချင်းဖြစ်မြေပေါ် ကျူးကျော် နေထိုင်သူများဟု အတိအလင်း ကောက်ယူ ဆုံးဖြတ်ထားခြင်း အလျဉ်းမရှိချေ။ စီရင်ချက်ကို အဆုံးသတ်ရာ၌ ယခင် ဗဟို တရားရုံးက "XXXထို့ကြောင့် ဒေါ်ခင်သန်းတို့ အနေဖြင့် ဒေါ်ခင်ညွန့်တို့အပေါ် ကျူးကျော်သူအဖြစ်ဖြင့်တရားစွဲဆိုနိုင်မည်မဟုတ်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ စွဲဆိုလိုက စွဲဆိုနိုင်ပေမည်XXX" ဟုပင် ဖော်ပြဆုံးဖြတ်ထားသည်။ တိုင်းတရားရုံးက အလွဲအမှား ကောက်ယူ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ တိုင်းတရားရုံးက ကိုးကားဆုံးဖြတ်သော ဂျေအေဗာတင်နီ နှင့် ရော်ဘင်ဆင်[3] အမှုမှာ မြေပေါ်မှ နှင်ထုတ်ရန် စွဲဆိုခဲ့သော ယခင် အမှုတွင် တရားပြိုင် အများထဲမှ တစ်ဦး ဖြစ်သော ဂျေအေဗာတင်နီက တရားလိုပြုလုပ်၍ ယခင်အမှုမှတရားလိုဖြစ်ခဲ့သူ ရော်ဘင် ဆင် အပေါ် အချင်းဖြစ်မြေ၏ $\frac{၁}{၆}$ ကို ခွဲဝေပေးရန် နောက်အမှု စွဲဆိုခြင်း

---

(၃) ရန်ကုန်၊ အတွဲ-၀၊ စာ-၃၂၆၊

၁၉၉၁
ခေါင်းသန်း
နှင့်
ခေါင်းညွန့်
ပါ(၄)

ဖြစ်သည်။ ယခင်အမှု၌ နှစ်ဘက်အမှုသည်တို့၏ရပိုင်ခွင့်ကို နောက်ဆုံးအယူခံရုံးက အပြီးအပိုင် ဆုံးဖြတ်ပြီး ဖြစ်ခြင်းကြောင့် ထိုမြေကို ၁/၆ ခွဲဝေပေးရန် ထပ်မံစွဲဆိုခွင့်မရှိ၊ ပိတ်ပင်ပြီးဖြစ်သည်ဟု ထုံးပြုခဲ့ခြင်းဖြစ်သည်။ ယခုအမှုနှင့် ဖြစ်ရပ်နှင့် ပေါ်ပေါက်သည့် ဥပဒေအချက်တို့ မတူခြားနားသဖြင့် ဤအမှုအတွက် အဖြေမဟုတ်ပေ။ တိုင်းတရားရုံးက ကိုးကားသော ဦးဘိုးစိန် နှင့် ဦးဘ [၅] အမှုမှာလည်း အလားတူပင် ဤအမှုအတွက် အဖြေမဟုတ်ချေ။

ထို့ပြင် တိုင်းတရားရုံးသည် ပဏာမငြင်းချက်(၂)နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဝေဖန်သုံးသပ်ခြင်း မပြုချေ။ ယင်း ငြင်းချက်အရ တရားစွဲဆိုရန် အချင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်ခြင်းမရှိဟုဆိုခြင်းမှာ ဥပဒေအချက်သာမက ကြောင်းခြင်းရာလည်း ပါဝင်နေသဖြင့် အခြား ငြင်းချက်များနှင့် အတူ ကြားနာစစ်ဆေးပြီးမှ ဆုံးဖြတ်ရန် ဖြစ်သည်။ ထို့ကြောင့် ပဏာမငြင်းချက် (၂)ကို သာမန်ငြင်းချက်အဖြစ် ပြန်လည်သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ကြောင်း တစ်ပါတည်း ညွှန်ပြလိုက်သည်။

အထက်ပါအကြောင်းများကြောင့် အယူခံကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ အမှုကို မူလ အမှုနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ ကျန်ငြင်းချက်များအပေါ် ဥပဒေနှင့်အညီ အမှုကိုကြားနာဆုံးဖြတ်သွားရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

ဤအယူခံတွင်ထမ်းဆောင်သောရုံးခွန်ကို အယူခံတရားလိုအားပြန်ပေးရန် အတွက် သက်သေခံလက်မှတ် ထုတ်ပေးစေ။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

---

(၅) အေအိုင်အာရ်၊ ၁၉၃၅၊ ရန်ကုန်၊ ၁၁၈။

တရားမ အထွေထွေ အယူခမှု

တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဦးချစ်ဦး ပါ-၂

နှင့်

ဒေါ်တင်ကြည်

+ ၁၉၉၁
ဖေဖော်ဝါရီလ
၂၀ ရက်

ဒီကရီကျငွေကို အရစ်ကျပေးဆပ်ခွင့်၊ ခွင့်ပြုရန် လုံလောက်သောအကြောင်း ရှိ မရှိ ချင့်ချိန်ဆုံးဖြတ်ရာ၌ တရားနိုင်၏ သဘောတူတင်ပြချက်ကို လက်ခံ စဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ဒီကရီကျငွေ ပေးဆပ်ရန်တာဝန်မှာ တရားရှုံး သဘောအရ တရားရှုံး၏တာဝန်ဖြစ်သည်။ အရစ်ကျပေးဆပ်ခွင့်ပြုရန် သင့် မသင့်မှာ တရားရုံး၏ ဆင်ခြင်တုံတရားအရ ခွင့်ပြုရန် လုံလောက်သော အကြောင်း ရှိ မရှိ ချင့်ချိန်ဆုံးဖြတ်ရန် ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော မူလရုံး၏ နေ့စဉ်မှတ်တမ်းအရ ဒီကရီကျငွေ တစ်ရစ်လျှင် ၂၅၀၀/- ပေးသွင်းပါက အရစ်ကျခွင့်ပြုရန် တရားနိုင်ကသဘောတူကြောင်းပေါ်လွင်သည်။ တရားနိုင် က လက်ခံသဘောတူခြင်းသည် အရစ်ကျခွင့်ပြုရန်လုံလောက်သောအကြောင်း မဟုတ်ဟု မဆိုနိုင်ပေ၊ ဤကဲ့သို့ တစ်ဖက်အမှုသည် တရားနိုင် ကိုယ်တိုင် သဘောတူကြောင်းတင်ပြပါလျက် မူလရုံးကလက်ခံမစဉ်းစားခြင်းမှာ တရား မျှတသည်ဟု ဆိုရန် ခဲယဉ်းသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | – | ဦးတင့်လှအောင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | – | ဦးဘငွေ၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးအောင်ငွေ၊ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၆၄

+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ဇာရီမှု အမှတ် ၁၁၆ (အနောက်မြောက်) တွင် ချမှတ်သော (၂၄-၈-၉၁) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၁
ဦးချစ်ဦး
ပါ(၂)
နှင့်
ဒေါ်တင်ကြည်

မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှု အမှတ် ၁၁၆/၉၀ (အောက်မြောက်)တွင် တရားနိုင်ဒေါ်တင်ကြည်က တရားရှုံး ဦးချစ်ဦးနှင့် ဦးချစ်ထူးတို့အပေါ် ဒီကရီကျငွေ ကျပ် ၂၀၀၁၀/-နှင့် တရားစရိတ် ကျပ် ၂၃၁၄/- စုစုပေါင်းငွေ ကျပ် ၂၂၃၁၄/- ပေးစေရန် လျှောက်ထားသည်။ တရားရှုံး ဦးချစ်ဦးတို့က အရစ်ကျပေးဆပ်ခွင့်ပြုရန် တင်ပြရာ တိုင်းတရားရုံးက တစ်ရစ်လျှင် ကျပ် ၇၄၃၈/-နှုန်းဖြင့် (၃)ရစ် အပြေအကြေပေးဆပ်စေရန် အမိန့်ချလိုက်သည်။ ယင်းအမိန့်ကို မူလရုံးတရားရှုံး ဦးချစ်ဦးတို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမအထွေထွေအယူခံကို တင်သွင်းခြင်းဖြစ်သည်.

ဤအယူခံတွင် အယူခံတရားလိုတို့၏ရှေ့နေက အယူခံတရားလိုများသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြပြီး နှစ်ဖက်အမှုသည်များ၏ ညှိနှိုင်း သဘောတူချက်အတိုင်း တစ်ရစ်လျှင် ကျပ် ၂၅၀၀/-ပေးလျှင် တရားနိုင်က သဘောတူကြောင်း တင်ပြပါလျက် တရားရုံးက တစ်ရစ်လျှင် ကျပ် ၇၄၃၈/- ပေးစေရန် အမိန့်ချခြင်းမှာ တရားမျှတမှုမရှိကြောင်း အဓိက တင်ပြသည်။ ယင်းတင်ပြချက်ကို လေ့လာကြည့်ရှုရာ မူလရုံး၏ ၂၄-၈-၉၀ နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်းဖော်ပြထားသည်—

" ၂၄-၈-၉၀ အမှုခေါ်သည်။

တရားနိုင်ရှေ့နေ ဦးအောင်ကျော်ဦး လာသည်။
တရားရှုံး ကိုချစ်ဦး လာသည်။

တရားရှုံးဖက်မှ ဒီကရီကျငွေ အရစ်ကျဖြင့်ပေးသွင်းရန် လျှောက်လွှာတင်သွင်းရာ တရားနိုင်ဖက်မှ တစ်ရစ်လျှင် ၂၅၀၀ိ/- ဖြင့် ဖြစ်ပါက လက်ခံနိုင်မည်ဖြစ်ကြောင်း တင်ပြသည်။

ရုံးတော်အနေဖြင့် ၃ ရစ်နှင့် ပေးဆပ်စေရန် ပထမအရစ် ဒီကရီကျငွေနှင့် တရားစရိတ်ကို ၇-၉-၉၀ ရက်နေ့တွင် ၇၄၃၈ိ/- ကို လည်းကောင်း၊ ဒုတိယအရစ်ကို ၂၁-၉-၉၀ ရက်နေ့တွင် ၇၄၃၈ိ/- ကို လည်းကောင်း၊ တတိယအရစ်ကို ၅-၁၀-၉၀ ရက်နေ့တွင် လည်းကောင်း ပေးဆပ်စေရန် အမိန့်ချမှတ်လိုက်သည်။ ၇-၉-၉၀

ဒီကရီကျငွေ ပေးဆပ်ရန် တာဝန်မှာ တရားရုံးသဘောအရ တရားရှုံး၏ တာဝန်ဖြစ်သည်။ အရစ်ကျ ပေးဆပ်ခွင့်ပြုရန် သင့်မသင့်မှာ တရားရုံး၏ ဆင်ခြင်တုံတရားအရ ခွင့်ပြုရန် လုံလောက်သောအကြောင်း ရှိမရှိ ချင့်ချိန်ဆုံးဖြတ်ရန်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော မူလရုံး၏ နေ့စဉ်မှတ်တမ်း

၁၉၉၁ ဦးချစ်ဦး ပါ(၂) နှင့် ဒေါ်တင်ကြည်

အရ ဒီကရီကျငွေ တစ်ရစ်လျှင် ၂၅၀၀/– ပေးသွင်းပါက အရစ်ကျခွင့်ပြုရန် တရားနိုင်ကသဘောတူကြောင်း ပေါ်လွင်သည်။ တရားနိုင်က လက်ခံသဘော တူခြင်းသည် အရစ်ကျခွင့်ပြုရန် လုံလောက်သောအကြောင်းမဟုတ်ဟု မဆို နိုင်ပေ၊ ဤကဲ့သို့ ထင်ရှားအမှုသည် တရားနိုင်ကိုယ်တိုင် သဘောတူကြောင်း ပေါ်ပြူလျက် မူလရုံးက လက်ခံမစဉ်းစားခြင်းမှာ တရားမျှတသည်ဟုဆိုရန် ခဲယဉ်းသည်။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြုပြီး မူလရုံး၏ ၂၄-၈-၉၀ နေ့စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားမျှတမှုကိုထောက်ထား၍ ဒီကရီကျငွေနှင့် တရားစရိတ်ငွေ စုစုပေါင်း ကျပ် ၂၂၃၁၄/–ကို ပထမအရစ် ကျပ် ၅၀၀၀/–နှင့် ဒုတိယအရစ်မှစ၍ တစ်ရစ်လျှင် ကျပ် ၂၅၀၀/–နှုန်းဖြင့် တစ်လလျှင်တစ်ကြိမ် အရစ်ကျ ပေးဆပ်သွားစေရန် အမိန့်ချလိုက်သည်။

ဤအမိန့်အတွက် စရိတ်မသတ်မှတ်။

တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၉၁
ဖေဖော်ဝါရီလ
၂၀ ရက်

ဦးဂဖူး

နှင့်

ဦးစိန်ခမောင် ပါ (၂)

တရားမမှုများတွင် အမှုသည်များ၏အဆိုအချေ၌ မပါဝင်ဆန့်ကျင်ကွဲလွဲသည့် ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍– သက်သာခွင့်မပေးရခြင်း

**ဆုံးဖြတ်ချက်။** တရားမမှုများတွင် အမှုသည်များ၏ အဆိုအချေထွေ အပေါ်တွင် ၎င်းမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်သည်။ မူလရုံးအနေဖြင့်သော် လည်းကောင်း၊ အယူခံရုံးအနေဖြင့်သော် လည်းကောင်း အဆိုအချေ၌ မပါဝင်ဆန့်ကျင်ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရပေ။ အေအက်စ်ပီ၊အက်စကေအာရ်၊ ကရုပန်ချစ်တီးယား နှင့် ဇ်အေချိတ်ကလင်ဂန် ချစ်တီးယား ⁰ အမှုတွင် အောက်ပါအတိုင်းထုံးပြုထားသည်။

" A party should be allowed to win or lose on a case set out in his pleading and it is not the function of a trial or an appellant court to make out a case different from the one set out in pleadings. "

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးဇမာ၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ် |

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၆၅

+ ၁၉၉၀ ပြည့်နှစ် တရားမအယူခံမှု အမှတ် ၁ (ကန့်ဘလူ) တွင် ချမှတ်သော (၂၃-၃-၉၀) ရက်စွဲပါ စစ်ကိုင်းတိုင်း (ရွှေဘိုမြို့နယ်စုံ) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဦးဂဖူး
နှင့်
ဦးစိန်မောင်
ပါ(၂)

ကန့်ဘလူမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၈ တွင် အယူခံ တရားလို ဦးဂဖူးက အယူခံ တရားပြိုင် ဦးစိန်မောင်နှင့် မစန်းစန်းဝင်းတို့ အပေါ် အခမဲ့အခွင့်အမိန့်ဖြင့် နေထိုင်သူများအား မြေပေါ်မှ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီ ချမှတ်သည်။ ဦးစိန်မောင်တို့က စစ်ကိုင်းတိုင်း တရားရုံး၊ တရားမ အယူခံမှုအမှတ် ၁/၉၀ (ကန့်ဘလူ)တွင် အယူခံရာ တိုင်းတရားရုံးက မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးဂဖူး စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် မူလရုံး တရားလို ဦးဂဖူးက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ဒုတိယ အယူခံကို တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် ဦးဂဖူးက သူသည် အချင်းဖြစ် မြေကို မိဘများထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ယောက်ဖတော်စပ်သူ မောင်စအစ်နှင့် မစမြိဒါတို့ကို အခမဲ့ တဲဆောက် နေထိုင်ခွင့်ပြုခဲ့ကြောင်းနှင့် သူတို့ ပြောင်းရွှေ့ထွက်ခွာသွားသော်လည်း သူတို့၏သားသမီးများဖြစ်ကြသော မောင်စိန်မောင်နှင့်မစန်းစန်းဝင်းတို့ ဝင်ရောက်နေထိုင်လျက်ရှိကြကြောင်း အဆိုပြုလျက် အခမဲ့ အခွင့်နှင့် နေထိုင်သူများအား နှင်ထုတ်ပေးစေလိုမှု စွဲဆိုခြင်း ဖြစ်သည်။

ချေလွှာတွင် ဦးစိန်မောင်တို့က အချင်းဖြစ် မြေကွက်တွင် မိဘများ ဖြစ်ကြသော ဦးဝအစ်နှင့် ဒေါ်စမြိဒါတို့က အိမ်ဆောက်နေထိုင်ရန် ခွင့်ပြုသဖြင့် လက်ရှိနေထိုင်ခြင်းဖြစ်ကြောင်း၊ တရားလို၏ခွင့်ပြုချက်အရ နေထိုင်ခြင်းမဟုတ်ကြောင်း ချေပသည်။

မူလရုံးက အောက်ပါငြင်းချက် (၃) ရပ်ကို ထုတ်ပေး ကြားနာခဲ့သည်—

(၁) တရားပြိုင်များသည် တရားလိုပိုင် မြေကွက်တွင် ကျူးကျော်မှီ တဲဆောက် နေထိုင်လျက်ရှိသည်ဆိုသည်မှာ မှန်သလား၊

(၂) တရားပြိုင်များ၏ မိဘများက အချင်းဖြစ် မြေကွက်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက တရားလိုထံမှ ဝယ်ယူပြီး ဖြစ်၍ တရားပြိုင် ၂ ဦးအား အိမ်ဆောက်လုပ် နေထိုင်ရန် ပေးအပ်ခဲ့သည်ဆိုသည်မှာ မှန်သလား၊

(၃) တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

ငြင်းချက်များအပေါ် နှစ်ဖက်ကြားနာပြီး မူလရုံးက ငြင်းချက်(၁)တွင် တရားပြိုင်တို့သည် တရားလိုတို့ပိုင် မြေကွက်ပေါ် ကျူးကျော် တဲဆောက် နေထိုင်လျက်ရှိသည်မှန်ကြောင်း ကောက်ယူဆုံးဖြတ်၍ ဦးဂဖူးအား အခမဲ့ နေသူ နှင်ထုတ်ရန် အနိုင် ဒီကရီ ချပေးခဲ့ခြင်းဖြစ်သည်။ မူလ ရုံး၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်မှာ ရှေ့နောက် မညီကြောင်း ပေါ်လွင်သည်။

၁၉၉၁
ဦးဂဖူး
နှင့်
ဦးစိန်မောင်
ပါ(၂)

ဤအမှုမှာ အယူခံ တရားလို ဦးဂဖူးက ရုံးခွန်တော် ကျပ် ၂၀/- ထမ်းဆောင်၍ အယူခံ တရားပြိုင် ဦးစိန်မောင်တို့အပေါ် အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်သူများဟု အဆိုပြုလျက် နှင်ထုတ်လိုမှု စွဲဆိုခြင်းဖြစ်သည်။ အချင်းဖြစ် မြေ၏ တန်ဖိုးအပေါ် ရုံးခွန်တော်အပြည့်အဝထမ်းဆောင်၍ကျူးကျော်သူနှင်ထုတ်လိုကြောင်း အဆိုပြု စွဲဆိုထားခြင်း မဟုတ်ချေ။ ဤကဲ့သို့ဖြစ်ပါလျက် မူလရုံး မြို့နယ်တရားသူကြီးသည် စွဲဆိုသော အမှုကို အမှုမှန်၊ တရားမှန် ဆုံးဖြတ်နိုင်ရန် ငြင်းချက်များကို ဥ ဒေနှင့်အညီ ထုတ်ဆင့်ခြင်းမပြုဘဲ အလွဲအမှား ထုတ်ဆင့်ကြာနာ ဆုံးဖြတ်ခဲ့ခြင်းမှာ လွန်စွာမှားယွင်းသည်။ မူလရုံး ငြင်းချက်တွင် စွဲဆိုသော အမှုကို လိုက်လျောညီထွေဆုံးဖြတ်ရန် အရေးပါသည့် ပြဿနာ မပါဝင်ချေ။ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူ ဟုတ် မဟုတ်ဆိုသည့် အဓိကပြဿနာကို ငြင်းချက်အဖြစ် မထုတ်ဆင့်ဘဲ ကျူးကျော် နေထိုင်သူ ဟုတ်မဟုတ်ဆိုသည့် ငြင်းချက်ကို အဓိကထုတ်ဆင့်ခဲ့ခြင်းမှာ မဖြစ်သင့်မဖြစ်ထိုက်သော အမှားဖြစ်သည်။ တရားမမှုများတွင် အမှု၏ငြင်းချက်များကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၁ နှင့် ၃ တို့အား ထောက်ထား၍ ထုတ်ဆင့်ရကြောင်းနှင့် ငြင်းချက်မှန်မှ အမှုမှန် ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်းကို မူလမြို့နယ်တရားသူကြီးမှ သိကောင်းသည်။

ထို့ပြင် အယူခံတရားလို ဦးဂဖူးသည် မိမိ စွဲဆိုထားသော အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်သူအား နှင်ထုတ်လိုမှုတွင် တရားပြိုင်တို့အား အခမဲ့ အခွင့်အမိန့်ဖြင့် နေထိုင်ခွင့်ပြုခဲ့ကြောင်း ထင်ရှားပြရန် အဓိကဖြစ်ပါလျက် ဦးဂဖူး ကိုယ်တိုင် ပြန်လှန်စစ်မေးရာတွင် အောက်ပါအတိုင်း အဆိုလွှာနှင့် ကွဲလွဲ၍ ကျူးကျော်သူ ဖြစ်ကြောင်း ထွက်ဆိုထားသည်-

> " ကျွန်တော် အထက်ပါကဲ့သို့ အဓိကထွက်ဆိုချက်များ ထွက်ဆိုခြင်း၏ ဆိုလိုချက်မှာ ဦးစအစ်၊ ဒေါ်စမြီဒါတို့အား အခခဲ့ နေထိုင်ခွင့်ပြုခဲ့သည် ဟူ၍ လည်းကောင်း၊ ယခုတရားပြိုင်များဖြစ်ကြသည့် မောင်စိန်မောင်၊ မစန်းစန်းဝင်းတို့ကိုမူ ကျွန်တော်ပိုင်မြေကွက်၌ ကျူးကျော်ဝင်ရောက်နေထိုင်သူများ ဖြစ်သည်ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။XXX အမှန်တကယ်တွင် ကျွန်တော် အဆိုပြုထားသည့်အတိုင်း ဦးစအစ်၊ ဒေါ်စမြီဒါတို့အား အခမဲ့ နေထိုင်ခွင့်ပြုထားသည်ဆိုသော အချက်၊ မောင်စိန်မောင်၊ မစန်းစန်းဝင်းတို့က အချင်းဖြစ်မြေကွက်တွင် ကျူးကျော် နေထိုင်ပါသည်ဆိုသော အချက်တို့သည် လုပ်ကြံတင်ပြချက်များသာ ဖြစ်သည်ဆိုလျှင် ငြင်းပါသည်။ XXX "

သို့ဖြစ်၍ မူလရုံးက ငြင်းချက် လွဲမှားထုတ်ဆင့်ရုံသက်သက် မဟုတ်ပေ။

အယူခံတရားလို ဦးဂဖူးကိုယ်တိုင်က အခမဲ့နေသူဟု စွပ်စွဲ၍ တရားစွဲဆိုထားပြီး ဖြစ်ပါလျက် ရုံးရှေ့တွင် ကျူးကျော်နေထိုင်သူများဟု ကိုယ်တိုင်

၁၉၉၁

ဦးဂဖူး
နှင့်
ဦးစိန်မောင်
ပါ(၂)

ရွှေနောက်မညီ ထွက်ဆိုထားခြင်းဖြစ်ရာ ဤအယူခံရုံးက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၇(ခ) နှင့် (ဂ) ပါ အခွင့်အာဏာကို ကျင့်သုံးပြီး အမှုကို မူလရုံးအား ပြန်လည်ဆုံးဖြတ်စေသင့်ကြောင်း အယူခံဘာသာလိုက် ရွှေနေက လျှောက်လဲတင်ပြခြင်းမှာ လက်ခံရန်မဖြစ်နိုင်ပေ။

တရားမမှုများတွင် အမှုသည်များ၏ အဆိုအချေတို့အပေါ်တွင် အမှု၏ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်သည်။ မူလရုံးအနေဖြင့်သော်လည်းကောင်း၊ အယူခံရုံးအနေဖြင့်သော်လည်းကောင်း အဆိုအချေ၌ မပါဝင် ဆန့်ကျင်ကွဲလွဲသည့် ကိစ္စကို ဖော်ထုတ် ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရပေ။ အေအက်စ်၊ ပီ၊ အက်စ်ကေအာရ်၊ ကရုပန်ချစ်တီးယား နှင့် အေချွတ်ကလင် ဂန်ချစ်တီးယား[၁] အမှုတွင် အောက်ပါအတိုင်းထုံးပြုထားသည်–

> " A party should be allowed to win or lose on a case set out in his pleading and it is not the function of a trial or an appellate court to make out a case different from the one set out in pleadings. "

ထို့ကြောင့် ဤအမှုတွင် ဦးဂဖူးသည် ဦးစိန်မောင်တို့အား အခမဲ့ ခွင့်ပြုချက်ဖြင့်နေသူများဟု စွပ်စွဲအဆိုပြု၍ အမှုကိုစွဲဆိုထားပြီး ရုံးရွှေ့တွင် ကျူးကျော်နေထိုင်သူများဟု ဆန့်ကျင်ကွဲလွဲထွက်ဆိုထားရာ ဦးဂဖူးစွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။ ဤအခြေအနေတွင် မူလရုံးတရားသူကြီးက ဦးဂဖူး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချပေးခြင်းမှာ မှားယွင်းသည်။ တိုင်းတရားရုံးက မူလရုံး အမိန့်ကို ပယ်ဖျက်လိုက်ခြင်းမှာ မှန်ကန်သည်။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ အယူခံကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၈၀/– သတ်မှတ်သည်။

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၁ ၄၆ (တရားလွှတ်တော်ချုပ်)

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်းရွှေတွင်

+ ၁၉၉၁
ဩဂုတ်လ
၁၅ ရက်

ဒေါ်ငွေလှိုင် ပါ- ၈ ဦး

မောင်ကျော်ဝိန် (ခ)
မောင်ကျော်စိန် ပါ-၂

နှင့်

ဦးလှဆောင် ပါ-၃*
ဒေါ်ငွေလှိုင် ပါ-၉

မြန်မာ ဓလေ့ထုံးတမ်း ဥပဒေအရ အမွေပုံပစ္စည်း စီမံခန့် ခွဲပေးစေလိုမှုတွင် မိသားစုစီမံမှုအမွေပစ္စည်း၌ အခွင့်အရေး ရှိသူများ အားလုံး ပါဝင်ကြရန်နှင့် တာဝန် ရှိစေရန် အတွက်အချင်းချင်း သဘောတူညီမှု ရှိစေရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ဤကဲ့သို့ မိသားစု စီမံမှုအရ အမွေ ခွဲဝေခဲ့ပြီးပြီဟု ချေပလိုလျှင် ချေပလိုသူဦးလှဆောင်တို့က အမွေခွဲဝေခဲ့ပြီးကြောင်း ထင်ရှား ပြရန် တာဝန်ရှိသည်။ မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေအရ မိသားစု စီမံမှု ဆိုသည်မှာ ပစ္စည်းရှင်မသေဆုံးမီ ပစ္စည်းရှင်နှင့် မိသားစုဝင်တို့၏ သဘော တူညီမှုဖြင့် ပစ္စည်းရှင်သေဆုံးသည့်အခါ အမွေပစ္စည်းများကို မည်သို့ ခွဲဝေ ယူကြမည် ဆိုသည့် စီမံမှုကို ခေါ်သည်။ မိသားစု စီမံမှုပြုလုပ်ရာတွင် အမွေ ပစ္စည်း၌ အခွင့်အရေးရှိသူများအားလုံး ပါဝင်ကြရန်လိုသည်၊ ထိုသူများက ထိုစီမံမှုတွင် တာဝန်ရှိစေရန်အတွက် အချင်းချင်းသဘောတူညီမှုရှိရန် လိုအပ် သည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၅ နှင့် ၁၄

+ ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၆ တွင် ချမှတ်သော (၂၆-၁၁-၈၉) ရက်စွဲပါ စစ်ကိုင်းတိုင်း (စစ်ကိုင်းမြို့နယ်စု) တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(၈)ဦး
မောင်ကျော်
ဝိန် (၁)
မောင်ကျော်
ဝိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ (၃)
ဒေါ်ငွေလှိုင်
ပါ(၉)

အယူခံတရားလိုများအတွက် – ဦးထွန်းအုံ၊ တရားရုံးချုပ်ရှေ့နေ
ဦးလှဖေ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁) ကိုယ်တိုင် (၂)၊ (၃) ဦးလှဖေ၊ တရားရုံးချုပ်ရှေ့နေ (၁)မှ (၈)ထိ ဦးထွန်းအုံ တရားရုံးချုပ်ရှေ့နေ၊ (၉) ဦးလှဆောင် (ကိုယ်တိုင်)

တရားရေးအကြံပေး – ဦးအောင်ငွေ၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

စစ်ကိုင်းတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၆/၈၆ တွင် ဒေါ်ငွေလှိုင်၊ ဒေါ်စောမြိုင်၊ မစိန်ဌေး၊ မစိန်အေး၊ မဌေးဝင်း၊ မဌေးမြင့်၊ မကြူကြူနှင့် မပြုး (အရွယ်မရောက်သေးသူ ၎င်း၏အနီးစပ်ဆုံးမိတ်ဆွေ မစိန်အေး၊) တို့ (၈)ဦးက ဦးလှဆောင်၊ မောင်ကျော်ဝိန်နှင့် မသန်းညွန့်တို့ (၃)ဦးအပေါ် ကွယ်လွန်သူ ဦးရှမ်း၊ ဒေါ်ငြိမ်းမယ်တို့၏ ကျန်ရစ်သည့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ အချင်းဖြစ် အမွေပစ္စည်း တိုက်နှင့်ကက်ဆက်၏ ထက်ဝက်ကို (၁ နှင့် ၂) တရားလိုများအား ၁၆ ပုံ ၅ ပုံစီနှင့် ကျန်တရားလို (၃ မှ ၈) တို့အား ၁၆ ပုံ ၁ ပုံ ခွဲဝေရန် ပဏာမ ဒီကရီ ချမှတ်လိုက်သည်။

မူလရုံးတရားလိုဒေါ်ငွေလှိုင်-ပါ ၈ ဦးတို့က အမွေပုံပစ္စည်းများ သတ်မှတ်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်သဖြင့် တရားမပထမအယူခံမှု အမှတ် ၁၅/၉၀ တွင် လည်းကောင်း၊ မူလရုံး တရားပြိုင် (၃) ဦးအနက် မောင်ကျော်ဝိန်နှင့် မသန်းညွန့်တို့က အမွေခွဲဝေပေးရန် ဒီကရီချမှတ်ခံရခြင်းအပေါ် မကျေနပ်သဖြင့် တရားမ ပထမ အယူခံမှု အမှတ် ၅၄/၉၀ တွင် လည်းကောင်း အပြန်အလှန် အယူခံများတင်သွင်းလာကြခြင်းဖြစ်သည်။

အယူခံမှု နှစ်မှုသည် မူလမှုတစ်မှုတည်းတွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီအပေါ် နှစ်ဖက်အမှုသည်တို့ အပြန်အလှန်တင်သွင်းလာသော အယူခံများ ဖြစ်သည့်ပြင် သုံးသပ် ဆုံးဖြတ်ရန် ပြဿနာ အတူတူ ဖြစ်ခြင်းကြောင့် နှစ်မှုစလုံးအတွက် တစ်ပေါင်းတည်း အမိန့်ချမှတ်လိုက်သည်။

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တဲကြီးကျေးရွာအုပ်စု၊ နေပူကုန်းရွာနေ ကွယ်လွန်သူ မြန်မာဗုဒ္ဓဘာသာဝင် ဦးရှမ်း၊ ဒေါ်ငြိမ်းမယ်တို့တွင် သားသမီး (၄)ဦး ထွန်းကားရာ ဒေါ်ငွေလှိုင် (၁-တရားလို)၊ ဒေါ်စောမြိုင် (၂-တရားလို)၊ ဦးကျော်သိန်း (ကွယ်လွန်သူဖြစ်ပြီး၊ ၃ မှ ၈ တရားလိုများ၏ ဖခင်) နှင့် ဦးလှဆောင် (၁-တရားပြိုင်)တို့ ဖြစ်ကြသည်။ ၂- တရားပြိုင်

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(၈)ဦး
မောင်ကျော်ဝိန် (ခ) မောင်ကျော်ဝိန် ပါ(၂) နှင့် ဦးလှဆောင် ပါ(၃)
ဒေါ်ငွေလှိုင် ပါ(၉)

မောင်ကျော်ဝိန်မှာ ၁–တရားပြိုင် ဦးလှဆောင်၏ သားဖြစ်ပြီး၊ ၃–တရားပြိုင် မသန်းညွန့်မှာ မောင်ကျော်ဝိန်၏ ဇနီး ဖြစ်သည်။ ဒေါ်ငြိမ်းမယ်မှာ ၁၃၃၉ ခုနှစ်၌ ကွယ်လွန်ခဲ့ပြီး ဦးရှမ်းမှာ ၁၃၄၈ ခုနှစ် (၁၉၈၆ ခုနှစ်)တွင် ကွယ်လွန်သည်။ သားတစ်ဦးဖြစ်သော ဦးကျော်သိန်းမှာ ဖခင် ဦးရှမ်းထက် စော၍ ၁၃၄၆ ခုနှစ်၌ ကွယ်လွန်ခဲ့သဖြင့် ဦးကျော်သိန်း၏ သားသမီးများ ဖြစ်ကြသော အမှတ် (၃) မှ (၈) ထိ တရားလိုမစိန်ဒွေး ပါ-၆ ဦးတို့မှာ ကွယ်လွန်သူ ဦးရှမ်း၏ အမွေမဲ့ မြေးများ ဖြစ်ကြသည်။ ဤကား အမှုတွင် အငြင်းမပွား ထင်ရှားသည့်အချက်များ ဖြစ်ကြသည်။

၁၉၈၆ ခုနှစ်တွင် ဦးရှမ်း ကွယ်လွန်သည့်အခါ နေပူကုန်း ကျေးရွာရှိ အိမ်ဝင်းခြံမြေတစ်ကွက်၊ မြေပေါ်ရှိတိုက်ဖခဆောက်အအုံ၊ နွားစာတိုက်တစ်ခု စသည့် နောက်ဆက်တွဲ (က) စာရင်းပါ မရွေ့မပြောင်းနိုင်သော ပစ္စည်း (၃) မျိုးနှင့် နောက်ဆက်တွဲ (ခ) စာရင်းပါ ရွေ့ပြောင်းနိုင်သော ပစ္စည်း (၆)မျိုး– (ခိုင်းနွားတစ်ကောင်၊ လှည်းကြမ်းတစ်စီး၊ လှည်းယာဉ်တစ်စီး၊ နေရှင်နယ် ကက်ဆက်တစ်လုံး၊ ရွှေချိန် ၂ ကျပ်သားရှိ ရွှေတုံးတစ်တုံးနှင့် တစ်မတ်သားစီရှိ လက်စွပ် ၂ ကွင်း)တို့ အမွေပုံပစ္စည်းအဖြစ် ၂-၃ တရားပြိုင် မောင်ကျော်ဝိန် မသန်းညွန့်တို့၏လက်ဝယ်ကျန်ရစ်ခဲ့သည်ဆိုကာ ဒေါ်ငွေလှိုင် တို့က အမွေခွဲဝေပေးရန် ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

ချေလွှာတွင် ဦးလှဆောင်နှင့် မောင်ကျော်ဝိန်တို့က ဦးရှမ်း မှသေမီက သားသမီး (၄)ဦးအား မြေယာနှင့် ရွှေငွေများ အပြီးသတ်အမွေပေးခဲ့ပြီး ဖြစ်၍ ခွဲဝေစရာအမွေပစ္စည်းကျန်ရစ်ခဲ့ခြင်းမရှိတော့ကြောင်း၊ နောက်ဆက်တွဲ (က) နှင့် (ခ)ပါ ပစ္စည်းများအနက် နောက်ဆက်တွဲ ဇယား(ခ) အပိုဒ် ၅ နှင့် ၆ ပါ ရွှေတုံးနှင့် ကျောက်လက်စွပ် နှစ်ကွင်းမှအပ ကျန်ပစ္စည်းများ မောင်ကျော်ဝိန်၊ မသန်းညွန့်တို့ပိုင် ပစ္စည်းများသာဖြစ်ကြောင်း၊ မြေးဖြစ်သူ မောင်ကျော်ဝိန်က ငယ်စဉ်ကပင် အဘိုးဦးရှမ်းနှင့်အတူ လုပ်ကိုင်ကျွေးမွေးခဲ့ သဖြင့် လုပ်စားမြေများကို ကျေးရွာပြည်သူ့ကောင်စီက ချပေးသည့်မြင် မင်္ဂလာဆောင်စဉ် ဦးရှမ်းက နွားနှင့်လှည်းများ လက်ဖွဲ့ခဲ့ကြောင်း၊ နောက် ဆက်တွဲ ဇယား(က) အပိုဒ် (၁)ပါ မြေမှာလည်း ရွာမြေမဟုတ်၊ လယ် ယာမြေ ဖြစ်၍ တရားမရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း၊ မြေပေါ်ရှိ တိုက်ကို လည်း တရားပြိုင် မောင်ကျော်ဝိန်တို့က ဆောက်လုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ခုခံချေပကြသည်။

တိုင်းတရားရုံးက ငြင်းချက် (၄)ရပ် ထုတ်ပေးပြီး အချင်းဖြစ်ပစ္စည်းများ အနက် ရွှေ ၂ ကျပ်သားနှင့် လက်စွပ် ၂ ကွင်းသည် ဦးရှမ်းပိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့သည်ဟု မခပါပေါက်ကြောင်း၊ နွားစာတိုက်၊ နွားတစ်ကောင်နှင့် လှည်း ၂ စီးမှာလည်း မောင်ကျော်ဝိန်ကသာ ပြုစုကျွေးမွေး ပြုပြင်ဆင်အသုံး ချခဲ့ပြီး ဦးရှမ်းပိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့သည့်ပစ္စည်းမဟုတ်ကြောင်း၊ တိုက်

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(၈)ဦး
မောင်ကျော်
ဝိန်(၁)
မောင်ကျော်
ဝိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ(၃)
ဒေါ်ငွေလှိုင်
ပါ(၉)

အဆောက်အအုံနှင့် ကက်ဆက် တစ်ဝက်သည်သာ အမွေပုံပစ္စည်း ဖြစ်ပြီး ကျန်တစ်ဝက်မှာ မောင်ကျော်ဝိန်နှင့်မသန်းညွန့်တို့ပိုင်အဖြစ်ကျန်ရစ်ကြောင်း၊ တိုက်ရှိရာမြေမှာ လူနေအိမ်ယာမြေအဖြစ် တည်ရှိနေသော်လည်း အမွေဆိုင်ဖြစ်ခြင်းကြောင့် လယ်ယာမြေသာဖြစ်၍ တရားမရုံး စီရင်ပိုင်ခွင့်မရှိကြောင်း ကောက်ယူသုံးသပ်ပြီး အမွေပုံပစ္စည်း တိုက်နှင့် ကက်ဆက်၏ တစ်ဝက်တွင် (၁ နှင့် ၂) တရားလိုများ ၁၆ ပုံ ၅ ပုံစီနှင့် ကျန် တရားလို (၃ မှ ၈) တို့ ၁၆ ပုံ ၁ ပုံ ခွဲဝေယူကြစေရန် ပဏာမဒီကရီ ချမှတ်လိုက်ခြင်းဖြစ်သည်။

အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုများတွင် အမှုအဖြစ်အပျက်မှာ များစွာ ရှင်းလင်းလွယ်ကူပြီး အပြီးသတ် ဒီကရီချမှတ်ရန် အဆင်သင့် ဖြစ်နေသော အမှုမျိုးမှ တစ်ပါး ပထမအဆင့်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်း ၁၃ အရ ပဏာမ(ကနဦး) ဒီကရီချမှတ်ရသည်။ ထိုသို့ ပဏာမဒီကရီ ချမှတ်ပြီးကာမှ ဒုတိယအဆင့်တွင် ခွဲဝေပေးရန် မည်သည့်ပစ္စည်း ရှိသည်၊ မည်သည့်ပစ္စည်းမှာ အမွေပုံပစ္စည်းဖြစ်၍ မည်သူက မည်သည့်ပစ္စည်းအပေါ် မည်သို့ ခွဲဝေရထိုက်သည်၊ မည်သည့် စာရင်းအင်းများ မည်သို့ ထားရှိသည် စသည်ဖြင့် စုံစမ်းစစ်ဆေးပြီး အပြီးသတ်ဒီကရီ ချမှတ်ရန်ဖြစ်သည်။ ပဏာမ ဒီကရီ ချမှတ်သည့်အဆင့်တွင် မည်သည့်ပစ္စည်းများသည် အမွေပုံပစ္စည်းတွင် ပါဝင်ခြင်းမရှိကြောင်း ဖော်ပြရန် စောလွန်းသည်။ ဦးအောင်ကြွယ် နှင့် မောင်ဖိုးလဝင်းနှင့် အခြားသူများ[၁] အမှုတွင် ကြည့်ပါ။ မည်သည့်ပစ္စည်း သည် သေသူ၏ကျန်ရစ်သောပစ္စည်း ဟုတ်မဟုတ်၊ ကွယ်လွန်သူတွင် အမွေပုံ ပစ္စည်း ကျန်ရစ်ခဲ့ခြင်း ရှိမရှိ ဟုတ်မှန်လျှင် တရားလိုရထိုက်သည့် အမွေပုံ အချိုးအစားတို့ကို သတ်မှတ်ဆုံးဖြတ်ရန်သာဖြစ်သည်။ ပဏာမဒီကရီ ချမှတ် သည့် အဆင့်၌ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်ကြောင်း ထည့်သွင်း ဆုံးဖြတ်ရန် မဟုတ်ချေ။ ဦးအရောင် နှင့် မကာကြူမွေး[၂] အမှု၊ ဒေါ်တင် ကြည် နှင့် ဒေါ်အမာ[၃] အမှုနှင့် ဒေါ်တင်တင်ဝင်း နှင့် ဒေါ်သန်းကြည် ပါ-၃[၄] အမှုတို့တွင် ကြည့်ပါ။

ဤအမှုတွင် (၁) တရားလို ဒေါ်ငွေလှိုင်၊ (၂) တရားလို ဒေါ်စောမြိုင် နှင့် (၁) တရားပြိုင် ဦးလှဆောင်တို့သည် လည်းကောင်း၊ (၃ မှ ၈) တရားလို မစိန်ငွေးပါ-၆ ဦးတို့သည် လည်းကောင်း၊ ကွယ်လွန်သူ အမွေရှင်

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၅ (၁၉) (တရား လွှတ်တော်ချုပ်)

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၁၄၊ (တရားရုံး ချုပ်)

(၃) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၄၅၊

(၄) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၄၈၊

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(၈) ဦး
မောင်ကျော်
ဝိန် (၁)
မောင်ကျော်
စိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ(၃)
ဒေါ်ငွေလှိုင်
ပါ(၉)

ဦးရှမ်း၏ သားသမီးနှင့် အမွေမမိမြေးများ ဖြစ်ခြင်းကြောင့် ကွယ်လွန်သူ ဦးရှမ်း၏ ကျန်ရစ်သောပစ္စည်းအပေါ် အမွေခံထိုက်သူ အမွေစား အမွေခံများ ဖြစ်ကြသည်ဆိုခြင်းမှာ အငြင်းပွားစရာမရှိချေ။ ထို့ကြောင့် ဤအဆင့်တွင် ကွယ်လွန်သူ ဦးရှမ်း၌ အမွေပုံပစ္စည်း ကျန်ရစ်ခဲ့ခြင်း ရှိမရှိ စိစစ်ရန်သာ လိုအပ်သည်။ ဤအဆင့်တွင် မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်း ဟုတ်မဟုတ် ပစ္စည်းတစ်ခုချင်းအပေါ် စုံစမ်းစစ်ဆေးဆုံးဖြတ်ရန် မဟုတ်ပေ။

အမွေရှင် ဦးရှမ်းကွယ်လွန်စဉ် အဆိုလွှာ နောက်ဆက်တွဲ(က)နှင့် (ခ) ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်းအဆိုပြု၍ တရားလိုများကဤအမှုကိုစွဲဆိုသည်။ ဦးလှဆောင်တို့၏ ပထမထုချေချက်မှာ အမွေရှင်ဦးရှမ်း မကွယ်လွန်မီ သားသမီးများဖြစ်ကြသော ဒေါ်ငွေလှိုင်(၁-တရားလို)၊ ဒေါ်စောမြိုင် (၂-တရားလို)၊ ဦးကျော်သိန်း (ကွယ်လွန်) နှင့် ဦးလှဆောင် (၁-တရားပြိုင်) တို့အား ရွှေ၊ငွေနှင့် မြေကွက်များ အမွေခွဲဝေပေးခဲ့ပြီးဖြစ်၍ အမွေခွဲဝေစရာ ပစ္စည်း မကျန်တော့ပါ ဆိုသောအချက်ဖြစ်သည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ တရားလိုဒေါ်စောမြိုင်က မိဘများက အိမ်ထောင်ကျသည့်သားသမီးတိုင်းကို အိမ်ထောင်ကျသည့်အချိန်၌ လုပ်ကိုင်စားရန် လက်ဖွဲ့သဘောဖြင့် မြေခွဲဝေပေးခဲ့ခြင်း ဖြစ်ကြောင်းနှင့် အမွေပေးခြင်း မဟုတ်ကြောင်း ထွက်ဆိုထင်ပြသည်။ မိဘများရှိစဉ်က မိသားစုစီမံမှုအရ အမွေခွဲဝေခဲ့ပြီးပြီဟု တရားပြိုင် ဦးလှဆောင်တို့က တင်ပြလိုခြင်းဖြစ်သည်။

ဤကဲ့သို့ မိသားစုစီမံမှုအရ အမွေခွဲဝေခဲ့ပြီးပြီဟု ချေပလိုလျှင် ချေပလိုသူ ဦးလှဆောင်တို့က အမွေခွဲဝေခဲ့ပြီးကြောင်း ထင်ရှားပြရန် တာဝန်ရှိသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရမိသားစုစီမံမှုဆိုသည်မှာ ပစ္စည်းရှင်မသေဆုံးမီ ပစ္စည်းရှင်နှင့် မိသားစုဝင်တို့၏ သဘောတူညီမှုဖြင့် ပစ္စည်းရှင် သေဆုံးသည့် အခါ အမွေပစ္စည်းများကို မည်သို့ခွဲဝေယူကြမည်ဆိုသည့်စီမံမှုကိုခေါ်သည်။ မိသားစု စီမံမှု ပြုလုပ်ရာတွင် အမွေပစ္စည်း၌ အခွင့်အရေးရှိသူများ အားလုံး ပါဝင်ကြရန်လိုသည်။ ထိုသူများက ထိုစီမံမှုတွင် တာဝန်ရှိစေရန် အကြွင်းမဲ့ သဘောတူညီမှုရှိရန် လိုအပ်သည်။ ဦးညွန့်မောင်နှင့် ဒေါ်မြရွှေ[၅] အမှုတွင် ကြည့်ပါ။ ဤအမှုတွင် အမွေရှင် ဦးရှမ်း မကွယ်လွန်မီ ဦးရှမ်းနှင့် တကွ မိသားစုဝင်များ ဖြစ်ကြသော သားသမီးများအားလုံး ပါဝင်လျက် မိသားစုစီမံမှုပြုလုပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိချေ။ တရားပြိုင်ဘက်မှ သက်သေခံ '၁၂' မှတ်တမ်းကို အဓိကတင်ပြသည်။ သက်သေခံ '၁၂' မှတ်တမ်းမှာ ၉-၇-၈၆ နေ့၌ အမွေဆိုင်တစ်ဦးဖြစ်သော (၁) တရားပြိုင် ဦးလှဆောင်သည် ရင်းသဘောအလျောက် ကျေးရွာပြည်သူ့ကောင်စီ လူမှုရေး ကော်မီတီရှေ့၌ မိဘများ ဖြစ်ကြသော ဦးရှမ်းနှင့် ဒေါ်မြိမ်းမယ်တို့က သားသမီးများဖြစ်ကြသော သူအပါအဝင် ဒေါ်ငွေလှိုင်၊ ဒေါ်စောမြိုင်၊

---

(၅) ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၃၃ (ဗဟိုတရားရုံး)

၁၉၉၁ ဒေါ်ငွေလှိုင် ပါ(၈)ဦး

မောင်ကျော်ဝိန်(ခ) မောင်ကျော်ဝိန် ပါ(၂) နှင့် ဦးလှဆောင် ပါ(၃)

ဒေါ်ငွေလှိုင် ပါ(၉)

ဦးကျော်သိန်းတို့ (၄)ဦးအား ရွှေငွေနှင့် မြေကွက်များ ခွဲဝေပေးခဲ့ကြောင်း တင်ပြခြင်းကို ကျေးရွာလူမှုရေးကော်မီတီမှ မှတ်တမ်းတင်ထားသော ဦးလှဆောင် တစ်ဦးတည်း၏ တင်ပြချက်သာ ဖြစ်သည်။ မိသားစု စီမံမှုပြုလုပ်၍ အမွေ ခွဲဝေခဲ့ကြောင်း မှတ်ယူနိုင်သည့် အထောက်အထား မဟုတ်ပေ။ ထို့ကြောင့် မိဘများမကွယ်လွန်မီ အမွေခွဲဝေစုံပြီးဖြစ်၍ ခွဲဝေစရာ ပစ္စည်း မကျန်တော့ပါဆိုသော တရားပြိုင်ဦးလှဆောင်တို့၏ ထုချေချက်မှာ လက်ခံစရာ အကြောင်းမရှိချေ။ ဤ အခြေအနေတွင်ပင် ကွယ်လွန်သူ ဦးရှမ်း၌ အမွေခွဲဝေစရာ အမွေပုံပစ္စည်း ကျန်ရစ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်နေသည်။

ထို့ပြင် တရားပြိုင်ဦးလှဆောင်နှင့် သား (၂)တရားပြိုင် မောင်ကျော်ဝိန်တို့က အဆိုလွှာနောက်ဆက်တွဲ (က) နှင့် (ခ)ပါ ပစ္စည်းများသည် ကွယ်လွန်သူ ဦးရှမ်းပိုင် ပစ္စည်းများ ဖြစ်ခဲ့ကြောင်းနှင့် ရွှေမှအပ ကျန်ပစ္စည်းအားလုံး (၂-၃ တရားပြိုင်) မောင်ကျော်ဝိန်၊ မသန်းညွန့်တို့ လင်မယား လက်ဝယ် ကျန်ရစ်ခဲ့ကြောင်းကို မငြင်းဆိုပေ။ ဦးရှမ်းပိုင် ပစ္စည်း မဟုတ်တော့ဘဲ ဦးရှမ်းက ပေးကမ်းသွား၍ မောင်ကျော်ဝိန်တို့ပိုင် ပစ္စည်းအဖြစ် ကျန်ရစ်ခြင်း ဖြစ်ကြောင်းသာ ဒုတိယအချက် အနေဖြင့် အခိုက ခုခံချေပသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အချင်းဖြစ်အိမ်မှာ မူလ ဦးရှမ်း၏အိမ်ဟောင်း မဟုတ်တော့ဘဲ မိမိတို့ပြန်လည်ဆောက်လုပ်သောအိမ် ဖြစ်ခြင်းကြောင့် မိမိတို့ပိုင် အိမ်ဟု မောင်ကျော်ဝိန်တို့က တင်ပြလိုခြင်း ဖြစ်သည်။ အချင်းဖြစ်အိမ်ကို ပြန်ဆောက်ခဲ့သည် ဆိုရာ၌ ထိုသို့ပြန်လည်ဆောက်လုပ်စဉ် ဦးရှမ်းနှင့် မြေးမောင်ကျော်ဝိန်တို့အချင်းဖြစ်အိမ်၌ အတူနေထိုင်လျက် ရှိကြောင်း အငြင်းမပွားချေ။ အိမ်ဆောက်ရာတွင် ကိုယ်တိုင် ဆောက်လုပ်ခဲ့ကြသူ ပန်းရန်ဆရာနှင့် လက်သမားဆရာ အချင်းချင်းပင် ကွဲလွဲ ထွက်ဆိုထားကြသည်။ ပန်းရန်ဆရာ ကိုတင်ရွှေ (လိုပြ-၂)က တိုက်ကို ဦးရှမ်းကဆောက်လုပ်ကြောင်း၊ ၎င်းအား ဦးရှမ်းက ငှားကြောင်းနှင့် ပန်းရန်ခကို ဦးရှမ်းက ပေးကြောင်း ထွက်ဆို၍ လက်သမားဆရာ ကိုညီမောင်(ပြိုင်ပြ-၁၂)ကမူ တိုက်ကို မောင်ကျော်ဝိန်က ငှား၍ ဆောက်ကြောင်း၊ လက်သမားခကို မောင်ကျော်ဝိန်က ပေးကြောင်း ထွက်ဆိုသည်။ သို့ရာတွင်တရားပြိုင် မောင်ကျော်ဝိန်အား ထောက်ခံသည့် လက်သမားဆရာ ကိုညီမောင် (ပြိုင်ပြ-၁၂) က ပြန်လှန် စစ်မေးရာတွင် အောက်ပါအတိုင်း ဝန်ခံထွက်ဆိုထားသည်။

" XXX တိုက်ဆောက်သည့်ကာလအတွင်း ဦးရှမ်းနှင့် မောင်ကျော်ဝိန်တို့ လင်မယားမှာ ထိုမီးဖိုဆောင်တွင်နေကြပါသည်။ တိုက်မိုးရန်အတွက် သွပ်ဟောင်းများကို ကျွန်တော်ကိုယ်တိုင် ဖာခဲ့ပါသည်။ ကျွန်တော် သွပ်ဖာစဉ် ဦးရှမ်းက အနားရပ်ပြီး ကြည့်ရှုနေခဲ့သည်ဆိုတာ မှန်ပါသည်။ ကျွန်တော်ဖာပေးသည့်သွပ်များမှာ အိမ်ဟောင်းကိုဖျက်ရာမှ ထွက်လာသော သွပ်များ ဖြစ်ပါသည်။ ယခု အချင်းဖြစ်တိုက်တွင်

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(ဂ)ဦး
မောင်ကျော်
ဝိန်(ခ)
မောင်ကျော်
ဝိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ(၃)
ဒေါ်ငွေလှိုင်
ပါ(၉)

မိုးထားသည့် သွပ်များမှာ ဖာထေးသည့် သွပ်ဟောင်းများ ဖြစ်ပါသည်။ အိမ်ဟောင်းမှ သွပ်မလောက်၍ ထပ်မံဝယ်မိုးရသည့် သွပ်မှာ (၅)ချပ်သာ ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ကျွန်တော်ကို မောင်ကျော်ဝိန်က လက်သမားခငွေ ပေးချေသော်လည်း တိုက်ဆောက်သည့် ကုန်ကျငွေမှာ မောင်ကျော်ဝိန်၏ ငွေလား၊ ဦးရှမ်း ငွေလား ကွန်တော် မပြောနိုင်ပါ။ XXX"

ထို့ကြောင့် အချင်းဖြစ်တိုက်အိမ်မှာ မိမိကိုယ်ပိုင် ပြန်လည်ဆောက်လုပ်သော မိမိတို့ပိုင်အိမ်ဖြစ်သည်မှန်ကြောင်း မောင်ကျော်ဝိန်တို့က ထင်ရှားပြနိုင်သည်ဟု ဆိုရန် ခဲယဉ်းသည်။ ထို့ပြင် အချင်းဖြစ်အိမ် ဆောက်လုပ်သည့် အိမ်တည်ရှိရာမြေမှာ ဦးရှမ်းပိုင်မြေအဖြစ် တည်နေဆဲဖြစ်ကြောင်း သတိချပ်ရန် လိုအပ်သည်။ ဦးရှမ်းက မြေးဖြစ်သူ မောင်ကျော်ဝိန်အား လုပ်ကိုင်စားရန် အပြီးအပိုင်ပေးလိုက်ပြီဟု တရားပြိုင်တို့က တင်ပြသော်လည်း မြေကို ပေးကမ်း၍ ပိုင်ဆိုင်ကြောင်း ဥပဒေနှင့်အညီ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိချေ။ အဆိုပါမြေသည် လယ်ယာမြေဖြစ်၍ တရားမ ရုံးတွင် စီရင်ဆုံးဖြတ်ခွင့် မရှိဟု တင်ပြပြန်သည်။ ထိုမြေသည် မြေစာရင်းမှတ်တမ်းအရ လယ်ယာမြေ အမျိုးအစားဟု စာရင်းပေါက်နေသော်လည်း ရွာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ရန် ဦးပိုင်(၁-ခ)စာရင်း၌ "ရွာ"ဟု ယာယီသတ်မှတ်ထားကြောင်း၊ ရွာနှင့် တစ်ဆက်တည်းရှိပြီး အိမ်ဝင်းခြံမြေ တည်ဆောက်နေထိုင်လျက်ရှိကြကြောင်း၊ မြေစာရင်းဌာနမှ မြေတိုင်းစာရေး ဦးဝင်းနိုင်အောင်(ပြိုင်ပြ-၁ဂ) ကိုယ်တိုင် ထွက်ဆိုထားသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက လူနေအိမ်ခြေ တည်ဆောက်၍ လူနေရပ်ကွက်အတွင်း တည်ရှိပြီး လူနေအိမ်ရာအဖြစ် တည်ရှိခဲ့ကြောင်းလည်း အမှုတွင် ထင်ရှားပေါ်ပေါက်နေသည်။ ထို့ကြောင့် အချင်းဖြစ်မြေသည် လယ်ယာမြေဟု စာရင်းပေါက်နေစေကာမူ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃(ခ)အရ လယ်ယာမြေ မဟုတ်ချေ။ ဒေါ်ခင်မြင့်နှင့် ဒေါ်ခင်မေ[6] အမှုတွင် ကြည့်ပါ။ အချင်းဖြစ်မြေကို လယ်ယာမြေဖြစ်၍ တရားမရုံးတွင် စီရင်ပိုင်ခွင့် မရှိ ဟု ငြင်းချက်(၂)တွင် တိုင်းတရားရုံးက ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။ ထို့ကြောင့် အဆိုလွှာနောက်ဆက်တွဲ (က)စာရင်းပါ အချင်းဖြစ်တိုက်အိမ်တည်ရှိရာ မြေကွက်သည် ကွယ်လွန်သူ ဦးရှမ်း၏ အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်ကြောင်း ပေါ်ပေါက်သည်။

ထို့ပြင် ကွယ်လွန်သူ ဖခင်ဦးရှမ်းပိုင် ပစ္စည်းများအဖြစ် အိမ်ဝိုင်းခြံမြေနှင့် အခြားပစ္စည်းများ ကျန်ရစ်ခဲ့သဖြင့် အမွေခွဲဝေပေးရန် တရားလို ဒေါ်ငွေလှိုင်နှင့် ဒေါ်စောမြင့်တို့က တောင်းဆိုကြရာ ထိုသို့ ခွဲဝေရာ

(၆) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၃။

ကျန်ရစ်ခဲ့သည့် ပစ္စည်းရှိသည် မှန်ကြောင်းနှင့် မိမိလည်း ခွဲဝေယူလိုကြောင်း (၁)တရားပြိုင် ဦးလှဆောင်ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သည်။ ပစ္စည်း လက်ရှိဖြစ်သူ မောင်ကျော်ဝိန်၊ မသန်းညွန့်တို့ကသာ ခွဲဝေမပေးနိုင်ကြောင်း ငြင်းဆိုကြသည်။ ယင်းအချက်မှာ သက်ဆိုင်ရာ ကျေးရွာပြည်သူ့ကောင်စီ လူမှုရေးကော်မတီရှေ့ ညှိနှိုင်းစဉ် မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြသည့် သက်သေခံ''ဃ''မှတ်တမ်းအရ ထင်ရှားသည်။ ထိုမှတ်တမ်းပါ အချက်များ မှန်ကန်ကြောင်း ကိုယ်တိုင်မှတ်တမ်းရေးသားသူ ကိုဖေါအေး (လိုပြ-၁) နှင့် မှတ်တမ်းရှင် ကျေးရွာလူကြီး ကိုကျော်တင့် (လိုပြ-၄) တို့က ထပ်ညီ တစ်ညွတ်တည်း ထောက်ခံထွက်ဆိုထားကြသည်။ ယင်းအချက်ကို တရားပြိုင် ဦးလှဆောင်အနေဖြင့် မမှန်ကြောင်း အငြင်းထွက် တင်ပြနိုင်ခြင်း မရှိပေ၊ မိမိအရက်မူးနေစဉ် လက်မှတ်ရေးထိုးခဲ့ရခြင်း ဖြစ်ကြောင်း ထွက်ဆိုတင်ပြလာခြင်းမှာ လက်ခံစရာမရှိချေ။

၁၉၉၁
ဒေါ်ငွေလှိုင်
ပါ(ဂ)ဦး
မောင်ကျော်ဝိန် (ခ)
မောင်ခကျော်ဝိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ(၃)
ဒေါ်ငွေလှိုင်
ပါ(၉)

အထက်ပါ ထင်ရှားပေါ်ပေါက်သည့် အချက်များအရ မူလရုံး တရားလိုများသည် ကွယ်လွန်သူ ဦးရှမ်း၏ အမွေခံထိုက်သူ အမွေစား အမွေခံများဖြစ်ကြောင်း ထင်ရှားပြီး သေသူဦးရှမ်းတွင် အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း ထင်ရှားသဖြင့် အမွေခံများရထိုက်သည့် အမွေဝေစုကို သတ်မှတ်ဆုံးဖြတ်ပြီး အမွေခွဲဝေရန် ပဏာမဒီကရီ ချမှတ်ရန်သာ ရှိပေသည်။ ဤအခြေအနေတွင် ဤအဆင့်မျိုး၌ မူလ တိုင်းတရားရုံးက ပဏာမ ဒီကရီ ချမှတ်သည့်အချက်မှာ မှန်သော်လည်း ပစ္စည်းတစ်ခုချင်းအပေါ် အမွေပုံပစ္စည်း ဟုတ်မဟုတ် သတ်မှတ် ဆုံးဖြတ်လိုက်ခြင်းမှာ ဥပဒေနှင့်မညီ မှားယွင်းသည်။ ကွယ်လွန်သူဦးရှမ်းကျန်ရစ်သော အမွေပုံပစ္စည်းတွင်သားသမီးများ ဖြစ်ကြသော ဒေါ်ငွေလှိုင်၊ ဒေါ်စောမြိုင်နှင့်ဦးလှဆောင်တို့က တစ်ဆယ့်ခြောက်ပုံ ငါးပုံ (၃/၁၆) စီကိုလည်းကောင်း၊ အမွေမမီ မြေးများ ဖြစ်ကြသော မစိန်ဌေးပါ- ၆ဦးတို့က တစ်ဆယ့်ခြောက်ပုံတစ်ပုံ (၁/၁၆) ကိုလည်းကောင်း ခံစားထိုက်ကြောင်း ပေါ်ပေါက်သဖြင့် အမွေဝေစု သတ်မှတ်ပြီး ပဏာမ ဒီကရီ ပြင်ဆင်ချမှတ်ပေးရန် လိုအပ်ပေလိမ့်မည်။

နှစ်ဖက်ရှေ့နေများက အဆိုလွှာနောက်ဆက်တွဲ (က)နှင့် (ခ)ပါ ပစ္စည်းများ၊ ကွယ်လွန်သူဦးရှမ်း၏ အမွေပုံပစ္စည်း ဟုတ် မဟုတ်၊ ပစ္စည်း အမျိုးအစား တစ်ခုချင်းပေါ်တွင် အသေးစိတ် တင်ပြ လျှောက်လဲသွားကြသည်။ ဤအဆင့်တွင် သတ်မှတ်ဆုံးဖြတ်ရန်ပြဿနာ မဟုတ်သေး၍ ဝေဖန်စဉ်းစားစရာ မလိုအပ်ပေ။

အထက်ပါ အကြောင်းများကြောင့် မောင်ကျော်ဝိန်နှင့် မသန်းညွန့်တို့ တင်သွင်းသော အယူခံကို ပလပ်လိုက်သည်၊ ဒေါ်ငွေလှိုင်တို့တင်သွင်းသော

၁၉၉၁
ဓါတ်ငွေလှိုင်
ပါ(၈)ဦး
မောင်ကျော်
ဝိန် (၁)
မောင်ကျော်
ဝိန် ပါ(၂)
နှင့်
ဦးလှဆောင်
ပါ(၃)
ဓါတ်ငွေလှိုင်
ပါ(၉)

အယူခံကို ခွင့်ပြု၍ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ကွယ်လွန်သူ ဦးရှမ်း၏ အမွေပစ္စည်းတွင် တရားလိုဒေါ်ငွေလှိုင်နှင့် ဒေါ်စောမြိုင်တို့သည် ၁၆ ပုံ ၅ပုံ စီကို လည်းကောင်း၊ တရားလို ၃ မှ ၈ မစိန်ရွှေး ပါ–၆ ဦး တို့သည် ၁၆ ပုံ ၁ ပုံ စီကို လည်းကောင်း ရထိုက်ကြောင်း ပဏာမ ဒီကရီ ချမှတ်ပေးလိုက်သည်။

တရားစရိတ်ကို အမွေပုံမှ ကျခံစေ။

## တရားမ အထွေထွေလျှောက်လွှာ

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

ဦးစောဖေသန်း

နှင့်

မန်နေဂျာ*

ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် (၄)

+ ၁၉၉၁
မတ်လ
၁၃ ရက်

**တရားစီရင်ရေး ဥပဒေပုဒ်မ ၆–တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၀-ပါ မူလ ဘူတ အာဏာ–အထူးခုံရုံးက ချမှတ်သော ဒီကရီ၊ စီရင်ချက်၊ အမိန့် ဆုံးဖြတ်ချက်တို့ကို ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထ းခြင်းပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးကချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရားရုံးထက်ပို၍အဆင့်မြင့်သော တရားရုံးက ပြင်ဆင် ပယ်ဖျက်ရန် ဖြစ်သည်။ တရားရုံးတစ်ရုံးသည် မိမိချမှတ်ထားသော စီရင်ချက်၊ ဆုံးဖြတ်ချက်၊ အမိန့် အစရှိသည်တို့ကို ပြန်လည်သုံးသပ်ပြင်ဆင်ခွင့် အလိုအလျောက် မရရှိချေ။ ပြန်လည်သုံးသပ်ပိုင်ခွင့်ကိုဥပဒေကအပ်နှင်းမှ ရရှိသည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ တို့တွင် တရားမမှုများ၌ တရားရုံးများက မိမိချမှတ်သောစီရင်ချက်၊ အမိန့်ကို ပြန်လည်သုံးသပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသည်။ ထိုပြဋ္ဌာန်းချက်များဘောင်ကို ကျော်လွန်ပြီး ပြန်လည်သုံးသပ်ခွင့်အာဏာကိုကျင့်သုံးခြင်းမပြုနိုင်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ ပါ မူလဘူတ အာဏာသည် သီးခြား အာဏာ မဟုတ်ချေ။ စီရင်ပိုင်ခွင့်ကို သီးခြားအပ်နှင်းခြင်းသည်း မဟုတ်ချေ။ ပြန်လည် သုံးသပ်ပိုင်ခွင့်ကို သီးခြား ပြဋ္ဌာန်းထားသည်ဖြစ်၍ ထိုပြဋ္ဌာန်းချက်ဘောင်များကို ကျော်လွန်၍ ပုဒ်မ ၁၅၁ အရ အာဏာကို ကျင့်သုံးကာပြန်လည်သုံးသပ် ပိုင်ခွင့် မရှိချေ။

---

* ၁၉၉၀ ပြည့်နှစ် တရားမ အထွေထွေ လျှောက်လွှာအမှတ် ၃၃

\+ ၁၉၉၀ ပြည့်နှစ် တရားမအထွေထွေလျှောက်လွှာအမှတ် ၆၅တွင် ချမှတ်သော (၉–၃–၉၀) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် သုံးသပ်ပေးပါရန် လျှောက်ထားမှု။

**၁၉၉၁**

**ဦးစောဖေသန်း နှင့် မန်နေဂျာ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်(၄)**

လျှောက်ထားသူအတွက် — ဦးဘိုးညွန့်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် —

တရားရေးအကြံပေး — ဦးမြ၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရန်ကုန်တိုင်း တရားရုံး ၁၉၈၇ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၁၁ (အင်းစိန်) တွင် လျှောက်ထားခံရသူ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ်က လျှောက်ထားသူ ဦးစောဖေသန်းအပေါ် ယခင်တရားရုံးချုပ် ၁၉၆၇ ခုနှစ် တရားမကြီးမှု အမှတ် ၃၄၄ တွင် ရရှိထားသော ငွေဒီကရီကို အတည်ပြုရာ တရားရုံးဘက်မှ အတိုးငွေကို မိမိလုပ်ငန်းအား ပြည်သူပိုင်သိမ်းယူသည့်နေ့ အထိသာ ပေးဆပ်ခွင့်ပြုသင့်ကြောင်း တင်ပြကန့်ကွက်သည်။ တိုင်းတရားရုံးက ယင်းကန့်ကွက်ချက်ကို ပယ်ချသဖြင့် လျှောက်ထားသူက တိုင်းတရားရုံး၏ အမိန့်ကို တရားရုံးချုပ် ၁၉၈၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၅၈ တွင် အယူခံဝင်ရာ မအောင်မြင်ချေ။ တရားရုံးချုပ်ကချမှတ်သောအမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ် တရားမအထွေထွေလျှောက်လွှာ အမှတ် ၆၅ တွင် လျှောက်ထားပြန်ရာ တရားရုံးချုပ်က တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် အရေးယူလောက်သည့်ပြဿနာ မပေါ်ပေါက်ဟု အကြောင်းပြကာ လျှောက်လွှာကို ပလပ်လိုက်သည်။ လျှောက်ထားသူက ယင်းသို့ ပလပ်သည့် အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် ဤလျှောက်လွှာကိုတင်သွင်းသည်။

တရားရုံးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ လျှောက်ထားရာ၌ ယင်းလျှောက်လွှာကို ပလပ်လိုက်လျှင် ပလပ်သော အမိန့်ကို တရားရုံးချုပ်က ပြန်လည်သုံးသပ်ခွင့် ရှိမရှိ တင်ပြလျှောက်ထားရန် ကျွန်ုပ်တို့က လျှောက်ထားသူ၏ ရှေ့နေအား ဖိတ်ခေါ်ရာ လျှောက်ထားသူ၏ရှေ့နေက မိမိသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ လျှောက်ထားခြင်းဖြစ်သည်ဟု တင်ပြသည့်အပြင် ဒေါ်ရွှေစိန်မြ နှင့် ဦးထွန်းအောင်ဖြူ ပါ-၂[၁] စီရင်ထုံးကို လည်း ကိုးကားသည်။

ဇစ်ဦးဘစ်ယောက်သောသူသည် တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် ဘောင်အတွင်း၌ မိမိ၏နစ်နာချက်ကို ကုစားနိုင်ရန် တရားမမှု စွဲဆိုခွင့်ပြုထားသည်။ သို့ရာတွင် တရားရုံး၏ အဆုံးအဖြတ်ခံယူသည့် ကိစ္စ

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၆၂၈။

၁၉၉၁
ဦးစောမေ
သန်း
နှင့်
မန်နေဂျာ
ပြည်ထောင်စု
မြန်မာနိုင်ငံ
ဘဏ်(၄)

တိုင်း၌ အယူခံဝင်ခွင့် ရှိသည်မဟုတ်။ ထိုအခွင့်အရေးကို ဥပဒေက ခွင့်ပြုမှ ရရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အယူခံဝင်ခွင့်ဟူသည် သဘာဝအလျောက် တည်ရှိသောအရာ မဟုတ်ချေ။ အတိအလင်းပြဋ္ဌာန်းချက်ရှိမှသာ တရားရုံး၏ ဆုံးဖြတ်ခြင်းကို အယူခံဝင်ခွင့်ရှိသည်။ ဓါရာဘိုင်ဂျီဝန်ဒတ်စ် နှင့် အေ၊ အမ်၊ အမ်၊ မုရှုဂပ္ပါး ချစ်တီးယား ^(၂)^ စီရင်ထုံးကို ကြည့်ပါ။

ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးက ချမှတ်သော ဆုံးဖြတ်ချက်ကို ထိုတရားရုံးထက်ပို၍အဆင့်မြင့်သောတရားရုံးက ပြင်ဆင်ပယ်ဖျက်ရန်ဖြစ်သည်။ တရားရုံးတစ်ရုံးသည် မိမိချမှတ်ထားသော စီရင်ချက်၊ ဆုံးဖြတ်ချက် အမိန့်အစရှိသည်တို့ကို ပြန်လည် သုံးသပ် ပြင်ဆင်ခွင့် အလိုအလျောက် မရရှိချေ။ ပြန်လည်သုံးသပ်ပိုင်ခွင့်ကို ဥပဒေက အပ်နှင်းမှ ရရှိသည်။ တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၄နှင့် အမိန့် ၄၇၊ နည်း ၁ တို့တွင် တရားမမှုများ၌ တရားရုံးများက မိမိချမှတ်သော စီရင်ချက်၊ အမိန့်ကို ပြန်လည်သုံးသပ်ပိုင်ခွင့် အာဏာ အပ်နှင်းထားသည်။ ထိုပြဋ္ဌာန်းချက်များဘောင်ကို ကျော်လွန်ပြီး ပြန်လည်သုံးသပ်ခွင့်အာဏာကို ကျင့်သုံးခြင်းမပြုနိုင်။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ ပါ မူလဘူတ အာဏာသည် သီးခြားအာဏာမဟုတ်ချေ။ စီရင်ပိုင်ခွင့်ကို သီးခြားအပ်နှင်းခြင်းလည်း မဟုတ်ချေ။ ပြန်လည်သုံးသပ်ပိုင်ခွင့်ကို သီးခြားပြဋ္ဌာန်းထားသည်ဖြစ်၍ ထိုပြဋ္ဌာန်းချက်ဘောင်များကို ကျော်လွန်၍ ပုဒ်မ ၁၅၁ အရ အာဏာကို ကျင့်သုံးကာ ပြန်လည်သုံးသပ်ပိုင်ခွင့် မရှိချေ။

လျှောက်ထားသူဘက်မှရည်ညွှန်းသောစီရင်ထုံးသည် ယခင် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆အရ တင်သွင်းသည့် လျှောက်လွှာနှင့် သက်ဆိုင်သည်။ ပြန်လည် သုံးသပ်ပေးစေလိုမှုနှင့် မသက်ဆိုင်ချေ။ သို့ဖြစ်၍ ယင်းစီရင်ထုံးသည် ဤလျှောက်ထားမှုအတွက် အဖြေမဟုတ်ချေ။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ လျှောက်ထားသော လျှောက်လွှာကို ပလပ်သော အမိန့်အား ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားခွင့်ရှိမရှိနှင့် စပ်လျဉ်း၍ ဦး-ဘညွန့်ပါ-၂ နှင့် ဦးစိန်ကြည်ပါ-၈^(၃)^ စီရင်ထုံးတွင် အောက်ပါအတိုင်း လမ်းညွှန်ထားသည် ကို တွေ့ရှိရသည်—

“ ၁၉၆၂ခုနှစ် ဥပဒေ အမှတ် ၄၁ ဖြင့် တရားရုံးချုပ်က ချမှတ်သော အချို့စီရင်ချက် ဒီကရီ အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားခြင်းကို ခွင့်ပေးခဲ့စဉ်က အခွင့်ထူးလျှောက်လွှာ သို့မဟုတ် အခွင့်ထူးအယူခံတစ်ရပ်ရပ် အပေါ်တွင်သာ တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည် ဟူ၍ နောက်ထပ်ဆင့် တိုးထွင်ခြင်း၊ အာဏာအပ်နှင်းခြင်း မရှိခဲ့ပေ။

(၂) ရန်ကုန် အတွဲ ၁၃ စာ-၄၅၇ (စုံညီ)။
(၃) ၁၉၇၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၁။

၁၉၉၁
ဦးဇော်ဝေ
နှင့်
မန်နေဂျာ
ပြည်ထောင်စု
မြန်မာနိုင်ငံ
ဘဏ်(၄)

စီရင်ပိုင်ခွင့်အာဏာကို မအပ်ဘဲမရချေ။ မအပ်သော အာဏာကိုလည်း ဖန်တီးပြုလုပ်၍ မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြုအာဏာပိုင်အဖွဲ့ မဟုတ်ချေ။ အပ်နှင်းထားသော အာဏာအဘွင်းကသာလျှင် ထုံးတမ်းသာဓကေ လုပ်ထုံး စသည်တို့နှင့်အညီ မျှတမှန်ကန်စွာ စီရင်ရသည်။

အယူခံဝင်ရာ အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှုစသည်တို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသော အမိန့်စီရင်ချက်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သောသာဓက တစ်ရပ်မျှပင် မရှိချေ။"

ဗိုလ်မှူး၊ဇော်လင်း-ပါ ၂ နှင့် ဒေါ်စိန်ကြည်[၄] အမှုတွင် အထူး အယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာအား ပြန်လည် သုံးသပ်ပေးစေရန် လျှောက်ထားခြင်း မပြုနိုင်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

တရားစီရင်ရေးဥပဒေတွင်ဖြစ်စေ၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၂၀ အရ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများတွင်ဖြစ်စေ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်ထားမှုကို ပယ်သောအမိန့်အား ပြန်လည်သုံးသပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိသည်ကို တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ တွင် ရည်ညွှန်းထားသော စီရင်ချက်၊ အမိန့်၊ ဒီကရီ အစရှိသည်တို့သည် တရားမကျင့်ထုံးဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သည်။ တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရ စီရင်ပိုင်ခွင့်သည် တရားမကျင့်ထုံး ဥပဒေနှင့် မသက်ဆိုင်ချေ။ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေအရ တင်သွင်းသည့် လျှောက်လွှာမဟုတ်သဖြင့် ယင်းလျှောက်လွှာအပေါ် ချမှတ်သော အမိန့်ကို ပြန်လည် သုံးသပ်ပေးစေရန် တရားမကျင့်ထုံးဥပဒေအရ လျှောက်ထားခြင်း မပြုနိုင်။

ထို့ကြောင့် ဤလျှောက်လွှာကို ပလပ်လိုက်သည်။

---

(၄) ၁၉၉၀ မြည့်နှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ်၅၃ ။

## တရားမ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်းရွှေတွင်

ဦးညွန့်မောင်

နှင့်

ဒေါ်သောင်း *

(ကွယ်လွန်သူ ဦးစိုးမောင်၏ တရားဝင်ကိုယ်စားလှယ်)

+ ၁၉၉၁
ဇန်နဝါရီလ
၃၀ရက်

အမှုကြားနာရန် ချိန်းဆိုထားသော နေ့ရက်တွင် လျှောက်ထားသူနှင့် သူ၏ ရှေ့နေတို့ လာရောက်ရန်ပျက်ကွက်သဖြင့် အမှုကိုပလပ်ခဲ့သည်။ အမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားရာ ပျက်ကွက်ရခြင်းအတွက် လုံလောက်သော အကြောင်းပြချက် ဟုတ်–မဟုတ် သုံးသပ်ခြင်း။

**ဆုံးဖြတ်ချက်**။ တရားရုံးချုပ်က အမှုခေါ်စာရင်းကို ရက်သတ္တနှစ်ပတ် ကြိုတင်၍ ရုံးရှေ့ကြော်ငြာသင်ပုန်း၌ကပ်ထားသည်။ ရုံးချိန်းရက်ကိုကြည့်ရှုရန် အတွက် အမှုသည်နှင့် ၎င်းအား ကိုယ်စားပြုသူ ရှေ့နေတို့ နှစ်ဦးစလုံး၌ တာဝန်ရှိသည်။ အကယ်၍ ရုံးချိန်းရက်သဲကွဲမှုမရှိပါက အနီးအနားရှိပုဂ္ဂိုလ် တို့အား ကြည့်ရှုစေနိုင်သည်။ ဦးညွန့်မောင်၏ရှေ့နေသည် ၎င်း၏အမှုသည် မျက်စိမှုန်ခြင်းကိုလည်း သိရှိသည့်အပြင် ၎င်း၏ အမှုသည်၏ မျက်စိ ခွဲစိတ် ထားကြောင်း အဆိုပြုပြီး ယင်းကဲ့သို့ အမှုသည်၏ ချို့ယွင်းချက်ကိုလည်း သိရှိပါလျက် အမှုသည်အား အမှုခေါ်စာရင်းရှိ ရက်ချိန်းကို ကြည့်ရှုခိုင်း ခြင်းမှာ ရှေ့နေ၌ တာဝန်မရှိဟု မဆိုနိုင်ချေ။ ရှေ့နေအနေဖြင့် ရက်သတ္တ နှစ်ပတ်အတွင်း တရားရုံးချုပ်သို့ လာရောက်ရင်းဖြစ်စေ၊ မိမိအလိုအလျောက် ဖြစ်စေ ရုံးချိန်းရက်ကို မိမိအားငှားရမ်းသူ အမှုသည် အကျိုးအတွက် ကြည့် ရှုနိုင်သည်။ ကြည့်ရှုရန်တာဝန်လည်း ရှိသဖြင့် ရှေ့နေ၏ ပျက်ကွက်မှုသည် လည်း ခွင့်လွှတ်ရန်အကြောင်းမရှိချေ။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၁၈

+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၂ တွင် ချမှတ်သော (၂၈–၂–၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

**၁၉၉၁**
ဦးညွန့်မောင်
နှင့်
ဒေါ်သောင်း
(ကွယ်လွန်သူ
ဦးစိုးမောင်၏
တရားဝင်
ကိုယ်စားလှယ်)

လျှောက်ထားသူအတွက် — ဦးသိမ်းအောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ဒေါ်ခင်မေသန်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း၊ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၁၂(ဂ)/၈၉ တွင် ဦးစိုးမောင်က ဦးညွန့်မောင်အပေါ် မြေနှင့်အိမ်ကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် တရားပြိုင်၏ လက်ဝယ်ရှိ (၁၄-၁၂-၈၆) နေ့စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်း စာချုပ်တို့သည် တရားမဝင် ပျက်ပြယ်ကြောင်း ကြေညာပေးရန် တရားစွဲဆိုသည်။ အမှုအား အလှည့်ကျကြားနာရန် ချိန်းဆိုသော ၃၀-၈-၉၀နေ့တွင် လျှောက်ထားသူနှင့် ၎င်း၏ရှေ့နေ ဦးသိမ်းအောင်တို့ ရုံးရှေ့လာရောက်ရန် ပျက်ကွက်သဖြင့် တရားသူကြီး ဦးမျိုးသွန်းလင်းက အမှုပလပ်ခဲ့သည်။ လျှောက်ထားသူနှင့် ၎င်းတို့၏ရှေ့နေတို့က အမှုပြန်ဖွင့်ပေးရန် ၂၃-၁၀-၉၀နေ့၌ လျှောက်လွှာတင်သဖြင့် အမှုပြန်ဖွင့်ပေးရန် သင့် မသင့် ကြားဖြတ်အမိန့် ချမှတ်ရန် ဖြစ်သည်။

ဦးညွန့်မောင်နှင့် ၎င်း၏ရှေ့နေ ဦးသိမ်းအောင်တို့က သစ္စာပြုလွှာများတွင် တရားရုံးချုပ် အမှုခေါ်ပုံ စာရင်း ကြော်ငြာကို ဦးညွန့်မောင်က ကြည့်ရှုရာ မျက်စိမှုန်၍ (၃၀-၈-၉၀) နေ့နှင့် (၃၁-၈-၉၀) နေ့ အမှတ်မှားခဲ့ကြောင်း၊ ဦးညွန့်မောင်က ၎င်း၏ရှေ့နေအား ရက်ချိန်း (၃၁-၈-၉၀)ဟု ပြောကြားအသိပေး၍ ရုံးချိန်းမှားကြောင်း တင်ပြသည်။

ဦးစိုးမောင်က လျှောက်ထားသူက မျက်စိမှုန်သဖြင့် အမှတ် မှား၍ ရုံးချိန်း ပျက်ကွက်ရခြင်း ဖြစ်ကြောင်း တင်ပြချက်သည် လုံလောက်သော အကြောင်းပြချက် မဟုတ်ကြောင်း၊ ကြိုတင်အမှုချိန်းစာရင်းကို ကြည့်ရှုရန် ရှေ့နေနှင့် အမှုသည် နှစ်ဦးစလုံး တာဝန်ရှိကြောင်း အဓိက တင်ပြသည်။

တရားရုံးချုပ်က အမှုခေါ်စာရင်းကို ရက်သတ္တနှစ်ပတ်ကြိုတင်၍ ရုံးရှေ့ကြော်ငြာသင်ပုန်း၌ ကပ်ထားသည်။ ရုံးချိန်းရက်ကို ကြည့်ရှုရန်အတွက် အမှုသည်နှင့် ၎င်းအားကိုယ်စားပြုသူ ရှေ့နေတို့ နှစ်ဦးစလုံး၌တာဝန်ရှိသည်။ အကယ်၍ ရုံးချိန်းရက် ဆဲကွဲမှု မရှိပါက အနီးအနားရှိ ပုဂ္ဂိုလ်တို့အား ကြည့်ရှုစေနိုင်သည်။ ဦးညွန့်မောင်၏ရှေ့နေသည် ၎င်း၏အမှုသည် မျက်စိမှုန်ခြင်းကိုလည်း သိရှိသည့်အပြင် ၎င်း၏ အမှုသည်၏ မျက်စိ ခွဲစိတ်ထားကြောင်း အဆိုပြုပြီး ယင်းကဲ့သို့ အမှုသည်၏ ချို့ယွင်းချက်ကိုလည်း သိရှိပါလျက် အမှုသည်အား အမှုခေါ်စာရင်းရှိ ရက်ချိန်းကို ကြည့်ရှုခိုင်းခြင်း

၁၉၉၁
ဦးညွန့်မောင်
နှင့်
ဒေါ်သောင်း
(ကွယ်လွန်သူ
ဦးစိုးမောင်၏
တရားဝင်
ကိုယ်စားလှယ်)

မှာ ရှေ့နေ၌ တာဝန်မရှိဟု မဆိုနိုင်ချေ။ ရှေ့နေ အနေဖြင့် ရက်သတ္တနှစ်ပတ်အတွင်း တရားရုံးချုပ်သို့ လာရောက်ရင်းဖြစ်စေ၊ မိမိအလို အလျောက်ဖြစ်စေ ရုံးချိန်းရက်ကို မိမိအားငှားရမ်းသူအမှုသည်အကျိုးအတွက် ကြည့်ရှုနိုင်သည်။ ကြည့်ရှုရန်တာဝန်လည်း ရှိသဖြင့် ရှေ့နေ၏ ပျက်ကွက်မှုသည်လည်း ခွင့်လွှတ်ရန် အကြောင်းမရှိချေ။

သို့ဖြစ်၍ လျှောက်ထားသူမှ အမှုပြန်လည်ဖွင့်ပေးရန် တင်ပြချက်သည် လုံလောက်သော အကြောင်းပြချက် မဟုတ်ချေ။

ထို့ကြောင့် လျှောက်ထားသူ၏ အမှုပြန်ဖွင့်ပေးရန် လျှောက်လွှာကို ပလပ်လိုက်သည်။ စရိတ် မသတ်မှတ်။

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ခင်းရွှေတွင်

+ ၁၉၉၁
နိဗင်ဘာလ
၉ ရက်

မတင်တင်ဝင်း

နှင့်

ဒေါ်စောတင် ပါ-၃*

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှု စွဲဆိုခြင်း-ကာလစည်းကမ်းသတ်ကာလ- ကျန်ရစ်သူ မိဘ ကွယ်လွန်သည်ကို အကြောင်းပြုပြီး၊ ထိုမိဘ၏ ယခင်အိမ်ထောင်မှ သား သမီးများသည် မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခွင့်ရှိခြင်း- မိဘ တစ်ပါး ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ ကျန်ရစ်သူမိဘ နောက်အိမ်ထောင် ပြုခြင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ အမွေတောင်းခံခဲ့ခြင်း မရှိလျှင် မိဒထုး၊ ပထွေး ကွယ်လွန်သောအခါ အမွေတောင်းဆိုနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေတောင်းခံရန် အကြောင်းသည် လက်ရှိအမှုနှင့် သက်ဆိုင်သမျှ အောက်ပါအတိုင်း ပေါ် ပေါက်သည်-

မြန်မာဗုဒ္ဓဘာသာ အိမ်ထောင်တွင် အဖေ သို့မဟုတ် အမေ ကွယ်လွန် သောအခါ အမွေရထိုက်သည့် ဩရသသားသမီးကျန်ရစ်လျှင် ထိုသားသမီး သည် အမွေ ၁/၄ ပုံ ရခွင့်ရှိသည်။ အမွေရထိုက်သော ဩရသသည် မိဘ တစ်ပါးပါး ကွယ်လွန်စဉ်က အမွေမတောင်းခဲ့ဘဲ နေခဲ့ရာတွင် (၁၂) နှစ် ကျော်သောအခါ ဩရသဝေစု တောင်းခွင့် ဆုံးရှုံးသွားမည်ဖြစ်သော်လည်း ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသောအခါ အမွေတောင်းခံရန် အခွင့် အရေး အသစ်ရရှိပြီး စည်းကမ်းသတ်ကာလကို အသစ်တစ်ဖန် ရေတွက်ရ ပြန်သည်။ ကျန်ရစ်သူ မိဘက နောက်အိမ်ထောင်ပြုသည့်နေ့မှ (၁၂) နှစ် ကျော်လွန်သော် သားသမီးများသည် ထိုမိဘထံမှ အမွေတောင်းခံခွင့် မရှိ တော့ချေ။ သို့သော် ထိုမိဘကွယ်လွန်သောအခါ ထိုသားသမီးများသည်

---

* ၁၉၉၁ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၇၀

+ ၁၉၈၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၅ (မင်္ဂလာတောင်ညွန့်)တွင် ချမှတ် သော (၃၁-၁၂-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

အမွေခွဲတောင်းရန် အခွင့်အရေးအသစ်ရပြန်သည်။ တစ်နည်းဆိုသော် ကျန်ရစ်သူ မိဘ ကွယ်လွန်သည်ကိုအကြောင်းပြုပြီး ထိုမိဘ၏ ယခင်အိမ်ထောင်မှ သားသမီးများသည် မိထွေး ပထွေးထံမှ အမွေတောင်းခွင့်ရရှိသည်။ မိဘ တစ်ပါး ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုခြင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ အမွေတောင်းခဲ့ခြင်း မရှိလျှင် မိထွေး ပထွေး ကွယ်လွန်သောအခါ ပထမ အိမ်ထောင်မှ သားသမီးသည် ဒုတိယ အိမ်ထောင်မှ သားသမီးများထံမှ အမွေတောင်းဆိုနိုင်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးမင်းဆွေ၊ တရားရုံးချုပ် ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | (၁) နှင့် (၂) မလာ<br>(၃) ဦးမင်းစိန်<br>တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးလှမြင့်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၅ ခုနှစ် တရားမကြီးမှု အမှတ် ၄၂၅ (မင်္ဂလာတောင်ညွန့်)တွင် မတင်တင်ဝင်းက ဒေါ်စောတင်၊ ဒေါ်မြစိန်နှင့် ဒေါ်ဟန်တင်တို့အပေါ် မြေနှင့် အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုသည်။ မူလ ရုံးက တရားလိုတစ်ဦးတည်းသာ အချင်းဖြစ် မြေနှင့် အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူမဟုတ်ကြောင်း သုံးသပ်လျက် မတင်တင်ဝင်း စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ကြောင်း ၃၁-၁၂-၉၀ နေ့၌ ဒီကရီ ချမှတ်သည်။

မတင်တင်ဝင်းက ယင်းစီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

မတင်တင်ဝင်းက အဆိုလွှာတွင် အခြားအကြောင်းများအပြင် ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ ဂဂ လမ်း၊ အမှတ် ၁၁ မြေစာရင်းဦးစီးဌာနအခေါ် ရန်ကုန် သိမ်ဖြူတိုက်နယ်၊ မြေဘိုင်းရပ်ကွက် အမှတ် ၁၂-အက်ဖ်၊ မြေကွက်အမှတ် ၃၅၊ ဧရိယာ .၀၃၄ ဧကရှိ မြေနှင့် အိမ်ဥပစာသည် ဦးကောင်းညိမ်းနှင့် ဒေါ်ထွေးစိန်တို့မှ ၅-၂-၅၃ နေ့၌ ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်ခဲ့ကြောင်း၊ ဦးကောင်းညိမ်းနှင့် ဒေါ်ထွေးစိန်တို့က တရားလိုအား ၁၅-၁-၇၀ နေ့တွင် ကိတ္တိမ သမီးအဖြစ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုမွေးစားခဲ့ကြောင်း၊ တရားလိုသည် ထိုနေ့မှစ၍ ယနေ့အထိ မောင်ပြုပါ အိမ်တွင် အစဉ်အဆက် နေထိုင်လာခဲ့ကြောင်း၊ ဦးကောင်းညိမ်း

၁၉၉၁
မတင်တင်ဝင်း
နှင့်
ဒေါ်စောတင်
ပါ(၃)

သည့် ၁၅–၁၁–၇၀ နေ့တွင်လည်းကောင်း၊ ဒေါ်ထွေးစိန်သည် ၁၄–၅–၈၂ နေ့တွင်လည်းကောင်း သားသမီး မထွန်းကားဘဲ ကွယ်လွန်ခဲ့ကြောင်း၊ ဦးကောင်းညိမ်းနှင့် ပထမ ဇနီးတို့၏သမီး ဒေါ်စောတင်၊ ဦးကောင်းညိမ်း၏ ပထမ ဇနီးမှ ရသောသား ဦးထွန်းစိန် (ကွယ်လွန်) ၏ ဇနီး ဒေါ်မြစိန်၊ ဦးကောင်းညိမ်းနှင့် ဒုတိယ ဇနီးတို့မှရသောသား ဦးအေးမောင်(ကွယ်လွန်) ၏ဇနီး ဒေါ်ဟန်တင်တို့က တရားလို လက်ရှိ နေထိုင်လျက်ရှိသော မြေနှင့် အိမ်တို့နှင့်ပတ်သက်၍ ၎င်းတို့သည်း အမွေဆိုင်များဖြစ်ကြောင်း ဖော်ပြလျက် ၎င်းတို့၏ အကျိုးဆောင်မှတစ်ဆင့် တရားလိုထံ အကြောင်းကြားစာ ပို့ခဲ့ကြောင်း ထို ၇–၆–၈၂ နေ့မှစ၍ အချင်းဖြစ် အကြောင်းအရာပေါ်ပေါက်ခဲ့ကြောင်း စသည်ဖြင့် အဆိုပြုသည်။

ဒေါ်စောတင် ပါ-၃ ဦးတို့က ချေပလွှာတွင် အခြား အကြောင်းများ အပြင် ဦးကောင်းညိမ်းသည် ၁၉၆၉ ခုနှစ်ကတည်းက လေဖြတ်ပြီး အိပ်ရာထဲ လဲနေ၍ မူလစိတ် မရှိဘဲ ဘာကိုမှ မသိရှိနိုင်ကြောင်း၊ လေဖြတ်ထား၍ ဆွံ့အနေပြီး လက်ခြေပင် မသယ်နိုင်ကြောင်း၊ သို့ဖြစ်၍ ၁၅–၁၁–၇၀ ရက်နေ့က မွေးစား စာချုပ်အား ချုပ်ဆိုပြီး မှတ်ပုံတင်ခြင်းဖြစ်၍ မွေးစားခြင်းမှာ မမှန်ကန်ကြောင်း၊ ဦးကောင်းညိမ်းသည် ပထမ ဇနီး၊ ဒုတိယဇနီး တို့ဖြင့် သားသမီးထွန်းကားခဲ့သော်လည်း တတိယဇနီးဖြစ်သူ ဒေါ်ထွေးစိန် နှင့် သားသမီး မထွန်းကားခဲ့ကြောင်း၊ သားရင်း သမီးရင်းများ ရှိပါလျက် မွေးစားသမီးတစ်ဦးသည် အမွေမဆက်ခံနိုင်ကြောင်း စသည်ဖြင့် ချေပသည်။

ဦးကောင်းညိမ်းသည် ပထမဇနီးနှင့် ဒေါ်စောတင်၊ ဦးထွန်းစိန်တို့အား မွေးဖွားခဲ့ခြင်း၊ ဒေါ်မြစိန်သည် ဦးထွန်းစိန်(ကွယ်လွန်)၏ ဇနီး ဖြစ်ခြင်း၊ ဒေါ်ဟန်တင်သည် ဦးကောင်းညိမ်းနှင့် ဒုတိယ ဇနီးတို့မှ ရသော သား ဦးအေးမောင်(ကွယ်လွန်)၏ဇနီးဖြစ်ခြင်း၊ မတင်တင်ဝင်းတွင် ဦးကောင်းညိမ်းနှင့် ဒေါ်ထွေးစိန်တို့မှ ကိတ္တိမ သမီးအဖြစ် မွေးစားခဲ့သော မှတ်ပုံတင် စာချုပ်ရှိခြင်း၊ ဦးအေးမောင်သည် ဦးကောင်းညိမ်း ကွယ်လွန်ပြီးနောက်မှ ကွယ်လွန်ခဲ့ခြင်း၊ ဒေါ်စောတင်၊ ဦးထွန်းစိန်နှင့် ဦးအေးမောင် တို့က ဦးကောင်းညိမ်းနှင့်သက်ဆိုင်သော ပစ္စည်းဘစ်စုံတစ်ရာ ခွဲဝေ မရရှိသေးခြင်း တို့သည် အမှု၌ ထင်ရှားသောအချက်များ ဖြစ်ပေသည်။

သို့ဖြစ်ရာ ဒေါ်စောတင် အပါအဝင် မူလရုံး တရားပြိုင်များသည် ဦးကောင်းညိမ်း၏ အထက် သမီးနှင့် ကွယ်လွန်သူ အထက်သားများ၏ ဇနီး များ ဖြစ်ကြပြီး မတင်တင်ဝင်းမှာ ဦးကောင်းညိမ်းနှင့် ဒေါ်ထွေးစိန်တို့၏ ကိတ္တိမ သမီး ဖြစ်ခြင်းသည် မှန်စေဦး ဦးကောင်းညိမ်း၏အထက်သားသမီး နှင့် တတိယ မယားနှင့် နှစ်ပါးစုံ မွေးစားသော သမီးဟု ခေါ်ဆိုနိုင်သည်။

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေတောင်းခံရန် အကြောင်းသည် လက်ရှိအမှုနှင့်သက်ဆိုင်သမျှ အောက်ပါအတိုင်း ပေါ်ပေါက်သည်- ၁၉၉၁ မတင်တင်ဝင်း နှင့် ဒေါ်စောတင် ပါ(၃)

မြန်မာဗုဒ္ဓဘာသာ အိမ်ထောင်တွင် အဖေ သို့မဟုတ် အမေ ကွယ်လွန်သောအခါ အမွေရထိုက်သည့် ဩရသ သားသမီး ကျန်ရစ်လျှင် ထိုသားသမီးသည် အမွေ ၄ ပုံ ၁ ပုံ ရခွင့်ရှိသည်။ အမွေရထိုက်သော ဩရသသည် မိဘ တစ်ပါးပါး ကွယ်လွန်စဉ်က အမွေမတောင်းခဲ့ဘဲ နေခဲ့ရာတွင် (၁၂)နှစ် ကျော်သောအခါ ဩရသ ဝေစုတောင်းခွင့် ဆုံးရှုံးသွားမည်ဖြစ်သော်လည်း ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုသောအခါ အမွေတောင်းခံရန် အခွင့်အရေးအသစ် ရရှိပြီး စည်းကမ်းသတ် ကာလကို အသစ်တစ်ဖန် ရေတွက်ရပြန်သည်။ ကျန်ရစ်သူ မိဘက နောက်အိမ်ထောင်ပြုသည့်နေ့မှ (၁၂)နှစ်ကျော်လွန်သော် သားသမီးများသည် ထိုမိဘထံမှ အမွေတောင်းခံခွင့် မရှိတော့ချေ၊ သို့သော် ထိုမိဘ ကွယ်လွန်သောအခါ ထိုသားသမီးများသည် အမွေတောင်းရန် အခွင့်အရေးအသစ် ရပြန်သည်။ တစ်နည်းဆိုသော် ကျန်ရစ်သူ မိဘ ကွယ်လွန်သည့်ကိုအကြောင်းပြုပြီး ထိုမိဘ၏ ယခင် အိမ်ထောင်မှ သားသမီးများသည် မိထွေး ပထွေးထံမှ အမွေတောင်းခွင့်ရှိသည်။ မိဘ တစ်ပါး ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုခြင်းကြောင့်ဖြစ်စေ၊ ကျန်ရစ်သူ မိဘ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ အမွေတောင်းခဲ့ခြင်းမရှိလျှင် မိထွေး ပထွေး ကွယ်လွန်သောအခါ ပထမ အိမ်ထောင်မှ သားသမီးသည် ဒုတိယ အိမ်ထောင်မှ သားသမီးများထံမှ အမွေတောင်းဆိုနိုင်သည်။

အဆိုလွှာ အပိုဒ် ၈ တွင် တရားလိုသည် အိမ်နှင့်မြေကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာရန်အတွက် တရားပြိုင်က တရားလိုထံ ၎င်းတို့လည်း အမွေဆိုင်များဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့သည့် ၇-၆-၈၂ နေ့မှစ၍ အချင်းဖြစ် အကြောင်းအရာ ပေါ်ပေါက်ကြောင်းဖြင့် မတင်တင်ဝင်းက အဆိုပြုခဲ့သည်။ ၎င်း၏ အဆိုပြုချက်အရ ဆိုလျှင် အယူခံ တရားပြိုင်တို့က ၎င်းအား ဆန့်ကျင်ခဲ့ခြင်းသည် အဆိုပါ ၇-၆-၈၂ နေ့က စတင်မည်ဖြစ်ရာ ထို ၇-၆-၈၂ နေ့မှ မတင်တင်ဝင်းက မူလအမှုကို စွဲဆိုသော ၂၂-၁၁-၈၅ နေ့အထိ ရေတွက်ခဲ့လျှင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၄၄ ၏ ပြဋ္ဌာန်းချက်အရ (၁၂)နှစ်အတွင်းဖြစ်၍ အထက် သားသမီးဖြစ်သော အယူခံ တရားပြိုင်အနေဖြင့် အမွေတောင်းခံပိုင်ခွင့်သည် အယူခံ တရားလိုဘက်က တင်ပြသကဲ့သို့ ကာလစည်းကမ်းသတ် ကျော်လွန်မှုမရှိချေ။ သို့ဖြစ်၍ ကိတ္တိမ သမီးဆိုသူ မတင်တင်ဝင်းအနေဖြင့် အချင်းဖြစ် ပစ္စည်းတွင် တစ်ဦးတည်း အမွေဆက်ခံခွင့် ရှိသူ မဖြစ်နိုင်ချေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည်မှာ မူလရုံးတွင် အမှုအတွင်း ဒေါ်စောတင် ကွယ်လွန်ကြောင်း ထင်ရှား၍ ၎င်း၏ သားဟု ဆိုသူ

၁၉၉၁
မတင်တင်ဝင်း
နှင့်
ဒေါ်စောတင်
ပါ(၃)

ကိုသန်းထိုက်အား တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်ခံဆောင်ရွက်ခဲ့သည့် အခြေအနေ တွေ့ရသည်။ သို့ရာတွင် မူလရုံးမှ စီရင်ချက် ချမှတ်ရာတွင် ကွယ်လွန်သူ ဒေါ်စောတင်အား တရားပြိုင်တစ်ဦးအဖြစ် မှားယွင်း ဖော်ပြချထားခဲ့သည်။

သို့ဖြစ်ရာ မူလရုံးက ကိုသန်းထိုက် (ကွယ်လွန်သူ ဒေါ်စောတင်၏ တရားဝင်ကိုယ်စားလှယ်)ဟု စီရင်ချက်နှင့် ဒီကရီတို့တွင် ပြင်ဆင်စေရန်အတွက် ညွှန်ကြားသင့်ပေသည်။

အထက်ပါ အချက်အလက်များအရ မူလရုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်၍ ဝင်ရောက်စွက်ဖက်ရန် မသင့်ချေ။

ထို့ကြောင့် အယူခံတရားလို မတင်တင်ဝင်း၏ အယူခံလွှာကို ရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်သည်။ မူလရုံးက ကိုသန်းထိုက် (ကွယ်လွန်သူ ဒေါ်စောတင်၏ တရားဝင်ကိုယ်စားလှယ်)ဟု စီရင်ချက်နှင့် ဒီကရီတို့တွင် ပြင်ဆင်စေရန် ညွှန်ကြားလိုက်သည်။ ၎င်းနောက် ဤရုံးမှ ဒီကရီ ရေးဆွဲရာတွင်လည်း ယင်းကဲ့သို့ အမှန်ပြင်ဆင်ရေးဆွဲရန်လည်း မှတ်ချက်ပြုလိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်း ရှေ့တွင်

ဦးတင်အောင် ပါ–၃

နှင့်

ဦးကိုလေး *

\+ ၁၉၈၉
ဧပြီလ
၆ ရက်

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု–နေအိမ် အခိုင်အမာ ဆောက်လုပ် ခွင့်ပြုခဲ့လျှင် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့် ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** အချင်းဖြစ်မြေတွင် ဦးအင်အောင်သည် ၁၉၇၀ ပြည့် နှစ်တွင် ဦးကိုလေး၏ခွင့်ပြုချက်အရ ထဲအိမ် ဆောက်လုပ် နေထိုင်ပြီးနောက် တပ်ကုန်းမြို့သို့ပြောင်းရွှေ့သွားခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ်တွင် ယခု တည်ရှိနေသော တိုက်ခံအိမ်ကို ဦးကိုလေးထံ ခွင့်တောင်းပြီး ငွေကုန်ကြေး ကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဦးတင်အောင်က ငွေအမြောက်အမြား အကုန်ခံ၍ တိုက်ခံ နှစ်ထပ်အိမ်ဆောက်လုပ်ပြီး ၁၉၈၈ ခုနှစ်တွင် တိုက်ခံအိမ်ကိုဖျက်ပြီး မြေပေါ်မှဖယ်ရှားပေးရမည်ဆိုလျှင် တရားမျှတမှု ရှိမည်မဟုတ်ချေ။ ဦးအင်အောင်တို့သည် အခွင့်အမိန့်သက်သက်အရ နေထိုင်သူများ မဟုတ်ဘဲ နေအိမ်အခိုင်အမာ ဆောက်လုပ် ခွင့်ပြုခဲ့သဖြင့် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့်ရှိမည် မဟုတ်ပေ။ ယင်းဥပဒေ သဘောတရားကို မမင်းသူ နှင့် စစ်ဝှက် [၂] အမှုတွင် တွေ့မြင်နိုင်ပေသည်။ ထို့ပြင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ဦးမောင်မောင် ပါ-၂ နှင့် ဦးတင်ဦး ပါ-၂၊ [၃] ဦးခင်မောင် ပါ-၇ နှင့် ဒေါ်ကျင်ညွန့် [၄] အမှုများတွင် လည်း မမင်းသူအမှုဘွင် ထုံးဖွဲ့ထားသော ဥပဒေသကို လိုက်နာခဲ့ကြောင်း တွေ့ရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | – | ဦးမျိုးဆွေ၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | – | ဦးကျော်မြိုင်၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးတင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။ |

* ၁၉၈၉ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၄၅

\+ ၁၉၈၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၈၉ တွင် ချမှတ်သော (၁၁-၁၀-၈၉) ရက်စွဲပါ မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စုံ) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဦးတင်အောင်
ပါ(၃)
နှင့်
ဦးကိုလေး

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ် ကွင်းအမှတ်(၈)၊ ဦးပိုင်အမှတ်(၂) စာရင်းပေါက်သော မြေကွက်ကို ဒေါ်သန်းတင်၊ ဒေါ်စန်းစန်းနှင့် အယူခံတရားပြိုင် ဦးကိုလေးတို့ပိုင်ဖြစ်ကြောင်း၊ ဦးကိုလေးက ခင်မင်ရင်းနှီးသော အယူခံတရားလို ဦးတင်အောင်နှင့် ဒေါ်ခင်သန်းတို့အား ၁၉၇၀ ပြည့်နှစ်တွင် အခမဲ့ အဆောက်အအုံ ဆောက်လုပ် နေခွင့်ပေးခဲ့ကြောင်း၊ မူလက တဲငယ်တစ်လုံး ဆောက်ခွင့် ပေးခဲ့ကြောင်း၊ (၃) နှစ်ခန့် နေပြီးနောက် ဦးတင်အောင်သည် တပ်ကုန်းသို့ပြောင်းရွှေ့သွားပြီး သူ၏ နှမ ဝမ်းကွဲ မညီဆိုသူအား အပ်ထားကြောင်း၊ ထို့နောက် လူနေဖြစ်အောင် အိမ်တစ်လုံး ဆောက်နေခွင့်ပေးရန် တောင်းပန်သဖြင့် ဦးကိုလေးက ခွင့်ပေးခဲ့ကြောင်း ၁၉၇၉ ခုနှစ်တွင် ဦးတင်အောင်တို့သည် အလုပ်မှ အနားယူပြီး ပြန်လာနေထိုင်စဉ် သူတို့ပိုင်မြေဖြစ်သည်ဟု ပြောဆိုလာကြောင်း၊ ယခုအခါ ဦးတင်အောင်တို့ မနေဘဲ အယူခံ တရားလို ဦးခင်မောင်မြင့်အား အငှားချထားကြောင်းဖြင့် အဆိုပြု၍ ဦးကိုလေးက ဦးတင်အောင်၊ ဒေါ်ခင်သန်းနှင့် ဦးခင်မောင်မြင့်တို့အား အချင်းဖြစ် မြေပေါ်မှ အဆောက်အအုံကို ဖျက်၍ ထွက်ခွာပေးရန် မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံး၊ တရားမကြီးမှု အမှတ် ၁၈၉/၈၈ တွင် တရားစွဲဆိုသည်။

ချေလွှာတွင် အချင်းဖြစ် မြေပေါ်တွင် ဦးကိုလေးထံမှ ငွေ ၅၀ဝိ/–ဖြင့် ပေးနေကြောင်း၊ ဦးကိုလေး၏ အခွင့်အမိန့်အရ နေခြင်း မဟုတ်ကြောင်း၊ အချင်းဖြစ် မြေကို ဝယ်ပြီး ၄ ပင် ၃ ခန်းအိမ်ကို ၁၉၇၀ ပြည့်နှစ်က ဆောက်နေကြောင်း၊ ယင်းနောက် အိမ်ကိုဖျက်ပြီး တိုက်အိမ်ဆောက်လုပ်နေခြင်း ဖြစ်ကြောင်းဖြင့် ထုချေသည်။

တိုင်းတရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီ ချသဖြင့် ဦးတင်အောင်တို့က ဤအယူခံကို တင်သွင်းသည်။

အခွင့်အမိန့်အရ နေထိုင်သူအား နှင်ထုတ်ရန်စွဲဆိုမှုတွင် သီးခြားပြဋ္ဌာန်းချက် မရှိ၍ မြန်မာနိုင်ငံဆိုင်ရာ တရားဥပဒေများအက်ဥပဒေပုဒ်မ ၁၃ (၃) တွင် ပြဋ္ဌာန်းထားသည့် တရားမျှတမှု၊ သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ ဆုံးဖြတ်ရမည်ဟု ကိုမောင်ကလေး ပါ–၂ နှင့် မအုန်းညွန့် ပါ–၂ [၁] အမှုတွင် ထုံးဖွဲ့ထားသည်။

အချင်းဖြစ်မြေတွင် ဦးတင်အောင်သည် ၁၉၇၀ ပြည့်နှစ်တွင် ဦးကိုလေး၏ ခွင့်ပြုချက်အရ တဲအိမ် ဆောက်လုပ်နေထိုင်ပြီးနောက် တပ်ကုန်းမြို့သို့ ပြောင်းရွှေ့သွားခဲ့သည်၊ ထို့နောက် ၁၉၇၃ ခုနှစ်တွင် ယခု တည်ရှိသော

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ–၅၁၅ (တရားရုံးချုပ်)

၁၉၉၁
ဦးတင်အောင်
ပါ(၃)
နှင့်
ဦးကိုလေး

တိုက်ခံအိမ်ကို ဦးကိုလေးထံခွင့်တောင်းပြီး ငွေကုန်ကြေးကျခံကာ ဆောက်လုပ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဦးတင်အောင်က ငွေအမြောက်အမြား အကုန်ခံ၍ တိုက်ခံနှစ်ထပ်အိမ် ဆောက်လုပ်ပြီး ၁၉၈၈ ခုနှစ်တွင် တိုက်ခံအိမ်ကို ဖျက်ပြီး မြေပေါ်မှ ဖယ်ရှားပေးရမည်ဆိုလျှင် တရားမျှတမှု ရှိမည်မဟုတ်ချေ။ ဦးတင်အောင်တို့သည် အခွင့်အမိန့်သက်သက်အရ နေထိုင်သူများ မဟုတ်ဘဲ နေအိမ်အခိုင်အမာဆောက်လုပ်ခွင့်ပြုခဲ့သဖြင့် မြေရှင်သည် ယင်းနေအိမ်ကို ဖယ်ရှားခွင့်ရှိမည် မဟုတ်ပေ။ ယင်းဥပဒေသဘောတရားကို မမင်းသူ နှင့် စစ်ဝှက်[၂] အမှုတွင် တွေ့မြင်နိုင်ပေသည်။ ထို့ပြင် တရားရုံးချုပ် (မန္တလေးရုံးထိုင်)ဦးမောင်မောင် ပါ-၂ နှင့် ဦးတင်ဦး ပါ-၂[၃]၊ ဦးခင်မောင် ပါ-၇ နှင့် ဒေါ်ကျင်ညွန့်[၄] အမှုများတွင်လည်း မမင်းသူ အမှုတွင်ထုံးဖွဲ့ထားသော ဥပဒေသကို လိုက်နာခဲ့ကြောင်း တွေ့ရှိသည်။

အထက်ပါအကြောင်းများကြောင့် ဦးတင်အောင်သည် ဦးကိုလေး၏ အခွင့်အမိန့်အရ မြေပေါ်တွင်နေထိုင်ခြင်းဖြစ်သည့်တိုင်အောင် ဦးတင်အောင် အား အဆောက်အအုံကိုဖျက်ကာ ဖယ်ရှားပေးရန် နှင်ထုတ်နိုင်မည်မဟုတ်၍ အယူခံကိုခွင့်ပြုသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီးလျှင် ဦးကိုလေးစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ညှိရုံးရှေ့နေခ ၈၀/-ကျပ် သတ်မှတ်သည်။

---

(၂) ပီရေအယ်တီ၊ စာ-၁၀၇။

(၃) ၁၃၀၇ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၄၉။

(၄) ၁၉၀၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၆၄။

## တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

+ ၁၉၉၁ နိုဝင်ဘာလ ၁၄ ရက်

ဒေါ်တုတ် ပါ-၅

နှင့်

ဦးရေစွတ် ပါ-၈*

အခွင့်အမိန့်အရ အခမဲ့နေထိုင်သူကိုနှင်လို့မှု- ကွယ်လွန်သူအမွေရှင်က အခမဲ့ နေခွင့်ပြုချက်ဖြင့် ထားခဲ့သူအား အမွေဆက်ခံသူက ခွင့်ပြုချက်အသစ်ပေး၍ အခမဲ့နေထိုင်ခွင့်ပြုခြင်း၊ ယခင်အမွေရှင်က ပေးခဲ့သော အခမဲ့နေခွင့်ပြုသည့် ပဋိညာဉ် ရပ်စဲခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ အမှုတွင် အယူခံ တရားလို ဒေါ်တုတ်တို့သည် သူတို့ မောင်နှမ (၅)ဦးက ဦးရေစွတ်တို့အား အခွင့်အမိန့်ပေး၍ အခမဲ့နေထိုင်ခွင့် ပြုသူများအဖြစ် နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်သည်။ မူလအခွင့်အမိန့်ပေးသူ ဖခင် ဦးဖိုးရွှေ၏ အခွင့်အမိန့်ကို ဆက်ခံတရားစွဲဆိုခြင်းမဟုတ်ကြောင်း သတိပြုရန် လိုသည်။ ပစ္စည်းကိုအမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်၏ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသည်ဆိုခြင်းမှာ အငြင်းထွက်စရာမရှိပေ။ ဦးသိန်းအောင် နှင့် ဒေါ်ဝင်း[၂] အမှုတွင် ကြည့်ပါ။ သို့ရာတွင် ကွယ်လွန်သူအမွေရှင်က အခမဲ့ ခွင့်ပြုချက်ဖြင့် ထားခဲ့သူအား အမွေဆက်ခံသူက ခွင့်ပြုချက် အသစ်ပေး၍ အခမဲ့နေထိုင်ခွင့်ပြုလျှင် ယခင်အမွေရှင်က ပေးခဲ့သော အခမဲ့နေခွင့်ပြုသည့် ပဋိညာဉ် ရပ်စဲသွားပြီဖြစ်သည်။ အမွေဆက်ခံသူအနေဖြင့် မိမိ၏အခွင့်အမိန့် အရ နေထိုင်သူအဖြစ်သာ နှင်ထုတ်ခွင့်ရှိတော့သည်ကို သတိချပ်ရန်ဖြစ်သည်။ မမိ(ခ)မိမိကြီး နှင့် ဦးလှဝင်း ပါ-၂[၃] အမှုနှင့် ဦးအေး နှင့် ဒေါ်ကြီးစိန် ပါ-၄[၄] အမှုတို့တွင် ကြည့်ပါ။

---

* ၁၉၉၀ ပြည့်နှစ်၊ ဒုတိယ အယူခံမှု အမှတ် ၁၃၅

\+ ၁၉၉၀ ပြည့်နှစ်၊ အယူခံမှု အမှတ် ၂၈ တွင် ချမှတ်သော (၂၇-၈-၉၀) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးမြို့နယ်ရုံး) တရားရုံး၏ စီရင်ချက်နှင့်ဒီကရီ ကို အယူခံမှု၊

| | | | |
|---|---|---|---|
| အယူခံတရားလိုများအတွက် | — | ဒေါ်မိုးမိုးအေး၊ တရားရုံးချုပ်ရှေ့နေ | ၁၉၉၁<br>ဒေါ်တုတ်<br>ဝါ(၅)<br>နှင့်<br>ဦးရေစွတ်<br>ဝါ(၈) |
| အယူခံတရားပြိုင်များအတွက် | — | ဦးစန်းဝင်း (မလာ)တရားရုံးချုပ်ရှေ့နေ၊ အယူခံ တရားပြိုင်တို့၏ ကိုယ်စား ဦးရေစွတ်မှ ရေးသားလျှောက်လဲချက်တင်သည်။ | |
| တရားရေးအကြံပေး | — | ဦးအောင်ငွေ၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်၊ | |

မန္တလေးတိုင်း အမရပူရမြို့နယ် တရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် အယူခံတရားလို ဒေါ်တုတ်၊ ဦးကြာဘော်၊ ဒေါ်စိန်စိန်၊ ဒေါ်အဝ္ဂဘီနှင့် ဒေါ်အမာဘီတို့ မောင်နှမ(၅)ဦးက အယူခံတရားပြိုင် ဦးရေစွတ်နှင့် ဇနီး ဒေါ်နုတ်ရကျန်၊ သားသမီးများဖြစ်ကြသော ကိုဌေးကို၊ မသန်းငွေ၊ ကိုဝင်းမောင်ကြီး၊ မခိုင်ရွှန်၊ မရှုဗိလာနှင့် မစလန်မာတို့ (၈)ဦးအပေါ် အခွင့်အမိန့်အရ အခမဲ့နေထိုင်ခွင့်ပြုထားသော မြေပေါ်မှ အိမ်ကိုဖျက်သိမ်း၍ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ မူလရုံး တရားပြိုင် ဦးရေစွတ်တို့က မန္တလေးတိုင်း တရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမအယူခံမှု အမှတ် ၂၀ (အမရပူရ)တွင် အယူခံရာ တိုင်းတရားရုံးက မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ဒေါ်တုတ်တို့ စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့် မူလရုံးတရားလိုဒေါ်တုတ်တို့က တရားရုံးချုပ်တွင် ဤတရားမ ဒုတိယအယူခံကို တင်သွင်းသည်။

အယူခံတရားလို ဒေါ်တုတ်၊ ဦးကြာဘော်၊ ဒေါ်စိန်စိန်၊ ဒေါ်အဝ္ဂဘီနှင့် ဒေါ်အမာဘီတို့ မောင်နှမ(၅)ဦးသည် အမရပူရမြို့နယ်၊ တောင်မြင့်ကျေးရွာနေ ကွယ်လွန်သူ ဦးဖိုးရွှေ၊ ဒေါ်အေးခင်၏ သားသမီးများဖြစ်ကြသည်။ ဒေါ်အေးခင်သည် အယူခံတရားပြိုင်(၁) ဦးရေစွတ်၏ အစ်မဖြစ်၍ ဦးဖိုးရွှေသည် ဦးရေစွတ်၏ ယောက်ဖဖြစ်သည်။ ထို့ကြောင့် အယူခံတရားလို ဒေါ်တုတ်တို့သည် အယူခံတရားပြိုင် (၁) ဦးရေစွတ်၏ တူ၊ တူမများတော်စပ်သည်။ ဒေါ်တုတ်တို့၏ ဖခင် ဦးဖိုးရွှေတွင် ညီအစ်ကို မောင်နှမ (၄)ဦး ရှိရာ ဦးဖိုးရွှေ၊ ဦးဘဌေး ဦးထွေးနှင့် ဒေါ်အုံးဘင်တို့ဖြစ်ကြသည်၊ ဦးဖိုးရွှေနှင့် ဦးဘဌေးတို့ ကွယ်လွန်သွားကြပြီးဖြစ်သည်။

အယူခံ တရားလို ဒေါ်တုတ်တို့က တောင်မြင့်ကျေးရွာရှိ အချင်းဖြစ်အိမ်ယာမြေကွက်သည် သူတို့၏မိဘများဖြစ်ကြသော ဦးဖိုးရွှေ၊ ဒေါ်အေးခင်တို့ ပိုင်ဆိုင်ပြီး မိဘများ ကွယ်လွန်သွားရာ သားသမီးများဖြစ်ကြသော သူတို့မောင်နှမ (၅)ဦး ဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ဦးရေစွတ်တို့သည် သူတို့

၁၉၈၁<br>ဒေါ်တုတ်<br>ပါ(၅)<br>နှင့်<br>ဦးရေစွတ်<br>ပါ(၇)

မိဘများ ဖြစ်ကြသော ဦးဖိုးရွှေ၊ ဒေါ်အေးခင်တို့၏ ခွင့်ပြုချက်ဖြင့် မြေပေါ် နေထိုင်ခဲ့ကြရာမှ မိဘများကွယ်လွန်ပြီးနောက် တရားလို မောင်နှမများထံ နေခွင့်တောင်းသဖြင့် (၁) နှစ် အခမဲ့နေခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖယ်ရှား ပေးရန် ပြောသော်လည်း မရသဖြင့် တရားစွဲဆိုရကြောင်း အဓိကအဆိုပြု၍ ဒေါ်တုတ်တို့က ဤအမှုကိုစွဲဆိုခြင်းဖြစ်သည်။

အယူခံတရားပြိုင် ဦးရေစွတ်တို့က အချင်းဖြစ် မြေကို တရားလိုများ၏ မိဘ ပိုင်ဆိုင်၍ တရားလိုများ ဆက်ခံပိုင်ဆိုင်သည်မှာ မမှန်ကြောင်း၊ မြေ၏ မူလပိုင်ရှင် ဦးဖိုးချစ်၊ ဒေါ်ရွှေခင်တို့ ဖြစ်ကြပြီး သူတို့ ကွယ်လွန်သည့်အခါ သားသမီး (၄)ဦးအနက် ကွယ်လွန်ပြီးဖြစ်သူ ဦးဘဌေးမှအပ ကျန် သား သမီးများဖြစ်ကြသော ဦးဖိုးရွှေ၊ ဦးထွေး၊ ဒေါ်အုံးတင်တို့ ဆက်ခံပိုင်ဆိုင်၍ ခွဲဝေခဲ့ကြပြီး ဖြစ်ကြောင်း၊ တရားလို ဒေါ်တုတ်တို့၏ ဖခင် ဦးဖိုးရွှေက ဝိုင်းမြေ၏ အရှေ့ဘက်ပိုင်းကိုရပြီး ယခုတရားစွဲဆိုသည့် အချင်းဖြစ် အနောက် ဘက်ပိုင်း မြေကို ဦးထွေးနှင့် ဒေါ်အုံးတင်တို့ ရကြကြောင်း၊ မိမိတို့သည် ဦးထွေး၊ ဒေါ်အုံးတင်တို့ထံမှ ၇-၄-၇၅ နေ့တွင် တန်ဖိုးငွေကျပ် ၇၀၀၀/- ပေးပြီး စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ကြောင်း၊ မူလက ဦးဖိုးရွှေခွင့်ပြု၍ နေခဲ့သည် မှန်သော်လည်း ထိုသို့ ဝယ်ယူသည့်နေ့က စပြီး ပိုင်ရေးဆိုင်ခွင့် အရ နေခြင်းဖြစ်ကြောင်း ချေပခဲ့ကြသည်။

မူလမြို့နယ်တရားရုံးက ဦးရေစွတ်တို့သည် ဒေါ်တုတ်တို့၏ဖခင် ဦးဖိုးရွှေ လက်ထက်ကစ၍ ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခဲ့သည်မှန်ကြောင်း ကောက်ယူ ဆုံးဖြတ်၍ ဒီကရီချမှတ်သည်။ တိုင်းတရားရုံးက ဦးရေစွတ်တို့သည် မူလက ခွင့်ပြုချက်ဖြင့် နေလာခဲ့ကြသည် မှန်သော် လည်း အချင်းဖြစ် မြေကို ၇-၄-၇၅ နေ့စွဲပါ သက်သေခံ '၁' မှတ်ပုံမတင်သော မြေအရောင်းအဝယ် စာချုပ်ဖြင့် ဦးထွေး၊ ဒေါ်အုံးတင်တို့ထံမှ ဝယ်ယူသည့်နေ့ကစပြီး ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရရှိကြောင်း မောင်ချစ်တိုး ပါ-၂ နှင့် မောင်မြင့် ပါ-၂ (၁) ကို ကိုးကားဆုံးဖြတ်၍ မူလ ရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

ဤအမှုတွင် အချင်းဖြစ်မြေပေါ်၌ မူလစတင်နေထိုင်ခဲ့ကြစဉ်က အယူခံ တရားပြိုင် ဦးရေစွတ်တို့ မိသားစုသည် အယူခံတရားလို ဒေါ်တုတ်တို့၏ ဖခင် ဦးဖိုးရွှေ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သည်ဆိုခြင်းမှာ အငြင်းပွားစရာ မရှိချေ။ ယင်းအချက်ကို တရားလိုဒေါ်တုတ်တို့တင်ပြသည့်သက်သေများက ထောက်ခံတွက်ဆိုသည့်ပြင် ဦးရေစွတ်ကလည်း မှန်ကြောင်းဝန်ခံထားသည်။ သို့ရာတွင် နောက်ပိုင်း၌ ဦးဖိုးရွှေ၊ ဦးထွေးနှင့် ဒေါ်အုံးတင်တို့ မောင်နှမ

(၁) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၉၊

(၃)ဦး ခွဲခဲ့ကြရာ ဦးဖိုးရွှေ၏ ခွင့်ပြုချက်အရ သူတို့နေထိုင်ခဲ့သော မြေ အစိတ်အပိုင်းကို ဦးထွေးနှင့် ဒေါ်အုံးတင်တို့ ရရှိသဖြင့် ဦးထွေး၊ ဒေါ်အုံးတင်တို့ထံမှ တန်ဖိုးငွေ ကျပ် ၇၀၀၀/– ဖြင့် စာချုပ်ချုပ် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ကြောင်း ခုခံတင်ပြခြင်းဖြစ်သည်။ ၁၉၉၁ ဒေါ်တုတ် ပါ(၅) နှင့် ဦးရေစွတ် ပါ(၈)

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံမတင်သော စာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိရယူထားသူ တစ်ဦးသည် ပစ္စည်းကို ရောင်းချသူ (သို့တည်းမဟုတ်) ၎င်း၏အကျိုးဆက်ခံသူတစ်ဦးဦးက ဖယ်ရှားပေးရန် တရားစွဲဆိုလာပါက ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရခွင့်ရှိသည် ဆိုခြင်းမှာ အငြင်းမပွားနိုင်သည့် ဥပဒေအချက် ဖြစ်သည်။ ထို့ကြောင့် အခွင့်အမိန့်ပေးသူက မြေကို ရောင်းချသဖြင့် အခွင့်အမိန့်အရ နေသူက မှတ်ပုံမတင်သော စာချုပ်ဖြင့် မြေကို ဝယ်ယူပြီးနောက် ထိုသူက ခွင့်ပြုချက်အရနေထိုင်သူအဖြစ် ဖယ်ရှားပေးရန် တရားစွဲဆိုလာလျှင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရရှိကြောင်း မောင်ချစ်တိုး ^၁ အမှုတွင် ထုံးပြုထားခြင်းမှာ အငြင်းပွားစရာ အကြောင်းမရှိပေ။ သို့ရာတွင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၃–က ပါ အကာအကွယ်ကို ရရန်အတွက် လွှဲပြောင်းခံရသူ (ဝယ်သူ) အား လွှဲပြောင်းပေးသူ (ရောင်းသူ) က သို့တည်းမဟုတ် သူ၏ အကျိုးဆက်ခံခွင့် ရသူ (The transferor or any person claiming under him) တစ်ဦးဦးက ဖယ်ရှားရန် အရေးဆိုခြင်းဖြစ်ရန် လိုကြောင်း သတိချပ်ရန်လိုသည်။ ဤအမှုမှာ မြေကိုရောင်းချသည်ဆိုသူ ဦးထွေး၊ ဒေါ်အုံးတင်တို့က ဖြစ်စေ၊ သူတို့၏အကျိုးဆက်ခံသူကဖြစ်စေ စွဲဆိုသောအမှုမဟုတ်ချေ။ ဤအခြေအနေမျိုးတွင် ဝယ်သူ ဦးရေစွတ်တို့အနေဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရသည်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။

ဤအမှုတွင် အဓိကသုံးသပ်စဉ်းစားရန် အချက်မှာ အယူခံတရားပြိုင် ဦးရေစွတ်တို့သည် အယူခံတရားလို ဒေါ်တုတ်တို့၏ အခွင့်အမိန့်အရ နေထိုင်သူများ ဟုတ် မဟုတ် ဖြစ်သည်။ အဆိုလွှာအပိုဒ် ၂ တွင် ဦးရေစွတ်နှင့် ဇနီး ဒေါ်နွတ်ရဂုန်တို့ မိသားစုသည် လွန်ခဲ့သော ၃ နှစ်ခန့်က တရားလိုများပိုင်မြေပေါ်၌ (၁) နှစ်ခန့် အခမဲ့ နေထိုင်ခွင့်ပြုရန် ပြောဆိုသဖြင့် တရားလိုများက အခမဲ့ (၁)နှစ် နေခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း အယူခံတရားလို ဒေါ်တုတ်တို့က အတိအလင်း အဆိုပြုထားသည်။ ရုံးရှေ့တွင်လည်း တရားလိုအားလုံးကိုယ်စား (၂) တရားလို ဦးကြာဘော်က အောက်ပါအတိုင်း ထွက်ဆိုထားသည်–

" XXX (၁) တရားပြိုင်ဦးရေစွတ်နှင့် ကျွန်တော့်မိခင်တို့သည် မောင်နှမ အရင်း တော်စပ်ပါသည်။ ယခင်က တရားပြိုင် မိသားစုသည် ဦးကိုကြီး

၁၉၉၀
ဒေါ်တုတ်
ပါ(၅)
နှင့်
ဦးရေစွတ်
ပါ(၈)

၏ခြံ၌ နေထိုင်ခဲ့ရာ ဦးကိုကြီးက နှင်ထုတ်သဖြင့် ကျွန်တော့်မိဘများက အခမဲ့အားခဲ့ပါသည်။ ကျွန်တော့်ဖခင် ရက်လည်နေ့၌ ဆွေမျိုးများ စုံရာ တရားပွဲ မိသားစုမှာ ကျွန်တော်တို့ မောင်နှမ ၅ ဦး ရှေ့တွင် ဦးရေစွတ်နှင့် ဒေါ်နွတ်ရဂျန်တို့က ငါတို့ယောက်ဖသည်း မရှိတော့ ဘူး၊ မင်းတို့ မိဘတွေ မရှိတဲ့နောက် ငါက လူကြီးတစ်ဦးအနေနဲ့ ဆက်လက်စောင့်ရှောက်မည်၊ ငါမြေဝယ်ပြီး၍ မင်းတို့မိဘအားခဲ့တဲ့ နေရာမှာ မနေတော့ဘူး၊ မြေမဝယ်မီ ငါတို့အခုနေတဲ့နေရာလေးမှာ အခမဲ့ဆက်လက်နေထိုင်ခွင့်ပြုပါရန် ခွင့်တောင်းခဲ့ပါသည်။ ကျွန်တော် တို့ကလည်း ခွင့်ပြုခဲ့ပါသည်။ XXX ”

ထို့ကြောင့် ဤအမှုတွင် အယူခံ တရားလို ဒေါ်တုတ်တို့သည် သူတို့ မောင်နှမ (၅)ဦးက ဦးရေစွတ်တို့အား အခွင့်အမိန့်ပေး၍ အခမဲ့နေထိုင်ခွင့် ပြုသူများအဖြစ် နှင်ထုတ်ရန် တရားစွဲဆိုခြင်းဖြစ်သည်။ မူလအခွင့်အမိန့်ပေးသူ ဖခင် ဦးဖိုးရွှေ၏ အခွင့်အမိန့်ကို ဆက်ခံတရားစွဲဆိုခြင်းမဟုတ်ကြောင်း သတိ ပြုရန် လိုသည်။ ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်၏ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသည်ဆိုခြင်းမှာ အငြင်းထွက်စရာ မရှိပေ။ ဦးသိန်းအောင် နှင့် ဒေါ်ဝင်း[၂]အမှုတွင် ကြည့်ပါ။ သို့ရာတွင် ကွယ်လွန်သူအမွေရှင်က အခမဲ့ ခွင့်ပြုချက်ဖြင့် ထားခဲ့သူအား အမွေဆက်ခံသူက ခွင့်ပြုချက် အသစ်ပေး၍ အခမဲ့နေထိုင်ခွင့်ပြုလျှင်၊ ယခင်အမွေရှင်ကပေးခဲ့သော အခမဲ့နေခွင့်ပြုသည့် ပဋိညာဉ် ရပ်စဲသွားပြီဖြစ်သည်။ အမွေဆက်ခံသူအနေဖြင့် မိမိ၏အခွင့်အမိန့် အရ နေထိုင်သူအဖြစ်သာ နှင်ထုတ်ခွင့်ရှိတော့သည်ကို သတိချပ်ရန်ဖြစ်သည်။ မမိ (ခ) မိမိကြီး နှင့် ဦးလှဝင်း ပါ-၂[၃] အမှုနှင့် ဦးအေး နှင့် ဒေါ်ကြီးစိန် ပါ-၄[၄] အမှုတို့တွင် ကြည့်ပါ။

ဤအမှုတွင် ဒေါ်တုတ်တို့က သူတို့မောင်နှမ (၅)ဦးက ဦးရေစွတ်တို့ အား အခွင့်အမိန့်ပေး၍နေထိုင်ခွင့်ပြုကြောင်း အဓိကအဆိုပြုစွဲဆိုခြင်းဖြစ်ရာ သူတို့၏ဖခင် ဦးဖိုးရွှေပေးခဲ့သည့် အခွင့်အမိန့်နှင့်စပ်လျဉ်း၍ လွှက်ခံစဉ်းစား စရာ မရှိတော့ချေ။ ဒေါ်တုတ် ပါ-၅ ဦးတို့က ဦးရေစွတ်တို့အား ခွင့်ပြုချက် အသစ်ပေးခဲ့ကြောင်း ထင်ရှားပြနိုင်၊ မပြနိုင် အဓိက စိစစ်ရန် ဖြစ်သည်။ တရားလိုပြသက်သေ ဦးနွတ်တိုင် (လိုပြ)၊ ဦးဘိုသိန်း (လိုပြ)၊ ဦးဘိုလန်စိန် (လိုပြ) တို့ အားလုံးက ဦးရေစွတ်တို့မိသားစုကို ဦးဖိုးရွှေက အခမဲ့နေခွင့် ပြုခဲ့ကြောင်းသာ ထွက်ဆိုထားကြသည်။ ဒေါ်တုတ်တို့ အဆိုပြုသကဲ့သို့

(၂) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံးများ၊ စာ-၃၃၁။

(၃) ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၂ (ဗဟိုတရားရုံး) မန္တလေး။

(၄) ၁၉၇၉ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၇၉ (တရားရုံးချုပ်)မန္တလေး။

၁၉၉၁
ဒေါ်တုတ် ပါ(၅) နှင့် ဦးရေစွတ် ပါ(၈)

သူတို့မောင်နှမ (၅)ဦးက အခွင့်အမိန့်အသစ်ပေး၍ အခမဲ့နေခွင့်ပြုခဲ့ကြောင်း လောက်ခံထွက်ဆိုထားကြခြင်း အလျဉ်းမရှိချေ။ ဦးဖိုးခွေက သက်သေ ၂ ဦး ရှေ့၌ လက်မှတ်ရေးထိုးခဲ့သော ၂၀-၁၂-၇၅ နေ့စွဲပါ သက်သေခံ 'ဂ' စာချုပ်မှာ ဦးဖိုးရွှေက သူပိုင်မြေကို သူ၏သားသမီး ဒေါ်တုတ်တို့ ၅ ဦး အား ပေးကမ်းကြောင်းနှင့် သူက ဦးရေစွတ်တို့ကို နေခွင့်ပြုထားကြောင်း ကတိစာချုပ်သာ ဖြစ်သည်။ ဒေါ်တုတ်တို့က ဦးရေစွတ်တို့အား အခွင့်အမိန့် ပေးကြောင်း ဦးရေစွတ်က ဝန်ခံ လက်မှတ်ရေးထိုးထားသည့် စာချုပ် မဟုတ်ပေ။ ထို့ကြောင့် သက်သေခံချက်များအရ အယူခံတရားလို ဒေါ် တုတ်တို့ အဆိုပြု တရားစွဲဆိုထားသည့်အတိုင်း သူတို့မောင်နှမ (၅) ဦးက ဦးရေစွတ်တို့အား အခွင့်အမိန့်ပေးခဲ့ကြောင်း ထင်ရှားပြနိုင်ခြင်းမရှိချေ။

ထို့ပြင် ဤအမှုတွင် အချင်းဖြစ်မြေကို သူပိုင်၊ ကိုယ်ပိုင် အဓိကပိုင်ရေး ဆိုင်ခွင့် အငြင်းပွားနေကြကြောင်း ပေါ်ပေါက်သည်။ ဒေါ်တုတ်တို့က အချင်းဖြစ်မြေကို ဦးသိန်းရွှေ (လိုပြ)တို့၏ဖခင် ဦးစံဖေ သို့သူက သူတို့၏ ဖခင် ဦးဖိုးခွေအား အပြီးအပိုင်ပေးကမ်းခဲ့ခြင်းကြောင့် သူတို့ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း တင်ပြသည်။ အလားတူပင် ဦးရေစွတ်တို့ကလည်း အချင်း ဖြစ် မြေကို ဦးဖိုးချစ်၊ ဒေါ်ရွှေခင်တို့ကသာ မူလ ပိုင်ဆိုင်ခဲ့ကြပြီး ဦးဖိုးချစ် တို့၏ သားသမီးများ ဖြစ်ကြသော ဦးထွေး၊ ဒေါ်အုံးတင်တို့ ဆက်ခံ ရရှိ၍ ဦးထွေး၊ ဒေါ်အုံးတင်တို့ထံမှ တန်ဖိုးငွေ ကျပ် ၇၀၀၀/- ဖြင့် ဝယ်ခဲ့ကြောင်း တင်ပြသည်။ မည်သူမည်ဝါတို့က မည်သို့မည်ပုံ အမွေ ဆက်ခံခွင့်ရှိကြသည် ဆိုခြင်းနှင့် စပ်လျဉ်း၍လည်း အစွယ်သမ်မမှုသတ် အမေး အဖြေ စာရွက်စာတမ်း အထောက်အထားများ ပြိုင်ဆိုင်တင်ပြထားကြသည်။ တစ်နည်းဆိုလျှင် ဤအမှုသည် အချင်းဖြစ်မြေကို မည်သူပိုင်ဆိုင်ခွင့်ရကြောင်း အဓိက အငြင်းထွက် ပြဿနာပေါ်နေကြောင်း ထင်ရှားသည်။ မောင်ကျော် ဝင်း နှင့် ဒေါ်ကြည်ကြည်[၅] အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထား သည်-

" ဥပစာတစ်ခုပေါ်မှ အခွင့်အမိန့်နှင့် နေထိုင်သူတစ်ဦးကို နှင်ထုတ်လိုမှု စွဲဆိုရာ ထိုသူက အခွင့်အမိန့်နှင့်နေထိုင်ခြင်းကို ငြင်းဆိုလျှင် အခွင့် အမိန့်နှင့် နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအခွင့်အမိန့်ကို ရုပ်သိမ်းပြီး ဖြစ်ကြောင်း ထင်ရှားအောင်ပြသရန် တရားလိုတွင် တာဝန်ရှိသည်။ ထိုကဲ့သို့ အခွင့်အမိန့်နှင့် နေထိုင်သူအား နှင်ထုတ်လိုမှု စွဲဆိုရာတွင် ထိုဥပစာ၏ ပိုင်ဆိုင်ခွင့်သည် မည်သူ့ထံ၌ရှိသည်ဆိုခြင်းကို နက်နက်နဲနဲ စိစစ်ရန် မဟုတ်ပေ။ ယင်းအမှုမျိုးတွင် အမွေဆက်ခံသည့်ပြဿနာ၊ သားသမီးအဖြစ်မွေးစားခြင်း ဟုတ် မဟုတ်ဆိုသည့် ပြဿနာများကို

(၅) ၁၉၆၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁ (တရားရုံးချုပ်)မန္တလေး၊

၁၇၉၁
ဒေါ်တုတ်
ပါ(၅)
နှင့်
ဦးရေစွတ်
ပါ(၈)

အဆုံးအဖြတ် မပေးသင့်ပေ။ ထိုကဲ့သို့ နက်နဲသိမ်မွေ့သည့် ပြဿနာ များကို ယခုအမှုမျိုးတွင် အဆုံးအဖြတ်ပေးမည်ဆိုပါက မည်သူကမျှ တံဆိပ်တော်ခေါင်းဖိုး အကုန်ခံပြီး ပစ္စည်းတန်ဖိုးအပေါ်တွင် တံဆိပ် တော်ခေါင်းကပ်ရသည့် အမွေမှု လက်ရောက်ရလိုမှုစသည့် အမှုတို့ကို စွဲဆိုခြင်းပြုမည် မဟုတ်တော့ဘဲ တံဆိပ်ခေါင်း ၂၀ ကျပ် ဖိုး ကပ်ပြီး ပေါ့ပေါ့နှင့် လွယ်လွယ် စွဲဆိုကြမည်ဖြစ်သည်။ ယင်းကဲ့သို့ စွဲဆိုလျှင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော် ထိခိုက် နစ်နာဖွယ်ရာ ရှိပေသည်။ ”

ယင်းအဆုံးအဖြတ်ကို လက်ခံ၍ ယင်းသဘောတရားကို ဦးစံရှိန် ပါ-၂ နှင့် ဦးညွန့်မောင်[6] အမှုတွင် ထုံးဖွဲ့ထားသည်။

ထို့ကြောင့် အယူခံတရားလို ဒေါ်တုတ်တို့သည် မိမိတို့မောင်နှမ (၅)ဦး က အယူခံတရားပြိုင် ဦးရေစွတ်တို့အား အခွင့်အမိန့်ပေး၍ အခမဲ့ နေထိုင်ခွင့် ပြုခဲ့ကြောင်း ထင်ရှားမပြနိုင်သည့်ပြင် အချင်းဖြစ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် စပ်လျဉ်းပြီး အစကအငြင်းပွားနေကြရာ သီးခြားတရားစွဲဆိုထုံးဖြင့် ဖြေရှင်းကြ ရန် ဖြစ်သည်။ အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအဖြစ် နှင်ထုတ်ရန် ဒီကရီ ချမှတ်ရန် မဖြစ်နိုင်ပေ။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံးက အယူခံတရားလို ဒေါ်တုတ်တို့စွဲဆိုသော အမှုလို ပလပ်ရာတွင် အကြောင်းပြချက် မှားသော် လည်း ဆုံးဖြတ်ချက် မှန်ကန်သဖြင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ အယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၈၀/– သတ်မှတ်သည်။

---

(၆) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၁–၈၈။

## တရားမ ဒုတိယ အယူခံမှု

**တရားရုံးချုပ် တရားသူကြီး ဦးဒအးအုန်းရှေ့တွင်**

ဦးထွန်းတင်

နှင့်

ဦးလာဘ ပါ(၂)*

+ ၁၉၉၁
ဩဂုတ်လ
၁၃ ရက်

**အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သောသူများ၏ အကျိုးကို ထိခိုက်နစ်နာခြင်းမရှိပါက အယူခံရုံးကချမှတ်သောဒီကရီသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** အမှုတွင် ဝေဒန်ရန်ရှိသည်မှာ မူလရုံးက ချမှတ်သည့် ပဏာမဒီကရီအပေါ် ဦးလာဘတို့က မကျေနပ်၍ တိုင်းတရားရုံးသို့ အယူခံရာတွင် အယူခံတရားလို ဦးထွန်းတင် တစ်ဦးတည်းအပေါ်၌သာ အယူခံပြီး ကျန်တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ ထို့နည်းတူ တိုင်းတရားရုံးက အတည်ပြုခဲ့သည့် ပဏာမဒီကရီအပေါ် မကျေနပ်၍ ယခု တရားရုံးချုပ်သို့ အယူခံရာ၌လည်း ဦးထွန်းတင်က ဦးလာဘတို့ ၂ဦးအပေါ်တွင်သာ အယူခံပြီး ကျန်တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ တိုင်းတရားရုံးက ဒီကရီချမှတ်ရာ၌ အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သည့်သူများ၏ အကျိုးကို ထိခိုက်နစ်နာခြင်း မရှိ၍ တိုင်းတရားရုံး၏ ဒီကရီမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ ထို့နည်းတူ ယခုအယူခံတွင်လည်း အယူခံတွင် အယူခံတရားပြိုင်များအဖြစ် မပါဝင်သောသူများ၏ အကျိုးကို ထိခိုက်နစ်နာစေခြင်း မရှိ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ နှင့် ၃၃ နှင့် ဆန့်ကျင်ခြင်းမရှိပေ။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | – | ဦးခင်မောင်ဦး၊ တရားရုံးချုပ်ရှေ့နေ |
| **အယူခံတရားပြိုင်များအတွက်** | – | ဦးကျော်ကျော်ဝင်း၊ တရားရုံးချုပ်ရှေ့နေ |
| **တရားရေးအကြံပေး** | – | ဦးအောင်သစ်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၁၃၂

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမအယူခံမှု အမှတ် ဂ တွင် ချမှတ်သော (၃-၇-၉၀) ရက်စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၁၉၉၁
ဦးထွန်းတင်
နှင့်
ဦးလာဘ
ပါ ၂

ရွှေဘိုမြို့နယ်တရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၃ တွင် အယူခံတရားလို ဦးထွန်းတင်က အယူခံတရားပြိုင် ဦးလာဘ၊ ဦးလှထွေးတို့ အပါအဝင် ဒေါ်ရွှေလေး၊ ဒေါ်ကြည်လင်၊ ဦးဖိုးအေး၊ ဦးနိုးရွှေ၊ မရီမြင့်၊ မမြင့်ခင်၊ ဦးလှဟန်နှင့် ဒေါ်သန်းယုတို့အပေါ် ကွယ်လွန်သူ ဦးဘီး၊ ဒေါ်သင်းကြွေတို့ ကျန်ရစ်သောအမွေပုံပစ္စည်းများတွင် ရှစ်ပုံသုံးပုံရထိုက်ကြောင်း အဆိုပြုလျက် အမွေစီမံခန့်ခွဲပေးရန် စွဲဆိုသည်။

မူလရုံးက ကွယ်လွန်သူ ဦးဘီးတွင် အမွေပစ္စည်းများ ကျန်ရစ်ကြောင်း၊ အယူခံတရားလို ဦး ထွန်းတင်သည် အမွေပုံ၏ ၁၆ ပုံ ၇ ပုံ ရထိုက်ကြောင်း၊ ပဏာမ ဒီကရီ ချမှတ်ခဲ့သည်။ ပစ္စည်းများနှင့် ပတ်သက်၍ ကော်မရှင်နာ ခန့်ထားဆောင်ရွက်ရန် ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

မူလရုံးက ပဏာမဒီကရီအပေါ် အယူခံတရားလိုဦးလာဘနှင့် ဦးလှထွေး တို့က မကျေနပ်၍ စစ်ကိုင်းတိုင်း (ရွှေဘိုမြို့နယ်စု)တရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမအယူခံမှု အမှတ် ၈ တွင် အယူခံရာ တိုင်းတရားရုံးက နွား ၄ ကောင် နှင့် စက်ဘီးတို့မှာ အမွေပုံပစ္စည်းအဖြစ် မကျန်ရစ်ကြောင်း ကောက်ယူ၍ မူလရုံး၏ စီရင်ချက်နှင့် ပဏာမဒီကရီကို ပယ်ဖျက်ပြီး အိမ်နှင့်မြေ၏ ၁၆ ပုံ ၇ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီကို ပြင်ဆင်ချမှတ်ခဲ့သည်။

ယင်းဒီကရီကို ဦးထွန်းတင်က မကျေနပ်၍ ဤတရားမ ဒုတိယအယူခံကို တင်သွင်းသည်။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် တရားလိုသည် အမွေခံ ဟုတ် မဟုတ်၊ အမွေခံမှန်လျှင် အမွေပုံပစ္စည်း၏ ဘယ်နှစ်ပုံ ရထိုက်သည်၊ ကွယ်လွန်သူတွင် အမွေပုံပစ္စည်း ကျန်ရစ်ခြင်း ရှိမရှိတို့ကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပြုရသည်။ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်း ဖြစ်သည်၊ အငြင်းပွားသည့် ပစ္စည်းများသည် အမွေပုံပစ္စည်းတွင်ပါ မပါ မဆုံးဖြတ်သင့်ပေ။ ဦးအရောင်း နှင့် မကာကြူမွေး [1] အမှုနှင့် ဦးမောင်မောင် ပါ-၃ နှင့် ဦးကျော်သိန်း [2] အမှုတွင် ကြည့်ပါ။ အမွေပုံပစ္စည်းများနှင့်ပတ်သက်၍ ပဏာမဒီကရီချမှတ်ပြီးသည့်အခါမှ တရားရုံးကဖြစ်စေ၊ တရားရုံးကခန့်ထားသော ကော်မရှင်နာက ဖြစ်စေ စုံစမ်းဆုံးဖြတ်ရန် ဖြစ်သည်။ ဦးအရောင်း နှင့် မကာကြူမွေး [1] အမှုတွင် ကြည့်ပါ။ ပဏာမဒီကရီချမှတ်ရာ၌ တစ်စုံတစ်ခုသောပစ္စည်းသည် အမွေပုံတွင်ပါဝင်ခြင်းမရှိဟု ဖော်ပြရန် စောလွန်းသည်။ ဦးအောင်ကြွယ် နှင့် မောင်ဖိုးလဝင်းနှင့်အခြားသူများ [3] အမှုတွင် ကြည့်ပါ။

---

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၁၄၊
(၂) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈၇၊
(၃) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၅ (၁၉) (တရားလွှတ်တော်ချုပ်)။

သို့ဖြစ်၍ မူလရုံးနှင့် ပဌမအယူခံတိုင်းတရားရုံးတို့က စီရင်ချက်တွင် မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်ကြောင်း သုံးသပ်ခြင်းမှာ မှားယွင်းပေသည်။

အယူခံတရားလို ဦးထွန်းတင်က အဆိုလွှာ အပိုဒ် (၇)တွင် အောက်ပါအတိုင်း အဆိုပြုသည်-

"၇။ ဦးဘီးသေဆုံးပြီးနောက် ရွှေဘိုမြို့နယ်၊ ရှားတောကျေးရွာရှိ အရှေ့လားသော် ဦးရှောင် အိမ်ဝင်းမြေ၊ အနောက် လားသော် ဦးပိန် အိမ်ဝင်းမြေ၊ တောင်လားသော် ဒေါ်ခွေးလေးအိမ်ဝင်းမြေ၊ မြောက်လားသော် လမ်း;နယ်သေးရပ်အတွင်းရှိ အရှေ့အနောက် အတောင် (၃၅) တောင်၊ မြောက် အတောင် (၄၀) ခန့်ရှိ အိမ်ဝင်းမြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၃×၂)ခန်းအိမ်၊ နွားထီးကြီး (၂) ကောင်၊ နွားလတ်ထီး (၂) ကောင်၊ လှည်း တစ်စီး၊ တရွတ် (၂၆)လက်မ မိန်းမစီးစက်ဘီး အညိုရောင်တစ်စီးတို့ ကျန်ရစ်ပါသည်။"

အယူခံအရေးပြိုင် ဦးလာဘတို့က ချေလွှာ အပိုဒ် (၆)တွင် အောက်ပါအတိုင်း ထုချေသည်-

"၆။ အဆိုလွှာ အပိုဒ်(၇)မှာ ရွှေဘိုမြို့နယ်၊ ရှားတောကျေးရွာရှိ အရှေ့လားသော် ဦးရှောင် ဝင်းမြေ၊ အနောက်လားသော် ဦးပိန် ဝင်းမြေ၊ တောင် လားသော် ဒေါ်ခွေးလေး ဝင်းမြေ၊ မြောက် လားသော် လမ်းနယ်လေးရပ်အတွင်းမြေနှင့် အဆောက်အအုံအားလည်းကောင်း၊ ခိုင်းနွား (၂) ကောင်အား လည်းကောင်း၊ လှည်း တစ်စီး အားလည်းကောင်း၊ အိမ်သုံးပစ္စည်းများအား လည်းကောင်း အမွေပေးစာချုပ် ချုပ်ဆိုပြီး ဦးဘီးမှ မောင်လှထွေးသို့ ၁၉၈၈ ခု မေလ (၂၇) ရက်နေ့တွင် လက်ထိသက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်၍ အဆိုလွှာ အပိုဒ်(၇)မှာ ပစ္စည်းများ အမွေပုံဝေစုအဖြစ် ကျန်ရှိခဲ့ခြင်းမရှိပါ။ နွားထီး(၂)ကောင်အား ဦးလာဘသို့ တစ်ကောင်လျှင်(၂၅၀၀/-) နှုန်းဖြင့် ဦးဘီးမှ ရောင်းချခဲ့ပါသည်။ (၂၆)လက်မ မိန်းမစီးစက်ဘီး အညိုရောင်မှာ မောင်လှထွေး၏ ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူထားသော စက်ဘီးဖြစ်ပါသည်။ ကျန်ရှိပစ္စည်းမဟုတ်ပါ။ အဆိုလွှာအပိုဒ်(၇)အား ဤအချက်များကြောင့် ငြင်းဆိုအပ်ပါသည်။"

ဦးဘီး၏ ၎င်းပိုင်ပစ္စည်းများကို အယူခံတရားပြိုင်ဦးလာဘကို ရောင်းချခြင်း၊ ဦးလှထွေးသို့ ပေးကမ်းခြင်းများ ပြုလုပ်ခဲ့သည့် စာချုပ် သက်သေခံ (၃) မှာလည်း မှတ်ပုံတင်စာချုပ်စာတမ်း မဟုတ်ပေ။

၁၉၉၁
ဦးထွန်းတင်
နှင့်
ဦးလာဘ
ပါ(၂)

အထက်ပါ အဆိုအချေများနှင့် သက်သေခံ (၃)အရပင် ကွယ်လွန်သူ ဦးဘိုး၌ အမွေပစ္စည်း ကျန်ရှိကြောင်း ပေါ်ပေါက်နေပေသည်။ သို့ဖြစ်၍ မူလရုံးက ပဏာမဒီကရီချမှတ်ခဲ့ခြင်းမှာ မှန်ကန်ပေသည်။ ထိုနည်းတူ ပထမ အယူခံရုံးဖြစ်သော စစ်ကိုင်းတိုင်း (ရွှေဘိုမြို့နယ်စု) တရားရုံးက မူလရုံး၏ ပဏာမဒီကရီချမှတ်ခြင်းကို အတည်ပြုခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိချေ။ သို့ရာတွင် ပဏာမဒီကရီတွင် မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်း ဖြစ်သည်ကို သတ်မှတ်ရန်မလိုသေးဘဲ မြေနှင့် မြေပေါ်ရှိ နေအိမ်ကိုသာ အမွေပုံအဖြစ် သတ်မှတ်ခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

ထို့ပြင် မူလရုံးက အယူခံတရားလို ဦးထွန်းတင် ရထိုက်သော အမွေဝေစု အချိုးကို သတ်မှတ်ပုံကို စိစစ်သော် အမွေရှင် ဦးဘိုး၊ ဒေါ်သင်းကြွေတို့တွင် ဒေါ်သိန်း၊ ဦးထွန်းရင်၊ ဒေါ်ခွေးလေးနှင့် ဦးထွန်းတင်တို့ (၄)ဦး ထွန်းကားသည်။ ဒေါ်သိန်းနှင့် ဦးထွန်းရင်တို့သည် ဖခင်ဦးဘိုးထက် စော၍ သေဆုံးကြသည်။ ဒေါ်သိန်းမှာ ဦးလှဘန်နှင့် ဒေါ်သန်းလှတို့ ၂ ဦး မွေးဖွားပြီး ဦးထွန်းရင်မှ ဒေါ်ကြည်လင်၊ ဦးဖိုးအေး၊ ဦးဖိုးငွေ၊ မရီမြင့်နှင့် မမြင့်ခင်တို့ (၅)ဦးကို မွေးဖွားသည်။ ဦးလာဘမှာ ဦးဘိုး၏ညီအရင်းဖြစ်ပြီး ဦးလှထွေးမှာ ဦးလာဘ၏ သားဖြစ်သည်။ ဦးလာဘနှင့် ဦးလှထွေးတို့မှာ အမွေပုံပစ္စည်းများကို လက်ဝယ်ထားရှိကြသူများ ဖြစ်သည်။ ဒေါ်သင်းကြွေသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀)၊ ဒေါ်သိန်းသည် လွန်ခဲ့သော(၁၂) နှစ်နှင့် ဦးထွန်းရင်သည် လွန်ခဲ့သော (၁၀)နှစ်ခန့်က ကွယ်လွန်ခဲ့ပြီး ဦးဘိုးသည် လွန်ခဲ့သော မြန်မာသက္ကရာဇ် ၁၃၅၀ ခုနှစ်က ကွယ်လွန်ခဲ့ကြသည်။

ဦးဘိုးသည် ဒေါ်ငွေလှိုင်၊ ဒေါ်အေးတင်ဆိုသူများနှင့် အိမ်ထောင်ပြုသော်လည်း သားသမီးထွန်းကားခြင်းမရှိဟု ဆိုသည်။ သို့ဖြစ်၍ အမွေဆိုင်များမှာ ဦးဘိုးနှင့် ဒေါ်သင်းခကြွေတို့၏ သားသမီးများဖြစ်ကြသည့် အသက်ရှင်လျက်ရှိသော ဒေါ်ခွေးလေးနှင့် ဦးထွန်းတင်၊ ဒေါ်သိန်းမှမွေးဖွားသော ဒေါ်ကြည်လင်၊ ဦးဖိုးအေး၊ ဦးဖိုးငွေ၊ မရီမြင့်နှင့် မမြင့်ခင်တို့ဖြစ်ကြသည်။ ဒေါ်သိန်းနှင့် ဦးထွန်းရင်မှာ ဦးဘိုးအရင်ကွယ်လွန်၍ ၎င်းတို့၏ သားသမီးများသည် အမွေမပိမြေးများဖြစ်ကြသည်။

ဘိုးဘွားတို့၏ အမွေကို ခွဲရသနှင့် အကြီးဆုံး သားသမီးမှ မွေးဖွားသည့် အမွေမပိမြေးနှင့် ၎င်းတို့၏ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့သည် အညီအမျှ ရရှိကြသည်။ အခြားသားသမီးများမှ မွေးဖွားသည့် အမွေမပိမြေးများသည် မိမိတို့၏ မိဘများ ဘိုးဘွားများ ကွယ်လွန်စဉ် အသက်ထင်ရှားရှိခဲ့လျှင် ရချေမည်ဖြစ်သော ဝေစု၏ လေးပုံတစ်ပုံကို ရရှိကြသည်။

သို့ဖြစ်၍ ဘိုးဘွားဖြစ်သော ဦးတီးချွန်ရစ်သော အမွေပုံတွင် ဦးကြီး၊ ဦးလေးများ၊ ဒေါ်ကြီး၊ ဒေါ်လေးများဖြစ်သည့် ဒေါ်ခွေးလေးနှင့် ဦးထွန်းတင်တို့သည် ၁၆ ပုံ ၅ ပုံစီ၊ ဩရသနှင့် အကြီးဆုံးသမီး၊ ဒေါ်သိန်းမှမွေးသည့် ဦးလှဟန် (ပြိုင်) နှင့် ဒေါ်သန်းလှ (ပြိုင်)တို့ ၂ ဦးက ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့နှင့် အညီအမျှ ရရှိကြ၍ အမွေပုံ၏ ၁၆ ပုံ ၅ ပုံ၊ အခြားသားဖြစ်သည့် ဦးထွန်းရင်မှမွေးသည့် ဒေါ်ကြည်လင် (ပြိုင်)၊ ဦးဖိုးအေး (ပြိုင်)၊ ဦးဖိုးခွေး (ပြိုင်)၊ မရီမြင့် (ပြိုင်) နှင့် မမြင့်ခင်(ပြိုင်)တို့က ၎င်းတို့ မိဘ ဦးထွန်းရင်ရရှိနိုင်သော အမွေပုံ၏ $\frac{၁}{၄} \times \frac{၁}{၄} = \frac{၁}{၁၆}$ ရရှိသည်။

၁၉၉၁
ဦးထွန်းတင်
နှင့်
ဦးလာဘ
၈၇(၂)

အထက်ပါအကြောင်းအချက်များအရ မူလရုံး၏အယူခံတရားလို ဦးထွန်းတင်သည် အမွေပုံ၏ ၁၆ ပုံ ၇ ပုံ ရရှိကြောင်း ပဏာမဒီကရီချမှတ်ခြင်းနှင့် ယင်းပဏာမဒီကရီကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ခြင်းမရှိပေ။

သို့ရာတွင် အယူခံတရားလို ဦးထွန်းတင်က ပဏာမဒီကရီတွင်ချမှတ်သော အမွေစုအချိုးကို မကျေနပ်၍ အယူခံခြင်းမဟုတ်ဘဲ အမွေပစ္စည်းမှထုတ်ပယ်လိုက်သည့် ပစ္စည်းများနှင့်ပတ်သက်၍သာ မကျေနပ်၍ အယူခံခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကို နှစ်ဘက်စလုံးမှ အငြင်းမပွားပေ။ အယူခံတရားပြိုင်တို့ဘက်မှလည်း ယင်းအချက်ကို အယူခံဖြစ်စေ၊ ပြန်လှန်ကန့်ကွက်လွှာဖြစ်စေ တင်သွင်းခြင်း မရှိ၍ အယူခံတွင် အမွေစုအချိုးနှင့်ပတ်သက်၍ အဆုံးအဖြတ်ပြုရန် အကြောင်း မပေါ်ပေါက်ချေ။

အယူခံတရားပြိုင်တို့၏ရှေ့နေက အယူခံတရားလိုအနေဖြင့် ပထမအယူခံရုံးဖြစ်သော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ယခုကဲ့သို့အယူခံခွင့် ရှိမရှိ စဉ်းစားသင့်ကြောင်း ဒေါ်တင်နွဲ့ နှင့် ဒေါ်ထွေး [၄] အမှုကို ရည်ညွှန်းတင်ပြသည်။ ယင်းအမှုမှာ ဒေါ်ထွေးက ဒေါ်တင်နွဲ့အပေါ် အချင်းဖြစ်မြေနှင့်အိမ်ကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုတွင် ငြင်းချက်နှစ်ရပ်ကို ဒေါ်တင်နွဲ့အားအသာပေးဆုံးဖြတ်က ဒေါ်တင်နွဲ့အပေါ် စွဲဆိုသည့်အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။ ဒေါ်တင်နွဲ့မှာ အသာရ၍ ထိခိုက်နစ်နာစေခြင်းမရှိသောကြောင့် အယူခံမဝင်ရောက်နိုင်ဟု အဆုံးအဖြတ် ပြုခဲ့ခြင်း ဖြစ်သည်။ ဤအမှုမှာ အယူခံတရားပြိုင်များက တင်သွင်းသော ပထမအယူခံတွင် ဆုံးဖြတ်ချက်ကို မကျေနပ်၍ ဤအယူခံကို တင်သွင်းခြင်း ဖြစ်သောကြောင့် ဖြစ်ရပ်ချင်းတူညီသည် မဆိုနိုင်ချေ။

---

(၄) ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၃–၃၂။

၁၉၉၁
ဦးထွန်းထင်
နှင့်
ဦးလှဘ
ပါ(၂)

အမှုတွင်စေ့ငုံရန်ရှိသည်မှာ မူလရုံးကချမှတ်သည့် ပဏာမဒီကရီအပေါ် ဦးလှဘတို့က မကျေနပ်၍ တိုင်းတရားရုံးသို့အယူခံရာတွင် အယူခံတရားလို ဦးထွန်းတင်တစ်ဦးတည်းအပေါ်၌သာ အယူခံပြီး ကျန်တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ ထို့နည်းတူ တိုင်းတရားရုံးကအတည်ပြုခဲ့သည့် ပဏာမဒီကရီ အပေါ် မကျေနပ်၍ ယခု တရားရုံးချုပ်သို့ အယူခံရာ၌လည်း ဦးထွန်းထင်က ဦးလှဘတို့ နှစ်ဦးအပေါ်တွင်သာ အယူခံပြီး ကျန် တရားပြိုင်များအပေါ် အယူမခံခဲ့ပေ။ တိုင်းတရားရုံးက ဒီကရီချမှတ်ရာ၌ အယူခံတွင် အယူခံတရား ပြိုင်များအဖြစ် မပါဝင်သည့်သူများ၏ အကျိုးကို ထိခိုက်နစ်နာခြင်းမရှိ၍ တိုင်းတရားရုံး၏ဒီကရီမှာ ဥပဒေနှင့်ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။ ထို့နည်းတူ ယခုအယူခံတွင်လည်း အယူခံတွင် အယူခံတရားပြိုင်များအဖြစ်မပါဝင်သော သူများ၏ အကျိုးကို ထိခိုက်နစ်နာစေခြင်းမရှိ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၄ နှင့် ၃၃ နှင့် ဆန့်ကျင်ခြင်းမရှိပေ။

အထက်ပါအကြောင်းအချက်များအရ ဤအယူခံကိုခွင့်ပြု၍ တိုင်းတရား ရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံး၏ ၂၈-၃-၉၀ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။ အမှုတွင်ကုန်ကျသော တရားစရိတ်များကို အမြဲပုံမှကျခံစေ။

တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ဦးနီဆာအာမက်

(ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ တရားဝင်ကိုယ်စားလှယ်)

+ ၁၉၉၀
စက်တင်ဘာလ
၁၆ ရက်

နှင့်

ဒေါ်မြဝင်း *

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၂ နှင့် နည်း ၃–အမှု ရပ်စဲခြင်းသည် နည်း ၂ နှင့် မသက်ဆိုင်–နည်း ၃(၂)ပါ ပြဋ္ဌာန်းချက်နှင့်သာ သက်ဆိုင်သည်။ "အမှုချုပ်ငြိမ်း"သည်ဟု ရေးသားခြင်းသည် မမှန်၊ "အမှုရပ်စဲသွားသည်"ဟု ရေးသားရခြင်း။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်မှာ အမှု ရပ်စဲခြင်းနှင့်မသက်ဆိုင်ပေ။ တရားလို ကွယ်လွန်၍ ၎င်း၏နေရာတွင် တရားဝင် ကိုယ်စားလှယ် မသည့်သွင်းသဖြင့် အမှုရပ်စဲခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ဥပဒေ ၃ (၂)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည်၊ ထို့ပြင် "အမှုချုပ်ငြိမ်း" သည်ဟု ရေးသားထားခြင်းမှာ မမှန်ကန်ပေ။ "အမှုရပ်စဲ"သည် ဟု ရေးသားရန် ဖြစ်သည်။ "အမှုရပ်စဲသွားသည်"ဟူသော အရေးအသားမှာ စီရင်ထုံးများအရ အဘည် ဖြစ်လျက်ရှိသည်။

အယူခံ တရားလိုအတွက် – ဦးသန်းအောင် (ဟာသ်ဘ)
တရားရုံးချုပ် ရှေ့နေ

အယူခံ တရားပြိုင်အတွက် – ဦးအေးမောင် (ရှေ့ဘို)
တရားရုံးချုပ်ရှေ့နေ

တရားရေး အကြံပေး – ဦးတင်အေး၊ ဒုတိယညွှန်ကြားရေးမှူး
တရားရုံးချုပ်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ်-၆၉၂

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ်- ၆၂ (ပန်းဘဲတန်း) တွင် ချမှတ်သော (၄–၉–၉၂) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဦးနီဆာ
အာမက်
(ကွယ်လွန်သူ
အိုင်အိပ်ချ်
ဘာနူး၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြဝင်း

ပန်းဘဲတန်းမြို့နယ်၊ ရွှေတိုဘာလမ်း၊ အမှတ် ၂၆၂ အဆောက်အအုံ၏ မြေညီထပ်အခန်းတွင် ၁၉၄၈ ခုနှစ်မှစ၍ အိမ်ရှင်အဆက်ဆက်အား အိမ်လခ ပေးကာ ငှားရမ်းနေထိုင်လာကြောင်း၊ နောက်ဆုံး အိမ်ရှင်အယူခံတရားလိုပြိုင် ဒေါ်မြဝင်းအား ၁၉၇၂ ခုနှစ်မှ ၁၉၈၆ ခုနှစ် ဇန်နဝါရီလထိ ငှားရမ်းခများ ပေးခဲ့ကြောင်း၊ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဒေါ်မြဝင်းသည် ငှားရမ်းခများကို လက်မခံတော့ဘဲ ယခင် ရပ်ကွက် ပြည်သူ့ကောင်စီ၏ အကူအညီဖြင့် မိမိ အခန်း၏ သော့များကို တောင်းယူသွားကြောင်း၊ ၁၆–၁၂–၈၈ နေ့တွင် ပန်းဘဲတန်းမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မိမိ၏အခန်းတွင်းရှိ ပစ္စည်းများကို ဖယ်ရှားပြီးလျှင် အိမ်ခန်းကို ဒေါ်မြဝင်းအား ပေးအပ်ခဲ့ကြောင်းဖြင့် အဆိုပြု၍ အိုင်အိပ်ချ်ဘာနူးက အယူခံတရားပြိုင်ဒေါ်မြဝင်းအပေါ် အချင်းဖြစ် အိမ်ခန်း၏ အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် အိမ်ခန်းကိုလက်ရောက်ပေးရန် ရန်ကုန်တိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှုအမှတ် ၆၂ တွင် တရားစွဲဆိုသည်။

အမှုအတောအတွင်း တရားလို အိုင်အိပ်ချ်ဘာနူးသည် ၂၈–၅–၉၀ နေ့က ကွယ်လွန်သွား၍ နီဆာအာမက်က တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၃ အရ တရားဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် ပြုရန် ၁၄–၆–၉၀ နေ့တွင် လျှောက်ထားသည်။

အယူခံတရားပြိုင် ဒေါ်မြဝင်းက ကန့်ကွက်ခဲ့သောကြောင့် မူလ တိုင်းတရားရုံးက စုံစမ်းမှုပြုလုပ်ပြီး အယူခံတရားလို နီဆာအာမက်သည် ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ တရားဝင်ကိုယ်စားလှယ်မဟုတ်ဟုသုံးသပ်၍ အမှုကို ပလပ်ခဲ့သည်၊ အဆိုပါ အမိန့်နှင့် ဒီကရီကို မကျေနပ်သောကြောင့် အယူခံတရားလို နီဆာအာမက်က တရားရုံးချုပ်တွင် ဤအယူခံမှု တင်သွင်းသည်။

ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် အယူခံတရားလို နီဆာအာမက်၏လျှောက်လွှာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်–

"၁။ အထက် ပုံစံပါ အမှုတွင် တရားလို ဦးအိုင်အိပ်ချ်ဘာနူးသည် ၂၈–၅–၉၀ နေ့တွင် ရန်ကုန်မြို့တွင် ကွယ်လွန်သွားခဲ့ပါသည်။

၂။ ကျွန်တော်သည် (ကွယ်လွန်သူ)ဦးအိုင်အိပ်ချ်ဘာနူး၏ ညီအစ်ကို မောင်နှမများမှ တရားဝင် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ခြင်းကို သဘောတူကြပါသည်။ (သဘောတူညီကြောင်း အထွေထွေကိုယ်စားလှယ်စာပူးတွဲတင်ဆက်ပါသည်)

၁၉၉၁
ဦးနီဆာ ဆာမက် (ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဒေါ်မြဝင်း

၃။ သို့အတွက် (ကွယ်လွန်သူ) ဦးအိုင်အိပ်ချ်ဘာနူး၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ကျွန်တော့်အား ထည့်သွင်းခွင့်ပြုပြီး တရားမ ကြီးအမှုတွင် ခုခံချေပ ပြောဆိုနိုင်ရန်အတွက် တရားလိုဘက်ဦးအဖြစ် ယခုအမှုတွင် ပါဝင်ခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါသည်။"

အထက်ပါ လျှောက်လွှာ၌ အယူခံ တရားလို နီဆာအာမက်သည် ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ အမွေစား အမွေခံဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြခဲ့ခြင်း မရှိပေ။ သို့ဖြစ်၍ အယူခံ တရားလို နီဆာအာမက်သည် ကွယ်လွန်သူ အိုင်အိပ်ချ်ဘာနူး၏ တရားဝင် ကိုယ်စားလှယ် မဟုတ်ကြောင်း တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလို နီဆာအာမက်၏ရှေ့နေက ကွယ်လွန်သူအိုင်အိပ်ချ်ဘာနူး၏ ဇနီးနှင့် သားသမီးများအား တရားဝင် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ခွင့် ပြုရန် လျှောက်လဲသည်။

အထက်ပါလျှောက်လွှာအရ တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြု ရန် လျှောက်ထားသူမှာ အယူခံ တရားလို နီဆာအာမက်သာ ဖြစ်ကြောင်း ပေါ်ပေါက်သည့်အလျောက် ရှေ့နေ၏လျှောက်လဲချက်ကို လက်မခံနိုင်ပေ။

တိုင်းတရားရုံးက အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်-

" တရားဝင်ကိုယ်စားလှယ်များဖြစ်ကြောင်း မသေချာခြင်း၊ တရားဝင် ကိုယ်စားလှယ်များကို အချိန်မီ ထည့်သွင်းမှု မပြုခဲ့ခြင်းတို့ကြောင့် ဤအမှုမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၂ အရ အမှု ချုပ်ငြိမ်းပြီးဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည်။"

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်မှာ အမှုရပ်စဲခြင်းနှင့် မသက်ဆိုင်ပေ။ တရားလို ကွယ်လွန်၍ ၎င်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ်မထည့်သွင်းသဖြင့် အမှုရပ်စဲခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်းဥပဒေ ၃ (၂)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည်။ ထို့ပြင် 'အမှုချုပ်ငြိမ်း' သည်ဟု ရေးသားထားခြင်းမှာ မမှန်ကန်ပေ။ 'အမှု ရပ်စဲ' သည်ဟု ရေးသားရန် ဖြစ်သည်။ 'အမှု ရပ်စဲသွားသည်' ဟူသော အရေးအသားမှာ စီရင်ထုံးများအရ အတည်ဖြစ်လျက်ရှိပေသည်။

ထို့ကြောင့် အယူခံတရားလို နီဆာအာမက်သည် ကွယ်လွန်သူ အိုင်အိပ်ချ် ဘာနူး၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း မပေါ်ပေါက်သည့်အလျောက် တိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကို အတည်ပြု၍ အယူခံကိုပလပ်လိုက်သည်။

ရှေ့နေစရိတ် သတ်မှတ်ခြင်း မပြု။

**တရားမ ဒုတိယ အယူခံမှု**

**တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်**

+ ၁၉၉၁ မတ်လ ၁၆ ရက်

ဦးဘကြူး ပါ(၂)

နှင့်

ဒေါ်ခင်ကြည် ပါ(၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(ဃ)အရ စွဲဆိုမှု - မူလရုံးနှင့်ပထမအယူခံရုံးတို့မှ တစ်သဘောတည်း သုံးသပ်ဆုံးဖြတ်ချက်အပေါ် ဒုတိယအယူခံရုံးအနေဖြင့် အထူးလွဲမှားချက် မပေါ်ပေါက်လျှင် ဝင်ရောက်စွက်ဖက်ရန် သင့် - မသင့်။

ဆုံးဖြတ်ချက်။ ယခုအမှုတွင် တရားလိုများက အချင်းဖြစ်မြေကွက်ကို အိမ်ဆောက်ရန် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မှန် မမှန် အဓိကအချက်ဖြစ်သည်။ ဤအချက်မှာ အကြောင်းခြင်းရာပြဿနာတစ်ရပ်ဖြစ်သည်။ အကြောင်းခြင်းရာပြဿနာနှင့်ပတ်သက်၍ မူလရုံးနှင့် ပထမအယူခံရုံးတို့မှ တစ်သဘောတည်း တညီတညွတ်တည်း သုံးသပ်လျက် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချက်အပေါ်၌ ဒုတိယ အယူခံရုံးအနေဖြင့် အထူးလွဲမှားချက် မပေါ်ပေါက်လျှင် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။ အိမ်ဆောက်ရန် အမှန်တကယ်ရည်ရွယ်ပါသလား ဆိုသည့်မေးခွန်းကို ဖြေဆိုရန်မှာ ပတ်ဝန်းကျင်အကြောင်းခြင်းရာအပေါ်၌ အခြေခံရမည်ဖြစ်သည်။ ရည်ရွယ်ချက် ရှိမရှိဆိုခြင်းမှာ လုပ်ရပ်က သက်သေခံသည့်ကိစ္စဖြစ်သည်။ ယခုအမှု၌ တရားလိုများအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ရန်ပါမစ်ကိုပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှမရရှိသေးကြောင်း၊ အခြား လက်တွေ့အကောင်အထည်ဖော်သည့် စီမံချက် များ လုပ်ဆောင်ခြင်း မရှိသေးကြောင်း၊ ဥပဒေနှင့်အညီ လိုအပ်သည့် ခံဝန်ချုပ်ကို ချုပ်ဆိုမည်ဟူ၍ပင် ကတိပြုတင်ပြခြင်းမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု အောက်ရုံး ၂ ရုံးလုံးမှ ထပ်တူထပ်မျှ သုံးသပ် ဆုံးဖြတ်ထားခြင်းအပေါ်၌ ဝင်ရောက်စွက်ဖက်ရန် အကြောင်းထူးမတွေ့ရသဖြင့် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်နှင့်ဒီကရီကို ဆက်လက်အတည်ပြုပြီး ယခု အယူခံအား ရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၂၄၃

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၂၂ တွင် ချမှတ်သော ၂၅-၃-၉၀ ရက်စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးခင်မောင်ချို၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးဘတင့်၊ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

၁၉၉၁
ဦးဘကြူး
ပါ(၂)
နှင့်
ဒေါ်ခင်ကြည်
ပါ(၂)

ပြည်မြို့နယ်တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှု အမှတ် ၆၆ တွင် တရားလို ဦးဘကြူးနှင့် ဒေါ်သန်းထွေးတို့က တရားပြိုင် ဒေါ်ခင်ကြည်နှင့် ဦးစိန်တို့အပေါ်၌ ပြည်မြို့ ၂၄ မြောက်၊ အုပ်စုဈေး ရပ်ကွက် နံပါတ် (၆) ဦးပိုင် အမှတ် ၁၆၈ ရှိ အချင်းဖြစ်မြေကွက်ဥပစာမှ ဆောက်လုပ်ထားသော အဆောက်အအုံကို ဖျက်သိမ်းထွက်ခွာသွားစေလိုကြောင်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဆ) အရ စွဲဆိုရာ အဆိုလွှာအား ပလပ်ခြင်းခံရသည်။ ဦးဘကြူးနှင့် ဒေါ်သန်းထွေး တို့က ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်သော်လည်း အောင်မြင်မှုမရှိသဖြင့် ဆက်လက်၍ တရားရုံးချုပ်သို့ ဒုတိယအယူခံ ဝင်ရောက်လာခြင်းဖြစ်သည်။

တရားလို၏အဆိုလွှာတွင် အချင်းဖြစ်မြေကွက် ဥပစာကို တရားပြိုင်များ သည် တရားလိုထံမှ တစ်လလျှင် ၄၂ဝိ/–နှုန်းဖြင့် ငှားရမ်းထားကြောင်း၊ ၁၉၄၆ ခုနှစ်ကပင် စတင်၍ ငှားရမ်းထားကြောင်း၊ တရားလိုများအနေဖြင့် မိမိပိုင်မြေကွက်ပေါ်၌အဆောက်အအုံဆောက်လုပ်၍ကိုယ်တိုင်နေထိုင်လိုသဖြင့် ပြန်လည်ရယူလိုကြောင်း အဆိုပြုသည်။

အမှတ်–၁ တရားပြိုင် ဒေါ်ခင်ကြည်က ချေပရာ၌ အချင်းဖြစ်မြေကွက်ကို ၎င်းက ဦးဘကြူး–ဒေါ်သန်းထွေးတို့ထံမှ တစ်လလျှင် မြေငှားခ ၃ဝဝိ/– နှုန်းဖြင့် ငှားရမ်းခဲ့ကြောင်း၊ တရားလိုများသည် ၎င်း (ဒေါ်ခင်ကြည်)နှင့် သာလျှင် မြေရှင် မြေငှား ဆက်သွယ်မှုရှိကြောင်း၊ တရားလိုများအနေဖြင့် အချင်းဖြစ်မြေကွက်ပေါ်၌ အဆောက်အအုံဆောက်လုပ်၍ ကိုယ်တိုင်နေထိုင် အကျိုးခံစားလိုသည်ဟု တင်ပြခြင်းမှာ လုံးဝမမှန်ကန်ကြောင်း၊ အချင်းဖြစ် မြေကို လွှဲပြောင်း ရောင်းချလိုသော သဘောဖြင့် စွဲဆိုခြင်း ဖြစ်ကြောင်း၊ အချင်းဖြစ်မြေပေါ်၌ တည်ရှိသော အင်ဝမ်းချွန် အဆောက်အဦမှာ ခိုင်ခန့် သော အဆောက်အအုံ ဖြစ်၍ဖြစ်သဖြင့် ပြန်လည်ဆောက်လုပ်ရန်မလိုကြောင်း ချေပသည်။

အမှတ်–၂ တရားပြိုင် ဦးစိန်က ချေပရာ၌ ၎င်းသည် အမှတ်–၂ တရားလို ဒေါ်သန်းထွေး ခွဲဝေရရှိထားသည့် မြေပေါ်၌ သီးခြား မြေလခပေး၍ နေထိုင်သူဖြစ်ကြောင်း၊ တရားလိုများသည် အဆောက်အအုံဆောက်လုပ်ရန် ကြိုးစားဆောင်ရွက်ခြင်းလည်း မရှိ၊ အဆောက်အကူပြု လုပ်ငန်းများလည်း

၁၉၉၁
ဦးဘကြူ ပါ(၂) နှင့် ဒေါ်စင်ကြည် ပါ(၂)

စီမံမဆောင်ရွက်ခြင်းမရှိကြောင်း၊ သဘောရိုးဖြင့် ပြန်လည်ရယူလိုသည် ဆိုခြင်း မမှန်ကြောင်း ချေပသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် တရားလိုများသည် အမှန်တကယ် အဆောက်အအုံဆောက်လုပ်ရန် ရည်ရွယ်ချက် မရှိဘဲ စိတ်ကူးအရ စွဲဆိုခြင်း ဖြစ်ကြောင်း၊ တရားလို၏အဆိုလွှာ၌ လိုအပ်သော ခံဝန်ချုပ်ကို ချုပ်ဆိုပါမည်ဟု တာဝန်ခံဖော်ပြခြင်းမရှိကြောင်း သုံးသပ်လျက် အဆိုလွှာကို ပလပ်သည်။

ပထမအယူခံ ပဲခူးတိုင်းတရားရုံး၏စီရင်ချက်တွင် ရိုးဖြောင့်သောသဘောဖြင့် အဆောက်အအုံဆောက်လုပ်ရန် ရယူလိုပါသည် ဆိုသည့် အချက်ကို တရားလိုက ပြသရမည်ဖြစ်ကြောင်း၊ အိမ်ဆောက်ပစ္စည်းများစုဆောင်းခြင်း မရှိကြောင်း၊ မည်သည့်အိမ်မျိုးကို မည်မျှအကုန်အကျခံ၍ ဆောက်မည်ဟု တိတိကျကျ ဖော်ပြနိုင်ခြင်း မရှိကြောင်း၊ ထို့ကြောင့် အမှန်တကယ် အိမ်ဆောက်ရန် ရည်ရွယ်ချက်ရှိသည်ဟု မဆိုနိုင်ကြောင်း၊ အိမ်ဆောက်ရန် ကြိုးပမ်းသည့်အနေအထားမျိုး မတွေ့ရကြောင်း၊ တစ်နှစ်အတွင်း လိုအပ်သည့် ခံဝန်ချုပ် ချုပ်ဆိုပါမည်ဟု ဖော်ပြခြင်းမရှိကြောင်း သုံးသပ်လျက် မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယခုအမှုတွင် တရားလိုများက အချင်းဖြစ်မြေကွက်ကို အိမ်ဆောက်ရန် သဘောရိုးဖြင့် ပြန်လည် ရယူလိုသည် ဆိုခြင်း မှန် မမှန် အဓိက အချက် ဖြစ်သည်။ ၎င်းအချက်မှာ အကြောင်းခြင်းရာ ပြဿနာတစ်ရပ် ဖြစ်သည်။ အကြောင်းခြင်းရာပြဿနာနှင့် ပတ်သက်၍ မူလရုံးနှင့် ပထမ အယူခံရုံးတို့မှ တစ်သဘောတည်း တညီတညွတ်တည်း သုံးသပ်လျက် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချက်အပေါ်၌ ဒုတိယအယူခံရုံးအနေဖြင့် အထူးလွဲမှားချက် မပေါ်ပေါက်လျှင် ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပေ။ အိမ်ဆောက်ရန်အမှန်တကယ်ရည်ရွယ်ပါသလား ဆိုသည့် မေးခွန်းကို ဖြေဆိုရန်မှာ ပတ်ဝန်းကျင်အကြောင်းခြင်းရာအပေါ်၌ အခြေခံရမည်ဖြစ်သည်။ ရည်ရွယ်ချက် ရှိမရှိဆိုခြင်းမှာ လုပ်ရပ်ကသက်သေခံသည့် ကိစ္စဖြစ်သည်။ ယခုအမှု၌ တရားလိုများအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ရန် ပါမစ်ကိုပင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မရရှိသေးကြောင်း၊ အခြား လက်တွေ့ အကောင်အထည် ဖော်သည့် စီမံချက်များ လုပ်ကိုင်ခြင်း မရှိသေးကြောင်း၊ ဥပဒေနှင့်အညီ လိုအပ်သည့် ခံဝန်ချုပ်ကို ချုပ်ဆိုမည်ဟူ၍ပင် ကတိပြုတင်ပြခြင်းမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မမှန်ဟု အောက်ရုံး ၂ ရုံးလုံးမှ ထပ်တူထပ်မျှ သုံးသပ် ဆုံးဖြတ်ထားခြင်းအပေါ်၌ ဝင်ရောက် စွက်ဖက်ရန် အကြောင်းထူးမတွေ့ရသဖြင့် မြို့နယ်နှင့်တိုင်းတရားရုံးတို့၏ အမိန့်နှင့်ဒီကရီကို ဆက်လက်အတည်ပြုပြီး ယခုအယူခံအား ရုံးအဆင့်ဆင့်ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/– သတ်မှတ်သည်

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်းရှေ့တွင်

ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင်

နှင့်

ဦးမျိုးသန်း ပါ(၂)*

+ ၁၉၉၁
ဩဂုတ်လ
၇ ရက်

**စီရင်ချက် ရက်စွဲနှင့် ဒီကရီရက်စွဲကွဲလွဲနေလျှင် မူလရုံးမှ ပြန်လည်ပြင်ဆင်နိုင်သည်- ထိုအချက်မှာ အမှု၏အရည်အသွေးကို ပြောင်းလဲနိုင်ခြင်း မရှိ။**

**ဆုံးဖြတ်ချက်။** တရားပြိုင်က အိမ်လခပေးရန် ကြွေးကျန်များ ရှိနေကြောင်း ချေလွှာ၌ ရေးသားဖော်ပြထားခြင်းကြောင့် မူလရုံးမှ တရားလိုအား ပုဒ်မ ၁၂ (၁)(က) ပထမပိုင်းနှင့် အနိုင်ဒီကရီ ချမှတ်ပေးခြင်းမှာ မှားယွင်းခြင်းမရှိပေ။ စီရင်ချက် ရက်စွဲနှင့် ဒီကရီရက်စွဲ လွဲနေသည့်ကိစ္စမှာ မူလရုံးမှ ပြန်လည်ပြင်ဆင်နိုင်သည့်ကိစ္စ ဖြစ်သည်။ ယင်းကိစ္စကြောင့် အမှု၏ အရည်အသွေး ပြောင်းလဲသွားနိုင်ခြင်းမရှိပေ၊ မူလရုံး၏ အမိန့်နှင့် ဒီကရီမှာ မှားယွင်းခြင်းမရှိသဖြင့် ဆက်လက်အတည်ပြုပြီး ဤအယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးစိုးမြင့်၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးဘဘင့်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

ရန်ကုန်တိုင်းတရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၅၃ တွင် တရားလို ဦးမျိုးသန်းနှင့် ဒေါ်ခင်သန်းနုတို့က တရားပြိုင် ဒေါ်မိမိသွင် အပေါ်၌ ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၃၄၅ (အောက်ထပ်)ရှိ အချင်းဖြစ် ဥပစာမှ အိမ်ငှားတရားပြိုင်အား နှင်လိုမှုကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ

---

* ၁၉၉၁ ပြည့်နှစ်၊ တရားမပထမအယူခံမှု အမှတ် ၆၃၂

+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၃ တွင် ချမှတ်သော (၃၀-၈-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)အရ စွဲဆိုရာ ဒုတိယ လက်ထောက် တိုင်းတရားသူကြီး (၃)က တရားလိုစွဲဆိုသည့်အတိုင်း ပုဒ်မ ၁၂(၁)(က) ပထမပိုင်းနှင့် အနိုင်ဒီကရီချမှတ်ပေးသောကြောင့် တရားပြိုင် ဒေါ်မိမိသွင်က တရားရုံးချုပ်သို့ အယူခံဝင်ရောက်လာခြင်းဖြစ်သည်။

တရားလိုက ၎င်း၏အဆိုလွှာ၌ အောက်ပါအချက်များကို အဓိကထား၍ ဖော်ပြသည်—

" တရားပြိုင်သည် အချင်းဖြစ် ဥပစာကို တရားလိုထံမှ တစ်လလျှင် ၇၅၀/– ကျပ်နှုန်းဖြင့် ငှားရမ်းနေထိုင်သူ အိမ်ငှား ဖြစ်ကြောင်း၊ တရားပြိုင်သည် ၎င်း၏ခင်ပွန်း ဦးသွင်လှရွှေနှင့်အတူ ငှားရမ်းနေထိုင်ကြောင်း၊ ဦးသွင်လှရွှေ ကွယ်လွန်သည့် ၁၉၈၅ ခုနှစ် ဧပြီလမှစ၍ တရားပြိုင်သည် အိမ်လခများကို အမှုစွဲဆိုသည့်နေ့ထိ မပေးဘဲနေကြောင်း၊ (၂၃)လအတွက် အိမ်လခ ၁၇၂၅၀/–ကျပ်ကို နို့တစ်စာဖြင့် တောင်းသော်လည်း မပေးဘဲနေကြောင်း "

ဖော်ပြသည်။

တရားပြိုင်က ချေပဆာ၌ အချင်းဖြစ်ဥပစာကို တစ်လလျှင် ၇၅၀/–ကျပ်နှုန်းဖြင့် ၁၉၇၈ ခုနှစ် မတ်လကုန်မှ စတင်၍ ငှားရမ်း နေထိုင်ခဲ့ကြောင်း၊ ငှားရမ်းခများကို ငှားရမ်းသည့်အချိန်မှစ၍ တစ်နှစ်အတွက် နောက် ၂ နှစ် အတွက်စီ ကြိုတင်၍ပေးခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ် မတ်လကုန်မှစ၍ ယခင် နည်းလမ်းအတိုင်း အိမ်လခ ၂ နှစ်အတွက် ငွေသား ကြိုတင်၍မပေးခဲ့ခြင်း ဖြစ်ကြောင်း၊ တရားပြိုင်၏ ခင်ပွန်း ဦးသွင်လှရွှေ မကွယ်လွန်မီ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလက ဦးမျိုးသန်းသည် လက်လှည့်သုံးအဖြစ် ငွေကျပ် ၂၀၀၀၀/–ကို စပေါ်ငွေအဖြစ် သတ်မှတ်၍ ပေးခဲ့ကြောင်း၊ ထိုငွေ နှစ်သောင်းကို နှိမ်ပါက အိမ်လခ ငွေများ ပိုနေဦးမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အိမ်လခပေးရန်ပျက်ကွက်သည်ဟုမဆိုနိုင်ကြောင်း၊ တရားလိုသည် ယခုအမှုကို စွဲဆိုပိုင်ခွင့်မရှိကြောင်း ချေဆိုသည်။

မူလရုံးတရားသူကြီးက တရားပြိုင်၏ချေလွှာအရပင်လျှင် အိမ်လခ ကြွေးကျန်များ ပေးဆပ်ရန် ကျန်ရှိနေပြီး ပေးဆပ်ပါမည်ဟု ဝန်ခံထားသည်ကို တွေ့ရကြောင်း သုံးသပ်လျက် အိမ်လခပေးရန် ပျက်ကွက်နေခြင်း အတွက် ပုဒ်မ ၁၂(၁)(က) ပထမပိုင်းနှင့် အနိုင်ဒီကရီချမှတ်ပေးကြောင်း ဆုံးဖြတ်သည်။

ဤအယူခံ၌ အောက်ပါအချက်များကို အကြောင်းပြသည်–

၁။ တရားပြိုင်အိမ်ငှားထံမှ တရားလို အိမ်ရှင်က လက်လှည့်သုံးငွေအဖြစ် ယူထားခဲ့သော ငွေကျပ် ၂၀၀၀၀/-ကိစ္စကို တရားပြိုင်ပြသက်သေများဖြင့် ဆက်လက်၍ သက်သေ ထူခြင်း မပြုတော့ဘဲ အိမ်လခကြွေးကျန်များကို ငှားရမ်းခကြီးကြပ်ရေးဝန်ရုံးက သတ်မှတ်ပြီးသော စံငှားရမ်းခဖြင့် ပေးဆပ်လိုသည်ဟု တရားပြိုင်ဘက်မှ တင်ပြသည့် တင်ပြချက်မှာ ဝန်ခံချက်မဟုတ်ကြောင်း ထင်ရှားပါလျက် မူလရုံးမှ တရားလိုအား အနိုင်ဒီကရီချမှတ်ပေးခြင်းမှာ မှားယွင်းကြောင်း၊

၁၉၉၁
ဒေါ်မိမိသွင်
(ခ)
ဒေါ်တင်မာ
သွင်
နှင့်
ဦးမျိုးသန့်း
ပါ(၂)

၂။ စီရင်ချက်ရက်စွဲနှင့် ဒီကရီရက်စွဲတို့မှာ မတူညီသဖြင့် ဥပဒေနှင့်မကိုက်ညီကြောင်း။

တရားပြိုင်၏ ချေလွှာ အပိုဒ် ၂ အရ အိမ်လခများပေးရန်ကျန်ရှိနေခြင်း မှန်ကြောင်း၊ သို့သော် တရားလို ဦးမျိုးသန့်းက တရားပြိုင်၏ ခင်ပွန်း ဦးသွင်လှရွှေမကွယ်လွန်မီက ဦးသွင်လှရွှေထံမှ လက်လှည့်သုံးငွေ ၂၀၀၀၀/-ကျပ် ယူထားကြောင်း၊ ထိုငွေနှစ်သောင်းကျပ်နှင့် ခုနှိမ်ပါက ငှားရင်းပိုနေဦးမည်ဖြစ်ကြောင်း ချေဆိုသည်။ လက်လှည့်သုံးချေးယူငွေကို အိမ်လခနှင့် ခုနှိမ်တွက်ချက်၍ အကြောင်းပြ ချေဆိုခြင်းမှာ နည်းလမ်း မမှန်ပေ။ လက်လှည့်သုံး ချေးထားသည်ဆိုလျှင်လည်း ယင်းကိစ္စကို သီးခြားတောင်းဆိုရန်သာ ရှိပေသည်။ အိမ်လခနှင့် ခုနှိမ်ရန် အကြောင်းမရှိပေ။ အိမ်လခကြွေးကျန် ရှိမရှိ အဓိကအချက် ဖြစ်သည်။ တရားပြိုင် အိမ်လခ ပေးရန်ကြွေးကျန်များ ရှိနေကြောင်း ချေလွှာ၌ ရေးသားဖော်ပြထားခြင်းကြောင့် မူလရုံးမှ တရားလိုအား ပုဒ်မ ၁၂ (၁) (က) ပထမပိုင်းနှင့် အနိုင်ဒီကရီချမှတ်ပေးခြင်းမှာ မှားယွင်းခြင်းမရှိပေ။ စီရင်ချက် ရက်စွဲနှင့် ဒီကရီ ရက်စွဲ လွဲနေသည့်ကိစ္စမှာ မူလရုံးမှ ပြန်လည်ပြင်ဆင်နိုင်သည့် ကိစ္စ ဖြစ်သည်။ ယင်းကိစ္စကြောင့် အမှု၏အရည်အသွေး ပြောင်းလဲသွားနိုင်ခြင်းမရှိပေ။ မူလရုံး၏ အမိန့်နှင့် ဒီကရီမှာ မှားယွင်းခြင်းမရှိသဖြင့် ဆက်သက် အတည်ပြုပြီး ဤအယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

# တရားမ ပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရွှေတွင်

ဦးမောင်ချစ်

နှင့်

ဒေါ်ချစ်ရင် ပါ(၆)*

+ ၁၉၉၁
ဇန်နဝါရီလ
၁၀ ရက်

**တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၁၇၊ နည်း-၂- အဆင့်မြင့် တရားရုံးသို့ သွားရောက်နေရသဖြင့် အချိန်အနည်းငယ်နောက်ကျရသည်မှာ- ခိုင်လုံသော အကြောင်းပြချက် ဟုတ်-မဟုတ်။**

**ဆုံးဖြတ်ချက်။** ရက်ချိန်းနေ့က တစ်နေကုန် မလာရောက်ခြင်းမဟုတ်၊ အဆင့်မြင့်သော တိုင်းတရားရုံးသို့ သွားရောက်ဆောင်ရွက်နေရသဖြင့် တရားပြိုင်၏ ရှေ့နေမှာ နေ့လယ် ၂ နာရီ အချိန်ကျမှ ရောက်ရှိကြောင်း ပေါ်ပေါက်သည်။ အဆင့်မြင့်တရားရုံးသို့ သွားနေရသဖြင့် အချိန် အနည်းငယ် နောက်ကျရသည်ဟု အကြောင်းပြခြင်းမှာ ခိုင်လုံ၍ ကောင်းမွန်သော အကြောင်းပြချက်ဖြစ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးဌေးလှိုင်၊ တရားရုံးချုပ် ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | – | ဦးကျော်ဦး(ပုသိမ်)တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးဘတင့်၊ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

ပုသိမ်အနောက်မြို့နယ် တရားရုံး ၁၉၈၄ ခုနှစ် တရားမကြီးမှု အမှတ် ၄၅ တွင် တရားလို ဒေါ်မြဦး ပါ-၇ ဦးတို့က တရားပြိုင် ဦးခင် ပါ-၂ ဦးအပေါ်၌ အချင်းဖြစ်အိမ်မှ ဖယ်ရှားထွက်ခွာသွားစေလိုမှု စွဲဆိုသည်။ အဆိုအချေအရ တရားရုံးမှ ကောက်ချက်များထုတ်နုတ်ပြီး အမှုကို စစ်ဆေးခဲ့ရာ တရားလိုနှင့် တရားလိုပြ သက်သေများအား စစ်ဆေးခဲ့ပြီး

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ်၊ ၃၅၇

+ ၁၉၈၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅ တွင် ချမှတ်သော (၁၅-၅-၉၀) ရက်စွဲပါ ပုသိမ်အနောက်မြို့နယ်တရားရုံး၏အမိန့်ကို လျှောက်ထားမှု။

တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများအား စစ်ဆေးရန် ၁၅-၅-၉၀ နေ့သို့ ချိန်းဆိုခဲ့သည်။ ထိုနေ့၌ တရားပြိုင်နှင့် ၎င်း၏ရှေ့နေတို့ ရုံးရှေ့ လာရောက်ခြင်းမရှိသဖြင့် တွံ့ဖက်မြို့နယ်တရားသူကြီးက ၎င်း၏ ၁၅-၅-၉၀ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ အမှုကို တရားမကျင့်ထုံးအမိန့် ၁၇ နည်း ၂ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး အမှုနှင့် ပတ်သက်၍ နောက်ဆုံးလျှောက်လဲချက် ကြားနာရန် ၂၂-၅-၉၀ နေ့သို့ ချိန်းဆိုသည်။ ယင်းကဲ့သို့ ချမှတ်သည့် တွံ့ဖက် မြို့နယ် တရားသူကြီး၏ ၁၅-၅-၉၀ နေ့စွဲပါ အမိန့်ကို မကျေနပ်၍ မူလရုံးတရားပြိုင်များသက်မှ ပြင်ဆင်မှု လျှောက်ထားလာခြင်းဖြစ်သည်။ ၁၉၉၁ ဦးမောင်ချစ် နှင့် ဒေါ်ချစ်ရင် ပါ(၆)

မူလရုံးတရားသူကြီးက အမှုကိုစစ်ဆေးရန်ချိန်းဆိုသည့်နေ့၌ တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများ လာရောက်ခြင်းမရှိသောကြောင့် တရားပြိုင်ဘက် အား စစ်ဆေးခြင်းမပြုတော့ဘဲ အမှုနှင့်ပတ်သက်၍ အပြီးသတ် လျှောက်လဲ ချက် ကြားနာပြီး ဆုံးဖြတ်မည်ဟု အမိန့်ချသည်။

ယခုပြင်ဆင်မှု၌ အောက်ပါအချက်များကို အကြောင်းပြသည်-

၁။ ရက်ချိန်းနေ့က တရားပြိုင်၏ရှေ့နေမှာ ရေဝတီတိုင်းတရားသူကြီးရုံး တရားမအထွေထွေမှုအမှတ် ၄/၉၀ နှင့် ပတ်သက်၍ သွားရောက် ဆောင်ရွက်နေရသောကြောင့် နောက်ကျရခြင်း ဖြစ်ကြောင်း၊

၂။ ၁၅-၅-၉၀ နေ့ချိန်းက တရားပြိုင်၏ ရှေ့နေသည် တစ်နေ့လုံး ရုံးသို့မလာရောက်ခြင်း မဟုတ်ကြောင်း၊ အဆင့်မြင့်ရုံး၌ သွားရောက် ဆောင်ရွက်နေရသဖြင့် ရုံးချိန်အနည်းငယ်နောက်ကျခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် အမိန့် ၁၇ နည်း ၂ အရ အမိန့်ချမှတ်ခြင်းမှာ မူလရုံးတရားပြိုင်များအဖို့ များစွာနစ်နာကြောင်း၊

၁၅-၅-၉၀ နေ့က အမှုခေါ်ပြီးနောက် နေ့လယ် ၂ နာရီ အချိန်၌ တရားပြိုင်၏ရှေ့နေ ရောက်လာပြီး တိုင်းတရားရုံးသို့ သွားရောက်နေရသဖြင့် နောက်ကျရသည်ဟု တင်ပြကြောင်း မူလရုံး အမှုတွဲရှိ နေ့စဉ်မှတ်တမ်း၌ ဖော်ပြပါသည်။

ရက်ချိန်းနေ့က တစ်နေ့ကုန် မလာရောက်ခြင်း မဟုတ်၊ အဆင့်မြင့်သော တိုင်းတရားရုံးသို့ သွားရောက်ဆောင်ရွက်နေရသဖြင့် တရားပြိုင်၏ ရှေ့နေမှာ နေ့လယ် ၂ နာရီအချိန်ကျမှ ရောက်ရှိကြောင်း ဖော်ပြပါသည်။ အဆင့်မြင့် တရားရုံးသို့ သွားနေရသဖြင့် အချိန် အနည်းငယ် နောက်ကျရသည်ဟု အကြောင်းပြခြင်းမှာ ခိုင်လုံ၍ ကောင်းမွန်သောအကြောင်းပြချက်ဖြစ်သည်။ ထို့ကြောင့် ထိုအကြောင်းပြချက်ကို လက်ခံသင့်သည်။ ဆို့ကြောင့် အခု

၁၉၉၁
ဦးမောင်ချစ်
နှင့်
ဒေါ်ချစ်ရင်
ပါ(၆)

ပြင်ဆင်မှုအား ခွင့်ပြုပြီး မူလရုံး၏ ၁၅–၅–၉၀ နေ့စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ မူလရုံးသည် အမှုကို တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများအား စစ်ဆေးသည့်အဆင့်မှ ပြန်လည် စတင်ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။

စရိတ် မသတ်မှတ်။

## တရားမ အထွေထွေ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ဦးမောင်ညို + ၁၉၅၁ မေလ၊ ၃၁ ရက်

နှင့်

ဒေါ်ဘောဘီသန်းပေါ် (၉)*

**အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂ (၁) (စ) – ယာယီအလုပ်သမား – အမှုစစ်ဆေးချိန်ထိ၊ ရေနစ်သေဆုံးကြသူတို့၏ သတင်းမရလျှင် သေသည်ဟု ယူဆနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ဒေါ်ဘောဘီသန်း ပေါ် (၉) ဦးတို့၏ ခင်ပွန်းများသည် မူလကာပင် ဦးမောင်ညို စက်လှေဘွင် အလုပ်သမားများအဖြစ် လုပ်ကိုင်ခဲ့ကြကြောင်း ပေါ်လွင်သည်။ အလုပ်သမားတစ်ဦးသည် ယာယီအလုပ်သမားပင်ဖြစ်လင့်ကစား လုပ်ငန်းနှင့်ပတ်သက်သည့်အလုပ်ကို လုပ်ကိုင်ရပါမူ ထိုအလုပ်သမားသည်ပင်လျှင် အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၂(၁)(စ) တွင် အကျုံးဝင်သည့် အလုပ်သမားဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** စက်လှေမှာ စကော့ပူနိုင်ငံသို့ အသွား လမ်းတွင် နစ်မြုပ်သေဆုံးခြင်းဖြစ်ကြောင်း ထွက်ဆိုချက်နှင့် စပ်လျဉ်း၍ အမှန်သေဆုံးခြင်း ဟုတ် မဟုတ် သုံးသပ်ရာတွင် အလောင်းကို ရှာမတွေ့ရုံမျှဖြင့် အသက်ရှင်လျက်ရှိသည်ဟု မဆိုနိုင်ပေ။ ဤကိစ္စရပ်မျိုးတွင် သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၈ နှင့် စပ်ဆိုင်ခြင်းမရှိဘဲ အမှုစစ်ဆေးချိန်အထိ ရေနစ် သေဆုံးကြသည် ဆိုသောသူများ၏ သတင်းအစအန မရခြင်းသည် သေဆုံးသည်ဟု ယူဆနိုင်ပေသည်။

---

* ၁၉၅၀ ပြည့်နှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၁၂၂

\+ ၁၉၅၀ ပြည့်နှစ်၊ အလုပ်သမားလျော်ကြေးမှု အမှတ် ၁၆ တွင် ချမှတ်သော (၁၅–၆–၅၀) ရက်စွဲပါ မော်လမြိုင်မြို့နယ် အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီ၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၁
ဦးမောင်ညို
နှင့်
ဒေါ်ဘေဘီ
သန်း
ပါ(၉)

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | တရားရုံးချုပ် ရှေ့နေ ဦးဘသန်း ကိုယ်စား တရားရုံးချုပ်ရှေ့နေ ဦးစိန်သန်း (ပဲခူး) |
| အယူခံတရားပြိုင်များအတွက် | – | တရားရုံးချုပ်ရှေ့နေ ဦးထွန်းရွှေနှင့် ခရိုင်ရှေ့နေချုပ်ရုံးမှ (ရုံးသဟာယ) ဒုတိယညွှန်ကြားရေးမှူးဦးတင်လှိုင် |
| တရားရေးအကြံပေး | – | ဦးအောင်သစ်၊ ဒုတိယ ညွှန်ကြား ရေးမှူး၊ တရားရုံးချုပ်။ |

မော်လမြိုင်မြို့နယ်၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရုံး၊ ၁၉၉၀ ပြည့်နှစ်၊ အမှုအမှတ် ၁၆ တွင် ဒေါ်ဘေဘီသန်း ပါ–၉ ဦးတို့က ၎င်းတို့၏ ခင်ပွန်း (၉)ဦးမှာ အယူခံတရားလို ဦးမောင်ညို၏ စက်လှေတွင် အလုပ်သမားများအဖြစ် တာဝန်ထမ်းဆောင်ရင်း စက်လှေနစ်မြုပ် သေဆုံး ကြကြောင်း အဆိုပြုလျက် လျော်ကြေးရလိုကြောင်း လျှောက်ထားကြသည်။ မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရုံးက အလုပ်သမား တစ်ဦးလျှင် လျော်ကြေးငွေ ၇၂၀၀ိ/– နှင့် (၉)ဦး အတွက် ငွေကျပ် ၆၄၈၀၀ိ/– ပေးလျော်စေရန် အမိန့် ချမှတ်ခဲ့သဖြင့် ဦးမောင်ညိုက ဤ အထွေထွေ အယူခံမှုကို တင်သွင်းသည်။

မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက အလုပ်ရှင် ဦးမောင်ညိုအား ဆင့်ခေါ်ခဲ့သော်လည်း မလာရောက်သဖြင့် ဦးမောင်ညို နေထိုင်ရာ မော်လမြိုင်၊ပန်းအဲတန်းရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့မှ တစ်ဆင့် ချိန်းဆိုခဲ့သည်။ ချိန်းဆိုစာများကိုလည်း ဦးမောင်ညို၏ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်လက်ပေးပို့ခဲ့ကြောင်း ကော်မတီသို့ ပြန်ကြားခဲ့သည်။ သို့ရာတွင် ဦးမောင်ညိုလာရောက်ခြင်းမရှိ၍ ဦးမောင်ညို မျက်ကွယ်၌ တစ်ဖက်သတ် ကြားနာဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို ဦးမောင်ညိုက ဒေါ်ဘေဘီသန်း ပါ–၉ ဦးတို့၏ ခင်ပွန်း များသည် ၎င်း၏အလုပ်သမားများမဟုတ်ကြောင်း၊ စက်လှေတွင် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် အတူ လိုက်ပါလာကြသူများသာဖြစ်ကြောင်း တင်ပြခဲ့ သည့်အပြင် သံဖြူရပ်မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ ကသာ စီရင်ပိုင်ခွင့်ရှိကြောင်း၊ စက်လှေ ပိုင်ရှင်မှာလည်း ၎င်းတစ်ဦးတည်း မဟုတ်ဘဲ ဦးအောင်ရှိန်ဆိုသူနှင့်အတူ လုပ်ကိုင်ခဲ့ခြင်းသာဖြစ်ကြောင်း ထုချေ ထင်ပြထားသည်။

၁၉၉၁
ဦးမောင်ညို
နှင့်
ဒေါ်သောဘိ
သန်း
ပါ(၉)

သို့ရာတွင် စက်လှေတွင် အလုပ်လုပ်ရင်း လိုက်ပါသွားပြီး နစ်မြုပ်ရာ၌ သေဆုံးခဲ့သည်ဆိုသော ဦးစိုးမြင့်၏ ဇနီး ဒေါ်သောဘိသန်း၊ လ/ထ စက်ဆရာ– ဦးတင်မြင့်၏ ဇနီး ဒေါ်ခင်တင့်နှင့် စက်ဆရာ ဦးအုန်းငွေ၏ ဇနီး ဒေါ်ခင်စန်းတို့ကမူ ဦးမောင်ညိုပိုင် စက်လှေတွင် ၎င်းတို့၏ခင်ပွန်းများသည် သက်ဆိုင်ရာ တာဝန်များဖြင့် ကော့ဒွတ်ရွာမှ တစ်ဘက်ကမ်းပူနိုင်ငံသို့ သွားရာတွင် တစ်ခေါက်လျှင် ကျပ် ၇၀၀၀/– ၄၀၀၀/– အသီးသီးလုပ်ခများဖြင့် လိုက်ပါသွားခြင်းဖြစ်ကြောင်း၊ ၂၅–၅–၈၉ နေ့က တစ်ခေါက်ထွက်သွားပြီး ၂၈–၅–၈၉ နေ့တွင် စက်လှေ နစ်မြုပ်ခဲ့ကြောင်း၊ ပွဲစား ဦးမောင်နီနှင့် ခရီးသည်(၁၅)ဦးတို့ အသက်ရှင်လွတ်မြောက်ကြသော်လည်း စက်ဆရာကြီး ဦးအုန်းငွေ အပါအဝင် (၂၃)ဦး ရေနစ်သေဆုံးခဲ့ကြကြောင်း ထွက်ဆိုကြသည်။

ဒေါ်သောဘိသန်း ပါ–၉ ဦးတို့၏ ခင်ပွန်းများနှင့် ဦးမောင်ညိုတို့အကြားတွင် အလုပ်ရှင်အလုပ်သမား ဆက်သွယ်မှုရှိကြောင်းနှင့် ဦးအောင်ရှိန်ဆိုသူမှာ ကုန်စာရေးသာဖြစ်ကြောင်း ဒေါ်သောဘိသန်းက အောက်ပါအတိုင်း ထွက်ဆိုထားသည်–

> " ဦးအောင်ရှိန်သည် ဦးမောင်ညို ကိုယ်စားလှယ် ကုန်စာရေးသာဖြစ်ပါသည်။ ပိုင်ရှင်မှာ ဦးမောင်ညိုသာဖြစ်ပါသည်။ လုပ်ခငွေကို လှေထိုးသားများအား ဦးမောင်ညိုကိုယ်တိုင် ပေးပါသည် "

ဒေါ်သောဘိသန်း ပါ(၉) ဦးတို့၏ ခင်ပွန်းသည်များသည် မူလကပင် ဦးမောင်ညို စက်လှေတွင် အလုပ်သမားများအဖြစ် လုပ်ကိုင်ခဲ့ကြကြောင်း ပေါ်လွင်သည်။ အလုပ်သမားတစ်ဦးသည် ယာယီအလုပ်သမားပင် ဖြစ်လင့်ကစား လုပ်ငန်းနှင့်ပတ်သက်သည့်အလုပ်ကို လုပ်ကိုင်ရပါမူ ထိုအလုပ်သမားသည်ပင်လျှင် အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၂(၁) (ခ)တွင် အကျုံးဝင်သည့် အလုပ်သမား ဖြစ်သည်။ ဒေါ်ကျင်အေး နှင့် ဦးဘလွင် စီရင်ထုံး ⁽¹⁾ တွင် ကြည့်ပါ။

သို့ဖြစ်၍ ဦးမောင်ညိုသည် အလုပ်သမား လျော်ကြေး အက်ဥပဒေပုဒ်မ ၂ (၁) (င) အရ အလုပ်ရှင်ဖြစ်ကြောင်းနှင့် ဒေါ်သောဘိသန်း ပါ-၉ ဦးတို့၏ ခင်ပွန်းများဖြစ်ကြသော ဦးစိုးမြင့်၊ ဦးညွန့်ဝင်း၊ ဦးချစ်ငြိမ်း၊ ဦးငွေဝင်း၊ ဦးကြည်ကြည်၊ ဦးတင်စိုး၊ ဦးရှော်ကုန်း၊ ဦးဘတင်နှင့် စက်ဆရာ ဦးတင်မြင့်တို့မှာလည်း ယင်း အက်ဥပဒေ ပုဒ်မ ၂ (၁) (ခ) အရ အလုပ်သမားများဖြစ်ကြောင်း မြို့နယ် အလုပ်သမားလျော်ကြေးစီစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု ယူဆရန် အကြောင်းမရှိပေ။

---

(၁) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ–၇။

၁၉၉၁
ဦးမောင်ညို
နှင့်
ဒေါ်ဘောဘီ
ထန်း
ပါ(၉)

စက်လှေမှာ စကော့ပူနိုင်ငံသို့အသွား လမ်းတွင် နစ်မြုပ် သေဆုံးခြင်းဖြစ်ကြောင်း ထွက်ဆိုချက်နှင့်စပ်လျဉ်း၍ အနှန့် သေဆုံးခြင်း၊ ဟုတ် မဟုတ် သုံးသပ်ရာတွင် အလောင်းကို ရှာမတွေ့ရုံမျှဖြင့် အသက်ရှင်လျက် ရှိသည်ဟု မဆိုနိုင်ပေ။ ဤကိစ္စမျိုးတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၈ နှင့် စပ်ဆိုင်ခြင်း မရှိဘဲ အမှုစစ်ဆေးချိန်အထိ ရေနစ် သေဆုံးကြသည်ဆိုသောသူများ၏ သတင်းအစအန မရခြင်းသည် သေဆုံးသည်ဟု ယူဆနိုင်ပေသည်၊ ဦးလှထွန်း နှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ စီရင်ထုံး [၂] တွင် ကြည့်ပါ။

ထို့ပြင် စက်လှေပိုင်ရှင်မှာ ၎င်းတစ်ဦးတည်း မဟုတ်ကြောင်း၊ ဦးအောင်ရှိန်နှင့်အတူ ရေးမြို့နယ် သ/မ အသင်းမှ စက်လှေကို ဝယ်ယူလုပ်ကိုင်ခြင်းဖြစ်ကြောင်း ဦးမောင်ညို၏ရှေ့နေက တင်ပြခဲ့သော်လည်း စက်ဆရာ ဦးအုန်းငွေ၏ဇနီး ဒေါ်ခင်စန်းက အောက်ပါအတိုင်း ထွက်ဆိုထားသည်—

" ကျွန်မ၏ခင်ပွန်း ဦးအုန်းငွေသည် ဦးမောင်ညိုပိုင် စက်လှေတွင် စက်ဆရာလုပ်ပါသည်။ စက်လှေနစ်မြုပ်သေဆုံးသွားသဖြင့် ဦးမောင်ညိုမှ လျော်ကြေးငွေ ၇၂၀၀/– ကို မော်လမြိုင်မြို့နယ်၊ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီတွင် ၂၁–၉–၈၉ နေ့ ရက်စွဲဖြင့် ပေးသွင်းခဲ့ပြီး ယင်းနေ့တွင်ပင် ငွေလက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။"

သို့ဖြစ်ရာ စက်ဆရာ ဦးအုန်းငွေအတွက် လျော်ကြေးငွေကျပ် ၇၂၀၀/- ကို ဇနီး ဒေါ်ခင်စန်းသို့ စက်လှေပိုင်ရှင် ဦးမောင်ညိုက မော်လမြိုင်မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီမှ တစ်ဆင့် ပေးသွင်းခဲ့ပြီးဖြစ်ခြင်းမှာ ထင်ရှားနေသဖြင့် စက်လှေမှာ ၎င်းတစ်ဦးတည်းပိုင် မဟုတ်ကြောင်း မော်လမြိုင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ၏ စီရင်ပိုင်ခွင့်အတွင်း မကျရောက်ကြောင်း အယူခံ တရားလို ရှေ့နေ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိချေ။

အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏အမိန့်ကို အယူခံဝင်သည့်အမှုတွင် အရေးပါသော ဥပဒေပြဿနာရှိကြောင်း တင်ပြနိုင်ရန် လိုအပ်သည်။ အလုပ်သမားလျော်ကြေးအက်ဥပဒေပုဒ်မ ၃ဝ ၏ခြင်းချက်အရ အရေးပါသော ဥပဒေပြဿနာ အကျုံးဝင်ခြင်း မရှိလျှင် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏အမိန့်ကို အယူခံခွင့် မရှိချေ။ ဦးစောဦး နှင့် မလှ [၃] စီရင်ထုံး တွင်

---

(၂) ၁၉၄၁ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စီရင်ထုံးများ၊ စာ—၈၉။

(၃) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ—၁၂၂။

ကြည့်ပါ။ ထို့ပြင် ဥပဒေပြဿနာရပ်နှင့် ဆက်စပ်နေသည့် ပြဿနာရပ်များ မပေါ်ပေါက်လျှင် ထိုဆုံးဖြတ်ချက်ကို စွက်ဖက်ပိုင်ခွင့်မရှိပေ။ ဦးတိုက်ကျင် ပါ-၂ နှင့် မမြကြည် [၄] စီရင်ထုံးတွင် ကြည့်ပါ။ ထိုဥပဒေသဘောကို နိုင်ငံဘေစီဘက်မှ လိုက်ပါဆောင်ရွက်သည့် ဥပဒေ အရာရှိကလည်း ထောက်ခံလျှောက်လဲသည်။ ၁၉၉၁ ဦးမောင်ညို နှင့် ဒေါ်ဘောဓိ သန်း ၈၂(၉)

ဤအမှုတွင် စက်လှေ ရေဝင် နစ်မြုပ်ပြီး သေဆုံးသွားသူများအနက် တစ်ဦးဖြစ်သူ စက်ဆရာ ဦးအုန်းငွေ၏ဇနီး ဒေါ်ခင်စန်းသို့ လျော်ကြေးငွေ ကျပ် ၅၂၀၀/- ကို စက်လှေပိုင်ရှင် ဦးမောင်ညိုက ပေးပြီးကြောင်း မငြင်းဆည်အပြင် အရေးပါသော ဥပဒေပြဿနာ ပေါ်ပေါက်သည်ဟုလည်း မဆိုနိုင်၍ မော်လမြိုင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုရန်သာ ရှိပေသည်။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၇၀/- သတ်မှတ်သည်။

(၄) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၉၉၄။

## တရားမ ပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၉၁
ဖေဖော်ဝါရီလ
၁၉ ရက်

ဦးမောင်မောင် ပါ (၂)

နှင့်

ဦးဘသန်း ပါ (၄)*

(ကွယ်လွန်သူ ဒေါ်အမ၏ တရားဝင်ကိုယ်စားလှယ်များ)

**တရားမ ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၆၊ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၁၆– ကွယ်လွန်သွားသော တရားနိုင်၏ ဆိုင်ရေး ဆိုင်ခွင့်ကို ဆက်ခံရရှိသူက ကွယ်လွန်သူ ရရှိထားသော ဒီကရီကို အတည်ပြုနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ အရလည်းကောင်း၊ အမိန့် ၂၁၊ နည်း ၁၆ အရလည်းကောင်း ကွယ်လွန်သွားသော တရားနိုင်၏ ဆိုင်ရေး ဆိုင်ခွင့်ကို ဆက်ခံရရှိသူသည် ကွယ်လွန်သူ ရရှိထားသော ဒီကရီကို အတည်ပြုနိုင်သည်။ သို့ဖြစ်ရာ ဒေါ်အမအမည်ဖြင့် ရရှိထားသော ဒီကရီကို အတည်ပြုပေးရန် ဒေါ်အမ၏ အမွေစား အမွေခံတို့၏ လျှောက်ထားချက်အရ ယခင် မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၏ တရားမ တရားစီရင်ရေးအာဏာ တာဝန်ယူ ဆက်ခံသော မန္တလေးတိုင်း တရားရုံးက အမှုဖွင့်လှစ်ဆောင်ရွက်ခြင်းသည် တရားမကျင့်ထုံး ဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိချေ၊

လျှောက်ထားသူများအတွက် – ဦးထွန်းဝေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် – ဦးညွန့်မြိုင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး – ဦးဆင်ထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။

မန္တလေး အရှေ့မြောက်မြို့နယ်တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှု အမှတ် ၁၇ တွင် ဒေါ်အမက ၎င်း၏ကိုယ်စားလှယ် ဦးစိန်လှိုင်မှ တစ်ဆင့်

---

* ၁၉၉၀ ပြည့်နှစ် တရားမ တရားမ ပြင်ဆင်မှု အမှတ် ၁၇၆

\+ ၁၉၉၀ ပြည့်နှစ် တရားမ ဇာရီမှု အမှတ် (၆)တွင် ချမှတ်သော (၉-၄-၉၀) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို လျှောက်ထားမှု

**၁၉၉၁**
ဦးမောင်မောင်ပါ(၂) နှင့် ဦးဘသန်းပါ(၄) (ကွယ်လွန်သူ ဒေါ်အမ၏ တရားဝင် ကိုယ်စားလှယ်များ)

လျှောက်ထားသူ ဦးမောင်မောင်နှင့် ဒေါ်ခင်ခင်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) အရ တရားစွဲဆိုရာ အမှုဆိုင်ဆဲတွင် ဒေါ်အမ ကွယ်လွန်သွားသဖြင့် ရွှေနေ ဒေါ်မြမြလေး၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက ၁၀-၄-၈၉ ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ လျှောက်ထားခံရသူ ဦးဘသန်း၊ ဦးအုန်းခိုင်၊ ဦးစိန်လှိုင်နှင့် ဒေါ်သန်းနွဲ့ တို့အား အမှုတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်း၍ အမှုကို ဆက်လက် စစ်ဆေးပြီးနောက် စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သည်။ သို့ရာတွင် စီရင်ချက်တွင် လည်းကောင်း၊ ဒီကရီတွင် လည်းကောင်း တရားလို၏အမည်ကို ဒေါ်အမ အမည်ဖြင့်ပင် ဖော်ပြသည်။ ဦးမောင်မောင်တို့က မြို့နယ်တရားရုံး၏စီရင်ချက် နှင့် ဒီကရီကို မန္တလေးတိုင်း တရားရုံးတွင် အယူခံဝင်ရာ၌ ကွယ်လွန်ပြီး ဖြစ်သော ဒေါ်အမအား တရားသက်အဖြစ်ဖြင့် ထားသဖြင့် အရေးနိမ့် သည်။ ဦးမောင်မောင်တို့က တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၉၀ ပြည့်နှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၄၅ တွင် ဒေါ်အမ၏ သားသမီးများ ဖြစ်ကြသော ဦးဘသန်းတို့ ၄ ဦးအပေါ် ဆက်လက် အယူခံဝင်သော်လည်း မအောင်မြင်ချေ။ ဦးစိန်လှိုင်တို့က ဒေါ်အမ အမည်ဖြင့် ရရှိခဲ့သော ဒီကရီ ကို အတည်ပြုပေးရန် မန္တလေးတိုင်း တရားရုံး ၁၉၉၀ ပြည့်နှစ် ဇာရီမှု အမှတ် ၆ (အရှေ့မြောက်)တွင် လျှောက်ထားရာ ဒီကရီမှာ ဒေါ်အမ အမည်ဖြင့်ရရှိသော ဒီကရီဖြစ်သည် ဟူသည်ဖြင့် အကြောင်းပြကာ ဦးစိန်လှိုင် တို့က အတည်ပြုခွင့်မရှိကြောင်း ကန့်ကွက်သည်။ တိုင်းတရားရုံးက ယင်း ကန့်ကွက်ချက်ကို ပယ်ချလိုက်သဖြင့် ဦးမောင်မောင်တို့က တရားရုံးချုပ်တွင် ပြင်ဆင်မှုကို လျှောက်ထားလာသည်။

မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှု အမှတ် ၁၇ တွင် တရားလို ဒေါ်အမ ကွယ်လွန်သောအခါ ရှေ့နေ ဒေါ်မြမြလေး၏ လျှောက်ထားချက်အရ ဦးဘသန်း၊ ဦးအုန်းခိုင်၊ ဦးစိန် လှိုင်နှင့် ဒေါ်သန်းနွဲ့တို့အား ဒေါ်အမ၏နေရာတွင် တရားဝင်ကိုယ်စားလှယ် အဖြစ်ဖြင့် ထည့်သွင်းပေးကြောင်း ၁၀-၄-၈၉ နေ့တွင် အမိန့် ချမှတ် သည်။ သို့ရာတွင် စီရင်ချက်တွင် လည်းကောင်း၊ ဒီကရီတွင် လည်းကောင်း တရားလို၏နေရာတွင် ကွယ်လွန်ပြီးဖြစ်သော ဒေါ်အမ၏ အမည်ကို ဖော်ပြ သည်။ မြို့နယ်တရားရုံး၏ ပေါ့ဆသောလုပ်ရပ်ကြောင့် မလိုလားအပ်သော ပြဿနာများ ဆက်လက် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင်လည်းကောင်း၊ ဒီကရီတွင်လည်းကောင်း ဒေါ်အမ အမည်အား မှားယွင်း ဖော်ပြထားခြင်းကို ပြင်ဆင်ပေးရန် ဦးဘသန်းတို့က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ ကို ကိုးကား၍ လျှောက်ထားသည်။ ထိုကိစ္စရပ်ကို အောက်တရားရုံးက အဆုံးအဖြတ် မပေး ရသေးချေ။

၁၉၉၁ ဦးမောင်မောင် ပါ(၂) နှင့် ဦးဘသန်း ပါ(၄) (ကွယ်လွန်သူ ဒေါ်အမ ၏ တရားစဉ် တိုင်စာလွှာ များ)

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ အရ လည်းကောင်း၊ အမိန့် ၂၁ နည်း ၁၆ အရ လည်းကောင်း ကွယ်လွန်သွားသော တရားနိုင်၏ ဆိုင်ရေး ဆိုင်ခွင့်ကို ဆက်ခံရရှိသူသည် ကွယ်လွန်သူရရှိထားသောဒီကရီကို အတည်ပြု နိုင်သည်။ သို့ဖြစ်ရာ ဒေါ်အမ အမည်ဖြင့် ရရှိထားသော ဒီကရီကို အတည် ပြုပေးရန် ဒေါ်အမ၏ အမွေစားအမွေခံတို့၏ လျှောက်ထားချက် အရ ယခင် မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၏ တရားမ တရားစီရင်ရေးအား တာဝန်ယူဆက်ခံသော မန္တလေးတိုင်းတရားရုံးက အမှု ဖွင့်လှစ်ဆောင်ရွက် ခြင်းသည် တရားမကျင့်ထုံးဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိချေ။

တရားရုံးများ၏ ကန့်ကွက်လွှာတွင် အချင်းဖြစ်ဒီကရီမှာ ပျက်ပြယ်နေပြီ ဖြစ်၍ အတည်ပြုခွင့်မရှိကြောင်းဖော်ပြထားသည်ကိုတွေ့ရသည်။ ကွယ်လွန်သူ အပေါ် ရရှိသော ဒီကရီကို အတည်မပြုနိုင်၊ ဦးဘအေး ပါ-၂ နှင့် ဦးမြင့် ပါ-၂ [၁] စီရင်ထုံးကို ကြည့်ပါ။ သို့ရာတွင် ကွယ်လွန်သူအမည်ဖြင့်ရရှိထား သော ဒီကရီကို အတည်မပြုနိုင်ကြောင်း တရားမှုတွင်ကန့်ကွက်ပြောဆိုနိုင်သည် မှုသော ဥပဒေသ မရှိချေ။ အထက်ပါစီရင်ထုံးတွင် ရည်ညွှန်းထားသော အတည်မပြုနိုင်ကြောင်း ကန့်ကွက် ပြော ဆို နိုင် သည့် ဒီကရီ ၃ မျိုး တွင် ကွယ်လွန်သူ တရားလိုအမည်ဖြင့် အနိုင်ရရှိသော ဒီကရီ အကျုံးမဝင်ချေ။ သို့ဖြစ်ရာ မန္တလေးတိုင်းတရားရုံးသည် အချင်းဖြစ် ဒီကရီကို မျက်ကွယ်မပြု နိုင်။

အလျဉ်းသင့်၍ တရားနိုင်ဘက်မှဆောင်ရွက်ရန်နည်းလမ်းမှန်ကို ညွှန်ပြလို ပေသည်။ ကွယ်လွန်သူတရားလို၏အမည်ကို ဖော်ပြရေးဆွဲထားသည့် ဒီကရီကို ပြင်ဆင်ပေးရန် ကွယ်လွန်သူ၏ အမွေစားအမွေခံတို့က တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ ကနဦး လျှောက်ထားသင့်သည်။ ဒီကရီကို လိုအပ် သလို ပြင်ဆင်လိုက်လျှင် လျှောက်ထားခံရသူတို့အနေဖြင့် ဒီကရီကို အတည် ပြုရန် လမ်းကို ထင်ထင်ရှားရှား တွေ့မြင်ရပေလိမ့်မည်။ ယခုမူ ဒီကရီကို အတည်ပြုပေးရန် ပထမ လျှောက်ထားပြီးမှ ဒီကရီကို ပြင်ဆင်ပေးရန် လျှောက်ထားသည်ဖြစ်၍ အငြင်းပွားနိုင်သည့် ပြဿနာကို ဖန်တီးပေးစေ ရောက်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုလျှောက်လွှာကို ပလပ်လိုက်သည်။ အလားတူ ပြဿနာမျိုး ယခင်ကမပေါ်ပေါက်ဖူးသေး၍ နှစ်ဘက်အမှုသည်များသည် ဤပြင်ဆင်မှုတွင် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိကိုယ်တိုင် ကျခံကြစေ။

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၁-၄၃၈။

## တရားမ ပထမ အယူခံမှု
## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၁
ဇွန်လ
၂၀ ရက်

ညောင်လေးပင်မြို့နယ် ကုန်စည်
ပို့ဆောင်ရေးလိုင်း၏ ဥက္ကဋ္ဌ
ဦးမောင်မောင် ပါ(၂)

နှင့်

ဦးလှဖေ ပါ(၂)*

**အခွင့်အမိန့်အရ နေထိုင်သူကို နှင်လိုမှု–** ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁)– ယင်း ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှားဖြစ်သွားသည်နှင့်တပြိုင်နက် အခွင့်အမိန့်အရနေသူ များ မဟုတ်တော့ခြင်း။

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ အိမ်ငှားအဖြစ် သက်ဆိုင်ရာက သတ်မှတ်ပေးခဲ့သည့် အချက်မှာ အငြင်းမပွားပေ။ မူလက အယူခံတရားလိုတို့၏ အခွင့်အမိန့်အရ နေထိုင်သည့်တိုင်အောင် ပုဒ်မ၁၃(၁) အရ အိမ်ငှားဖြစ်သွားသည်နှင့် တစ်ပြိုင်နက် အယူခံတရားလိုတို့၏ အခွင့် အမိန့်အရ နေသူများ မဟုတ်ကြတော့ပေ။ ထို့ကြောင့် အမှုကို ယခုပုံစံ အတိုင်း စွဲဆိုနိုင်ခြင်းမရှိ ဟူသော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှား ယွင်းမှု မရှိချေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးအောင်မြင့်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးမျိုးညွန့်၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးထင်ထွန်း၊ ဒုတိယညွှန်ကြားရေး မှူး၊ တရားရုံးချုပ်။ |

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၄၅၄

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈ တွင် ချမှတ်သော (၂၉–၅–၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

**၁၉၉၁**
ညောင်လေးပင်
မြို့နယ်
ကုန်စည်
ပို့ဆောင်ရေး
လိုင်း၏ ဥက္ကဋ္ဌ
ဦးမောင်မောင်
ပါ(၂)
နှင့်
ဦးလှဖေ
ပါ(၂)

အယူခံတရားလို ညောင်လေးပင်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးလိုင်းသည် ရန်ကုန်တွင် ဂိတ်ဖွင့်ရန်အတွက် ၁၉၆၂ ခုနှစ်က လသာမြို့နယ် ၂၄ လမ်း အမှတ် (၁၀) အဆောက်အအုံ၏ မြေညီထပ်ကို လျောင်စံနိမ့်တောင် ဘုရားကျောင်းထံမှ တစ်လ ၇၅/– ကျပ်ဖြင့် ငှားရမ်းခဲ့ကြောင်း၊ အယူခံတရားပြိုင် အမှတ်(၁) ဦးလှဖေသည် ဂိတ်မှူးဖြစ်၍ အဆိုပါဥပစာတွင် အခမဲ့နေထိုင်ခွင့် ပေးထားကြောင်း၊ အယူခံတရားပြိုင် အမှတ် (၂) ဒေါ်စန်းမြင့်သည် ဦးလှဖေ၏ ဇနီးဖြစ်၍ ၁၉၇၄ ခုနှစ်တွင် ဒေါ်စန်းမြင့်အားလည်း ဂိတ်မှူး အဖြစ် ခန့်ထားကာ အခမဲ့နေထိုင်ခွင့်ပေးထားကြောင်း၊ နောက်ပိုင်းတွင် ဦးလှဖေတို့နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ ပြဿနာ ဖြစ်သဖြင့် ဂိတ် (လုပ်ငန်းရုံးခွဲရုံး) ကို ရန်ကုန်မြို့ ၃၁ လမ်း အမှတ် ၆၂ သို့ ခေတ္တ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ၁၉၇၉ ခုနှစ် ဇူလိုင်လကုန် နောက်ဆုံးထား၍ ဦးလှဖေတို့အား ဖယ်ရှားပေးရန်တောင်းဆိုခဲ့ကြောင်း၊ သို့သော် ၉–၉–၇၉ နေ့တွင် ညှိနှိုင်းချက်အရ ဦးလှဖေတို့အား ဆက်လက်၍အခမဲ့ထားခဲ့ကြောင်း၊ အိမ်လခပြေစာများကို မော်တော်ယာဉ်လိုင်းအမည်မှ ဦးလှဖေအမည်သို့ ပြောင်းလဲခဲ့သည်ကို ၁၉၈၉ ခုနှစ်တွင် သိရှိမှသာဖြင့် အိမ်ရှင်ထံ စာရေး မေးမြန်းရာ အိမ်ရှင်၏ပြန်ကြားစာအရ ဦးလှဖေတို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ သက်ဆိုင်ရာသို့ လျှောက်ထား၍ သက်ဆိုင်ရာကလည်း ပုဒ်မ ၁၃(၁)အရ လက်မှတ် ထုတ်ပေးခဲ့သည်ကို သိရှိရကြောင်း၊ ပုဒ်မ ၁၃(၁)အရ အိမ်ငှားအဖြစ် သတ်မှတ်ချက်မှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်းဖြင့် အဆိုပြု၍ အယူခံ တရားလို ကုန်စည်ပို့ဆောင်ရေးလိုင်းက အယူခံတရားပြိုင် ဦးလှဖေတို့အား အချင်းဖြစ်ဥပစာမှ အခွင့်အမိန့်အရ နေထိုင်သူများအဖြစ် နှင်ထုတ်ပေးစေ လိုမှုကို ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ဂ/ဂ၉ တွင် တရား စွဲဆိုသည်။

ချေလွှာတွင် အခြားအချက်များအပြင် အမှုကိုဤပုံစံအတိုင်း မစွဲဆိုနိုင် ကြောင်း၊ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းနှင့် တရားစွဲဆိုရန် အကြောင်းမရှိကြောင်း ထုချေခဲ့သဖြင့် တိုင်းတရားရုံးက အောက်ပါ ဖော်ပြ ငြင်းချက်(၃)ရပ်ကို ထုတ်နုတ်ခဲ့သည်–

" (၁) ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဆိုခြင်းမှာ မှန်သလား၊

(၂) ဤအမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးဖြစ်သည် ဆိုခြင်းမှာ မှန်သလား၊

(၃) ဤအမှုကို လက်ခံစစ်ဆေးစီရင်ရန် အကြောင်းမရှိ ဆိုသည်မှာ မှန်သလား။ "

၁၉၉၁
ညောင်လေးပင်
မြို့နယ်
ကုန်စည်
ပို့ဆောင်ရေး
လိုင်း၏ ဥက္ကဋ္ဌ
ဦးမောင်မောင်
ပါ(၂)
နှင့်
ဦးလှမေ
ပါ(၂)

တိုင်းတရားရုံးက အထက်ပါ ပထမပြင်းချက်များကို အယူခံတရားပြိုင်တို့အား အသာပေးဖြေဆိုပြီးလျှင် အမှုကို ပလပ်လိုက်သောကြောင့် ဤပထမအယူခံကို တင်သွင်းသည်။

အယူခံတရားပြိုင်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှားအဖြစ် သက်ဆိုင်သူက သတ်မှတ်ပေးခဲ့သည့်အချက်မှာ အငြင်းမပွားပေ။ မူလက အယူခံတရားလိုဘို၏ အခွင့်အမိန့်အရ နေထိုင်သည့်တိုင်အောင် ပုဒ်မ ၁၃ (၁) အရ အိမ်ငှားဖြစ်သွားသည်နှင့် တပြိုင်နက် အယူခံတရားလိုတို့၏ အခွင့်အမိန့်အရ နေသူများ မဟုတ်ကြတော့ပေ။ ထို့ကြောင့် အမှုကိုယခုပုံစံအတိုင်းစွဲဆိုနိုင်ခြင်း မရှိ ဟူသော တိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှာ မှားယွင်းမှုမရှိချေ။

ပုဒ်မ ၁၃(၂) တရားမဝင်ကြောင်း တရားရုံးက ဆုံးဖြတ်နိုင်သည်ဟု လျှောက်လဲသည်။ အခွင့်အမိန့်အရ နေထိုင်သူအား နှင်ထုတ်ရန် စွဲဆိုသော အမှုများတွင် ရှုပ်ထွေးခက်ခဲသည့် ပြဿနာများကို စိစစ်ဆုံးဖြတ်ရန် မဟုတ်သောကြောင့် ဤအမှုတွင် ပုဒ်မ ၁၃(၁) တရားမဝင်သည့်အကြောင်းကို ဆုံးဖြတ်နိုင်သည်။ ဆုံးဖြတ် ရန် သင့်သည် ဟူသော လျှောက်လဲချက်ကို လက်ခံနိုင်ဖွယ်ရာ မရှိပေ။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤရုံး ရှေ့နေခ ၁၀၀/– ကျပ် သတ်မှတ်သည်။

## ‌ထရားမ အထွေထွေ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

+ ၁၉၉၁
ဇွန်လ
၁၉ ရက်

မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅)

နှင့်

ဒေါ်ခင်ခင်ပါ(၉)*

[(၁)မှ (၅)အထိ တန်ခေးဟန်(ကွယ်လွန်)၏ တရားဝင်ကိုယ်စားလှယ်များ

(၇)မှ(၉)အထိ ဦးထန်လျန်ဟုန်(ကွယ်လွန်)၏တရားဝင်ကိုယ်စားလှယ်များ]

**ဇာရီမှု–** အမိန့်ချမှတ်ရန် ချိန်းဆိုသောနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့ လာရောက်ရန် ပျက်ကွက်ခြင်း– တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၁ နှင့် သက်ဆိုင်ခြင်းမရှိ၊ ကာလစည်းကမ်းသတ်ဘောင်အတွင်း ဇာရီ လျှောက်လွှာ အသစ်တင်သွင်းနိုင်ခြင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိခြင်း။

**ဆုံးဖြတ်ချက်။** ဇာရီမှုတွင် အမိန့်ချမှတ်ရန်ချိန်းဆိုသောနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့လာရောက်ရန် ပျက်ကွက်ပါက တရားရုံးက ယင်းဇာရီမှုအား ဆက်လက်အတည်ပြုဆောင်ရွက်မည့်သူမရှိတော့သဖြင့် ဇာရီမှုကိုပလပ်ရန်သာ ရှိပေသည်။

ဇာရီမှုများသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၁ နှင့် မသက်ဆိုင်သဖြင့် တရားရုံး ရုံးချိန်းနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့မလာရောက်သည်ကို အကြောင်းပြုပြီး ဇာရီလျှောက်လွှာကိုပယ်လျှင် တရားနိုင်အနေဖြင့် ထိုပယ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရန် မလိုဘဲ ကာလ စည်းကမ်းသတ် ဘောင်အတွင်း ဇာရီလျှောက်လွှာ အသစ် တင်သွင်းနိုင်သည်။ အမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များက ထိုကဲ့သို့ထပ်မံလျှောက်ထားနိုင်ခြင်းကို ပိတ်ပင်ခြင်း မရှိချေ။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၁၃၁

\+ ၁၉၇၇ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၆ တွင် ချမှတ်သော (၃၀-၅-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း၊ တရားရုံး၏ အမိန့်ကို အယူခံမှု။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဒေါ်ကျင်စန်း<br>ဥပဒေ အရာရှိ အဆင့်(၁)<br>ရှေ့နေချုပ်ရုံး |
| အယူခံတရားပြိုင်များအတွက် | – | (၁)မှ(၅)ထိ<br>ဦးဝင်းအောင်<br>တရားရုံးချုပ်ရှေ့နေ<br>(၆)ကိုယ်တိုင် မလာ<br>(၇)မှ(၉)ထိ<br>တရားရုံးချုပ်ရှေ့နေ<br>ဦးငြိမ်းကျော် ကိုယ်စား<br>တရားရုံးချုပ်ရှေ့နေ ဦးသန်းမြင့် |
| တရားရေးအကြံပေး | – | ဦးလှမြင့်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>တရားရုံးချုပ်။ |

၁၉၉၁
စွန်နေဂျာ
မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ(၅)
နှင့်
ဒေါ်ခင်ခင်
ပါ(၉)
[(၁)မှ(၅)အထိ
တန်ဘေးဟန်
(ကွယ်လွန်)၏
တရားဝင်
ကိုယ်စားလှယ်
များ
(၇)မှ(၉)အထိ
ဦးဆန်လျန်ဟုန်
(ကွယ်လွန်)၏
တရားဝင်
ကိုယ်စားလှယ်
များ]

ဟံသာဝတီခရိုင် **တရားမရုံး၊** တရားမကြီးမှု အမှတ် ၁/၅၉ တွင် ယခင် **ဆက်သွယ်ရေးဘဏ်က** တန်ခေးဟန်၊ လင်ချုံခိန်နှင့် တိတ်လီကုမ္ပဏီအပေါ် **အပေါင်ပစ္စည်းကို** ထုခွဲရောင်းချနိုင်ရန် စွဲဆိုရာ ၃၀–၁–၆၄ နေ့၌ ပဏာမ **ဒီကရီ** ရရှိပြီး ၁၅–၉–၆၉ နေ့တွင် အပြီးသတ်ဒီကရီ ရရှိခဲ့သည်။ ထိုဒီကရီ **ကျငွေများကို** ပြည်သူ့ဘဏ်မှ တန်ခေးဟန် ပါ–၃ ဦးတို့အပေါ် ယခင် ဟံသာဝတီခရိုင် **တရားမရုံးတွင်** တရားမ ဇာရီမှု အမှတ် ၁/၇၂ ဖွင့်လှစ် အတည်ပြုခဲ့ကြသည်။ ၎င်းနောက် **တရားစီရင်ရေးစနစ်ပြောင်းလဲလာသည့်အခါ** ရန်ကုန်တိုင်းတရားရုံး၊ **တရားမဇာရီမှု** အမှတ် ၁/၇၃ အဖြစ် ပြောင်းလဲ **ဖွင့်ပြီး** တရားနိုင်အဖြစ် **မန်နေဂျာ၊ မြန် မာ့ စီး ပွား ရေး ဘဏ် ခွဲ (၅) က** **အတည်ပြုခဲ့သည်။**

အမှုအတွင်း **တန်ခေးဟန် ကွယ်လွန်သဖြင့်** အယူခံတရားပြိုင်(၁)မှ(၅) **အထိ လည်းကောင်း၊** တိတ်လီကုမ္ပဏီ စီမံအုပ်ချုပ်သူ တန်လျန်ဟုန် **ကွယ်လွန်** **သဖြင့်** အယူခံ တရားပြိုင် (၇)မှ (၉)အထိ လည်းကောင်း **တရားရုံး၏** **ဆက်ခံသူများအဖြစ်** ပါဝင်ခဲ့သည်။

၃၀–၅–၉၀ **နေ့တွင်** တရားနိုင်ဘက်မှ မည်သူမျှ ရုံးရှေ့မလာရောက် **သဖြင့်** **တိုင်းတရားရုံးက** ဇာရီမှုကို ပလပ်ကြောင်း **အမိန့်ချသည်။**

**မန်နေဂျာ၊** မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၅)မှ ထိုအမိန့်ကို **မကျေနပ်၍** **တရားရုံးချုပ်သို့** **ဤအယူခံမှုကို** **တင်သွင်းသည်။**

**၁၉၉၁**
မန်နေဂျာ မြန်မာ စီးပွားရေး ဘဏ်ခွဲ(၅) နှင့် ဒေါ်ခင်ခင် ပါ(၉) [(၁)မှ(၅)အထိ တန်ဆေးဟန် (ကွယ်လွန်) ၏ တရားဝင် ကိုယ်စားလှယ် များ (၇)မှ(၉)အထိ ဦးဆန်လျှန်ဟုန် (ကွယ်လွန်) ၏ တရားဝင် ကိုယ်စားလှယ် များ၊]

အယူခံတရားပြိုင်အမှတ်(၁)မှ (၅)အထိ တန်ဆေးဟန် (ကွယ်လွန်သူ) ၏တရားဝင်ကိုယ်စားလှယ်များက မူလတိုင်းတရားရုံးမှ ၃၀-၅-၉၀ ရက်စွဲဖြင့် ချမှတ်သောအမိန့်မှာ အယူခံတရားလို အကြိမ်ကြိမ် လာရောက်ရန်ပျက်ကွက်သဖြင့် အမှုပလပ်သည့်အမိန့်ဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ မှ ပေါ်ပေါက်သောအမိန့် မဟုတ်ကြောင်း၊ အယူခံဝင်ခွင့်မရှိကြောင်း၊ ပြင်ဆင်မှုတက်ရောက်ရန်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်နေသဖြင့် ယခုကဲ့သို့ အယူခံဝင်ခြင်းဖြစ်၍ အယူခံလွှာကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

ရှေ့နေချုပ်ရုံးက ဒီဂရီမှုကို ပလပ်သောအမိန့် ဖြစ်၍ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)အရ အယူခံဝင်ခြင်းဖြစ်ကြောင်း၊ ယခင် အလားတူကိစ္စများတွင်လည်း အယူခံတင်သွင်းခဲ့ကြောင်း၊ အယူခံတင်သွင်းချက် မှားယွင်းမှု မရှိကြောင်း လျှောက်လဲသည်။

ရန်ကုန်တိုင်းတရားရုံးက တရားနိုင်ဘဏ်ဘက်မှ ရုံးချိန်းနေ့ ၃၀-၅-၉၀ နေ့တွင် မည်သူမျှ ရုံးရှေ့မလာရောက် ပျက်ကွက်သည့်အတွက် မူလဒီဂရီမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ဒီဂရီမှုတွင် တရားနိုင်ဘက်မှ လာရောက်ရန်ပျက်ကွက်သဖြင့် ဒီဂရီမှုကိုပလပ်သောအမိန့်သည် ဒီကရီကို အတည်ပြုခြင်း၊ ဒီကရီအရ ပေးဆပ်ခြင်း သို့မဟုတ် ဒီကရီကို ကျေအေးပြေငြိမ်းခြင်း ကိစ္စရပ်များနှင့် မသက်ဆိုင်၍ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၄၇ နှင့် အကျုံးမဝင်သည့် အလျောက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) တွင်လည်း အကျုံးမဝင်ပေ။ ဤကဲ့သို့ အကျုံးမဝင်သဖြင့် တရားနိုင်ဘက်မှ ရုံးချိန်းနေ့ လာရောက်ရန် ပျက်ကွက်မှုကြောင့် ဒီဂရီမှု ပလပ်သော အမိန့်မှာ ဒီကရီမဟုတ်၍ အယူခံမှုစင်နိုင်ချေ။

သို့ဖြစ်၍ တရားနိုင် ဘဏ်ဘက်မှ ဤရုံးသို့ အယူခံမှုအဖြစ် တင်သွင်းခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်၍ အယူခံတရားပြိုင်ဘက်မှ ပြင်ဆင်မှုသာ တင်သွင်းရမည် ဖြစ်ကြောင်း တင်ပြချက်ကို ကျွန်ုပ် လက်ခံသည်။

အမှုအနေအထားအရ ကြည့်ရှုလျှင်လည်း အောက်ပါအချက်တို့ကို တွေ့ရသည်။

တရားရုံးတစ်ဦးဖြစ်သူ ဦးသန်းထွန်းသည် မြန်မာနိုင်ငံ၌မရှိတော့ကြောင်းနှင့် ကျန်တရားရုံးများဖြင့် အမှုကိုဆက်သွားရန် တရားနိုင်ဘက်၏ တင်ပြချက်နှင့် ပတ်သက်၍ အမိန့်ချမှတ်ရန် ချိန်းဆိုသော ၃၀-၅-၉၀ နေ့၌ တရားနိုင် ဘဏ်ဘက်မှ ရုံးရှေ့ မည်သူမျှမလာရောက်ခဲ့ခြင်းဖြစ်သည်။ တရားရုံး၏ ရှေ့နေက ဤကဲ့သို့ တရားနိုင်ဘက်က ပျက်ကွက်မှုအတွက် တရားမကျင့်ထုံး အမိန့် ၉၊ နည်း ၈၊ အမိန့် ၇၊ နည်း ၂ အရ ဒီဂရီမှုပလပ်ပေးရန် လျှောက်ထားခဲ့သည်။

တိုင်းတရားရုံးက တရားနိုင်နှင့် ဥပဒေအရာရှိတို့သည် တရားရုံးသို့ လာရောက်ရန် အကြိမ်ကြိမ်ပျက်ကွက်ကြောင်းသုံးသပ်လျက် အမှုကိုပယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဇာရီမှုမှုတွင် အမိန့်ချမှတ်ရန်ချိန်းဆိုသောနေ့၌ တရားနိုင်ဘက်မှ ရုံးရှေ့လာရောက်ရန် ပျက်ကွက်ပါက တရားရုံးက ယင်းဇာရီမှုအား ဆက်လက်အတည်ပြုဆောင်ရွက်မည့်သူ မရှိတော့သဖြင့် ဇာရီမှုကို ပလပ်ရန်သာ ရှိပေသည်။

ဇာရီမှုများသည် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၁ နှင့် မသက်ဆိုင်သဖြင့် တရားရုံး ရုံးချိန်းနေ့၌ တရားနိုင်ဘက်က ရုံးရှေ့မလာရောက်သည်ကို အကြောင်းပြုပြီး ဇာရီလျှောက်လွှာကို ပယ်လျှင် တရားနိုင်အနေဖြင့် ထို ပယ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရန်မလိုဘဲ ကာလ စည်းကမ်းသတ် ဘောင်အတွင်း ဇာရီလျှောက်လွှာ အသစ် တင်သွင်းနိုင်သည်။ အမိန့် ၉၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များက ထိုကဲ့သို့ ထပ်မံလျှောက်ထားခြင်းကို ပိတ်ပင်ခြင်းမရှိချေ။

အထက်ပြဆိုခဲ့သော အချက်အလက်များအရ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ချေ။

ထို့ကြောင့် ဤအယူခံလွှာကို ပလပ်လိုက်သည်။

စရိတ် မသတ်မှတ်။

၁၉၉၁
မန်းခရာ
မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ(၅)
နှင့်
ဒေါ်ခင်ခင်
ပါ(၉)
[(၁)မှ(၅)အထိ
တန်ခေးဟန်
(ကွယ်လွန်) ၏
တရားဝင်
ကိုယ်စားလှယ်
များ
(၇)မှ(၉)အထိ
ဦးထန်လှန်ဟုန်
(ကွယ်လွန်) ၏
တရားဝင်
ကိုယ်စားလှယ်
များ]

## တရားမ မြန်အခွင့်

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

+ ၁၉၉၁ မေလ ၁၀ ရက်

ဦးမျိုးမာ (ခ) ဦးမာ

နှင့်

ဦးသေးနိုင်*

တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၃ နည်း ၁ နှင့် နည်း ၂ အများပြည်သူဆိုင်ရာ စာချုပ်စာတမ်း- ချေလွှာ တင်သွင်းစဉ်က လည်းကောင်း၊ ပထမအကြိမ် အမှုကြားနာစဉ်က လည်းကောင်း မတင်ပြခဲ့သော်လည်း သက်သေခံအဖြစ် လက်ခံခြင်း။

ဆုံးဖြတ်ချက်။ အဆိုပါဂရန်မှာ အများပြည်သူဆိုင်ရာ စာချုပ်စာတမ်း ဖြစ်သည့်ပြင် အချင်းဖြစ်မြေနှင့်ပတ်သက်သော ဂရန်ဖြစ်၍ အမှုနှင့် စပ်ဆိုင်သော စာချုပ်စာတမ်းဟု ဆိုနိုင်မည် ဖြစ်သည့်ပြင် အတု ပြုလုပ်ရန်လည်း အကြောင်း မပေါ်ပေါက်ချေ။ စာချုပ်စာတမ်း တစ်ရပ်သည် အတု မဟုတ်ကြောင်း ကျေနပ် ယုံကြည်ပါက သက်သေခံ အဖြစ် လက်ခံနိုင်မည်ဖြစ်ကြောင်း မောင်ထွန်းစိန်နှင့် ကိုတူ ² အမှုတွင် ကြည့်ပါ။ သို့ဖြစ်၍ မူလရုံးက အချင်းဖြစ် စာချုပ်စာတမ်းသည် ချေလွှာနှင့်အတူ တင်ပြခြင်းမရှိ၍ လည်းကောင်း၊ ပထမ အကြိမ် အမှုကြားနာစဉ် မတင်ပြခဲ့၍ လည်းကောင်း သက်သေခံ အဖြစ် လက်မခံဘဲ ပယ်ချခဲ့ခြင်းမှာ မှန်ကန်သည် မဆိုနိုင်ပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်စင်ဦး ကိုယ်စား တရားရုံးချုပ်ရှေ့နေ ဦးကျော်ကျော်ဝင်းက ရေးသား လျှောက်လဲချက်တင်သည်။ |
| လျှောက်ထားခံရသူအတွက် | — | ဦးထွန်းအောင်ကျော် တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးအောင်သစ် ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။ |

---

* ၁၉၉၁ ခုနှစ်၊ တရားမမြန်အခွင့်မှု အမှတ် ၈

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇ တွင် ချမှတ်သော (၂၁-၁၁-၉၀) ရက်စွဲပါ ရှမ်းပြည်နယ် (တောင်ကြီး မြို့နယ်ရုံး) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

အမှု ၉၁
ဦးချိုမော
(၁)
ဦးမော
နှင့် ၂
ဦးဆေးနိုင်

မူလရုံးတရားရုံး၊ တရားမကြီးမှုအမှတ် ၁၇/၈၉ တွင် ဦးဆေးနိုင်က ၎င်း၏ကိုယ်စားလှယ် ဦးကံကြီးမှတစ်ဆင့် ဦးချိုမော (၁) ဦးမော အပေါ် အခွင့်အမိန့်ရရှိထားသော ဥပစာမှ နှင်လိုမှုစွဲဆိုခဲ့သည်။ မူလရုံးက တရားလိုနှင့် သက်သေများကို စစ်ဆေးပြီး၍ တရားပြိုင်ဦးမောအားစစ်ဆေးစဉ် တရားပြိုင် အက်မှ စာချုပ်များကို သက်သေခံအဖြစ် တင်သွင်းသည်။

မူလရုံးက တရားပြိုင်သည် မိမိကိုးကားလိုသော စာရွက်စာတမ်းများကို ချေလွှာတင်စဉ်က တင်ပြခြင်းမရှိသည့်ပြင် ကိုးကားခဲ့သော စာရွက်စာတမ်း စာရင်း၌လည်း ပါဝင်ခြင်းမရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ စာချုပ်စာတမ်းအထောက်အထားများကို သက်သေခံအဖြစ် တင်သွင်းသင့်သော အချိန်၌ တင်သွင်းရန် ပျက်ကွက်ခဲ့၍ သက်သေခံအဖြစ် လက်မခံဘဲ ပယ်ချခဲ့သည်။

ယင်းအမိန့်ကို ဦးမောကမကျေနပ်၍ တရားရုံးချုပ်သို့ ဤတရားမပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားမှုတွင် ဦးမောက သက်သေခံ ဆက် ဥပဒေအရ အမှုနှင့် စပ်ဆိုင်သော စာရွက်စာတမ်းများကို မူလရုံးက လက်ခံခြင်းမပြု၍ များစွာ နစ်နာရကြောင်း၊ မိမိသည် အခွင့်အမိန့်အရ နေထိုင်သူ မဟုတ်ဘဲ ပိုင်ရှင် ဖြစ်ကြောင်း အထောက်အထားတင်ပြသည်ကို လက်မခံခြင်းမှာ မှားယွင်း ကြောင်း ဆစိက အကြောင်းပြသည်။

တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ တွင် နည်း ၁ နှင့် အညီ တင်ပြရန် ပျက်ကွက်ခဲ့သော စာချုပ်စာတမ်း သက်သေခံကို တရားရုံးက ကျေနပ်လောက် အကြောင်း ခိုင်လုံစွာ တင်ပြနိုင်ပါက သက်သေခံအဖြစ် လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

လျှောက်ထားခံရသူဦးဆေးနိုင်က လျှောက်ထားသူဦးမောအပေါ် ဦးကြည် ထံမှ ဦးကံကြီး ဝယ်ယူခဲ့သည်ဆိုသော ၅-၁၂-၇၉ ရက်စွဲပါ စာချုပ်ကို အခြေပြု၍ စွဲဆိုသည်။ အဆိုပါစာချုပ်မှာ မှတ်ပုံမတင်ပေ။ ဦးမောကလည်း ဦးကြည်ထံမှ ဝယ်ယူခဲ့သည့် ၁-၇-၇၉ ရက်စွဲပါ မှတ်ပုံမတင်သော စာချုပ် သက်သေခံ (၁) နှင့် ၄-၅-၈၉ ရက်စွဲပါ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် သက်သေခံ(၂)တို့အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ အခွင့်အမိန့်အရ နေထိုင် ခြင်း မဟုတ်ဘဲ ပိုင်ရှင်အဖြစ် နေထိုင်ခြင်းဖြစ်သည် ဟု ချေပသည့်ပြင် ရောင်းသူ ဦးကြည်က အနိုင်ဖြစ် မြေဝရန်ကို ၎င်းအား ပေးထားကြောင်း ထွက်ဆို၍ သက်သေခံအဖြစ် တင်သွင်းခဲ့သည်။ မူလရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ နှင့် မညီဟုဆို၍ ပယ်ခဲ့သည်။

၁၉၉၁
ဦးမျိုးမော (၁)
ဦးမော
နှင့်
ဦးဆေးနိုင်

အဆိုပါ ဂရန်မှာ အများပြည်သူဆိုင်ရာ စာရွက်စာတမ်းအဖြစ်ဆည့်ပြင် အချင်းဖြစ်မြေနှင့်ပတ်သက်သော ဂရန်ဖြစ်၍ အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းဟု ဆိုနိုင်မည်ဖြစ်သည့်ပြင် အတုပြုလုပ်ရန်လည်း အကြောင်းမရှိပေါ် ပေါက်ချေ။ စာရွက်စာတမ်းတစ်ရပ်သည် အစစ် မဟုတ်ကြောင်း ကျေနပ် ယုံကြည်ပါက သက်သေခံအဖြစ်လက်ခံနိုင်ပေသည်။ မောင်ထွန်းစိန်နှင့် ကိုတူ အမှုတွင် ကြည့်ပါ။ သို့ဖြစ်၍ မူလရုံးက အချင်းဖြစ် စာရွက်စာတမ်းသည် ချေလွှာနှင့်အတူတင်ပြခြင်းမရှိ၍လည်းကောင်း၊ မထမအကြိမ်အမှုကြားနာစဉ် မတင်ပြခဲ့၍ လည်းကောင်း သက်သေခံအဖြစ် လက်မခံဘဲ ပယ်ချခဲ့ခြင်းမှာ မှန်ကန်သည် မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မူလရုံး၏ ၂၁-၁၁-၉၀ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး လျှောက်ထားသူ ဦးမော (တရားပြိုင်)ထံမှ တင်သွင်းသော ဂရန်ကို သက်သေခံအဖြစ် လက်ခံရန် အမိန့်ချမှတ်လိုက်သည်။

စရိတ်သတ်မှတ်ခြင်း မပြု။

---

(၁) အတွဲ ၆ ရန်ကုန် ၃၃၃။

## တရားမ ပထမ အယူခံမှု

## တရားရုံးချုပ်၊ တရား သူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၉၁ ဇန်နဝါရီလ ၂၈ ရက်

ဦးမြရွှေ

(ၡင်းဓါ်ကိုယ်စားလှယ် ဒေါ်မြကျင်) ပါ-၂

နှင့်

ဒေါ်မြနွယ် *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)(ဂ)- ခွေး၊ ကြောင် အများအပြားမွေးမြူထားခြင်းသည် အနီးအနား နေသူတို့အား စိတ်ငြိုငြင်စေ၍ အနှောင့်အယှက် ဖြစ်စေရာ ရောက် မရောက်။

**ဆုံးဖြတ်ချက်။** အထက်ပါ ထွက်ဆိုချက်များအရ ဒေါ်မြကျင်သည် အခြားသူများကဲ့သို့ ကြောင် တစ်ကောင်၊ ခွေး တစ်ကောင် မွေးထားခြင်း မဟုတ်ဘဲ အများအပြား မွေးမြူထားပြီး ယင်းတိရစ္ဆာန်များက အနီးအနား နေထိုင်သူတို့၏ အိမ်တွင်း၊ အိမ်ပြင်၊ အိမ် ခေါင်မိုး ပေါ် သွားရောက် နှောင့်ယှက်ကြောင်း အထက်ပါထွက်ချက်များအရ ပေါ်ပေါက်သည်။ မိမိ ကိုယ်ပိုင် ခြံအတွင်း၌ ကြိုက်နှစ်သက်သည့် အရေအတွက်ကို မွေးမြူနိုင်မည် ဖြစ်သော်လည်း သူတစ်ပါးနှင့် ကပ်ရက်နေထိုင်ရသောအခြေအနေတွင် အရေအတွက် များများမွေးခြင်းဖြင့် အနီးအနားနေသူတို့အား စိတ်ငြိုငြင်စေမည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေမည် ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးလှမြင့် (မင်းတုန်း)<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးသောင်းညွန့် (ရန်အောင်)<br>တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | - | ဦးတင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>တရားရုံးချုပ်။ |

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၇၈

+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၂၄ တွင် ချမှတ်သော (၂၁-၃-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဦးမြရွှေ
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်ကျင်မြ)
ပါ(၂)
နှင့်
ဒေါ်မြနွယ်

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၄၂၄/၈၉ တွင် အယူခံ တရားပြိုင် ဒေါ်မြနွယ်က အယူခံတရားလို ဦးမြရွှေနှင့် ဒေါ်ကျင်မြအား အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၂၉ ခေါ်တွင်သည့် အဆောက်အအုံ၏ လက်ယာဘက်အခန်းမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ နှင်ထုတ်ပေးစေ လိုမှုကို စွဲဆိုရာ ဒီကရီရရှိသဖြင့် ဦးမြရွှေတို့က ဤပထမအယူခံကိုတင်သွင်း သည်။ အမှတ်(၂)အယူခံတရားလို ဒေါ်မြကျင်က ဦးမြရွှေ၏ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်သည်။

အဘယ်ကြောင့် ပုဒ်မ ၁၂(၁)(ဂ)အရ တရားစွဲဆိုရသည့်အကြောင်း ကို အဆိုလွှာ အပိုဒ်(၆)တွင် အောက်ပါအတိုင်းဖော်ပြထားသည်–

“ (၆) အမှတ်(၂)တရားပြိုင်သည် တရားပြိုင်ဥပစာတွင် တိရစ္ဆာန် များကို စည်းကမ်းမရှိမွေးမြူထားလျက်ရှိပါသည်။ ထိုအိရစ္ဆာန်များ၏ သဘာဝအရလည်းကောင်း၊ ၎င်းတို့မိတ်လိုက်ချိန်ကျလျှင် မိတ်လိုက် ကြသဖြင့် လည်းကောင်း၊ ၎င်းတို့၏ ဆူညံသည့် အသံဗလံများ ကြောင့် အခန်းချင်းကပ်လျက်ရှိသည့် တရားလိုမိသားစုနှင့် အိမ်နီး နားချင်းများကို စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ တရားလို မိသားစုတို့ အိပ်မောကျလျက်ရှိနေစဉ် ယင်းတိရစ္ဆာန်များ၏ ဆူညံ သည့် အသံဗလံများကြောင့် အိပ်ရာမှ လန့်နိုးရပါသည်။ အထူး သဖြင့် တရားလိုသည် အသက်အရွယ်ကြီးလာပြီဖြစ်သဖြင့် ယင်းကဲ့သို့ သော အနှောင့်အယှက်များကို နှစ်ရှည်လများ ခံစားနေရသဖြင့် လည်းကောင်း၊ တိရစ္ဆာန်များ၏ ကျင်ကြီးကျင်ငယ် စွန့်သောအခါ တရားလို၏ ဥပစာဝက်သို့ စီးဆင်းလာခြင်း၊ အနီးအနား ရှိသော နေထိုင်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ယင်းတိရစ္ဆာန် များ၏ မကောင်းသော အညစ်အကြေးများနှင့် မကောင်းဆိုးရွား အနံ့အသက်များကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရသဖြင့် လည်းကောင်း ကျန်းမာရေးကို ပိုမို၍ ထိခိုက်ဆိုးရွား ခံစားလျက်ရှိနေပါသည်။ ”

အထက်ပါ စွပ်စွဲချက်များကို ချေလွှာ အပိုဒ် (၅) နှင့် (၆) တို့တွင် အောက်ပါအတိုင်း ထုချေသည်–

“ (၅) အဆိုလွှာအပိုဒ်(၆)ကို ငြင်းဆိုပါသည်။ တရားပြိုင် အမှတ် (၂)သည် မေတ္တာအလျောက် အိမ်မွေးသတ္တဝါကြောင်ကလေးများ မွေးမြူထားခြင်းသာဖြစ်ပါသည်။ အိမ်မွေးသတ္တဝါတိုင်း၏ သဘာဝ သတ္တိ နေထိုင်မှုအရ မည်သူ့ကိုမျှ မည်သည့် စိတ်ငြိုငြင်စေမှုမျိုး မဖြစ်စေခဲ့ပါ။ တယုတယမွေးမြူထားခြင်းဖြင့်ရှိလည်း မည်သို့မျှသော ဆိုးရွားသည့်အနံ့အသက်မျိုး ဖြစ်ပေါ်စေခြင်း မရှိခဲ့ပါ။

၁၉၉၀
ဦးမြရွှေ
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်မြကျင်)
ပါ(၂)
နှင့်
ဒေါ်မြနွယ်

(၆) အဆိုလွှာ အပိုဒ်(၇)ကို ငြင်းဆိုပါသည်။ ကြောင်အတွေ့ ဝါသည် လူနှင့်အတူ နေထိုင်သော အိမ်မွေးသတ္တဝါများ ဖြစ်သည်ကို ချေပလိုပါသည်။ ''

ဒေါ်မြကျင် မွေးမြူထားသော ခွေးနှင့်ကြောင်များကြောင့် အခန်းချင်း ကပ်ရက် အိမ်ရှင်နှင့် အနီးနား နေထိုင်သူတို့အား စိတ်ငြိုငြင်စေသည့် အကြောင်းကို ဒုလက်ထောက် တိုင်းတရားသူကြီးက အောက်ပါအတိုင်း သုံးသပ်ထားသည်–

'' သက်သေခံ (ဈ) စာအရ ၂၈–၁–၈၇ ရက်နေ့တွင် တရားလိုမှ တရားပြိုင် မွေးထားသော ကြောင်များ၏ နှောင့်ယှက်မှုများကို သက်ဆိုင်ရာ ရပ်ကွက်ကောင်စီသို့ တိုင်တန်းခဲ့ကြောင်း ပေါ်ပေါက် နေပေရာ တရားလို ဒေါ်မြနွယ်အနေဖြင့် ယခုနောက်ပိုင်းမှ အိမ်ငှား ဒေါ်မြကျင်အား နှင်ထုတ်လို၍ ယင်းတိရစ္ဆာန်များအား အကြောင်းပြ၍ စွဲဆိုခြင်း မဟုတ်တန်ရာပေ။ ယင်း သက်သေခံ (ဈ) စာအရ ဒေါ်မြနွယ် တိုင်ကြားခြင်းနှင့်ပတ်သက်၍ ရပ်ကွက်မှ ဒေါ်ယုညီနိုင်း ပေးခဲ့ရကြောင်းလည်း ဦးကျော်မြင့် (လိုပြ–၂) ၏ ထွက်ချက်အရ လည်းကောင်း၊ သက်သေခံ (ည) (ည–၁)၊ (ည–၂) တို့ အရ လည်းကောင်း ပေါ်ပေါက်နေပါသည်။

သို့ဖြစ်သောကြောင့် တရားလို ဒေါ်မြနွယ်အနေဖြင့် အမှန်ပင် ယင်းတိရစ္ဆာန်များ၏ နှောင့်ယှက်မှုကို ခံစားရကြောင်းမှာ ပေါ်လွင် နေပါသည်။

ထို့ပြင် အိမ်ရှင်ဖြစ်သူ တရားလိုဒေါ်မြနွယ်၏ အဆိုနှင့် (၂) တရားပြိုင် ဒေါ်မြကျင်၏ အဆိုတို့မှာ တစ်ခန်းနှင့်တစ်ခန်း သုံးထပ် သားပြားများဖြင့် ခြားထားခြင်းဖြစ်ကြောင်း (လိုပြ–၂)မမြင့်မြင့်၏ ထွက်ဆိုချက်အရ ပေါ်ပေါက်ပါသည်။

သို့ဖြစ်ရာ ဒေါ်မြကျင်မှ မွေးထားသော ခွေးနှင့် ကြောင်များ၏ အနံ့အသက်များနှင့် မကောင်းသော အနံ့အသက်များသည် လည်း ကောင်း၊ ၎င်းတို့၏ဆူညံသံများနှင့် တစ်နှောင့်အယှက်ပြုမှုများသည် လည်းကောင်း သုံးထပ်သားဖြင့်သာ ခြားထားသော အခန်းနှင့် ကပ် ရက်တွင် နေသည့် အိမ်ရှင်ဒေါ်မြနွယ်ကို စိတ်ငြိုငြင်စေမည်မှာ မလွဲ ကေန် ဖြစ်ပေသည်။

သက်သေခံချက် အထောက်အထားများအရ ၎င်းတို့သည် တရား လိုကဲ့သို့သော မက အနီးအနားတွင် နေထိုင်သူ အိမ်နီးနားချင်းတို့အား

၁၉၉၁
ဦးမြရွှေ
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်မြကျင်)
ပါ(၂)
နှင့်
ဒေါ်မြနွယ်

လည်း အနှောင့်အယှက်များ ပေးကြောင်းနှင့် စိတ်ပြိုမြင်မှုများ ဖြစ်စေခဲ့ကြောင်းမှာလည်း ပေါ်ပေါက်နေပေသည်။ "

ဘုရားလို ဒေါ်မြနွယ်က ဒေါ်မြကျင်သည် ကြောင်(၄၁၀)ကောင်ကျော် မွေးထားပြီး ယင်းမွေးမြူထားသည့် တိရစ္ဆာန်များကြောင့် အနှောင့်အယှက် ဖြစ်ရပုံကို အောက်ပါအတိုင်းထွက်ဆိုသည်—

" ယင်းတိရစ္ဆာန်များ တစ်ကောင်နှင့်တစ်ကောင်ကိုက်ကြသဖြင့် ၎င်း၊ တိရစ္ဆာန်တို့၏ သဘာဝအရ ဥပစာတို့၏နံရံများကို တွယ်တက်ခြင်း၊ ခုန်ချခြင်းများ ပြုလုပ်ကြသည့်အတွက် အိပ်မောကျသည့် အချိန်များ တွင် လန့်နိုးခဲ့ရသည့်အကြိမ်ပေါင်းလည်း များပါသည်။ ယင်းကဲ့ သို့သော ဒုက္ခမျိုးကို တရားလိုအနေနှင့် အချိန်ရှိသရွေ့ ခံစားနေရ ပါသည်။ (၂) တရားပြိုင်သည် ကျောင်းဆရာမ တစ်ဦး ဖြစ်သည့် အတွက် မနက် ၉ နာရီလောက်တွင် အိမ်မှထွက်သွားပြီး ကျောင်း ဆင်းချိန် ၃ နာရီခွဲ ရှိသော်လည်း တစ်ခါတစ်ရံ ၅ နာရီခွဲလောက်တွင်မှ ပြန်၍ရောက်တတ်ပါသည်။

ကျွန်မသည် တိရစ္ဆာန်တို့၏နှောင့်ယှက်မှုဒဏ်ကို ခံစားနေရသည့် အတွက် အထူးကုဆရာဝန် ဒေါက်တာဦးလှမြင့်နှင့် နှလုံးရောဂါကို ကုသလျက်ရှိနေရကြောင်း သက်သေခံ(စ၁)မှ(စ—၃)အထိ သက်သေခံ ဆေးစာကို တင်ပြပါသည်။ "

ဘောချင်းကပ်ရက်အိမ်တွင်နေထိုင်သည့် ဦးအုန်းလှိုင်က ဒေါ်မြကျင်တွင် ကြောင်သာမက ခွေးလည်း ၄/၅ကောင် မွေးထားကြောင်းနှင့် ယင်း တိရစ္ဆာန်များ၏ အနှောင့်အယှက်ပြုပုံကို အောက်ပါအတိုင်း ထွက်ဆိုထား သည်—

" တရားပြိုင်ဒေါ်မြကျင် မွေးမြူထားသော ကြောင်များသည် ကျွန် တော်တို့အိမ် မီးဖိုချောင်ရှိ အစားအသောက်များကို လာ၍စားခြင်း၊ ဘုရားစင်မှကပ်လှူထားသော သောက်တော်ရေများကို လာသောက် ခြင်း၊ ယင်းကြောင်များသည် မိမိအိမ်တွင် ကြွက်များလာရောက်ခုတ် သဖြင့် ဟိုကောင်ဒီကောင် ထက်ခြင်း၊ ကြောင်များ စွန့်ပစ်သည့် အညစ်အကြေးများကြောင့် ဆိုးရွားသော အနံ့အသက်များ ခံစားရ ခြင်းတို့ ဖြစ်ပါသည်။

× × ×

ကျွန်တော့်အနေဖြင့် တရားပြိုင်ဒေါ်မြကျင်အား ကြောင်များနှင့် ပတ်သက်၍ အနှောင့်အယှက်ပေးသည့် ကိစ္စ ပြောဖူးပါသည်။ ကျွန်တော်တို့ အိမ်တွင် ခြင်ထောင်ထောင်၍အိပ်သည့်အခါမှ ခြင်ထောင်အောက်သို့ သွားရင်း ကျင်ငယ်စွန့်သွားသဖြင့် အနံ့အသက်များ နံစော်နေပါသည်။

၁၉၉၁
ဦးမြရွှေ
(၎င်း၏
ကိုယ်စားလှယ်
ဒေါ်မြကျင်)
ပါ(၂)
နှင့်
ဒေါ်မြနွယ်

× × ×

ယင်း ခွေးများ ကြောင်များ၏ အနံ့အသက် နှောင့်ယှက်မှုများ ကြောင့် ကျွန်တော့်အနေဖြင့် စိတ်ချမ်းသာမှု မရှိပါ။ ကျွန်တော့် မိသားစု (၁၆)ယောက်မှလည်း ယင်း ခွေး ကြောင်များ၏ နှောင့်ယှက်မှုများကြောင့် ပူညံပူညံပြောဆိုကြပါသည်။ ကျွန်တော့်အနေဖြင့် ပြဿနာမဖြစ်ရန် ထိန်းပေးရပါသည်။ ”

အမှတ် (၃၂) သိပ္ပံလမ်းတွင် နေထိုင်သော ဦးမောင်ငွေ က လည်း အောက်ပါအတိုင်း ထွက်ဆိုသည်-

“ ဒေါ်မြကျင်၏ အခန်းတွင် ပထမ ကြောင်များမွေးထားပါသည်။ ယခု ခွေးများပါမွေးထားသည်ကို တွေ့ရပါသည်။ ၎င်း မွေးထားသော ကြောင်များမှာ (၁၀)ကောင် ပတ်ဝန်းကျင်ခန့် ရှိကြောင်း တွေ့ရပါသည်။ သူ မွေးထားသည်မှာ ခွေးဖြစ်ပြီး ခွေးငယ်များ ၄-၅-၆ ကောင်ခန့် ရှိသည်ကို သိရပါသည်။

ဒေါ်မြကျင်အခန်းမှ ကြောင်များ ခွေးများမှာ ဆူညံဆူညံရှိကြပါသည်။ ထိုကဲ့သို့ဆူညံရခြင်းမှာ တစ်ကောင်နှင့်တစ်ကောင် ကိုက်သဖြင့် လည်းကောင်း၊ ကြောင်များ မိတ်လိုက်သဖြင့် လည်းကောင်း ဆူညံရခြင်းဖြစ်ပါသည်။

ဒေါ်မြကျင်သည် အိမ်တွင်လူအနေနည်းသဖြင့် ခွေးများ ကြောင်များအား တံခါးပိတ်၍ထားခဲ့သဖြင့် ယင်း တိရစ္ဆာန်များအနေဖြင့် အစဉ်သဖြင့် ဆူဆူညံညံဖြစ်နေသည်ကို ကြားရပါသည်။ ”

တစ်အိမ်ကျော်တွင်နေသောဦးမောင်မြင့်ကလည်း ဒေါ်မြကျင်၏တိရစ္ဆာန်များကြောင့် စိတ်ပြိုငြင်ရပုံကို အောက်ပါအတိုင်းထွက်ဆိုထားသည်-

“ ဒေါ်မြကျင်မွေးထားသည့်ကြောင်များမှ ကျွန်တော့်အိမ်ခေါင်မိုးပေါ်သို့ လာရောက်ပြီး ကြောင်ချေးများ ပါခြင်း၊ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြခြင်းများ ရှိပါသည်။ ယင်းသို့ ကြောင်များ

လာရောက်၍ကိုက်ကြပုံကြခြင်းမှာ ည ၁၈ နာရီမှ ညဥ့်နက်သန်းခေါင် အချိန်များအတွင် ဖြစ်တတ်ပါသည်။ ညပိုင်းတွင် ယင်းကဲ့သို့ လာရောက်၍ ဆူညံဆူညံပုံကြသည်မှာ ယေဘုယျအားဖြင့် ၂ ခါလောက်တော့ ရှိတတ်ပါသည်။ ကျွန်တော်တို့အနေဖြင့် ယင်းသို့ အိမ်ခေါင်မိုးပေါ်သို့ လာရောက် ဆူညံမှု ပြုသည့်အတွက် ယင်းကြောင်များကို အောက်မှနေ၍ အိမ်ခေါင်မိုးကိုတုတ်နှင့်ထိုး၍ မောင်းရပြုရပါသည်၊

တရားပြိုင်ဒေါ်မြကျင်၏ ခွေးမှာ အိမ်တွင် မွေးထားသည့်ခွေး ဖြစ်ပါသည်။ ညပိုင်းတွင် ခွေးများ အူခြင်း ကိုက်ခြင်းများ ရှိပါသည်။

ဒေါ်မြကျင်မွေးထားသော ကြောင်များ ခွေးများကြောင့် ကျွန်တော့်အနေဖြင့် ယင်းတို့၏နှောင့်ယှက်မှုကို ခံစားရပါသည်။

ကျွန်တော့်တွင် မိသားစု (၇)ယောက်ရှိပြီး ထိုကြောင်များ ခွေးများ ဆူညံသံကြောင့် စိတ်ညစ်ကြရပါသည်။ "

အထက်ပါထွက်ဆိုချက်များအရ ဒေါ်မြကျင်သည် အခြားသူများကဲ့သို့ ကြောင်တစ်ကောင်၊ ခွေးတစ်ကောင် မွေးသားခြင်းမဟုတ်ဘဲ အများအပြား မွေးမြူထားပြီး ယင်းတိရစ္ဆာန်များက အနီးအနား နေထိုင်သူတို့၏ အိမ်တွင်း၊ အိမ်ပြင်၊ အိမ်ခေါင်မိုးပေါ် သွားရောက် နှောင့်ယှက်ကြောင်း အထက်ပါထွက်ချက်များအရ ပေါ်ပေါက်သည်။ မိမိကိုယ်ပိုင်ခြံအတွင်း၌ ကြိုက်နှစ်သက်သည့် အရေအတွက်ကို မွေးမြူနိုင်မည် ဖြစ်သော်လည်း သူတစ်ပါးနှင့်ကပ်လျက် နေထိုင်ရသောအခြေအနေတွင် အရေအတွက်များများ မွေးခြင်းဖြင့် အနီးအနား နေသူတို့အား စိတ်ငြိုငြင်စေမည် သို့မဟုတ် အနှောင့်အယှက် ဖြစ်စေမည် ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် ဒုလက်ထောက် တိုင်းတရားသူကြီးက ပုဒ်မ ၁၂(၁)(ဂ)အရ ဒီကရီချပေးခြင်းမှာ မှားယွင်းမှုမရှိသဖြင့် အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဤရုံးရှေ့နေခ ၁၀၀/-ကျပ် သတ်မှတ်သည်။

# တရားမ အထွေထွေ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်းရွှေတွင်

ဦးမြင့်သိန်း-ပါ (၂)

နှင့်

ဒေါ်ညိုညို ပါ-(၆)*

(ကွယ်လွန်သူ ဒေါ်အုံးကြိုင်၏ တရားဝင် ကိုယ်စားလှယ်များ)

+ ၁၉၉၁
ဇန်နဝါရီလ
၁၇ ရက်

**ဥပစာဆိုသည့် စကားရပ်၌ အိမ်သာမက အိမ်တည်ရှိရာ မြေကွက်ပါ အကျုံး ဝင်-မဝင်**

**ဆုံးဖြတ်ချက်။** ယခုအမှုတွင် အဓိကစဉ်းစားရမည့်အချက်မှာ "အချင်းဖြစ် ဥပစာဆိုသည့် စကားရပ်၌ အိမ်တစ်ခုတည်းသာ အကျုံးဝင်သလား" သို့မဟုတ် "အိမ်တည်ရှိရာမြေကွက်ပါ အကျုံးဝင်သလား" ဆိုသည့်အချက် ဖြစ်သည်။ ပကတိ အဖြစ်မှန်သဘောအရ စဉ်းစားလျှင် ဥပစာ ဆိုသည်မှာ မြေကြီးကို အခြေခံသည်။ အခြေခံမြေကြီး မရှိဘဲ အိမ်ဥပစာဟူ၍ တည်ရှိနိုင်မည် မဟုတ်ပေ။ သို့သော် တစ်ဘက်တွင် အိမ်ဥပစာ မရှိဘဲ မြေကြီး တည်ရှိနိုင်သည်။ ထို့ကြောင့် ဥပစာ ဆိုသည့် စကားရပ်၌ မြေကြီးမှာ အဓိကဖြစ်သည်။ မြေကြီးနှင့်အိမ်ဥပစာတို့မှာ ဆက်နွယ်နေရမည့်ပစ္စည်းများ ဖြစ်သည်။ ထို့ကြောင့် ဥပစာဆိုသည့် ဝေါဟာရ၌ အချင်းဖြစ်အိမ် တည်ရှိရာ မြေကြီး ပါဝင်သည်ဟူ၍ ယေဘုယျအားဖြင့် မှတ်ယူရမည်ဖြစ်သည်။

အယူခံ တရားလိုများအတွက် — ဦးခင်မောင်မြင့်(မြည်)
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးစိန်သန်း(ပဲခူး)
တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘတင့်၊ ဒုတိယ ညွှန်ကြားရေးမှူး၊
တရားရုံးချုပ်

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၁၃၇

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမဇာရီမှု အမှတ် ၂၁ တွင် ချမှတ်သော (၂-၈-၉၀) ရက်စွဲပါ ပဲခူးတိုင်းတရားရုံး၏ ဒီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၉၁
ဦးမြင့်သိန်း ပါ(၂) နှင့် ဒေါ်ညိုညို ပါ(၆) (ကွယ်လွန်သူ ဒေါ်အုံးကြိုင်၏ တရားဝင် ကိုယ်စားလှယ်များ)

ပြည်မြို့ ဆံတော်ရစ်ရပ်ကွက် တရားရုံး ၁၉၈၅ ခုနှစ် တရားမကြီးမှု အမှတ် ၄ တွင် တရားလို ဒေါ်အုံးကြိုင်နှင့် ဦးအောင်မြင့်တို့က တရားပြိုင် ဦးမြင့်သိန်းနှင့် ဒေါ်မြင့်တို့အပေါ်၌ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(က)နှင့် (ဂ)တို့အရ အချင်းဖြစ် နေအိမ်မှ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ ထိုဒီကရီကို အယူခံရုံးအဆင့်ဆင့်၌လည်း အတည်ပြုထားကြောင်း ပေါ်ပေါက်သည်။ ထို ဒီကရီကို တရားနိုင်များဘက်မှ ပြည်မြို့နယ်တရားရုံး တရားမဇာရီမှု အမှတ် ၂၁/၉၀ အရ အတည်ပြုဆောင်ရွက်လျက်ရှိသည်။ ဇာရီမှုတွင် မြည်မြို့နယ် တရားသူကြီးက ၎င်း၏ ၂-၈-၉၀ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်း ၃၅ အရ အချင်းဖြစ် ဥပစာအား လက်ရောက်ပေးအပ်ရေးအတွက် ဝရမ်းထုတ်ဆင့်ရန် အမိန့်ချသည်။ ထိုအမိန့် ကို မကျေနပ်၍ တရားရုံး ဦးမြင့်သိန်းနှင့် ဒေါ်မြင့် တို့က ပဲခူးတိုင်း တရားရုံး (ပြည်မြို့နယ်စု)သို့ တရားမအယူခံမှု အမှတ် ၃၉/၉၀ အရ ဝင်ရောက်ခဲ့ရာ ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ်သို့ဆက်လက်၍ အထွေထွေ အယူခံ ဝင်ရောက်လာခြင်းဖြစ်သည်။

ဤအယူခံ၌ အောက်ပါအချက်များကို အဓိက အကြောင်းပြသည်-

(၁) နိုင်ငံတော် တရားရုံးချုပ်၏ တရားမ ပြင်ဆင်မှု အမှတ် ၁၃၉/၉၀ တွင် ချမှတ်ထားသော အမိန့်အရ အချင်းဖြစ် နေအိမ် မရှိတော့၍ တရားရှုံးများအားဖယ်ရှားနှင်ထုတ်ရန် ဝရမ်းထုတ်ဆင့်ခြင်း မပြုနိုင်ကြောင်း၊

(၂) အချင်းဖြစ်နေအိမ် မရှိတော့သဖြင့် တရားရှုံးများအား မြေပေါ်မှနှင်ထုတ်ရန် ဝရမ်းထုတ်ဆင့်ခြင်းမှာ မှားယွင်းကြောင်း၊ အချင်းဖြစ်ဥပစာ၌ မြေပါဝင်ခြင်းမရှိကြောင်း၊ အိမ်ဥပစာ ဟူ၍သာ ဖော်ပြထားကြောင်း၊

(၃) ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့တော် သန့်ရှင်း သာယာ လှပရေး စီမံချက်အရ အချင်းဖြစ် နေအိမ်ကို အင်အား သုံး၍ ဖျက်သိမ်းပြီးနောက် အမိုး အကာ အခင်းစသည့် ပစ္စည်းများကို ကားဖြင့် သယ်ဆောင်သွားသဖြင့် အချင်း ဖြစ် နေအိမ် မရှိတော့ကြောင်း၊ အယူခံတရားလိုများ အနေ ဖြင့် အချင်းဖြစ်နေအိမ် မရှိတော့၍ အစိုးရပိုင် ဝရံမြေကွက် လပ်ပေါ်၌ ဆက်လက်၍ နေထိုင်ခြင်း ဖြစ်ကြောင်း၊

(၄) ယခုကိစ္စကို ပထမတန်းကြိမ် ပြည်မြို့နယ်တရားရုံး တရားမဇာရီမှု အမှတ် ၂/၉၀ အရ တရားနိုင် ဒေါ်ညိုညို-ပါ (၆)ဦးတို့က

၁၉၉၁
ဦးမြင့်သိန်း
ပေါ်(၂)
နှင့်
ဒေါ်ညိုညို
ပေါ်(၆)
(ကွယ်လွန်သူ
ဒေါ်အုံးကြိုင်
၏
တရားဝင်
ကိုယ်စားလှယ်
များ)

အတည်ပြုခဲ့ရာ တွံတေးမြို့နယ် တရားသူကြီးက ၎င်း၏ ၂၄-၁-၉၀ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ အချင်းဖြစ် အိမ်ခန်းမှာ ဖျက်သိမ်းပြီး ဖြစ်သဖြင့် မြေ၌ တွယ်ကပ် နေသူ တရားရှုံးများအား ဒီကရီကို ကျော်လွန်ပြီး နှင်ထုတ်ရန်အတွက် ဝရမ်းထုတ်ဆင့်ခြင်း မပြုနိုင်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ထိုအမိန့်ကို တရားနိုင်များက တရားရုံးချုပ်သို့ တရားမပြင်ဆင်မှု အမှတ် ၁၃၉/၉၀ အရ ဝင်ရောက်သော အခါ တရားရုံးချုပ်က ၂၀-၃-၉၀နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ ပြင်ဆင်မှုကို ပယ်ခဲ့ကြောင်း၊ တရားရုံးချုပ်၏ အမိန့်တွင် အချင်းဖြစ်နေအိမ်မှာ မရှိတော့သဖြင့် နှင်ဝရမ်း ထုတ်ဆင့်ခြင်း မပြုနိုင်ကြောင်း၊ မူလရုံးက ချမှတ်သော ၂၄-၁-၈၉ နေ့စွဲပါ အမိန့်မှာ မှားယွင်းခြင်းမရှိဟု သုံးသပ် ထားကြောင်း၊ ထိုအမိန့်ရှိနေပါလျက် တရားနိုင်က နောက် ထပ် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အကြောင်း ပြသည်။

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ဘောဒီ သန့်ရှင်းသာယာလှပရေး စီမံချက်အရ အချင်းဖြစ်အိမ်အား ဖျက်သိမ်းပြီးဖြစ်သဖြင့် အချင်းဖြစ်အိမ် မရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။ သို့သော် တရားရှုံးများသည် အချင်းဖြစ်အိမ်တည်ရှိရာ မြေကွက်ပေါ်၌ တဲထိုး၍ တွယ်ကပ်နေထိုင်ကြောင်း ပေါ်ပေါက်သည်။ ဇာရီအတည်ပြုသည့် မြို့နယ်တရားသူကြီးက အချင်းဖြစ် ဥပစာမှ တရားရှုံးများအား ဖယ်ရှားထွက်ခွာသွားစေ၍ တရားနိုင်သို့ လက်ရောက်ပေးအပ်စေရန် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၃၅ အရ ဝရမ်းထုတ်ဆင့်သည်။ ထိုအမိန့်ကို ပဲခူးတိုင်း တရားရုံးကလည်း အတည်ပြု ထားသည်။

ယခုအမှုတွင်အဓိကစဉ်းစားရမည့်အချက်မှာ "အချင်းဖြစ် ဥပစာဆိုသည့် စကားရပ်၌ အိမ်တစ်ခုတည်းသာ အကျုံးဝင်သလား" သို့မဟုတ် "အိမ် တည်ရှိရာ မြေကွက်ပါ အကျုံးဝင်သလား" ဆိုသည့်အချက်ဖြစ်သည်။ ပကတိ အဖြစ်မှန်သဘောအရ စဉ်းစားလျှင် ဥပစာ ဆိုသည်မှာ မြေကြီးကို အခြေ ခံသည်။ အခြေခံမြေကြီးမရှိဘဲ အိမ်ဥပစာဟူ၍ တည်ရှိနိုင်မည် မဟုတ်ပေ။ သို့သော် တစ်ဘက်တွင် အိမ်ဥပစာ မရှိဘဲ မြေကြီး တည်ရှိနိုင်သည်။ ထို့ ကြောင့် ဥပစာဆိုသည့် စကားရပ်၌ မြေကြီးမှာ အဓိကဖြစ်သည်။ မြေကြီး နှင့် အိမ်ဥပစာတို့မှာ ဆက်နွယ်နေရမည့် ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် ဥပစာ ဆိုသည့် ဝေါဟာရ၌ အချင်းဖြစ်အိမ်တည်ရှိရာ မြေကြီးပါဝင်သည် ဟူ၍ ယေဘုယျအားဖြင့် မှတ်ယူရမည် ဖြစ်သည်။ သို့ဖြစ်၍ အချင်းဖြစ် အိမ်ကို စည်ပင်သာယာရေးအဖွဲ့၏ စီမံချက်အရ အပြီးအပိုင် ဖျက်သိမ်းပြီး ယူဆောင်သွားသဖြင့် မြေကြီးသာ ကျန်ရှိတော့သင့်ကစား ထိုမြေကြီးမှာ

၁၉၉၀
ဦးမြင့်သိန်း ပါ (၂) နှင့် ဒေါ်ညိုညို ပါ (၆) (ကွယ်လွန်သူ ဒေါ်အုံးကြိုင်၏ တရားဝင် ကိုယ်စားလှယ်များ)

အချင်းဖြစ် ဥပစာ၌ အကျုံးဝင်နေခြင်းကြောင့် ထိုမြေကြီးပေါ်၌ တဲထိုး၍ တွယ်ကပ်နေသူ တရားရှိုးများအား မြေကြီးပေါ်မှ ဖယ်ရှားစေ၍ မြေကြီးအား တရားနိုင်သို့ လက်ရောက်ပေးအပ်ရန်ဆုံးဖြတ်သည့် မူလ မြို့နယ်တရားရုံးနှင့် ထိုအမိန့်ကို အတည်ပြုသည့် ပဲခူးတိုင်းတရားရုံး၏ အမိန့်တို့မှာ ဥပဒေအရ လွဲမှားကြောင်း မတွေ့ရသဖြင့် ဆက်လက်အတည်ပြုပြီး ယခု အယူခံအား တရားရုံးအဆင့်ဆင့် ကုန်ကျစရိတ်ဖြင့် ပလပ်လိုက်သည်။

ဤအမှုအတွက် ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒေါ်ယဉ်ယဉ်မြင့်

နှင့်

ဒေါ်ပေါလု *

+ ၁၉၉၁<br>ဒီဇင်ဘာလ<br>၇ ရက်

ပေါင်နှံထားသော မြေကွက်ကို ရွေးနုတ်လိုမှု– ပေါင်နှံမှု အထ မမြောက်ပါက ပေါင်နှံမှုသည် ပိုင်ဆိုင်မှုကိုအခြေပြု၍ လက်ရောက် ရလိုကြောင်း စွဲဆိုနိုင်ခြင်း– မူလရုံးနှင့် ပြည်နယ် တရားရုံးတို့က တစ်သဘောတည်း တောက်ယူဆုံးဖြတ်ခဲ့စေကာမူ ဥပဒေနှင့်မညီလျှင် တရားရုံးချုပ်အနေဖြင့် စွက်ဖက် ပြင်ဆင်ပေးခြင်း။

**ဆုံးဖြတ်ချက်။** အယူခံ တရားပြိုင် ဒေါ်ပေါလုအားကိုးပြု စွဲဆိုသော သက်သေခံ (က) စာချုပ်မှာ မှတ်ပုံတင်ထားခြင်းမရှိ၍ အပေါင် အထ မမြောက်ပေ။ သို့ဖြစ်၍ ရွေးနုတ်လိုမှု စွဲဆိုနိုင်ခြင်း မရှိချေ။ ပေါင်နှံမှု အထ မမြောက်ပါက ပေါင်နှံသူသည် ပိုင်ဆိုင်မှုကို အခြေပြု၍ လက်ရောက် ရလိုကြောင်း စွဲဆိုနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** အယူခံတရားပြိုင် ဒေါ်ပေါလုအနေဖြင့် အမှုစွဲဆိုပုံများယွင်းနေ၍ တောင်းဆိုသည့် သက်သာခွင့် မရနိုင်ပေ။ သို့ဖြစ်၍ မူလရုံးနှင့် ပြည်နယ် တရားရုံးတို့က ဒေါ်ပေါလု စွဲဆိုသည့်အတိုင်း အပေါင်ပစ္စည်းကို ရွေးနုတ်စေရန် ဒီကရီ ချမှတ်ခဲ့ခြင်းမှာ မှန်ကန်ခြင်း မရှိချေ။ မူလရုံးနှင့် ပြည်နယ်တရားရုံးတို့က တစ်သဘောတည်း တောက်ယူ ဆုံးဖြတ်စေခဲ့ကာမူ အပေါင်အထမမြောက်သော ပေါင်နှံမှုအပေါ် အခြေပြု၍ အပေါင်ရွေးနုတ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီ၍ ဒုတိယအယူခံတွင် တရားရုံးချုပ်အနေဖြင့် ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်ပေးသင့်ပေသည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ်-၁၃၆

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၇–၈–၉၀) ရက်စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**+ ၁၉၉၁**
**ဒေါ်ယဉ်ယဉ် မြင့် နှင့် ဒေါ်ပါလု**

အယူခံတရားလိုအတွက် — ဦးဝင်းမော်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်ခင်မေ၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်သစ်၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။

မိုင်းတုံမြို့နယ်တရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂ တွင် ဒေါ်ပါလုက ဒေါ်ယဉ်ယဉ်မြင့်အပေါ် အပေါင်ထားသည့် မြေကွက်ကို ရွေးနုတ်လိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းစီရင်ချက်နှင့် ဒီကရီကို ဒေါ်ယဉ်ယဉ်မြင့်က မကျေနပ်၍ ရှမ်းပြည်နယ် တရားရုံးသို့ အယူခံရာ ဒေါ်ယဉ်ယဉ်မြင့် ဆောက်လုပ်ထားသောအိမ်ကို ဖျက်ပေးရမည် ဖြစ်၍ အိမ်၏တန်ဖိုးငွေ ၂၅၀၀၀/-နှင့် ပေါင်ကြေးငွေ ၅၀၀၀/- စုစုပေါင်း ၃၀၀၀၀/-ဖြင့် အချင်းဖြစ်မြေကို ရွေးနုတ်ခွင့်ပြုကြောင်း ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်း စီရင်ချက်နှင့် ဒီကရီကို ဒေါ်ယဉ်ယဉ်မြင့်က မကျေနပ်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)သို့ ဤတရားမဒုတိယအယူခံကို တင်သွင်းသည်။

အယူခံ တရားပြိုင် ဒေါ်ပါလုနှင့် သမက်ဖြစ်သူ ဦးသောင်းစိန်တို့က အယူခံတရားလို ဒေါ်ယဉ်ယဉ်မြင့်နှင့် ခင်ပွန်း ဦးခင်မောင်တို့ အိမ်ဆောက်နေထိုင်သော မြေကွက်ကို တန်ဖိုးငွေ ၅၀၀၀/-ဖြင့် ပေါင်နှံထားခဲ့သည်။ ထိုသို့ပေါင်နှံရာတွင် ပေါင်နှံသည့်မြေကို ၂ နှစ်အတွင်း ပြန်လည်ရွေးယူမည်ဟု စည်းကမ်းချက်ရှိသည့်အတိုင်း ၂နှစ် ပြည့်ရန် ၂လ အလိုတွင် ပြန်လည်ရွေးရာ ဒေါ်ယဉ်ယဉ်မြင့်တို့ဘက်မှ အရွေးမခံဟုဆိုသည်၊ ဒေါ်ပါလုတို့က ၄ ကြိမ်မျှ အချင်းဖြစ်မြေကို ပြန်ရွေးသော်လည်း ဒေါ်ယဉ်ယဉ်မြင့် တို့က ပြန်ရွေးခွင့်မပြုသဖြင့် အချင်းဖြစ်အမှုကို စွဲဆိုရသည်ဟု အဆိုပြုသည်။

အယူခံတရားလို ဒေါ်ယဉ်ယဉ်မြင့်က အယူခံတရားပြိုင် ဒေါ်ပါလုနှင့် သမက် ဦးသောင်းစိန်တို့သည် အချင်းဖြစ်မြေကို မိမိနှင့် ခင်ပွန်းဦးခင်မောင် တို့ထံတွင် ငွေ ၅၀၀၀/-ဖြင့် ရောင်းပေါင်အဖြစ် ပေါင်ထားခြင်းဖြစ်ကြောင်း အပေါင်စာချုပ်တွင် အပေါင်ထားသည့်မြေကို ၂ နှစ်အတွင်း ရွေးယူမည်ဟု စည်းကမ်းချက် မရှိသော်လည်း ဒေါ်ပါလုတို့သည် ၂နှစ်ကျော်သော်လည်း လာရောက်ရွေးယူခြင်း မရှိ၍ မြေကွက်မှာဆုံးရှုံးပြီးဖြစ်သည်ဟု ထုချေသည်။

မူလရုံးက အဆိုအချေများအရ ငြင်းချက်(၃)ရပ် ထုတ်၍ ဒေါ်ပါလု အနေဖြင့် အချင်းဖြစ်မြေကွက်ကို ရောင်းချရန်မရည်ရွယ်ဘဲ ပေါင်နှံခြင်းသာ ဖြစ်၍ အချင်းဖြစ် မြေကို ပြန်လည် ရွေးနုတ်ခွင့် ရှိသောကြောင့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ ပြည်နယ် တရားရုံးကလည်း မူလရုံးကဲ့သို့ပင်

၁၉၉၁

ဒေါ်ယဉ်ယဉ်မြင့် နှင့် ဒေါ်ပါလု

အချင်းဖြစ်မြေမှာ ပေါင်နှံခြင်းသာဖြစ်၍ ပြန်လည် ရွေးနုတ်ခွင့်ရှိကြောင်း ထပ်တူ ဘောက်ယူခဲ့သော်သည်၊ သာတူညီမျှဖြစ်စေရန်အလို့ငှာ ဒေါ်ယဉ်ယဉ်မြင့် ဆောက်လုပ်ထားသည့် အိမ်ကို ဖျက်ရမည် ဖြစ်၍ ဒေါ်ပါလုက ဒေါ်ယဉ်ယဉ်မြင့်အား နစ်နာကြေးနှင့် ပေါင်ကြေးငွေကိုပေးက ရွေးနုတ်ခွင့်ပြုရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ယဉ်ယဉ်မြင့်က မကျေနပ်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)သို့ ဤ တရားမ ဒုတိယအယူခံကို တင်သွင်းသည်။

အမှုတွင် အယူခံ တရားပြိုင် ဒေါ်ပါလုက သက်သေခံ (က) ကတိစာချုပ်ကို အခြေပြု၍ အပေါင်ရွေးနုတ်လိုမှု စွဲဆိုကြောင်း ပေါ်ပေါက်သည်။ ၁၉၄၂ ခုနှစ်၊ ရှမ်းပြည်နယ် မှတ်ပုံတင် အမိန့် အပိုဒ် ၁၊ ၄ နှင့် ၆ တို့တွင် အောက်ပါအတိုင်း ထုတ်ပြန်ထားသည်—

" ဤအမိန့်သည့် ၁၈၉၈ ခုနှစ်၊ မြူနီစီပါယ် အက် ဥပဒေ ပုဒ်မ ၂၄၆ အရ သတ်မှတ်ထားသော ဒေသများ ဖြစ်သည့် တောင်ကြီး ကလော၊ လားရှိုး၊ သီပေါ၊ အောင်ဘန်း၊ ညောင်ရွှေ၊ လွိုင်လင်၊ ကျောက်မဲ၊ ပင်လုံ၊ မိုးနဲ၊ ကျိုင်းတုံနှင့် မိုးရထားဌာနပိုင် ဒေသများမှ အပ ကျန်ရှမ်းပြည်နယ်ဒေသများတွင်အာဏာသက်ရောက်သည်။ XXX

ဤအမိန့်အာဏာ သက်ရောက်သော ဒေသတွင် ကျပ် ၁၀၀ နှင့် ကျပ် ၁၀၀ အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ ရောင်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေါင်နှံခြင်းကိစ္စတို့တွင်သော် လည်းကောင်း၊ တန်ဖိုးကို ကန့်သတ်ခြင်း မရှိဘဲ လက်ဆောင်ပေးသည့် ကိစ္စတို့တွင်သော် လည်းကောင်း၊ တစ်နှစ်မှ တစ်နှစ်၊ သို့မဟုတ် တစ်နှစ်ထက် ပိုသော ငှားရမ်းခြင်းကိုသော် လည်းကောင်း၊ စိုက်ပျိုးခြင်းအတွက် ငှားရမ်းမှုမှအပ နှစ်စဉ် ငှားရမ်းခသတ်မှတ်ပြီး ငှားရမ်းသည့်ကိစ္စတို့တွင်သော် လည်းကောင်း အဆိုပါကိစ္စတို့အတွက် ချုပ်ဆိုသော စာချုပ်စာတမ်း အားလုံးကိုသော် လည်းကောင်း၊ ထိုဒေသတွင်တည်ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုခဲ့သော စာချုပ်စာတမ်းများကိုသော် လည်းကောင်း ဤ အမိန့်ပါ ပြဋ္ဌာန်းချက်များအတိုင်း မှတ်ပုံတင်ထားရမည်။ XXX

ဤအမိန့်အရ မှတ်ပုံတင်ထားရမည်ဟု သတ်မှတ်ထားသော စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းမရှိခဲ့လျှင် ထိုစာချုပ်စာတမ်းသည် စာချုပ်စာတမ်းတွင် ဖော်ပြသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်၍ မည်သို့အကျိုးသက်ရောက်ခြင်းမရှိစေရ။ သက်သေခံအဖြစ်လည်း တင်သွင်းခွင့်မရှိစေရ။ XXX "

၁၉၆၀
ဒေါ်ယဉ်ယဉ်
မြင့်
နှင့်
ဒေါ်ပါလု

အသက်ပါပြဋ္ဌာန်းချက်အရ ပေါင်နှံမှုတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လိုအပ်ကြောင်း မြင်သာသည်။

အယူခံတရားပြိုင် ဒေါ်ပါလု အားကိုးပြုစွဲဆိုသော သက်သေခံ (က) စာချုပ်မှာ မှတ်ပုံတင်ထားခြင်းမရှိ၍ အပေါင်အထမြောက်သေး။ သို့ဖြစ်၍ ရွေးနုတ်လိုမှုစွဲဆိုနိုင်ခြင်းမရှိချေ။ ပေါင်နှံမှုအထမမြောက်ပါက ပေါင်နှံသူသည် ပိုင်ဆိုင်မှုကို အခြေပြု၍ လက်ရောက် ရလိုကြောင်း စွဲဆိုနိုင်သည်။ မောင်လှကျော် နှင့် ဒေါ်ချစ်[၁] အမှုတွင် ကြည့်ပါ။

အယူခံတရားပြိုင် ဒေါ်ပါလုက အဆိုလွှာခေါင်းစီးတွင်သာ 'မရွေးမပြောင်းနိုင်သော အပေါင်ပစ္စည်းကို ရွေးလိုကြောင်း သို့တည်းမဟုတ် ပြန်၍ ရလိုကြောင်း အပေါင်ခံသူအပေါ်စွဲဆိုမှု' ဟု ဖော်ပြထားပြီး သက်သာခွင့်နှင့် ပတ်သက်၍ အဆိုပါအပိုဒ် (ဂ)တွင် အောက်ပါအတိုင်း အဆိုပြု ဖော်ပြထားသည်–

> " (ဂ) တရားလိုဖြစ်သူ ဒေါ်ပါလုအား တရားပြိုင်ဒေါ်ယဉ်ယဉ်မြင့်၏ လင်ယောကျ်ား ဖြစ်သူ ဦးခင်မောင်ထံတွင် ပေါင်နှံထားသည့် မြေကွက်ကို ပြန်လည်ရွေးနုတ်ခွင့် ဒီကရီ ချမှတ်ပေးပါရန် ရှိုးခေ်ာသို့ လေးစားစွာ လျှောက်ထားအပ်ပါသည်။ "

အထက်ပါအတိုင်းတောင်းဆိုထားသဖြင့် အပေါင်ရွေးနုတ်လိုမှုစွဲဆိုခြင်း ဖြစ်ကြောင်း ပေါ်လွင်သည်။ အယူခံတရားပြိုင် ဒေါ်ပါလုအနေဖြင့် အမှုစွဲဆိုမှု မှားယွင်းနေ၍ တောင်းဆိုသည့်သက်သာခွင့် မရနိုင်ပေ။ သို့ဖြစ်၍ မူလရုံးနှင့် ပြည်နယ်တရားရုံးတို့က ဒေါ်ပါလုစွဲဆိုသည့်အတိုင်း အပေါင်ပစ္စည်းကို ရွေးနုတ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။ မူလရုံးနှင့် ပြည်နယ်တရားရုံးတို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့စေကာမူ အပေါင်အထမမြောက်သော ပေါင်နှံမှုအပေါ် အခြေပြု၍ အပေါင်ရွေးနုတ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီ၍ ဒုတိယအယူခံတွင် တရားရုံးချုပ်အနေဖြင့် ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်နိုင်ပေသည်။ ထို ဥပဒေသဘောကို ဒေါ်ခင်ကြည် နှင့် ဦးမြင့်ဟန်[၂] အမှုတွင် ကြည့်ပါ။

အထက်တွင်သုံးသပ်ခဲ့သည့်အတိုင်း အယူခံတရားပြိုင် ဒေါ်ပါလုအနေဖြင့် အမှုစွဲဆိုပုံမှားယွင်းနေ၍ အောင်မြင်ရန်အကြောင်းမရှိသဖြင့် အယူခံတရားလို

---

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၄၉၉၊

(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၈၈။

ဘက်မှ ထင်ပြသော တရားလိုလိပ်စာ မဘောင်သွင်းခြင်း၊ အဆိုလွှာမှာ ဥပဒေနှင့် မညီခြင်း၊ ရုံးခွန်မလုံလောက်ခြင်း၊ မြေပုံမပါရှိခြင်း စသည်များနှင့် သက်ဆေလံချက်များကို စိစစ်ရန်မလိုတော့ပေ။

၁၉၉၁
ဒေါ်ယဉ်ယဉ်
မြင့်
နှင့်
ဒေါ်ပါလု

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ မူလရုံးနှင့် ပြည်နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကိုပယ်ဖျက်ပြီး အယူခံတရားပြိုင်ဒေါ်ပါလု၏စွဲဆိုလွှာကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၁
နိုဝင်ဘာလ
၂၀ ရက်

ဦးရဲထွန်းလှ

နှင့်

ဒေါ်တင်တင်မေ ပါ (၄) *

ရှေ့နေ ရှေ့ရပ်များ၏အလုပ် - မွန်မြတ်သန့်စင်ပြီး ဂုဏ်ယူဖွယ် ကောင်းသည့် အလုပ်အဖြစ် အစဉ်တစိုက် အသိအမှတ် ပြုလာခဲ့ခြင်း၊ သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ရန် အရေးကြီးခြင်း- ရှေ့နေတစ်ဦးသည် မည်သည့်အခြေအနေတွင် လိုက်ပါဆောင်ရွက်ရန် မသင့်တော့ခြင်း။

ဆုံးဖြတ်ချက်။ ဥပဒေပညာဖြင့် အသက်မွေးသော ရှေ့နေ ရှေ့ရပ်များ၏ အလုပ်မှာ မွန်မြတ်သန့်စင်ပြီး ဂုဏ်ယူဖွယ်ကောင်းသည့် အလုပ်အဖြစ် အစဉ်တစိုက် အသိအမှတ်ပြုလာခဲ့ကြသည်။ တရားရုံးများက ဥပဒေနှင့်အညီ မှန်ကန် မြန်ဆန်အောင်၊ တရားနည်းလမ်းကျအောင် ကူညီ ပံ့ပိုးပေးကြသူများအဖြစ်သည်းကောင်း၊ ဥပဒေတတ်ကျွမ်းခြင်းမရှိကြသော အမှုသည်များအတွက် ဥပဒေဘောင်အတွင်းမှ ကူညီလမ်းပြ အကျိုးဆောင်ပေးကြသူများအဖြစ် ပည်းကောင်း၊ ရှေ့နေလုပ်ငန်းအား အစဉ်အလာအရ မွန်မြတ်သည့် လုပ်ငန်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

ယင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မတ် မှန်ကန်စွာ ဆောင်ရွက်ကြရန်မှာလည်း အထူးအရေးကြီးသည်။

ထပ်မံဆုံးဖြတ်ချက်။ တဘက်အမှုသည်ထံမှ အမှုအတွက် လိုက်ပေးပါရန် ညှိနှိုင်းတိုင်ပင်ခြင်းဖြင့်ဖြစ်စေ သို့မဟုတ် အဆိုပါ အမှုသည်နှင့် ရင်းနှီး၍ ပြောဆိုတိုင်ပင်မှုကြောင့်ဖြစ်စေ အမှုအကြောင်းအခြင်းအရာများကို သိရှိပြီးနောက်တွင် ယင်းသို့ သိရှိပြီးသော ရှေ့နေတစ်ဦးက အခြားဆန့်ကျင်ဘက် အမှုသည်အတွက် လိုက်ပါဆောင်ရွက်ရန် မသင့်တော့သည်မှာ အငြင်းပွားဖွယ်ရာ မရှိဟု ဆိုရပေမည်။ ယင်းသို့မဟုတ်လျှင် ဖြူစင်မွန်မြတ်သော ရှေ့နေလုပ်ငန်းရပ်ကြီးအား ညစ်ထေးအောင်ပြုမူရာရောက်မည်ဖြစ်ပေသည်။

---

* ၁၉၉၁ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ်- ၃၅၅

\+ ၁၉၉၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၄ (က) တွင် ချမှတ်သော (၁၇-၅-၉၁) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၁
ဦးရဲထွန်းလှ
နှင့်
ဒေါ်တင်တင်
မေ
ပါ(၄)

လျှောက်ထားသူအတွက် — ဦးလှစိုး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁ မှ ၃ ဦးခင်ဇော်လင်း၊
တရားရုံးချုပ်ရှေ့နေ
၄၊ ကိုယ်တိုင်

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း၊
ဒုတိယညွှန်ကြားရေးမှူး၊
တရားရုံးချုပ်။

ရန်ကုန်တိုင်း တရားရုံး ၁၉၉၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၄(က) တွင် ဒေါ်တင်တင်မေ၊ ဦးရဲအောင်မင်းနှင့် ဦး ရဲစိုးမြင့်တို့က ပြင်ဆင်ရန် လျှောက်ထားသူ ဦးရဲထွန်းလှနှင့် ဦးရဲခေါင်ညွန့်တို့အပေါ် ၁၂-၉-၇၆ ရက်စွဲပါ မိသားစု စီမံမှု သဘောတူစာချုပ်၊ ၂၅-၁၀-၇၉ နှင့် ၂၅-၁၁-၇၉ ရက်စွဲပါကတိဝန်ခံချုပ်များကို တရားပြိုင်များက ဆန့်ကျင် ငြင်းဆိုခွင့်မရှိ ပိတ်ပင်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် အဆက်ပါ စာချုပ်နှင့် ကတိ ဝန်ခံချက်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးရန် စွဲဆိုခဲ့သည်။

အဆိုပါအမှုတွင် တရားပြိုင် ဦးရဲထွန်းလှတို့က ချေလွှာမတင်မီ တရားလို များ၏ အကျိုးဆောင်အဖြစ် ရှေ့နေ ဦးသိန်းဝင်းအား လိုက်ပါခွင့် မပြု ကြောင်း အမိန့်ချမှတ်ပေးရန်နှင့် အမှုတွင် အကျုံးဝင်သော စာချုပ်စာတမ်း မူရင်းများသည် မည်သူ့ထံတွင်ရှိကြောင်း တရားလိုများအား ကျမ်းကျိန်လွှာ တင်သွင်းစေရန် လျှောက်ထားခဲ့သည်။

တရားလိုများက ကန့်ကွက်ခဲ့သဖြင့် နှစ်ဘက်ကြားနာပြီးနောက် ရန်ကုန် တိုင်း တရားရုံးက အကျိုးဆောင်ဦးသိန်းဝင်းအား တရားလိုဘက်မှ လိုက်ပါ ဆောင်ရွက်ခွင့် မပြုရန် တရားပြိုင်များ၏လျှောက်လွှာကို ပလပ်ပြီး စာချုပ် စာတမ်းများနှင့် စပ်လျဉ်း၍ တရားပြိုင်များ၏လျှောက်ထားမှုကို ခွင့်ပြုသည့် အမိန့် ချမှတ်ခဲ့သည်။

အဆိုပါအမိန့်တွင် အကျိုးဆောင်ဦးသိန်း၊ ဝင်းနှင့်ပတ်သက်သော အမိန့်ကို တရားပြိုင်တစ်ဦးဖြစ်သူ ဦးရဲထွန်းလှက မကျေနပ်၍ တရားရုံးချုပ်သို့ ဤ ပြင်ဆင်မှုကို တင်သွင်းသည်။

အကျိုးဆောင် ဦးသိန်းဝင်းသည် ဤအမှု မပေါ်ပေါက်မီက အမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ပြင်ဆင်ရန် လျှောက်ထားသူ ဦးရဲ ထွန်းလှနှင့် မူလမှုတရားပြိုင် အမှတ် ၂ ဦးရဲခေါင်ညွန့်တို့ထံမှ သိရှိထားပြီးသူ ဖြစ်သည့်အပြင် အမှုတွင် သက်သေတစ်ဦးဖြစ်ရန် အကြောင်းရှိနေကြောင်း

၁၉၉၁
ဦးရဲထွဋ်လှ
နှင့်
ဒေါ်တင်ထင်
မေ
၀၁(၄)

သို့အစားက် ဦးသိန်းဝင်းအား တစ်ဘက် အမှုသည် (တရားလိုများ) ၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုခဲ့သော ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ ၁၉၉၀ ပြည့်နှစ် ထုတ် ရှေ့နေ ရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာစောင် အပိုဒ် ၆၇၊ ၃၃ နှင့် ၃၄ တို့နှင့် ဆန့်ကျင်နေကြောင်း ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် တင်ပြထားသည်။

ဥပဒေပညာဖြင့် အသက်မွေးသော ရှေ့နေ ရှေ့ရပ်များ၏ အလုပ်မှာ မှန်မြတ် သန့်စင်ပြီး ဂုဏ်ယူဖွယ်ကောင်းသည့် အလုပ်အဖြစ် အစဉ်တစိုက် အသိအမှတ် ပြုလာခဲ့ကြသည်။ တရားရုံးများက ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်အောင် တရားနည်းလမ်းကျအောင် ကူညီ ပံ့ပိုးပေးကြသူများအဖြစ်လည်းကောင်း၊ ဥပဒေ တတ်ကျွမ်းခြင်းမရှိကြသော အမှုသည်များအတွက် ဥပဒေဘောင်အတွင်းမှ ကူညီလမ်းပြ အကျိုးဆောင်ပေးကြသူများ အဖြစ်လည်းကောင်း ရှေ့နေလုပ်ငန်းအား အစဉ်အလာအရ မှန်မြတ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်ထားခြင်း ဖြစ်သည်။

ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန်မှာလည်း အထူးအရေးကြီးသည်။

ဦးရဲထွဋ်လှတို့၏ ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ဦးသိန်းဝင်းက အမှုကိစ္စကို ၎င်း၏ရှေ့တွင်ပြောကြားခြင်းမှာ ၎င်းအား တရားပြိုင်ဦးရဲထွဋ်လှက ရှေ့နေအဖြစ်လိုက်ပါပေးရန် ကမ်းလှမ်းပြောကြားခြင်းမဟုတ်၍ တရားလို အကျိုးဆောင်အဖြစ် လိုက်ပါခွင့်ရှိကြောင်း ဦးလှမောင် နှင့် ဦးအေးဖ[၁] အမှု စီရင်ထုံး အကိုးအကားဖြင့် လျှောက်လဲသည်ဟု မူလရုံး၏ အမိန့်တွင် ပါရှိသည်။

ထို့ပြင် ရှေ့နေအား သက်သေပြုရန်ရှိသဖြင့် အမှုတွင် အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိကြောင်းလည်း ဦးကျော်ညွန့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ-၂[၂] အမှု နှင့် ဦးခင်မောင်စီ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်[၃] အမှုစီရင်ထုံးများကို ကိုးကား၍လျှောက်လဲကြပြီး ဦးရဲထွဋ်လှတို့ကလည်း အဆိုပါစီရင်ထုံးများမှာ ပြစ်မှုဆိုင်ရာ အမှုများ၏ ဆုံးဖြတ်ချက်များသာ ဖြစ်သဖြင့် တရားမမှု၌ ဖြစ်သွားသည့်ကိစ္စနှင့် မသက်ဆိုင်ကြောင်း တင်ပြကြသည်။

---

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံဘာရှားစီရင်ထုံး (လွှတ်တော်) စာ ၅၁၀
(၂) ၁၉၈၂ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံစီရင်ထုံး စာ ၁
(၃) ၁၉၈၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံစီရင်ထုံး စာ ၅၃

၁၉၉၁
ဦးရဲထွန်းလှ
နှင့်
ဒေါ်ထင်တင်
ဓမ
ပါ(၄)

မည်သို့ပင်ဆိုစေ ရွှေနေတစ်ဦးအနေဖြင့် အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် စပ်ဆိုင်သော ပြဿနာအပေါ် အဆုံးအဖြတ်ပေးထားခြင်းသာ ဖြစ်သော ကြောင့် ဖြစ်မှုဆိုင်ရာအမှုအတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည် သို့မဟုတ် တရားမမှုများအတွက် ဆုံးဖြတ်ထားခြင်း ဖြစ်သည်ဟု ခွဲခြား သတ်မှတ်ရန် မလိုအပ်ပေ။

သို့ရာတွင် အမှုတွင် သက်သေဖြစ်ရန် အကြောင်းရှိသည်ဟု တရားပြိုင် ဘက်က တင်ပြချက်ဖြင့် ဦးသိန်းဝင်းအား တရားလို အကျိုးဆောင်အဖြစ် လိုက်ပါခွင့်မရှိကြောင်း ပိတ်ပင်ရန်မသင့်ဟုသုံးသပ်၍ တရားပြိုင်၏ လျှောက် ထားချက်ကို ရန်ကုန်တိုင်းတရားရုံးကပလပ်ခဲ့သည်ကို တွေ့ရသည်။ ယင်းသို့ ဆုံးဖြတ်ရာ၌ မဟာမက်ဂါဇီ နှင့် ဦးထွန်းကြွယ်နှင့်အခြားသူများ [၄] အမှု နှင့် မမြစိန် နှင့် လိုကင်ဟန် [၅] အမှု ပါ သုံးသပ်ချက်များကို မူလရုံးက ကိုးကား ဆုံးဖြတ်သွားခြင်း ဖြစ်သည်။

အဆိုပါအမှုများတွင် အမှုအား နှစ်ဘက်ဆိုင်ပြိုင် စစ်ဆေး၍ အချိန် အတော်ကြာလာပြီးသည့် အခါတွင်မှ တစ်ဘက် အမှုသည်၏ ရှေ့နေကို သက်သေအဖြစ်တင်ပြရန်ရှိသည် ဆိုသည့် အကြောင်းပြချက်မှာ သဘောရိုး မဟုတ်ဟု သုံးသပ်၍ တရားရုံးက လက်မခံဘဲ ပယ်ချခဲ့ခြင်းဖြစ်သည်။ ဤ အမှု၏ ဖြစ်ချပ်နှင့် ထပ်တူညီခြင်းမရှိချေ။

တစ်ဘက်အမှုသည်ထံမှ အမှုအတွက်လိုက်ပါပေးရန် ညှိနှိုင်း တိုင်ပင်ခြင်း ဖြင့် ဖြစ်စေ သို့မဟုတ် အဆိုပါအမှုသည်နှင့် ရင်းနှီး၍ ပြောဆိုတိုင်ပင်မှု ကြောင့် ဖြစ်စေ အမှုအကြောင်းအခြင်းအရာများကို သိရှိပြီး နောက်တွင် ယင်းသို့သိရှိပြီးသော ရှေ့နေတစ်ဦးက အခြားဆန့်ကျင်ဘက်အမှုသည်အတွက် လိုက်ပါဆောင်ရွက်ရန် မသင့်တော်သည်မှာ အငြင်းပွားဖွယ်ရာမရှိဟု ဆိုရ ပေမည်။ ယင်းသို့မဟုတ်လျှင် ဖြူစင် မှန်မြတ်သော ရှေ့နေလုပ်ငန်းရပ်ကြီး အား ညစ်ထေးအောင် ပြုမူရာရောက်မည် ဖြစ်ပေသည်။

တစ်ဘက်တွင်လည်း အမှုသည်များက မိမိနှင့်ဆန့်ကျင်ဘက် အမှုသည်၏ အကျိုးဆောင် ရှေ့နေအပေါ် မသိုအမာစိတ်ထားနှင့် လွယ်လွယ် စွပ်စွဲ၍ တရားရုံးသို့ ကန့်ကွက်တင်ပြရုံမျှဖြင့် အဆိုပါအကျိုးဆောင်၏ ဆောင်ရွက် ခွင့်ကို တရားရုံးက ပိတ်ပင်ထားမြစ်လျှင် သင့်မည်မဟုတ်ပေ။

အမှုစစ်တရားရုံးက ရှေ့နေရှေ့ရပ်များထားရှိသင့်သော ကျင့်ဝတ်သိက္ခာနှင့် စောင့်စည်းသားရှိရမည့် အစဉ်အလာတို့ကို မထိခိုက်စေရန်အပြင် တစ်ချိန်

---

(၄) ၁၉၃၉ ခုနှစ်၊ ရန်ကုန် စီရင်ထုံး စာ ၂၂၄
(၅) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာ ၃၁၅

၁၉၉၁
ဦးရဲထွန်းလှ
နှင့်
ဒေါ်တင်တင်
မေ
ဝါ(၄)

တည်းမှာပင် ဖြောင့်မတ်သောတရားစီရင်ရေးကို မထိပါးစေရအောင် အမှုအလိုက် သုံးသပ်ဆုံးဖြတ်ရပေမည်။

ဤအမှုတွင် မူလကပင် ရင်းနှီးပြီးသူ ရှေ့နေဦးသိန်းဝင်း၏ ရှေ့တွင် တရားပြိုင်ဦးရဲထွန်းလှတို့က အမှုကိစ္စပြောခဲ့ရာ၌ ဦးသိန်းဝင်းကြားသိခဲ့ခြင်း မှန်သော်လည်း ဦးရဲထွန်းလှက ရှေ့နေအဖြစ်ငှားရမ်းခဲ့ခြင်း မရှိသေးသဖြင့် အခြားအမှုသည်ဘက်မှ ဦးသိန်းဝင်းက လိုက်ပါဆောင်ရွက်ရန် သင့်မသင့်ကို သုံးသပ်ရန်ရှိပေသည်။

၁၉၉၀ ပြည့်နှစ်တွင် တရားရုံးချုပ်ရှေ့နေများကောင်စီမှ ထုတ်ဝေသည့် ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ အပိုဒ် ၃၃၊ ၃၄ နှင့် ၆၈ တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

" ၃၃။ ရှေ့နေရှေ့ရပ်များသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့်အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပါ။ (၁၉၃၉ ခုနှစ် ရန်ကုန် စီရင်ထုံး စာ ၂၂၄)

၃၄။ ရှေ့နေရှေ့ရပ်များသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်လာမည်ကို မသိ၍ အမှုလိုက်ပါဆောင်ရွက်ခဲ့မိလျှင် သိသည့် အချိန်တွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမှ နုတ်ထွက်သင့်ပါသည်။ (၁၉၃၉ ခုနှစ် ရန်ကုန် စီရင်ထုံး စာ ၂၂၄)

[၁၉၈၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) စာ ၁]

၆၈။ ရှေ့နေ ရှေ့ရပ်များသည် အမှုသည်က မိမိအား ရှေ့နေ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းမပြုရသေးစေကာမူ ထိုအမှုသည်ထံမှ ညွှန်ကြားချက်ကို ခံယူပြီးဖြစ်လျှင် သို့မဟုတ် အမှုဖြစ်ရပ် အကျိုးအကြောင်းတို့ကို ကြားနာမေးမြန်း ဆွေးနွေးသိရှိပြီးဖြစ်လျှင် ယင်းအမှုအတွက် အခြား တစ်ဖက် အမှုသည်ဘက်မှ မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြား ရှေ့နေတစ်ဦးအား တစ်ဆင့်လွှဲ၍သော်လည်းကောင်း လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပါ။

(အတွဲ ၈ ရန်ကုန် စီရင်ထုံး စာ ၄၄-၄၆) (၁၉၃၅ ခုနှစ် ရန်ကုန် စီရင်ထုံး စာ ၅၁၄)

ယင်းအချက်များနှင့် ဤအမှုတွင် ပေါ်ပေါက်သော တရားလိုများရှေ့နေ ဦးသိန်းဝင်း၏ ကိစ္စကို တိုက်ဆိုင်သုံးသပ်လျှင် ဦးသိန်းဝင်းအား တရားပြိုင် ဦးရဲထွန်းလှတို့က ကန့်ကွက် တင်ပြနေခြင်းမှာ ဆီလျော်မှုမရှိဘဲ ထမင်းအကြောင်းရှာတင်ပြခြင်းဖြစ်သည်ဟု ဆိုနိုင်ရန် ခဲယဉ်းသည်။

၁၉၉၁
ဦးရဲထွန်းလှ
နှင့်
ဒေါ်တင်တင်
မေ
ဝါ(၄)

ယင်းသို့သော အခြေအနေတွင် ဦးသိန်းဝင်းအား တော်ရားလိုများ၏ အကျိုးဆောင်အဖြစ် လိုက်ပါခွင့်ပြုရန် သင့်မည်မဟုတ်ဟု သုံးသပ်သည်။

သို့အတွက် ဤပြင်ဆင်မှုကိုခွင့်ပြု၍ မူလရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဦးသိန်းဝင်းအား မူလရုံးတရားလို ဒေါ်တင်တင်မေတို့၏ အကျိုးဆောင်အဖြစ် လိုက်ပါခွင့်မပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

ဤအမိန့်အတွက် စရိတ်သတ်မှတ်ခြင်းမပြု။

## တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၅၁ ဇန်နဝါရီလ ၁၈ ရက်

ဒေါ်ရှုတင် ပါ (၂)

နှင့်

ဦးမောင်ဆင့် *

အခွင့်အမိန့်အရ နေသူကို နှင်လိုမှု— ပိုင်ရှင်၏ခွင့်ပြုချက်အရ နေထိုင်သူသည် နှစ်ပေါင်း မည်မျှပင် နေထိုင်ခဲ့စေကာမူ ပိုင်ရှင်အား ဆန့်ကျင် လက်ရှိ ထားရာ မရောက်ခြင်း။

ဆုံးဖြတ်ချက်။ အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းသည် ပိုင်ရှင်အား ဆန့်ကျင် လက်ရှိထားခြင်းမဟုတ်သဖြင့် အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် နှစ်ပေါင်း မည်မျှပင်နေထိုင်ခဲ့စေကာမူ ပိုင်ရှင်အား ဆန့်ကျင်ဘက် ပိုင်ဆိုင်ခွင့် မရနိုင်ကြောင်း ထုံးပြုထားသည့်အချက်ကို တရားရုံးများက အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိသည်။ ဒေါ်သောင်းဌေး နှင့် မောင်ကြည် [၁] အမှု၊ ဒေါ်ခင်ကြည် နှင့် ဒေါ်ခင်သန်း [၂] အမှုနှင့် ဒေါ်သန်းရင် နှင့် ဒေါ်သန်းစိန် [၃] အမှုတို့တွင် ကြည့်ပါ။ ထို့ကြောင့် အချင်းဖြစ် အိမ်တွင် မူလ ပိုင်ရှင် ဒေါ်ငွေသင်၏ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူ အယူခံ တရားလို ဒေါ်ရှုတင်သည် ပိုင်ရှင်အား ဆန့်ကျင် လက်ရှိ ပိုင်ဆိုင်ခွင့် မရနိုင်ချေ။

| | | |
|---|---|---|
| **အယူခံတရားလိုများအတွက်** | — | ဦးလှစိုး၊ တရားရုံးချုပ်ရှေ့နေ |
| **အယူခံ တရားပြိုင်အတွက်** | — | ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ |
| **တရားရေးအကြံပေး** | — | ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

မြိတ်အရှေ့မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁ / ၈၈ တွင် အယူခံ တရားပြိုင် ဦးမောင်ဆင့်က အယူခံ တရားလို ဒေါ်ရှုတင်နှင့် ဒေါ်ရီတင်တို့ အပေါ် မြိတ်အရှေ့မြို့နယ်၊ ဆိတ်ငယ်တောင် အကွက်အမှတ် ၁၄ (ခ)၊

* ၁၉၅၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၆၇

+ ၁၉၅၀ ပြည့်နှစ် တရားမ အယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၂၆-၃-၅၀) ရက်စွဲပါ တနင်္သာရီတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၉၁
ဒေါ်ရှုတင်
ဝါ(၂)
နှင့်
ဦးမောင်ဆင့်

ကမ်းနားလမ်း (ယခု ဗိုလ်ချုပ်လမ်း) အိမ်အမှတ် ၃၊ မငွေသင် ဆိုမည့် ပေါက်အိမ်ကို တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် တရားပြိုင်တို့အိမ်မှ ထွက်ခွာပြီး တရားလိုသို့ လက်ရောက် အပ်ပေးစေရန် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီ ချမှတ်သည်။ မူလရုံး တရားပြိုင် ဒေါ်ရှုဘင်တို့က တနင်္သာရီတိုင်း တရားရုံး (မြိတ်မြို့နယ်စု)၊ တရားမ အယူခံမှုအမှတ် ၁/၉၀ (မြိတ်)တွင် အယူခံသော်လည်း မအောင် မြင်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ဒုတိယအယူခံကို တင်သွင်းသည်။

အချင်းဖြစ်အိမ်၏ မူလပိုင်ရှင်မှာ ဒေါ်ငွေသင်ဖြစ်ပြီး ဒေါ်ငွေသင်သည် အပျိုကြီးဘဝဖြင့် လွန်ခဲ့သော နှစ်(၃၀)ခန့်က ကွယ်လွန်ခဲ့သည် ဆိုခြင်းမှာ အမှုတွင် အငြင်းမပွားချေ။

အဆိုလွှာတွင် ဦးမောင်ဆင့်က ကွယ်လွန်သူ မြန်မာ ဗုဒ္ဓဘာသာဝင် ဒေါ်ငွေသင်တွင် အမွေစား အမွေခံအဖြစ် တစ်ဦးတည်းသော တူအရင်း ဦးဖိုးသက်ထွန်း ကျန်ရစ်ခဲ့ကြောင်း၊ လွန်ခဲ့သော (၁၀)နှစ်ခန့်က ဦးဖိုး သက်ထွန်း ကွယ်လွန်ရာ အချင်းဖြစ်အိမ်ကို ၎င်း၏ဇနီး ဒေါ်လှအုန်း အမွေ ဆက်ခံ ပိုင်ဆိုင်ကြောင်း၊ တရားပြိုင် ဒေါ်ရှုတင်သည် အချင်းဖြစ် အိမ်တွင် မူလပိုင်ရှင်က ဒေါ်ငွေသင်၏ ခွင့်ပြုချက်ဖြင့် ဒေါ်ငွေသင်နှင့်အတူ နေထိုင်ခဲ့ ရာမှ ဒေါ်ငွေသင် ကွယ်လွန်ပြီးနောက်လည်း ဆက်လက် နေထိုင်ခဲ့ကြောင်း။ ထိုသို့ နေထိုင်ရင်း ဒေါ်ရှုတင်က တရားလိုအပေါ် အချင်းဖြစ် အိမ်ကို ဆန့်ကျင် ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန် မြိတ်အရှေ့မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၆ ကို ၄-၇-၈၆ နေ့တွင် စွဲဆို လာသဖြင့် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် ဒေါ်ရှုတင်တို့က အချင်းဖြစ်အိမ်ကို မူလ ဒေါ်ငွေသင် ပိုင်ဆိုင်လာခဲ့ခြင်း၊ ဒေါ်လှအုန်းက ဦးမောင်ဆင့်အား ၂-၁-၈၄ နေ့စွဲပါ မှတ်ပုံတင် စာချုပ်ဖြင့် ရောင်းချခဲ့သည်ဆိုခြင်းနှင့် ဒေါ်လှအုန်းသည် ဦးဖိုး သက်ထွန်း၏ ဇနီးဖြစ်သည်ဆိုခြင်းတို့ကို အတိအလင်း ငြင်းဆိုခြင်း မပြုပေ။ ဒေါ်ငွေသင်တွင် အမွေစား အမွေခံ တူအရင်းကျန်ရစ်ခဲ့သည်ဟု မကြား ဘူးကြောင်း၊ ဒေါ်လှအုန်းမှာ အချင်းဖြစ်အိမ်နှင့် မည်သို့မျှ မပတ်သက်၍ ရောင်းချပိုင်ခွင့် ရှိသူ မဟုတ်ကြောင်း၊ (၁) တရားပြိုင် ဒေါ်ရှုဘင်မှာ ဒေါ်ငွေသင်နှင့်အတူ နှစ်ပေါင်း (၃၀)ခန့် အမေနှင့်သမီးအချင်းပမာ နေ လာသူဖြစ်ခြင်းကြောင့် တရားပြိုင်အား နှင်ထုတ်ခွင့် မရှိကြောင်းသာ ခုခံ ချေပထားသည်။

မူလရုံးက ဒေါ်လှအုန်း၏ခင်ပွန်း ဦးဖိုးသက်ထွန်းသည် ဒေါ်ငွေသင်၏ အစ်ကိုဖြစ်သော ကွယ်လွန်သူ ဦးဘိုးဒင်၏သားဖြစ်၍ အပျိုကြီး ဒေါ်ငွေသင် ကွယ်လွန်သည့်အခါ တစ်ဦးတည်းသော တူအဖြစ် ဒေါ်ငွေသင်၏ အမွေကို

၁၉၉၁
ဒေါ်ရွှေတင် ဝါ(၂) နှင့် ဦးမောင်ဆင့်

ဆက်ခံကြောင်း၊ ၎င်းကွယ်လွန်သွားရာ ဇနီးဖြစ်သူ ဒေါ်လှအုန်းက ဆက်ခံပိုင်ဆိုင်ကြောင်း ထို့ကြောင့် ဒေါ်လှအုန်းသည် အချင်းဖြစ်အိမ်ကို အမွေဆက်ခံပိုင်ဆိုင်သူအနေဖြင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်ကို ဒေါ်လှအုန်းက ဦးမောင်ဆင့်အား ၂-၁-၈၄ နေ့စွဲပါသက်သေခံ'က' မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ခြင်းမှာ တရားဝင်ကြောင်း၊ ဒေါ်ရွှေတင်က ဦးမောင်ဆင့်၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးသာသဖြင့် တရားစွဲဆိုခွင့်ရှိကြောင်း ကောက်ယူသုံးသပ်ပြီး ဦးမောင်ဆင့် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်လိုက်ခြင်းဖြစ်သည်။ တိုင်းတရားရုံးကလည်း ဒေါ်ရွှေတင်တို့ တင်သွင်းသော အယူခံတွင် အလားတူ ကောက်ယူ သုံးသပ်၍ အယူခံကို ပလပ်ခဲ့သည်။

၎င်းအယူခံတွင် အယူခံတရားလိုတို့၏ရှေ့နေက အခြားအချက်များအပြင် အယူခံတရားပြိုင် ဦးမောင်ဆင့် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေခြင်းကြောင့် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်း အဓိက အယူခံ အကြောင်းပြချက်အဖြစ် တင်ပြထားသည်။ ဒေါ်ရွှေတင်သည် အချင်းဖြစ် အိမ်၏ မူလပိုင်ရှင်ဒေါ်ငွေသင်နှင့်အတူ လွန်ခဲ့သောနှစ်(၃၀)ခန့်ကပင် အတူနေထိုင်လာခဲ့ရာမှ ဒေါ်ငွေသင်ကွယ်လွန်သည့်အခါ ဆက်လက်နေထိုင်ခဲ့ကြောင်း ထင်ရှားသည့်အပြင် လက်မှဲ့ဖြစ်သူဒေါ်လှအုန်းက ဦးမောင်ဆင့်သို့ ရောင်းချခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၁၃၆ အရ ဒေါ်ငွေသင်ကွယ်လွန်သည့်နေ့မှ (၁၂)နှစ်အတွင်း မစွဲဆိုခြင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း တင်ပြခြင်းဖြစ်သည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားပြိုင် ဦးမောင်ဆင့်က ၎င်းအမှုကို ပိုင်ရေးဆိုင်ခွင့် အခြေခံစွဲဆိုခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုဒေါ်ရွှေတင်တို့သည် မူလပိုင်ရှင် ဒေါ်ငွေသင်၏ ခွင့်ပြုချက်အရ နေထိုင်သူများသာ ဖြစ်၍ ဆန့်ကျင်ပိုင်ဆိုင်ခွင့်မရှိကြကြောင်း၊ ဒေါ်ရွှေတင်တို့က ဦးမောင်ဆင့်အပေါ် စွဲဆိုသော မြိတ်အရှေ့မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၆ တွင်လည်း ယင်းအချက်ကို ဆုံးဖြတ်ပြီးဖြစ်ကြောင်းနှင့် တရားလိုစွဲဆိုသောအမှုကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း စောယူဟုတ် နှင့် မမိုးရင်(၁) အမှုကို ကိုးကားတင်ပြသည်။

အမှုကို လေ့လာစိစစ်ကြည့်ရာ အချင်းဖြစ်အိမ်၏မူလပိုင်ရှင် ဒေါ်ငွေသင် ကွယ်လွန်သွားရာ ဒေါ်ငွေသင်၏ တစ်ဦးတည်းသော အမွေစားအမွေခံ တူဖြစ်သူ ဦးဖိုးသက်ထွန်း၏ ဇနီး ဒေါ်လှအုန်းက အိမ်ကို အမွေဆက်ခံပိုင်ဆိုင်သည် ဆိုခြင်းနှင့် ဒေါ်လှအုန်းက ဦးမောင်ဆင့်သို့ သက်သေခံ'က' မှတ်ပုံတင်စာချုပ်အရ ၂-၁-၈၄ နေ့တွင် တရားဝင် ရောင်းချခဲ့သည် ဆိုခြင်းတို့မှာ အမှုတွင် ထင်ရှားသောအချက်များဖြစ်သည်။ ယင်းကြောင်း

(၁) အေအိုင်အာရ်၊ ၁၉၃၄၊ ရန်ကုန်၊ ၈၁-၂၂၃။

ခြင်းရာနှင့် စပ်လျဉ်း၍ အောက်ရုံးနှစ်ရုံးက တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ထားခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ အယူခံတရားလို (၂) ဒေါ်ရီတင်သည် အယူခံတရားလို (၁) ဒေါ်ရှုတင်ကို အကြောင်းပြု၍ နေထိုင်သူဖြစ်ပြီး ဒေါ်ရှုတင်သည်လည်း အချင်းဖြစ်အိမ်တွင် ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိသူ မဟုတ်ချေ။ မူလပိုင်ရှင် ဒေါ်ငွေသင်၏ ခွင့်ပြုချက်အရ ဒေါ်ငွေသင်နှင့်အတူ နေခဲ့ရာမှ ဒေါ်ငွေသင်ကွယ်လွန်ပြီးနောက် ဆက်လက်နေထိုင်ခဲ့ခြင်းသာ ဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

၁၉၉၁
ဒေါ်ရှုတင်
ပါ (၂)
နှင့်
ဦးမောင်ဆင့်

အယူခံတရားလို ဒေါ်ရှုတင်ကိုယ်တိုင် မူလရုံးတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်-

" ကျွန်မသည် အိမ်ထောင်ကျပြီးနောက် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က စ၍ ယခုလက်ရှိနေထိုင်သော အိမ်တွင် အိမ်ပိုင်ရှင် ဒေါ်ငွေသင်မှ ကျွန်မတို့လင်မယားအား ခေါ်ယူထား၍ အဆိုပါ နေအိမ်မှ ဒေါ်ငွေသင်နှင့်အတူ နေထိုင်လာခဲ့ပါသည်။ ဒေါ်ငွေသင် ကွယ်လွန်ပြီးနောက်လည်း အဆိုပါအိမ်၌ နေထိုင်တာ ယနေ့ထိ ဖြစ်ပါသည်။ XXX "

ပြန်လှန်စစ်မေးရာတွင်လည်း ဒေါ်ရှုတင်က-

" XXX ထိုကန့်ကွက်လွှာတွင် ကျွန်မသည် လွန်ခဲ့သော ၃၂ နှစ်ခန့်က ဒေါ်ငွေသင်၏ခွင့်ပြုချက်အရ အချင်းဖြစ်အိမ်တွင်နေထိုင်လာကြောင်း ဖော်ပြထားသည်ဆိုရင် မှန်ပါသည်။ ကျွန်မသည် အခြားနည်း လွှဲပြောင်းပေးခြင်းနှင့် မပိုင်ဘဲ ခွင့်ပြုချက်အရ ဒေါ်ငွေသင်အိမ်၌ နေခဲ့သည်ဆိုရင် မှန်ပါသည်။ XXX "

ထို့ကြောင့် အယူခံတရားလို ဒေါ်ရှုတင်သည် အချင်းဖြစ်နေအိမ်၌ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိသူမဟုတ်၊ မူလပိုင်ရှင် ဒေါ်ငွေသင်၏ ခွင့်ပြုချက်အရ အတူနေထိုင်ခဲ့သူသာဖြစ်ကြောင်း ထင်ရှားသည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းပေါ်တွင် ပိုင်ရှင်၏ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် ပိုင်ဆိုင်ခွင့်လုံးဝ ရှိသူမဟုတ်၊ ပိုင်ရှင်က ကြည်ဖြူသလောက်သာ နေထိုင်ခွင့်ရှိသည်။ ဦးအုံးမောင် နှင့် ဒေါ်သန်းညွန့်[၂] အမှုတွင် ကြည့်ပါ။ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းသည် ပိုင်ရှင်အား ဆန့်ကျင်လက်ရှိထားခြင်းမဟုတ်သဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် နှစ်ပေါင်း မည်မျှပင် နေထိုင်ခဲ့စေကာမူ ပိုင်ရှင်အား ဆန့်ကျင်ဘက် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း ထုံးပြုထားသည့်

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၃၄၅ (တရားရုံးချုပ်)

၁၉၉၁
ဒေါ်ရွှေတင်
ပါ(၂)
နှင့်
ဦးမောင်ဆင့်

အချက်ကို တရားရုံးများက အစဉ်တစိုက် လိုက်နာ ကျင့်သုံးလျက်ရှိသည်။ ဒေါ်သောင်းရွှေ နှင့် မောင်ကြည် [၃] အမှု၊ ဒေါ်ခင်ကြည်နှင့် ဒေါ်ခင်သန်း [၄] အမှုနှင့် ဒေါ်သန်းရင် နှင့် ဒေါ်သန်းစိန် [၅] အမှုတို့တွင်ကြည့်ပါ။ ထို့ကြောင့် အချင်းဖြစ်အိမ်တွင် မူလပိုင်ရှင် ဒေါ်ငွေသင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူ အယူခံတရားလို ဒေါ်ရွှေတင်သည် ပိုင်ရှင်အား ဆန့်ကျင် လက်ရှိပိုင်ဆိုင်ခွင့် မရနိုင်ချေ။ ဆန့်ကျင်လက်ရှိထားပိုင်ခွင့် မရှိသည်နှင့်အမျှ ထိုအိမ်တွင် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က နေထိုင်ခဲ့ခြင်းဖြစ်၍ တရားလို စွဲဆိုသော အမှု ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း အယူခံတရားလို၏ရှေ့နေ တင်ပြသည့်အချက်မှာ လက်ခံစဉ်းစားစရာ မရှိတော့ပေ။ မြိတ်အရှေ့မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၆ တွင် ဒေါ်ရွှေတင်တို့က ဦးမောင်ဆင့်နှင့် ဒေါ်လှအုန်းတို့အပေါ် အချင်းဖြစ်အိမ်ကို လက်ရှိ ဆန့်ကျင် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် စွဲဆိုရာ ဒေါ်ရွှေတင်တို့သည် မူလပိုင်ရှင် ဒေါ်ငွေသင်၏ အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်သူများ ဖြစ်ကြ၍ နှစ်ပေါင်း မည်မျှပင် နေခဲ့ကြစေကာမူ ဆန့်ကျင်ပိုင်ဆိုင်ခွင့်မရနိုင်ဟု မြို့နယ်တရားရုံးက ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း အယူခံတရားလို၏ရှေ့နေက ချေပတင်ပြနိုင်ခြင်း မရှိချေ။

အယူခံတရားလိုတို့၏ရှေ့နေက အပတိဌသမီးဖြစ်ကြောင်းလည်း တင်ပြသည်။ ယင်းအချက်ကို ချေလွှာတွင် ချေပခြင်း မပြုခဲ့သည့်ပြင် မူလမှုတွင်လည်း သက်သေထင်ရှားပြခဲ့ခြင်း အလျဉ်းမရှိချေ။ ခွင့်ပြုချက်အရ နေသူသာဖြစ်ကြောင်း ထင်ရှားနေရာ ဒေါ်ရွှေတင်သည် ဒေါ်ငွေသင်၏ အပတိဌသမီးအဖြစ် နေခဲ့သည်ဟု အယူခံတွင် အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြထားခြင်းမှာလည်း လက်ခံစရာ အကြောင်းမရှိချေ။

ဆို့ပြင် အယူခံတရားလိုတို့၏ ရှေ့နေက အချင်းဖြစ်အိမ်ကို ဦးမောင်ဆင့်က သက်သေခံ 'က' စာချုပ်အရ တန်ဖိုးငွေ ကျပ် ၄၀၀၀ဝိ/- ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်၍ အမှုတန်ဖိုး ကျပ် ၄၀၀၀ဝိ/- ထားပြီး ရုံးခွန် ထမ်းဆောင် စွဲဆိုရမည်ဖြစ်ပါလျက် အမှုတန်ဖိုး ကျပ် ၁၀၀ ဝဝိ/- ထား၍ စွဲဆိုခဲ့ခြင်းအား နိကရီ ချပေးခြင်းမှာ မှားယွင်းကြောင်းလည်း တင်ပြသည်။ ယင်းအချက်ကို အယူခံတရားလို၏ချေလွှာတွင် လုံးဝ ချေပခဲ့ခြင်း အလျဉ်းမရှိချေ။ ချေလွှာအပိုဒ် ၇ ၌ အမှုတန်ဖိုးနှင့် ရုံးခွန်ကိစ္စ ချေပရန် မရှိပါဟုပင် ဝန်ခံထားသည်။ ရုံးခွန်နှင့် အမှုတန်ဖိုးကိစ္စမှာ အဆိုလွှာ တင်သွင်းစ ပေါ်ပေါက်ရမည့်ပြဿနာဖြစ်၍ စောစွာ ချေပကန့်ကွက်ခြင်းမရှိဘဲ အယူခံ

---

(၃) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၉၉။

(၄) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၃။

(၅) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၉၉။

၁၉၉၁
ဒေါ်ရွှေတင်
ပါ(၂)
နှင့်
ဦးမောင်ဆင့်

ကျမှ တင်ပြလာခြင်းအား လက်ခံ စဉ်းစားရန် မဖြစ်နိုင်ပေ။ ထို့ပြင် ဒေါ်ရွှေတင်သည် ဦးမောင်ဆင့်နှင့် ဒေါ်လှအုန်းတို့အပေါ် အချင်းဖြစ်အိမ်ကို လက်ရှိဆန့်ကျင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟ ကြေညာပေးရန် မြိတ်အရှေ့ မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၆ တွင် သက်သေခံ 'ဂ' အဆိုလွှာ တင်သွင်း၍ စွဲဆိုခဲ့သည်။ ထိုအမှုတွင် အယူခံတရားလို ဒေါ်ရွှေတင် ကိုယ်တိုင်က အဆိုလွှာအပိုဒ် ၁၄ ၌ အချင်းဖြစ် အိမ်၏ တန်ဖိုးကို ကျပ် ၁၀၀၀၀/- သတ်မှတ်၍ စွဲဆိုခဲ့ကြောင်း တွေ့ရသည်။ ယခုကျမှ အမှုတန်ဖိုး ကျပ် ၁၀၀၀၀/- သတ်မှတ်ခြင်းကို မှားယွင်းသည်ဟုတင်ပြလာခြင်းမှာ လက်ခံရန် မဖြစ်နိုင်ပေ။

အထက်ပါ အကြောင်းများကြောင့် ဦးမောင်ဆင့် စွဲဆိုသည့်အတိုင်း အောက်ရုံးနှစ်ရုံးက တညီတညွတ်တည်း ဒီကရီချပေးခဲ့ခြင်းမှာ မှားယွင်း သည်ဟု မဆိုနိုင်သဖြင့် အောက်ရုံးနှစ်ရုံး၏ အမိန့်ကို အတည်ပြု၍ အယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၈၀/- သတ်မှတ်သည်။

## တရားမ အထူး အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်တိုး၊ တရားသူကြီးများ
ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့် ဦးမျိုးထွန်းလင်းနှင့်
ဦးကျော်ဝင်းတို့ ရှေ့တွင်

+ ၁၉၅၁
မတ်လ
၁၃ ရက်

ဒေါ်လင်အာလန်

နှင့်

ဒေါ်သန်းလှပေါ (၅)*

ရပ်ကွက်တရားရုံးက ဒီကရီကိုလက်မှတ်ထိုးရန် ပျက်ကွက်ခြင်း တိုင်းတရားရုံးနှင့် ဗဟိုတရားရုံးတို့ကချမှတ်သော အဆုံးအဖြတ်အသီးသီးသည် ဥပဒေနှင့် မညီဟု ဆိုနိုင်-မဆိုနိုင်။

**ဆုံးဖြတ်ချက်။** မြို့နယ်တရားရုံးကချမှတ်သော စီရင်ချက်နှင့် ဒီကရီကို တိုင်းတရားရုံးတွင် အယူခံဝင်ရာ၌ လည်းကောင်း၊ တိုင်းတရားရုံးက ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို ယခင်ဗဟိုတရားရုံးတွင် အယူခံဝင်ရာ၌ လည်းကောင်း၊ ရပ်ကွက်တရားရုံး၏ဒီကရီမိတ္တူကို တင်သွင်းရန်မလိုချေ။ သို့ဖြစ်ရာ ရပ်ကွက် တရားရုံးက ဒီကရီကို လက်မှတ်ရေးထိုးရန်ပျက်ကွက်ရုံမျှဖြင့် တိုင်းတရားရုံးနှင့် ဗဟိုတရားရုံးတို့က ချမှတ်သော အဆုံးအဖြတ်အသီးသီးသည် ဥပဒေနှင့် မညီဟု မဆိုနိုင်ချေ။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | — | ဦးကိုမြင့်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးမြ၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။ |

---

* ၁၉၅၀ ပြည်နှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၁၂

+ ၁၉၄၉ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၇၅
၁၉၄၉ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၃၇ တို့တွင်ချမှတ်သော (၁၇-၁၀-၄၉) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

၁၉၉၁
ဒေါ်လင်အာလန် နှင့် ဒေါ်သန်းလှ မ ၁(၅)

လသာမြို့နယ် ယာခင်အမှတ် (၅၊) ရပ်ကွက် တရားရုံး ၁၉၇၅ ခုနှစ် တရားမကြီးမှုအမှတ် ၂ တွင် အယူခံ တရားပြိုင် ဒေါ်သန်းလှတို့က အယူခံ တရားလို ဒေါ်လင်အာလန်အပေါ် အငှားချထားသည့် အိမ်ခန်းများမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ ရပ်ကွက်တရားရုံးက အမှုကို စစ်ဆေးကြားနာပြီးနောက် ပလပ်လိုက်သည်။ အိမ်ရှင်တို့က ရပ်ကွက် တရားရုံး၏ဆုံးဖြတ်ချက်ကို လသာမြို့နယ်တရားရုံးတွင် အယူခံဝင်သောအခါ မြို့နယ်တရားရုံးက အိမ်ငှားအား အခန်းတစ်ခန်းမှ ဖယ်ရှားပေးစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ အိမ်ရှင်တို့က ရန်ကုန်တိုင်း တရားရုံးသို့ ဆက်လက် အယူခံဝင်သောအခါ အိမ်ငှားအား အခန်း၊ နှစ်ခန်းလုံးမှ ဖယ်ရှား ပေးစေရန် ဒီကရီချမှတ်သည်။ အိမ်ငှားက ယခင်ဗဟိုတရားရုံး ၁၉၇၇ ခုနှစ်၊ တရားမ တတိယအယူခံမှုအမှတ်–၁၈ တွင် အယူခံဝင်သော်လည်း မအောင်မြင်ချေ။

တရားနိုင် အိမ်ရှင်တို့က အယူခံတရားလိုအပေါ် ရရှိသည့် ဒီကရီကိုအတည် ပြုပေးရန် အမှတ်(၅)ရပ်ကွက် တရားရုံး ၁၉၇၈ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၁ တွင် လျှောက်ထားသည်။ ယင်းအမှုမှာ နောက်ပိုင်းတွင် လသာ မြို့နယ်တရားရုံး ၁၉၇၈ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၃ ဖြစ်လာသည်။ တရားရုံးဘက်မှ ယခင်ရပ်ကွက် တရားရုံး တရားစီရင်ရေးအဖွဲ့သည် ဒီကရီ ကို လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် ဇာရီမှုဖွင့်လှစ် ဆောင်ရွက်ခွင့်မရှိ ဟု တင်ပြကန့်ကွက်သည်။ မြို့နယ်တရားသူကြီးက မူလမှုတွင် ရေးဆွဲထား သော ဒီကရီကို လက်မှတ်ရေးထိုး၍ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အမိန့်ချမှတ်သဖြင့် တရားရှုံးက ရန်ကုန်တိုင်း တရားရုံး ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၇၃ တွင် အယူခံဝင်သော်လည်း မအောင်မြင် သောကြောင့် တရားရုံးချုပ် ၁၉၇၉ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၃၇ တွင် အယူခံဝင်သည်။ ထို့ပြင် မြို့နယ်တရားရုံး၏ အမိန့်ကို ပြင် ဆင်ပေးရန်လည်း တရားရုံးချုပ် ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၇၅ တွင် လျှောက်ထားသည်။ တရားရုံးချုပ်က ယင်းအယူခံမှုနှင့် ပြင်ဆင် မှုတို့ကို တစ်ပေါင်းတည်း ကြားနာပြီးနောက် အမှုတွင် ရေးဆွဲထားသော ဒီကရီကို လက်မှတ်ရေးထိုးရန် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်၊ ဇာရီမှုကို ဆက်လက် ဆောင်ရွက်ရန် ချမှတ်သည့် အမိန့်ကိုမူ အတည်ပြုလိုက်သည်။

တရားရှုံး ဒေါ်လင်အာလန်က တရားရုံးချုပ်၏ အမိန့်များကို ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၈၈ တွင် လျှောက်ထားရာ တရားရုံးချုပ်က

၁၉၉၈
ဒေါ်လင်အာ
လန်
နှင့်
ဒေါ်သန်းလှ
ပေါ်(၅)

အောက်ပါ ပြဿနာနှစ်ရပ်ကို ကြားနာရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

(က) မူလရပ်ကွက် တရားရုံး၏ တရားမဝင်သော ဒီကရီကို အခြေပြု၍ လျှောက်ထားသော အယူခံလွှာအပေါ် အယူခံရုံးက အဆုံးအဖြတ်ပြုခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ၊

(ခ) အထက် ဖော်ပြပါ ဒီကရီမှာ တရားမဝင်သော ဒီကရီဖြစ်ကြောင်း ပေါ်လွင်နေပါလျက် ဇာရီမှုတွင် ဖြစ်စေ၊ အယူခံအဆင့်တွင်ဖြစ်စေ၊ ယာခုအဆင့်တွင် ဖြစ်စေ တင်ပြနိုင်ခွင့် ရှိမရှိ။

ဤအမှုမှာ ဇာရီမှုမှ ပေါ်ပေါက်လာသော အယူခံဖြစ်သဖြင့် ဒုတိယပြဿနာကို ကနဦး အဆုံးအဖြတ်ပေးသင့်သည်ဟု ကျွန်ုပ်တို့ သဘော ရရှိသည်။

အချင်းဖြစ် ဒီကရီမှာ ပျက်ပြယ်သည်ဆိုသော ကန့်ကွက်ချက်ကို ဇာရီမှုတွင် တင်ပြခွင့်မရှိကြောင်း အယူခံ တရားပြိုင်တို့၏ ရှေ့နေက ဦးဘစေ ပါ ၂ နှင့် ဦးအမြိုင် ပါ-၂ စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။ ယင်းလျှောက်ထားချက်နှင့်စပ်လျဉ်း၍ အယူခံ တရားလို၏ ရှေ့နေသည် ကျေနပ်ဖွယ်ရာ ဖြေကြား လျှောက်ထားခြင်း မပြုနိုင်ချေ။ ၎င်းသည် ဤအယူခံတွင် ပထမ ပြဿနာကိုသာ အကျယ်တဝင့် တင်ပြ လျှောက်ထားကြောင်း တွေ့ရှိရသည်။

စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက ချမှတ်ထားသည့် အတည်ဖြစ်ဆဲ ဒီကရီတစ်ရပ်ကို အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်ပေးစေလိုမှု စသည့် နည်းတစ်ရပ်ရပ်တွင် ပယ်ဖျက်ခြင်းမပြုလျှင် ယင်းဒီကရီသည် ဒီကရီချမှတ်သည့် အမှုတွင် ပါဝင်သော အမှုသည်များအပေါ် အပြီးသတ် အတည် ဖြစ်သည်။ အက်(စ်)အေနသန် နှင့် အက်(စ်)အာ(ရ်) ဆင်ဆမ် ၂ အမှုကို ကြည့်ပါ။ ဒီကရီကိုအတည်ပြုသည့်တရားရုံးအနေဖြင့် ဒီကရီမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ သို့မဟုတ် မှန်ကန်မှု ရှိ မရှိ ကန့်ကွက်ချက်ကို လက်ခံအဆုံးအဖြတ် မပြုနိုင်။ ယင်းဥပဒေပြဿနာနှင့်စပ်လျဉ်း၍ ဦးဘစေ စီရင်ထုံးတွင် စာမျက်နှာ ၄၃၃ ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်ကို ရည်ညွှန်းလိုသည်-

> " It is indisputable that the Court executing a decree must take the decree as it stands and has no power to go behind it or to entertain an objection to the legality or correctness of the decree."

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၄၃၀။

(၂) ရန်ကုန် စီရင်ထုံးများ၊ အတွဲ ၉ စာ-၄၀၀ (စုံညီ)။

၁၉၉၁
ဒေါ်လင်အာလန်
နှင့်
ဒေါ်ဆန်းလှ
ပါ(၅)

တစ်ဖက်တွင် ဦးတာ အမှု၌ ထုံးဖွဲ့ထားသည့်အတိုင်း အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဒီကရီကို အာဆည်မပြုနိုင်ကြောင်း တရားခံမှုတွင် ကန့်ကွက် တင်ပြနိုင်သည်—

(က) ကွယ်လွန်သူအပေါ် ဒီကရီချမှတ်ခြင်း၊

(ခ) စီရင်ပိုင်ခွင့် မရှိဘဲ ဒီကရီ ချမှတ်ခြင်း၊

(ဂ) အများပြည်သူတို့နှင့်သက်ဆိုင်သော မူဝါဒအပေါ် အခြေခံသည့် ဥပဒေပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ဒီကရီချမှတ်ခြင်း။

ရပ်ကွက်တရားရုံး၏ ဒီကရီကို ဆိုင်ရာ တရားစီရင်ရေးအဖွဲ့က လက်မှတ်ရေးထိုးရန်ပျက်ကွက်သည်ကို အကြောင်း ပြုပြီး အဆင့်ဆင့်သော အယူခံ တရားရုံးများ၏ ဒီကရီ အသီးသီးသည် ပျက်ပြယ်သည်ဆိုသော တင်ပြချက်မှာ အထက်ဖော်ပြပါ ကန့်ကွက်နိုင်သည့် အကြောင်းတစ်ရပ်ရပ်တွင် အကျုံးမဝင်ချေ။ သို့ဖြစ်၍ယင်းကိစ္စကို တရားခံမှုတွင်ဖြစ်စေ၊ တရားခံမှု ပေါ်ပေါက်သော အယူခံမှုတွင်ဖြစ်စေ စောဒကတက်ခွင့် မရှိပေ။

ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မြို့နယ်တရားရုံးတွင် အယူခံ ဝင်ခဲ့ရာ၌ အယူခံတရားပြိုင်များဘက်မှ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၁ အရ လိုအပ်သည့် ဒီကရီ မိတ္တူကို တင်သွင်းခဲ့သည်။ ထိုအဉ်က မူလ ရုံး ဒီကရီကို လက်မှတ်ရေးထိုးရန် ပျက်ကွက်သည့်ကိစ္စအား ဒေါ်လင်အာလန်ဘက်မှ တင်ပြခဲ့ခြင်း မရှိချေ။ အယူခံတရားရုံးကလည်း ထိုပျက်ကွက်မှုကို သတိမထားမိချေ။ အကယ်၍သာ ဒီကရီကို လက်မှတ် ရေးထိုးထားခြင်း မရှိကြောင်း တစ်နည်းနည်းနှင့်တွေ့ရှိရလျှင် လိုအပ်သလို လက်မှတ် ရေးထိုးစေခြင်းဖြင့် ပျက်ကွက်မှုကို ကုစားနိုင်မည်ဖြစ်ရာ ယခုကဲ့သို့ ပြဿနာပေါ်ပေါက်ရန် အကြောင်းမရှိချေ။ အိမ်ရှင်ဘက်မှ ဥပဒေအရ လိုအပ်သည့်အတိုင်း ဒီကရီ မိတ္တူကို ကူးယူ တင်ပြခဲ့သည်ဖြစ်ရာ ဆိုင်ရာ တရားရုံးက ဒီကရီကို လက်မှတ်ရေးထိုးရန် ပျက်ကွက်ရုံမျှဖြင့် မြို့နယ်တရားရုံးတွင် အိမ်ရှင်တို့ဘက်မှ တင်သွင်းသော အယူခံမှု၏ တရားစင်မှုကို မထိခိုက်စေနိုင်၊ ထိုပျက်ကွက်မှုသည်အမှု၏အရည်အသွေးကိုဖြစ်စေ၊ စီရင်ပိုင်ခွင့်ကိုဖြစ်စေ ထိခိုက်စေသော ချွတ်ချော်မှု မဟုတ်သည့်အလျောက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၉ အရ ကုစားနိုင်သည်။ ထို့ပြင် တရားရုံးတစ်ရုံးရုံး၏ ပျက်ကွက်မှုကြောင့် အမှုသည်အား ထိခိုက်နစ်နာစေရန်မသင့်ချေ။ ဤအခြေအနေတွင် မြို့နယ်တရားရုံးက ချမှတ်ခဲ့သော အဆုံးအဖြတ်သည် ပျက်ပြယ်သည်ဟု မဆိုနိုင်ချေ။ အယူခံ တရားလိုဘက်မှ ကိုးကားသော စီရင်ထုံးများသည် ပေါ်ပေါက်သောဖြစ်ရပ် အသီးသီးသည် ဤအမှုပါ ဖြစ်ရပ်နှင့် မတူကြောင်း တွေ့ရသည်။

၁၉၉၁
ဒေါ်လင်အာလန် နှင့် ဒေါ်သန်းလှ ပါ(၅)

မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို တိုင်းတရားရုံးတွင် အယူခံဝင်ရာ၌လည်းကောင်း၊ တိုင်းတရားရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ယခင် ဗဟိုတရားရုံးတွင် အယူခံဝင်ရာ၌လည်းကောင်း၊ ရပ်ကွက်တရားရုံး၏ ဒီကရီ မိတ္တူကို တင်သွင်းရန် မလိုချေ။ သို့ဖြစ်ရာ ရပ်ကွက်တရားရုံးက ဒီကရီကို လက်မှတ်ရေးထိုးရန် ပျက်ကွက်ရုံမျှဖြင့် တိုင်းတရားရုံးနှင့် ဗဟိုတရားရုံးတို့က ချမှတ်သောအဆုံးအဖြတ်အသီးသီးသည် ဥပဒေနှင့်မညီဟု မဆိုနိုင်ချေ။

အမှုကို ယခင် ဗဟိုတရားရုံးအထိ အဆင့်ဆင့် အယူခံဝင်ရောက်ခဲ့သည်ဖြစ်ရာ အတည်ပြုရန်ဖြစ်သော ဒီကရီမှာ ဥပဒေသဘောအရ ဗဟိုတရားရုံး၏ ဒီကရီ ဖြစ်သည်၊ ရပ်ကွက်တရားရုံး၏ ဒီကရီ မဟုတ်ချေ။ သို့ဖြစ်ရာ ဇာရီမှုတွင် ရပ်ကွက် တရားရုံး၏ ဒီကရီကို လက်မှတ် ရေးထိုးထားခြင်း မရှိသည်ကို အကြောင်းပြုပြီး ဗဟိုတရားရုံး၏ ဒီကရီကို အတည်ပြုခွင့် မရှိဟု အရေးမဆိုနိုင်ချေ။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံမှုကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ်သုံးရာ သတ်မှတ်သည်။

## တရားမ အထူး အယူခံမှု

## တရားရုံးချုပ် တရားသူကြီး ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

+ ၁၉၉၁
ဧပြီလ
၄ ရက်

ဒေါ်လွန်းပါ(၅)

နှင့်

ဒေါ်သိန်းရင်*

မြန်မာ့စလေ့ထုံးတမ်း ဥပဒေ– ပဋိညာဉ်ဥပဒေပုဒ်မ ၂၃ ပါ– "ဥပဒေ" ဆိုသော စကားရပ်– မြန်မာနိုင်ငံ တရားဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၁)– မြန်မာဗုဒ္ဓဘာသာဝင်များအကြား အငြင်းပွားနေသော အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသည့် ဓမ္မသတ်ပါ ပြဋ္ဌာန်းချက်များ သည် ဥပဒေဖြစ်သည့်အလျောက် ယင်းဥပဒေနှင့်ဆန့်ကျင်သောပဋိညာဉ် အရပ်ရပ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်ခြင်း ရှိ– မရှိ။

အမွေရှင်က သူတစိမ်းအား အမွေပစ္စည်း အားလုံးကို ပေးကမ်းခြင်း သည် ပျက်ပြယ်ခြင်း ရှိ-မရှိ၊ ကင်းဝန်မင်းကြီးဦးကောင်း ပြုစုသော ဓမ္မ သတ် ၃၆ စောင်တွဲ၊ အခန်း ၈၊ ပုဒ်မ ၇၅။

ဆုံးဖြတ်ချက်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ ပါ "ဥပဒေ" ဆိုသော စကားရပ်သည် ပြဋ္ဌာန်းဥပဒေကိုသာဆိုလိုကြောင်း ယင်းပုဒ်မ၌ အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။ မြန်မာ့စလေ့ထုံးတမ်းဥပဒေသည် ဥပဒေဖြစ်ကြောင်း အများ သိရှိလက်ခံထားပြီးဖြစ်သည်။ ထို့ပြင် ထိမ်းမြားလက်ထပ်မှု၊ အမွေ ဆက်ခံမှု အစရှိသည့် ပြဿနာများနှင့် စပ်လျဉ်း၍ ကာယကံရှင် မြန်မာ ဗုဒ္ဓ ဘာသာဝင်များအကြားအငြင်းပွားမှုပေါ်ပေါက်လျှင် မြန်မာ့စလေ့ထုံးတမ်း ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရမည်ဟု မြန်မာနိုင်ငံ တရားဥပဒေများ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၁)တွင် အတိအလင်းပြဋ္ဌာန်းထားသည်ဖြစ်ရာ အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသော ဓမ္မသတ်ပါ ပြဋ္ဌာန်းချက်များသည်

---

* ၁၉၉၁ ခုနှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၁

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၉ တွင် ချမှတ်သော (၁၆–၂–၉၀) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ ဒီကရီကို အထူးအယူခံမှု

၁၉၉၁
ဒေါ်လွန်း ပါ(၅) နှင့် ဒေါ်သိန်းရင်

ဥပဒေဖြစ်သည့်အလျောက် ယင်းဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ်အရပ်ရပ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်သည်ဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** အမွေရှင်က သူတစ်မိမ်းအား အမွေပစ္စည်းအားလုံးကို ပေးကမ်းခြင်းမှာ ပျက်ပြယ်ခြင်း ရှိမရှိ ဓမ္မသတ်များ၌ပြဋ္ဌာန်းထားခြင်း မရှိချေ။ ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ် ၃ စောင်တွဲ အခန်း ၈ ပုဒ်မ ၇၅ ၌ ဖော်ပြထားသော ဓမ္မသတ်များသည် မိဘဖြစ်သူက သားသမီးတို့အား ပစ္စည်းပေးကမ်းခြင်းနှင့် သက်ဆိုင်သည်။ ဦးနာဂ နှင့် အခြားသူများ နှင့် မောင်လှ ၂ အမှုတွင် ဓမ္မသတ်များအရ မိဘဖြစ်သူက အမွေပစ္စည်းအားလုံးကို သားသမီးတစ်ဦးအားပေးကမ်းခြင်းသည် ပျက်ပြယ်အတည်မဖြစ်ဟုဆိုလျှင် သူတစ်မိမ်းအား အမွေအားလုံးကိုပေးကမ်းခြင်းသည်လည်း အလားတူပျက်ပြယ်ရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်။

အယူခံတရားလိုများအတွက် — ဦးလှသောင်း၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမန်းအောင်မြင့် (မန္တလေး)
တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးမြ၊ ညွှန်ကြားရေးမှူး၊တရားရုံးချုပ်၊

မြန်မာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော ဦးပေါလူနှင့် ဒေါ်မ (ခ) ဒေါ်အမတို့တွင် သမီး ငါးယောက် ထွန်းကားသည်။ သူတို့မှာ အယူခံတရားလို ဒေါ်စောလှနှင့် ဒေါ်ခင်ချောတို့၏ မိခင် ဒေါ်ထွန်း၊ အယူခံတရားလို ဒေါ်လွန်း (မူလရုံးတရားလို)၊ ဒေါ်သိန်းညွန့်၊ ဒေါ်သိန်းခင်နှင့် အယူခံ တရားပြိုင် ဒေါ်သိန်းရင် (မူလရုံး တရားပြိုင်) တို့ ဖြစ်ကြသည်။ ဦးပေါလူကွယ်လွန်ပြီးနောက် ဒေါ်မသည် ၁၉-၄-၇၁ နေ့တွင် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ၁၁၁ ဂရင်းပိုင်မြေကို သမီး ဒေါ်သိန်းရင်အား ပေးလိုက်သည်။ ၁၉၇၆ ခုနှစ်တွင် ဒေါ်မ ကွယ်လွန်သောအခါ အခြား အမွေပစ္စည်း တစ်စုံတစ်ရာ ကျန်ရစ်ခြင်းမရှိသည့်အတွက် ဒေါ်သိန်းရင်အား အချင်းဖြစ်မြေကို ပေးကမ်းခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အတည်မဖြစ်ဟု အကြောင်းပြကာ ဒေါ်လွန်းက တရားလိုပြုလုပ်၍ မန္တလေးတိုင်း တရားရုံး ၁၉၈၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၁ (အနောက်ဆောင်) တွင် ဒေါ်စောလှ၊ ဒေါ်သိန်းညွန့်၊ ဒေါ်သိန်းခင်၊ ဒေါ်သိန်းရင်နှင့် ဒေါ်ခင်ချောတို့အပေါ် အချင်းဖြစ်မြေမှာ မိခင်ဒေါ်မ ကွယ်လွန်သောအခါ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ကြောင်း ကြေညာပြဋ္ဌာန်းပေးစေရန်နှင့် အမွေကို စီမံခန့်ခွဲပေးစေလိုကြောင်း တရားစွဲဆိုရာ မန္တလေးတိုင်းတရားရုံးက နှစ်ဖက်ကိုစစ်ဆေးကြားနာ

ပြီးနောက် အချင်းဖြစ်မြေမှာ အမွေဆိုင်ပစ္စည်း ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ပြီး ဒေါ်လွန်းသည် ယင်းမြေ၏ ၆ ပုံ ၁ ပုံကို ရထိုက်ကြောင်း ဒီကရီချမှတ်လိုက်သည်။ ၁၉၉၁ ဒေါ်လွန်း ပါ(၅) နှင့် ဒေါ်သိန်းရင်

ဒေါ်သိန်းရင်က မန္တလေးတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ် ၁၉၈၈ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၉ တွင် အယူခံဝင်သောအခါ တရားရုံးချုပ်က မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ခြင်း မပြုဘဲ အမွေမှုစွဲဆိုခြင်းမရှိကြောင်း ကောက်ယူကာ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်လွန်းစွဲဆိုသောအမှုကို ပလပ်လိုက်လေသည်။

ဒေါ်လွန်းတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးစေရန် တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှတ် ၁၅၅ တွင် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါဥပဒေပြဿနာနှစ်ရပ်ကို အဆုံးအဖြတ်ပေးရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုလိုက်သည်-

"(၁) အမွေရှင် မကွယ်လွန်မီက အမွေပစ္စည်း အားလုံးကို အမွေဆိုင်တစ်ဦးတည်းအား ပေးကမ်းသော စာချုပ်သည် လွဲချော်ပျက်ပြယ်နိုင်သော (VOIDABLE) စာချုပ် ဖြစ်သလော၊ သို့မဟုတ် ပျက်ပြယ်အထည်မဖြစ်သော (VOID) စာချုပ်ဖြစ်သလော၊

(၂) ယင်းပေးကမ်းစာချုပ်ကို ပယ်ဖျက်ရန် သီးခြား တရားတစ်ထုံးစွဲဆိုရန် လိုသလော၊ သို့မဟုတ် အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် ယင်းစာချုပ်ကိုပယ်ဖျက်ပေးစေရန် ထပ်ပါတည်းထည့်သွင်းစွဲဆိုနိုင်သလော။"

ကင်းဝန်မင်းကြီးဦးကောင်း ပြုစုသော မွေသတ်ဥ၆ ခေါင်တွဲ အခန်း ၈ ပုဒ်မ ၇၅ ၌ ဖော်ပြထားသည့် ရာဇသတ်ဓမ္မသတ်တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" သားချင်းတို့အနက် တစ်စုံတစ်ယောက်သော သားသမီးတို့အား မိဘတို့သည် ပေးကမ်းခဲ့၍ လက်သို့ရောက်သော်လည်း ထိုမိဘတို့သေဆုံးသည့်နောက် သားချင်းတို့မှာ ဝေခြမ်းစရာ အမွေဥစ္စာ မရှိခဲ့မူကား မိဘတို့ ပေးကမ်းခဲ့သည့် လက်ရောက်ဥစ္စာဖြစ်သည်ဟု မဆိုသာ၊ ထိုဥစ္စာကို အမွေပုံမှာသွင်း၍ သား ချင်း တို့ နှင့် တရား ကြောင်းအလျောက် ခွဲဝေခြင်းကို ပြုအပ်၏။ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူ

၁၉၉၁
ဒေါ်လွန်း
ပါ(၅)
နှင့်
ဒေါ်သိန်းရင်

ကား အကြင်ကြက်မကြီးသည် ရှာဖွေခဲ့သော အစာများကို များစွာသော ကြက်သူငယ်တို့အနက် တစ်ကောင်သော သားငယ်ကိုသာ မေတ္တာကဲလွန်၍ ပေးငြားသော်လည်း သားချင်းကြက်သူငယ်တို့သည် လုယက်၍စားကြလေကုန်သကဲ့သို့ အကြင်မိဘနှစ်ပါးတို့သည် တရားနှင့်မညီ သားချင်းအများ ရှိလျက် တစ်ခုဘင်ယောက်သောသူအား သာလျှင် စုပုံပေးကမ်းခဲ့သော်လည်း မပေးတန်ရာ ပေးသည် ဖြစ်၍ ပေးသည့်အတိုင်း မတည်ရော။ သားချင်း ပေါက်ဖော်တို့နှင့်သာ အမွေအကြောင်း အလျောက် ခွဲဝေ ခံစားသင့်သည်ဟု ဓမ္မသတ်မှာ လာသည့်အတိုင်း သားချင်းတို့မှာ ခွဲဝေရန် ကျန်ဥစ္စာ မရှိလျှင် လက်ရောက် ဥစ္စာကိုပင် သားချင်းတို့နှင့် အမွေအကြောင်းအလျောက် ခွဲဝေခံစားစေ စီရင်ပေသည်။ ”

အယူခံတရားလိုတို့၏ ရှေ့နေက မိဘဖြစ်သူ တစ်ဦးသည် အမွေပစ္စည်းအားလုံးကို သားသမီးတစ်ဦးဦးအားပေးကမ်းခြင်းမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်သည်ဖြစ်၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသဖြင့် ယင်းပေးကမ်းမှုမှာ ပျက်ပြယ် အသည် မဖြစ် (Void) ကြောင်း၊ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ “ဥပဒေ” ဆိုသော စကားရပ်မှာ-ပြဋ္ဌာန်းဥပဒေသာမက အခြားဥပဒေအရပ်ရပ်လည်း အကျုံးဝင်ကြောင်း ကျမ်း အကိုးအကားများဖြင့် လျှောက်ထား တင်ပြကြသည်။ အယူခံတရားပြိုင်၏ရှေ့နေက ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ “ဥပဒေ” ဆိုသောစကားရပ်မှာ ပြဋ္ဌာန်းဥပဒေကိုရည်ညွှန်းကြောင်း၊ သို့ဖြစ်၍ ဒေါ်အမကာ အချင်းဖြစ်မြေကို ဒေါ်သိန်းရင်အားပေးကမ်းခြင်းမှာ ပျက်ပြယ် အတည်မဖြစ်သော (Void) စာချုပ် မဟုတ်ကြောင်း၊ အမွေဆိုင်များက လွှဲရှောင်ပျက်ပြယ်နိုင်သော (Voidable) စာချုပ်ဖြစ်ကြောင်း ဖြေကြား လျှောက်ထားသည်။

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ “ဥပဒေ” ဆိုသော စကားရပ်သည် ပြဋ္ဌာန်းဥပဒေကိုသာဆိုလိုကြောင်း ယင်းပုဒ်မ၌အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိချေ။ မြန်မာဓလေ့ထုံးတမ်းဥပဒေသည် ဥပဒေဖြစ်ကြောင်း အများ သိရှိလက်ခံထားပြီး ဖြစ်သည်။ ထို့ပြင် ထိမ်းမြားလက်ထပ်မှု၊ အမွေဆက်ခံမှု အစရှိသည့်ပြဿနာများနှင့်စပ်လျဉ်း၍ ကာယကံရှင်မြန်မာဗုဒ္ဓဘာသာဝင်များ အကြား အငြင်းပွားမှုပေါ်ပေါက်လျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရမည်ဟု မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၂၁)တွင် အတိအလင်းပြဋ္ဌာန်းထားသည်ဖြစ်ရာ အမွေဆက်ခံသည့်ကိစ္စနှင့် စပ်လျဉ်းသော ဓမ္မသတ်ပါ ပြဋ္ဌာန်းချက်များသည် ဥပဒေဖြစ်သည့်အလျောက် ယင်းဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ်အရပ်ရပ်သည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်သည်ဟု ကောက်ယူရပေမည်။

ထို့ပြင် အထက်ဖော်ပြပါ ရာဇသတ် ဓမ္မသတ်လာ "ထိုဥစ္စာကို အမွေပုံမှာ သွင်း၍ သားချင်းတို့နှင့် တရားကြောင်းအလျောက် ခွဲဝေခြင်းကို ပြုအပ်၏" ဟူသော စကားရပ်သည် လည်းကောင်း၊ "မပေးတန်ရာ ပေးသည်ဖြစ်၍ ပေးသည့်အတိုင်း မတည်းစရာ" ဟူသော စကားရပ်သည် လည်းကောင်း မိဘက ပစ္စည်းအားလုံးကိုပေးကမ်းခြင်းမှာ အတည်မဖြစ် ပျက်ပြယ်ကြောင်း အထင်အရှား ညွှန်ပြလျက် ရှိပေသည်။ ပေးကမ်းခြင်း အလိုအလျောက် ပျက်ပြယ်သည်ဖြစ်၍ အမွေပစ္စည်းအဖြစ်မှတ်ယူကာ အမွေဆိုင်တို့ အချင်းချင်း ခွဲဝေယူရန် သတ်မှတ်ထားခြင်း ဖြစ်ပေသည်။

၁၉၉၁
ဒေါ်လွန်း
ပါ(၅)
နှင့်
ဒေါ်သိန်းရင်

ဒေါ်သိုင်း နှင့် ဒေါ်ငွတ် ပါ-၂[1] အမှုတွင် အမွေရှင် ဒေါ်ရွှေရီက အမွေပစ္စည်းများကို မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ဒေါ်သိုင်းအား ပေးကမ်းလိုက်ရာ အယူခံတွင် ယင်းသို့ပေးကမ်းမှုသည် ပျက်ပြယ် အတည်မဖြစ်ဟု အဘိအလင်းဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဒေါ်သိုင်း အမှုတွင် အမွေရှင်ဒေါ်ရွှေရီက အမွေပစ္စည်းများကို သူတစိမ်းအား ပေးကမ်းလိုက်ခြင်း ဖြစ်ကြောင်း၊ ယခု အမှုတွင် အမွေရှင်ဒေါ်မက မိမိသမီးဖြစ်သူ ဒေါ်သိန်းရင်အား ပေးကမ်းခဲ့ခြင်းဖြစ်၍ ဒေါ်သိုင်း အမှုတွင် ထုံးဖွဲ့ထားချက်မှာ ဤအမှုနှင့်မသက်ဆိုင်ကြောင်း တင်ပြလျှောက်ထားသည်။

အမွေရှင်က သူတစိမ်းအား အမွေပစ္စည်းအားလုံးကို ပေးကမ်းခြင်းမှာ ပျက်ပြယ်ခြင်းရှိမရှိ ဓမ္မသတ်များ၌ပြဋ္ဌာန်းထားခြင်းမရှိချေ။ ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ် ၃၆ စောင်တွဲ အခန်း ဂ ပုဒ်မ ၇၅ ၌ ဖော်ပြထားသော ဓမ္မသတ်များသည် မိဘဖြစ်သူက သားသမီးတို့အား ပစ္စည်းပေးကမ်းခြင်းနှင့် သက်ဆိုင်သည်။ ဦးနာဂ နှင့် အခြားသူများ နှင့် မောင်လှ[2] အမှုတွင် ဓမ္မသတ်များအရ မိဘဖြစ်သူက အမွေပစ္စည်းအားလုံးကို သားသမီးတစ်ဦးအား ပေးကမ်းခြင်းသည် ပျက်ပြယ် အတည်မဖြစ်ဟုဆိုလျှင် သူတစိမ်းအား အမွေအားလုံးကို ပေးကမ်းခြင်းသည်လည်း အလားတူ ပျက်ပြယ်ရမည့် ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်။ သို့ဖြစ်၍ အယူခံတရားပြိုင်၏ ရှေ့နေ လျှောက်ထားသော အထက်ဖော်ပြပါ တင်ပြချက်သည် အခြေအမြစ်မရှိချေ။

---

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၄၇၁ (တရားလွှတ်တော်)။

(၂) (၁၉၀၇-၀၉) အထက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၂၊ မြန်မာလေ့ထုံးတမ်း ဥပဒေ၊ ပေးကမ်းခြင်း စာ-၇ (ဂ)။

၁၉၉၈
ဒေါ်လွန်း ပါ(၅) နှင့် ဒေါ်သိန်းရင်

ဒုတိယပြဿနာနှင့်စပ်လျဉ်း၍ အယူခံတရားလိုတို့၏ ရှေ့နေက အပေးစာချုပ်မှာ ကနဦးကပင် ပျက်ပြယ်သော ပဋိညာဉ်ဖြစ်သဖြင့် ယင်းပဋိညာဉ်မျိုးကို ပယ်ဖျက်ပေးစေရန် သီးခြား တရားတစ်ထုံး စွဲဆိုရန် မလိုကြောင်း၊ ထို့ပြင် မာမွတ်ရာကွတ်မန်ဆာ နှင့် အယွတ်အစ္စမေးလ်အာဘတီးရား ပါ-၁၆ [၃] အမှုနှင့် ဦးသိန်းယန် နှင့် မငွေ ပါ-၂ [၄] စီရင်ထုံးများ အရ အချင်းဖြစ်ပေးကမ်းစာချုပ်ကို ပယ်ဖျက်ပေးရန်အတွက် တရားတစ်ထုံးသီးခြားစွဲဆိုရန် မလိုဘဲ အမွေ စီမံခန့်ခွဲပေးစေလိုမှုတွင် ယင်းစာချုပ်ကို ပယ်ဖျက်ပေးစေရန် တစ်ပါတည်း ထည့်သွင်းစွဲဆိုနိုင်ကြောင်း တင်ပြလျှောက်ထားသည်။

အယူခံ တရားပြိုင်၏ ရှေ့နေက မိခင်ဖြစ်သူ ဒေါ်မက အချင်းဖြစ်မြေကို သမီးဒေါ်သိန်းရင်အား ပေးကမ်းခြင်းမှာ ပျက်ပြယ်သည်ဟု ဒေါ်လွန်းတို့က စောဒကတက်ခွင့် မရှိကြောင်းဖြင့် မောင်ပန်းမြိုင်နှင့် အခြားသူများ၊ မောင်ထွန်းငြိမ်းနှင့် အခြားသူများ နှင့် မမှားတင် [၅] စီရင်ထုံးကို ကိုးကား ၍ လျှောက်ထားသည်။ အဆိုပါအမှုတွင် ဦးဆိုင်ဆိုသူက အချင်းဖြစ်လယ်ကွက်များကို အယူခံ တရားပြိုင် မဖွားတင်အား မှတ်ပုံတင် စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ရာ ထိုစဉ်က ဦးဆိုင်၏ဇနီး ဒေါ်သာနု အသက်ထင်ရှားရှိသည် ဖြစ်၍ ယင်းလယ်ကွက်များတွင် ဒေါ်သာနု၏ အစုကို ခင်ပွန်း ဦးဆိုင်က ပေးကမ်းခွင့်မရှိကြောင်း ထုံးချေတင်ပြရာ တရားလွှတ်တော်က ဒေါ်သာနု ကွယ်လွန်သောအခါ ဦးဆိုင်သည် ဒေါ်သာနု၏အမွေကို ရသည်ဖြစ်၍ ပေးကမ်းသူသည် မိမိပေးကမ်းသည့်ပစ္စည်းကို မပိုင်ဟု ငြင်းဆိုခွင့်မရှိ ဟူသော မူသဘောအရ ဦးဆိုင်ကွယ်လွန်သောအခါ ၎င်း၏သားဖြစ်သူသည် အမွေစား အမွေခံအနေဖြင့် ဖခင်ဖြစ်သူက မိခင်၏ဝေစုအား ပေးကမ်းခြင်းကို စောဒက တက်ခွင့် မရှိကြောင်း ဆုံးဖြတ်ထားသည်။ ယင်းစီရင်ထုံးပါဖြစ်ရပ်သည် ဤအမှုနှင့် မတူသဖြင့် ယခုအမှုကိုဆုံးဖြတ်ရန်အတွက် အခြေ မပြုနိုင်ချေ။

အယူခံတရားပြိုင်၏ရှေ့နေက မာမွတ်အာရာဟင်အရစ်ဖ် နှင့် အရှာဘီဘီ ပါ-၁၀ [၆] အမှုကို ကိုးကားကာ အချင်းဖြစ် ပစ္စည်းမှာ အမွေဆိုင်ပစ္စည်း ဖြစ်သည်ဟု ဤအမှုမှတွင် စုံစမ်း ဆုံးဖြတ်ခြင်း မပြုနိုင်ကြောင်း၊ မူလရုံး တရားလိုသည် အချင်းဖြစ် အပေးစာချုပ်ကို ကနဦး ပယ်ဖျက်ရန် လိုအပ်ကြောင်း၊ စာချုပ်ကို ပယ်ဖျက်ပေးစေရန် တရားတစ်ထုံး သီးခြားစွဲဆိုပြီး

---

(၃) ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၅။

(၄) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈၇။

(၅) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၃၃၀ (တရားလွှတ်တော်)။

(၆) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၃၇၃ (တရားလွှတ်တော်)။

နောက် အောင်မြင်သောအခါ အချင်းဖြစ်ပစ္စည်းသည် အမွေပစ္စည်းအဖြစ်သို့ ရောက်ရှိတော့မှ အမွေမှုစွဲဆိုရန်ဖြစ်ကြောင်း အကျယ်တဝင့် တင်ပြ လျှောက် ထားသည်။ အယူခံတရားပြိုင်၏ရှေ့နေ ကိုးကားသော စီရင်ထုံးမှာ အောက် ပါအတိုင်း ဖြစ်သည်–

၁၉၉၁
ဒေါ်လွန်း
ပါ(၅)
နှင့်
ဒေါ်သိန်းရှင်

" Prima facie a transfer of property, even if it were to turn out subsequently to be really benami, is legal and valid in law. Where such transfer is challenged after the death of the transferor as being in the nature of benami, the property should continue to be regarded in law as belonging to the transferee and cannot be considered as belonging to the estate of the deceased at the time of his death; it is therefore not within the purview of Order 20, rule 13(1) of the Code of Civil Procedure. "

ဒေါ်သိုင်း အမှုတွင် အမွေရှင် ဒေါ်ရွှေရီက အမွေပစ္စည်း အရပ်ရပ်ကို ဒေါ်သိုင်းအား ပေးကမ်းခြင်းမှာ မြန်မာဗလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ် သည် ဖြစ်၍ ဒေါ်ရွှေရီ၏အမွေစားအမွေခံဖြစ်သောဒေါ်တင်တင်က မိမိသည် ဒေါ်ရွှေရီကပေးကမ်းသောပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးစေရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုရာ မူလတရားရုံးက စွဲဆိုသည့် အတိုင်း ဒီကရီချမှတ်သည်။ အယူခံတွင် တရားလွှတ်တော်က ဒေါ်တင်တင် သည် အချင်းဖြစ် ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟာကြေညာသည့် ဒီကရီကို ပြင်ဆင်ချမှတ်ပြီး လက်ရောက်ပေးအပ်စေရန် ချမှတ်သော မူလ တရားရုံး၏ ဒီကရီကို ဆက်လက်အတည်ပြုသည်။ မူလရုံးတွင်ဖြစ်စေ၊ အယူခံ မှုတွင် ဖြစ်စေ အပေးစာချုပ်ကို ပယ်ဖျက်ပေးစေရန်အတွက် ကနဦး တရား စွဲဆိုရန် လိုအပ်သည်ဟု အငြင်းပွားခြင်းမရှိသည်ကို တွေ့ရသည်။

ဥပဒေအမြင်တွင် ပျက်ပြယ်သောစာချုပ်တစ်ရပ်သည် အာနိသင် တစ်စုံ တစ်ရာ မရှိချေ။ သို့ဖြစ်ရာ ပျက်ပြယ်အကျည်မဖြစ်သော စာချုပ်မျိုးကို ပယ် ဖျက်ရန် မလိုချေ။ ဒေါ်ညွန့်သိ နှင့် ဦးအောင်ခင် ပါ–၁၀ [၃] စီရင်ထုံးကို ကြည့်ပါ။ သို့ဖြစ်၍ ဒေါ်သိုင်း အမှုတွင် အချင်းဖြစ် အပေး စာချုပ်ကို ပယ်ဖျက်ခြင်းပြုသင့် မပြုသင့် မစဉ်းစားဘဲ တရားလို မတင်တင်သည် အချင်း

(၃) ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၁–၂၆။

၁၉၉၁ / ဒေါ်လွန်း ပါ(၅) နှင့် ဒေါ်သိန်းရင်

ဖြစ် ပစ္စည်းများ၏ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟကြေညာသည့် ဒီကရီကို တိုက်ရိုက် ချမှတ်ပေးခဲ့ဟန်တူပေသည်။

မာမွတ်ရာကွတ်မန်ဆာ အမှုတွင် အမွေထိန်းနှင့် တရားပြိုင်အမွေဆိုင်များ ချုပ်ဆိုသော စွန့်လွှတ်စာချုပ်သည် တရားဝင် မဝင် ကိစ္စကို အမွေမှုတွင် တစ်ပြိုင်တည်း ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ကြောင်း၊ စွန့်လွှတ် စာချုပ်မှာ ပျက်ပြယ်ကြောင်း၊ ဖျက်သိမ်းပေးရန် တရားတစ်ထုံး စွဲဆိုရန် မလိုကြောင်း၊ တစ်မှုတည်း၌ ကြားနာဆုံးဖြတ်ခြင်းဖြင့် အမှုတိုးပွားခြင်းမှလည်း ကာကွယ်ရာ ရောက်မည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

ဦးသိန်းဟန် အမှု၌ အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

" အမွေခွဲဝေပေးစေလိုမှုတွင် အဓိက ရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေ ခွဲဝေပေးရန်ဖြစ်ပေရာ ကွယ်လွန်သူ၏ အမွေကို မည်သူ မည်ဝါတို့က ဆက်ခံခွင့်ရှိသည်၊ တရားလိုသည် အမွေ ဝေစု မည်မျှ မည်မျှ ရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သော အမွေပစ္စည်းများသည် မည်သည့်ပစ္စည်းများဖြစ်သည်၊ ကွယ်လွန်သူ ပေးရန် ရရန်ရှိသော ကြွေးမြီများ မည်မျှ မည်မျှရှိသည် စသည်တို့ကို စိစစ် ဆုံးဖြတ်ပြီး တရားလိုနှင့် ဝေစုရလိုက်၍ ရှုံးခွန် ထမ်းဆောင်သော တရားပြိုင်တို့အား အမွေ ခွဲဝေပေးရန် ဖြစ်သည်။ တရားလိုသည် အမွေရထိုက်ခွင့်ရှိ မရှိ စိစစ်ရာ၌ ၎င်းက ချုပ်ဆိုခဲ့သော စွန့်လွှတ် စာတမ်းသည် တရားဝင်သည် မဝင်သည်ကို အမွေမှုတွင်ပင် အဆုံး အဖြတ်ပေးနိုင်သည်။ ထိုနည်းတူ ကွယ်လွန်သူ၏အမွေပစ္စည်းများကို စိစစ်ရာ၌ ပစ္စည်းတစ်ရပ်သည် ကွယ်လွန်သူ ကျန်ရစ်သော ပစ္စည်း ဟုတ် မဟုတ် အဆုံးအဖြတ်ပေးခွင့် ရှိသည့်အလျောက် ကွယ်လွန်သူ တစ်ချိန်က ပိုင်ဆိုင်ခဲ့သော ပစ္စည်းကို ကွယ်လွန်သူက လွှဲပြောင်း ပေးခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အမွေမှုတွင် အဆုံး အဖြတ်ပေးနိုင်သည်ဟု ကောက်ယူရပေမည်။ "

အမွေ စီမံခန့်ခွဲပေးစေလိုမှုတွင် စာရင်းကောက်ယူရန်နှင့် စုံစမ်းစစ်ဆေးမှု ပြုရန် ညွှန်ကြားသော ပဏာမ ဒီကရီကို ချမှတ်ရန် ဖြစ်ကြောင်း၊ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၀ နည်း ၁၃(၁)တွင် ပြဋ္ဌာန်းထားရာ မည်သည့် အတိုင်းအတာအထိ စုံစမ်းမှုပြုရန်ဖြစ်ကြောင်း ဘောင်ခတ်ထားခြင်းမရှိသည် ကို တွေ့မြင်နိုင်သည်။ တစ်ချိန်က အမွေရှင် ပိုင်ဆိုင်ခဲ့သော ပစ္စည်းများကို အခြားသူများအား လွှဲပြောင်းပေးထားပြီး ဖြစ်လျှင် အမည်ခံသာသော လွှဲပြောင်းခြင်းဖြစ်လင့်ကစား အမွေရှင် ကွယ်လွန်စဉ်က မျက်မြင်အားဖြင့် ၎င်းပိုင်ပစ္စည်းများ မဟုတ်တော့၍ အမည်ခံသာသော လွှဲပြောင်းခြင်းဟုတ်

၁၉၉၁ / ဒေါ်လွန်း ပါ(၅) နှင့် ဒေါ်သိန်းရင်

မဟုတ် ပြဿနာကို အမိန့် ၂၀၊ နည်း ၁၃(၁)အရ စုံစမ်းခြင်း မပြုနိုင်ဟု တရားသေ သတ်မှတ်ပေးခြင်းသည် အဆိုပါ နည်း ၁၃(၁)အရ ညွှန်ကြားနိုင်သော စုံစမ်းမှု၏အတိုင်းအတာကို ဘောင်ခတ်ပေးရာရောက်ပေသည်။

တီ၊ ပီ၊ ပီသာပါမားလ်ချစ်တီး နှင့် အာရ်မူနီယန်ဒီဆာဗိုင်း ပါ-၃ [၈] အမှုတွင် အမည်ငှား ရောင်းချမှုသည် အကျိုးသက်ရောက်မှုမရှိ၍ ရောင်းချသူက ရောင်းချသော ပစ္စည်းကို လက်ရောက်ရလိုကြောင်း စွဲဆိုရာ၌ ယင်းသို့ ရောင်းချထားခြင်းကို ကနဦးပယ်ဖျက်ရန် မလိုကြောင်း ထုံးဖွဲ့ထားသည်။ အဆိုပါ ဥပဒေသဘောကို စီရင်ထုံးအများအပြားတွင် လက်ခံထားပြီးဖြစ်သည်။ အမည်ငှားသဘော လွှဲပြောင်းပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိသည့်အလျောက် လွှဲပြောင်းသည်ဆိုသော ပစ္စည်းသည် လွှဲပြောင်းပေးသူ၏ ပစ္စည်းအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ရာ ထိုသူ ကွယ်လွန်သောအခါ ၎င်း၏ အမွေပစ္စည်းအဖြစ် ကျန်ရစ်မည်မှာ သဘာဝပင် ဖြစ်သည်။ အမွေမှုတွင် အချင်းဖြစ်ပစ္စည်းများသည် အမွေပစ္စည်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရသည် ဖြစ်ရာ ပစ္စည်းတစ်ရပ်ကို အမွေရှင်က အခြားသူ တစ်ဦးအား လွှဲပြောင်းပေးခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ ပြဿနာကို အမွေမှုတွင် အဆုံးအဖြတ်ပေးပါက အဆင်အပြေဆုံးဖြစ်ပေလိမ့်မည်။ ထို့ပြင် အမှုပွားများခြင်းကိုလည်း တစ်နည်း ပိတ်ပင်ရာရောက်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၅ နှင့် ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၈၇ အမှုများတွင် ထုံးဖွဲ့မှုများကို သဘောတူ လက်ခံသည်။ သို့ဖြစ်၍ ဤအမွေမှုတွင် အမွေရှင်ဒေါ်မက အချင်းဖြစ်မြေကို ဒေါ်သိန်းရင်အား ပေးကမ်းခြင်းသည် ပျက်ပြယ် အတည်ဖြစ် မဖြစ်ဟူသော ပြဿနာကိုဖော်ထုတ်ဆုံးဖြတ်နိုင်သည်ဟု ကောက်ယူဆုံးဖြတ်သည်။

တရားရုံးချုပ် စုံညီခုံရုံးသည် ဒေါ်လွန်းစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိ လျှောက်လဲတင်ပြကြရန် နှစ်ဖက်အမှုသည်များအား ဖိတ်ခေါ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက အပေးစာချုပ်ကို ပယ်ဖျက်ရန် အကြောင်းမရှိသဖြင့် ကာလ စည်းကမ်းသတ် ပြဿနာ မပေါ်ပေါက်ပါဟု တင်ပြလျှောက်ထားသည်။ အယူခံတရားပြိုင်၏ရှေ့နေကမူ အပေးစာချုပ်ကို ၃ နှစ်အတွင်း ပယ်ဖျက်ခဲ့ခြင်းမရှိ၍ စာချုပ်မှာ အတည်ဖြစ်သွားသည့်အလျောက် အချင်းဖြစ် မြေမှာ ဒေါ်မ၏အမွေပစ္စည်း မဟုတ်တော့ကြောင်း ပြန်ကြားလျှောက်ထားသည်။ Bageswari Charan Singh နှင့် Jagarnath

(၈) အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၄ စာ-၂၆၆။

၁၉၉၁
ဒေါ်လွန်း
ပါ(၅)
နှင့်
ဒေါ်သိန်းရင်

Kuari and another[၉] အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်–

> " Adverse possession denotes possession under a claim or colour of title and where a defendant entered upon possession by virtue of a document and continued to be in possession on the strength of that document even if the title as based upon the document itself was void the possession, nevertheless, being under a claim or colour of title, must be regarded as adverse."

ဤအမှုတွင် အယူခံတရားပြိုင် ဒေါ်သိန်းရင်သည် အချင်းဖြစ် မြေကို လက်ရှိထားကြောင်း အငြင်းမပွားချေ။ မြေမှာ ၎င်း၏အမည်ပေါက်လျက်ရှိသည်ဟု အဆိုရှိသည်၊ ၁၉၇၁ ခုနှစ်မှစ၍ အချင်းဖြစ် အရောင်းစာချုပ်အရ လွှဲပြောင်းပေးအပ်သဖြင့် ရှိသော ပိုင်ဆိုင်မှုကိုအကြောင်းပြုကာ ဒေါ်သိန်းရင်က မြေကို ဆက်လက် လက်ရှိထားခြင်းသည် ဆန့်ကျင် ပိုင်ဆိုင်မှုဖြစ်သည့်အလျောက် ၁၂ နှစ်ကျော် ကြာမြင့်သောအခါ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ အရ ယင်းမြေတွင် အမှန်တကယ်ပိုင်ဆိုင်သူတို့၏ ပိုင်ရေးပိုင်ခွင့်သည် ဆိတ်သုဉ်းသွားပြီ ဖြစ်သည်၊ သို့ဖြစ်ရာ ၁၉၈၅ ခုနှစ်တွင် ဒေါ်လွန်းက ဤအမွေမှုကို စွဲဆိုသောအခါ အချင်းဖြစ်မြေမှာ ဒေါ်မကျန်ရစ်သည့် အမွေဆိုင်ပစ္စည်း မဟုတ်တော့သဖြင့် အမွေခွဲရန် ပြဿနာ ပေါ်ပေါက်မည် မဟုတ်ချေ။

ထို့ကြောင့် ဤအထူးအယူခံကို ပလပ်လိုက်သည်။ အယူခံတရားပြိုင်သည် ၎င်းတင်ပြခြင်းမရှိသည့် ဥပဒေ ပြဿနာအရ အနိုင်ရရှိသဖြင့် ဤအယူခံတွင် နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ ကိုယ်တိုင် ကျခံကြစေ။

---

(၉) အေအိုင်အာရ် ၁၉၂၉ ပတ္တနာ ၈၁–၁၁၇

### တရားမ အထူး အယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

+ ၁၉၆၁ စက်တင်ဘာလ ၆ ရက်

ဒေါ်လှလှစင်း

နှင့်

ဦးဘရှင် *

(ရှင်းအား အုပ်ထိန်းသူ ဦးလှိုင်)

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေ၊ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၁)– လင်မယားကွာရှင်းပေးစေလိုမှု– ရူးသွပ်နေသော ကြောင့်ဖြစ်စေ၊ စိတ်ရောဂါဝေဒနာ ခံစားနေရသောကြောင့်ဖြစ်စေ၊ လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့်တာဝန် ပျက်ကွက်နေခြင်း သည်– မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ အိမ်ထောင်ရေး ပြစ်မှုဟု ဆိုနိုင်-မဆိုနိုင်။

ဆုံးဖြတ်ချက်။ မြန်မာဗုဒ္ဓဘာသာ လင်မယား၏ အိမ်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အဆုံးအဖြတ်ပေးရန် ဖြစ် ကြောင်း၊ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃ (၁) တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ၃၄ ခောင်တွဲ အိမ်မှုခန်း ဓမ္မသတ်များက ဖြစ်စေ၊ မြန်မာလူမျိုးတို့ လိုက်နာကျင့်သုံးလျက်ရှိသော ဓလေ့ထုံးတမ်းက ဖြစ်စေ၊ မယားဖြစ်သူသည် ရူးသွပ်နေသော လင်အား ကွာရှင်းခွင့်ပေးထား ခြင်း မရှိချေ။

စိတ်ရောဂါ ဝေဒနာ ခံစားနေရခြင်းကြောင့် ဦးဘရှင်သည် လင် ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ရန် ပျက် ကွက်ကောင်း ပျက်ကွက်မေလိမ့်မည်။ သို့ရာတွင် ထိုသို့ ထမ်းဆောင်နိုင်ခြင်း

* ၁၉၆၁ ခုနှစ်၊ တရားမ အထူး အယူခံမှု အမှတ်-၆

+ ၁၉၆၀ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ်-၁၃၉ တွင် ချမှတ်သော (၃၁-၅-၆၀) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံမှု။

၁၉၉၁
ဒေါ်လှလှဝင်း
နှင့်
ဦးဘရှင်
(၎င်းအား
အုပ်ထိန်းသူ
ဦးလှိုင်)

မရှိခြင်းကို အိမ်ထောင်ရေးပြစ်မှုအဖြစ် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေတွင် သတ်မှတ်ထားခြင်း မရှိချေ။

အယူခံ တရားလိုအတွက် — ဦးခင်မောင်လတ်၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်ခင်မမ၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးမြ၊ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။

အယူခံ တရားလို ဒေါ်လှလှဝင်းနှင့် အယူခံ တရားပြိုင် ဦးဘရှင်တို့သည် မြန်မာဗုဒ္ဓဘာသာဖြစ်ကြ၍ ၁၉၆၄ ခုနှစ်မှစ၍ အကြင် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ သားတစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။ ဒေါ်လှလှဝင်းက ခင်ပွန်းသည် ဦးဘရှင်မှာ ကုသ၍ မရနိုင်သော စိတ်ရောဂါဝေဒနာ စွဲကပ်နေသည်ကိုအကြောင်းပြုပြီး ကွာရှင်းပေးစေရန် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၉ ခုနှစ် တရားမကြီးမှု အမှတ် ၃၁၁ တွင် တရား စွဲဆိုရာ တရားရုံးအဆင့်ဆင့်တွင် အရေးနိမ့်ခဲ့သည်။ တရားရုံးချုပ်က အောက်ပါ ဥပဒေ ပြဿနာကို ကြားနာရန်အလို့ငှာ အထူးအယူခံဝင်ခွင့် ပြုခဲ့သည်–

" လင်ယောကျ်ားဖြစ်သူသည် နှစ်ပေါင်းများစွာ စိတ်ရောဂါဝေဒနာ ခံစားနေရခြင်းကြောင့် လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်နိုင်ခြင်း မရှိပါက မယားဖြစ်သူသည် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ ကွာရှင်းခွင့် ရထိုက် မရထိုက် ဟူသော ကိစ္စ။ "

အယူခံတရားလို၏ရှေ့နေက ဆင်းဝန်မင်းကြီး ဦးကောင်း ပြုစုခဲ့သော အဋ္ဌသံခေပ ဝဏ္ဏနာကျမ်း၏ အပိုဒ် ၃၇၁ ပါ အောက်ပါသုံးသပ်ချက်အပေါ် အခြေခံ၍ လင်မယားအဖြစ်မှ ကွာရှင်းခွင့်ပေးသင့်ကြောင်း တင်ပြ လျှောက်ထားသည်–

" မကောင်းကျင့်မှု၊ ပျင်းရှုံးလွန်း၊ ဆိမ့်သူ နှင်ရာ ဟူရာ၌ အကျင့်မကောင်း၊ ဟောဒ့ရမ်း ဆော့သွမ်းသောသူ၊ အလွန်ပျင်းရိလှသောသူ၊ ရူးသွပ်သောသူ။ ဤ သုံးယောက်တည်း၊ ၎င်း သုံးယောက်မှာ မယားက သည်းမခံနိုင်၍ အိမ်က နှင်ထုတ်လျှင် နှင်ထုတ်ပိုင်စေ။ "

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလို၏ ရှေ့နေ ကိုးကားသော စွဲမှုသတ်တွင် ခင်ပွန်းဖြစ်သူ ရူးသွပ်ခြင်းကိုအကြောင်းပြုပြီး မယားဖြစ်သူက ကွာရှင်းခွင့်ရထိုက်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိပါဟု ဖြေကြား လျှောက်ထားသည်–

၁၉၉၁
ဒေါ်လှလှငင်း
နှင့်
ဦးဘရှင်
(၎င်းအား
အုပ်ထိန်းသူ
ဦးလှိုင်)

ကင်းဝန်မင်းကြီးဦးကောင်းပြုစုသော ၃၄ စောင်တွဲ အိမ်မှုခန်း ဓမ္မသတ်ကျမ်း အခန်း ၄၀ တွင် လင်မယားကွာ ရှင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဓမ္မသတ်လာ ပြဋ္ဌာန်းချက်များကို စုစည်းဖော်ပြထားရာ၌ လင် သို့မဟုတ် မယား ရူးသွပ်သည်ကို အကြောင်းပြုပြီး ကွာရှင်းခွင့်ရရှိကြောင်း ပြဋ္ဌာန်းချက် တစ်စုံတစ်ရာ မတွေ့ရချေ။ အဆက်ဖော်ပြပါ အဋ္ဌသံခေပဝဏ္ဏနာ ကျမ်းမှာ ရှေးဓမ္မသတ်ကျမ်း မဟုတ်ဘဲ ကင်းဝန်မင်းကြီးဦးကောင်း၏ အမြင်ကို ထင်ဟပ်ထားသည့် ကျမ်းသာ ဖြစ်သည်။ ကင်းဝန်မင်းကြီး ဦးကောင်းမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေအရာတွင် ကျွမ်းကျင်သူဖြစ်သည်မှာ ယုံမှားဖွယ်မရှိချေ။ သို့ရာတွင် ရှေးကျမ်းများတွင်မပါသောအကြောင်းအရာတစ်ခုနှင့်စပ်လျဉ်း၍ ဦးကောင်း၏အမြင်သက်သက်အပေါ် အခြေခံကာ မှုခင်းများကိုဆုံးဖြတ်ရန် မသင့်ချေ။

ထို့ပြင် မြန်မာဓလေ့ထုံးတမ်းဥပဒေဆိုရာ၌ ရှေးဟောင်း ဓမ္မသတ်များ သက်သက်ကိုသာ ဆိုသည်မဟုတ်၊ မြန်မာများသက်ရှိကျင့်သုံးလိုက်နာလျက်ရှိသော ဓလေ့ထုံးတမ်းများသည်၊ အကျုံးဝင်သည်။ မောင်သိန်းမောင် နှင့် မကြွယ်နှင့် အခြားသူများ [၁] အမှုကို ကြည့်ပါ။

မြန်မာ့အိမ်ထောင်စုတစ်ခုတွင် လင်ဖြစ်သူ စိတ်ရောဂါဝေဒနာစွဲကပ်ရာ၌ ကုသ၍မရနိုင်သောအခြေအနေသို့ ဆိုက်ရောက်ပါက ဇနီးဖြစ်သူသည် လင်ဖြစ်သူအား ကွာရှင်းခွင့်ရရှိစေသည့် ဓလေ့ထုံးတမ်းထစ်ရပ်ရှိသည်ဟု အယူခံတရားလိုဘက်မှ အကိုးအကားတစ်စုံတစ်ရာ မပြနိုင်ချေ။

မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့သည် နှစ်ဦးသဘောတူညီချက်ဖြင့် အိမ်ထောင် တစ်ခုကို တည်ဆောက်သည်။ တစ်ဦးတစ်ယောက်ထည်း၏ဆန္ဒဖြင့် ထိုအိမ်ထောင်ကို ဖျက်ဖြိုခြင်း မပြုနိုင်။ တစ်ဦးဦးက အိမ်ထောင်ရေး ပြစ်မှု ကျူးလွန်သည့်အခါတွင် ကျန် ဇနီး သို့မဟုတ် ခင်ပွန်းက လင်မယားအဖြစ် ကွာရှင်းခွင့် ရရှိသည်။ ဦးဘရှင်၌ နေဖြင့် စိတ်ရောဂါဝေဒနာ ရရှိသည့် ကိစ္စသည် အိမ်ထောင်ရေးပြစ်မှုတစ်ရပ်ဖြစ်ကြောင်း အယူခံတရားလိုဘက်မှ ခိုင်မာသော အကိုးအကား တင်ပြနိုင်ခြင်း မရှိချေ။ အိမ်ထောင်ရေးပြစ်မှုတစ်ရပ်ကို အပြစ်ရှိသူက ကာယကံ၊ မနောကံနှစ်ပါးဖြင့် ကျူးလွန်သည်။ စိတ်ရောဂါစွဲကပ်သည့်ကိစ္စတွင် ကာယကံရှင်၏ဆန္ဒ မပါဝင်နိုင်ချေ။ ကံအကြောင်းမလှသဖြင့် ဦးဘရှင်သည် စိတ်ဝေဒနာ ရရှိခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မဟာမောဒင်ဥပဒေအရဆိုလျှင် လင်ဖြစ်သူ ရူးသွပ်သည်ကို အကြောင်းပြုပြီး မယားဖြစ်သူမှာ လင်မယား ကွာရှင်းခွင့်

---

(၁) ရန်ကုန် အတွဲ ၁၃ စာ ၄၁၂။

**၁၉၉၁**
ဒေါ်လှလှဝင်း
နှင့်
ဦးဘရှင်
(၎င်းအား
အုပ်ထိန်းသူ
ဦးလှိုင်)

ရကြောင်း၊ အဆိုပါဥပဒေအရ မယားဖြစ်သူ၏အခွင့်အရေးမှာ မြန်မာ ဗုဒ္ဓဘာသာဝင် မယားတစ်ဦး၏ အခွင့်အရေးထက် များစွာ နိမ့်ကျနေသည်ကို တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ မြန်မာဗုဒ္ဓဘာသာ မယားသည် ရူးသွပ်နေသော လင်အား ကွာရှင်းခွင့်ရသင့်ကြောင်း တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်၏ ရှေ့နေက မဟာမေဒင် ဘာသာဝင် လင်မယားနှင့် မြန်မာဗုဒ္ဓဘာသာ လင်မယားတို့မှာ ယဉ်ကျေးမှုအရ လည်းကောင်း၊ လူနေမှုစနစ်အရ လည်းကောင်း ကွဲပြားခြားနားသည်ဖြစ်၍ လင်မယားကွာရှင်းခွင့်ပေးသင့် မသင့် ကိစ္စတွင် မဟာမေဒင်ဥပဒေကို ထည့်သွင်းစဉ်းစားရန် မလိုကြောင်း ဖြေကြားလျှောက်ထားသည်။

မြန်မာဗုဒ္ဓဘာသာ လင်မယား၏ အိမ်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အဆုံးအဖြတ်ပေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၁)တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ၃၄ စောင်တွဲ အိမ်မှုခန်းဓမ္မသတ်များကဖြစ်စေ၊ မြန်မာလူမျိုးတို့ လိုက်နာကျင့်သုံးလျက်ရှိသော ဓလေ့ထုံးတမ်းကဖြစ်စေ မယားဖြစ်သူသည် ရူးသွပ်နေသောသင်အား ကွာရှင်းခွင့်ပေးထားခြင်းမရှိချေ။

စိတ်ရောဂါဝေဒနာခံစားနေရခြင်းကြောင့် ဦးဘရှင်သည် လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ကောင်း ပျက်ကွက်ပေလိမ့်မည်။ သို့ရာတွင် ထိုသို့ ထမ်းဆောင်နိုင်ခြင်း မရှိခြင်းကို အိမ်ထောင်ရေးပြစ်မှုအဖြစ် မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားခြင်း မရှိချေ။

ဤစီရင်ချက်ကိုအဆုံးမသတ်မီ မှတ်ချက်ပြုလိုသောအချက်တစ်ရပ်ရှိသည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၂ နည်း ၁ နှင့် ၁၅ အရ စိတ်ပေါ့သွပ်သူတစ်ဦးက တရားစွဲဆိုရာ၌ စိတ်ပေါ့သွပ်သူ၏ အနီးစပ်ဆုံးမိတ်ဆွေဟု ခေါ်တွင်သောသူ တစ်ဦးက တရားလိုကိုယ်စား အမှုတွင်ဆောင်ရွက်သည်။ စိတ်ပေါ့သွပ်သူသည် တရားပြိုင်ဖြစ်လျှင်မူ နည်း ၃ အရ ၎င်း၏ အုပ်ထိန်းသူက ၎င်းကိုယ်စားဆောင်ရွက်သည်။ ဒေါ်လှလှဝင်းသည် ဦးဘရှင်အပေါ် မူလရုံးတွင် တရားစွဲဆိုရာ၌ လည်းကောင်း၊ တရားရုံးချုပ်၌ အယူခံ အဆင့်ဆင့် တင်သွင်းရာ၌ လည်းကောင်း ဦးဘရှင်၏ဖခင် ဦးလှိုင်အား ဦးဘရှင်၏ အုပ်ထိန်းသူအဖြစ် ဖော်ပြခြင်းမပြုဘဲ အနီးစပ်ဆုံးမိတ်ဆွေဟု ဖော်ပြခြင်းမှာ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ပေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအထူးအယူခံကို ပလပ်လိုက်သည်။ တရားစရိတ် ခွင့်မပြု။

## တရားမ ပထမ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

## ဒေါ်ဝိစာရီ

## နှင့်

## ဦးယုကြည် *

+ ၁၉၉၁ ဒီဇင်ဘာလ ၁၇ ရက်

**အခမဲ့ နေခွင့်ပြုထားသူအား ဖယ်ရှားလိုမှု— သာသနာပိုင် မြေပေါ်၌ ဆောက်လုပ် လှူဒါန်းထားသော ဇရပ်နှင့် ပတ်သက်၍ အလှူရှင်က ခြင်းချက်သဘောမျိုးထား၍ စီမံခန့်ခွဲပိုင်ခွင့် ရှိ မရှိ၊ အလှူရှင်၏ ခွင့်ပြုချက်အရ ဇရပ်၌ နေခွင့်ရှိသည်ဟုဆိုရာ နည်းလမ်း ကျ—မကျ။**

**ဆုံးဖြတ်ချက်။** သာသနာပိုင်မြေပေါ်၌ ဆောက်လုပ်လှူဒါန်းသည့်ဇရပ်မှာ သာသနာအတွက် လှူဒါန်းသည့် ဇရပ်သာ ဖြစ်ရမည်။ ထိုဇရပ်နှင့်ပတ်သက်၍ အလှူရှင်က ခြွင်းချက်သဘောမျိုးထား၍ ၎င်း၌ စီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ၎င်း၏ခွင့်ပြုချက်ရမှ သီတင်းသုံး ဇရပ်၌ နေခွင့်ရှိသည်ဟုလည်းကောင်း၊ ဤအမှု၌ တင်ပြသောင်းဆိုခြင်းမှာ ဖြစ်ရိုး ဖြစ်စဉ် အရသော်လည်းကောင်း၊ သာသနာ့ အမြင်အရသော်သည်းကောင်း၊ နည်းလမ်း မကျသဖြင့် လက်ခံခွင့်ပြုနိုင်ခြင်း မရှိပေ။

**အယူခံတရားလိုအတွက်** — ဦးသိန်းဝင်းလှိုင်၊ တရားရုံးချုပ်ရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဦးလှတင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘုတင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ တရားရုံးချုပ်။

ရန်ကုန်တိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၈၄ တွင် တရားလို ဦးယုကြည်က တရားပြိုင် ဒေါ်ဝိစာရီအပေါ်၌ ဗဟန်း ကြားတော ရလမ်းရှိ အချင်းဖြစ် ဇရပ်မှ အခမဲ့ နေခွင့်ပြုသူအား ဖယ်ရှားလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း တရားပြိုင်သည် ဗဟန်း ကြားတောရလမ်း မြေကွက်အမှတ်

---

* ၁၉၉၁ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၈၁

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၄ တွင် ချမှတ်သော (၇-၁-၉၁) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၉၁
ဒေါ်ဝိစာရီ
နှင့်
ဦးယုကြည်

၅၃(စီ) ဇရပ်အကွက်အမှတ် ၄၄ ရှိ အချင်းဖြစ်ဇရပ် အမှတ် ၂၁ အိုပ်ခ်ျ မှ ထွက်ခွာပြီး တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဒီကရီ ချမှတ်ပေးသောကြောင့် ဒေါ်ဝိစာရီက တရားရုံးချုပ်သို့ အယူခံ ဝင်ရောက်လာခြင်း ဖြစ်သည်။

တရားလို၏အဆိုလွှာ၌ အောက်ပါအချက်များကို အဓိက ထား၍ ဖော်ပြသည်—

" ၎င်း၏အဒေါ်များဖြစ်ကြသော ဒေါ်ထူးခင်နှင့် ဒေါ်မယ်သာတို့က ၁၉၂၁ ခုနှစ်တွင် အချင်းဖြစ် ဇရပ် တည်ရှိရာ မြေကွက်ကိုဝယ်၍ အချင်းဖြစ် ဇရပ်ကို ဆောက်လုပ် ပိုင်ဆိုင်ခဲ့ကြောင်း၊ ဒေါ်ထူးခင်နှင့် ဒေါ်မယ်သာတို့မှာ အပျိုကြီးများ အဖြစ်ဖြင့် ကွယ်လွန်သွားကြသောကြောင့် ဇရပ်နှင့်မြေကို ညီမဖြစ်သူ ဒေါ်ကြင်မှိုက ဆက်ခံ ပိုင်ဆိုင်ကြောင်း၊ ဒေါ်ကြင်မှိုမှာ တရားလို၏ မိခင် ဖြစ်ကြောင်း၊ တရားလို မိသားစုသည် ဒုတိယ ကမ္ဘာစစ်အတွင်းမှစ၍ ၁၉၅၆ ခုနှစ် ထိ အချင်းဖြစ် ဇရပ်၌ နေထိုင်ခဲ့ကြောင်း၊ သိလရှင် ဒေါ်မမွေသီနှင့် ဒေါ်ကေသာတို့အား အချင်းဖြစ်ဇရပ်၌ နေထိုင်ခွင့်ပြုထားခဲ့ကြောင်း၊ ဒေါ်မမွေသီ ကွယ်လွန်သောအခါ ဒေါ်ကေသာအား အချင်းဖြစ် ဇရပ်၌ ထစ်သက်လုံး နေခွင့်ပြုထားကြောင်း၊ ဒေါ်ကေသာ ကွယ် လွန်ပြီးနောက် တရားပြိုင် ဒေါ်ဝိစာရီက ဆက်လက်၍ နေခွင့် တောင်းသော်အခါ ၁၃၄၉ ခုနှစ်၊ သီတင်းကျွတ်အထိသာ နေခွင့်ပြု ခဲ့ကြောင်း၊ သီတင်းကျွတ်သော်လည်း ပြောင်းရွှေ့ခြင်း မပြုသဖြင့် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံသို့ သံဃ ဝိနိစ္ဆယ အဖွဲ့ဖြင့် အဆုံးအဖြတ်ပေးရန် လျှောက်ထားခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ စာအမှတ် ၃၀၁/ (ဝိ–ဦး၊) ဗဟ/သာသန ၇၉၊ ရက်စွဲ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်ဖြင့် ဝိနည်း ဓမ္မကံမှုခင်း၌ အကျုံး မဝင်ကြောင်း သတ်မှတ်ပြန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် ယခုအမှု စွဲဆိုရကြောင်း "

ဖော်ပြသည်။

တရားပြိုင်က ချေပရာ၌ အချင်းဖြစ် မြေကွက်နှင့် ဇရပ်ကို အပျိုကြီး ဒေါ်ထူးခင်က ၁၉၅၂ ခုနှစ်ကပင် ဒေါ်ကေသာအား သာသနာပြုနိုင်ရန် လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း၊ တရားလို၏မိခင် ဒေါ်ကြင်မှိုနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း၊ အချင်းဖြစ် ဥပစာသည် မြေပုံ၌ အစိမ်းရောင် ချယ်ထားသည့် သာသနာပိုင်ပစ္စည်းဖြစ်ကြောင်း၊ ဒေါ်ကေသာက တရားပြိုင်အား ဆက်လက်၍လှူဒါန်းသွားကြောင်း၊ တရားလို၏ အဆိုလွှာအား ပလပ်ရန်အကြောင်း၊ ချေဆိုသည်။

၁၉၉၁
ဒေါ်ဝိစာရီ
နှင့်
ဦးယုကြည်

မူလရုံး၏ စီရင်ချက်တွင် မြေမှာ သာသနာ့မြေဖြစ်ကြောင်း၊ သို့သော်လည်း အချင်းဖြစ် ဇရပ်ကို ထိုမြေပေါ်၌ဆောက်လုပ်၍ တရားဝင်လှူဒါန်းသွားသည်ဟူသော အချက်ကို တရားပြိုင်ဘက်မှ သက်သေပြနိုင်ခြင်း မရှိကြောင်း၊ အချင်းဖြစ် ဇရပ်မှာ တရားလိုက အမွေရ ဆက်ခံသာသော ဇရပ်ဖြစ်ကြောင်း၊ တရားလို၏ စီမံ ခန့်ခွဲမှုအောက်၌ ရှိကြောင်း၊ တရားပြိုင်အား အခမဲ့ နေခွင့်ပြုထားကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ပြီး တရားလိုအား အနိုင် ဒီကရီ ချမှတ်ပေးသည်။

အချင်းဖြစ် ဇရပ် တည်ရှိရာ မြေမှာ သာသနာ့ပိုင်မြေဖြစ်ကြောင်း ထင်ရှားသည်။ အငြင်းမပွားပေ။ သာသနာ့ပိုင်မြေပေါ်၌ ဇရပ် ဆောက်လုပ် လှူဒါန်းရာတွင် ဇရပ်နှင့်ပတ်သက်၍ စီမံခန့်ခွဲပိုင်ခွင့် ရှိနေသေးသည့်သဘော မူလရုံး တရားလိုဘက်မှ အဆိုပြုခြင်းကို လက်ခံနိုင်ရန် အကြောင်းမရှိပေ။ သာသနာ့ပိုင်မြေပေါ်၌ ဆောက်လုပ် လှူဒါန်းသည့် ဇရပ်မှာ သာသနာ အတွက် လှူဒါန်းသည့် ဇရပ်သာဖြစ်ရသည်။ ထိုဇရပ်နှင့်ပတ်သက်၍ အလှူရှင်က ခြွင်းချက်သဘောမျိုး ထား၍ ၎င်း၌ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ၎င်း၏ ခွင့်ပြုချက်ရမှ သီလရှင်များ ဇရပ်၌ နေခွင့်ရှိသည်ဟုလည်းကောင်း၊ ကြိုအမှု၌ တင်ပြတောင်းဆိုခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်အရသော်သည်းကောင်း၊ သာသနာ့အမြင်အရသော်သည်းကောင်း၊ နည်းလမ်းမကျသဖြင့် လက်ခံခွင့်ပြုနိုင်ခြင်း မရှိပေ။ ထို့ကြောင့် တရားလိုအားနှဖြင့် အနိုင် ဒီကရီ မရထိုက်ပေ။ ယခုအယူခံအား စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်၍ တရားလို၏ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၉၁ ဇန်နဝါရီလ ၁၀ ရက်

ဦးဝင်းဟန် ပါ(၂)

နှင့်

ဒေါ်ညွန့်ညွန့်တင် *

**ကာလစည်းကမ်းသတ်ပြဿနာသည် အမှုတစ်ခုလုံးဆုံးဖြတ်ရန် အရေးပါသော ပြဿနာ ဖြစ်ခြင်း — မည်သည့်အခါ အယူခံရုံးက ယင်းပြဿနာကို ဆုံးဖြတ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင် ဒေါ်ညွန့်ညွန့်တင်စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိ အဓိက သုံးသပ်ဆုံးဖြတ်ရန် ပြဿနာပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ကာလစည်းကမ်းသတ်ပြဿနာသည် အမှုတစ်ခုလုံးဆုံးဖြတ်ရန် အရေးပါသောပြဿနာဖြစ်သည်။ မူလရုံးက ဆုံးဖြတ်ရန်ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ အမှုတွင်ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီးအချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဗိုလ်ကြီးစိန်သောင်း (အငြိမ်းစား) တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးကိုကို၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။ |

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၆၉/၇၅ (တာဝန်ခံ) တွင် အယူခံတရားပြိုင် ဒေါ်ညွန့်ညွန့်တင်က အယူခံတရားလို ဦးဝင်းဟန် နှင့် ဦးစိန်ထွန်းတို့အပြင် ဦးမောင်နွား၊ ဦးအုံးငွေ၊ ဦးအောင်နိုင်၊ ဦးတင်မြိုင်၊

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၆၅

\+ ၁၉၇၅ ခုနှစ်၊ တရားမကြီး မှု အမှတ် ၆၉ တွင် ချမှတ်သော (၂၆–၃–၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၁
ဦးဝင်းဟန်
ပါ(၂)
နှင့်
ဒေါ်ညွန့်ညွန့်
တင်

ဦးဘချစ်တို့ (၇)ဦးအပေါ် တရားလိုပိုင်မြေကွက်ပေါ် ကျူးကျော်ကာ ရုံ ထားသော (၁) တရားပြိုင်၏ သံဆူးကြိုးများ၊ ကျူးကျော်နေသော နောက်ဖေးဓါးဖိုဆောင် အဆောက်အအုံနှင့် တရားပြိုင် (၃) မှ (၇)တို့၏ ကျူးကျော်နေသော နေအိမ်အဆောက်အအုံ အစိတ်အပိုင်းများအား ဖယ် ရှား၍ မြေလက်ရောက်ရလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက တရားပြိုင်(၃)မှ (၇)တို့အပေါ် တရားလိုစွဲဆိုသောအမှုကိုပလပ်ပြီး တရားလိုပိုင် ဦးပိုင် ၁၂ မြေပေါ် ကျူးကျော်နေသည့် (၂) တရားပြိုင် ပိုင်၍ (၁) တရားပြိုင် နေထိုင်လျက်ရှိသော အဆောက်အအုံ အစိတ်အပိုင်းနှင့် ဦးပိုင် ၁၃ အပေါ် ကျူးကျော်နေသည့် သံဆူးကြိုးများကို ဖယ်ရှား၍ မြေကို တရားလိုသို့ လက်ရောက်အပ်ပေးရန် ဒီကရီ ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် မူလရုံးတရားပြိုင် (၁)၊ ဦးဝင်းဟန်နှင့် (၂) ဦးစိန်ထွန်းတို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤ တရားမပထမ အယူခံကို တင်သွင်း သည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄–ဂျီ၊ ဦးပိုင် အမှတ် ၇၄–အေ၊ မြေကွက်အမှတ်–၁၂၊ မြေချိန် ဧရိယာ (၀.၀၃၄) ကို အယူခံတရားပြိုင်ဒေါ်ညွန့်ညွန့်တင်က မူလပိုင်ရှင် ကိုခွေးကြီးနှင့် မောင်မြင့်တို့ထံမှ ၁၉၆၂ ခုနှစ်တွင် လည်းကောင်း၊ မြေကွက် အမှတ် ၁၃၊ မြေချိန်ဧရိယာ (၀.၀၃၄) ကို မူလပိုင်ရှင် ဦးထွန်းအေးနှင့် ဦးမောင်စံဦးတို့ထံမှ ၁၉၆၃ ခုနှစ်တွင် လည်းကောင်း သက်သေခံ 'က' နှင့် 'ခ' မှတ်ပုံတင်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ယင်းတို့ဝယ်ယူခဲ့ရာတွင် မြေကို တိုင်းတာဝယ်ယူခြင်းမဟုတ်ဘဲ ရောင်းသူ ပိုင်ရှင်က လက်ညှိုးထိုး ရောင်းချ၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ အချင်းဖြစ်မြေများကို ဒေါ်ညွန့်ညွန့်တင် ဝယ်ယူစဉ် ဝယ်ယူသည့် ဦးပိုင် ၁၂ နှင့် ကပ်လျက်ရှိသော ဦးပိုင် ၁၁ ပေါ် တွင် အယူခံတရားလို(၂) ဦးစိန်ထွန်းပိုင်ဆိုင်သည့် ဟိုပင်စွပ်ကျယ်အဆောက် အအုံရှိ၍ ခြံစည်းရိုးကာထားသည်။ ထိုဥပစာပေါ်တွင် အယူခံ တရားလို (၁)၊ ဦးဝင်းဟန် ငှားရမ်းနေထိုင်လျက်ရှိသည်။ အလားတူပင် ဦးပိုင် အမှတ် ၁၃ နှင့် ကပ်လျက်ရှိသော ဦးပိုင်အမှတ် ၁၄ မြေပေါ်တွင် မူလရုံးတရားပြိုင် (၃)မှ (၇)၊ ဦးမောင်နွားတို့ (၅)ဦး၏ အိုးအိမ်များ ရှိကြသည်။ ဤကား အမှုတွင် အငြင်းမပွား ထင်ရှားသောအချက်များ ဖြစ်သည်။

ထိုသို့ရှိခဲ့ကြရာမှ အယူခံတရားပြိုင်ဒေါ်ညွန့်ညွန့်တင်က အိုးအိမ်ဦးစီးဌာန သို့ သူပိုင်မြေကွက်များကို တိုင်းတာပေးရန် ၃၀–၃–၈၂ နေ့စွဲပါ သက်သေ ခံ 'ဂ' လျှောက်လွှာကို တင်သွင်းသည်။ သက်ဆိုင်ရာ အိုးအိမ်ဦးစီးဌာနမှ မြေတိုင်းအင်စပက်တော်၊ မြေတိုင်းစာရေးတို့က ရပ်ကွက်ပြည်သူ့ကောင်စီ ဝင်နှင့် မြေရှင်ဒေါ်ညွန့်ညွန့်တင်ရှေ့တွင် ၂၉–၇–၈၃ နေ့တွင် တိုင်းတာခဲ့ ကြသည်။ ထိုသို့တိုင်းတာသည့်အခါကျမှ သက်သေခံ 'ဃ' မြေပုံအရ တရားလို ပိုင်မြေ၊ ဦးပိုင် ၁၂ ပေါ်တွင် (၂) တရားပြိုင် ဦးစိန်ထွန်းပိုင် စွပ်ကျယ်စက်

၁၉၉၁
ဦးဝင်းဟန်
ပါ(၂)
နှင့်
ဒေါ်ညွန့်ညွန့်
တင်

အဆောက်အအုံ၊ အဆောက်အအုံကြီးက (၇ ပေ–၆ လက်မ)နှင့် အဆောက်အအုံငယ်က (၂ ပေ–၉ လက်မ) ကျူးကျော်နေပြီး ခြံခတ်ထားသည့် သံဆူးကြိုးက ဦးပိုင် ၁၃ ပေ ကျူးကျော်လျက်ရှိကြောင်း ပေါ်ပေါက်လာသည်။ ဦးပိုင် ၁၄ ပေရှိ တရားပြိုင်(၃)မှ (၇)တို့၏ အဆောက်အအုံ အစိတ်အပိုင်းများကလည်း ဦးပိုင် ၁၃ ပေ ကျူးကျော်နေသည်ဟု ဆိုသည်။

ထိုသို့ကျူးကျော်နေသည့် အစိတ်အပိုင်းများကို ဖယ်ရှားပေးရန် ပြောသော်လည်း မလိုက်နာသည့်ပြင် သက်ဆိုင်ရာ ရပ်ကွက် ငြိမ်သူ့ကောင်စီသို့ ၉–၇–၇၃ နေ့တွင် တိုင်ကြားခင်ပြသော်လည်း မရသဖြင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း အယူခံတရားပြိုင် ဒေါ်ညွန့်ညွန့်တင်က အဆိုပြုသည်။

ချေလွှာတွင် ဦးဝင်းဟန်နှင့် ဦးစိန်ထွန်းတို့က တမူးလိုသည် မြေကို ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် ဝယ်ယူခြင်းဖြစ်ပြီး အချင်းဖြစ် ဟိုပင်စွပ်ကျယ်စက် အဆောက်အအုံမှာ ၁၉၅၂ ခုနှစ်ကစ၍ နှစ်ပေါင်း ၃၀ ကျော်က ရှိနေသော အဆောက်အအုံဖြစ်ကြောင်းနှင့် တရားလိုစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း အဓိကချေပခဲ့သည်။

မူလရုံးက တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီး ဖြစ်သည်ဆိုသည်မှာ မှန်သလား ဆိုသော ပဏာမငြင်းချက်အပါအဝင် ငြင်းချက် (၇)ရပ် ထုတ်ပေးသည်။ ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်း၍ တရားလိုပိုင်မြေကွက်ကိုတိုင်းတာသည့် ၉–၇–၇၃ နေ့ကျမှ တရားပြိုင်များ၏ အဆောက်အအုံ အစိတ်အပိုင်းများ၊ ခြံစည်းရိုးအကာအရံများ ကျူးကျော်နေကြောင်း တွေ့ရသဖြင့် ထိုနေ့မှစ၍ အချင်းဖြစ် အကြောင်း ပေါ်ပေါက်ခြင်းကြောင့် ကာလစည်းကမ်းသတ်မကျော်ဟု ဆုံးဖြတ်ခဲ့သည်။ ဆို့နောက် တရားလိုပိုင်မြေပေါ်တွင် (၂)တရားပြိုင် ဦးစိန်ထွန်း၏ ကျူးကျော်နေသည့် အဆောက်အအုံအစိတ်အပိုင်းနှင့်ခြံစည်းရိုးတို့ ကျူးကျော်နေသည်မှန်ကြောင်း ကောက်ယူပြီး အနိုင်ဒီကရီချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဤအယူခံတွင် အယူခံတရားလိုတို့၏ ရှေ့နေက မူလရုံး တရားလိုသည် မြေကို တိုင်းတာဝယ်ယူခဲ့ခြင်းမဟုတ်သည့်ပြင် ထိုသို့ဝယ်ယူစဉ်ကပင် အချင်းဖြစ် စွပ်ကျယ်စက်အဆောက်အအုံ ရှိနေကြောင်း၊ တိုင်းတာမှ ကျူးကျော်နေသည်ကို သိရသည် ဆိုသော်လည်း မည်ရွေ့မည်မျှ ကျူးကျော်နေသည်ဟု ပေါ်ပေါက်ခြင်းမရှိရာ အဆိုလွှာပင်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၇ နှင့် မညီညွတ်ကြောင်း၊ တရားမဝင်သောမြေပုံကို အခြေခံ၍ ဒီကရီချပေးခြင်းမှာ မှားယွင်းကြောင်း အဓိကလျှောက်လဲတင်ပြသည်။

၁၉၉၁
ဦးဝင်းဟန် ပါ(၂) နှင့် ဒေါ်ညွန့်ညွန့်တင်

အမှုကိုလေ့လာစိစစ်ကြည့်ရာ အယူခံတရားလိုပြိုင် ဒေါ်ညွန့်ညွန့်တင် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိမရှိ အဓိကသုံးသပ်ဆုံးဖြတ်ရန် ပြဿနာပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ကာလစည်းကမ်းသတ် ပြဿနာသည် အမှုတစ်ခုလုံး ဆုံးဖြတ်ရန် အရေးပါသော ပြဿနာဖြစ်သည်။ မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင် ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင် ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီး အချက် ရှိနေလျှင် နောက်ဆုံး အယူခံရုံးက ဆုံးဖြတ်နိုင်သည်။ ဦးအရီ နှင့် ဒေါ်မို[၁] အမှုတွင် ကြည့်ပါ။ အော်ဖစ်ရှယ်ထရပ်စတီး နှင့် မစ္စစ်ရေဘမ်း[၂] အမှုတွင်လည်း အောက်ပါအတိုင်း ထုံးပြုထားသည်—

> " Where the question of limitation is purely one of law capable of determination on the facts admitted or proved before the court, the court is bound under S.3 of the limitation Act to raise the question suo motu and decide it. "

ဤအမှုတွင် အချင်းဖြစ် ဦးပိုင် ၁၂ နှင့် ၁၃ မြေကွက် (၂) ကွက်ကို ဒေါ်ညွန့်ညွန့်တင်က ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် အသီးသီး ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်းနှင့် ထိုသို့ဝယ်ယူစဉ်ကပင် တစ်ဖက်မြေချင်း ဆပ်လျက်ရှိသော ဦးပိုင် ၁၁ ပေါ်တွင် အယူခံတရားလို ဦးစိန်ထွန်း ပိုင် ဟိုပင် တွယ်ကျယ်စက်အဆောက်အအုံနှင့်ခြံစည်းရိုးရှိပြီးဖြစ်ကြောင်း နှစ်ဖက်သက်သေခံချက်များအရ ပေါ်ပေါက်နေကြောင်း သုံးသပ်ခဲ့ပြီးဖြစ်သည်။ ဤသို့ဆိုလျှင် အဆိုပါအဆောက်အအုံအစိတ်အပိုင်းသည် ဦးပိုင် ၁၂ ပေါ်သို့လည်းကောင်း၊ ခြံစည်းရိုးသည် ဦးပိုင် ၁၃ ပေါ်သို့လည်းကောင်း ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ် ဒေါ်ညွန့်ညွန့်တင် မဝယ်မီ ယခင် မူလပိုင်ရှင်များ လက်ထက်ကပင် ပိုင်ရှင်များအား အတိအလင်း ဆန့်ကျင်လျက်ရှိခဲ့ကြောင်း ပေါ်လွင်သည်။ ဒေါ်ညွန့်ညွန့်တင်အနေဖြင့် ထိုသို့ဝယ်ယူပြီး နှစ်ပေါင်း (၂၀) ခန့် အကြာ ၁၉၈၃ ခုနှစ်တွင် မြေကိုတိုင်းတာမှ ယင်းသို့ ကျူးကျော်လျက်ရှိကြောင်း သိလာရခြင်း ဖြစ်သည်။

ဤအမှုသည် မြေချင်းစပ်လျက်ရှိသောမြေများတွင် သူတစ်ပါးပိုင်မြေကို မိမိပိုင်မြေအဖြစ် လက်ရှိထား အသုံးပြုခဲ့ခြင်းဖြစ်ရာ ကာလစည်းကမ်းသတ်

---

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ— ၃၆၀ (တရားလွှတ်တော်)

(၂) ၁၉၄၀ ပြည့်နှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ—၂၃၃။

၁၉၉၁
ဦးဝင်းဟန်
ဝါ(၂)
နှင့်
ဒေါ်ညွန့်ညွန့်
တင်

အက်ဥပဒေ ပထမဇယား၊ အပိုဒ် ၁၄၄ နှင့် သက်ဆိုင်သည်။ အပိုဒ် ၁၄၄ တွင် ပြဋ္ဌာန်းထားသော ၁၂ နှစ် ကာလကို တရားပြိုင်လက်ရှိထားခြင်းသည် တရားလိုအားဆန့်ကျင်သည့်နေ့က စတင်ရေတွက်ရန်ဖြစ်သည်။ ဒေါ်ကျင်ဒွေး နှင့် ဦးသိန်းတင် ပါ-၅ [၅] အမှုတွင် ကြည့်ပါ။ ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမဇယား၊ အပိုဒ် ၁၄၄၊ စာတိုင် ၃ တွင် ဖော်ပြထားသည့် 'တရားလို' ဆိုသော စကားရပ်၏ အနက်အဓိပ္ပာယ်ကို ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂(ဂ) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

" 'တရားလို' ဆိုသည်မှာ တရားစွဲဆိုနိုင်သောအခွင့်အရေးကို တရားလိုအား တိုက်ရိုက်သော်လည်းကောင်း၊ တစ်ဆင့်သော်လည်းကောင်း ဆက်ဆင်းစေသောသူ ပါဝင်သည် "

ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂(ဂ) အရ ပထမဇယား၊ အပိုဒ် ၁၄၄ ပါ ကာလစည်းကမ်းသတ်ကို ရေတွက်ရာတွင် အယူခံတရားလို ဒေါ်ညွန့်ညွန့်တင် မဝယ်ယူမီ ရောင်းသူ မူလပိုင်ရှင် ဦးခွေးကြီးနှင့် ဦးစံဦးတို့ လက်ထက်ကာလ၌ အကျုံးဝင်သည်။ ယင်းဥပဒေသဘောတရားကို အာနန္ဒာမိုဟန်း ရှိုင်း နှင့် ကင်နာဒတ်စ် [၄] အမှုနှင့် ဒေါ်ကျင်ဒွေး [၅] အမှုတို့တွင် ကြည့်ပါ။ ဆန့်ကျင်လက်ရှိထားသည့်နေ့ရက်ကို အယူခံတရားလို ဦးစိန်ထွန်းတို့က မူလပိုင်ရှင် ဦးခွေးကြီးနှင့် ဦးစံဦးတို့အား ဆန့်ကျင် လက်ရှိထားသည့် နေ့ရက်ကာလကပင် စတင်ရေတွက်ရပေမည်။ နယ်နိမိတ်ချင်းစပ်လျက်ရှိသော မြေများတွင် သူတပါး မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ မပိုင်မှန်းသိလျက်နှင့် တမင် ကျူးကျော်လိုသည့် ဆန္ဒနှင့်ဖြစ်စေ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက် လက်ရှိဖြစ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း ဦးသန်းဌေး ပါ-၃ နှင့် ဦးဘအေး (ခ) ဆရာအေး [၃] အမှုတွင် ထုံးဖွဲ့ထားသည်။

အယူခံတရားပြိုင်ဦးစိန်ထွန်း၏ ဟိုပင်စွပ်ကျယ်စက် အဆောက်အအုံသည် လည်းကောင်း၊ ခြံစည်းရိုးသည် လည်းကောင်း အငြင်းဖြစ်မြေကို အယူခံတရားလို ဒေါ်ညွန့်ညွန့်တင် ဝယ်ယူသည့် ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ် မတိုင်မီ ယခင်မူလပိုင်ရှင်များလက်ထက် လွန်ခဲ့သောနှစ်ပေါင်း(၂၀)ကျော်ကပင် အတိအလင်း ဆောက်လုပ်၊ ကာရံထားရှိခဲ့သည်ဖြစ်ရာ ထိုအချိန်ကစ၍ ပိုင်ရှင်အား ဆန့်ကျင်လက်ရှိထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ ဦးစိုး နှင့် ဦးဥာဏ် [၆] အမှုတွင် ကြည့်ပါ။ ဤအမှုကို အယူခံတရားပြိုင် ဒေါ်ညွန့်

(၃) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၉၅။
(၄) အေအိုင်အာ၊ ၁၉၂၄၊ ကာလကတ္တား၊ စာ-၃၉၄။
(၅) ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၂၀၃ (တရားရုံးချုပ်)
(၆) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၃၉။

၁၉၉၁
ဦးဝင်းဟန်
ပါ (၂)
နှင့်
ဒေါ်ညွန့်ညွန့်
တင်

ညွန့်တင်က ၁၉၇၅ ခုနှစ်တွင် စွဲဆိုသည်ဖြစ်ရာ ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပဌမဇယား၊ အပိုဒ် ၁၄၄ အရ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်။ ကာလစည်းကမ်းသတ် မကျော်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၃ အရ အယူခံတရားလို စွဲဆိုသော အမှုကို ပလပ်ရန်မှတစ်ပါး အခြားမရှိချေ။ နှစ်ဖက်ရှေ့နေ တင်ပြသည့် အခြား အချက်အလက်များကို ဝေဖန်စဉ်းစားရန် မလိုတော့ပေ။

အထက်ပါအကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် ဒေါ်ညွန့်ညွန့်တင်စွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

အယူခံတရားလိုက ဤအယူခံတွင် အနိုင်ရသော်လည်း အယူခံတရားလို၏ ရှေ့နေ မတင်ပြသော ဥပဒေအချက်ကို အခြေခံပြီး တရားရုံးက အနိုင်ပေး ဆုံးဖြတ်ခြင်း ဖြစ်၍ ဤအယူခံတွင် အမှုသည်များ မိမိတို့စရိတ် မိမိတို့ကျခံစေ။

တရားမ ဒုတိယ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

+ ၁၉၉၁
မေလ
၃၀ ရက်

ဒေါ်သောင်း

နှင့်

မမြဝင်း *

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ– လင်ပါ သမီးနှင့် မိထွေးတို့ အရေးမှ ခွဲဝေရာ၌ ပထမ အိမ်ထောင်မှ သားသမီးများသည် ဖခင်ထံမှ အမွေဝေစု ရပြီး-မပြီး ဆိုသည့် ပြဿနာပေါ်မူတည်ခြင်း၊ မိရင်း ဖရင်းနှင့် မိထွေး ပထွေး တို့ ပေါင်းသင်းစဉ် သားသမီး မထွန်းကားလျှင် လက်ထက်ပွား ပစ္စည်း၌ ခြောက်ပုံတစ်ပုံကို လင်ပါ မယားပါ သားသမီးက ရရှိခြင်း။

ဆုံးဖြတ်ချက်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒုတိယအိမ်ထောင်ပြု ထားသူ ယောကျ်ား သေဆုံးသောအခါ ၎င်း၏ဒုတိယ ဇနီးသည် အဓိက အမွေစား အမွေခံ ဖြစ်သည်။ ပထမ အိမ်ထောင်မှ သားသမီးများသည် ဖခင်၏အမွေခံစားခွင့် ရှိမရှိ ဆိုသည့် ပြဿနာမှာ ၎င်းတို့သည် ဖခင်ထံမှ အမွေဝေစု ရပြီး မပြီး ဆိုသည့် ပြဿနာပေါ် မူတည်သည်။

ထပ်မံဆုံးဖြတ်ချက်။ ထို့ကြောင့် ဦးကျော်အေး ကွယ်လွန်စဉ် ဦးကျော် အေးနှင့် ဒုတိယဇနီး ဒေါ်သောင်းတို့ နှစ်ဦး၏ လက်ထက်ပွား ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း ထင်ရှားသည်။ ဦးကျော်အေးနှင့် ဒေါ်သောင်းတို့တွင် သားသမီး ထွန်းကားခြင်း မရှိပေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိရင်း ဖရင်းနှင့် မိထွေး ပထွေးတို့ ပေါင်းသင်းစဉ် သားသမီးထွန်းကားခြင်းမရှိလျှင် ထိုသို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်း၌ ခြောက်ပုံ တစ်ပုံ ကို လင်ပါ မယားပါ သားသမီးက ရ၍ ကျန်ခြောက်ပုံ ငါးပုံကို မိထွေး ပထွေးက ရသည်။

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၂၆၅

+ ၁၉၉၀ ပြည့်နှစ်၊ တရားမ အယူခံမှုအမှတ် ၁၉ တွင် ချမှတ်သော(၁၈–၇–၉၀) ရက်စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဒေ ယူခံ တရားလိုအတွက် — ဦးတင်လှိုင် (တောင်ငူ)
တရားရုံးချုပ်ရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဦးအုံးမောင်၊ တရားရုံးချုပ်ရှေ့နေ

တရားခရုးအကြံပေး — ဦးဇော်ငွေ၊ ဒုတိယ ညွှန်ကြားရေးမှူး၊
တရားရုံးချုပ်

တောင်ငူမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၉/၈၈ တွင် အယူခံ တရားပြိုင် မမြဝင်းက အယူခံ တရားလို ဒေါ်သောင်းနှင့် မကြည်ဝင်း၊ မောင်ဌေးအောင်၊ မောင်ပြုံးချိုတို့အပေါ် ကွယ်လွန်သူ ဦးကျော်အေး၏ ကျန်ရစ်သော အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ပလပ်ခံရသည်။ မူလ ရုံး တရားလို မမြဝင်းက ပဲခူးတိုင်း တရားရုံး၊ တရားမ အယူခံမှု အမှတ် ၁၉/၉၀ (တောင်ငူ)တွင် အယူခံရာ တိုင်းတရားရုံးက မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မမြဝင်း စွဲဆိုသည့်အတိုင်း ကွယ်လွန်သူ ဦးကျော်အေး နှင့် ဒေါ်သောင်းတို့၏ လက်ထက်ပွား ပစ္စည်းများ၏ ခြောက်ပုံ တစ်ပုံမှ လေးပုံ တစ်ပုံကို ခံစားစေရန် ပဏာမ ဒီကရီ ချမှတ်လိုက်သည်။ တိုင်းတရား ရုံး၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံး တရားပြိုင် ဒေါ်သောင်းက မကျေနပ် သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ဒုတိယအယူခံကို တင်သွင်းသည်။

ကွယ်လွန်သူ ဦးကျော်အေးနှင့် ဒေါ်ငွေတို့သည် မြန်မာ ဗုဒ္ဓဘာသာ လင်မယားဖြစ်ကြပြီး မမြဝင်း၊ မကြည်ဝင်း၊ မောင်ဌေးအောင်နှင့်မောင်ပြုံးချို ဟူ၍ သားသမီး (၄)ဦး ထွန်းကားခဲ့သည်။ ဤအမှု မစွဲဆိုမီ လွန်ခဲ့သော (၁၈)နှစ်ခန့်က ဦးကျော်အေးနှင့် ဒေါ်ငွေတို့ လင်မယားချင်း သဘော ချင်း မတိုက်ဆိုင်၍ ရပ်ရွာလူကြီးများရှေ့၌ နှစ်ဦး သဘောတူ ကွာရှင်းခဲ့ ကြသည်၊ ထိုသို့ ကွာရှင်းခဲ့ကြစဉ် ရှိသမျှပစ္စည်းကို ဦးကျော်အေးက ဒေါ်ငွေ အား ပေးအပ်ပြီး အဝတ်အစားထည် ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှ ဆင်းခဲ့သည်။ ထို့နောက် ဦးကျော်အေးသည် အယူခံတရားလို ဒေါ်သောင်းနှင့် လက်ထပ် ပေါင်းသင်း၍ အကြင် လင်မယား ဖြစ်ခဲ့ကြသည်။ ဦးကျော်အေးနှင့် ဒေါ်သောင်းတို့တွင် သားသမီး ထွန်းကားခြင်းမရှိချေ။ ၁၉၈၇ ခုနှစ်တွင် ဦးကျော်အေး ကွယ်လွန်သွားသည်။ ဤကား အမှုတွင် နှစ်ဖက် အငြင်း မပွားသည့်အချက်များ ဖြစ်ကြသည်။

ဤတွင် ဦးကျော်အေး၏အထက်အိမ်ထောင်မှ လင်ပါသမီး ဖြစ်သော မမြဝင်းက မိထွေး ဒေါ်သောင်းထံမှ အမွေ ခွဲဝေပေးရန် တောင်းခံရာ ဒေါ်သောင်းက လက်မခံသဖြင့် မမြဝင်းက မိထွေး ဒေါ်သောင်းနှင့်တကွ မောင်နှမများဖြစ်ကြသော မကြည်ဝင်း၊ မောင်ဌေးအောင်၊ မောင်ပြုံးချိုတို့

၁၉၉၁
ဒေါ်သောင်း
နှင့်
မမြဝင်း

အပေါ် ကွယ်လွန်သူ ဖခင် ဦးကျော်အေး၏ အမွေပစ္စည်းများ စီမံခန့်ခွဲပေးရန် ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

အဆိုလွှာတွင် မမြဝင်းက ဖခင် ဦးကျော်အေး ကွယ်လွန်စဉ် အဆိုလွှာ နောက်ဆက်တွဲ (က) နှင့် (ခ) စာရင်းပါ တောင်ငူမြို့ (၂) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၂၇ ရှိ မြေနှင့်အိမ်၊ ထိုမြေနှင့် ဆက်စပ် လျက်ရှိသော မြေကွက်အပြင် ကားတစ်စီးနှင့် မီးဖိုချောင်သုံး ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း အဆိုပါ အမွေပုံပစ္စည်းများ၏ ခြောက်ပုံတစ်ပုံအနက်မှ လေးပုံတစ်ပုံ သူ ရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် ဒေါ်သောင်းက ဦးကျော်အေး ကွယ်လွန်စဉ် အမွေစား အမွေခံအဖြစ် သူတစ်ဦးသာကျန်ရစ်ကြောင်း၊ ဦးကျော်အေးက ပထမ အိမ် ထောင်နှင့် ကွာရှင်းစဉ် တရားလိုနှင့်(၂)(၃)(၄) တရားပြိုင်တို့ ညီအစ်ကို မောင်နှမများအား အမွေခွဲဝေပေးခဲ့ပြီးဖြစ်၍ အမွေရခွင့်မရှိတော့ကြောင်း၊ အမွေပစ္စည်းလည်း မရှိတော့ကြောင်း ချေပသည်။ တရားပြိုင် (၂) (၃) (၄) မကြည်ဝင်း၊ မောင်ဌေးအောင်နှင့် မောင်ပြုံးချိုတို့က တရားလို စွဲဆို သည့်အတိုင်း ဒီကရီ ရထိုက်ကြောင်း အသီးသီး ဝန်ခံ ဖြေဆိုလွှာတင်ကြ သည်။

မူလရုံးက ဦးကျော်အေးနှင့် ဒေါ်ငွေတို့ ကွာရှင်းစဉ် ဦးကျော်အေးက သားသမီးများဖြစ်ကြသော တရားလိုမမြဝင်းနှင့် မောင်နှမများအား အမွေ ခွဲဝေပေးခဲ့ပြီး ဖြစ်ခြင်းကြောင့် အမွေရခွင့် မရှိတော့ကြောင်း ကောက်ယူ သုံးသပ်ပြီး မမြဝင်းစွဲဆိုသော အမှုကို ပလပ်လိုက်သည်။ တိုင်းတရားရုံးက ဦးကျော်အေးမှ သားသမီးများအား ထိုသို့အမွေခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိ၊ ဦးကျော်အေးကွယ်လွန်စဉ် ဒုတိယအိမ်ထောင် ဒေါ်သောင်းနှင့် ဖြစ်ထွန်းသော အထက်ပါပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း သုံးသပ်ပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အမွေ ခွဲဝေရန် ပဏာမဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင် အဓိက သုံးသပ် ဆုံးဖြတ်ရန် ပြဿနာမှာ ကွယ်လွန်သူ ဦးကျော်အေးက သူ မကွယ်လွန်မီ သားသမီးများဖြစ်ကြသော အယူခံ တရားပြိုင် မမြဝင်းတို့အား အမွေခွဲဝေပေးခဲ့ပြီး ဖြစ်သည် ဆိုခြင်းမှာ မှန် မမှန်နှင့် ဦးကျော်အေး ကွယ်လွန်စဉ် အမွေပုံပစ္စည်း ကျန်ရစ်ခဲ့ခြင်း ရှိမရှိ ဖြစ်သည်။

အမှုကိုစိစစ်ကြည့်ရာ သက်သေခံချက်များအရ ဦးကျော်အေးနှင့် ပထမ အိမ်ထောင်မှ ဇနီး ဒေါ်ငွေတို့ လင်မယားချင်း ကွာရှင်းခဲ့ကြစဉ် ဦးကျော် အေးသည် မယားဖြစ်သူ ဒေါ်ငွေအား ရှိသမျှပစ္စည်းပေးပြီး အမွေပြတ်

၁၉၉၁
ဒေါ်သောင်း
နှင့်
မမြဝင်း

ကွာရှင်းခဲ့ကြသည်ဆိုခြင်းမှာ အငြင်းပွားစရာမရှိပေ။ ထိုသို့ လင်မယားချင်း ကွာရှင်းစဉ် မယားဖြစ်သူအား ပစ္စည်းပေးအပ်ခြင်းမှာ နောင်တွင် ကွာရှင်းပြီးသော လင်မယားချင်း အမွေခွဲဝေစရာပြဿနာမရှိကြောင်း ပြဆိုခြင်းသာဖြစ်သည်။ ထိုစဉ်က သားသမီးများ ဖြစ်ကြသော မမြဝင်း၊ မကြည်ဝင်း၊ မောင်ငွေးအောင်နှင့် မောင်မြိုးချိုတို့အား သားသမီးများ၏ အမွေဝေစုအဖြစ် မည်သို့ သတ်မှတ်ခွဲဝေပေးခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်ခြင်းအလျဉ်းမရှိချေ။ အယူခံတရားပြိုင် ဒေါ်သောင်း၏ ထုချေချက်သာ ရှိပြီးမည်သည့်အထောက်အထား ထက်သေခံမျှ မတင်ပြနိုင်ပေ။ ဒေါ်သောင်းက သက်သေ (၅)ဦး တင်ပြရာ ဦးကျော်အေးနှင့် ဒေါ်ငွေတို့ ကွာရှင်းစဉ် ကိုယ်တိုင် ပါဝင်ခဲ့ကြသူများမှာ ဦးသိန်းညွန့် (ပြိုင်ပြ-၁)နှင့် ထိုစဉ်က ရ-လ-က ဥက္ကဋ္ဌ ဦးခင်ညွန့် (ပြိုင်ပြ-၅) တို့ ဖြစ်ကြသည်။ ဦးသိန်းညွန့် (ပြိုင်ပြ-၁)က ဦးကျော်အေးသည် ဒေါ်ငွေအား အမွေပြတ်ပေး၍ ကွာရှင်းခဲ့ကြောင်းသာ အဓိကထွက်ဆိုပြီး ပြန်လှန် စစ်မေးရာတွင် "ဦးကျော်အေးနှင့် သားသမီးများအား တရားဝင် အမွေခွဲပေးပြီး မပြီး မသိပါ" ဟု အတိအလင်းထွက်ဆိုထားသည်။ ဦးခင်ညွန့် (ပြိုင်ပြ-၅)ကလည်း ဦးကျော်အေးနှင့် ဒေါ်ငွေတို့ အမွေပြတ်ကွာရှင်းခဲ့ကြတာ သိကြောင်း၊ မှန်ကြောင်းသာ ထွက်ဆိုသည်။ သားသမီးတို့အား အမွေဝေစု မည်သို့ သတ်မှတ်ခွဲဝေပေးခဲ့ကြောင်း ထွက်ဆိုထားခြင်း မရှိပေ။ ဒေါ်သန်းခင် (ပြိုင်ပြ-၂)၊ ဒေါ်ခင်ရီ (ပြိုင်ပြ-၃)နှင့် ဦးမောင်လှ (ပြိုင်ပြ-၄)တို့ကလည်း ဦးကျော်အေးနှင့် ဒေါ်သောင်းတို့ ရောင်းဝယ် လုပ်ကိုင်စားတာ သိကြောင်းသာ ထွက်ဆိုပြီး ဦးကျော်အေးက သားသမီးများကို မကွယ်လွန်မီ အမွေခွဲဝေပေးခဲ့ကြောင်း မည်သူကမျှထွက်ဆိုခြင်းအလျဉ်းမရှိချေ။ အမီး မမြဝင်းသည် မိခင်နှင့်ဖခင်တို့ကွာရှင်းပြီးနောက် ဖခင်ဦးကျော်အေးနှင့် မိထွေးဒေါ်သောင်းတို့ထံ အတူနေထိုင်လုပ်ကိုင်ပေးခဲ့ကြောင်းနှင့် နောက်မှ အိမ်ထောင်ခွဲသွားကြောင်းလည်း ပေါ်ပေါက်နေသည်။

ထို့ကြောင့် ဖခင်ဦးကျော်အေးသည် သူမကွယ်လွန်မီက သားသမီးများဖြစ်ကြသော မမြဝင်းတို့အား အမွေ ခွဲဝေပေးခဲ့ပြီးပြီ ဆိုသည့် အချက်မှာ မမှန်ကြောင်း ထင်ရှားပေါ်ပေါက်နေသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ အယူခံတရားလို၏ရှေ့နေက ဦးကျော်အေးက သားသမီးများကို အမွေခွဲဝေပေးခဲ့ကြောင်း စာချုပ် ပျောက်ဆုံးနေသည်ကို ထည့်သွင်းမစဉ်းစားသည့်ပြင် နှုတ်ဖြင့် အမွေခွဲဝေနိုင်သည့်ဖြစ်ရာ ဦးကျော်အေးက ဇနီးဒေါ်ငွေနှင့် ကွာရှင်းစဉ် သားသမီးများကိုပါ အမွေခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း အမှုတွင်ထင်ရှားပါလျက် တိုင်းတရားရုံးက အမွေခွဲဝေပေးခဲ့ရခြင်း မရှိသေးဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း အဓိကလျှောက်လဲတင်ပြရာ လက်ခံစရာအကြောင်းမရှိပေ။

၁၉၉၁ ဒေါ်သောင်း နှင့် မမြဝင်း

အယူခံတရားပြိုင်၏ရှေ့နေက မြန်မာစလေ့ထုံးတမ်းဥပဒေအရ မိဘနှစ်ပါး ကွာရှင်းချိန်တွင် သားသမီးများသည် အမွေတောင်းခံခွင့်မရှိကြောင်း၊ မိဘနှစ်ပါး ကွာရှင်းပြီးနောက် မိဘတစ်ဦးဦး နောက်အိမ်ထောင်ပြုချိန်၌လည်း အမွေတောင်းခံခွင့်မရှိကြောင်း မအေးမေ နှင့် မရွှေသွေး [၁] အမှုကို ကိုးကား၍ ယခုအမှုတွင်လည်း ဦးကျော်အေးနှင့်ဒေါ်ငွေတို့ ကွာရှင်းစဉ် သားသမီးများ အမွေခွဲဝေပြီးပြီဟု ဆိုခြင်းမှာ မမှန်ကြောင်း၊ ထို့ပြင် အယူခံရှင် အမှုသည် စုံစောင် ထည့်သွင်းခြင်း မပြုသဖြင့် အယူခံမှာ ပျက်ပြယ်ကြောင်း ကိုမောင်ကြီး နှင့် ကိုညိုငယ် ပါ-၂ [၂] အမှုနှင့် အခြားအမှုများကို ကိုးကား၍ အစိုက လျှောက်လဲသွားသည်။

မြန်မာစလေ့ထုံးတမ်းဥပဒေအရ ဒုတိယအိမ်ထောင်ပြုထားသူ ယောကျ်ား သေဆုံးသောအခါ ၎င်း၏ ဒုတိယ ဇနီးသည် အစိုက အမွေစား အမွေခံ ဖြစ်သည်။ ပထမအိမ်ထောင်မှ သားသမီးများသည် ဖခင်၏အမွေ ခံစားခွင့် ရှိမရှိ ဆိုသည့် ပြဿနာမှာ ၎င်းတို့သည် ဖခင်ထံမှအမွေဝေစု ရပြီး မပြီး ဆိုသည့် ပြဿနာပေါ် မူတည်သည်။ ကိုဖန်စိန်း နှင့် ဒေါ်ရှုတင် [၃] အမှုတွင် ကြည့်ပါ။ ဤအမှုတွင် မမြဝင်းတို့အနည်း ဖခင်ဦးကျော်အေး၏ အမွေကို ဥပဒေနှင့်အညီ ခွဲဝေရရှိပြီးဖြစ်ကြောင်း ပေါ်ပေါက်ခြင်း အလျဉ်းမရှိသဖြင့် ဖခင်ကွယ်လွန်သည့်အခါ မိရှထူးထံ အမွေတောင်းခံခွင့်နှင့် အမွေခွဲဝေခံစားခွင့် ရှိကြောင်း ပေါ်လွင်သည်။

ဦးကျော်အေးနှင့် ဒေါ်သောင်းတို့ လင်မယားအဖြစ် ပေါင်းသင်းပြီး မရမ်းသီး၊ ရှောက်သီး ရောင်းဝယ်သည့်လုပ်ငန်း၊ ခြံချုပ်၍ ဝယ်ရောင်းသည့် လုပ်ငန်း စသည်ဖြင့် ရောင်းဝယ်လုပ်ကိုင်ရင်း စီးပွားဖြစ်ထွန်းလာခဲ့ကြောင်း၊ အိမ်၊ မြေ၊ ကား၊ မီးစက် စသည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြကြောင်း နှစ်ဘက် သက်သေခံချက်များအရ အမှုတွင် ပေါ်ပေါက်နေသည်။ အယူခံတရားလို ဒေါ်သောင်းကိုယ်တိုင် အစိုက စစ်မေးရာတွင်—

" XXX အိမ်၊ ခြံ၊ ကား၊ မီးစက် ဝယ်ခဲ့ခြင်းမှာ ကျွန်မတို့ဘာသာ ဝယ်ခဲ့ခြင်းဖြစ်ပါသည်။ မမြဝင်းတို့ မပါပါ။ XXX "

ဟု ထွက်ဆိုထားသည်။

---

(၁) အေဆိုင်အာရ်၊ ၁၉၃၁၊ စာ—၃၈၂။

(၂) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ—၁၅၆ (တရားလွှတ်တော်)

(၃) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ—၁၁၇။

၁၉၉၀
ဒေါ်သောင်း နှင့် မမြဝင်း

ပြန်လှန်စစ်မေးရာတွင်လည်း ဒေါ်သောင်းက အောက်ပါအတိုင်းထွက်ဆိုသည်–

" XXX ဦးကျော်အေးနှင့်ရစဉ် အိမ်၊ ခြံပိုင် မရှိပါ။ XXX ဦးကျော်အေးနှင့် (ပ) အိမ်ထောင်ကွာစဉ်ကိစ္စ ကျွန်မ မပါဝင်ပါ။ ဦးကျော်အေး ပြောပြချက်အရသိရပါသည်။ အိမ်၊ ခြံ၊ နောက်ထပ်ဝယ်သော ခြံ၊ ကား၊ မီးစက်တို့သည် ဦးကျော်အေး အသက်ရှင်စဉ်က ဝယ်ခဲ့သာ မှန်ပါသည်။ XXX အသုဘကိစ္စတွင် လူကြီးစုံရာနှင့် ကြွေး ဘယ်လောက် ကျန်တယ်ဆိုတာ မပြောခဲ့ပါဆိုလျှင် မှန်ပါသည်။ အိမ်ဝယ်စဉ် ရွှေရောင်းသော အထောက်အထား တင်ပြတာ မရှိဆိုလျှင် မှန်ပါသည်။ ဦးကျော်အေးအသက်ရှင်စဉ် ယခုလက်ရှိနေသော အိမ်ဆောက်ခဲ့တာ မှန်ပါသည်။ XXX "

ထို့ကြောင့် ဦးကျော်အေး ကွယ်လွန်စဉ် ဦးကျော်အေးနှင့် ဒုတိယဇနီး ဒေါ်သောင်းတို့ နှစ်ဦး၏ လက်ထက်ပွား ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း ထင်ရှားသည်။ ဦးကျော်အေးနှင့် ဒေါ်သောင်းတို့တွင် သားသမီးထွန်းကားခြင်း မရှိပေ။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ မိရင်း ဖခင်းနှင့် မိထွေး ပထွေးတို့ ပေါင်းသင်းစဉ် သားသမီးထွန်းကားခြင်းမရှိလျှင် ထိုသို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်း၌ ခြောက်ပုံတစ်ပုံကို လင်ပါ မယားပါ သားသမီးကရ၍ ကျန် ခြောက်ပုံငါးပုံကို မိထွေးပထွေးကရသည်။ မငြိမ်းအေး နှင့် မောင်မောင် [၄] အမှုကို ကြည့်ပါ။

သို့ဖြစ်၍ အယူခံတရားပြိုင်မမြဝင်းသည် ကွယ်လွန်သူဖခင်ဦးကျော်အေးနှင့် မိထွေး ဒေါ်သောင်းတို့၏ လက်ထက်ပွား ပစ္စည်းများမှ ခြောက်ပုံတစ်ပုံ၏ လေးပုံတစ်ပုံ ဖြစ်သော အမွေပစ္စည်း၏ နှစ်ဆယ့်လေးပုံ တစ်ပုံ $\left(\frac{၁}{၂၄}\right)$ ခွဲဝေခံစားထိုက်ကြောင်း ထင်ရှားသည်။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/– သတ်မှတ်သည်။

---

(၄) ရန်ကုန်၊ အတွဲ–၃၊ စာ–၃၄၉ (ရုံး)။

## တရားမ ပထမ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

+ ၁၉၉၁ ဖေဖော်ဝါရီလ ၂၁ ရက်

ဒေါ်သန်းပါ ၄

နှင့်

ဒေါ်သန်းသန်း *

(၎င်း၏ ကိုယ်စားလှယ် ဒေါ်ခင်ယုဇန)

**အခွင့်အမိန့်နှင့် အခမဲ့နေထိုင်သူကို နှင်လိုမှု– မပယ်ဖျက်နိုင်ရသော ခွင့်ပြုချက်ဖြင့် နေသည်ဆိုရာ၌ မှတ်ပုံတင်ရန် လို–မလို။**

**ဆုံးဖြတ်ချက်။** ဒေါ်သန်းတို့အဆိုရှိခဲ့သည့် မပယ်ဖျက်နိုင်သော ခွင့်ပြုချက် ဆိုသည်မှာ တစ်သက်တာနေထိုင်ခွင့်ပေးသည့်သဘောမျိုး တင်ပြခဲ့ခြင်း ဖြစ်သည်။ တစ်နှစ်ထက်ကျော်လွန်၍ နေထိုင်ခွင့်ပေးခြင်းသော်သည်းကောင်း၊ တစ်နှစ်ပြီးတစ်နှစ် ဆက်၍ နေထိုင်ခွင့်ပေးခြင်းသော် လည်းကောင်း ပြုခဲ့လျှင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရ စာဖြင့်ရေးသားချက်ရှိရမည့် အပြင် ယင်းသို့ရေးသားချက်ကို မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁)(ခ) အရ မှတ်ပုံတင်ရန်လည်း လိုသည်။ နှုတ်အားဖြင့် ခွင့်မပြုနိုင်ပေ။ အမှုတွင် ဤသို့ပြုလုပ်ထားခြင်းမရှိ၍ မပယ်ဖျက်နိုင်သောခွင့်ပြုချက်ဖြင့်နေသည် ဆိုခြင်းမှာ တရားဥပဒေအရ ပျက်ပြယ်သည်။

အယူခံတရားလိုများအတွက်– ဦးကျော်ငြိမ်း (ဖောင်တော်သီ) တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးအုံးမြင့်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး – ဦးဘသန်းအောင် ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။

ဒေါ်သန်းသန်းက ၎င်းနှင့် ကွယ်လွန်သူ ခင်ပွန်း ဦးအေးဖေတို့ ပိုင်သည့် လှိုင်မြို့နယ်၊ အမှတ်–၄၉၀၊ ပဒါးလမ်း(ခ)မွေ့ရုံလမ်းမကြီး မြေအမှတ် ၃၁

* ၁၉၉၈ ပြည့်နှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၇၆

+ ၁၉၈၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၅ (လှိုင်)တွင် ချမှတ်သော (၃၀–၄–၉၀)ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု

၁၉၉၅
ဒေါ်သန်း၊ ပါ(၄) နှင့် ဒေါ်သန်းသန်း (၎င်း၏ ကိုယ်စားလှယ် ဒေါ်စင်ယုဇန)

မေါ်ရှိ တစ်ထပ်တိုက်တွင် ဦးအေးဖေ၏ မိခင် ဒေါ်သန်းနှင့် ဒေါ်သန်း၏ သားသမီးများအား အခမဲ့ နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ၂၅-၃-၇၈ နေ့၌ လေယာဉ်ပျက်ကျ၍ ဦးအေးဖေ သေဆုံးပြီးနောက်တွင် ခင်ပွန်းနှင့်အတူ နေခဲ့သော အောဝမ်းခြံအတွင်းရှိ အိမ်တွင် ဆက်မနေဘဲ အချင်းဖြစ် တိုက်တွင် နေလို၍ တရားပြိုင်များအား ဖယ်ရှားပေးရန်ပြောသည့်အခါ (၁)တရားပြိုင် ဒေါ်သန်းက အချင်းဖြစ်ဥပစာကို ၎င်းအား သားကြီးဦးအေးဖေက တစ်သက်ထာ နေခွင့်ပေးခဲ့သည်သာမက အပြီးအပိုင် နှုတ်ဖြင့်ပေးခဲ့သည်ဟုသည်း ၁၄-၁၂-၈၀ နေ့တွင် ပြောဆိုသာသောကြောင့် ခွင့်ပြုချက်ကိုရုပ်သိမ်းပြီး နှင်ထုတ်ပေးရန် တရားစွဲဆိုရကြောင်း အဆိုပြုကာ ရန်ကုန်တိုင်းတရားရုံးတွင် တရားမကြီးမှု အမှတ် ၄၅/၈၅ (လှိုင်)ကို စွဲဆိုခဲ့သည်။

ဒေါ်သန်းနှင့် ၎င်း၏ သားသမီးများက အချင်းဖြစ်ဥပစာကို လက်ရှိ အနေအထားသို့ ရောက်အောင် ဒေါ်သန်းက ပြုပြင်ဆောက်လုပ်ခဲ့ကြောင်း၊ ငွေစိုက်ထုတ် တိုးချဲ့ဆောက်လုပ်ခဲ့၍လည်းကောင်း၊ သားကြီးက မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဖြင့် နေခွင့်ပေးခဲ့၍လည်းကောင်း အမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်း ချေပခဲ့ကြသည်။

မူလတရားရုံးက တရားပြိုင်များသည် မပယ်ဖျက်နိုင်သောခွင့်ပြုချက်ရ၍ နေသူများ ဖြစ်ကြောင်းကို ထင်ရှားအောင် မပြနိုင်ကြောင်း၊ (၁)တရားပြိုင် ဒေါ်သန်းသည် အချင်းဖြစ်အိမ်ဆောက်လုပ်ရာ၌ ငွေကြေးစိုက်ထုတ်ခဲ့သော်လည်း မည်ရွေ့မည်မျှ စိုက်ထုတ်ခဲ့သည် ဆိုခြင်းမှာ ထင်ရှား မပေါ်လွင်ကြောင်း၊ (၁) တရားပြိုင် ဒေါ်သန်းအနေနှင့် ငွေကြေးစိုက်ထုတ် ပါဝင်ခဲ့သည် ဆိုပါက ရထိုက်ခွင့်ရှိသည်ကို တရားသစ်ထုံး စွဲဆိုရန်သာရှိကြောင်း၊ အချင်းဖြစ်ဥပစာတွင် တရားပြိုင်တို့သည် တရားလို၏ခွင့်ပြုချက်ဖြင့် နေခြင်းသာ ဖြစ်၍ ၎င်းတို့အား အချင်းဖြစ်ဥပစာမှ နှင်ထုတ်စေရန် တရားလိုအား စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်ကို မကျေနပ်၍ ဒေါ်သန်းနှင့် သားသမီးများက ဤအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလိုများ၏ရှေ့နေက အဆိုအချေနှင့် သက်သေခံချက်များအရ အချင်းဖြစ်တိုက်ကို တရားလိုနှင့် တရားပြိုင်တို့နှစ်ဦးနှစ်ဘက်စိုက်ထုတ်ကုန်ကျငွေများဖြင့် ဆောက်လုပ်ခဲ့ကြပြီး စာရင်းရှင်းလင်း ခွဲဝေမှုများ မပြုလုပ်ကြရသေး၍ အယူခံတရားလိုများသည် အချင်းဖြစ် တိုက်တွင် ကိုယ်ပိုင် အခွင့်အရေးအရ နေထိုင်သူများ ဖြစ်ကြကြောင်း၊ အခမဲ့ ခွင့်ပြုချက်ဖြင့် နေသူမဟုတ်ကြကြောင်း၊ မှုမျှတတ ကောက်ယူသုံးသပ်သင့်၍ အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီသည် မှားယွင်းကြောင်း အဓိကထားလျှောက်လဲသည်။ အယူခံတရားပြိုင်၏ ရှေ့နေက ခွင့်ပြုချက်နှင့်နေသည် ဆိုခြင်းကို အယူခံတရားလိုတို့က မငြင်းခဲ့ကြကြောင်း၊ မပယ်ဖျက်နိုင်သောခွင့်ပြုချက်ပေးသည်ဆိုခြင်းကို အယူခံတရားလိုတို့က သက်သေထင်ရှားပြရန်တာဝန်ရှိရာ ထိုတာဝန်ကို မကျေ

၁၉၉၁ ဒေါ်သန်း ပါ(၄) နှင့် ဒေါ်သန်းသန်း (၎င်း၏ ကိုယ်စားလှယ် ဒေါ်ခင်ဃုဇန)

ပွန်အောင် သက်သေထူနိုင်ခဲ့ခြင်းမရှိ၍ အယူခံမှုကိုပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။ အဆိုလွှာ အပိုဒ်(၄)တွင် တရားလိုက အောက်ပါအတိုင်း အဆိုပြုခဲ့သည်–

" တရားလို၏ ခင်ပွန်းဖြစ်သူ ဦးအေးဖေမှာ ၂၅–၃–၇၀ နေ့က လေယာဉ်ပျက်ကျရာ၌ ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် တရားပြိုင်များ နေထိုင်သော ဥပစာကို မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေအရ တရားလိုတစ်ဦးတည်းသာ ပိုင်ဆိုင်ခဲ့ပါသည်။ "

ထိုအဆိုပြုချက်နှင့်စပ်လျဉ်း၍ တရားပြိုင်တို့က ချေလွှာ အပိုဒ် (၄)တွင် အောက်ပါအတိုင်း ချေပခဲ့သည်–

" တရားလို၏ အဆိုလွှာအပိုဒ်(၄)နှင့် (၅)ပါ အချက်အလက်များကို ငြင်းဆိုရန် မရှိပါ။ "

တစ်ဖန် (၁) တရားပြိုင် ဒေါ်သန်း ကိုယ်တိုင်က ရုံးရှေ့တွင်လည်း အောက်ပါအတိုင်းသာ ထွက်ဆိုခဲ့သည်–

" အချင်းဖြစ် ဥပစာကို ဦးအေးဖေနှင့် တရားလို ဒေါ်သန်းတို့ ပိုင်ဆိုင်ခဲ့ကြောင်း မှန်ကန်သည်ဟုဆိုလျှင် မှန်ကန်ပါသည်။ "

အဆိုအချေနှင့် ထွက်ချက်တို့အရ အယူခံ တရားလို ဒေါ်သန်း အနေဖြင့် အချင်းဖြစ် ဥပစာကို ဒေါ်သန်းသန်း ပိုင်ဆိုင်သည်ဆိုခြင်းကို အငြင်း မပွားခဲ့သဖြင့် ကိုယ်ပိုင်အခွင့်အရေးအရ နေခြင်းဖြစ်ကြောင်း အယူခံတရားလိုများ၏ တင်ပြချက်ကို လက်ခံရန် မဖြစ်နိုင်ပေ။ တစ်ဖန် အယူခံ တရားလို ဒေါ်သန်းတို့ဘက်က အချင်းဖြစ် ဥပစာတွင် ၎င်းတို့အား ကွယ်လွန်သူ ဦးအေးဖေက မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဖြင့် နေခွင့်ပေးခဲ့ကြောင်း ချေပသည်ဖြစ်ရာ ထိုအချက် ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ ၎င်းတို့အပေါ်၌ ကျသည်။ ရုံးရှေ့တွင် မပယ်ဖျက်နိုင်သော အခွင့်အမိန့်ပေးကြောင်းနှင့် စပ်လျဉ်း၍ စာချုပ်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခဲ့ခြင်း မရှိကြောင်းကို အယူခံတရားလို ဒေါ်သန်း ကိုယ်တိုင်က အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်–

" အချင်းဖြစ် တိုက်အား သားဖြစ်သူမှ ကျွန်မကို မပယ်ဖျက်နိုင်သော အခွင့်အမိန့်ဖြင့် ထားခဲ့ပါသည်ဆိုသည့် စာချုပ်စာတမ်း မှတ်တမ်းမှတ်ရာများ တင်ပြနိုင်ပါသလားဆိုလျှင် မတင်ပြနိုင်ပါ။ "

ဒေါ်သန်းတို့ အဆိုရှိခဲ့သည့် မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဆိုသည်မှာ တစ်သက်တာ နေထိုင်ခွင့်ပေးသည့် သဘောမျိုး တင်ပြခဲ့ခြင်း ဖြစ်သည်။

၁၉၉၁
ဒေါ်သန်း၊ ပါ (၄) နှင့် ဒေါ်သန်းသန်း (၎င်း၏ ကိုယ်စားလှယ် ဒေါ်ခင်ယုဇန)

တစ်နှစ်ထက်ကျော်လွန်၍ နေထိုင်ခွင့်ပေးခြင်းသော်လည်းကောင်း၊ တစ်နှစ်ပြီး တစ်နှစ် ဆက်၍ နေထိုင်ခွင့်ပေးခြင်းသော်လည်းကောင်း ပြုခဲ့လျှင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၉ အရ စာဖြင့် ရေးသားချက် ရှိရမည့်အပြင် ယင်းသို့ ရေးသားချက်ကို မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ရန်လည်း လိုသည်။ နှုတ်အားဖြင့် ခွင့်မပြုနိုင်ပေ။ အမှုတွင် ဤသို့ ပြုလုပ်ထားခြင်းမရှိ၍ မပယ်ဖျက်နိုင်သော ခွင့်ပြုချက်ဖြင့် နေသည်ဆိုခြင်းမှာ တရားဥပဒေအရ ပျက်ပြယ်သည်။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ ဦးသာရှိန် ပါ-၂ နှင့် ကိုတင်လှ ပါ-၂ [1] အမှုကို ကြည့်ပါ။ အယူခံ တရားလိုတို့က ခွင့်ပြုချက်ဖြင့်နေသည်ဆိုခြင်းကို မူလကပင် မငြင်းခဲ့ကြချေ။ အယူခံတရားပြိုင် ဒေါ်သန်းသန်း၏ ကိုယ်စားလှယ် ဒေါ်ခင်ယုဇနနှင့် ဦးအုန်းခင်နှင့် ဦးထွန်းဆေး (လိုပြ-၁၊ ၂)တို့၏ ထွက်ဆိုချက်များအရလည်း အယူခံ တရားပြိုင်နှင့် ကွယ်လွန်သူ ခင်ပွန်းတို့က အချင်းဖြစ် ဥပစာတွင် အယူခံ တရားလိုတို့အား အခမဲ့ နေခွင့်ပြုခဲ့ကြကြောင်း၊ ယင်းခွင့်ပြုချက်ကိုလည်း ရုပ်သိမ်းပြီး ဖြစ်ကြောင်း ကောင်းစွာ ပေါ်လွင်သည်။ သို့ဖြစ်ရာ မူလ တရားရုံးက အယူခံတရားပြိုင်အား အနိုင်ပေး ဆုံးဖြတ်ခဲ့ခြင်းသည် မှားသည်ဟု မဆိုသာချေ။ အကယ်၍ အချင်းဖြစ် တိုက်ကို ဆောက်ရာ၌ အယူခံ တရားလို အမှတ်(၁) ဒေါ်သန်း၏ငွေ ပါသည်ဆိုလျှင် ထိုငွေကိုရရှိရန်အတွက် တရားတစ်ထုံး စွဲဆိုရန်သာရှိမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၆၅၀။

## တရားမ အထူး အယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့် ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

+ ၁၉၉၁
ဩဂုတ်လ
၂၁ ရက်

ဦးသန်းဆောင်

နှင့်

ဒေါ်ရီ*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)-"ဥပစာ"ဆိုသော စကားရပ်မှာ အဆောက်အအုံကိုသာ ရည်ညွှန်းခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ လျှောက်ထားခံရသူ ဒေါ်ရီသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်တွင် ဖော်ပြအားသည့် "ပိုင်ရှင်" ဆိုသော စကားရပ်၌ အကျုံးဝင်သူ ဟုတ် မဟုတ်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ဤအက်ဥပဒေနှင့်အက်ဆိုင်သည့် အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိ ကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် ဆက်သက် ရယူလို၍၊ ဆိုခဲ့သည့် ဥပစာ၌ မိမိ ကိုယ်တိုင် နေထိုင်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှား ပြောင်းရွှေ့ပေးသည့်နေ့ရက်က စ၍ သုံးလအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း တရားရုံး သင့်သည် ထင်မြင်သည့် ငွေအာမခံအတွက်ဖြင့် ဝန်ချုပ်ဆိုသည့် ကိစ္စ။

---

* ၁၉၉၁ ခုနှစ်၊ တရားမ အထူး အယူခံမှု အမှတ် ၃

\+ ၁၉၈၉ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂၄ တွင် ချမှတ်သော (၁၃-၄-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံမှု

၁၉၉၁
ဦးသန်းတင်
နှင့်
ဒေါ်ရီ

သို့ရာတွင် ဤအပိုဒ်ပါ ကိစ္စအလို့ငှာ "ပိုင်ရှင်"ဆိုသည့် စကားရပ်တွင် ၁၉၄၂ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာ ပိုင်ရှင်ဖြစ်လာသူမှတစ်ပါး အခြား မည်သူမျှ မပါဝင်စေရ။ "

အထက်ဖော်ပြပါ ခြွင်းချက်တွင် ပါရှိသော "ဥပစာ"ဆိုသော စကားရပ်မှာ ရှေ့ကလာသော စကားရပ်တို့နှင့် ပူးတွဲဖတ်ရှုလျှင် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ရည်ညွှန်းကြောင်း တွေ့မြင်နိုင်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂(ဃ)(၁)တွင် "ဥပစာ" ဆိုရာ၌ အဆောက်အအုံ တည်ရာမြေလည်း ပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ရာတွင် အက်ဥပဒေပါ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ၎င်းအဓိပ္ပာယ်အတိုင်း ကောက်ယူရန် ဖြစ်သည်။ ပုဒ်မ ၁၂ (၁)(စ)ပါ ကိစ္စအလို့ငှာ ဥပစာဆိုသော စကားရပ်မှာ သုံးနှုန်းထားသော စကားစပ်အရလည်းကောင်း၊ "ဆိုခဲ့သည့်" ဟူသော နာမဝိသေသနကို ထောက်ချင့်၍လည်းကောင်း အဆောက်အအုံကိုသာ ရည်ညွှန်းကြောင်း ယုံမှားဖွယ် မရှိချေ။

အယူခံတရားလိုအတွက် — ဦးခအောင်ခိုင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးခင်မောင်အေး၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးမြ၊ ညွှန်ကြားရေးမှူး၊
တရားရုံးချုပ်။

အယူခံတရားပြိုင် ဒေါ်ရီသည် အယူခံတရားလို ဦးသန်းတင်၏ အိမ်ရှင် ဖြစ်သည်။ အယူခံ တရားပြိုင်က အယူခံ တရားလိုအပေါ် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၅ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) နှင့် (စ) အရ တရားစွဲဆိုရာ ပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီရရှိသည်။ ထိုဒီကရီကို တရားရုံးချုပ် ၁၉၈၉ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၂၄ တွင် အတည်ပြုသည်။ ဤအထူးအယူခံတွင် အောက်ပါပြဿနာကို အဆုံးအဖြတ် ပြုရန် ဖြစ်သည်–

" လျှောက်ထားခံရသူ ဒေါ်ရီသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်တွင် ဖော်ပြထားသည့် "ပိုင်ရှင်" ဆိုသော စကားရပ်၌ အကျုံးဝင်သူ ဟုတ် မဟုတ်။ "

၁၉၉၁
ဦးသန်းတင်
နှင့်
ဒေါ်ရီ

အတူးအယူခံ၌ အချင်းဖြစ်ဥပစာတည်ရာမြေကို အယူခံတရားပြိုင်ဒေါ်ရီအား မိဘဖြစ်သူများက ပေးကမ်းခဲ့ခြင်း ရှိမရှိ ပြဿနာနှင့် စပ်လျဉ်း၍ နှစ်ဘက် အကျယ်တဝင့်တင်ပြကြသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်–

"ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စ အတွက် သက်သက် ရယူလို၍ ဆိုခဲ့သည့်ဥပစာ၌ မိမိကိုယ်တိုင်နေထိုင်ပါမည် ဟူ၍ လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်က စ၍ သုံးလအတွင်း ထိုကိစ္စကိုပြီးစီးအောင်ဆောင်ရွက်ပါမည် ဟူ၍ လည်းကောင်း၊ တရားရုံး သင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။

သို့ရာတွင် ဤအပိုဒ်ပါ ကိစ္စအလို့ငှာ "ပိုင်ရှင်" ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင်ဖြစ်လာသူမှတစ်ပါး အခြားမည်သူမျှမပါဝင်စေရ။"

အထက်ဖော်ပြပါခြွင်းချက်တွင် ပါရှိသော "ဥပစာ" ဆိုသော စကားရပ်မှာ ရှေ့ကလာသော စကားရပ်တို့နှင့် ပူးတွဲဖတ်ရှုလျှင် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ရည်ညွှန်းကြောင်း တွေ့မြင်နိုင်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဃ)(၁)တွင် "ဥပစာ" ဆိုရာ၌ အဆောက်အအုံတည်ရာမြေလည်း ပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ရာတွင် အက်ဥပဒေပါ အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားရပ်တို့၏အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ၎င်းအဓိပ္ပာယ်အတိုင်း ကောက်ယူရန်ဖြစ်သည်။ ပုဒ်မ ၁၂(၁)(စ)ပါ ကိစ္စအလို့ငှာ ဥပစာဆိုသော စကားရပ်မှာ သုံးနှုန်းထားသော စကားစပ်အရ လည်းကောင်း၊ "ဆိုခဲ့သည့်" ဟူသော နာမဝိသေသနကို ထောက်ချင့်၍ လည်းကောင်း အဆောက်အအုံကိုသာရည်ညွှန်းကြောင်း ယုံမှားဖွယ်မရှိချေ။ သို့ဖြစ်ရာ ဒေါ်ရီအနေဖြင့် အချင်းဖြစ်အဆောက်အအုံ တည်ရာမြေကို အမွေဆက်ခံသည့် နည်းဖြင့် ပိုင်ရှင်ဖြစ်လာသလား၊ သို့တည်းမဟုတ် မိဘများက ပေးကမ်းခြင်းကြောင့် ပိုင်ရှင်ဖြစ်လာသလား ဟူသောပြဿနာကို ဤအမှု၌ အဆုံးအဖြတ်ပေးရန် အကြောင်းမပေါ်ပေါက်တော့ချေ။

၁၉၉၁
ဦးသန်းတင် နှင့် ဒေါ်ရီ

ဒေါ်ရီက အဆိုလွှာအပိုဒ်(၁)တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

" တရားလိုသည် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင် မြို့နယ်၊ ပန်းပင်ကြီးလမ်း အမှတ် ၃၇ (ခေါင်းရင်းခန်း) ဟု ခေါ်တွင်သော အဆောက်အအုံအား ၁၉၃၁ ခုနှစ်မှစတင်၍ ယနေ့တိုင် ဆက်တိုက် ပိုင်ဆိုင်လာသူ တစ်ဦး ဖြစ်ပါသည်။ "

၁၉၃၁ ခုနှစ်ခန့်က ဒေါ်ရီမှာ ငယ်ရွယ်သူသာဖြစ်သည်။ ထိုစဉ်က မြေနှင့် အဆောက်အအုံမှာ သူ၏မိဘများပိုင် ဖြစ်ဟန်တူသည်။ တရားရုံးရှေ့တွင် သက်သေခံနေသောအခါ ဒေါ်ရီက ၁၉၄၆ ခုနှစ်ထက်စော၍ ဥပစာကိုပိုင်ခဲ့ခြင်း မရှိ ဟူသောအချက်ကို ဝန်ခံသည်။

အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသောအချက်မှာ အမှုသည်များသည် အဆိုအချေတို့တွင် အမှန်ကို ဖော်ထုတ်ပြောဆိုရန် တာဝန်ရှိသည်။ မမှန်မကန် အဆိုပြုချေပခဲ့လျှင် ဖြစ်မှုဆိုင်ရာ ဥပဒေအရ အပြစ်ပေးနိုင်သည်ကို သတိချပ်သင့်သည်။ သို့ဖြစ်၍လည်း အဆိုအချေပါအချက်အလက်များ မှန်ကန်ကြောင်း တာဝန်ယူရန် တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၅ တွင် သတ်မှတ်ထားခြင်း ဖြစ်သည်။

ဒေါ်ရီထွေးသာ သက်သေ ဒေါ်သင်းရီသည် ၁၉၄၅ ခုနှစ်တွင် ရှစ်နှစ် သမီးအရွယ်သာ ရှိသေးသည်။ သက်သေ ဦးတင်ညွန့်နှင့်ဒေါ်အေးသန်းတို့မှာ ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် မွေးဖွားသူများဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့ အနေဖြင့် အချင်းဖြစ် အဆောက်အအုံ ပိုင်ဆိုင်မှုကိစ္စကို ကိုယ်တိုင်ကိုယ်ကျ သိရှိသူများ မဖြစ်နိုင်ချေ။

ဒေါ်ရီအနေဖြင့် အမှုတွင်အနိုင်ရရှိရန်အလို့ငှာ အချင်းဖြစ်အဆောက်အအုံမှာ ၁–၅–၄၅ နေ့တွင် တည်ရှိခဲ့ကြောင်း၊ ထိုစဉ်က တည်ရှိသော ယင်း အဆောက်အအုံကို ဒေါ်ရီကပိုင်ဆိုင်ခဲ့ကြောင်း သို့တည်းမဟုတ် ၁–၅–၄၅ နေ့၌ တည်ရှိသော အဆောက်အအုံကို ထိုစဉ်ကပိုင်ဆိုင်လာခဲ့သူထံမှ တိုက်ရိုက် ဖြစ်စေ၊ အဆင့်ဆင့်ဖြစ်စေ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာကြောင်း ပေါ်လွင် ထင်ရှားအောင် သက်သေပြရန်လိုသည်။ ဤအချက်ကို နှစ်ဘက်ရှေ့နေများ မျက်ခြည်ပြတ်ခဲ့ကြသည်။ အချင်းဖြစ်အဆောက်အအုံကို ၁၉၅၄ ခုနှစ်တွင် အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ခြင်း ဟုတ်မဟုတ်ကိစ္စကို နှစ်ဘက် ဦးတည်အငြင်းပွားကြသည်။ အမှန်ဆိုသော် ယင်းအချက်သည် အဓိကမကျချေ။ အဓိကကျသောအချက်မှာ အထက်တွင်ပြဆိုသည့်အတိုင်း အချင်းဖြစ် ဥပစာသည် ၁–၅–၄၅ နေ့၌ တည်ရှိသော အဆောက်အအုံ ဖြစ်ရပေမည်။ သို့ဖြစ်၍လည်း မူလ တရားရုံးက "တရားလိုသည် အချင်းဖြစ် အိမ်ခန်းကို

၁၉၉၁
ဦးသန်းဆောင်
နှင့်
ဒေါ်ရီ

၁-၅-၄၅ နေ့ မတိုင်မီက ပိုင်ဆိုင်ထူ ဖုံဆိပ်ပါသလား” ဟူသောငြင်းချက်ကို ထုတ်နုတ်စေ့စပ်ဆေးခဲ့သည်။ ၁-၅-၄၅ နေ့ မတိုင်မီကာလကို ရည်ညွှန်းခြင်းမှာ မှာ ယွင်းသော်လည်း အိမ်ရှင်အနေဖြင့် ထိုနေ့တွင်တည်ရှိသော အဆောက်အအုံဖြစ်ကြောင်း သက်သေပြရန်တာဝန်ရှိပါလျက် အထောက်အထားတစ်စုံတစ်ရာကို ထင်ပြထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဒေါ်ရီသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(စ)၏ ပထမ ခြွင်းချက်တွင် အကျုံးဝင်သော ပိုင်ရှင် ဖြစ်ကြောင်း မထင်ရှားသဖြင့် အမှုနိုင်ရန် အကြောင်းမရှိချေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုကာ တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ ဒေါ်ရီ စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ဤအထူးအယူခံတွင် အယူခံတရားလိုဘက်မှ ရှေ့နေတင်ပြခြင်းမရှိသော ပြဿနာအရ အယူခံတရားလို အနိုင်ရရှိခြင်း ဖြစ်သဖြင့် ဤအထူးအယူခံတွင် နှစ်ဘက်ကုန်ကျသောတရားစရိတ်များကို နှစ်ဘက်အမှုသည်များသည် မိမိတို့ ကိုယ်တိုင် ကျခံကြစေ။ အယူခံ တရားလိုသည် အောက်ရုံး အဆင့်ဆင့်တွင် ကုန်ကျသော တရားစရိတ်များကိုမူ ရခွင့်ရှိစေရမည်။

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်နှင့်
ဦးကျော်ဝင်းတို့ ရှေ့တွင်

ဦးသန်းအောင်

နှင့်

မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်ခွဲ-၅) ပါ(၂)*

+ ၁၉၉၁
ဇန်နဝါရီလ
၂၂ ရက်

**၁၉၅၇ ခုနှစ်၊ အစိုးရအိမ် ဥပစာ နှင်ထုတ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ- ဘဏ်က အပေါင်ခံထားသောပစ္စည်းသည် အစိုးရအိမ်ဥပစာ ဖြစ်-မဖြစ်။**

**ဆုံးဖြတ်ချက်။** ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာနှင်ထုတ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေအရ အစိုးရအိမ်ဥပစာဟူသော အဓိပ္ပာယ်ဖော်ပြချက်ကို ပုဒ်မ ၂(၁)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

" ၂(ခ)။ "အစိုးရအိမ် ဥပစာ" ဆိုသည်မှာ နိုင်ငံတော်အစိုးရက ဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင် ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော်အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က ဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေအရဖွဲ့စည်းသားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့က ဖြစ်စေ။

အခြား တည်ဆဲ တရားဥပဒေအရ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတည်ထောင်သည့် အဖွဲ့က (သို့တည်းမဟုတ်) ကော်ပိုရေးရှင်းက ဖြစ်စေ၊ ပိုင်ဆိုင်သော (သို့တည်းမဟုတ်) ငှားရမ်းယူထားသော (သို့တည်းမဟုတ်) ခေတ္တ သိမ်းယူထားသော အိမ်ဥပစာကို ဆိုလိုသည်။ "

သို့ဖြစ်၍ ဘဏ်ကအပေါင်ခံထားသောပစ္စည်းဖြစ်၍ အစိုးရအိမ်ဥပစာသာ ဖြစ်သည်ဟု ဆိုရပေမည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၅၆၇

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၆၂ တွင် ချမှတ်သော (၁၁-၉-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၉၁
ဦးသန်းအောင်
နှင့်
မန်နေဂျာ
(မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ-၅)
ဝါ(၂)

အယူခံတရားလိုအတွက် — ဦးမင်းဆွေ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက်— (၁) ဒေါ်ကျင်စန်း
ဥပဒေအရာရှိ အဆင့်(၁)
ရှေ့နေချုပ်ရုံး။

(၂) ဦးဟန်၊ တရားရုံးချုပ်ရှေ့နေ။

တရားရေးအကြံပေး — ဦးအောင်သစ်၊ ဒုတိယညွှန်ကြားရေးမှူး၊
တရားရုံးချုပ်။

လမ်းမတော်မြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၁၃၉ အမည်ရှိ ယခင် စိန်မောင်ကုမ္ပဏီပိုင် သိုလှောင်ရုံ အဆောက်အအုံကို ယခင် ပြည်သူ့ဘဏ် အမှတ် (၁၂) သို့ ပေါင်နှံထားစဉ် ဘဏ် မန်နေဂျာက ၂၁-၇-၆၄ ရက်စွဲပါ ငှားရမ်းသည့် စာတော်တူ စာချုပ်အရ စပေါ်ငွေ ၁၀၀၀ိ/-၊ တစ်လလျှင် ငှားရမ်းခ ၁၀ဝိ/-နှုန်းဖြင့် ဦးသန်းအောင်အား အငှားချထားခဲ့သည်။ ပြည်သူ့ဘဏ် အမှတ် (၁၂)ကို မြန်မာ့စီးပွားရေး ဘဏ်ခွဲ (၅)က ဆက်ခံပြီး စိန်မောင်ကုမ္ပဏီအား ဒေါ်စိန်စိန်က ဆက်ခံသည် ဆိုသည်။ ၁၉၇၅ ခုနှစ်တွင် အပေါင်ငွေများအပြေအကြေပေးဆပ်ပြီးနောက် အထက်ပါသိုလှောင်ရုံကို ပေါင်နှံသူ ဒေါ်စိန်စိန်သို့ ပြန်လည်အပ်နှံရန်အတွက် မြန်မာ့စီးပွားရေး ဘဏ်ခွဲ (၅)မှ ဦးသန်းအောင် အပေါ် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ အရ ဖယ်ရှားပေးရန် ဆောင်ရွက်ခဲ့သည်။ ဦးသန်းအောင်က အစိုးရအိမ်ဥပစာမဟုတ်၍ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာနှင်ထုတ်ခြင်း ဥပဒေသည် မိမိနှင့်မသက်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ယင်း အက်ဥပဒေအရ ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် အမြဲတမ်းတားမြစ်သည့်အမိန့်တစ်ရပ် ထုတ်ပေးရန် မြန်မာ့စီးပွားရေး ဘဏ်ခွဲ (၅)နှင့် ဒေါ်စိန်စိန်တို့ နှစ်ဦးအပေါ် ဦးသန်းအောင်က ရန်ကုန် တိုင်း တရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၆၂ (က) တွင် စွဲဆိုသည်။

အယူခံတရားပြိုင် အမှတ်(၁) မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) မန်နေဂျာက အချင်းဖြစ်ဥပစာမှာ အစိုးရခေတ္တသိမ်းယူထားသော ဥပစာဖြစ်သောကြောင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိဟု ယင်းဥပဒေပုဒ်မ ၄၃ က ပိတ်ပင်ထားကြောင်း၊ ယင်း ဥပစာကို အစိုးရက ခေတ္တသိမ်းယူထား၍ အစိုးရအိမ်ဥပစာ ဖြစ်သောကြောင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ လုပ်ပိုင်ခွင့် အရ ဆောင်ရွက်ချက်များအတွက် တရားတစ်ထုံးစွဲဆိုခွင့်မရှိကြောင်း ထုချေ သည်။

အဆိုအချေမျှားအရ အောက်ပါပဏာမငြင်းချက် (၃)ရပ်ကို ထုတ်ခဲ့သည်-

၁၉၉၈
ဦးသန်းအောင်
နှင့်
မန်နေဂျာ၊
(မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ-၅)
ပါ(၂)

" (က) အဆိုလွှာ အပိုဒ် ၁၀၊ အမှတ်(၁) တရားပြိုင်၏ အချေလွှာ အပိုဒ် ၁၀၊ ၂၁(၁)၊ အမှတ်(၂)တရားပြိုင်၏ အချေလွှာ အပိုဒ် (၁၇) အသီးသီးတို့အရ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ နှင့်အညီ နို့တစ်စာပေးခဲ့ခြင်းမရှိ၍ တရားပြိုင်နှစ်ဦးလုံး အပေါ် တရားလိုသည် ဤအမှုကို တရားစွဲဆိုခွင့်မရှိ ဆိုတာ မှန်သလား၊

(ခ) အဆိုလွှာ အပိုဒ် ၁၆၊ အမှတ် (၁) တရားပြိုင်၏ အချေလွှာ အပိုဒ် ၁၆၊ ၂၁(၂)နှင့် (၃)တို့အရ အချင်းဖြစ်ဥပစာသည် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ တရားလိုက အမှတ်(၁) တရားပြိုင်အပေါ် ဤအမှုကို စွဲဆိုခွင့်မရှိဆိုတာ မှန်သလား၊

(ဂ) အမှတ်(၂) တရားပြိုင်၏ ချေလွှာ အပိုဒ်(၃)တွင် ဤ တိုင်းတရားရုံး၊ တရားမဇာရီမှု အမှတ် ၂၁၉/၇၇ ၌ ချမှတ်သည့် အမိန့်အရ တရားလိုသည် ဤအမှုကိုစွဲဆိုခွင့်မရှိဘော့ ဆိုသည်မှာ မှန်သလား။ "

မူလရုံးက ငြင်းချက်များနှင့်စပ်လျဉ်း၍ ကြားနာပြီး အချင်းဖြစ် ဥပစာမှာ အစိုးရအိမ်ဥပစာဖြစ်၍ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ အရ ထုတ်ဆင့်သည့် အမိန့်အတွက် တရားရုံးတွင် ငြင်းဆိုခြင်း၊ တရားစွဲဆိုခြင်း မပြုရဟု ယင်းဥပဒေပုဒ်မ ၆ နှင့် ၇ တို့တွင် ပိတ်ပင်ထားကြောင်း၊ အစိုးရအိမ်ဥပစာဟု ကောက်ယူခြင်းမှာ စီမံခန့်ခွဲရေးဆိုင်ရာဆောင်ရွက်ချက်ဖြစ်၍ ယင်းကောက်ယူချက်မှန်မမှန် ဦးသန်းအောင်အနေဖြင့် အစိုးရအဖွဲ့သို့ အယူခံခွင့်ရှိနေ၍ တရားရုံးက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ ဒီကရီချမှတ်ရန် မသင့်ကြောင်း၊ ဦးသန်းအောင်က ဘဏ်မန်နေဂျာအပေါ် သက်သာခွင့် မတောင်းဆိုနိုင်က အမှတ်(၂) တရားပြိုင်ဒေါ်စိန်စိန် အပေါ်၌သည်း သက်သာခွင့် မရနိုင်ကြောင်း ကောက်ယူကာ ဦးသန်းအောင်၏အမှုကို ပလပ်ခဲ့သည်။

ယင်း စီရင်ချက်နှင့် ဒီကရီကို ဦးသန်းအောင်က မကျေနပ်၍ ဤ ပထမ အယူခံကို တင်သွင်းသည်။

ဤအမှုတွင် အဓိက ဆုံးဖြတ်ရန် အချက်မှာ ဘဏ်၌ ပေါင်ထားသော အပေါင်ပစ္စည်းဖြစ်သော အချင်းဖြစ်ဥပစာသည် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်

၁၉၉၁
ဦးသန်းအောင်
နှင့်
မန်နေဂျာ
(မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ-၅)
ပါ(၂)

ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ အစိုးရအိမ်ဥပစာ ဖြစ်ပါသလား ဟူ၍ ဖြစ်သည်။

အယူခံတရားလိုဦးသန်းအောင်က အယူခံအကြောင်းပြချက် အပိုဒ်(၃)နှင့် (၆) တို့တွင် တင်ပြချက်အရ ဘဏ်ကြွေးငွေများကို ၁၀-၁-၈၅ နေ့၌ ပေးဆပ်ပြီးဖြစ်၍ အချင်းဖြစ် ဥပစာသည် ဘဏ်လက်ဝယ်၌မရှိ၍ ဘဏ်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဃ) အရ ဥပစာ၏ပိုင်ရှင်မဟုတ်တော့ဟု ဆိုလိုရောက်သည်။

၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ နှင်ထုတ်ခြင်း(ပြင်ဆင်ချက်)အက်ဥပဒေ အရ အစိုးရအိမ်ဥပစာ ဟူသော အစိပ္ပာယ်ဖော်ပြချက်ကို ပုဒ်မ ၂(ခ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ၂(ခ) "အစိုးရအိမ် ဥပစာ" ဆိုသည်မှာ နိုင်ငံတော် အစိုးရက ဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်း မပါ ဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေ အားလုံး တွင် ပြည်နယ်အစိုးရကဖြစ်စေ၊ နိုင်ငံတော် အိုးအိမ် ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့က ဖြစ်စေ၊ ရန်ကုန် ဆိပ်ကမ်း အက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့က ဖြစ်စေ။

အခြား တည်ဆဲ တရားဥပဒေအရ နိုင်ငံတော် အစိုးရက ဖွဲ့စည်းတည်ထောင်သည့် အဖွဲ့က (သို့တည်းမဟုတ်) ကော်ပို ရေးရှင်းက ဖြစ်စေ၊ပိုင်ဆိုင်သော (သို့တည်းမဟုတ်) ငှားရမ်း ယူထားသော (သို့တည်းမဟုတ်) ခေတ္တ သိမ်းယူထားသော အိမ်ဥပစာကို ဆိုလိုသည်။ "

သို့ဖြစ်၍ ဘဏ်ကအပေါင်ခံထားသောပစ္စည်းဖြစ်၍ အစိုးရအိမ်ဥပစာသာ ဖြစ်သည်ဟု ဆိုရပေမည်။ အယူခံတရားပြိုင်တို့ဘက်မှလည်း ထိုသဘော အတိုင်းပင် တင်ပြကြသည်။

ပေါင်နှံသူ ဒေါ်စိန်စိန်က ဘဏ် ကြွေးငွေကို ပေးဆပ်ပြီးသော်လည်း အချင်းဖြစ်ဥပစာမှာ ဒေါ်စိန်စိန်၏လက်ဝယ်သို့ မရောက်ရှိသေး၍ အပေါင် ခံသူ ဘဏ် ၏နေဖြင့် ပေါင်နှံသူ၏လက်ဝယ်သို့ အချင်းဖြစ်ဥပစာကို လက်ရောက် ပေးအပ်ရန် တာဝန်ရှိပေသည်။ သို့ဖြစ်၍ ဘဏ်အနေဖြင့် ယင်းသို့ တာဝန် ရှိသည့်အားလျော်စွာ အိမ်ငှားချထားသူကို ဥပစာမှ ဖယ်ရှားစေရန် ဆောင် ရွက်ခြင်း ဖြစ်၍ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေနှင့် သက်ဆိုင် ခြင်း မရှိဟု ဆိုနိုင်မည်မဟုတ်ချေ။ ဘဏ် ကြွေးငွေများကို ပေးဆပ်ပြီး၍

အပေါင်ခံထားသောပစ္စည်းသည် အစိုးရအိမ်ဥပစာမဟုတ်တော့ဟု ဦးသန်းအောင် ဘက်မှ တင်ပြသည်ကို လက်ခံရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် မူလရုံးက အယူခံတရားလိုစွဲဆိုသည့်အမှုကို ပလပ်ခဲ့သည်မှာ မှားယွင်းသည် မဆိုနိုင်သောကြောင့် မူလရုံး၏ ၁၁-၉-၉၀ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

၁၉၉၁
ဦးသန်းအောင်
နှင့်
မန်နေဂျာ
(မြန်မာ့
စီးပွားရေး
ဘဏ်ခွဲ-၅)
ပါ(၂)

+ ၁၉၉၀
ဧပြီလ
၁၀ ရက်

## တရားမ အထွေထွေ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်း ရှေ့တွင်

ဦးအောင်သိန်း ပါ (၄)

နှင့်

ဒေါ်ထွေး ပါ (၂)*

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃-ငြင်းချက် အားလုံးကို ဖြေဆို ဆုံးဖြတ်ပြီး အမှု၏အရည်အသွေးအရ ချမှတ်သည့် ဒီကရီအပေါ် အယူခံမှု- နောက်ထပ် လိုအပ်ချက်ရှိနေလျှင် ဆောင်ရွက်ပုံ- တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၃ နှင့် နည်း ၂၅၊ နည်း ၂၇ ပါ အယူခံရုံး၏ လုပ်ပိုင်ခွင့်တို့ မတူခြားနားခြင်း။

**ဆုံးဖြတ်ချက်။** မူလရုံးက ပဏာမ ဒီကရီအရ အမှုကို ဆုံးဖြတ်ခြင်းကြောင့် တင်သွင်းလာသော အယူခံမျိုးတွင်သာ အယူခံရုံးသည် မူလရုံး ဒီကရီကိုပယ်ဖျက်ပြီး မူလရုံးအား ကျန်ငြင်းချက်များကိုဖြေဆိုပြီး အမှုကို ဥပဒေနှင့်အညီ ပြန်လည်ဆုံးဖြတ်ရန် အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားသည့်အမိန့် ချမှတ်နိုင်သည်။ ယခုအမှုမှာကဲ့သို့ မူလရုံးက ငြင်းချက်အားလုံးကို ဖြေဆို ဆုံးဖြတ်ပြီး အမှု၏အရည်အသွေးအရ ချမှတ်ခဲ့သည့် မူလရုံး၏ ဒီကရီအပေါ် တင်သွင်းသည့် အယူခံမျိုးတွင် ဒုတိယ တိုင်းတရားသူကြီးက အမိန့် ၄၁၊ နည်း ၂၃ အရ ဖြည့်စွက်ငြင်းချက်ထုတ်ပြီး မူလရုံးအား ညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ အယူခံတွင် အမှုကို အပြီးသတ် အဆုံးအဖြတ်ပေးရန်သာရှိပေလိမ့်မည်။ နောက်ထပ် လိုအပ်ချက် ရှိနေသည် ထင်မြင်လျှင်လည်း အမိန့် ၄၁၊ နည်း ၂၅ သို့မဟုတ် ၂၇ အရ ကျင့်သုံး ဆောင်ရွက်ရန်ရှိပေလိမ့်မည်။ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ နှင့် နည်း ၂၅၊ နည်း ၂၇ ပါ အယူခံရုံး၏လုပ်ပိုင်ခွင့်တို့ မတူခြားနားပုံကို ပထမ အယူခံရုံးအနေဖြင့် သတိမူမိဟန် မတူပေ။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ်-၆၀

+ ၁၉၉၀ ပြည့်နှစ်၊ တရားမ အယူခံမှု အမှတ် ၂၁ တွင် ချမှတ်သော (၁၀-၉-၉၀) ရက်စွဲပါ မန္တလေးတိုင်း (ရမည်းသင်း မြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု။

| | |
|---|---|
| အယူခံတရားလိုများအတွက် — ဦးဇမ္မာ၊ တရားရုံးချုပ်ရှေ့နေ | ၁၉၉၁ |
| အယူခံတရားပြိုင်များအတွက် – ဦးသန်းမြင့်၊ တရားရုံးချုပ်ရှေ့နေ | ဦးအောင်သိန်း ပါ (၄) နှင့် ဒေါ်ထွေး ပါ (၂) |
| တရားရေးအကြံပေး — ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး တရားရုံးချုပ်။ | |

ရမည်းသင်းမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၆ / ၈၁ တွင် အယူခံတရားပြိုင် ဒေါ်ထွေးနှင့် ဒေါ်မြကြည်တို့က အယူခံတရားလို ဦးအောင်သိန်း၊ ဒေါ်ကြည်တောင်၊ ဒေါ်နီနှင့် ဦးမောင်ကိုတို့အပေါ် ကွယ်လွန်သူ ဒေါ်ရွှေမြ၏ ကျန်ရစ်သော အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ မြို့နယ် တရားရုံးက ဒေါ်ထွေးတို့ စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ မူလရုံး တရားလို ဒေါ်ထွေးတို့က မန္တလေးတိုင်း (ရမည်းသင်းမြို့နယ်စု) တရားရုံး၊ တရားမ အယူခံမှုအမှတ် ၂၀ / ၈၀ တွင် အယူခံရာ တိုင်းတရားရုံးက မူလရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ငြင်းချက်တစ်ရပ် ဖြည့်စွက် ထုတ်ပေး၍ ယင်းငြင်းချက်အပေါ် ထပ်မံစစ်ဆေးဆုံးဖြတ်ရန် တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားသည့်အမိန့် ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မူလရုံး တရားပြိုင် ဦးအောင်သိန်းတို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ အထွေထွေအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

အမှုကို လေ့လာစိစစ်ကြည့်ရာ မူအမြို့နယ်တရားရုံးက အဆိုအခေ့ချေအရ အောက်ပါ ငြင်းချက် (၅)ရပ် ထုတ်ပေးသည်–

(၁) ယခုအမှုစွဲဆိုရာတွင် ကာလ စည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်း မှန်သလား၊

(၂) ဒေါ်ရွှေမြ သေဆုံးသည့်အခါ သားသမီး (၆)ဦးအတွင်း အခမွေများ မခွဲရသေးဆိုခြင်း မှန်သလား၊

(၃) ဒေါ်ရွှေမြသည် နောက်အိမ်ထောင် ပြုသည့် အချိန်တွင် အထက် သားသမီး ၄ ဦးအား အချင်းဖြစ် မြေကွက်ကို ပေးခဲ့ပြီးဖြစ်သည်ဆိုခြင်း မှန်သလား၊

(၄) တရားလိုနှင့် တရားပြိုင်တို့သည် အချင်းဖြစ် မြေကွက်တွင် အမွေသက်ဆိုင်ပါသလား၊

(၅) တရားလိုတို့သည် မည်သည့်အကျိုးသာခွင့် ရထိုက်သနည်း။

၁၉၉၁
ဦးအောင်သိန်း ပါ(၄) နှင့် ဒေါ်ထွေး ပါ(၂)

မြို့နယ်တရားရုံးသည် ငြင်းချက်များအပေါ် နှစ်ဖက်သက်သေ စစ်ဆေးကြားနာပြီး ငြင်းချက်တစ်ခုချင်းကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၀၊ နည်း ၁ နှင့် ၅ တို့အရ ဖြေဆိုပြီး အမှုကို သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မူလရုံးက ပဏာမငြင်းချက်တစ်ရပ်ကိုအခြေခံ၍ အမှုကို ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ဘဲ ငြင်းချက်အားလုံးကိုဖြေဆိုကာ အမှု၏အရည်အချင်းအရ အပြီးသတ် စီရင်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် မူလရုံးတရားလိုဒေါ်ထွေးတို့က မန္တလေးတိုင်း(ရမည်းသင်း မြို့နယ်စု) တရားရုံးသို့ တင်သွင်းခဲ့သော တရားမအယူခံမှု အမှတ် ၂၁/၉၀ (ရမည်းသင်း)သည် မူလရုံး၏ ပဏာမဒီကရီအရ ဆုံးဖြတ်သည့် အမိန့်အပေါ် တင်သွင်းသော အယူခံမဟုတ်ချေ။ အမှု၏အရည်အသွေးအပေါ် အပြီးသတ် ချမှတ်သည့် ဒီကရီအပေါ် အယူခံခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> " 23. Where the court from whose decree an appeal is preferred has disposed of the suit upon a preliminary point and the decree is reversed in appeal, the appellate court may, if it thinks fit, by order remand the case, and may further direct what issue or issues shall be tried in the case so remanded, and shall send a copy of its judgment and order to the court from whose decree the appeal is preferred, with directions to re-admit the suit under its original number in the register of civil suits, and proceed to determine the suit; and the evidence (if any) recorded during the original trial shall, subject to all just exceptions, be evidence during the trial after remand. "

သို့ဖြစ်၍ မူလရုံးက ပဏာမဒီကရီအရ အမှုကိုဆုံးဖြတ်ခြင်းကြောင့် တင်သွင်းလာသော အယူခံမျိုးတွင်သာ အယူခံရုံးသည် မူလရုံးဒီကရီကို ပယ်ဖျက်ပြီး မူလရုံးအား ကျန်ငြင်းချက်များကို ဖြေဆိုပြီး အမှုကို ဥပဒေနှင့်အညီ ပြန်လည်ဆုံးဖြတ်ရန် အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားသည့် အမိန့် ချမှတ်နိုင်သည်။

၁၉၉၁
ဦးအောင်သိန်း
ပါ(၄)
နှင့်
ဒေါ်ထွေး
ပါ(၂)

ယခုအမှုမှာကဲ့သို့ မူလရုံးက ငြင်းချက်အားလုံးကို ပြေဆို ဆုံးဖြတ်ပြီး အမှု၏အရည်အသွေးအရချမှတ်ခဲ့သည့် မူလရုံး၏ဒီကရီအပေါ် တင်သွင်းသည့် အယူခံမျိုးတွင် ဒုတိယတိုင်းတရားသူကြီးက အမိန့် ၄၁၊ နည်း ၂၃ အရ ဖြည့်စွက်ငြင်းချက်ဘောင်ဘက်ပြီး မူလရုံးအားညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ အယူခံတွင် အမှုကို အပြီးသတ် အဆုံးအဖြတ် ပေးရန်သာ ရှိပေလိမ့်မည်။ နောက်ထပ် လိုအပ်ချက်ရှိနေသည် ထင်မြင်လျှင်လည်း အမိန့် ၄၁၊ နည်း ၂၅ သို့မဟုတ် ၂၇ အရ ကျင့်သုံးဆောင်ရွက်ရန် ရှိပေလိမ့်မည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ နှင့် နည်း ၂၅၊ နည်း ၂၇ ပါ အယူခံရုံး၏လုပ်ပိုင်ခွင့်တို့ မတူခြားနားပုံကို ပထမအယူခံရုံးအနေဖြင့် သတိမူမိဟန်မတူပေ။

အထက်ပါအကြောင်းများကြောင့် အယူခံကို ထစ်စိတ်ထစ်ဒေသခွင့်ပြု၍ မန္တလေးတိုင်း (ရမည်းသင်း မြို့နယ်စု) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် မူလအယူခံမှုနံပါတ်ဖြင့်ပင် အယူခံကို ပြန်လည်ဖွင့်လှစ်၍ အယူခံကို ဥပဒေနှင့်အညီ ပြန်လည် ကြားနာဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။

**ဤအမှုအတွက် စရိတ်မသတ်မှတ်။**

ဤအယူခံတွင် ထမ်းဆောင်ရမည့် ရုံးခွန်မှာ ၁၅/– သာ ဖြစ်၍ အယူခံတရားလို ပိုမိုထမ်းဆောင်ထားသော ရုံးခွန်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရ ပြန်အမ်းရန်အတွက် သက်သေခံလက်မှတ် ထုတ်ပေးစေ။

## ပြစ်မှု အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၁ | ၁၁ | တည်ဆောက်ရေးအဖွဲ့၏ | တည်ဆောက်ရေးအဖွဲ့ |
| ၅၃ | ၂၅ | ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်၁၂၅(ခ)၊၁၄၅(ခ)၊ ၁၇၀(ခ)၊ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၄၄၊၁၅၂ | ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂၅(ခ) ၁၄၅(ခ)၊ ၁၇၀(ခ)၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၂၄၄၊၁၅၂၊ |
| ၈၈ | ၂၀ | ဖြစ်၏ | ဖြစ်၍ |
| ၉၀ | ၂၂ | ပြသည် | ပြသသည် |
| ၁၀၃ | ၈ | ရုပ်သိမ်းခြင်း | ရုပ်သိမ်းခြင်း |
| ၁၂၈ | ၂၁ | be Confiscated | Confiscation |
| ၁၄၉ | ၂၆ | မှန်ပြည်နယ် (မော်လမြိုင်မြို့ နယ်စု) | မွန်ပြည်နယ်တရားရုံး (မော်လမြိုင်မြို့နယ်စု) |
| ၁၆၄ | ၆ | ဦးလှမအောင် | ဦးလှမောင် |
| ၁၆၅ | ၅ | မတ်ဟူ | မေထွတ် |
| ၉၃ | ၁၀ | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၄၀(ခ) | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၄၀ |

## တရားမမှုအမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၇ | ၁၇ | ဦးဝအာစ် | ဦးစအာစ် |
| ၅၀ | ၉ | မြန်မာ့စနေလ့ထုံးတမ်း ဥပဒေအရ | မြန်မာ့စနေလ့ထုံးတမ်း ဥပဒေ |
| ၅၉ | ၉ | တရားမကျင့်ထုံးဥပဒေ ပုဒ်မ–၁၅၈ | တရားမကျင့်ထုံးဥပဒေ ပုဒ်မ–၁၅၁ |
| ၇၂ | ၁၄ | အချင်းဖြစ်မြေပေါ်မှာ | အချင်းဖြစ်မြေပေါ်မှ |
| ၇၇ | ၃၄ | ဦးရေွတ် | ဦးရေွတ် |
| ၁၀၄ | ၁၀ | တရားမကျင့်ထုံးဥပဒေ ပုဒ်မ–၀၄၆ | တရားမကျင့်ထုံးဥပဒေ ပုဒ်မ–၁၄၆ |
| ၁၀၄ | ၂၄ | တရားမတရားမပြင်ဆင်မှု | တရားမပြင်ဆင်မှု |
| ၁၁၁ | ၁၀ | တန်ဖေးဟန် | တန်ခေးဟန် |
| ၁၁၇ | ၉ | စိတ်ငြိုငြင် | စိတ်ငြိုငြင် |
| ၁၄၃ | ၁၁ | တညီတည့်က်တည်း | တညီတညွတ်တည်း |
| ၁၇၂ | ၆ | မိထွေ | မိထွေး |
| ၁၇၉ | ၉ | ၁၄-၁၂-၀၈ | ၁၄-၁၂-၀၉ |